အမရပုရာမြို့
မဟာဂန္ဓာရုံဆရာတော်
အရှင်ဧနုကာဘံဝံသ
၏

ဓံဒုက်ခင်းသုတ်ပရိယာယ်

အရှင်မဟော သဝ ပဏ္ဍိတ(ဝေရယ ဟာ)
စီစဉ်တင်ပြသည့်
တတိယ အကြိမ်

အရှင်ဇနကာภิဝံသ

၏

နိုဗာန်ခင်းပြဝါဒများ

အရှင်မဟောသဝေလျှိုတ (၀ေဇယန္တာ)
စီစဉ် တင်ပြသည်

စာမူခွင့်ပြုချက်အမှတ် ၃၀/၉၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၆/၄၃ (၆)

အကြိမ်

တတိယအကြိမ်

*

အုပ်ရေ

၁၀၀၀

*

တန်ဖိုး

၄၅-ကျပ်

ထုတ်ဝေသူ – ဦးမြသန်း
(အလိုင်းအပိုင်းစာပေ မြ-၀၁၀၅၅၀)
အမှတ် ၃၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်
ကမ္ဘာဆေး၊ ရန်ကုန်မြို့

မျက်နှာဖုံး/ပုံနှိပ်သူ– ဦးသန်းဝင်း
(ကျေးဇူးပုံနှိပ်ဆိုက်-၀၄၆၀၂)
အမှတ် ၂၃၉၊ ဝေမာသီလမ်း
ဌ-ရပ်ကွက်၊ မြောက်ဥက္ကလာပ။

စာရင်းဇယား

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဤစာအုပ်ဖြစ်ပေါ်လာပုံ ကျိုးကြောင်းပြ	စကား....
၂။	အရှုတ်ဦးမှ အလင်းရောင်	.... ၁
၃။	လူစွမ်းပြကြ	.... ၄
၄။	ပါရမီ ဖြည့်ကြပါ	.... ၁၀
၅။	မသိလျှင်တွယ် သိလျှင်ပြယ်	.... ၁၅
၆။	ပါရမီခတ်ခံ ကောင်းရန်ကြိုးစား	.... ၂၁
၇။	ထူးထွေဆန်းပြား ကံတရား	.... ၂၆
၈။	ကိုယ့်ကိုယ်ကို ချစ်တတ်ပါစေ	.... ၃၂
၉။	သံသရာ ခရီးကြမ်း လျှောက်လှမ်း ကြရာဝယ်	.... ၃၇
၁၀။	လမ်းနှစ်သွယ်	.... ၄၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁။	ကိုလေသာပိုးတွေ အာင်မခံကြနဲ့	.... ၅၃
၁၂။	ဝိပဿနာ ဉာဏ်မျက်လုံးနေ့စဉ်သုံး	.... ၅၈
၁၃။	တဏှာတွင်ကျယ် သူခြယ်လှယ်	.... ၆၆
၁၄။	စိတ်တန်ခိုး မြှင့်တင်ရေး	.... ၇၄
၁၅။	ဒါနစွမ်းအား ဆွမ်းတရား	.... ၈၁
၁၆။	အတုမဲ့ ရတနာ	.... ၉၂
၁၇။	စွဲမြဲစိတ်သန် အဓိဋ္ဌာန်	....၁၀၉
၁၈။	နောက်ဆုံးသွားရာလမ်း	....၁၂၀
၁၉။	ကျေးဇူးကမ္ဘာနှင့် အချိန်တန်ဖိုး	....၁၃၀
၂၀။	အကြည်ညို ခံနိုင်ရေး	....၁၄၀
၂၁။	ကြိုတင်ပြုလုပ်သည့် အလေ့အထ	....၁၄၈
၂၂။	ဆုတောင်းမနေနဲ့	....၁၅၂
၂၃။	သာသနာတော်ကို စောင့်ရှောက်ပါ	....၁၆၃
၂၄။	ချေတာစုဆောင်း သူဌေးလောင်း	....၁၇၀
၂၅။	တစ်နေ့တလံ နိဗ္ဗာန်ဘယ်ပြေးမလဲ	....၁၇၇
၂၆။	ဘုရားအဆုံးအမအတိုင်း နေကြ	....၁၈၂
၂၇။	အကြည်ညိုခံနိုင်အောင် ကြိုးစား	....၁၈၉
၂၈။	နတ်ပြည်ကို မလိုက်ချင်	....၁၉၅
၂၉။	ခံနိုင်ရည် ရှိရေး	....၂၀၂
၃၀။	ဘုန်းကြီးဘဝ	....၂၀၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၁။	ဝိနည်းလေးစားကြပါ	....၂၂၀
၃၂။	တစ်ဘဝကောင်းမလိုချင်	....၂၂၇
၃၃။	ခေတ်ကြီးပြောင်းချင် ပြောင်းပါစေ	....၂၃၃
၃၄။	ကိုယ့်ကြောင့် လောကကြီးသာယာပါစေ	....၂၃၉
၃၅။	ကိုယ့်ကိုယ်ကိုချစ်ရင် တစ်ဘဝတည်း မချစ်ကြပါနှင့်	....၂၄၆
၃၆။	တရားအားထုတ်နည်း	....၂၅၂
၃၇။	ဘုရားပူဇော်နည်း	....၂၆၁
၃၈။	ရောက်ရာမှာ အလုပ်လုပ်ရမယ်	....၂၆၇
၃၉။	သာသနာနှင့် နိုင်ငံ၏ကျက်သရေကို ဆောင်ကြပါ	....၂၇၅
၄၀။	မိဘကျေးဇူးဆပ်ကြ,သာသနာမှ မပြောင်းစေနဲ့	....၂၀၅
၄၁။	ဘာဝနာမရှိလျှင် မပျော်	....၂၉၅
၄၂။	ဂုဏ်ရှိအောင်နေ	....၃၀၀
၄၃။	တာဝန်ကျေအောင် ကြိုးစားကြ	....၃၂၄
၄၄။	အနေမှန်မှန် အလုပ်မှန်မှန်နေကြ	....၃၃၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၅။	ဟန်ပလုပ်နဲ့ ပင်ကိုကောင်းအောင် ကြိုးစားကြ	....၃၄၇
၄၆။	သာသနာမှာ ကုသိုလ်ဖြစ်အောင်နေကြ	....၃၅၇
၄၇။	သာသနာအတွက် စိတ်ပါလက်ပါ ဆောင်ရွက်ကြ	....၃၆၆
–။	နိဂုံးချုပ် ဖော်ပြချက်	....

၅၂စာအုပ်ဖြစ်ပေါ်လာပုံ

ကျေးကြောင်းပြ စကား

၁။ ဗိမိတို့ကျောင်းတိုက်၌ နံနက်အရုဏ်တက်လျှင် တက်ချင်း နံနက် ဆွမ်းကို အဆာပြေ လေးတနိုင်ရုံမျှ စုပေါင်း၍ သုံးဆောင်ကြရသည်။

၂။ ထိုသို့သုံးဆောင်ကြရာ၌ ၁၀ မိနစ်ခန့်ဖြင့် ကိစ္စပြီးစီးစေကာ ဂီလာနနှင့် ကျောင်းစောင့်မှတစ်ပါး အားလုံးပင် ဆွမ်းစား ကျောင်းကြီး၏ အထက်ထပ်၌ စုဝေးကြရပါသည်။ (ဗိမိကား အများအားဖြင့် အားလုံး၏အလျင် ရောက်နှင့်အောင် နေ့စဉ်ကြိုးစားပါသည်။)

၃။ ဆွမ်းစားပြီးနောက် သပိတ်ဆေးပြီး၍ ကျောင်းအသီးသီးမှ ကျောင်းကြီးအနီးသို့ ရောက်လျှင်ပင် လက်ကန့်တော့တင်ကာ လက်အုပ်ချီ၍ ရိုသေစွာဖြင့်

ခန်းမအတွင်းသို့ ဝင်လာကြ သော အခါ သုံးပါး လေးပါးမျှ ရောက်လျှင်ပင် ရတနာသုံးပါး၏ ဂုဏ်တော် အနက်များကို စဉ် ရွတ်ဆိုကြပါသည်။ (တစ်နေ့လျှင် ဂုဏ်တော်တစ်ပါးစီ အလှည့်ကျလှည့်၍ ရွတ်ဆိုကြပါသည်။)

၄။ ထိုသို့ရွတ်ဆို၍ ဗုဒ္ဓပဏာမစသော အလှည့်ကျ ပဏာမ ဂါထာဖြင့် ထောမနာပြုပြီးသောအခါ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏဿတိ ဟူသော သမထ ဘာဝနာ တစ်ပါးပါးကို ဖြစ်စေ၊ ဝိပဿနာ ဘာဝနာကို ဖြစ်စေ ဘာဝနာ တစ်ပါးပါးကို အခြေတည်၍ သြဝါဒစကား ပြောပါသည်။

မျှော်လင့်ချက်။ ။ဗုဒ္ဓါနုဿတိ ဘာဝနာကြောင့် ဗုဒ္ဓသာသနာတော်ကို ပို၍ ကောင်းစေလိုသော စိတ်၊ ကိုယ်တိုင် သာသနာ့ဝန်ကို ထမ်းလိုသော စိတ်များ ဖြစ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ မေတ္တာ ဘာဝနာကြောင့် ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမတို့မှစ၍ သတ္တဝါတို့အပေါ် ၌ မေတ္တာစစ်စစ် တိုးပွားကြ လိမ့် မည် ဟု မျှော်လင့်ပါသည်။ အသုဘ, မရဏဿတိ နှင့် ဝိပဿနာ ဘာဝနာတို့ကြောင့် ဆံ

ဝေဝ ဖြစ်ကြ၍ ကုသိုလ်ပါရမီများ တိုးပွားအောင် ကြိုးစားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

၅။ ထိုသို့ ဘာဝနာတစ်ပါးပါးကို အခြေတည်၍ ဝတ်တတ်, စားတတ်, ပြောတတ်, နေတတ်, စိတ်ထားတတ်ဖို့ရန် ဂါထာ လက်ဘတ်ကို ရွတ်စေကာ နာရီဝက်ခန့် ကြာအောင် သြဝါဒ ပေးပြီးသောအခါ စာအခြေနေသေးသော ရဟန်းသာမဏေများ ပြန်ကြ၍ စာတစ်ဝါကို နာရီဝက်ခန့်မျှ ဆက်လက်ပို့ချပါသည်။ ယခုအခါ၌မူ အချိန်မရသောကြောင့် ထိုစာဝါကို မချတော့ပါ။ နေ့လယ် အချိန်ပြောင်း၍ ချရပါသည်။ ပို့ချပြီးမှ နေ့ဆွမ်းအတွက် ဆွမ်းခံထွက်ကြရပါသည်။ (ကျန်းမာရေး မညီညွတ်သော စာချဘုန်းတော်ကြီးများနှင့် ဂိလာနပုဂ္ဂိုလ်မှတပါး အားလုံးဆွမ်းခံကြရပါသည်။)

ဤကား ဓမ္မပဒ အဋ္ဌကထာ အခြေပြုတွင် ဆရာတော်ကိုယ်တိုင် ဖော်ပြခဲ့သည့် မဟာဂန္ဓာရုံ တိုက်၏ နံနက်ခင်း အစီအစဉ်များ ဖြစ်ပါသည်။ ဤ လုပ်ဆောင်ချက်များကို ကြည့်လျှင် ဆရာတော်၏ မျှော်လင့်ချက် ဆန္ဒများ မည်မျှ ကြီးမားကြောင်း သိရှိနိုင်သည်။ သာသနာတော် တည်တံ့ပြန့်ပွားရေး၊ အများ ချမ်းသာရေးအတွက် ဆိုလျှင် မိမိ

တစ်ယောက် ဆင်းရဲခံရမည်ကို အနည်းငယ်မျှ မရှုံ့ကြောက်ပဲ ရဲစိတ်ရဲမာန် အပြည့်ဖြင့် ဆောင်ရွက်တော်မူလေ့ရှိသည်။

ဆရာတော်၏ ပင်ကိုယ် ဆန္ဒတော်ကို ကိုယ် တိုင် ရေးအတ္ထုပ္ပတ္တိ တစ်နေရာတွင် ဤသို့ ထုတ်ဖော်တင်ပြခဲ့သည်။

"တပည့်တော်ရဲ့ ကျောင်းတိုက် တစ်တိုက်သာ ကောင်းဖို့လောက်ဆိုရင် ဒါလောက် မကြိုးစားပါဘူး။ နောင်အနာဂတ်အတွက် နိုင်ငံရော သာသနာရော ကောင်းဖို့ကို ရည်ရွယ်တာ ဖြစ်ပါတယ်။ တပည့်တော် စိတ်မှာ တိုက်တစ်တိုက်, ဂိုဏ်းတစ်ဂိုဏ်း, သာသနာ တစ်ရပ် ကောင်းစားရေးဆိုတဲ့ စိတ်ထားမရှိပါဘူး။ အများကောင်းစားစေလိုတဲ့ စိတ်ချည်းပါပဲ"

"တပည့်တော်က သာသနာရေး စိတ်နဲ့ချည်း ကြိုးစားတာ မဟုတ်ပါဘူး။ နိုင်ငံရေးစိတ်နဲ့လဲ ကြိုးစားတာပါ"

"ဗုဒ္ဓမြတ်စွာရဲ့အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကို လည်းကောင်း၊ သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒါယကာ ဒါယိကာမတို့ နေရာ နိုင်ငံတော်ကို လည်းကောင်း အင်မတန်သာယာစေလိုတဲ့ဆန္ဒ တပည့်တော်မှာ ပြင်းပြနေပါတယ်ဘုရား။ ပြီးတော့လဲ သာသနာတော်ကို အကြောင်းပြုပြီး

နိုင်ငံပါ အေးချမ်းသာယာတယ်ဆိုတဲ့ဂုဏ်ကို အလွန်လိုချင်ပါတယ်"

ဆရာတော်သည် ဤခံယူချက် သဘောထားကို တပည့်သံဃာများအား နေ့စဉ်ဟောပြ သြဝါဒပေးခဲ့သည်။ ဒါယကာ ဒါယိကာမတို့ အားလည်း သွန်သင်ညွှန်ပြလျက် သာသနာစိတ် အပြည့်အဝဖြင့် မနေမနား တက်တက်ကြွကြွ ဆောင်ရွက်ပြုစု ပျိုးထောင်တော် မူခဲ့ပေသည်။

မိမိသည် ဆရာတော်၏ လှုံ့ဆော်ချက်များ၊ လမ်းညွှန် သြဝါဒများ ကွယ်ပျောက်မှေးမှိန်၍ မနေသင့်ဟု တွေးမိပါသည်။ နိုင်ငံတော် တစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက် ဝင်ရောက်လာစေရန် လိုအပ်ပြီဟု ယူဆပါသည်။ ထို့ကြောင့် ဆရာတော်၏ နံနက်ခင်း လမ်းညွှန်သြဝါဒများ စုဆောင်းရေးသား၍ ဓမ္မဗျူဟာ စာစောင်တွင် သုံးနှစ်ခန့်မျှ လစဉ် ရေးသား တင်ပြခဲ့ပါသည်။

ဤ "နံနက်ခင်း သြဝါဒများ"ကို ဆရာတော် မပျံ့လွှန်တော်မူမီကပင် စာအုပ်ထုတ်ဝေရန် ရည်ရွယ်၍ အသင့်စုဆောင်းခဲ့ပါသည်။ ဤသို့ စုဆောင်းခဲ့ရာ စာအုပ် ထုတ်ဝေရန်ကြိုးစားခဲ့ရာ၌ အရှင်သဇ္ဇနသာရ (မဟာမြိုင်ဆရာတော်၊ မဟာဂန္ဓာရုံတိုက်ခွဲ၊မန္တလေး)။ အရှင်နန္ဒာသဘ (ဂန္ဓာမြိုင်စံပြပရဝိတ ဆရာတော်၊ ဆားတောင်)တို့က လုံးဝ အားပေးကူညီခဲ့ကြပါသည်။ ထိုသို့စီစဉ်နေစဉ် ဆရာတော်ပျံ့လွှန်

တော်မူသဖြင့် မထုတ်ဝေဖြစ်ခဲ့ပါ။ ဤစုပြီး ဆောင်းပြီး စာမူကြီးကိုယူ၍ မိခင်ကျောင်းတိုက်ကြီးမှ (မဟာဂန္ဓာရုံတိုက်မှ) ထုတ်ဝေလိုက ထုတ်ဝေရန် လက်ရှိပဓာန နာယကဆရာတော်ဦးစန္ဒောဘာသထံ ပို့ပေးခဲ့ပါသည်။

ပဓာန နာယက ဆရာတော်လည်း ဆရာတော်၏ အခြားဘာသာဌီကာ ကျမ်းစာများ ထုတ်ဝေရေး ကိစ္စ၊ တိုက်တာအုပ်ချုပ်ရေးကိစ္စ၊ ဒါယကာ,ဒါယိကာမတို့အား ဟောပြောရေး ကိစ္စတို့ဖြင့်အချိန်မပေးနိုင်လောက်အောင် မအားမလပ်ဖြစ်နေသဖြင့် လေးငါးလ ကြာသောအခါ "တို့မှာ တာဝန်တွေသိပ်များနေတယ်။ မင်းတို့ ကြိုက်သလိုသာ စီမံကြပါတော့"ဟု မိန့်ကြားလျက် ဤစာမူကြီးကို အရှင်နန္ဒာသဘာအား ပြန်ပေးလိုက်ပါသည်။

ဤသို့ဖြင့် စာမူကြီး မိမိလက်သို့ ပြန်လည်ရောက်ရှိလာရာနိုင်ငံ၌ ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်၍ သိရှိကြည်ညို နိုင်ကြစေရန် ဓမ္မဗျူဟာ၌ လစဉ်ရေးသားဖော်ပြပြီးမှ စာအုပ်အဖြစ် ထုတ်ဝေဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ဓမ္မဗျူဟာ စာစောင်မှ သုံးနှစ်သုံးမိုး စိတ်ရှည်ရှည်ဖြင့် ဖော်ပြပေးခဲ့ပြီးဖြစ်၍ ယခုအခါ "စာအုပ်အဖြစ်သို့"ထုတ်ဝေဖြန့်ချိလိုက်ရပါသည်။

ဤ "နံနက်ခင်းသြဝါဒများ" စာအုပ် ဖြစ်မြောက်ရေးအတွက် ပိုလ်ကလေးမြို့ ဆရာပိန်ဆေးလိပ်ခုံ ပိုင်ရှင် ဒေါ်စန်းမြင့်၊ ဒေါ်စန်းကြည်၊ ဒေါ်ခင်တင့် မောင်နှမများက

လည်းကောင်း၊ ညောင်လေးပင်မြို့ ဦးထွန်းမြင့်-ဒေါ်မြင့်မြင့် မိသားစုတို့က လည်းကောင်း ငါးထောင်ကျပ်စီ စိုက်ထုတ်လှူဒါန်း၍ ဤစာအုပ်မှ ဖြစ်ပေါ်လာသော အကျိုးအမြတ်များကို ဝေဇယန္တာချောင် သံဃာတော်တို့၏ ပစ္စည်းလေးပါးအလို့ငှာ လှူဒါန်းခဲ့ကြပါသည်။

"နံနက်ခင်းသြဝါဒများ"စာအုပ် ရေးသားဖြစ်၊ ထုတ်ဝေဖြစ်အောင်အဘက်ဘက်မှကူညီအားပေးခဲ့ကြသောမဟာမြို့ပြ ဆရာတော်နှင့် ဂန္ဓာမြို့ပြ စံပြပရဟိတဆရာတော်တို့အား လည်းကောင်း၊ စာအုပ်ဖြစ်လာရေးအတွက် အလှူငွေမှ,တည်ပေးကြသည့် အလှူရှင်တို့အား လည်းကောင်း၊ စာအုပ်ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူကြသော မေမြို့ မိုးကြည်နှင့် ပုံနှိပ်စက်လုပ်သားတို့အား လည်းကောင်း အထူးပင် ကျေးဇူးတင်လှပါကြောင်း ဂုဏ်ပြု ဖော်ပြ အပ်ပါ သတည်း။ ။

အရှင်မဟာသဓမ္ဓိတ

ဝေဇယန္တာကျောင်း

တောင်ပေါ် စာတိုက်

စစ်ကိုင်းမြို့။

၁၃၄၅-ခု၊ ကဆုန်လပြည့်နေ့

[၂၆-၅-၈၁]

အရုဏ်ဦးမှ အလင်းရောင်

အမှောင်ထုကို စတင် ဖြိုခွင်းပေးသူမှာ "အရုဏ်ဦးမှ အလင်းရောင်" ပင်ဖြစ်သည်။ အိပ်မောကျနေမှ နိုးထလာသူ တို့အား တက်ကြွ လန်းဆန်းလာစေသူမှာလည်း အရှေ့လောကမှာတော်ဆီမှ ပျံ့တက်လာသည့် "အရုဏ်ဦးမှအလင်းရောင်" ပင်ဖြစ်ပေတော့သည်။

ဤအရုဏ်ဦးမှ အလင်းရောင်များ လင်းသင်းလက်လက် ထွန်းပလာသည်နှင့် တုံးခေါက်သံကလေးသည်ဟစ်ကျောင်း တိုက်လုံး ပဲ့တင်ဟည်းသွားသည်။ "ကျောင်းတိုက်ရှိသံဃာ အားလုံး စုဝေးကြ၊ ဆရာတော်သြဝါဒပေးပြီး စာချတော့မည်" ဟု အခါခါမှန်ကြီးဆော်ပေးနေသည့် တာဝန်ကျ လုပ်သားကောင်း တုံးငယ်လေးပါတကား။ တုံးခေါက်သံ မဆုံးမီမှာပင်စာချကျောင်းဆောင်ပေါ်သို့ ခပ်မှန်မှန်နင်းရှိ ဆရာတော် ကြွရောက်တော်မူလာသည်။ တပည့်သံဃာငယ် တို့လည်း တဖွဲ့ဖွဲ့ရောက်ရှိ နေရာယူကြသည်။

စာချကျောင်းဆောင်ကြီးသည် အပ်ကျသံမျှပင်ကြားနိုင်လောက်သည်။ မျှားပြာ လှသော သံဃာသုကြီးသည် စုဝေးရောက်ရှိနေသော်လည်း ဆူညံခြင်းမရှိ၊ ကိတ်ထိတ် ငြိမ်သက်

ခြင်းကကြီးစိုးနေသည်။ ထိုစဉ် ဆရာတော်၏ တည်ငြိမ်သော အသံသည် သံဃာထုကိုလွှမ်းဖုံး၍ လွင့်ပျံ့လာသည်။ ဂုဏ်တော်များ ရသင့်ရထိုက်သော သံပေဂလက်ဘများ ရွတ်ဆိုခိုင်းသည်။ သြဝါဒစကား မိန့်ကြားပြီးဆုံးသည်နှင့် တစ်ကမ္ဘာလုံး မေတ္တာပို့၍ အမျှဝေရသည်။

ဆရာတော်သည် စာမသင်သေးမီ စာမချမီ နံနက်တိုင်း သြဝါဒပေး၍ ဆုံးမသွန်သင်ခြင်း၊ ညွှန်ကြားခြင်းပြုတော်မူသည်။ ပျက်ကွက်ခဲ့သည် မရှိခဲ့။

ယနေ့မူ ကျေးဇူးရှင်ဆရာတော် (အရှင်ဇနကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ)သည် ပျံလွန်တော်မူခဲ့ချေပြီ။ လွမ်းဆွတ်တသ သတိရမိတိုင်း ဆရာတော်၏ သြဝါဒများကို တနုံ့နုံ့ တင်မြုံ့မြုံ့ ဟွေးမိသည်၊ သတိရမိသည်။ တပည့်သံဃာယော်တို့ကို ဆုံးမသွန်သင်ခဲ့ရာတွင် ဤ "နံနက်ခင်း သြဝါဒများ" သည် အထိရောက်ဆုံးပင် ဖြစ်ပါ၏။ ရှုံ့မှုန်းကြောက်ကြီးမဖြစ်စေတဲ့ ချစ်ကြောက်ရိုသေစေခဲ့ပါ၏။ တစ်ခါတစ်ရံ ရယ်ရွှင်ဖွယ်များကိုပင် တည့်ကာညှပ်ကာ မြှက်ကြားတော်မူတတ်သေးသဖြင့် ကြည်ကြည်နူးနူး ရယ်မောရသေးသည်။

ဆရာတော်၏ "နံနက်ခင်းသြဝါဒများ"သည် ကျွန်ုပ်တို့အတွက် အရှင်ဦးမှ အလင်းရောင်ပင် ဖြစ်ပါ၏။ အမှောင်ခွင်း၍ အလင်းကိုဆောင်ခဲ့ပါ၏။ ထာဝစဉ် တက်ကြွလန်းဆန်းစေခဲ့ပါ၏။ မိမိတို့၏ ဘဝသစ်အတွက် ကြိုဆိုလက်ကမ်းခဲ့ရုံမျှမက ဉာဏ်မီးရှူးတန်ဆောင်ကိုလည်း ထွန်းပြောင်ဝင်းလက်စေခဲ့ပါ၏။ သို့သော်....

အရှင်ဦးမှ အလင်းရောင်သည် မိမိအတွက် ကွက်ကွက်ကလေးအပေါ်မှာသာ ဖြာဆင်းမနေစေချင်ပါ။ အားလုံးအပေါ်ဖြာဆင်းသွားစေချင်သည်။ အားလုံးအတွက်အလင်းရောင် ဖြစ်စေချင်သည်။ ဤစေတနာ ဤဆန္ဒကြောင့်ပင် အရှင်ဦးမှ အလင်းရောင်ကို ဓမ္မဗျူဟာမှ ကွန်ပြူးပေါ်ထွက်စေခဲ့ရခြင်း ဖြစ်ပါသည်။ မိမိတေးခဲ့, ရေးခဲ့, မှတ်သားခဲ့သမျှဖြင့် ဓမ္မဗျူဟာပရိသတ်အတွက် အရှင်ဦးမှ အလင်းရောင်ကို ဖြန့်ဝေလိုက်ပါ၏။ နှစ်ခြိုက်ရှင်မြူး ပိတိလူးလျက် ကြည်နူးနိုင်ကြပါစေဝလို....။

လူစွမ်းပြကြ

အချိန်မရွေးဘုရားကို အမှတ်ရနေပါ

ကိုရင်တို့၊ ဦးပဉ္စင်းတို့၊ ဘုရားရှင်ကို အမှတ် ရကြပါ။ ဘုရားအာရုံကို အမှတ်ရကြပါ။ ဘုန်းကြီးတို့တစ်တွေ ကံကောင်းထောက်မလို့ ဘုရားသာသနာနဲ့ လာကြုံရကာ ပါ၊ မလွယ်ပါဘူး၊ ဘယ်နေရာဘယ်ဌာနမှာမဆိုဘုရားကိုသာ အမှတ်ရနေပါ။ စာကလေးဆိုထားတယ်မဟုတ်လား၊ ဘာတဲ့လဲ....

ဝစသာ မနသာ စေဝ,
ဝန္ဒာ မေ တေ တထာဂတေ၊
သယနေ အာသနေ ဌာနေ,
ဂမနေ စာပိ သမ္ဘဒါ။

"အဟံ၊ အကျွန်ုပ်သည်။ တေတေ ထာဂတေ၊ ထိုရှင်တော်မြတ်ဘုရားတို့ကို။ သယနေ၊ အိပ်ရာအခါ၌လည်းကောင်း။ အာသနေ၊ ထိုင်ရာအခါ၌လည်းကောင်း။ ဌာနေ၊ ရပ်ရာအခါ၌လည်းကောင်း။ ဂမနေ စာပိ၊ သွားရာအခါ၌လည်းကောင်း။ သမ္ဘဒါ၊ အခါခပ်သိမ်း။ ဝစသာ စေဝ၊ နှုတ်ဖြင့်

လည်းကောင်း၊ မနသာ စ၊ စိတ်ဖြင့်လည်းကောင်း၊ ဝန္ဒာမိ၊ ရှိခိုးပါ၏"

လို့ ပရိတ်ကြီး အာဌာနာဋိယသုတ်မှာ ဆိုထားတယ် မဟုတ်လား။ အေး....ဒါကြောင့် အိပ်နေ ထိုင်နေ ရပ်နေ သွားနေ အလုံးစုံသော ဣရိယာပုတ်ကိုင်းမှာ စိတ်နဲ့ပဲဖြစ်ဖြစ် နှုတ်နဲ့ပဲ ဖြစ်ဖြစ် ဘုရားကို ရှိခိုးနေပါ၊ အာရုံပြုနေပါ၊ အမှတ်ရနေပါ၊ တစ်မျိုးမျိုးသော အလုပ်ကိစ္စရှိယင် ဘုရားကိုသာ အမှတ်ရနေပါ၊ အခါမရွေး အမှတ်ရနေယင် ကောင်းပါတယ်။

သတ္တိအရေးကြီး

ဒီလိုဘုရားအာရုံယူနေတော့ သတ္တိအလိုလို ထက်မြက်လာတယ်၊ စိတ်တွေဟာ ဘုရားအာရုံ အမြဲယူနေရတော့ တည်ကြည်မှု (သမာဓိ) ကို ရလာတယ်၊ ဒီလို တည်ကြည်လာတော့ ရဲရင့်ထက်မြက်တဲ့ သတ္တိကောင်းတွေ ပေါ်လာရတာပဲ။ လူတွေက "သတ္တိ သတ္တိ သတ္တိ" လို့ ပြောနေကြတယ်။ လူတစ်ယောက်ကို ဖကားညှင်းဆဲတာ အနိုင်ကျင့်ကာတာ သတ္တိမဟုတ်ဘူး၊ လူတစ်ယောက်ကို သတ်ရဲတာ သတ္တိလို့ ဆိုကြတယ်၊ မှန်တော့ မှန်တယ်၊ ဒါပေမယ့် သတ္တိအစစ်မဟုတ်ဘူး၊ မိုက်ရှုးရဲဆန့်တဲ့ သတ္တိပဲ။ တကယ့်သတ္တိက ဒီလိုမဟုတ်ဘူး။ ခမာ (သည်းခံခြင်း) ဂုဏ်နဲ့ ပြည့်စုံတယ်၊ လူမိုက်သတ္တိ မဟုတ်တဲ့ ပညာရှိသတ္တိဖြစ်ဖို့ အရေးကြီးတယ်၊ တလွဲထင်ကောင်းတဲ့ သတ္တိမျိုးကတော့ အလကားပဲ။

သတ္တိကိုအသုံးချ သတ္တိဟာ ထက်ရုံကလေး လက်ရုံနဲ့ မပြီးသေးဘူး။ ကိုယ်တစ်ယောက်တည်း ကုပ်နေလို့ သတ္တိပေါ်မလာဘူး။ ပတ်ဝန်းကျင်နဲ့ ထိတွေ့ပြောဆိုဆက်ဆံလာရာက သဘောကွဲလွဲချက်တွေ ဆန့်ကျင်ဘက်တွေ ဖြစ်လာယင်တော့ ဒီသတ္တိဟာ ပေါ်လာရတာပဲ။ သတ္တိရှိလာ ပေါ်လာပြန်တော့ ဒီသတ္တိကို အကွက်ကျကျ အသုံးချတတ်ဖို့ လိုလာပြန်တယ်။ ဆိုပါတော့....ဒီဘက်ကမ်းမှာ ရောဂါဘယတွေ ထူပြောနေလို့ ဟိုဘက်ကမ်းကို ကူးပြေးရမယ့် အခြေအနေ ရောက်နေတယ်။ ကူးစရာ လေ့သမ္ဗန် သင်္ဘောတွေလဲ ရှိတယ်။ လေ့ထိုးသားတို့ လေ့သူကြီးတို့လဲ အဆင်သင့်ရှိနေတယ်။ သူတို့မှာ သယ်ဆောင်နိုင်တဲ့ သတ္တိရှိကြတယ်။ရှိလျက်နဲ့ မသယ်ဆောင်ယင် ဘယ်သူမှ ကျေနပ်ကြမှာ မဟုတ်ဘူး။

အချောင်မနေကြနဲ့ သတ္တိကို ဒီလိုနေရာမျိုးတွေမှာ အသုံးချရတယ်။ ကိုယ်က အင်အားသတ္တိရှိယင် ကယ်တင်ပါ။ လျစ်လျူရှုပြီး ပေယျာလကန် ချန်မထားပါနဲ့။ ကိုယ့်အနေနဲ့ ကယ်ကတည်းက အများကောင်းအောင် အများသိပ်ကောင်းအောင် ကိုယ့်သတ္တိကို အသုံးချတတ်ပါစေ။ သူတစ်ပါးအကျိုးဆောင်သူဟာ ကိုယ်ကျိုးမရှိနိုင်ဘူး။ ဒါကို ကြပ်ကြပ်သတိထားကြ။ ကိုရင်တို့၊ ဦးပဉ္စင်းတို့လဲ သူ့များ အကျိုး ဆောင်နိုင်တဲ့ အင်အား ရှိနေယင် ဆောင်ကြပါ။သာသနာမှာ ရေသာခိုပြီး အချောင်မနေချင်ကြနဲ့။ ကဲ–တော်ပြီ။ မေတ္တာပို့၊ သိရန်မှန်တဲ့ ဆိုကြ။

(၁) အရှေ့အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

(၂) အရှေ့တောင်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၃) တောင်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၄) အနောက်တောင်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၅) အနောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌နေကြသောကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၇) မြောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၈) အရှေ့မြောက်ထောင့်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၉) အထက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

(၁၀) အောက်အရပ်၌ နေကြသော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

"သဗ္ဗဉ္ညုဏ်တော် စွမ်းသုံးဖော်"

(၁) သိရမှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင် သဗ္ဗဉ္ညုဏ်တော် အစွမ်းတည်း။

(၂) ဘိသည့်တရား, မျှားအပြားခ်ီ, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗဉ္ညုဏ်တော် အစွမ်းတည်း။

(၃) ကျွတ်တိုက်ကြပေ, မျှားဝေနေ၏, လူနေ့စရိုက်, ဘူးကြိုက်ကို, နှိုက်ချတ်စုံလင်, အကုန်မြင်, သဗ္ဗဉ္ညုဏ်တော်အစွမ်းတည်း။

ညုဏ်တော် စွမ်းပကား, ဤသုံးပါး ကြောင့် အများဝေနေ, ကျွတ်လွတ်စေဖို့, မနေမနား, သက်သောအားဖြင့်, ကြီးမားလေတို့, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင် ငါတို့ဘုရားတည်း။

အမျှဝေ ဤကုသိုလ်အဖို့ကိုမိဘဆရာသံဃာတော်အပေါင်း ဒါယကာဒါယိကာမအပေါင်းနှင့် တကွ သတ္တဝါဟူသမျှတို့အား အမျှပေးဝေပါ၏။ အမျှရကြပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

(ဤမေတ္တာဒီဒြင်းနှင့် အမျှဝေခြင်းကို ဂန္ဓာရုံနေတိုင်းသံဃာ တော်များ ရွတ်ဆိုကြသည်။)

ပါရမီဖြည့်ကြပါ

ဘာရာ ဟဝေ ပဠုက္ခန္ဓာ,
ဘာရစာရောစ ပုဂ္ဂလော၊
ဘာရာဒါနံ ဒုက္ခံ လောကေ,
ဘာရနိက္ခေပနံ သုခံ။

အနက်။ ။ပဠုက္ခန္ဓာ၊ ငါဟုခေါ်တွင်, ငါ့ကိုယ်ပင်ဟူ, ထင်မြင်ရငြား, ခန္ဓာငါးပါးတို့သည်။ ဟဝေ၊စင်စစ်ကေန်, အမှန်အားဖြင့်။ဘာရာ၊ လေးလံလှစွာ, ဝန်ထုပ်ဝန်ပိုးကြီးတို့ပါတကား။ ပုဂ္ဂလော၊ သူငါကစ, ပုဂ္ဂိုလ်ဟူသမျှသည်။ ဘာရစာရော၊ ခန္ဓာဝန်ထမ်း, အမြဲနွမ်းလျက်, ပင်ပန်းရှိသာ နေရပါတကား။ လောကေ၊ ငရဲ, တိရစ္ဆာန်, မချန်ပြီတည်း, ဗြဟ္မာလူနတ်, အရပ်ရပ်သော လောကဌ်။ ဘာရာ ဒါနံ၊ အဝိဇ္ဇာ တရှာ, အရင်းပါသဖြင့်, ခန္ဓာဝန်ကိုယူရခြင်းသည်။ ဒုက္ခံ၊ ဇာတိ, ဇရာ, အဝဖြာလျက်, မျှားစွာ ထောင်သောင်း, ဆင်းရဲအပေါင်း၏, အကြောင်းရင်းမှန်, အခြေခံပါတကား။ ဘာရနိက္ခေပနံ၊ မဂ်အရိယာ, ရသည့် အခါဝယ်, ခန္ဓာဝန်ညစ်ကို, ပစ်ချလိုက်ခြင်းသည်။ သုခံ၊

ဒုက္ခများစွာ, ကင်းစင်ကွာသဖြင့်, သာယာငြိမ်ညောင်း, ချမ်းသာကြောင်းပါတကား။

ခန္ဓာဝန်ချနေကြ ဒီတရားတွေကိုရှုတ်ယင်း စိတ်ကပါလိုက်နေ ရတယ်၊ တစ်ဘက်က သုတ္တန်သဘောနဲ့ကြည့်ယင် ရှေးသူတော်ကောင်းတွေရဲ့သဘောလဲကြည့်ရမယ်၊ရှေးသူတော်ကောင်းတွေက ခန္ဓာဝန်ကိုချုံးကြတယ်၊ ခုခေတ်လူတွေက ဒီခန္ဓာဝန်ကို ချဲ့နေကြတယ်။ ဒီခန္ဓာဝန်ကို ဘယ်သူက ချဲ့တာလဲ၊ လက်သည်ရှာကြည့်တော့ အဝိဇ္ဇာတဏှာကို တွေ့ရမယ်၊ အဝိဇ္ဇာတဏှာနဲ့ ချဲ့နေတာပဲ၊ ခန္ဓာဝန်ကျယ်တာကို လူတွေက ချီးမွမ်းကြတယ်။

ဘုဉ်းကြီးယင် တာဝန်ကြီး ဆို ဒီတိုက်ကြီးမှာ ဒီလို သံသာကြီးတွေနဲ့ သံသာငယ်တွေနဲ့ နေတာကို ဘေးကနေပြီး "ဘုဉ်းကြီးတယ်" လို့ မပြောဘူးလား၊ ဒီလို ဘုဉ်းကြီးတာလဲ တာဝန်ကြီးဘာပဲ၊ တာဝန်ကြီးပေမယ့် ခုလို ကျောင်းကြီးတွေ မလိုချင်ဘူးလား၊ လိုချင်တယ်၊ လိုချင်တာက သာသနာအတွက် လိုချင်တာ၊ ဘုဉ်းကြီးဘုဉ်းကြီးဖို့မဟုတ်ဘူး၊ ဒါကိုနားလည်ထားကြ။

ကိုယ်လမ်း ကိုယ်သွား ကိုရင်တို့က သူများသွားတဲ့လမ်းကို လိုက်မနေကြနဲ့၊မကောင်းဘူး၊ သံသရာမှာ ကိုယ့်လမ်းနဲ့ ကိုယ်သွားကြရမှာ၊ မကောင်းတဲ့ လမ်းကျယ်ကြီးလိုက်နေယင် အပါယ်ရောက်ရမယ်၊ ဒီခန္ဓာဝန်ကြီးထမ်း

နေရတာမအေးဘူး၊ ဘုန်းကြီးကိုကြည့်၊ အဝုလက်အစ်ကလေး တွေ့ဆိုယင် အဖုကလေးတွေက ယားယားလာတယ်၊ ဒါတွေ ကြည့်တော့ အေးရဲ့လား၊ မအေးဘူး။

သံသရာဘစ်လမ်းသွား လောကကြီးမှာ လမ်းဆိုလို့နှစ်လမ်း ပဲရှိတယ်။ ဒီနှစ်လမ်းမှာ သတ္တဝါ တစ်ယောက်ရဲ့ သွားရာလမ်းကတော့တစ်လမ်းလည်းရှိတယ်၊ တစ်လမ်းက ဒုဂ္ဂတိဖြစ်တဲ့ မကောင်းတဲ့လမ်း၊ တစ်လမ်းက သော့ သုဂတိဖြစ်တဲ့ ကောင်းတဲ့လမ်းဖြစ်တယ်။ သတ္တဝါ တွေဟာ ကောင်းတာတွေလုပ်နေရင် ကောင်းတဲ့လမ်းသွား မှာပဲ၊ မကောင်းတာတွေ လုပ်နေရင် မကောင်းတဲ့လမ်း သွားမှာပဲ၊ ဒါကြောင့် "တစ်လမ်းသွား"လို့ ဆိုတာ။

လမ်းဖြောင့်လမ်းမှန် လိုက်ကြပါ မိမိတို့ရဲ့ ခြေတောက်လွှေကို လမ်း ဖြောင့်ဘက်ကို ရွှေ့ရွှေ့သားကြ၊ လမ်း ဖြောင့်ဘက်ကိုလိုက်ကြ၊ ဘုန်းကြီးက ကိုရင်တို့ကို လမ်းဖြောင့်ဘက်ဆွဲခေါ်နေတာ၊ ဒါကိုမှမလိုက် ချင်ကြဘူးဆိုရင် သံသရာထဲ နှစ်ကြဦးပေါ့၊ သံသရာကြီးမှာ အကွေ့အကောက်ကွေကပေါ်တယ်၊ ဝက်ပါလိုပဲ၊ ဝက်ပါ လှည့်တဲ့သူတွေဟာ တစ်ရာမှာ တစ်ယောက်လောင် လွတ် ပေါက်ရှာတော့ဖို့ရာ ခဲယဉ်းတယ်၊ သံသရာ ဝက်ပါကြီးမှာ သတ္တဝါတွေ လှည့်နေကြတာပဲ၊ ဒါပေမယ့် နိဗ္ဗာန်တွက် ပေါက်ကို သူတို့ရှာမတွေ့ကြဘူး၊ ဒုံရင်းပဲပြန်ဆိုက်နေတာပဲ၊ ဘုရားသခင်ချမှတ်ခဲ့တဲ့ မဂ္ဂင်ရှစ်ပါးလမ်းကြီးက ဖြောင့်လို့

ဖြူးလို့။ အဲဒီ လမ်းဖြောင့်ဘက်ကို ကိုရင်တို့ ဦးပဉ္စင်းတို့ လိုက်ကြစမ်းပါ။

အတ္တတ္ထနဲ့ အနတ္ထ များ သော အား ဖြင့် သတ္တဝါတွေဟာ ဒီဘဝက သေသွားရင် အပါယ်လေးပါး ရောက်ကြရတာက များတယ်။ အပါယ်လေးပါး ရောက်ရ တာက ပိုပြီးကြောက်စရာကောင်းတယ်။ လူ့ဘဝမှာ ဒုက္ခ များစွာခံပြီး အပါယ်သွားရမယ်၊ သတ္တဝါတွေက ဒုက္ခကို ဒုက္ခမှန်းမသိကြဘူး၊ အိမ်ကြီးအိမ်ကောင်းတွေနဲ့နေယင် သုခ လို့ ထင်နေကြတယ်။ အိမ်ကလေးနဲ့ တရားသဖြင့်နေရင်လဲ သုခပါပဲ၊ မုဒေတ်က စိန်, ရွှေ, နီလာ, ပိုးဖဲ, ကတ္တီပါတွေ ဝတ်ဆင်လာကြရင် ချီးမွမ်းကြတယ်၊ သာယာကြတယ်၊ ဖျင် ကြမ်းကို ဝတ်နေရင်လဲ ဖြစ်တာပါပဲ၊ ဘာမှ မထူးပါဘူး၊ ဒီလူ ဒီလူပါပဲ၊ အတ္တတ္ထနဲ့အနတ္ထချည်းပဲ။

တဏှာမသတ်သမျှ နိဗ္ဗာန်မရ လူတွေဟာ အကောင်းကိုလိုချင်ကြတယ်၊ အကောင်းကိုမရတော့ "ယုံပိ ဓ္ဓံ နလဘတိ တမ္ပိ ဒုက္ခ" ဖြစ်ရတယ်။ လှချင် ပခုချင် ကြတယ်၊ ကြွားချင် မော်ချင်ကြတယ်၊ ဂုဏ်တုဂုဏ်ပြိုင်တွေ ပြု ချင်ကြတယ်၊ လှချင်, ပခုချင်, ကြွားချင်, မော်ချင်, ဂုဏ်တု ဂုဏ် ပြိုင် ပြုချင်တာတွေမှန်သမျှဟာ တဏှာပဲ။ တဏှာကိုသတ် ရမယ်၊ တဏှာကိုမသတ်သမျှဟော့ နိဗ္ဗာန်ကိုလိုချင်ပါတယ် လို့ ပါးစပ်က ဆုံ့တောင်းနေပေမယ့် ဘယ်တော့မှ မရဘူး ဆိုတာ မှတ်ပါ။

ဆုတောင်းတိုင်း မရနိုင် ဆုတောင်းလို့ ရတာရှိတယ်၊ မရတာရှိတယ်၊ ဆုတောင်းလို့ ရတယ် ဆိုတာက ဥပမာ မိမိက သမ္မာသမ္ဗောဓိဆုတောင်းတားရင် အဲဒီဆုနဲ့လျော်ကန်တဲ့အလုပ်တွေကိုလုပ်ရလိမ့်မယ်၊ ဒီလိုလုပ်မှလဲ တောင်းတဲ့ဆုအတိုင်းရမယ်၊ဆုတော့ တောင်းပါ၊ ဆုတောင်းပြီး အပါယ်ရောက်ကြောင်းဖြစ်တဲ့ အကုသိုလ် ဒုစရိုက်တွေလျှောက်လုပ်နေယင် မရနိုင်ဘူး၊ "ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယားကားယား" ဆိုတာ မျိုးလိုမဖြစ်ကြစေနဲ့။ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်းဖြင်ဘဲ ကုသိုလ်ပါရမီတွေကို ဖြည့်ကျင့်ကြ၊ ဆည်းပူးကြ၊ အားထုတ်ကြ၊ ကဲ....ကဲ....တော်ပြီ၊ သွားကြတော့။

ခမ္ဘဗျူဟာ

အတွဲ(၁၀)၊ အမှတ်(၁)

(၁၉၇၉၊ မတ်လ)

မသိလျှင်တွယ် သိလျှင်ပြယ်

တဏှာကိုယ်စီရှိကြသည် တို့တစ်ဝတွေ တဏှာရှိနေလို့ ဒီခန္ဓာဝန်ကြီး ဆောင်နေရတာ၊ တဏှာသာမရှိရင် ဒီခန္ဓာဝန်ကြီး မဆောင်ရတော့ဘူး၊ တဏှာက ငါ့ကိုယ်ငါလဲနှစ်သက်တယ်၊အရွယ်ဆိုးကလေးကလဲ သူ့ကိုယ်သူ နှစ်သက်တယ်၊ အနှုကလဲ အနှုပေမယ့် သူ့ကိုယ်သူ နှစ်သက်တယ်၊ အဘိုးကြီး အဘွားကြီးတွေကလဲ သူတို့ကိုယ် သူတို့ နှစ်သက်နေကြတယ်၊ လူတိုင်းလူတိုင်း တဏှာကိုယ်စီရှိနေကြတယ်။ ခန္ဓာဝန်ကြီး ဘယ်သူ ဆောင်နေတာလဲ၊ တဏှာက ဆောင်နေတာ။ ကဲ....ဆိုစမ်း....

"ပဉ္စက္ခန္ဓာ၊ ငါဟုခေါ်တွင်, ငါ့ကိုယ်ပင်ဟု, ထင်မြင်ရခြား ခန္ဓာငါးပါးတို့သည်"

ဒါ,ဒါ ဘုန်းကြီး ခုထမ်းနေရတာဟာ သက်သာရဲ့လား၊ မသက်သာပါဘူး၊ လူတွေကို ကြည့်လိုက်၊ တစ်အိမ်သားလုံး ရောဂါမရှိဘူးလား၊ ရောဂါမရှိပြန်တော့ စားဖို့, သောက်ဖို့, နေဖို့,ထိုင်ဖို့,ဝတ်ဖို့ရာ ရှာရတယ်၊ ဒါဟာ တဏှာကြောင့်၊ တဏှာသာမရှိရင် ဒီခန္ဓာဝန်ကြီး ဆောင်မနေရတော့ဘူး၊

ရှိလဲ မရှိတော့ဘူး၊ အပြစ်မမြင်တာက အဝိဇ္ဇာ၊ဘာပြုလို့လဲ၊ အဝိဇ္ဇာကဖုံးအုပ်ထားလို့၊တရားကိုယ်ကတော့ မောဟပါပဲ။

ယျိုရှယ်ချိန်မှာ တရားရှာ ဒီတရားတွေကို ပျိုမျစ်နုနယ် ငယ်ရွယ်စဉ်က လိုက်စားထားရင် မမှားပါဘူး၊ဒီကျောင်းဦးအဂ္ဂကြီးရဲ့ တပည့်လေးတွေ ထွက်သွားလိုက်တာ ခန္ဓာဝန် နှစ်ဝန် သုံးဝန်ပေါ့သွားတာပေါ့၊တချို့ဆိုရင် ခန္ဓာဝန်ကို တစ်ဝန်က နှစ်ဝန်၊ နှစ်ဝန်က သုံးဝန်၊ သုံးဝန်က လေးဝန်ထမ်းနေကြရတယ်။ ဒါတွေကို အဝိဇ္ဇာက ဖုံးအုပ်ထားတော့ တဏှာကသာယာတယ်၊ ကောင်းတဲ့ လက္ခဏာတွေမဟုတ်ဘူး၊ ဒါကြောင့် တရားကို ငယ်ငယ်ရွယ်ရွယ်က လိုက်စားထားကြ၊လိုက်စားလားရင် ကောင်းတယ်။

သေသွားပြန်တော့ ပေါ့မလား ဘုန်းကြီးသိလက္ခန်ရိုက်ပြီးသေသွားရင်လဲ အကောင်းသားပဲ၊ ဆေတော့လဲ ဒီခန္ဓာဝန်က ပေါ့မသွားပါဘူးလေ၊ အပါယ်လေးပါးကျပြန်ရင်လဲ ဒီခန္ဓာဝန်ထမ်းရမှာသေချာတယ်၊ဒီဝန်က ပေါ့မှာမဟုတ်သေးဘူး၊ ကိုရင်တို့ ကောင်းကောင်းနေကြ၊ သံသရာကြီးသွားနေရတာ ဝန်ကြီးတယ်။ ရှေးတုန်းကလဲ ဒီဒုက္ခတွေကို ထမ်းလာကြရတယ်။ခုလဲ ထမ်းနေရဆဲ၊ နောင်လဲ တဏှာကြောင့် ထမ်းရဦးမယ်။

တွယ်လျှင်ဘေး, သားသနှာဝင့် ဝေဒနာထမ်းလို့ ရှိယင် ပြယ်လျှင်ဆေး အပါယ် လေးပါးနဲ့ ဝေးပြီး၊ မင်ဖိုလ် နိုဗ္ဗာန်နဲ့ နီးပါတယ်။ ခန္ဓာဝန်ကိုတစ်တစ်ခု တစ်ခါတော့ သယ်ပိုးကြရကာပဲ။ အဝိဇ္ဇာကဖုံး တဏှာက အရင်းခံဖြစ်တယ်။ အဝိဇ္ဇာကတော့ တဏှာက စတယ်။ "အာသဝါနံ၊ အာသဝေါတရားလို့၏။ သမုပ္ပါဒါ၊ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာစ၊ အဝိဇ္ဇာသည်လည်း။ ပဝတ္တတိ၊ ဖြစ်ပြန်၏"လို့ စာကဆိုယင်မဟုတ်လား။ ဒါတွေကို တို့ကမသိလို့ ဝက်နေကြတယ်။ မသိတော့ ဟွယ်ကြတာပေ။ သိတော့လဲ ပြယ်သွားကာပဲ။ ဟွယ်တော့ ဘာဖြစ်သလဲ။ ဆေးဖြစ်တာပေါ့။ ပြယ်တော့ ဘေးရစ်ရတာပေါ့။ ဒါကြောင့် ဒီပဲရင်းဆရာတော်ကြီးက....

"မသိလျှင်တွယ်၊ သိလျှင်ပြယ်၊
တွယ်လျှင်ဘေး၊ ပြယ်လျှင်ဆေး"

လို့ ဆိုထားကော်မူခဲ့တယ်။စာတဲ့ကတရားတွေကို မိမိခန္ဓာထဲ ရောက်အောင် လုပ်ကြ။ အခြားသူတွေ အကုသိုလ်တွေ လုပ်သွားကြ၊ မိမိတို့က အကုသိုလ်မဖြစ်အောင်ကြိုးစားပြီးတော့ နေကြ။ တစ်ခါတစ်ခါ စဉ်းစားကြည့်၊ သံသရာလဲပြန်လည်ပြီး အမိဝမ်းထဲ အောင်းနေရတာ မသက်သာဘူး။ "အမိဝမ်းခေါင်း" ဆိုစမ်း....

"အမိဝမ်းခေါင်း,အယ်လည်ောင်းမှ,အောင်းခဲ့ ရခေါ့,တည်သန္ဓေနှင့်,လူ့ပြည်လူ့ရာ, ရောက်ပြန်ပါ

လည်း, အိုနာသေရေး, ဒုက္ခဘေးကြောင့်, စိတ်ဆေး
ကိုယ်ခိုင်, မနေနိုင်ခဲ့, ဘိုင်ဆိုင်ဒုက္ခ, ခံပြီးမှလည်း,
များလှပါယ်ရှာ, ရောက်ကြရှာ၏။ အတိကာဌေး,
ဤဝဋ္ဋဘေးနှင့်, နောင်ရေးနှာဂတ်, ဒုက္ခထပ်လိမ့်,
မပြတ်ခုခု၊ ဖြစ်တုန်းမှာလည်း, အစာရှာရ, တိုဒုက္ခ
ကြောင့်, နေ့ညမဟူ, ကိုယ်စိတ်ပူ၍, သူသူငါ၊
မသက်သာသည်, ရှစ်ကြာသံဝေရကြောင်းတည်း။"

(စုပေါင်းရှတ်ဆိုကြသည်)

အမိဝမ်းမှာ ဆယ်လကြာ ဒါတွေကိုနှုတ်ကရှတ်ရင်း စိတ်ကပါပွားနေရတယ်။ တို့ အမိဝမ်းတွင်းမှာ ကိုးလ ဆယ်လ ပဋ္ဌိသန္ဓေနေရတာဘယ်လောက်ကြောက်စရာကောင်းသလဲ။ ကာယ ဘာဝ ဝတ္ထုဆိုတဲ့ရုပ်ကလာပ်ကလေးသုံးစည်းကနေစတင်ပြီးလာခဲ့ရတယ်။ အမိရဲ့ အစာအိပ်ကြီးကို ဖင်ခုထိုင်လာရတယ်။ အပိုင်ဝမ်းပိုက်ကိုကျော်ဖြတ်ပြီးကျောဘက်ကိုမျက်နှာပြုထားရတယ်။ ဘာနဲ့ဦးပမာတူသလဲဆိုတော့ မိုးကခပ်ဇွေ့ဇွေ့ရွာတားလို့ မိုးရေတွေရှိစိုနေတဲ့ ငမျောက်အိုလေး မေးလေးကုပ်ပြီး သစ်ခွကြားမှာ ချပ်ချမ်းစီးစီးနဲ့ ကုပ်နေသလို အလွန် ဆင်းဆင်းရဲရဲခံရတယ်။

ဒုက္ခမျိုးစုံ ဤလူ့ဘုံ ဒီကြားထဲ မိခင်လုပ်တဲ့လူက နားမလည် ပါးမလည်နဲ့ အပူအစပ်တွေ့မျှားစားလိုက်ရင် အထဲ

က သန္ဓေသားမှာ ဆတ်ဆတ်လူး ခံရတယ်။ တော်တော်ခြောက်စရာကောင်းတယ်။ ဒါဟာ အမိ ဝမ်းတွင်းမှာ အောင်းရတဲ့ ဇာတိဒုက္ခပဲ။ လူ့လောက လူ့ရှာ ရောက်ပြန်ရောလဲ မသက်သာဘူး။ ဆံဖြူ။ ဘွားကြွေ အိုရတဲ့ ဇရာဒုက္ခ၊ မျက်စိမဲ့ ဝါးကိုင်း နားယိုင်းရတဲ့ ဇရာဒုက္ခ၊ မကျန်းမမာ ဖျားနာရခြင်းဆိုတဲ့ ဗျာဓိဒုက္ခ၊ စုဝေးမနေ သေလွန်ရခြင်းဆိုတဲ့ မုရဏဒုက္ခ၊ ဒီဒုက္ခတွေကြောင့် စိတ်ကို အေးအေးချမ်းချမ်းမနေရဘူး။ ဒီဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ဒုက္ခတွေခံပြီး သေလွန်ပြန်တော့လဲ ဟိုဘက်ဘဝမှာ မအေးရပြန်သေးဘူး။

စား, ဝတ်, နေရေး ပြေးရ လွှားရ အပါယ် လေးပါး ရောက်ရဦးမယ်၊ အပါယ်ဒုက္ခ၊ အတိတ်ဘဝတွေကလဲ ဒီဒုက္ခတွေ့ မျှားစွာခံခဲ့ကြရပြီး၊ လာမယ့်အနာဂတ်မှာလဲ နိမ္မာန်မရမချင်းခံရပေဦးမယ်။ ဒါဟာ "အတိတေ ဝဋ္ဋမူလဒုက္ခ"နဲ့ "အနာဂတေ ဝဋ္ဋမူလဒုက္ခ"တွေပဲ၊ ပစ္စုပ္ပန်ကာလမှာလဲ သက်သာသလားဆိုတော့ အို....တယ် သက်သာပါလိမ့်မလဲ။ အစာရှာရတဲ့ "ပစ္စုပ္ပန္နေ အာဟာရ ပရိယေသနဒုက္ခ"ဟာ ဘယ်လောက်ကြီးကျယ်သလဲ။ လူတွေ အစာ အာဟာရအတွက် ပြေးကြရ လွှားကြရ၊ ဟကသည်း ဖတ်ဖတ်မေ့နေတာပဲ။ မသက်သာဘူး။ တို့ကဒီသံဝေဂတွေကို ပွားပေးရမယ်။ မပွားလို့ မဖြစ်ဘူး။ သာသနာမှာ အချောင်နေ အချောင်စားလုပ်နေရင် ဒီဘဝ နောက်ဘဝ

မသက်သာဘူး။ဒါကြောင့် ကိုရင်တို့ ဦးပဉ္စင်းတို့ ကောင်း
ကောင်းနေကြ။ ဘုရားအာရုံနဲ့ နေကြ။ ကဲ....တော်ပြီ၊
သွားကြတော့။

ဧမ္မဗျူဟာ
အတွဲ(၁၈)၊ အမှတ် (၂)
(၁၉၇၉၊ ဖေဖေါ်လ)

ပါရမီခေတ်ခံကောင်းရန် ကြိုးစား

ခန္ဓာဝန်တမ်း လွန်ပင်ပန်း ကိုရင်တို့ ဝန်ကမ်းဆိုတာ အလုပ်လုပ်နေရ တာလဲ ဝန်ထမ်းပါပဲ။ ဘုန်းကြီး စာရေး တယ်။ ကောင်းကောင်းရေးရင် ခေါ်ချီးထွက်လာ တယ်။ဒါဟာ ဘာလက္ခဏာလဲ။ ပင်ပန်းတဲ့ လက္ခဏာပဲ။ ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ပုဂ္ဂိုလ်ကွေ ကောင်းကောင်းလေးအား ထုတ်လာရင် ချီးထွက်လာတယ်။ဒါ ဘာလဲ။ ပင်ပန်းတဲ့ လက္ခဏာပဲ။

ကိုရင်တို့ ဆွမ်းခံသွားတယ်၊ကောင်းကောင်းလေးသွားမိရင်ပဲ ချီးထွက်မလာဘူးလား။ ထွက်လာတယ်။ဒါလဲ ပင်ပန်းတဲ့ လက္ခဏာပဲ။ ဆွမ်းချက်နေရတာလဲ ဒီလိုပဲ။ ကောင်းကောင်းချက် ရင် ချီးထွက်လာတယ်။ဒါလဲ ပင်ပန်းတဲ့လက္ခဏာပဲ။ဆင်တို့ ဘာတို့ဆိုရင် သစ်ဆွဲနေရတယ်။ သူတို့လဲ သူတို့ဝန်နဲ့ သူတို့ ထမ်းနေကြရတယ်။ ပင်ပန်းတဲ့လက္ခဏာလေးပဲ။ ဒါကြောင့် ဒီခန္ဓာဝန်ကြီး ဂုလာသူမှန်သမျှ ဘယ်ဆူမှ မသက်သာဘူး။ ပင်ပင်ပန်းပန်းနဲ့ ထမ်းနေကြရတယ်။ ခန္ဓာဝန်တမ်းရတာ ဟာ သိပ်ပင်ပန်းပါတယ်။

သတိမကြွယ် စားသူယ် ဟိုနေ့က ဘုန်းကြီးအနားကရေဘိုး စာလေး တစ်ကောင် ရေလာသောက်တယ်။ ဒီ့ပြင် စာတွေ့ လာသောက်ပေမယ့် သူကမပျံဘူး၊ ကူးခြေ့ရတယ်။ ဘုန်းကြီးက စာမှတ်ရှိလားလို့ အောက်မေ့နေတယ်။ နောက် ကိုရင်တစ်ပါးက လက်ကလေးနဲ့ သွားတို့ ပေမယ့် သူက မပျံဘူး။ အမှန်ကတော့ သူဟာ ပိုက်နေတာ။ ဒီလိုသာ အမှတ်တမဲ့နေယင် သူ့ကို ကြောင်ဟ ခုတ်မသွားပေဘူးလား။ ခန္ဓာဝန်ကြီးထမ်းရတာ သိပ်လေးပါတယ်။ ကိုရင်တို့ သတိနဲ့နေကြ၊ အမှုမဲ့ အမှတ်မဲ့ မနေကြနဲ့။

ကရုဏာအာရုံ ကြပ်ကြမ်ထု ကျောင်းထဲမှာ ခွေးတွေ ဟိုချေးယို ဒီချေးယို နဲ့၊ ခွေးလဲ ခန္ဓာငါးပါးပဲ၊ ခွေးဆိုယင် တို့နဲ့ မတူတာ ဘာရှိသလဲ၊ ခွေးတွေမှာ ဥဏှဿမှ ယုတ် ဝိပါက်စိတ်တွေ ရှိရဲ့လား၊ ပဋ္ဌိသန္ဓေတုန်းက အကုသိုလ် ဝိပါက်နဲ့ ပဋ္ဌိသန္ဓေနေခဲ့တယ်၊ ပဝတ္တိအခါတော့ ကုသိုလ်ရ ပါတယ်။ အချို့ ပဋ္ဌိသန္ဓေက မဟာဝိပါက်နဲ့၊ အချို့က ဥပေက္ခာနဲ့ ပဋ္ဌိသန္ဓေနေတယ်၊ အချို့ကဲ့ သောမနဿနဲ့ ပဋ္ဌိ သန္ဓေနေတယ်။ အချို့ကိုယ်တော်လေးတွေ ဥပေက္ခာနဲ့ ပဋ္ဌိ သန္ဓေနေခဲ့လို့လား ဓသိတူး၊ ကြည့်ရတာ မှန်ကုပ်ကုပ်နဲ့၊ ဒါ ကြောင့် ကိုရင်တို့ ဦးပဋ္ဌင်းတို့ကို ဘုန်းကြီးက ဘုရားကြပ်ကြပ် အာရုံပြုခိုင်းရတာ၊ ဘုရားကို ကြပ်ကြပ် အာရုံပြုကြ။

ဘဝအဆက်ဆက် ဒေတ်မပျက် ဒီလို မျက်နှာ ကြည့်တာ,မကြည့်တာတွေ ဟာလဲ ဘဝအဆက်ဆက်က ဓာတ်တွေက

အကုန်လိုက်တယ်၊ အဂုဒီတိုက်မှာ အချို့သံသာတွေ ဆိုယင် ဥာဏ်ဓာတ် မလိုက်ဘူးလား၊ လိုက်တယ်။ ဘုန်းကြီး ဒါ တွေကို သိပ်ယုံကြည်ပြီးတော့ ဥာဏ်ဓာတ်လိုက်အောင် အားထုတ်တယ်။

အခြေပြုသဒ္ဒါ, မူလတန်းသဒ္ဒါ ရေးတယ်၊ ဝိနည်းပါတိ မောက် အာသာဠ္ဠာ ရေးတယ်၊ ဒါလောက် ရေးနိုင်ယင် တော်တော်ကောင်းနေပြီ။ နောက် စူဠဝါ, မဟာဝါတွေ ရိုက်ပြီးပြီ၊ သီလကွန်ကတော့ ချနေတုန်းပဲ၊ ဒါတွေကြည့်ယင် ဘဝက ဓာတ်ခံကောင်းတွေ ပါခဲ့တယ်ဆိုတာ ယုံမှားစရာ မရှိဘူး။

ဓာတ်ခံကောင်းအောင် လုပ်ကြ ကိုရင်တို့ ဘဝသံသရာအဆက်ဆက် ကောင်းတဲ့ ဓာတ် သက္ခိတွေ ပါ အောင် လုပ်ကြ၊ ဒီလို ဓာတ်ခံ ကောင်းတွေပါဖို့ဆိုတာကလဲ ဆရာကောင်း,သမားကောင်း, မိတ်ကောင်း ဆွေကောင်းတွေနဲ့ တွေ့ရမှုဖြစ်တယ်။ တချို့က ဘဝဓာတ်ခံကောင်းလေးတွေ ပါလာကြပါနဲ့။ ဒါပေမယ့် မကောင်းတဲ့ ဆရာ, မိတ,ဆွေမျိုးပိတ်ဆွေတွေနဲ့ တွေ့ရတော့ ကောင်းတဲ့ ဓာတ်သတ္တိလေးတွေဟာ ကုန်ခန်း ပျက်ပြားကုန် ရတယ်။

ဒါကြောင့် ဓာတ်ခံ ကောင်းဖို့ရာကလဲ ဆရာကောင်း, သမားကောင်း, မိကောင်း, ဖကောင်း, ဆွေကောင်း, မျိုး ကောင်း သိပ်ပြီးအရေးကြီးပါတယ်၊ ဘုန်းကြီးတို့မှာတော့

အင်မတန် ကံကောင်းလွန်းလို့ မိကောင်း, ဖကောင်း, ဆရာ
ကောင်း, သမီးကောင်းတွေနဲ့ တွေ့ရတယ်။ ဒါကြောင့်
ကိုရင်တို့ ဓာတ်ခံကောင်းအောင်လုပ်ကြ။

ပဋ္ဌိသန္ဓေဓာတ်နှင့် ပဝတ္တိဓာတ် တချို့ကိုယ်တိုင် ပဋ္ဌိသန္ဓေက တည်းက
ဓာတ်ခံလေးတွေ ကောင်းလာကြတယ်၊
ဟိုတလောဆီက ကြားလိုက်သေးတယ်၊
ဆရာဇနမ တစ်ယောက်ရဲ့ ကလေးဟာ ညအိပ်ရာဝင်ယင်
သီချင်းဆိုသိပ်လို့ မရဘူးလဲ၊ ပရိတ်, ဓမ္မစကြာတွေ ရွတ်သိပ်မှ
အိပ်သတဲ့၊ ဒါတွေဟာ ပဋ္ဌိသန္ဓေကပါလာတဲ့ ဓာတ်သတ္တိ
တွေပဲ၊ တချို့ ပဋ္ဌိသန္ဓေကတော့ ဒါလောက် မကောင်းခဲ့
ပါဘူး။

အပြင်လောက(ပဝတ္တိ)ရောက်သောမှမိကောင်း,ဖကောင်း
ဆရာကောင်း သမီးကောင်းတွေနဲ့ တွေ့ရလို့ ကောင်းလာ
ကြရတယ်၊ ဘုန်းကြီးက လူတွေကို သတိလေးတယ်လေ၊
ဓာတ်ခံ ကောင်း, မကောင်း ကြည့်တယ်။ သဒ္ဓါဓာတ်ခံ
ကောင်း, မကောင်း၊ ပညာဓာတ်ခံ ကောင်း, မကောင်း
ဒါတွေကို ဘုန်းကြီးက ကြည့်တယ်၊ လေ့လာတယ်၊ အကဲ
ခတ်တယ်၊ ဒီကျောင်း ကိုယ်တော်တွေကိုလဲ ဒီလိုပဲကြည့်မှ၊
အကဲခတ်ရတယ်။

သာသနာနဲ့သဒ္ဓါတရား သာသနာဝတောင်မှာနေယင် သဒ္ဓါ
တရားရှိမှဖြစ်ပါတယ်၊သဒ္ဓါတရား
မရှိယင် အလကားပဲ၊ ဒါကြောင့် ဘုန်းကြီးက ဒီကျောင်းမှာ

သဒ္ဓါတရားမရှိတဲ့ ကိုယ်တော်တွေ မလားပါနဲ့လို့ ပြောနေရ
တယ်။ ပညာတွေ တတ်နေပေမယ့် သဒ္ဓါတရား မရှိယင်
သာသနာမှာ အသုံးလဲမဝင်ပါဘူး။

ကိုယ်တော်တွေကို သဒ္ဓါတရားရှိ,မရှိ ဘုန်းကြီးက အကဲ
ခတ်ကြည့်တယ်လေ၊ ကျောင်းပိုက်ဆံယူပြီးစစ်လုပ်တဲ့အခါ
ဘုရားတော်တော်တဲ့အခါ ဝတ်လာ, စားလာ, သွားလာ,
လာလာတွေကို အကဲမတ်ကြည့်ရှုနဲ့ ဘုန်းကြီးက သိတယ်။
ဒါကြောင့် ကိုရင်တို့ သာသနာမှာနေယင် သဒ္ဓါတရားနဲ့
နေကြပါ။

သီလဆိုတာဝိနည်း ပစ္စည်းကို သုံးတတ် သိမ်းတတ်ရတယ်၊
သိမ်းတတ်ရမယ် ဆိုတာက ကိုယ်တို့ဘုရား
ယင် ပေးရမယ်။ ပစ္စည်းကိုသိမ်းသလို သီလကို ထိန်းသိမ်းရ
မယ်။ သီလဆိုတာ ဝိနည်းပဲ၊ "ဝိနယော နာမ သာသနသ
အာယု" ဆိုတဲ့အတိုင်း ဝိနည်းတည်ရှိမှ သာသနာ တည်ပါ
တယ်၊ ဒါကြောင့် ဝိနည်းကို သေးမားကြပါ။ ကဲ-တော်ကြီ
ကြကြတော့။

ဓမ္မဗျူဟာ
အတွဲ(၁ဂ)၊ အမှတ်(၄)
(၁၉၇၉ မေလ)

ထူးထွေဆန်းပြားကံတရား

သူသူငါ၊ ကြို၊ခန္ဓာ သူငါဆိုတာပျောက်သွားသလား၊ကဲဆို-
"ပန္ဓကွန္ဓာ၊ ငါဟုဝေါ်တွင်, ငါ့ကိုပင်ဟု, ထင်မြင်ရပြား, ခန္ဓာငါးပါးတို့သည်" အေး-ကိုယ့်ကိုယ်ကို လက်ညှိုးနှင့်ထိုးကြည့်တော့လဲခန္ဓာငါးပါးပါပဲ။ ခန္ဓာငါး ပါးကလွဲလို့ ရှိနဲ့လား၊ မရှိဘူး။ သူမျှားလက်ညှိုးနဲ့ထိုးကြည့် တော့လဲ ဒီခန္ဓာ ငါးပါးကလွဲလို့ ရှိရဲ့လား၊ မပါဘူး။ ယောကျ်ား၊ မိန်းမဆိုတာ ပရမတ္ထနဲ့ကြည့်တော့ ဘာဝရုပ် သာ ကျွံတယ်။ ဘာဝရုပ်ကလဲ ခြေထိုးခေါင်းဆုံးရှိတယ်။ ဇီဝိတက တစ်ကိုယ်လုံးရှိတယ်။ ကဲ လက်မှာကော ဘာဝရုပ် မရှိဘူးလား၊ ရှိတယ်။

သစ်ပင်နဲ့ဘာဝရုပ် ဘာဝရုပ်ကြီးက သစ်ပင်ကြီးလိုပဲ၊သစ်ပင် ကြီးဟာ မျိုးစေ့ကြောင့် အကိုင်း, အခက်, အလက်ကလေးတွေ ဖြစ်လာတယ်။ မိန်းမသဏ္ဌာန်ဟာဘယ် သူ့ကြောင့် ဖြစ်လာရသလဲဆိုရင် ဘာဝရုပ်ကြောင့် ဖြစ်ရ တယ်။ ဘာဝရုပ်က ဘယ်သူ့ကြောင့်ဖြစ်သလဲဆိုရင် ကံ ကြောင့်ဖြစ်ရတယ်။

ကံက ဘယ်သူ့ကြောင့် ဖြစ်ရသလဲဆိုရင် တရားကြောင့် ဖြစ်ရတယ်။ ယသော်ဓရာမိဖုရားဟာ လေးသောခေါ်နဲ့ ကမ္ဘာ တစ်သိန်း ကာလပတ်လုံး မိန်းမဘဝကိုတောင့်တတဲ့ တရား ကြောင့် မိန်းမချည်းဖြစ်လာရတယ်။ ဘုရားအလောင်းဟာ လဲယောကျ်ားဘဝကို တောင့်တတဲ့တရားကြောင့်ယောကျ်ား ချည်းဖြစ်လာတယ်။ တရားတော်တွေဟာသိပ်ကောင်းတယ်။

ဘုရားမမွှင့်ယင် မသိနိုင် ယောကျ်ားရယ်, မိန်းမရယ်ဆိုတာ တွေဟာ ပညတ်တွေပဲ။ အမျှား အပြောတော့ပြန်ပါတယ်။ဒါတွေဟာသိပ်ကောင်းတာပဲ။ တို့ ဘုန်းကြီးက ဒါတွေကိုဘိပ်သတောကျတာပဲ။ ယောကျ်ား ရယ် မိန်းမရယ်လို့ တကယ်တော့ မရှိပါဘူး။ ပုံသဏ္ဌာန် ခေါ်ဝေါ် ပညတ်လေးတာပါ။ ဘာဝရဲ့ အကြောင်းက ကံ၊ ကံရဲ့အကြောင်းက တရား။

"ကဲ-ဦးအဂ္ဂသဏ္ဌာန်ဟာ ဘာအကြောင်းလဲ"

"အဝိဇ္ဇာ တရာပါဘုရား"

"လွဲလိုက်လေ ဦးအဂ္ဂရယ်၊ အဝိဇ္ဇာ တရာသာဆိုရင် အကုန်လုံးလူတွေဟာ ဦးအဂ္ဂတစ်ပုံတည်းချည်း ဖြစ်နေမှာ ပေါ့"

"ဦးကလျှာက ပုရိသဟူသော ယောကျ်ားသဏ္ဌာန်က ဘာကြောင့်ဖြစ်ရတာလဲ"

"ဘာဝရုပ်ကြောင့်ပါ အရှင်ဘုရား"

"ဟုတ်လိုက်လေ၊ ဘာ၁ရုပ်ကကော ဘာကြောင့် ဖြစ်ရတာလဲ"

"ကံကြောင့်ပါ အရှင်ဘုရား"

"ဟုတ်လိုက်လေ၊ ကံဟာ ဘာ့ကြောင့် ဖြစ်ရတာလဲ"

"အဝိဇ္ဇာတရာကြောင့်ပါ အရှင်ဘုရား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ယောဂျီးဘဝကိုလိုချင်သောတရာကြောင့် ယောဂျီးသဏ္ဌာန် ပေါ်လာရတယ်။ မိန်းမဘဝကို လိုချင်သောတရာကြောင့် မိန်းမသဏ္ဌာန်ပေါ်လာရတယ်။ ယောဂျီးမိန်းမပုံသဏ္ဌာန်ကိုဘာ၁ရုပ်ကတစ်ကိုယ်လုံး ပြုပြင်ပေးတယ်"

"ပုရိသဘာ၁ရုပ်ဟာ ကမ္မဇ-စိတ္တဇ-ဥတုဇ-အာဟာရဇ တွေလဲမှာ ဘာရုပ်ကြောင့် ဖြစ်တာလဲ"

"ကမ္မဇရုပ်ကြောင့်ပါ အရှင်ဘုရား"

လောကမှာတော် ဓာတုတွေက ယောဂျီးကို မိန်းမဖြစ်အောင် လုပ်နိုင်တယ်လို့ ဆိုကြတယ်။ တစ်ရာမှာတစ်ယောက်မိန်းမဖြစ်နိုင်တယ်။ မိန်းမဖြစ်တာကလဲ ကာမေသုမိစ္ဆာစာရကံကြောင့် ဖြစ်ရတာ။ တရားအကြောင်းခံပြီး ယောဂျီးမိန်းမဖြစ်ရတယ်။

မိစ္ဆာစာရနှင့် အရှင်အာနန္ဒာ အလောင်း

ဘိုးမြတ်စွာဘုရားရဲ့ ဖွားဘက်တော်ညီတော် အာနန္ဒာဟာ တရားဘက္ခာစိုး ကြီးဖြစ်မယ် ဆိုတဲ့ ဗျာဒိတ်ရ ပုဂ္ဂိုလ်ကြီးပဲ၊ ဒါပေမယ့် လမ်းခရီးအကြားမှာ ခြေချော် လက်ချော်

တော့ ဖြစ်သေးတာပဲ။ သူဟာ တစ်ခုသောဘဝမှာပန်းထိပ်သည်ဖြစ်သွားတယ်။

ရုပ်ကလဲချောတယ်၊ ရုပ်ချောတော့ခင်ပင်တဲ့ကာလသားတွေက မြှောက်ပင့်ပေးကြတာပေါ့။ ရွှေ့ရည်လှပတဲ့ မိန်းမယောင်တွေ မသွားလာအပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံပေါင်းသင်းပြီး မိစ္ဆာစာရကံတွေ ကျူးလွန်ကာပေါ့။ ဒီလိုကျူးလွန်တဲ့ အကုသိုလ်ပြစ်ဟာ သေသည့်၏ အခြားမဲ့မှာ အပါယ် ပဋိသန္ဓေကျိုး ပေးသလားဆိုတော့ မပေးသေးဘူး။

ကံတရားတို့၏ မျက်လှည့်ပြပုံ

ကံတွေဟာ "ဇနကကံ,ဥပဃဋ္ဌကကံ, ဥပပীဠကံ ကံ ဥပဃာတကကံ" လို့ ရှိသေးတယ်။

ဇနကကံက ဝိပါက်ကဋ္ဌတ္တာရုပ်ကို ဖြစ်စေတတ်တဲ့ကံပဲ။ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးကို ပေးစေနိုင်တယ်၊ ဥပထမ္ဘကကံကတော့ ပဋိသန္ဓေကျိုးကို မပေးဘူး၊ ထောက်ပံ့ရုံမျှသာ ထောက်ပံ့နိုင်တယ်။ ဥပပীဠကကံလဲပဲ ပဋိသန္ဓေကျိုးကို မပေးဘူး၊ ကပ်ရှိနှိပ်စက်ရုံပဲ နှိပ်စက်နိုင်တယ်။ ဥပဃာတကကံက ကပ်ပြီးသတ်ဖြတ်တတ်တဲ့ကံ၊ ဒီတော့ ညီတော်အာနန္ဒာအလောင်းဖြစ်တဲ့ ပန်းထိပ်သည်ဟာ အပါယ်ကျမယ်ဆိုရင် ကျမယ်ပေါ့။ ဘာပြုလို့အပါယ်မကျသလဲ၊ သူနောက်နောင်က ပြုခဲ့တဲ့ ကုသိုလ်တွေကတော်တော်များတယ်၊ ဒီကုသိုလ်ကံတွေ အကျိုးပေးခွင့်ရသောင် ဥပဃာတကကံက "ဟေ့....မင်းအပါယ်မပေးနဲ့ဦး၊ ဒီပုဂ္ဂိုလ်

ကို ငါကောင်းရာသုဂတိ ပေးလိုက်ဦးမယ်”ဆိုပြီး သားရှင်းသားဘဝ ပေးလိုက်လယ်၊ သရှေးသားဖြစ်တော့ ဇနက အကုတ္တိုလ်ကံတွေ့ ဖြုပ်သွားသလားဆိုတော့ ဖြုပ်မသွားဘူး။

သရှေးသားသဝ ပြုသမျှကုသိုလ် ပဋ္ဌိသန္ဓေ အကျိုးပေးဖို့က အလယ်တော ငါးချက်စေတနာနဲ့ သတ္တမတောစေတနာ လို့ ခြောက်ပါး ရှိတယ်၊ ဒုတိယဘဝ အကျိုးပေးမယ့် သတ္တမဇော စေတနာက ဒုတိယဘဝ သူ ပေးရမယ်၊ ဒါပေမယ့် သူကမပေးဘူး၊ တတိယဘဝမှစပြီး နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးခွင့်ရှိတဲ့ အလယ်တော ငါးချက်စေတနာ အပရာပရိယကံဆိုတာရှိသေးတယ်၊ ဒါကတော့ ကြွင်းကျန်နေသေးတယ်။

ဒီတော့ သူ သရှေးသားဖြစ်တဲ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေပြု သိလဲ့ကွေ့ဆောက်တည်နေတာ ဒီအရာတွေက ဇနက သတ္တိနဲ့ ကောင်းရာသုဂတိကို ပေးရမှာ အမှန်ပဲ။ ဒါပေမယ့် ဥပဝေါဘကကံက “မင်းအလှည့်ချည်းဘယ်ရမလဲ၊ဒီကောင် ပန်းထိမ်သည် ဘဝတုန်းက မိစ္ဆာစာရကံတွေ ကျူးလွန်လာခဲ့တာ ငါ့အလှည့်ရောက်ပြီ”လို့ဆိုပြီး တစ်ခါတည်း ရဲပို့လိုက်ပြန်တာပဲ။

(၅ကိုးများ၏ အဓိပ္ပာယ်ကိုအကျယ်တဝင့် သိလိုပါက သမ္ပြိတိဘုရားသခင်ရဲ့ ကာဒီဆိမုတ်ဆိုင်း ကဖ်ဝတုအဋ္ဌ၏ ၅ ပါ)။

ဘဝမျှားစွာ ကျင်လည်ရှာ ရဲကလွတ်လာတော့ နွားဘဝ ထိတ်ဘဝ မျောက်ဘဝ နပုံးပဏ္ဍုက် သိကြားမင်း မိဖုရားဖြစ်ရ၊ အဲဒီကနေပြီး နတ်သမီးဘဝ နဲ့ချည်း ခြောက်ဘဝ၊ နောက်တော့မှ အက်တိမင်းကြီးရဲ့ သမီးတော်ရှစာ မင်းသမီးလာဖြစ်ရတယ်၊ ဒါကြောင့် ကံတရားတွေဟာ အလွန်ဆန်းကြယ်တယ်၊ ကိုရင်တို့ ကောင်းကောင်းနေကြ၊ ကိုယ့်ဘဝကို မျိုးပြုတ်မစားကြဖို့။ ကဲ.... တော်ပြီ။

ဝမ္ပတ္ထုဟာ

အတွဲ (၁၀) အမှတ်(၄)

(၁၉၇၉၊ ဇွန်လ)

ကိုယ့်ကိုယ်ကို ချစ်တတ်ကြပါစေ

ကုသိုလ်ကို ပွားများနေလျှင် တို့ တဏှာသာ မရှိယင် နေချင်စရာ မကောင်းဘူးလား၊ ဒီလောကကြီးမှာ ရှုပါရုံကိုကြည့်တော့ဘာဖြစ်မလဲ၊ တဏှာ မဖြစ်ပေဘူးလား၊ ကူလီဒတ္တ ပိုက်ဆံလိုချင်လို့ လုပ်ကြရတာ မဟုတ်လား၊ လိုချင်တာဟာလဲ တဏှာလေဘပဲ၊ တဏှာ လေဘတွေရှိနေလို့သာကုသိုလ်စိတ်တွေမဖြစ်လာ၊ကုသိုလ်ကို ပွားများနေတဲ့အခါ တဏှာလေဘာ မဖြစ်ဘူး၊ ပိတိသော မနဿတွေ ဖြစ်နေတယ်။

သံသာဝပစ္စည်း ရှိသောကြောင့် အဲဒါကြောင့် ဘုန်းကြီးက ဘုရားကို အာရုံ ပြုနိုင်းရတာ၊ ဘုရားအာရုံပြုကြ၊ သဒ္ဓါတရား ကောင်းကောင်းလားကြ၊မနေ့ကဒါယိကာမ တစ်ယောက် စာအုပ် ၂၄ အုပ် လာလှူသွားတယ်၊ ဝိနည်း စူဠဋီကာ, ပါရာဇိကဏ်, ပရိဝါ, ပါစိတ်, အဂုံတ္တိုရ် ပါဠိတော် အဋ္ဌကထာ၊ အဲဒီ စာအုပ်တွေဟာ သံဃာက စာအုပ်တွေ၊ ဌားကြည့်တဲ့ ပုဂ္ဂိုလ်များကလဲ အနက်မတေးကြနဲ့၊ ကိုယ့် စာအုပ်ဆိုယင်တော့ တေးချင်တေးပေါ့။

ဦးဏှောတို့က မတေးဖို့ရုတဲားမြဲကြ၊ စာအုပ်တွေကိုလဲ မကြာခဏ ပြန်စစ်ပေးကြပါ၊ တချို့က စာအုပ်ကို ရောင်းစားကြတယ်၊ သံဃာ့ပစ္စည်းဆိုတာ ကိုယ့်ပစ္စည်းထက် ရိုရိုသေသေကိုင်ရတယ်၊ ဒါကို ကြပ်ကြပ်သတိထားကြ။

ကုသိုလ်မယူ ငရဲယူ လူတွေဟာ ကုသိုလ်ယူရမယ့်နေရာမှာ ငရဲယူကြတယ်၊ ဘုရားပွင့်လာတော့ လူကောင်းတွေ အဖို့မှာ ကုသိုလ်များတယ်၊ မကောင်းတဲ့ လူတွေအဖို့မှာ အကုသိုလ်များတယ်။ တို့ဘုရား ပွင့်လာတော့ တိတ္ထိတွေအဖို့မှာ အကုသိုလ်ပများပေဘူးလား၊ မာဂဏ္ဍိ တို့မိသားစု ကြည့်ပါလား၊ မြတ်စွာဘုရားက ပုဏ္ဏားကြီး ဇနီးမောင်နှံကို ဘာပြောသလဲ၊ "ငါဘုရားဟာ မာရ်နတ်သားရဲ့ သမီးတော်များဖြစ်ကြတဲ့ တဏှာအရတီ ရာဂါတို့အပေါ်မှာ တောင် ဘာမှ မဖြစ်ပါဘဲနဲ့ သင့်သမီးလို ကျင်ကြီးကျင်ငယ်တွေ ပြည့်နေတဲ့ မာဂဏ္ဍိကို ငါဘုရားက ခြေဖျားနဲ့တောင် မတို့လိုဘူး" လို့ ဒီလိုပြောလိုက်တော့ မာဂဏ္ဍိဟာ ဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့ပြီး တိတ္ထိတွေကို အဆဲခိုင်းတာပဲ မဟုတ်လား၊ သူတို့မှာ ကုသိုလ်မရဘဲ ငရဲရတာပေါ့။

ယူတတ်တော့ တရား မာဂဏ္ဍိရဲ့ အဖေ အမေတို့ကျတော့ ဘုရားတရားတော်ကို ကြားရတယ်ဆိုယင်ပဲ အနာဂါမ်တွေ ဖြစ်ကုန်ကြတယ်။တချို့မှာ ဘုရားအသံကြားရတော့ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်ကြရတယ်။

ဒါ့ကြောင့် ကိုရင်တို့ တရားကို ယူတတ်အောင် ယူတတ်ကြရတယ်။ ဘုရားပွင့်လာတာဟာ တို့အတွက် ပွင့်လာတာပဲလို့ သိထားကြ။ ဘုရားသာသနာနဲ့ တွေ့တုန်း အချိန်အခါမှာ တွေ့ရကျိုးနပ်အောင် နေကြ ထိုင်ကြ။ သာသနာနဲ့ တွေ့တဲ့ အခါမှာ ငရဲမရကြစေနဲ့။ နောင် သာသနာနဲ့ ပြန်တွေ့ဖို့ ဆိုတာ မလွယ်ဘူး။ ဒီတစ်ခါ သာသနာနဲ့လွဲသွားယင် ကိုရင်တို့ မလွယ်တော့ဘူး။

တဏှာကျေးကျွန် ဒီလောကကြီးဟာ အလကားပဲ။ ဓနဓာန် မကောင်းတော့ ဒီ့ပြင် ဟာတွေလဲ မကောင်းတော့ဘူး။ အေး တို့ ဒါတွေကို တွေးရ ကြံရမယ်။ မတွေးတော့ တဏှာလောဘ ဖြစ်လာမယ်။ သတ္တဝါတွေဟာ တဏှာစေခိုင်းရာကို သွားနေရတာ။ တဏှာဟာ တကယ်တော့ ဘယ်သူ့မှ ချမ်းသာမပေးဘူး။

နိုင်ငံမှာ ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေကိုလဲ သူက စေခိုင်းနေတယ်။ သူ့ရဲ့ လှည့်ကွက်ဟူသမျှကို သတ္တဝါတွေ ခံနေကြရတယ်။ သွားလိုက်၊ စားလိုက်၊ ရှာဖွေလိုက်၊ သူဆဲရိုက်ရာကို ပါနေရတာ။ တရားနည်းနဲ့ရှာကြည့်တော့ ဒီဓနဓာန် ဘယ်နည်းနဲ့မှ မကောင်းဘူး။

လောကချမ်းသာ ဒီလောကချမ်းသာတွေဟာ အကောင်း ချမ်းသာတွေလဲရှိတယ်၊(တရားသဖြင့်ကို

ဆိုလိုပါသည်။) တဏှာလောဘကြောင့် ချမ်းသာတွေလဲ ရှိတယ်။ ဒါတွေဟာ ဝန္ဓာဝန်လေးကြောင်း ပြတယ်။ အိုရတယ်၊ နာရတယ်။ ဒါတွေဟာ ဝန္ဓာဝန်နဲ့ စပ်နေတယ်။ အပါယ်လေးပါးဟာလဲ ဝန္ဓာဝန်နဲ့ စပ်နေတယ်။ အပါယ်လေးပါး ပို့ပေးတာလဲ ဒီဝန္ဓာဝန်ပဲ။ ဒါကြောင့် ကိုရင်တို့ အပြင်ဘန်း ချမ်းသာတွေကို မစဉ်းစားကြပါနဲ့။ ကိုယ်,စိတ် ချမ်းသာဖို့ရာကိုသာ စဉ်းစားကြပါ၊ ရှေ့ရှုကြပါ။

တရား လက်လွှတ်ကြပါနဲ့ ဒီဝန္ဓာဝန် ရလာတာ အကောင်းရ၊ မကောင်းရ ရှိတယ်။ ဝန္ဓာဝန်ကိုအသုံး ချကတ်တဲ့ ပုဂ္ဂိုလ်တွေ အဖို့တော့ အကောင်းရပေါ့။ အသုံးမချတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ မကောင်းရပဲ။ ဥပမာ ဒီဝန္ဓာဝန်ရလာတော့ အကုသိုလ်တွေနဲ့ အသုံးချကြတယ်။ သူ့အလက်သတ်ကြ၊ သူ့ဥစ္စာတွေ မတရားယူကြ၊ သူတစ်ပါးသားမယား မတရားပြစ်မှားကြ၊ လိမ်ညာပြောကြ၊ သေရည်သေရက်တွေသောက်ကြ၊ ဒါကိုယ့်ကိုယ်ကို မချစ်တတ်တာပဲ။ ကိုယ့်ကိုယ်ကို ချစ်တတ်တဲ့သူတွေက တရားကို လက်ကိုင်ထားကြတယ်။ ဒါကြောင့် ကိုရင်တို့ ကိုယ့်ကိုယ်ကို ချစ်တတ်အောင်လုပ်ကြ။ တရားလက်လွှတ် မလုပ်ကြနဲ့။

အတ္တသမံ ပေမံ နတ္ထိ လောကကြီးမှာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုကြတယ်။ ကိုယ့်ကိုယ်ကို ချစ်

ယင်ကောင်းသည်တက်ကောင်းအောင် ကြိုးစားကြရတယ်။ တချို့ ကိုယ့်ကိုယ်ကို ချစ်တယ်သာဆိုတာ ချစ်ရာမရောက်ကြဘူး။ ဒါယကာ၊ ဒါယိကာမ ကြည်ညိုကိုးကွယ်မှု လာဘ်လာဘ ပေါများမှု ဒါတွေအပေါ်မှာ ဝဲလည်ပြီး နစ်မြုပ်နေကြတယ်။ ဒါ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်ဘူး။ နှစ်နေကြတာ။ ကဲ–သွားကြတော့။

သံသရာခရီးကြမ်း လျှောက်လှမ်းကြရာဝယ်

ဘာဝရုပ်နဲ့ မန်ကျည်းစေ့ သူသူငါငါပြောနေတဲ့ နေရာမှာငါမရှိဘူး။ ငါ့အတွက်ဆိုတော့ တကယ်အတွေ့ဟုတ်ရဲ့လား။ အတွေ့ကောင်းလေး ဝမ်းထဲမှာ ရှိတယ်လို့ ဆိုနေကြတယ်။ ငါဆိုတဲ့ အတွေ့ သူဆိုတဲ့ အတွေ့ မရှိဘူး၊ ဒီအတွေ့ကိုပဲ ယောကျ်ား မိန်းမလို့ ဆိုမနေကြတယ်။ အမှန်ကတော့ ယောကျ်ားဆိုတာ မိန်းမဆိုတာလဲ မရှိပါဘူး။

လောက တချို့ပညာရှိတွေက ဒါတွေကို လက်ခံနေကြတယ်။ မန်ကျည်းပင်မှာ အစေ့ရှိတယ်။ ဒီအစေ့က အမြစ်ကနေ အဖျားရောက်အောင်သာ ဓာတ်ပေးနိုင်တယ်။ ဘာဝရုပ်နဲ့ မန်ကျည်းစေ့ တူတယ်။ ဘာဝချုပ်က တစ်ကိုယ်လုံးကို ပြန့်နှံ့စေတယ်။မန်ကျည်းစေ့ဟာ မန်ကျည်းပင် ကြီးလာယင် ဒီအစေ့ ပျောက်မသွားပေဘူးလား။ ဘာဝရုပ်က တစ်ကိုယ်လုံးမှာ တည်တည်း နေတယ်။ မျက်စိကိုကြည့်၊ သူ့မှာလဲ ကာယဘာဝ၊ နှားမှာလဲ ကာယဘာဝ၊ နှာခေါင်းမှာလဲ ဒီအတိုင်းပဲ။ အဝိဇ္ဇာ ကုန်တဲ့ ရဟန္တာကြီးများမှာဟော့

ကြီယာပဲ ရတော့တယ်။ ကံရယ်လို့ မခေါ်နိုင်တော့ဘူး။ ဖြစ်ယင် ဖြစ်ကာမတ္တာပဲ။

ဆန်းပြားလှတဲ့ ထိုတဏှာ တဏှာကသိပ်ဆန်းတယ်။ မိန်းမရဲ့ကိုယ်မှာ ရှိတဲ့ တဏှာ၊ သူ့ဖြစ်ချင်တာက မိန်းမဖြစ်ချင်တယ်၊ သူ့ဌေးကတော် ဖြစ်ချင်တယ်။ မိဖုရားဖြစ်ချင်တယ်။ နတ်သမီး ဖြစ်ချင်တယ်။ ယောကျ်ားကလဲ သူ့ဌေးကြီးဖြစ်ချင်တယ်။ သူ့ဌေးသား ဖြစ်ချင်တယ်။ နတ်သား ဖြစ်ချင်တယ်။ သက်ကယ်ရိုး လရံကာကနေ ပျံဝဲ ယောင် သွပ်မိုးကို လိုချင်တယ်။ ဒီကနေ တစ်ဆင့် တက်ပြန်တော့ တိုက်ကြီးတာကြီး ကားကြီး ကားကောင်းတွေ လိုချင်တယ်။ ဒါကြောင့်ဃရာဟာ ဆန်းပြားတယ်လို့ပြောတာ။ ပြဿနာများမှာတော့ ဒါတွေကင်းဆိတ်သလို ဖြစ်ကုန်ပြီ။

သတ္တဝါတွေဟာ သူ့ကံအကျိုးပေးနဲ့ သူ ဖြစ်လာတာပဲ။ သတော်ဝင်အဖိုနဲ့အမဟာ ဘာဝရှုပ်ရောတ်ချင်းဟာ မကွဲဘူး။ ဒီလိုပဲ မိန်းမမှာလဲ သူ့ရဲ့အကိုင်းအမက်တွေနဲ့၊ ယောကျ်ားလဲ ဒီလိုပါပဲ။ ဒါတွေဟာ ပုံသဏ္ဌာန်တွေပဲ။ တကယ်တော့ လူတွေမှာ ဘာမှမရှိပါဘူး။ ရုပ်နဲ့နာမ်သာ ရှိတယ်။ ဒီရုပ်နာမ်ကလဲလို့ ဘာမှမရှိဘူး။

ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း တို့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း၊ ဒီဘက်ကမ်းကတော့ ရောဂါတွေ ဖြစ်တယ်။ ဟိုဘက်ကမ်းကတော့ အေးချမ်းတယ်။ အေးချမ်းတဲ့ဘက်ကို မသွားချင်ဘူးလား။ ဒီဘက်ကမ်းက ရုပ်နာမ်

ခန္ဓာဝန်ကြီးဟာ ဝန်မလေးဘူးလား။ ရောဂါ ဖြစ်နေတဲ့ ဒီဘက်ကမ်းက တို့ရဲ့ ကာမတုံ့ကြီးပဲ၊ ဖြစ်လိုက်ကြတဲ့ရောဂါတွေ၊ လောဘရောဂါတွေ မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား)

ဒေါသရောဂါတွေကော မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား)

မောဟမာန ဣဿာမစ္ဆရိယ ရောဂါတွေလဲ ဖြစ်မနေကြဘူးလား။

(ဖြစ်နေပါတယ် အမှန်သူတော်ကောင်း)

အေး ရောဂါတွေ့ဖြစ်နေတဲ့ တို့ ဒီဘက်ကမ်းက ဟိုဘက်ကမ်း ကူးသွားယင် ပကောင်းပေဘူးလားကွယ်။ ပျောက်မှာ မှန်း သိလျက်သားနဲ့ လူတွေက ကိလေသာရောဂါကို ပေးတာ ခံနေကြတယ်။ ဟိုဆုက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကတော့ ပလာနဲ့ လို့ မခြင်းပါဘူး။

ဥစ္စာမရှိ ဆေးကောဂရှိ ဒီရောဂါတွေအတွက် သောက်ဆေး စားဆေး ဖြစ်တဲ့ သမားတော်ကြီး ဗုဒ္ဓရဲ့ ဘာဝနာဆေးတွေ ရှိတယ်။ ဒါပေမယ့် ဘူတို့မှာက ဒီဘာဝနာဆေးကို သောက်နိုင် လောက်အောင် စား နိုင် လောက်အောင် သဒ္ဓါဆိုတဲ့ဥစ္စာက မရှိတော့ ရောဂါ ဘယ် ပျောက်ပါ့မလဲ။ ကိလေသာရောဂါတွေဟာ ကြောက်စရာ ကောင်းတယ်။ တို့ သာမည ရောဂါက လူတစ်ယောက်ကို

တစ်ဘဝသာ သက်နိုင်တာ။ ကိုလေသာရောဂါတွေကတော့ ဘဝအဆက်ဆက် သက်နေတယ်၊ ဒုက္ခအမျိုးမျိုးနဲ့ခံရရုံပေါ့။

ဆင်းရဲနှစ်မျိုး တို့ဆင်းရဲကလဲ ကိုယ်ဆင်းရဲခြင်း၊စိတ်ဆင်းရဲခြင်းလို့ နှစ်မျိုးရှိတယ်။ ကိုယ်ဆင်းရဲဆိုတာက ကိုယ်ခန္ဓာမှာ ရောဂါရတာတွေမှန်သမျှ ကိုယ်ဆင်းရဲတာပဲ။ စာအလိုပြောရင် ကာယိကဒုက္ခပဲ။ စိတ်ထဲမှာခံစားရတဲ့ ဆင်းရဲဝေဒနာမှန်သမျှ စိတ်ဆင်းရဲတာပဲ။ စာအလိုကတော့ စေတသိကဒုက္ခပဲ။ ဒီခန္ဓာဝန်ကြီး ရလာတာဟာ သမုဒယသစ္စာ အကြောင်းခံလာခဲ့တာ။ သမုဒယကြောင့် ဒုက္ခဖြစ်ကြရတယ်။ ဒီဒုက္ခကို ဒုက္ခမှန်းသိရင် သိပ်ကောင်းတာပေါ့။ ခုလူတွေက ဒုက္ခကို ဒုက္ခမှန်းမသိကြဘူး၊ ဒုက္ခကို သုခလို့ ထင်နေကြတယ်။ ကိုယ့်ကိုယ်ကို လိမ်နေကြတယ်။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

နခသီခသုတ်ကိုကြည့် လူတွေမှာ နေ့စဉ်နှင့်အမျှ အကုသိုလ်တွေဖြစ်နေကြတယ်။ ဒီအကုသိုလ်တွေ ဖြစ်ပြီး အပါယ်လေးပါး ရောက်ကြရတာမျိုးတယ်။ ဒါ့ကြောင့် ဘုရားသခင်က နခသီခသုတ်ကို ဟောတော်မူခဲ့တာ။ နခသီခသုတ်မှာ မြတ်စွာဘုရားက....

"ရဟန်းတို့....ငါဘုရားသခင်ရဲ့ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်နဲ့ ဇမ္ဗူ၊ ဒီပ်မြေအပြင်မှာ ရှိနေတဲ့ မြေကြီးဘယ်ဟာကမျိုးသလဲ" ဒီလိုမေးလိုက်တော့ ရဟန်းတော်

တွေက.... "ဥပမာမနှိုင်းလောက်ပါဘုရား" လို့ လျှောက်ထားကြတယ်။

"ရဟန်းတို့....သေကုန် သေကုန်သော သတ္တဝါတွေဟာ သေပြီးလို့ အပါယ်လေးပါး ရောက်ကြရတဲ့ သတ္တဝါတွေက ဇမ္ဗူ၊ ဒီပ် ဝမြေအပြင်မှာရှိတဲ့ မြေကြီးတွေလောက်ရှိတယ်၊ လူ့ပြည် လူ့လောကစသည်ကို ပြန်ရောက်ကြတဲ့ သတ္တဝါတွေကတော့ ငါဘုရားရဲ့ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်လောက်မျှသာရှိတယ်" လို့ ဒီလိုဟောထားတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ နာ-၅၅၄)

အကုသိုလ် အဖြစ်များကြပုံ သတ္တဝါတွေ အကုသိုလ် အဖြစ်များပုံကို သေသေချာချာစဉ်းစားကြည့်လေကြောက်စရာကောင်းလေပဲ။ မျက်စိက အဆင်းရှုပါရုံ ချောချောလှလှလေးတွေ မြင်တဲ့အခါ ဘာဖြစ်သလဲ။ လောဘတဏှာ ဖြစ်ရတယ်။ မကောင်းတဲ့ အာရုံတွေကို မြင်ရတဲ့အခါကျတော့ ဒေါသဖြစ်ရတယ်။ နှားပေါက်ကလဲ သဒ္ဒါရုံအသံ ကောင်းကောင်းလေးတွေကြားရတော့ လောဘတဏှာဖြစ်ရပြန်တယ်။ တစ်ခါ မကောင်းတဲ့အသံတွေကြားရပြန်တော့ ဒေါသဖြစ်ရပြန်တယ်။ အမှတ်တမဲ့နေပြန်တော့လဲ မောဟဖြစ်ရပြန်တယ်။

နှာခေါင်းပေါက်ကလဲ တို့အတူပဲ၊ မွှေးမွှေးကြိုင်ကြိုင်ဆိုတဲ့ ကောင်းတဲ့အနံ့ကလေးတွေ နမ်းရ၊ ရှူရရင် လောဘ

မကောင်းတဲ့ မစင်ဘင်ပုပ်နံ့တွေ နမ်းရရှူရရင်ဒေါသဖြစ်ကြရတယ်။ အမှတ်တမဲ့နေပြန်တော့ မောဟဖြစ်ရပြန်တယ်။ လျှာပေါက်ကလဲ ဒီလိုပဲ၊ ကောင်းတဲ့အရသာလေးတွေ စားနေရရင် သဘောကျ ကျေနပ်ပြီး လောဘ၊ မကောင်းတဲ့ အရသာတွေ စားရတဲ့အခါ စိတ်မချမ်းမသာဖြစ်ပြီး ဒေါသဖြစ်ကြရတယ်။

အမှတ်တမဲ့နေပြန်တော့ မောဟဖြစ်ပြန်တယ်။ ဒီခန္ဓာကိုယ်ကြီးကတော့ ကောင်းတဲ့အတွေ့အထိမြင့်တဲ့ ဖောဋ္ဌဗ္ဗာရုံလေးတွေနဲ့ ဇနရမယ်၊ ထိုင်ရမယ်၊ အိပ်ရမယ်ဆိုရင်လောဘ၊ နှားညှီသိပ်ဖွေ့တဲ့ အပေါ်ကောင်းလေးတွေ ဝတ်ရုံသုံးစွဲနေရရင် ကျေနပ် သဘောကျနေတာ လောဘ၊ ပကောင်းတဲ့နေရာထိုင်ဝင်းနဲ့ တွေ့ထိရတဲ့အခါ စိတ်ကွေ့ကိုပျက်လို့၊ ဟော.... ဒေါသ၊ ဘတ္တပါတွေရဲ့စိတ်ဟာ အဆင်း, အနံ့, အရသာ အတွေ့အထိဆိုတဲ့ အာရုံငါးပါးနဲ့ တွေ့ဟိုင်းတွေ့ဟိုင်း လောဘ ဒေါသ မောဟတိုတဲ့ အကုသိုလ်တရားတွေနဲ့ လုံးလည်လိုက်ပြီး အချိန်ကုန်နေကြရတယ်။

စိတ်တည်းဟူသော မျောက်ကလေး စိတ်ကလေးကလဲ အကြိမ်နေတာမဟုတ်ဘူး၊ ညအိပ်ရာဝင်ပြီဆိုရင် ဆူကပိုပြီး သိရတယ်။ ဟိုကြံဒီကြံ ကြံတယ်လေ၊ လောဘဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒေါသဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒီစိတ်ဟာ မျောက်ကလေးနဲ့ တူတယ်။

ဥပမာပြောရရင်တံခါးငါးပေါက်ရှိတဲ့အိပ်မှာဒီမျောက်ကလေးကို ထည့်ထားကြတယ်။ လူတွေက တံခါးငါးပေါက်လုံးဖွင့်ပြီး တစ်ယောက်တစ်ပေါက်စီ စောင့်နေကြတယ်။ မျောက်ကလေးဟာ အရှေ့ပေါက်ကလွှတ်မယ်ဆိုတဲ့အကြံနဲ့ အရှေ့ပြတင်းပေါက် ပြေးတက်ပြီး ပြူတစ်ပြူတစ် လုပ်လိုက်တယ်။ အရှေ့ပြတင်းပေါက်ကလူက ခြောက်လှန့်လိုက်တော့ အနောက်ပြတင်းပေါက် ပြေးပြန်တယ်။ ဒီလိုပဲ အနောက်ပြတင်းပေါက်က လူက ခြောက်လှန့်လိုက်ပြန်တယ်။ ဒီ့ပြင်ပြတင်းပေါက်တွေကလဲ ဒီအတိုင်းပဲ။ ထွက်ပြေးစရာ ထွက်ပေါက် မရှိတော့ဘူးဆိုမှ ချောင်ကောင်းကောင်းမှာ အသာလေး ပုန်နေတော့တယ်။ မျောက်နဲ့တူတဲ့ စိတ်ကလေးဟာလဲ မျက်စိတံခါးပေါက်က ပြူတစ်ပြူတစ် လုပ်လိုက်၊ မျက်စိတံခါးပေါက်ကနေ မဝှက်နဲ့ဟဲ့လို့နှင်လိုက်ပြန်၊ နှာခေါင်းတံခါးပေါက် ရောက်သွားပြန်တယ်။ ဒီမျောက်နဲ့တူတဲ့ စိတ်ကလေးကို ဖွက်ထွက်မသွားအောင် ဖမ်းရမယ်။ ဘာနဲ့ဖမ်းရမလဲ၊ ဘာဝနာနဲ့ ဖမ်းရမယ်။

ပါဒသ္ဓိ ရာတိ ဗဟုနာ သတ္တဝါကြွေ့ခွဲ့စိတ်ဟာ မကောင်းမှုမှာသာ မွေ့လျော်ကြတယ်။ သံသရာသွားကြတဲ့ အခါ ဘာဝနာမပါရင် ကြောက်စရာ ကောင်းတယ်။ ကိုရင်တို့ ကိုယ့်စိတ်ကို ဘာဝနာနဲ့ ထိန်းပေးကြ၊ ဗုဒ္ဓါနုဿတိမေတ္တာ အသုဘ မရဏဿတိအစရှိတဲ့ ဘာဝနာတစ်ခုခုကို လက်ကိုင်ထားကြ၊ သီလကိုလဲလုံခြုံအောင်

ထိန်းကြ၊ နိဿဂ္ဂိပစ္စည်းတွေမထားကြနဲ့၊ ပစ္စည်းကပ်ရှင် အပ်အပ်စပ်စပ်ဖြစ်အောင် ကပ်ပို့ကြ၊ အာပတ်တန်းလန်းနဲ့ စုတေရင် မလွယ်ဘူး၊ စာက ဘာတဲ့လဲ....

"သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါဝဒါမိ၊ တိရစ္ဆာန ယောနိ ဝါ"

အာပတ်နဲ့တက္ခ စုတေရင် ငရဲသော်လဲကျ၊ တိရစ္ဆာန်သော်လဲဖြစ်၊ အောက်သစ်ဆုံး ပြိတ္တာတောကျိန်းသေတယ်။ ဒါ့ကြောင့် ဦးပဉ္စင်းတို့ ကိုရင်တို့ ကောင်းကောင်းလေးနေ လိုက်ကြစမ်းပါ၊ လမ်းသွားဟာကအစ သတိလေးနဲ့ သွား လိုက်ကြစမ်းပါ၊ သံသရာသွား အကုသိုလ်တွေ ယူမသွားကြ စမ်းပါနဲ့၊ ကဲ....တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ

အတွဲ (၁၀) အမှတ် (၅)

(၁၉၇၉၊ ဇူလိုင်လ)

လမ်းနှစ်သွယ်

လေးလှသည့် ခန္ဓာဝန် ခန္ဓာဝန်သိပ်ပြီး လေးတယ်ဆိုတာ ကလေးရော လူကြီးပါ စဉ်းစားကြည့်၊ ကလေးတွေက ခန္ဓာဝန်လေးတယ်လို့ ထင်ပါ့မလား၊ တစ်ခါတလေ သူတို့မငိုရဘူးလား၊ ငိုရတယ်၊ အဲဒီငိုရတာဟာ ဘာလဲ၊ ဒေါသမှုဒေါ်ပဲ၊ ခန္ဓာဆိုရင် ဝိညာဏက္ခန္ဓာ၊ ခန္ဓာကိုယ်ဝန်ဟာ သိပ်လေးပါတယ်၊ တရားတော်တွေက စဉ်းစားလေ ကောင်းလေပဲ၊ ကိုရင်တို့ ဦးပဉ္စင်းတို့ စဉ်းစားကြ၊ မစဉ်းစားလို့ မဖြစ်ဘူး။

ခန္ဓာဝန်လေးတာကို သံဝေဂဉာဏ်ဖြစ်အောင် ကြည့်တတ်ရင် ကောင်းတယ်။ သံဝေဂဉာဏ်ဖြစ်တော့ ဒီခန္ဓာဝန်အပေါ် မှာ တပ်မက်မှု၊ စဲ့လမ်းမှုတဏှာဟာသိသိသာသာလျော့သွားတယ်။ ဒီခန္ဓာဝန်ကြီးကို နောက်ထပ်မလိုချင်အောင် လျော့သွားမှ ပိုကောင်းတယ်။ ခန္ဓာဝန်ကို နောက်ထပ်မလိုချင်တဲ့ ပုဂ္ဂိုလ်မျိုးမှာတော့ တရားလက်မလွှတ်တော့ဘူး၊ သူ့မှာ တရားမြဲနေပြီ။

ယောကျ်ားများ ထမ်းရသည့် ခန္ဓာဝန် တို့ယောကျ်ားများထမ်းရတဲ့ ခန္ဓာဝန်ကို ကြည့်ကြစမ်း၊ ကျေးတောသားတွေဆိုရင် နေပူမိုးရွာမရှောင် အလုပ်တွေ လုပ်ကြရတယ်၊ မိုးတွင်းကျပြန်တော့လဲ မိုးဟွင်းမို့ လို့ လုပ်ကြရ ကိုင်ကြရတယ်။ ထယ်တိုးရ၊ လယ်ထွန်ရ၊ စပါးကြဲရ၊ ချိုးနွှတ်ရ၊ ကောက်လှိုင်းစည်းရ၊ သယ်ရ၊ စပါးနယ်ရ၊ စသည်ဖြင့် လုပ်ကြရတာ ဘယ်လောက် တာဝန်လေးသလဲ။

မြို့နေလူတန်းစားတွေကော တချို့ကုန်သည် ပွဲစားဟာ ဘယ်လောက် ပင်ပန်းသလဲ၊ စီးပွားရေးအကွက် သွားကြရ လာကြရ ရှာကြရ ဖွေကြရ၊ ရှာဖွေရင်းက ဘေးအန္တရာယ်တွေနဲ့ တွေ့ကြုံပြီး ပြင်းပြင်းထန်တန် ဒုက္ခတွေရောက်ကြရတယ်။ တချို့ဆိုသေကြရတယ်။ ဒါဟာ တဏှာအရင်းခံလာတာတော့၊ ကိုရင်တို့ တိုက်ကြီးတာကြီးတွေနဲ့ နေရတာ၊ ကားကြီး ကားကောင်းတွေကို စီးပြီးနေရတာလောက်ကိုကြည့်ပြီး အတင်ကြီးမနေကြနဲ့၊ တရားမရှိသမျှ ကာလပတ်လုံး လူတွေ ဒုက္ခရောက်ကြရဦးမယ်။

ဒါယိကာမများ ထမ်းရသည့် ခန္ဓာဝန် တို့ဒါယိကာမတွေဆိုရင်ခန္ဓာဝန်ထမ်းရတာ ပိုလေးသေးတယ်။ ဒါပေမယ့်သူတို့ကလေးလို့ လေးမှန်းမသိကြဘူး။ သနပ်ခါးလိမ်းရခေါင်းဖြီးရ၊ ဘုန်းဆီလိမ်းရ၊ ပွဲနေပွဲထိုင် သွား တော့မယ်ဆိုရင် သာဆိုးသေးတယ်။ ဒါတွေ ဘယ်သူ့ကြောင့်လုပ်ရတာလဲ၊ ခန္ဓာဝန်ကြီးရလာလို့ပဲ။ ပဋ္ဌိသန္ဓေရလာပြန်တော့

ကော မသက်သာဘူး။ စောင့်ရှောက်လိုက်ရတာ၊ ကိုယ့်ခန္ဓာဝန်ကိုယ်ထမ်းနေရုံနဲ့ အားမရနိုင်သေးလို့ အပိုခန္ဓာဝန်ပါ ထမ်းရတယ်။ ဒီသန္ဓေသားမွေးဖွားလာပြန်တော့ ခံလိုက်ရတဲ့ ဒုက္ခ၊ သေလုမျောပါး ခံကြရတယ်။ တချို့ဆိုရင် အသက်သေတဲ့အထိ ခံသွားကြရတယ်။ သားသမီးတွေရလာပြန်တော့လဲ ဒီသားဒီသမီးတွေအတွက် ထမ်းလိုက်ရတာ ဘယ်လောက်ဝန်လေးသလဲ၊ မြေးမြစ်ထိအောင် ဆက်တမ်းကြရတယ်။ ဒီလိုနဲ့ အချိန်တွေကုန်ပြီး ဘဝနိုဂုံးအဆုံးသတ်ရတဲ့ ပုဂ္ဂိုလ်တွေ မရေတွက်နိုင်တော့ဘူး။

ဘုန်းကြီးများကော ကင်းရှဲလား လူတွေကိုသာ ပြောပြော နေရတယ်။ တို့ ဘုန်းကြီးတွေကော လာဘ်လာဘတွေ ပေါ်များချင်ကြတယ်။ ဘုန်းကြီးချင်ကြတယ်။ ဒါယကာ, ဒါယိကာမတွေ ပေါ်များချင်ကြတယ်။ ဒါတွေ ပေါ်များလာရင် သာယာမှု တဏှာက ပါလာပြီ။ တဏှာပါလာရင် "ငါမှငါ" ဆိုတဲ့မာနကပါလာပြီ။ သံသရာကို ချိတ်ထွင်တတ်တဲ့ တရားတွေက နောက်ကလိုက်လာပြီ။ ဘုန်းနောက်လိုက်ရင် သွားရမယ့်နိဗ္ဗာန်နဲ့ဝေးပါသေးတယ်။ နိဗ္ဗာန်သွားတဲ့လမ်းအကျင့်နဲ့ ဂုဏ်လာဘ်ပေါ်များအောင် ကျင့်တဲ့အကျင့်ဟာ တခြားစီပဲ၊ စာက ဘယ်လိုဆိုထားသလဲ၊ "အညာဟိ လာဘူပနိသာ" ရှုတ်ကြစမ်းပါ။

အညာဟိ လာဘူပနိသာ,
အညာ နိဗ္ဗာနဂါမိနီ၊
ဧဝ မေတံ အဘိညာယ,

ဘိက္ခုဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိ နန္ဒေယ္ယ,
ဝိဝေက မနုဗြူဟယေ။ ။

"လာဘူပနိသာ-လာဘသက္ကာ ရဖို့ရာဟု,ဂုဏ်ပါမျှော်ချင့်ပြုအပ်သော်အကျင့်သည်။ အညာ-နိဗ္ဗာန် ရောက်ကြောင်းအကျင့်ကောင်းမှ, ရှေ့စောင်းသောအား, အမျိုးတခြားသာတည်း။နိဗ္ဗာနဂါမိနီ=နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်သည်။ အညာ-ဂုဏ်လာဘ်မျှော်ကိုး, အကျင့်ဆိုးမှ, တမျိုးအခြားတစ်ပါးသာတည်း။ ဇေါ-ဤသို့ သွားလမ်းလာလမ်းခွဲခြားသောအား,နှစ်မျိုးနှစ်စားအားဖြင့်။ဗုဒ္ဓဿသိရန်မှန်က,မကျန်ရအောင် လုံးဝသိမြင်, ဘုရားရှင်၏။ သာဝကောတရားဝမ္မ, သြဝါဒကို, လုံးဝနာယူ, တပည့်ရင်းဖြစ်တော်မူသော။ ဘိက္ခု - သံသရာရေး လာမည့်ဘေးကို, မျှော်တွေးရှုတောင်း, သူတော်ကောင်းသည်။ တေါ-သံသရာလည်ရန်, အပါယ်စံနှင့်,နိဗ္ဗာန်မြန်းဖွယ်, လမ်းနှစ်သွယ်ကို၊အဘိညာယ သို့လော သို့လော,မတွေးတောပဲ သဘောအရှိ, ဟုတ်တိုင်းသိ၍။သက္ကာရံ-ဒုါယကာဒါယိကာမ,သဒ္ဓါကြ၍ဒါနဟုခေါ်ပူဇော်သက္ကရကို။ နာဘိ နန္ဒေယ္ယ-မရသော်တ, ရသော်ကြ၍ အားရခင်မင်,လိုချင်တောင့်တ၍ မနေရာ။ ဝိဝေကံ-အဖော်ကိုရှောင်း, အပေါင်းကိုခွာ, ဆိတ်ငြိမ်ရာဝယ်, ဘာဝနာနှစ်ရပ်, သမာပတ်ကို။ အနုဗြူဟယေ-တဆင့်တဆင့်,ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာသတည်း။

(ဗုဒ္ဓဓေါင်းရ်ရှတ်ဆိုကြသည်)

ဆောင့်ကြွားဆောင့်ကြွား မလုပ်ကြနှင့်

အေး, ဒါတွေကို ပါးစပ်ကရွတ်နေရုံနဲ့ မပြီးဘူး၊ စိတ်ကပါစဉ်းစားရတယ်၊ ဒါကြောင့်ကိုရင်တို့ ဘုဉ်းကြီးအောင် မလုပ်ကြနဲ့၊စာမေးပွဲတွေအောင်ပြီး ဆောင့်ကြွားဆောင့်ကြွားမလုပ်နဲ့၊စာမေးပွဲတွေအောင်ပြီးသာသနာမှာ အလုပ်လုပ်နိုင်မှကောင်းတယ်၊ ရှုနှာမျိုက်ကုန်းဖြစ်နေရင်တယ်မကောင်းဘူး။ဒီခန္ဓာဝန်ကြီးရလာတဲ့အခိုက်တာမဟုတ်တဲ့စာမေးပွဲတွေနဲ့လဲမစားကြနဲ့တရားနဲ့လဲစားပေါ့ကကိုယ့်မှာ အမြတ်ကျန်သေးတယ်၊စာမေးပွဲတွေအောင်ပြီး ရောဂါရနေရင် မကောင်းဘူး၊ ရောဂါမရကြစေနဲ့၊ ကျန်းမာရေး ဂရုစိုက်ကြ။

ကိုယ့်အမေနို့ ကိုယ်ပြန်စို့ကြ

ခန္ဓာဝန်ဟာ သိပ်လေးတယ်၊ ဘုန်းကြီးလက်မှာ ယားနာလေးတွေ ပေါက်တယ်၊ မန်ကျည်းရည်နဲ့ ဆားနဲ့ ရောပြီး ပွတ်ရတယ်၊ ရောဂါကလဲ ခန္ဓာဝန်တစ်ခုပဲ၊ တောင်နားကကိုရင်တစ်ပါးကလဲ ချောင်းခြောက်ကြီးဆိုးနေတယ်၊ဆွမ်းစားကျောင်းကလဲဒီလိုပဲ၊ ဘုန်းကြီးမှာကိုယ့်ခန္ဓာဝန်ထမ်းရတာကနည်းနည်း သူများခန္ဓာဝန်ကို ထမ်းရတာကပိုဆိုးတယ်၊ကိုယ့်ခန္ဓာဝန်ကို ကိုယ် မထမ်းနိုင်ရင် သိတင်းကျတ်တဲ့အခါ အရုပ်ပြန်ပြီးကိုယ့်အမေနို့ ကိုယ်ပြန်စို့ကြ၊အမေ့အရိပ်က မဝေးဘူးလားဟေ့ အေးတယ်။

ဘုန်းကြီးယင်ယင်တုန်းက ချောင်းအကြီး အကျယ်ဆိုးတာ မှတ်မိသေးတယ်။ အမေက ဝက်လက်သွားပြီး နာနတ်သီးနဲ့ ထန်းလျက်ဝယ်လာပြီး ရောကျွေးတယ်။ ဒါနဲ့ ပျောက်သွားတယ်။ ခုလဲ ပျောက်မယ်ထင်ယင် ကျွေးကြပေါ့၊ စားလဲ့ စားကြ။ ရောဂါလဲ့ မစ္စဲကြစေနဲ့၊ ရောဂါစ္စဲယင် မြန်မြန် ပျောက်အောင် ကုကြ။

သူတော်ကောင်းအတွက် ဝန်မတက်

ဒါကြောင့် တစ်ယောက်ဆိုယင် တာဝန်က တစ်ယောက်အတွက် လေးတာပဲ။ လေးတော့ ကြောင့်ကြ ဗျာပါဒတွေ မျှားရတယ်၊ စာချဘုန်းကြီးတို့ ဆွမ်းချက်တဲ့ ကိုရင်တို့ဆိုယင် ခန္ဓာဝန်တွေကို မျှထမ်းနေရတယ်။ ကိုရင်တို့ စိတ်ထဲမှာ ဘယ်သူဟာဖြင့် မသူတော်ပဲလို့ထင်ယင် စာချဘုန်းကြီးတွေကို လျှောက်ပါ။ စာချ ဘုန်းကြီးတွေကလဲ မသင့်တော်ဘူးထင်ယင် အရပ်ပြန်လွှတ်ပါ။ သူတော်ကောင်းတွေအတွက် ဝန်ထမ်းနေရတာက ကောင်းတယ်။ တာဝန်မကြီးပါဘူး။ ကုသိုလ်ရပါတယ်။

သူတော်ကောင်း နှတ်ကောင်းစောင့်တယ်

ကိုရင်တို့ ဒီကျောင်းမှာ ကောင်းကောင်း နေနိုင်မှ နေကြ။ ဘုန်းကြီးက သူတော်ကောင်းနှတ်တွေကို တိုင်တည်ထားတယ်။ နှတ်တွေကလဲ စောင့်ရှောက်နေတာပဲ။ ဒီကျောင်းတိုက်မှာ မတော်မလျော်လုပ်တဲ့ ပုဂ္ဂိုလ်ဆိုယင် မထားကြပါနဲ့လို့ ပြောတာပဲ။ အကုသိုလ်

လုပ်တဲ့ ပုဂ္ဂိုလ်တွေ အတွက် ဆိတ်ကွယ်ရာ အရပ်ဆိုတာ မရှိပါဘူး။ လူက မသိပေမယ့် နတ်ကသိတယ်။ နတ်မသိပေမယ့် ကိုယ့်ကိုယ်ကိုတော့ သိတယ်။ သူတော်ကောင်း မလုပ်နိုင်ဘူးဆိုယင် ဒီကျောင်းတိုက်မှာ မနေကြနဲ့။ စောစောစီးစီး ထွက်သွားကြ။ ဒီကျောင်းတိုက်မှာ တစ်ဦး တစ်ယောက်တည်း တာဝန်တွေကို ထမ်းဆောင်နေရတာမဟုတ်ဘူး။ အားလုံး မျှထမ်းနေကြရတယ်။ မိမိ တစ်ယောက်အတွက်နဲ့ အမျှားမှာ တာဝန်တွေ မတက်ကြစေနဲ့။

ဘုရားအလောင်း နိဗ္ဗာန်ဝင်မယ်ဆိုယင်

ဘုရားအလောင်း နိဗ္ဗာန်ဝင်မယ်ဆိုယင် ဒီပက်ရာ မြတ်စွာဘုရား လက်ထက်ကလည်းက ငင်နိုင်တယ်။ ဒါပေမယ့် သတ္တဝါတွေကို သနားတော့ ဘယ်လိုကြုံးဝါးကော် မှုသလဲ....

"ကိ ေ မ ေကန တိဏ္ဍေန,
ပုရိသေန တာမဒဿ ိနာ၊
သမ္ဘည္ဟတံ ပါပုဏိတ္ဝာ,
သန္ဓာ ရေသ သဒေဝကံ။"

လို့ ကြုံးဝါးတော်မူတယ်။ "ငါတစ်ယောက်တည်းဖြင့် သံသရာ ရေအလျဉ်ကို ကူးမြောက်လို့ ဘာအကျိုးရှိမည်နည်း။ ဒါလောက် အားအစွမ်းနဲ့ ပြည့်စုံနေတဲ့ငါဟာ သမ္ဘည္ဟတညာဏ်ကို ရပြီး ရောက်ပြီးမှ နတ်နှင့်တကွသောလူကို သံသရာ ရေအလျဉ်မှ လုတ်ဆောင် ကယ်တင်တော်မူမယ်" ဒါဟာ

သတ္တဝါတွေကို သနားတော့ ခန္ဓာဝန်လေးမှန်းသိပေမယ် ထမ်းခဲ့ရတယ်။ သတ္တဝါ အများကြီးရဲ့ ခန္ဓာဝန်တွေကို ထမ်းထားရတယ်။ သက်သာတာ မဟုတ်ဘူး။ ပါရမီဖြည့် ကတည်းက လောဘ ဒေါသနည်းရတယ်။

ကောင်းသည်ထက် ကောင်းအောင်ပြင် ပကောင်းတာနဲ့ကောင်းတာကို လိုက်စစ်ကြည့်ယင် မကောင်းဘက်က များနေကြတယ်။ ကိုရင်တို့ ကိုယ့်ဘဝကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားကြ။ အဖိတ်နေ့ ဥပုသ်နေ့ဆိုယင် စကား ပြော ပြော နေ ကြတယ်။ ဒါဟာ မကောင်းဘူး။အချိန်ယူပြီး ဘုရားကိုအာရုံပြုကြပါ။ ကုသိုလ်ရတဲ့ အချိန်ကို ပိုပြီးတော့ ယူကြပါ။ ဒီကနေ ဆင်းသွားယင် ဟိုကြည့် ဒီကြည့် မကြည့်ပါနဲ့။ စာချဘုန်းကြီးတွေက ကြပ်ပေးကြ။ အမှတ်တမဲ့ မနေကြနဲ့။ ပြီးတော့ သက်နီးတန်းမှာ သက်နီးတွေ ပစ်မထားကြစေနဲ့။ ခြောက်ယင် ရုပ်ကြပစေ။ သက်နီးတွေ အကြာကြီးလှန်းထားတော့ နေစားပြီး သက်နီးမြန်မြန်ဆွေးတယ်။ရုပ်တဲ့အခါလဲ ဆွဲမချကြနဲ့။ အသာမ,ပြီး ရုပ်ရတယ်။ ကဲ....တော်ပြီ။ သွားကြတော့။

ခမ္ဘာ

အတွဲ(၁၀)၊ အမှတ်(၆)
(၁၉၇၉၊ ဩဂုတ်လ)

ကိုလေသာဝိုးတွေ အဝင်မခံကြနဲ့

လက်သည်ကို ရှာပါ ဒီခန္ဓာဝန်ကြီးရတာ ခွာကြောင့်ရတာလဲ။ ကံကြောင့်ရတာ။ ရှေးက ကုသိုလ်ကံတွေကို ပြုခဲ့ကြလို့ ဒီခန္ဓာဝန်ကြီးရလာတာ၊ အဲဒီကံက အဝိဇ္ဇာတဏှာ အရင်းခံပဲ။ဒီခန္ဓာကိုယ်ကိုရတာက မှားတယ်။ လူ့ခန္ဓာ နတ်ခန္ဓာရတာလဲမှားတယ်။ အဝိဇ္ဇာတဏှာကြောင့် မတရားတဲ့ အကုသိုလ်ကံတွေ ပြုတယ်ဆိုပါတော့၊သူ့အသက်ကလေး သတ်လိုက်ရမှ ဘေးရန်ကင်းမယ်။ သူ့ပစ္စည်း ခိုးလိုက်ရမှ ချမ်းသာမှာပဲ။ သူများ သားမယားကို ဖြစ်မှားလိုက်ရမှ၊ လိမ်ပြောလိုက်ရမှ၊ သေရည်သေရက်သောက်လိုက်ရမှ ချမ်းသာမယ်။ ဘေးရန်ကင်းမယ် တင်ပေါ်။ တို့ ဒီကံဝါးပါး ပျက်ကာလဲ အဝိဇ္ဇာ တဏှာကြောင့်ပဲ။ လက်သည် ရှာလိုက်တော့ ဒီတာပဲ။ ဒီအကုသိုလ်ကံတွေက ငရဲမှာ ဖြစ်ရမယ်။

အနှုအယား မီးကင်ဘာလို ဘုရားတရားတော်တွေက သိပ်ကောင်းတာပဲ၊ ဒီနေ့မနက်ပဲ့ဘုန်းကြီးတစ်ခုစဉ်းစားမိတယ်၊ ဘုန်းကြီးလက်က အဖုံကလေးတွေ ယားလို့

ကုတ်နေရင်း အနူတွေကို သတိရတယ်။ တို့အနူတစ်ယောက် ဆိုပါတော့။ သူ့နူနာတွေက တော်တော်ယားလာတယ်။ ယားတော့ မီးကင်ချင်လာတယ်၊ မီးကင်တော့ အယားသက်သာတယ်။နောက် ပိုးတွေကရှလာတော့မီးပြန်ကင်ချင်လာတယ်။ သူ့အယားဟာ သက်သာပါ့မလား၊ မီးကင်လိုက် ယားလိုက်၊ မီးကင်လိုက် ယားလိုက်ပဲ။ တို့ပုထုဇဉ်တွေဟာ ရှပါရုံလှလှလေးတွေကို ကြည့်ချင်တယ်။ ကြည့်တော့ မြင်ရတယ်။မြင်တော့ တဏှာက စ,ုံလာတယ်၊ တဏှာကအာရုံးခံ ဖြစ်နေတော့ ပွဲသွားကြည့်ချင်တယ်။ ရှပါရုံလှလှလေးတွေ ကြည့်ချင်တယ်၊ ကြည့်တာက အနူ ယားလို့မီးကင်တာလိုပဲ။

တဏှာအယားတွေ ပတ်မကြီးက ဗေယိဗေယိဆိုရင် သွားကြည့်ချင်တယ်။ဒီလိုကြည့်ချင်လို့ကြည့်လိုက်ရတော့ စိတ်သက်သာတယ်။ဆပ်ပြာပွေ့မတိုက်ပါနဲ့ဆိုပြီးတိုက်တယ်။ ရသာရုံကို ခံစားချင်တာရယ်၊ ဖောင်ဒွှာရုံလေးကို တွေ့ထိချင်တာရယ်၊ဒါတွေဟာ တို့တဏှာယားတာ အရက်သမား အရက်သောက်လိုက်တော့ သောက်လာစတော့ တဏှာအယားပြေသွားတယ်။ နောက် အရက်တဏှာပြီးက ရှလာတယ်။ ထပ်သောက်ပြန်တာပဲ၊ လောကီအာရုံကာမဂုဏ်တွေဟာ မယားသေ လင်သေ အရှယ်ရှိတုန်း ထပ်ပြီးမယူကြဘူးလား၊ ယူတယ်။ ဒါဟာ တဏှာယားတာပဲ၊ ဒီတဏှာက တစ်သံသရာလုံး မပျောက်ဘူး။ နှတ်ပြည့်ဆိုရင် ဒီတဏှာက သေပြီး ယားလိုက်သေးတယ်။

အနူမီးကျိုးခဲ မြင်ရတာလို အနူဟာ မီးကျိုးခဲမြင်ရတော့ ပိုးတွေက ရှရှပေါ့။ တို့ရှပါရုံလှလှလေးတွေဟာ မီးကျိုးခဲလိုပဲ၊ သူ့ကိုမြင်တော့ ကိလေသာ တဏှာပိုးတွေက ကြွရှတက်လာတယ်။ မနေနိုင် မထိုင်နိုင်အောင် ယားကြတော့တာပဲ၊ ယားတော့ မီးကင်လိုက်ကြဦးပေါ့၊ အယားဟာ ဘယ်တော့မှ ပျောက်မှာ မဟုတ် ဘူး၊ ပုထုဇဉ်တွေဟာ ဒီတဏှာပိုးကြောင့် ယားယားနေတာ။တဏှာပိုးသေအောင် အတွင်းဆေးစားယူမှ ပျောက်မယ်။ အတွင်းဆေးဆိုတာ ဘာဝနာပဲ။ ဘာဝနာပွားတော့ တဏှာကယားပါဦးတော့ မလား၊ မယားဘူး။ပျောက်သွားတယ်။ ပျောက်သွားတော့ သူ့မိတ်ဆွေတွေက ပွဲကြည့်ရအောင် လိုက်ခဲ့ပါဆိုရင် "ဟာ မလုပ်ပါနဲ့၊ မလိုက်ပါရစေနဲ့" လို့ ပြောတယ်။ "မလုပ်ပါနဲ့ မလိုက်ပါရစေနဲ့လို့ မပြောပါနဲ့၊ ဟိုမှာ ရှပါရုံ ချောချောလှလှလေးတွေ ရှိပါတယ်။ သွားကြည့်ရအောင်ပါ" "အိုဟာ....မလုပ်ပါနဲ့" ကဲ သူက မယားတော့ကားတယ်။ သူ့မှာ တဏှာက ကုန်သလောက်ရှိသွားပြီ၊ ကဲ... တို့ ရဟန်းတော် အရှင်မြတ်ကြီးတွေ ပွဲကြည့်တယ်လို့ မင်းတို့ ကြားဖူးကြရဲ့လား၊ မကြည့်ပါဘူး။

အနူရှုးရှုးနေကြ အခု လူတွေ နှတ်ပွဲလာကြတာ ကုသိုလ်ရချင်လို့ ဟုတ်ပါ့မလား၊ မဟုတ်ပါဘူး။ တဏှာယားလို့ လာကြတာပဲ၊ ဟုတ်တယ် မဟုတ်လား။

မလောင်းဘူး။ ကိုရင်တို့ နီးစပ်ရာပုဂ္ဂိုလ်တွေကို နတ်ပွဲတွင်း မလာကြနဲ့လို့ ပြောထားကြ၊ တောင်တောင်ကြာ အနှယားထဲ ပါသွားကြမယ်။ တို့ဒီက ခုလိုတရားစကားနဲ့ ပြောဆိုနေတော့ နတ်ပွဲနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တကယ်တော့ လူတွေဟာ အနှစ်ရှိး ရှိးနေကြတာပဲ။

ကိုယလသားနှင့် စစ်သူရဲကောင်း ဥပမာ

တို့ စစ်သူရဲကောင်းတွေဟာ စစ်တိုက်ပြီးဆိုတော့ တောင်တောင်ကလေး အပင်ပန်းခံပြီးတိုက်မှ စုစ်အနိုင်ရသလို ဘဝသံသရာ အဆက်ဆက် ဝေတ်ခံပါလာတဲ့ ကိလေသာ သူပုန်ရန်သူတွေကိုလဲ ကိုယ်စိတ်နှစ်ပါး အပင်ပန်းခံပြီး တိုက်နိုင်မှ နိုင်မယ်။ ကိလေသာက သုံးပါးရှိတယ်။ (၁) အနုသယကိလေသာ၊ (၂) ပရိယုဋ္ဌာနကိလေသာ၊ (၃) ဝိတိက္ကမကိလေသာရယ်လို့ သုံးပါးရှိပါတယ်။ အနုသယက်ိလေသာက လူတစ်ယောက်အိပ်ပျော်ပြီး ငြိမ်သက်နေတာနဲ့ တူတယ်။ ပရိယုဋ္ဌာနကိလေသာကအိပ်ပျော်နေသူ လန့်နိုးတာနဲ့ တူတယ်။ ဝိတိက္ကမကိလေသာဆိုတာက နိုးလာသူ ထထိုင်တာနဲ့ တူတယ်။

အနုသယဆိုဟာ ပဋ္ဌိသန္ဓေ နေကတည်းကပါလာတယ်။ တို့ဘယ်သုံးဝမှာဖြစ်ဖြစ် ဖြစ်လာတဲ့သတ္တဝါတွေမှာလောဘ ကိလေသာ ရှေးဦးစွာ ပါလာတာပဲ။ ဒီအနုသယကလေး တစ်ခုက ဘုန်းကြီးတို့သန္ဓာန်၊ ကိုရင်တို့ ဦးပဋ္ဌင်းတို့ သန္ဓာန်မှာလဲ ရှိနေတာပဲ။ ရဲနေတဲ့မီးခဲဟာ ပြာဖုံးနေတော့ သူ့ရဲ့

နီရဲတဲ့အရောင်ကို မမြင်ရသလို သတ္တဝါတွေရဲ့ သန္ဓာန်အစဉ်မှာ ကိန်းဝပ်နေတဲ့ကိလေသာအနုသယ မီးကျီးခဲလေးဟာလဲ ယောင်ရှားတဲ့ အဝိဇ္ဇာပြာက ဖုံးအုပ်နေတော့ သူ့ရဲ့ သတ္တိလို့ ထင်ထင်ရှားရှားမကွေ့ရဘူး။ သာမည အရာဝတ္ထုနဲ့ ပိတ်ထားတဲ့ အရာဝတ္ထုတွေဟာ တောင်တောင်ကြမ်းတဲ့လေက တိုက်ခိုက်လိုက်ဟော့ လွင့်ကဲပြီးအဖုံးအောက်ရှိတဲ့အရာဝတ္ထု အားလုံးကို မြင်ရတာလို ရှုပါရုံ သဒ္ဓါရုံစတဲ့ လေနီကြမ်းတွေက တိုက်ခိုက်တော့ မကင်ရှားတဲ့အာရုံပြာတွေလွင့်သွားပြီး လောဘ, ဒေါသ စတဲ့ နီရဲတဲ့မီးခဲတွေ ပေါ်လာတာပဲ။

ကိလေသာသုံးပါးကို သီလသုံးပါးဖြင့်သတ် ပထမအနုသယက ကိန်းဝပ်နေတယ်။ ကိန်းဝပ်နေရာက မတည့်တဲ့အာရုံနဲ့ တွေ့တော့ ပရိယုဋ္ဌာနကိလေသာက တယောင်းယောင်းနဲ့ ထကြွလာတယ်။ ထကြွလာရာကမယိန်းနိုင် မယိမ်းနိုင်ဖြစ်ပြီးကျူးလွန်မှု ဝီတိက္ကမကိလေသာတွေဖြစ်ရတယ်။ အဲဒီဝီတိက္ကမကိလေသာကို သီလလုံခြုံအောင်ထိန်းပြီးသတ်ရတယ်။ ပရိယုဋ္ဌာနကိလေသာကို သမထ(သမာधိ)နဲ့သတ်ရတယ်။ အနုသယကိုတော့ ဝိပဿနာဉာဏ်ရှေ့အားရှိတဲ့ မဂ်နဲ့ကျမှ သတ်လို့ရတယ်။ သူပုန်နဲ့ကူတဲ့ ကိလေသာရန်သူ အနှုပ်နှုပ်နဲ့ကူတဲ့ ကိလေသာရန်သူတွေကိုအပင်ပန်းခံပြီး မသတ်သမျှ ဘယ်တော့မှမရဘူး၊ မနိုင်ဘူး၊ ဗိမိတို့ရဲ့သန္ဓာန်မှာ ကိလေသာပိုးတွေအဝင်မခံကြနဲ့ ၊ သတိဝီရိယနဲ့ သမာधိနဲ့ ကြိုးစားပြီးသတ်ကြ၊ ကဲ-ကဲ....တော်ပြီ၊ သွားကြတော့။

ဝိပဿနာ ဥာဏ်မျက်လုံး နေ့စဉ်သုံး

တဏှာနယ်ခွဲ ခန္ဓာဝန်မကောင်းမှုန်းတစ်ခါတစ်ခါမှသိရတယ်။အများကဒီခန္ဓာဝန်ကိုကောင်းတယ်လို့ ထင်နေကြတယ်။ အမှန်က ဝေဒနာရစ္စာန် ပြိတ္တာတွေရဲ့ ခန္ဓာပန်လဲ မကောင်းဘူး။ လူ့ခန္ဓာ၊ နတ်ခန္ဓာ တွေ လဲ မကောင်းဘူး။ တစ်ခါတလေ မကောင်းမှန်းသိလျက်နဲ့ မလိုချင်ဘူးလား။ လိုချင်တယ်။ လိုချင်တာက ဘယ်သူလဲ၊ တဏှာပဲ။ တဏှာက နယ်ခွဲနေတာ၊ သံသရာနယ်ခွဲတော့လဲ ဒီကျွာပဲ။ ဒီလောကကြီးတွေဟာ တဏှာပကြောင့် ဒုက္ခရောက်ကြရတာပဲ။ တဏှာကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ဒုက္ခရှိပါဦးမလား၊ မရှိဘူး။

ရဟန္တာများနှင့် ဆီမီးငြိမ်းဥပမာ တို့ရဟန္တာ အရှင်မြတ်ကြီးတွေကိုလေးသာ အာသဝေါကုန်ခမ်းသွားတော့ တဏှာရှိပါဦးမလား။မရှိဘူး။ဥပမာပြောရမယ်ဆိုရင် ရေနံဆီရယ်၊ မီးစာရယ်၊ မီးတောက်ရယ်၊ ရေနံဆီက မီးတောက်ဖို့ရာ ကျေးဇူးပြုတယ်။မီးစာကတော့ အလောင်ခံပဲ၊ ဝရနံဆီရှိပေမယ့် မီးစာလောင်စာမရှိရင် မတောက်နိုင်ဘူး။

မီးစာရှိနေပေမယ့် ရေနံဆီမရှိရင်မီးမတောက်နိုင်ဘူး။တစ်ခုနဲ့တစ်ခု အညမည လတောနဲ့ကျေးဇူးပြုနေတယ်။ ဒီဥပမာအတိုင်းပဲ တို့ လတ္တာဝါတွေမှာလဲ ရေနံဆီနဲ့ ဟူတဲ့ စိတ်ကလေးဟာ သူ့ချည်းနေရင် အကောင်းသားပဲ။ ဒါပေမယ့် တဏှာမီးရှို့သမားက မီးစာနဲ့ဟူတဲ့ ရူပါရုံကလေးတွေနဲ့ရှို့ပေးလိုက်၊ သဒ္ဒါရုံလေးနဲ့ရှို့ပေးလိုက်တော့ မျက်စိမှာလဲမီးတွေတောက်၊ နားမှာလဲ မီးတွေတောက် ဖြစ်ကုန်ကြရတယ်။ လောကမှာလောင်နေတဲ့မီးကို ရေနဲ့ငြိမ်းမှ ငြိမ်းရသလို သတ္တဝါတွေရဲ့ သန္တာန်အစဉ်မှာ လောင်နေတဲ့လောဘ၊ ဒေါသမီးတွေကိုလဲ ဝိပဿနာ ဘာဝနာမဂ်ဉာဏ်ရေစင်နဲ့ ငြိမ်းမှငြိမ်းပါ့မယ်။ရဟန္တာအရှင်မြတ်ကြီးတွေမှာဒီမီးတောက်တွေငြိမ်းကုန်ပါပြီ။

အတွင်းရှို့မီး အပြင်ရှို့မီး တို့ လောကမှာပြောနေကြတဲ့ စကားတစ်ခု ရှိတယ်။ အိပ်တာအိပ်ကိုဖြစ်ဖြစ်၊ ခွေကိုဖြစ်ဖြစ် ရပ်ကွက်တခုကိုဖြစ်ဖြစ်၊ ရွာကိုဖြစ်ဖြင့်၊ ခွေကိုဖြစ်ဖြစ်၊ မီးလောင်ပြီဆိုရင် "အဲဒီမီးဟာ အပြင်ကရှို့မီးပါကွာ။အတွင်းကရှို့မီးပါကွာ"နဲ့ မပြောကြဘူးလား၊ ပြောတယ်။လူတွေက လောကမီးရှို့ခံရတာကို ပြောနေကြတာ။ ကိုယ့်ကိုယ်ကို မီးရှို့ခံရတာကျတော့ မလိုကြဘူး။တို့လူတွေ တစ်ယောက်နဲ့ တစ်ယောက် မတည့်အောင် တစ်အိမ်နဲ့ တစ်အိမ်မတည့်အောင်၊တစ်ရွာနဲ့ တစ်ရွာ၊တစ်မြို့နဲ့ တစ်မြို့မတည့်အောင်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတည့်အောင်တွေဟာ မီး

ရှိ၊ ခံနေကြရတာတွေပဲ။ တစ်ကျောင်းဟည်း အတူနေရင်း
မတည့်ကြတာတွေဟာလဲ အပြင်ကလဲရှိ၊ ပေး၊ အတွင်းက
လဲ ရှိ၊ ပေးနေလို့ပါပဲ၊ တစ်ယောက်နဲ့ တစ်ယောက် မနာ
လို ဝန်တိုတဲ့ ဣဿာမစ္ဆရိယတွေ ဖြစ်ရတာဟာ အတွင်း
မီးရှိ၊ လို့ အလောင်ခံနေကြရတာပဲ။

မီးလောင်ခံကြနဲ့ ဒီမီးတွေကို အလောင်မခံမှ ကောင်းမယ်။ ဒီမီး
တွေ အလောင်ခံနေရလို့ သတ္တဝါတွေဟာ ဒုက္ခ
ရောက်နေကြရတယ်။ သားသေလို့ငိုရ၊ မယားသေလို့ငိုရ၊ လင်သေလို့ငိုရနဲ့ တောက်လောင်လိုက်တဲ့ သောကပရိဒေဝမီးတွေကလဲသံသရာအဆက်ဆက်ကပဲ ဒီတရားတွေကို ကိုယ့်နိုးစပ်ရာ ဆွေမျိုးသားချင်းတွေကို ဟောကြ၊ မီးလောင်မခံကြစေနဲ့။

လောဘမီးလောင်ပုံ တို့ မျက်စိက ရူပါရုံ ချောချောလှလှလေးတွေ
တွေ့တော့၊ မြင်တော့၊ လိုချင်တယ်။ လိုချင်တာ
ဘာတုန်း၊ လောဘ၊ ဒီလောဘက သာမန်လိုချင်
ရုံလောက်နဲ့ တော့ ကိစ္စမရှိသေးဘူး။ လိုချင်မှုအားကြီးတော့
လောဘမီးက လောင်တာပဲ။ ကိုရင်တို့ ကြားနေကြတာပဲ၊
အမျိုးသမီးအမျိုးသားတွေကိုယ်လိုချင်တဲ့မိန်းမ၊ ယောကျ်ား
မရတော့ရှားသွားကြတာတွေ၊ အဆိပ်သောက်တာတွေ၊ ရေထဲ
ခုန်ချသေတာတွေဟာဘာမီးလောင်တာလဲဆိုရင်လောဘမီး
လောင်တာ။ ဒါတွေဟာ ဘုရားလက်ထက်ကပင် ရှိခဲ့တယ်။

ဘိက္ခုနီမ သီတင်းနေ့တစ်နေ့ ဘိက္ခုနီမတစ်စုသိမ်ထဲဥပုသ်
လောဘမီးလောင်ပုံ ပြုသွားကြတယ်။ အဲဒီသိမ်ရဲ့ရှေ့နားမှာကျောက်
ဆစ်ရုပ်ကလဲ တော်တော်ကိုလှသတဲ့။ တခြား
ဘိက္ခုနီမတွေက ကိုယ်စီကိုယ်စီ သိမ်ထဲဝင်သွား
ကြသော်လဲ ဘိက္ခုနီမတစ်ယောက်ကတော့ အဲဒီသိမ်နားမှာ
ရပ်ကျန်ရစ်ခဲ့တယ်။ တခြားဘိက္ခုနီမတွေက ဥပုသ်ပြုပြီးလို့
ပြန်ထွက်လာတော့ ဒီဘိက္ခုနီမကိုတွေ့ကြတယ်။ ဒါနဲ့ ဘိက္ခု
နီမတစ်ယောက်ကသူ့နားသွားပြီး "အရှင်မဘာလုပ်နေတာ
ပါလဲ" ဆိုပြီးသွားကိုင်လိုက်တော့ ဘိုင်းကနဲ လဲကျသွားတာ
ပါပဲ။ ဒါဘာလဲ။ လောဘမီးလောင်သေရတာ။

ဒေါသမီးလောင်ပုံ တို့မျက်စိက ကိုယ်မနှစ်သက်တဲ့ ရူပါရုံကို မြင်ရ
တော့ ဘာဖြစ်သလဲ စိတ်ဆိုးမှုဖြစ်ရတယ်။ စိတ်
ဆိုးတာဟာဘာတုန်း၊ ဒေါသ။ ဒီဒေါသကလဲ
သာမန်ဒေါသလောက်တော့ ကိစ္စမရှိသေးဘူး။ စိတ်ဆိုးမှုက
အားကြီးလာတော့ ဒေါသမီးက လောင်တာပဲ။ ဒေါသမီး
လောင်အားကြီးတော့လဲသေကြရတာပဲ။ ကိုယ့်အလိုမကျရင်
ဒေါသဖြစ်ရတာပဲ၊ တချို့ဆိုရင် ဒေါသဖြစ်လွန်းလို့ ကိုယ့်
ကိုယ်ကို သတ်သေရတဲ့အထိဖြစ်ရတယ်။

နတ်ပြည်မှာ ဒေါသမီးလောင်ပုံ တို့နတ်ပြည်မှာ ခိုဋ္ဌာမဒေါသိကနတ်မနောပ
ဒေါသိကနတ်ဆိုတာရှိတယ်။ ဒီနတ်နှစ်ယောက်
ဟာတစ်နေ့ကျတော့အခြံအရံနတ်သမီးကွေနဲ့တ
ကွဥယျာဉ်ကစားထွက်ကြတယ်။ ဒီအခါမှာနတ်

တစ်ယောက်က နတ်တစ်ယောက်ရဲ့ရှေ့ကို မြင်းရထားနဲ့ကျော်တက်လိုက်တယ်။ နောက်တစ်ယောက်က သူ့ရှေ့ ကျော်တက်ရပါ့မလားဆိုပြီး တက်တည်း ဒေါသဖြင့်လိုက်တာ သေပါလေရော၊ ဒါဟာ ဘာလဲ၊ ဒေါသမီး အလောင်ခံရတာပဲ။

မောဟမီး လောင်ပုံ တို့မျက်စိက မြင်တော့ မြင်လိုက်တာပဲ၊ ဒါပေမယ့် အမှုမဲ့အံ့မှတ်မဲ့ပဲ၊ အမှုမဲ့အမှတ်မဲ့နေတော့ မောဟမီးလောင်တာပဲ၊ လောဘမီး, ဒေါသမီးတွေက သိသာတယ်။ မောဟမီးက မသိသာလှဘူး၊ တို့သတ္တဝါတွေက မီးလောင်လို့ လောင်မှန်းမသိသာလှဘူး။ တို့ထဲ့ခ်ေါင် ဆရာတော်ကြီးက "လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ"လို့ ဟောထားခဲ့ထယ်။ ကိုယ့်ကိုယ်ကို မီးလောင်လို့ လောင်မှန်းမသိတဲ့သူတွေဟာ လူမိုက်တွေပဲတဲ့၊ တရားတော်တွေက သိပ်ကောင်းပါတယ်။ ကိုရင်တို့ဦးပဉ္စင်းတို့ မလိုက်စားလို့ မဖြစ်ပါဘူး။

ဇာတိ, ဇရာ, မရဏမီးများ လောင်ပုံ မီးတွေက လောင်မှန်းမသိ လောင်နေကြတာ။ ဇာတိမီးလောင်ပုံကလဲ တော်တော်ကြောက်စရာကောင်းတယ်။ အမိဝမ်းထဲမှာ အောင်းနေရစဉ် အချိန်အခါကလေးမှာပဲ ဒုက္ခများစွာနဲ့ ကြုံကြရတယ်။ တချို့ အမျိုးသမီးတွေက မတော်မတရား ပျော်ပါးကြပြီး သန္ဓေရလာတော့ ရှက်တာနဲ့ ကိုယ်ဝန်ဖျက်ချကြ၊ ကိုယ်ဝန်ကျကြောင်း ဆေးတွေ

သောက်ကြ၊ ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ဆေးထိုးဖျက်ချကြ၊ ဒါဟာ အမိဝမ်းတွင်း အောင်းနေရစဉ် ဇာတိမီးလောင်တာပဲ။

ဇရာမီးကလဲ ဆံဖြူသွားကျိုး၊ မျက်စိမဲ့၊ နားထိုင်း၊ ခါးကိုင်းပြီး အသားအရေတွေ လိန်တွန့်နေတာ၊ ဒါကို ပါကင်ဇရာလို့ ခေါ်တယ်။ အပါကင်ဇရာခံတာ ရှိသေးတယ်။ သူက မထင်ရှားဘူး။ ရုပ်တရား နာမ်တရားတို့ရဲ့ နာရီ, မိနစ်, စက္ကန့်မစဲ ဟဲ့ဖွဲ့ဖြစ်ပျက်ပြီး အိုနေရတာဟာ ဇရာမီးလောင်တာပဲ့။

မရဏမီးဆိုရင် ဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါမဆို လူရယ် နတ်ရယ် သတ္တဝါရယ်လို့ ဖြစ်လာရင် မသေရမယ့် လူရယ်လို့ ရှိပါ့မလား၊ မရှိဘူး။ သေနေကြရတာ၊ သေခြင်းတရားကို ဘယ်သူမှ မတားမြစ်နိုင်ကြဘူး။ သေမင်းကို လက်ဆောင်ထိုးလို့ မရနိုင်ဘူး၊ စစ်တိုက်ယူလို့မရဘူး။ သေမင်းကို ဘယ်နေ့ ဘယ်ရက်လာခဲ့ပါမယ်လို့ ချိန်းဆိုထားလို့မရဘူး။ သေမင်းကို ဘယ်သူမှ မဆောင်နိုင်ဘူး။ ဒါတွေကြောင့်လဲ သတ္တဝါတွေ သေကြရတယ်။ အေး....မျက်မြင်လောကလူတွေ တွေ့ကြုံနေရတဲ့ မရဏမီးတွေပဲ၊ ဉာဏ်နဲ့ မြင်နိုင်တဲ့ မရဏမီးကတော့ တို့ရုပ်တရား၊ နာမ်တရားတွေဟာ နေ့စဉ်အမြဲ ချုပ်ပျက်ပြီး သေနေကြရတယ်။ ဒီရုပ်တရား နာမ်တရားတွေဟာ အမြဲသေနေတာကို ဘာနဲ့မှမြင်နိုင်သလဲ၊ ဝိပဿနာ ဉာဏ်မျက်လုံးနဲ့မှ မြင်နိုင်တယ်။ ဒီမီးတွေ ဘယ်ကျမှ ငြိမ်းမလဲ၊ နိဗ္ဗာန်ကျမှ ငြိမ်းမယ်။

သောက ပရိဒေဝမီး လောင်ပုံ ပြီးတော့ သောကမီးကလဲ မလောင်ဘူးလား။ လောင်တယ်။ သူလောင်ပုံက တို့ကိုယ်နဲ့စပ်လာတဲ့ သူတွေ တစ်စုံတစ်ခုဖြစ်လာရင် ဒီသောကမီးက လောင်တော့တာပဲ။ ဆိုပါစို့၊ ကိုယ့်သား၊ ကိုယ့်သမီးလေးက တော်တော်လေး နေတိုင်မကောင်းဖြစ်တယ်ဆိုရင်ပဲ မိဘတွေမှာ စိုးရိမ်မှုမဖြစ်ကြဘူးလား၊ ဖြစ်ကြတယ်။ "အောင်မယ်လေး....ဒီတောင်ကတက်မှ တက်နိုင်ပါ့ဦးမလား"နဲ့ သောကမီးတွေ လောင်ကြရတယ်။

ပရိဒေဝ မီးကတော့ ကြုံဖူးသူတွေများပါတယ်။ သားသမီးသေလို့၊ လင်သေလို့၊ မယားသေလို့၊ ဆွေမျိုးသားချင်းတွေသေလို့ ငိုကြွေးရတာဟာပရိဒေဝမီးတွေတောက်လောင်ကြတာပဲ။ တချို့ဆိုရင်အငိုလွန်ပြီးတက်သေသွားကြတယ်။ ဒီမီးတွေက လောက လောင်ရိုးလောင်စဉ်မီးနဲ့ တူတာမဟုတ်ဘူး။

နောက်ပြီးတော့ ဒုက္ခဒေါမနဿ ဥပါယာသဆိုတဲ့မီးတွေကလဲ လောင်လိုက်သေးတယ်။ ဘယ်ကလောက်ကြောက်စရာကောင်းသလဲ။ ကိုရင်တို့ ဦးပဉ္စင်းတို့ ဒီတရားတွေကိုတွေးကြစမ်းပါ။ သံသရာကြီး သွားနေရတာ အလွန်ကြောက်စရာကောင်းပါတယ်။ ပေါ့ပေါ့နေ, ပေါ့ပေါ့စား, ပေါ့ပေါ့သွားနေလို့ကတော့ ဒီဘဝအတွက် မလွမ်းလောက်ပါဘူး။

ဘတ်ကြရတယ်။ ကိုယ့်ကိုယ်ကမချစ်တတ်ရင် သံသရာနစ်ကြဦးမှာ သေချာနေတာပဲ။

မသူတော်မေ့ မေ့နေကြ သံသရာမှာ နစ်မျောမနေကြအောင် သတိရှိရှိနဲ့ ကြိုးစားကြရမယ်။ လောကမှာ မေ့ မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတဲ့လူတွေကို ထုတ်ပြပါ၊ ဘဲ့ပြပါဆိုရင် အများကြီးပဲ။ တို့တချို့ ဘုန်းကြီးတွေဆိုရင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတာတွေ မရှိဘူးလား။ ရှိတယ်။ ကုသိုလ်စိတ်နဲ့ မနေရင် ကုသိုလ်တရားတွေမှာ သတိလစ်ဟင်းနေတာပဲ။ မေ့နေတာကို မြတ်စွာဘုရားက "အပ္ပမာဒေန သမ္မာဒေထ"လို့ ဆိုတာပေါ့။ ဥတော့ သတ္တဝါတွေမေ့နေတာက ဖွတ်မေ့ ပခတ်မေ့မဟုတ်ဘူး။ မသူတော် မေ့မေ့နေကြတာ။ကိုရင်တို့ ဦးပဉ္စင်းတို့လဲ မသူတော်မေ့မေ့မနေကြနဲ့၊ သတိနဲ့နေကြ။ သံသရာကြီး အရှည်သဖြင့် သွားကြရဦးမှာ။ ကုသိုလ်တရားနဲ့ နေကြ၊ ကုသိုလ်တရားတွေကို အမှတ်ရနေကြ။

စာထဲမှာ လူပါးဝအောင် လုပ်ကြ ဒါကြောင့် ဘုန်းကြီးက အဂုံတို့ရှိ်ုတို့ဝမ္မပဒ တို့ကိုအကြည့်ခိုင်းတာ။ကြည့်ပါများတော့ အနက်ဉာဏ်သွားလာတယ်။ စာကြည့်တတ်လာတယ်။ ဥပုသ်နေ့ အဖိတ်နေ့တွေမှာ ဒါတွေကြည့်ပေးကြ။ ဘုရားအကြောင်းတွေကို စဉ်းစား နေရတော့ ကုသိုလ်တွေရနေတယ်။ လောကကြီး လူ့အကြောင်း

တွေ့ကိုမသိတာကောင်းတယ်။ စာကို ကြပ်ကြပ်နိုင်လာတော့ လူ့အကြောင်းတွေ့ သိလာတယ်။ လူ့အကြောင်းတွေ့သာ မကဘူး၊ နတ်အကြောင်းတွေ့ပါ သိလာရတယ်။ စာတွေ့ဟာ သိပ်ကောင်းတယ်။ လူ့ဘဝလမ်းစဉ်တစ်လျှောက်လုံး အမှန်းတင်ပေးနေတာဟာ ဒီစာတွေ့ပဲ။ ကိုရင်တို့ စာထဲမှာ လူပါးဝအောင် လုပ်ကြ။

တဏှာမရှိရင် မလိုချင် ကိုယ့်ကိုယ်ကို ချစ်တာ လဲ တဏှာပဲ။ သူတစ်ပါး ချစ်တာကော တဏှာပဲ။ ဝိသာခါဟာ သူ့မြေး ကလေး ဆုံးတော့ ငိုလိုက်တာ ဆံပင်တွေ ရေတွေ့ရွဲလို့။ သူတို့အိန္ဒိယက လူသေရင် ခေါင်း လျှော်ရတာမျိုးကိုး။ ဒါနဲ့ ဝိသာခါဟာ ငိုပြီး ဘုရားဆီ လာတော့ ဘုရားက....

"ဝိသာခါ ဘာကြောင့်ငိုရတာလဲ"

"ဘုရားတပည့်တော်မ မြေးလေးဆုံးသွားလို့ပါဘုရား၊ မြေးကလေးက လိမ္မာလဲ့လိမ္မာ ရုပ်ကလဲ့ချောဆိုတော့ သိပ် ချစ်ပါတယ် ဘုရား"

"အဲဒီလို လိမ္မာရုပ်ချောတဲ့မြေးကလေးနောက်တပ်ရရင် ကော မလိုချင်ဘူးလား"

"နောက်တပ် ဒီလို ရုပ်ချောလိမ္မာတဲ့ မြေးမျိုးသာရမယ် ဆိုရင် လိုချင်တာပေါ့ဘုရား"

"သာဝတ္ထိပြည်မှာ လူဦးရေ ဘယ်လောက် ရှိသလဲ ဝိသာခါ"

"လူဦးရေ ခုနစ်ကုဋေရှိပါတယ် ဘုရား"

"သာဝတ္ထိပြည်မှာရှိတဲ့ လူတွေ့ကကော ဒီလိုရုပ်ချော လိမ္မာတဲ့ မြေးကလေးတွေ့ မလိုချင်ဘူးလား"

"ရရင် လိုချင်တာပေါ့ဘုရား"

"ဒီလိုဆိုရင် သာဝတ္ထိပြည်မှာ တစ်နေ့ လူတွေ့ ဘယ်လောက် သေနေသလဲ"

"ဒါတော့ဘုရား မြို့မှာလူတွေ့က အများကြီးဆိုတော့ နေ့ရှိသရွေ့ သေနေကြရတာပေါ့ ဘုရား"

"ဒီလိုဆို ဝိသာခါ သင့်ခေါင်းကဆံပင် ရေခြောက်နိုင် ပါဦးတော့မလား"

"ဟာ....တပည့်တော်မ မလိုချင်တော့ပါဘုရား" တဲ့။

ဒါဟာ ဘာလဲဟေ့! ဒုက္ခကိုမြင်လို့ တဏှာက နောက်ဆုတ်သွားတာ။ တဏှာကရှိနေတော့ "ရလေလိုလေ အို တစ္ဆေ" ဆိုတာလိုဖြစ်နေကြတယ်၊ တို့လောကက မိုက်တဲ့သား သမီးဆိုရင် မိဘတွေ့က မလိုချင်ကြဘူး။ လိမ္မာတဲ့သားသမီး မှ လိုချင်ကြတယ်။ ဝိသာခါကလဲ့ သူ့မြေးကလေးက လိမ္မာ တော့ လိုချင်မှာပဲ။ ဒီလို လိုချင်တာကလဲ့ တဏှာမှန်းမသိလို့ လိုချင်တာ။ မြတ်စွာဘုရားက ဟောလိုက်တော့မှ တဏှာမှန်း သိလို့ နောက်ဆုတ်သွားတာ။

တဏှာနည်းအောင် ကျင့်ကြံဆောင် သတ္တဝါတွေ့ဟာ တဏှာအရင်းခံပြီး ဖြစ်လာကြရတယ်။ ဒီတဏှာကိုလျှော့ အောင် မလုပ်ဘဲ တိုးပွားအောင် ထပ်

လုပ်နေကြတယ်။ တဏှာနည်းရင် ကောင်းတယ်။ တဏှာ သူ့ပုန်ဟာ တော်တော် ကြောက်စရာကောင်းတယ်။ကိုယ်က သူ့ကို အရင်ဦးအောင် တိုက်နိုင်မှကောင်းတယ်။ ဒီတဏှာ သူ့ပုန် ဝင်အစီးခံရရင် မသက်သာဘူး။တို့ ဒီတဏှာသူ့ပုန်ကို အပြုတ်တိုက်ကြရမယ်။ ဘယ်လိုတိုက်ကြမလဲ။ သီလနဲ့ တူတဲ့ ချပ်ဝတ်မိန်ညိုကို ဝတ်ဆင်ပြီး သမာဓိနဲ့ တူတဲ့ သန်လျက် စားကိုထုတ်ပြီး ဗီရိယအားနဲ့ ထိုးခုတ်သတ်နိုင်မှ ဒီတဏှာ သူ့ပုန်သေမယ်။ တို့သန္တာန်မှာ တဏှာနည်းလေ စိတ် ချမ်းသာလေပဲ။ဒါကြောင့် တဏှာနည်းအောင်ကျင့်ကြ၊ကြံကြ။

နွားချိုပမာ ထိုတဏှာ တို့တဏှာကအသက်ကြီးလာလို့ လျော့သွားမယ် မထင်နဲ့၊ အသက်ကြီးလေ တဏှာက တိုးပွားလေပဲ။ စာက ဘာလဲ....

၈စံ၀ သိုဏိနော သိုဏ်,
ဝစုမာနဿ ဝစုတိ၊
ဧဝံ ဗာလဿ ပေါသဿ,
သဒ္ဓမ္မံ အဝိဇာနတော၊
ဘိယ္ယော တဏှာ ပိပါသာစ,
ဝစုမာနဿ ဝစုတိ”

လို့ ဆိုတယ်မဟုတ်လား။ တို့နွားများဟာ ကြီးလေ ချိုရှည်လာလေပဲ။လူတွေလဲကြီးလေ တဏှာလောဘကြီးလာလေပဲ။

ဒီဘဝမှာ ကောင်းကောင်းလေး နေနိုင်မှ လာမယ့်ဘဝ တော်ကာကျပါတယ်။ ကဲ....ကောင်းကောင်းနေကြ၊ တရားနှလုံးသွင်းကြ၊ စကားတွေများပြီး အလဟဿ အချိန်တွေ ဖြုန်းမနေကြနဲ့။ ကဲ....သွားကြ။

ဓမ္မဗျူဟာ
အတွဲ (၁၈) အမှတ်(၇)
(၁၉၇၉၊ စက်တင်ဘာလ)

တဏှာတွင်ကျယ် သူခြယ်လှယ်

နေရာတိုင်းမှာ ဣတဏှာ ခွေးနှစ်ကောင် ကိုက်တာဟာ ကိုက်တုန်းတော့ ဒေါသပဲ။ အရင်းခံက ဘာလဲ၊ တဏှာ။ တဏှာကြောင့် ခွေးနှစ်ကောင် ကိုက်ကြတယ်။ ကိုက်တော့ ဒေါသဖြစ်တယ်။ လူနှစ်ယောက် ရိုက်ကြတာလဲ ရိုက်တုန်းက ဒေါသ၊ အရင်းခံက တဏှာကြောင့် ရိုက်နှက်ကြတာတွေပဲ။ တဏှာ လက်ထောက်ချနေတာ။ ရှင်ဘုရင်နှစ်ဦး တိုင်းပြည်လုတာကလဲ တဏှာကြောင့်၊ တို့နိုင်ငံမှာ မြင်းကွန်းမင်းသား၊ ကနောင်အိမ်ရှေ့မင်းသား နှစ်ပါး ရှိတယ်။ မြင်းကွန်း မင်းသားက မင်းတုန်းမင်းရဲ့သားအကြီး ဟုတ်ချင်မှဟုတ်မယ်၊ မင်းတုန်းမင်းကြီးရဲ့ ညီတော် ကနောင်မင်းသားက နန်းတွင်းမှာ သြဇာလွှမ်း ခြယ်လှယ်နေတော့ မြင်းကွန်းမင်းသားဟာ သူ့ဘဏ္ဍားကနောင်ကို လုပ်ကြံ သတ်ဖြတ်လိုက်တယ်။ ဒါဟာ အရင်းခံက တဏှာပဲ။

အမိုးမ်းလဲ ဒီတဏှာ မဟာဇနကဇာတ်မှာ မဟာဇနကရယ် ပေါလဇနကရယ်ရှိတယ်။ မဟာဇနကမင်းကို ဘေးကကုန်းတိုက်ကြတော့ ညီတော် ပေါလဇနက

ကို ထောင်ချတယ်။ ဒါဟာ သူ့ရဲ့နန်းစည်းစိမ်ကို ယူမှာကြောက်လို့၊ ဒီလိုဖြစ်ရတာဟာလဲ တဏှာကြောင့်ပဲ။ နောက်တော့ ညီတော်ကထောင်ကထွက်ပြေးပြီး စစ်သည်အင်အားစုရုံးတယ်။ ထီးနှန်းကိုပေးပါ။ မပေးရင် စီးချင်းတိုက်မယ်လို့ ကြေညာတယ်။ ဒါဟာလဲ သူကို့အရင်းခံက တဏှာပဲ။ ဘုန်းကြီးတွေ ကျောင်းလုတာကလဲ တဏှာပဲ။ ကျောင်းရတော့ ဆွမ်းရအောင် ကြိုးစားရတယ်။ ဒါဟာ တဏှာတွေပဲ၊ သူခိုးခိုးကြ၊ ဓားပြတိုက်ကြ၊ မုသားပြောကြတာတွေလဲ လောဘရဲ့ အခြေအမြစ်ဖြစ်တဲ့ တဏှာအရင်းခံတွေပဲ။ ကိုယ့်ပစ္စည်းမပေးချင်လို့ မုသား ပြောလိုက်ရတယ်။ ဒါဟာ တဏှာပဲ။ ခရီးသွားတဲ့အခါ အဖော်ပါသလို အမိုဝမ်းသွားတဲ့အခါမှာလဲ ဒီတဏှာ အဖော်ပါနေတယ်။

ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံး ကိုယ့်ကိုယ်ကိုချစ်ရင် တဏှာကို ပစ်ကြရမယ်။ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ နှယ်သားတစ်ယောက်က ဘုရားကို လာလျှောက်တယ်။ "နတ္ထိ ပုဗ္ဗသမံ ပေမံ" လောကမှာ မိမိသားကိုသာ မိမိအချစ်ဆုံးလို့နတ်ကလျှောက်တော့ မြတ်စွာဘုရားက "နတ္ထိ အတ္တသမံ ပေမံ" လို့ အမိန့်ရှိတယ်။ ဒီတော့နတ်က "ဟာ တယ်ဟုတ်ပါလား၊ လောကမှာ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးကိုတာ တယ်မှန်ပါလား" လို့ နတ်သား သဘောကျသွားတယ်။ ကိုယ့်ကိုယ်ကိုချစ်တာဟာ သူတကာနဲ့ တူပါ့မလား၊ မတူဘူး။ ပြီးတော့လဲ "ယံပိစ္ဆံ နု လဘတိ" ဆိုတာလို

ကိုယ်လိုချင်တာမရတော့ ဒုက္ခရောက်ပြီး စိတ်ဆင်းရဲရတယ်။ ဒီဒုက္ခကို ဘယ်သူကလာပေးသလဲ။ ဘယ်သူကမှလာပေးတာ မဟုတ်ဘူး။ ကုံတရားကြောင့်ဒီဝန္ဓာကြီးရလာ၊ ဖြစ်လာတာ။ ဒီဝန္ဓာကြီးရှိနေလို့သာ ဒီဒုက္ခတွေ ခံနေရတာ။

ဘာဝနာမှ နေ့စဉ်ပြု ဒါကြောင့် ကိုယ့်ကိုယ်ကိုချုပ်တတ်အောင် ချစ်တတ်ကြရမယ်။ ကိုယ့်ကိုယ်ကိုချစ်တယ်ဆိုတာ လူဆိုလဲမိမိတို့ သိလကို လုံခြုံအောင်စောင့်ထိန်းကြရတယ်။ ဘုန်းကြီး ရဟန်း သာမဏေတွေဆိုလဲ မိမိသိလကို လုံခြုံအောင် စောင့်ထိန်းကြရတယ်။ ဘာဝနာ တရားကိုလဲ လက်မလွှတ်ရဘူး။ မိမိရဲ့ ရုပ်ဝန္ဓာအပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကင်းပြီး ဆင်ခြင်သုံးသပ်ပေးရတယ်။

ဒုက္ခမှန်းသိလျက် မပယ်နိုင် ရှန်သူ တစ်ယောက်ဟာ သူတစ်ယောက်တည်းနေရင် ဒုက္ခပေးပါ့မလား၊ မပေးဘူး။ သူများဆိုသူး တိုက်ရိုက်ရတော့ ဒုက္ခတွေအများကြီးရတယ်။ ဒါတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်နေလို့ပဲ။ လူတွေဟာ ဒီအလုပ်ကိုလုပ်ရင် ဒုက္ခရောက်မယ်ဆိုတာသိတယ်။ သိလျက်နဲ့ မပယ်စွန့်နိုင်ကြဘူး။ ဒါဟာ အရင်းခံကဘာလဲ။ ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်နေလို့ပဲ။ ဒီအချစ်ဆုံးသာမရှိရင် ဒုက္ခတွေလဲမရှိတော့၊ မဖြစ်တော့ဘူး။ ကိုယ့်ကိုယ်ကိုချစ်ရင် ချစ်တတ်အောင်နေ

တရားအရသာ တရားတော်တွေက လိုက်စားလေ ကောင်းလေပဲ။ တရားတော်တွေကို စဉ်းစားနေရတာ စိတ်ချမ်းသာတယ်။ လောကအကြောင်းတွေတွေးနေရတာ သံဝေဂဖြစ်တယ်။ သံဝေဂဖြစ်မှလဲ တရားဘက်ကိုလိုက်ဖြစ်တယ်။ တရားဘက်ကလိုက်မှလဲ သူတော်ကောင်းတွေဖြစ်မယ်။ တရားကိုအာရုံပြုနေတော့ သမာဓိရလာတယ်။ သမာဓိရလာတော့ စိတ်ကတည်ကြည်လာတယ်။ စိတ်တည်ကြည်လာတော့ ဉာဏ်တွေကပွင့်လာတယ်။ ဘုရားပေါ်မှာယုံကြည်စိတ်ဟာ ပြင်းထန်လာတယ်။ တရားအပေါ်မှာလဲ ယုံကြည်စိတ်ဟာ ပြင်းတန်လာတယ်။ ဒီတော့ ပိုအားထုတ် လာတယ်။ အားလုတ်လေ စိတ်ချမ်းသာလေပဲ၊ စိတ်ချမ်းသာလေ တရားအရသာက ကောင်းလေပဲ။

ဘဝအမှိုကောင်းရှာ လောကမှာ အမှိုအခိုဆိုတာရှိရတယ်၊ တပည့်ဟာ ဆရာကို မှီခိုနေရတယ်၊ သားလမီးများဟာ မိဘများကို မှီခိုနေရတယ်။ ဒီအတိုင်းပဲ သံသရာသွားတဲ့အခါ တရားအမှိုအခိုရှိမှကောင်းတယ်။ ဘဝ အမှိုကောင်းရှာရတယ်။ ဘဝအမှိုကောင်းရှာဆိုတာ ဒီဘဝမှာ အမှိုကောင်းရှိမှလဲ နောင်လာမယ့်ဘဝမှာ အမှိုကောင်းမယ်။ ဒီဘဝမှာ အမှိုကောင်းဖို့က ပုဗ္ဗစရိုကောင်းခဲ့ဦးမှ ပုဗ္ဗစရိ ကောင်းပြန်သော်လဲ ဆရာအမှိုကောင်းရှိဦးမှဖြစ်တယ်။ ဆရာကောင်းနေပြန်တော့လဲ ထိုဆရာရဲ့တရား အကောင်းရဦးမှဖြစ်တယ်။ ကိုယ်ကလဲ ဆရာဆုံးမတဲ့အတိုင်

ကောင်းကောင်းနေဦးမှုဖြစ်တယ်။ ဒါမှ ဒီဘဝကော နောင်ဘဝပါအမှီကောင်းမယ်။

ကိုယ်ကျင့်တရား ကိုယ်ကျင့်တရားဟာ အလွန်အရေးကြီးပါတယ်။ လူတွေမှာ ကိုယ်ကျင့်တရားဟာ အရေးကြီးဆုံးပဲ။ လူတွေမှာမဟုတ်ဘူး။ တိုဘုန်းကြီးတွေလဲ အရေးကြီးတာပဲ။ သတ္တဝါတွေက ကိုယ်ကျင့်တရားကို ဘယ်ပြီး တန်ဖိုးမထားချင်ကြဘူး။ မလစ်နဲ့ လစ်ရင်ခိုးမယ်။ သောက်မယ်၊ စားမယ်၊ ဒီလိုယုတ်မာတဲ့စိတ်တွေကတယ်များကြတာပဲ။ ဒါတွေ ကြီးစိုးနေသမျှ လူမျိုးလဲ မကောင်းဘူး။ တိုင်းပြည်လဲမကောင်းဘူး။ ဘုန်းကြီးများ ဘက်ကကြည့်ရင်လဲ သာသနာလဲမကောင်းဘူး။ ဒါကြောင့် လူကလဲ လူ့သီလလုံအောင် ထိန်းလို့၊ ဘုန်းကြီးတွေကလဲ ကိုယ့်သီလကိုယ် လုံခြုံအောင် ထိန်းလို့ဆိုရင် ခုတဝေါနောက်ဘဝနှစ်ဘက်ကောင်း ကောင်းရတယ်။

ရှေးသူတော်ကောင်း တို့၏လမ်း ရှေးသူတော်ကောင်းတွေဟာ လွန်ခဲ့ပြီးတဲ့ အတိတ်ဘဝကလဲ လောဘ၊ ဒေါသတွေကို ပယ်ခဲ့တယ်။ နောက်လာမယ့် သူတော်ကောင်းတွေလဲ ပယ်ရဦးမှာပဲ။ ခုသူတော်ကောင်းတွေလဲ ပယ်ရမှာပဲ။ သူတော်ကောင်းကို စာနဲ့ချိန်ထိုးလို့မရဘူး၊ သူတော်ကောင်းတို့ရဲ့ သွားရာလမ်းဟာနိဗ္ဗာန်တစ်လမ်းပဲရှိတယ်။ သူတော်ကောင်းတွေရဲ့လမ်းကို ကိုယ်လိုက်နိုင်အောင် ကြိုးစားကြ၊ ကိုယ်နဲ့စပ်လာတဲ့ ကိုယ်တော်

လေးတွေကိုလဲ အနေအထိုင်၊ အစားအသောက်က အစပြုပြင်ပေးကြ၊ အဖိုတ်နေ့၊ ဥပုသ်နေ့တွေမှာ ခေါ်ခေါ်ပြီးသြဝါဒပေးကြ။

သူများသြဝါဒပေး ဆိုကာ ဦးဇနိတ ကျောင်းထိုင်တဲ့ရွာမှာ သူက ဒါယကာ၊ ဒါယိကာမတွေကို ကိုယ့်သားသမီးရှင်မပြုခင်ဖိုးသူတော်ဝတ်ထားဖို့ရာ သြဝါဒပေးသတဲ့။ လူတွေက မလိုက်နိုင်ကြဘူး။ ဒါနဲ့ စိတ်ပျက်ပြီး တောထွက်သွားသတဲ့။ သူများသြဝါဒပေးဆိုတာ အများလိုက်နာနိုင်အောင် ပေးရမယ်။ တို့မြတ်စွာဘုရားဟာ ဒါတွေ ကြည်ညိုစရာ ကောင်းတာပဲ။ မြတ်စွာဘုရားက ယောကျ်ားမှန်သမျှကို မိန်းမ မယူခဲ့ချင်ဘူး။ ယူတော့လဲ....

"ဥတော သဒ္ဓါ ဝဒညူ၀,
သညတာ ဓမ္မဇီဝိနော၊
တေ ဟောန္တိ ဇာနိပတယော,
အညမညဥ ပိယံ ဝဒါ" လို့ ဟောတော်မူတယ်။

"မိမိတို့ ဇနီးမောင်နှံရယ်လို့ ဖြစ်လာရင် နှစ်ယောက်လုံး သဒ္ဓါတရား တူမျှရတယ်၊ အသိဉာဏ်တူမျှရတယ်။ ကိုယ်ကျင့်သီလကောင်းရမယ်၊ တရားသဖြင့် ရောင်းဝယ်ဖောက်ကားစားသောက်ရမယ်။ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုရင်လဲ ချစ်ဖွယ်သော စကားကိုသာ ပြောရမယ်" လို့ ဟောလိုက်တယ်။ ဟော-တယ်လောက်ကောင်းလဲ၊ ဒါကြောင့် သူများ သြဝါဒပေးတယ်ဆိုတာ လိုက်နာနိုင်အောင် ပေးရတယ်။

သြဇာအာဏာ ပေးဆိုတာ သြဇာအာဏာပေးဆိုတာပေးတိုင်းကောင်းတာ မဟုတ်ဘူး။ ဦးအဂ္ဂ တံမြက်စည်းလှည်းသည် ခေါ်လာတယ်။ ဒါယကာကြီးကလဲ သံဃာကအတွက် မှာထားတယ်လို့ပြောတယ်။ ဦးအဂ္ဂကလဲ ခေါ်ပါဆိုလို့ ခေါ်ရတဲ့အကြောင်းပြောတယ်။ သူ့အပြစ်လဲ မဟုတ်ဘူး။ ဘုန်းကြီးမှာ တော်တော် စိတ်ရှုပ်သွားတယ်။ ဘုန်းကြီးမှာ တာဝရသြဇာကိုမသုံးပါဘူး။ ဒါယကာကြီးကိုလဲ စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။ ကိုယ်သာ စိတ်အရှုပ်ခံမယ်။ သူများကို သြဇာသိပ်မသုံးဘူး။ သြဇာသုံးလိုက်ရင် သူတို့မှာ စိတ်မကောင်းပေဘူး။ဒါကြောင့် သြဇာအာဏာသုံးတယ်ဆိုတာ နေရာတိုင်းသုံးလို့ ကောင်းတာ မဟုတ်ဘူး။

စိတ်ပြဒါးရှင် ဖမ်းနိုင်လျှင် ကိုရင်တို့ ကိုယ့်စိတ်ကို ဘာဝနာနဲ့ ထုံထားကြ၊လုံထဲမှာ ဓာတ်လုံးထည့်ပြီး ဖိုလိုးသလို ပေါ့၊ မီးဘယ်လောက်ရှိရင် ပြဒါးလုံးဟာ ဘယ်အထိတန်ခိုးထက်လာမယ်ဆိုတာ သိရသလို စိတ်တည်းဟူသော ပြဒါးလုံးလေးကို ဘာဝနာဖိုပေါ်တင်တိုးလိုက်ရင် စိတ်တန်ခိုး ဘယ်လောက်အထိ တက်လာမယ်ဆိုတာ ကြာတော့ သိလာရတာပဲ။စိတ်ပြဒါးလုံးကို ဖမ်းနိုင်ဖို့ရာ အရေးကြီးတယ်၊ ကဲ....တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ (၁၈)၊ အမှတ် (၉)
(၁၉၇၉၊ နိုဝင်ဘာလ)

ရှည်လာတဲ့ချိုကို ကတ်ကြေးနဲ့ကိုက်ပေးရသလို တို့တရှာ ဦးချိုကိုလဲ ဘာဝနာကတ်ကြေးနဲ့ကိုက်ပေးရမယ်။သူတော်ကောင်းတရားတွေကို မသိသမျှတော့ တရှာကတိုးနေဦးမှာပဲ။ စာထဲကတရားတွေကို မိမိတို့သန္တာန်ထဲရောက်အောင် လုပ်ကြ။ ကဲ....တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ
အတွဲ (၁၈)၊ အမှတ် (၈)
(၁၉၇၉၊အောက်တိုဘာလ)

စိတ်တန်ခိုး မြင့်တင်ရေး

တဏှာကြောင့် ဒုက္ခရောက် ဒီလေးလိုက်တဲ့ ခန္ဓာဝန်ထုပ် ဝန်ပိုးတွေ ဘာနဲ့ပဲ ဆက်သွယ်ကြည့်ကြည့် ဇာတိ၊ဇရာ ဗျာဓိမရဏဆိုတဲ့ တရားတွေနဲ့ပဲ ဆက်သွယ်ကြည့်ရမယ်။ တလောက ကလေးတစ်ယောက် ၂လရှိပြီ၊ တစ်ယောက်က သန္ဓေသားဘဝဖြစ်နဲ့ ကျန်နေတယ်။ကျန်နေတဲ့ ကလေးကို ခွဲထုတ်လိုက်တော့သရော။ တဏှာချုပ်သွားရင် ဘာမှရှိမှာမဟုတ်တော့ဘူး။ ဒုက္ခတွေခံနေရတာ ဒီတဏှာကြောင့် ခံနေရတာ။ ဒုက္ခသာမရှိရင် တဏှာက သာယာပါဦးမလား။ ဒုက္ခတွေ ငတ်တော်စိတ်ပျက်စရာကောင်းတယ်။ မစဉ်းစားပဲနေလို့မပြစ်ဘူး။ ဒီခန္ဓာဝန်ကြီးဟာ အမိဝမ်းထဲမှစပြီး သေတဲ့အထိ ဒုက္ခတွေခြုံရံနေတယ်။ ဒုက္ခတွေ ခံရတာ ဘယ်သူ့ကြောင့်လဲ၊ တဏှာကြောင့်။ တဏှာကုန်ခန်းတဲ့ရဟန္တာအရှင်မြတ်တွေဟာ နောက်ထပ်တဏှာဖြစ်စရာ လိုပါဦးတော့မလား၊ မလိုတော့ဘူး။

တဏှာလျှင်နှစ်ယောက်"တဏှာ ဒုတိယော ပုရိသော၊ ဒီဃ ရေမြောက်အဖော် မဒ္ဓါန သံသရံ" တဏှာလျှင်နှစ် ယောက်မြောက် အ ဖော် ရှိ သော

ယောကျ်ားသည် မှည့်လျားစွာသော နေ့ညဉ့်ပတ်လုံးဆင်းရဲရမယ်။ "ဣတ္ထဘာဝအညထာဘာဝ" ဆိုတဲ့အတိုင်းတဏှာ ကပါနေတော့ မသာယာပေဘူးလား၊ သာယာတယ်။မသာယာလို့ကော ဖြစ်ပါ့မလား။တဏှာသာမရှိရင် ဒီလောကကြီး ဘာမှကောင်းမှာ မဟုတ်တော့ဘူး၊ တဏှာ လျော့သွားရင် ကောင်းတယ်။ လျော့သွားတော့ နောက်ထပ်ဒုက္ခတွေမတိုးတော့ဘူး။ကိုရင်တို့ စကားသိပ်မပြောကြပါနဲ့။ စကားပြောနေရင် ဒီတရားတွေ ပေါ်လာမှာ မဟုတ်ဘူး။ သူတော်ကောင်း စိတ်ဟာ တန်ဖိုးရှိတယ်။

ရူပ်နာမ်သက်ရှိ အခု ဓမ္မာစာရိယကိုယ်တော်လေးတွေ ဘုန်းကြီးက သိလရှိလို့ယာထားတာ။ စာတတ်ပေမယ့် သူတော်ကောင်းမဟုတ်၊ သိက္ခာမရှိရင် မထားပါဘူး။ ကျွန်းမာရေးကိုလဲဂရုစိုက်ကြ။ တရားတွေက ကောင်းတယ်။မလိုက်စားလို့မဖြစ်ဘူး။ အမျိုးစုံအနေနဲ့တော့ လိုက်စားလာကြပြီ။စဉ်းစားကြ၊တဏှာပျောက်အောင်ကရူပ်နာမ်အဖြစ်အပျက်ကိုရှုလိုက်ရတယ်။အမိဝမ်းတွင်းမှာရူပ်ကလာပ်သုံးစည်း။ စိတ်၊ စေတသိက်၊ ဒါကိုဘာနဲ့ကြည့်ကြည့် မမြင်နိုင်ဘူး။ မမြင်တော့ ဘယ်ထင်လိမ့်မလဲ။ နောက် ၇ရက်လောက်ကြာတော့ အဟောင်းက စိတ္တဇကဏ ၁၇ ချက်ပျက်တော့ ခဏငယ်တစ်ချက်၊ရူပ်တွေကထပ်တိုးတယ်။တိုးတဲ့ရူပ်တွေကတည်း။ အရင်တိုးတဲ့ရူပ်တွေကပျက်။ နောက်တိုးတဲ့ရူပ်တွေကဖြစ်။ ဖြစ်ပျက် ဖြစ်ပျက်ပဲ့။ဖြစ်ဆဲပျက်ဆဲပဲ။အဲဒီလို

ဖြစ်ပြီး နောက် ၇ရက်လောက်ကြာတော့ အရည်ကြည်တည်တယ်။ နောက် ၇ရက်ကြာတော့ အမြှုပ် တည်တယ်။ ဒီရှုပ်နာပ်ဟာ ဘာဘစ်ခုမှ ခိုင်မြဲမှုမရှိဘူး။ ဒီလောကကြီးမှာရှုပ်နာမ်အပြင်ဘာမှမရှိပါဘူး၊ပုဂ္ဂိုလ်သတ္တဝါအိုတာလဲမရှိဘူး။

တရားရှာ ကိုရင်တို့တရားရှာတယ်။တရားရှာတယ်ဆိုတာ **ကိုယ်မှာတွေ့** တခြားသွားရှာနေရတာ မဟုတ်ဘူး။ ကိုယ့် ခန္ဓာကိုယ်မှာတရားတွေ့ ပြည့်နေတာပဲ။ခန္ဓာမှာတရားရှာရတယ်။ ကိုယ့်ခန္ဓာကို ဉာဏ်နဲ့စိုက်ကြည့်ရင် ရှုပ်နာမ်တွေဟာ နာရီ,မိနစ်,စက္ကန့်မစဲ့ တဖွဲ့ဖွဲ့ဖြစ်ပျက်နေတယ်။ ဥဒယဗ္ဗယဉာဏ် အမြင်သန့်မှ ကောင်းတယ်။

လူတွေကရိပ်သာသွား တရားအားထုတ်ကြ။ဘုန်းကြီးက မသွားရဘူးလို့ မဆိုပါဘူး။သွားရပါတယ်။ သွားပြီးတော့ စကားများနေတာကတော့ မကောင်းဘူး။တကယ်တရားကို မိမိရရအားထုတ်မှကောင်းတယ်။ခုတော့ တချို့နေရာတွေမှာ ကြားနေရတာက တယ်မကောင်းလှဘူး။ ဘုန်းကြီးကအပြစ်ပြောနေတာ မဟုတ်ပါဘူး။ တရားအားထုတ်တယ်ဆိုတာ လောဘ ဒေါသနည်းအောင်လို့ အားထုတ်တာ။ နည်းမှလဲ ကောင်းတယ်။ တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်နေတာကတော့ မကောင်းဘူး။ ဗုဒ္ဓရိပ်သာက ဒီလိုမဟုတ်ဘူး။ အေးချမ်းတယ်၊ ငြိမ်သက်တယ်၊မင်ဗိုလ်နိဗ္ဗာန်ကို ရစေနိုင်တယ်။ ဗုဒ္ဓရိပ်သာကို အကုန် လိုက်မမီတောင် လက်လှမ်းမီသမျှ လိုက်နိုင်အောင် ကြိုးစားရမယ်။

ဒါနစွမ်းအား ဆွမ်းတရား

သာသနာတွင်း ကုသိုလ် ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာတော့ ကုသိုလ်တွေ့ပြုစရာပြည့်နေတာပဲ။ အခု ဆွမ်းဒကာ **ဆွမ်းအစ်မ**များ စဉ်းစားကြည့်ကြ၊ဗုဒ္ဓမြတ်စွာသာသနာကောင်နဲ့ မတွေ့ရင် **အခု**လို သံဃာ့ကဒါနဆွမ်း ကုသိုလ်ပြုဖို့ဆိုတာ မလွယ်ပါဘူး။ သာသနာနဲ့တွေ့လို့ ဆွမ်းကုသိုလ် ပြုရတယ်၊ ကုသိုလ်တွေထဲမှာလဲ သာသနာတွင်းကုသိုလ်၊ သာသနာပ ကုသိုလ်နှစ်မျိုး ရှိတဲ့အနက်က သာသနာတွင်း ကုသိုလ်က **အကျိုးအား**သန်တယ်၊ ဗုဒ္ဓမြတ်စွာနဲ့တွေ့ရလို့ ယခုလို သံဃာ့ကဒါန ကုသိုလ်တွေ့ပြုရတယ်၊သာသနာနဲ့တွေ့တော့ ဆွမ်းကုသိုလ်ပြုကြတယ်၊သူများပြုတာမြင်တော့ ကိုယ်ကလဲ ပြုချင်လာတယ်၊ ဘုန်းကြီးက အကုန်အကျ နည်းနည်းနဲ့ ကုသိုလ်ရတာ သဘောကြတယ်။

ဒါနသည်ဘာကို တချို့ပိုက်ဆံတွေ့အကုန်အကျခံပြီးကုသိုလ် **အကျိုးပေးသလဲ** တွေ့ပြုကြတယ်၊ သိပ်ကုန်ပြီး ဘကျိုးမရ တော့ အလကားပဲ၊ တချို့ကုသိုလ်ပြုချင်

ကြတယ်၊ ဒါပေမယ့် မတတ်နိုင်ကြဘူး၊ မပြုနိုင်ကြဘူး။ ဒါနဟာ အကုန်သက်သာမှ ကောင်းတယ်၊ ဆွမ်းဒါယကာ ဒါယိကာမတွေ့ဒါနဟာ ဘာကိုအကျိုးပေးသလဲ တွေးကြည့်ပါ။ ကိုယ်နဲ့ကိုယ်ကြပ်ဆင်ထောက်ပြမယ်ဆိုရင် တွေးကြည့်ပါ။ သာမည်လေးတဲ့လို့ သတောမထား လိုက်ပါနဲ့၊ ဒါနဆိုတာ ကိုယ့်ရှိတဲ့ပစ္စည်းစွန့်ကြလိုက်တာပဲ၊ ကုသိုလ်မျိုးစေ့အကြဲခံရတဲ့ လယ်ယာမြေနဲ့တူတဲ့ အလှူခံတွေ့ကကောင်းနေမှလဲ အပင်ဟာပေါက်မယ်၊ လယ်ယာမြေမကောင်းရင် အပင်မပေါက်ဘူး၊ ယခုပြုတဲ့ ဒါနဟာ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန ဆိုတဲ့ အကျိုးငါးမျိုးကို ပေးတယ်၊ ဒီအကျိုးငါးမျိုးကို ရပါတယ်။

လယ်ယာမြေကောင်း မျိုးစေ့ချ ဒီအကျိုး ငါးမျိုးဟာ သာသနာ ပလဲရတယ်၊ သာသနာတွင်း လဲရတယ်၊ သာသနာတွင်းမှာ ဘုရားပါ နေတယ်။ ဘုရားရဲ့ ဝိနည်းတော်အဟိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်နေကြတဲ့ သံဃာတွေ့ပါနေတယ်၊ ပုဂ္ဂိုလ်တစ်ပါး နှစ်ပါးမဟုတ်ဘူး၊ သံဃာမှာ ပရိနိဗ္ဗာန်ဝင်စံသွားတဲ့ အရိယာသံဃာကြီးတွေ့ပါ ပါနေတယ်၊ ဘာပြုလို့လဲ၊ အသင်းအဖွဲ့ဖြစ်တဲ့ ဘုရားသားတော်အပေါင်း ပါနေတယ်၊ သံဃာ ကျောင်းတွေ့လှုတယ်၊ နေ နေ၊ မနေ နေ၊ ကျောင်းအလှလဲ သံဃာ ဒါနဖြစ်တာပဲ၊ အခုဆွမ်းလဲ ဒီလိုပဲ၊ "သံဃဿ

ဒေဒမ"၊ လယ်မြေကောင်း မျိုးစေ့ချလိုက်တာပဲ။ ဆိုစမ်း၊ အလှူခံမှာ လယ်ပမာ....

"အလှူခံမှာ, လယ်ပမာ၊ လှူရှာသူများ, လယ်သမား၊ အများလှူဖွယ်, မျိုးစေ့နှယ်, နောင်ဝယ် အသီးစား"။

ဘေး အလှူခံ ပုဂ္ဂိုလ်တွေ့ဟာ ဘာနဲ့တူသလဲ၊ လယ်ယာမြေနဲ့တူတယ်၊ အလှူမှင်ကဘာနဲ့ တူသလဲ၊ လယ်ယာလုပ်တဲ့ သူနဲ့တူတယ်၊ လှူဖွယ်ပစ္စည်းအစုနဲ့ စေတနာက မျိုးစေ့နဲ့တူတယ်။

ဘက်စုံ ကောင်းမှ တို့ လယ်ယာမြေက ပေါင်းမြေတွေ ရှုပ်နေ အကျိုး ပေးနိုင် ရင် အပင်တွေ့ဟာ ကြီးထွား နိုင်ပါ့ မလား၊ မကြီးထွားနိုင်ဘူး၊ တစ်ခါ လယ်ယာမြေ ကောင်းနေသော်လဲ မျိုးစေ့ကမကောင်းရင် အပင်ဟာ ကြီးထွားနိုင်ပါ့မလား၊ မကြီးထွားနိုင်ဘူး၊ မျိုးစေ့နဲ့ လယ်ယာမြေက ကောင်းနေသော်လဲ လယ်လုပ်သူက နားမလည်ရင်ကော အပင်ဟာ ကြီးထွားနိုင်ပါ့မလား၊ မကြီးထွားနိုင်ဘူး၊ ဒီတော့ကာ လယ်ယာမြေနဲ့ တူတဲ့အလှူခံပုဂ္ဂိုလ်တွေ့က ကောင်းရမယ်၊ လယ်ယာလုပ်သူနဲ့တူတဲ့ အလှူရှင်တွေ့ကလဲ လှူပုံ လှူနည်း နားလည်ရမယ်၊ မျိုးစေ့နဲ့တူတဲ့ စေတနာ ဝတ္ထုပစ္စည်းတွေ့ကလဲ သန့်ရှင်းစင်ကြယ်ရမယ်၊ ဒီလို ဘက်စုံ မှ အကျိုးပေးသန်နိုင်တယ်။

အစ်မကြီးဘဒ္ဒါနှင့် ကျမ်းဂန်တွေထဲမှာ ဒါနဲ့ ပတ်သက်လို့
ညီမ သုဘဒ္ဒါ တော်တော် ကျယ်ကျယ် ဝန်းဝန်း လာ
တယ်။ ဒီနေရာမှာသံဃိကဒါနနဲ့ ပုဂ္ဂလိက ဒါနအကျိုး
ပေး ကွာခြားပုံကို ဘုန်းကြီး နည်းနည်း ပြောချင်တယ်၊
ဟိုတုန်းက ရွာတစ်ရွာမှာ ဘဒ္ဒါနဲ့ သုဘဒ္ဒါ ဆိုတဲ့ညီအစ်မ
နှစ်ယောက် နေကြတယ်၊ အစ်မကြီးဖြစ်တဲ့ သူက အိမ်
ထောင်သည်ဘဝ ရောက်နေတယ်၊ ဒါပေမယ့် သူ့မှာ သား
သမီးက မထွန်းကားဘူး၊ ဒီတော့ အစ်မကြီးက စဉ်းစား
တယ်၊ "ငါတို့မရှိတဲ့နောက်မှာ ငါတို့ရဲ့ စီးပွားဥစ္စာတွေကို
အမွေဆက်ခံမည့်သူ ရှိမှာမဟုတ်ဘူး၊ မရှိရင် အားလုံးပျက်
စီးကုန်လိမ့်မယ်" လို့ စဉ်းစားကြံစည်ပြီး ညီမဖြစ်တဲ့ သုဘဒ္ဒါ
ကို သူ့ယောကျ်ားနဲ့ လက်ဆက်ပေးလိုက်တယ်၊ ပြီးတော့ သူ
ညီမကိုလဲ နေ့စဉ်မပြတ် ဆုံးမတယ်၊ ဆုံးမပုံကလေးက-

"ငါ့ညီမ ဒါနကိုပြုရတယ်၊သီလကိုဆောက်တည်ရတယ်၊
ဘာဝနာကိုပွားရတယ်" စသည်ဖြင့်ဆုံးမလိုက်တော့ ညီမဖြစ်
သူကလဲ အစ်မကြီးရဲ့ အဆုံးအမပေါ်မှာ တည်ပြီး နေ့စဉ်
အမြဲ ပြုလုပ်ဆောင်ရွက်တယ်၊ တစ်နေ့တော့ ညီမ ဖြစ်တဲ့
သုဘဒ္ဒါက ဆွမ်းကပ်ချင်တယ်၊ ဆွမ်းကပ်ချင်တဲ့အကြောင်း
ကိုလဲ သူ့အိမ်မှာ အမြဲထိုင်နေတဲ့ အရှင်ရေဝတကို လျှောက်
ထားတယ်၊ ဒီတော့ အရှင်ရေဝတက "သုဘဒ္ဒါ၊ သင်ဆွမ်း
ကပ်ချင်ရင် ပုဂ္ဂလိကမကပ်နဲ့၊သံဃိကကပ်၊ သံဃာကိုရည်မှန်း
ပြီးတော့ကပ်" လို့ အမိန့်ရှိလိုက်တယ်။

ညီအစ်မနှစ်ဦး အကျိုးပေးပုံထူး သုဘဒ္ဒါလဲ အရှင်ရေဝတ အမိန့်ရှိလိုက်တဲ့
အတိုင်း သံဃာ ရှစ်ပါးပင့်ပြီး ဆွမ်း
ကပ်တယ်။

"သံဃသ ဒေမ၊နိဗ္ဗာနပစ္စယော ဟောတု=သံဃာတော်
အား လှူပါ၏၊ နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ" လို့ ဒီလို
အာရုံပြုပြီးလှူလိုက်တယ်၊ ဒါနဲ့ သူတို့ စုတေသေလွန်တဲ့အခါ
ညီမဖြစ်သူက နိမ္မာနရတိနတ်ပြည်မှာ ဖြစ်တယ်၊ အစ်မကြီး
ဖြစ်သူက တာဝတိံသာနတ်ပြည်မှာသွားဖြစ်ရတယ်၊ညီမဖြစ်
သူက စဉ်းစားတယ်၊ "ငါဟာ ဒီစည်းစိမ် ချမ်းသာတွေကို
ဘယ်သူ့ အမှီပြုပြီး ရခဲ့တာပါလိမ့်မလဲ" လို့ စဉ်းစား လိုက်
တော့ အရှင်ရေဝတ အဆုံးအမကြောင့် ရတာပဲလို့ သူမြင်
တယ်၊ နောက်တစ်ခါ "ငါ့အစ်မကြီးများ ဘယ်ရောက်နေ
ပါလိမ့်မလဲ" လို့စဉ်းစားကြည့်လိုက်ပြန်တော့ တာဝတိံသာ
မှာ ဖြစ်နေတာကို မြင်ရပြန်တယ်။

အစ်မကြီးခမျာ အုံ့သြရှာ ဒါနဲ့ သုဘဒ္ဒါက သူ့အစ်မကြီးရှိရာ တာ
ဝတိံသာ နတ်ပြည်သို့ သွားတယ်၊ဘုံချင်း
က အလှန်ကွာခြား နေတော့ အရောင်
အဝါချင်းကလဲ အလှန်ကွာခြားနေတာပေါ့၊ အရောင်အဝါ
တွေတောက်နေတဲ့ နတ်သမီးကိုမြင်လိုက်တော့ တော်တော်
အုံ့သြသွားတယ်၊ ဒါနဲ့ အစ်မကြီးက မေးတယ်။

"သင်ဟာ ဘယ်ကပါလဲ၊ ငါတို့ရဲ့ ဘုံဌာနမှာ ဒီလို အရောင်တောက်ပတဲ့ နတ်သမီးကို တစ်ခါမှ မမြင်ဖူးပါဘူး၊ ဘယ်လိုအကြောင်းနဲ့များ လာခဲ့ပါသလဲ"

"ကျွန်မဟာ တစ်ခြားလူမဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ဘဝ တုန်းက သင်နဲ့ ညီအစ်မတော်ခဲ့ပါတယ်" စသည်ဖြင့် ပြောကြားလိုက်တော့ အစ်မကြီး ဖြစ်သူက–

"ဒီလိုဖြင့် သင့်မှာတော့ အထက်နတ်ပြည်မှာ ရောက်နေပြီး၊ ငါ့မှာတော့ ဘာကြောင့် အောက်နတ်ပြည်ရောက်နေရပါသလဲ"

ဒီလိုမေးလိုက်တော့ ညီမဖြစ်သူက....

"သာ ဒက္ခ ိဏာ သံဃဂတာ,
အပ္ပမေယ္ယဲ ပတိဋ္ဌိတာ၊
ပုဂ္ဂလေသု တယာ ဒိန္နံ၊
နံ တံ ဘဝ မဟပ္ဖလံ။"

"သံဃဂတာ-သံဃာအားရောက်သော။ ဝါ-သံဃာအား လှူသော။ သာ ဒက္ခ ိဏာ၊ ထိုအလှူသည်။ အပ္ပမေယ္ယဲ၊ မနှိုင်းဆပ် မနှိုင်းယှဉ်နိုင်သော အကျိုးဟု။ ပတိဋ္ဌိတာ၊ တည်၏။ တယာ၊ သင်အစ်မကြီးသည်။ ပုဂ္ဂလေသု၊ ပုဂ္ဂိုလ်တို့ဟု။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ ဘဝ၊ သင်အစ်မကြီး၏။ တံ၊ ထိုပုဂ္ဂိုလ်ဟု ပေးလှူအပ်သော အလှူသည်။ နံ မဟပ္ဖလံ၊ ကြီးကျယ်ဖွံ့ဖြိုးများမြတ်သောအကျိုး မရှိနိုင်။"

သံဃ ိကဒါနနှင့် ပုဂ္ဂလိကဒါန

"သင်အစ်မကြီးက သံဃာကို ရည်မှန်းပြီး တော့မှ မလှူပဲသဲ့၊ ပုဂ္ဂိုလ်ကို ရည်မှန်းပြီး လှူဒါန်းတော့ ဘယ်မှာလာပြီး အကျိုးကြီးနိုင်ပါတော့မလဲ"

"အမလေး ညီပရုယ်၊ အစ်ပလဲ စောစောကသာ ဒီလို သိရရင် လှူတာပေါ့" စသည်ဖြင့် ပြောကြတယ်၊ ဒါ သံဃ ကဒါနနဲ့ ပုဂ္ဂလိကဒါနကွာခြားပုံကို ပြောကြခြင်းဖြစ်တယ်။ ဒီလို လှူ ဘဝ နတ်ဘဝတွေကို ရုတောင်းရမယ်လို့ မဆိုပါဘူး။ ဒါကိုဆွမ်းဒါယကာ ဆွမ်းအစ်မတွေကသိထားကြပါ။

အသက်ကို ပေးလှူရာရောက်

ခုလို သံဃာများ ဆွမ်းကပ်တော့ ဆွမ်းကို ဘုဉ်းပေးကြတဲ့ သံဃာများမှာ အသက်ရှည်တယ်။ ဘာပြုလို့လဲ၊ ၇-ရက်လောက်များ ဆွမ်းမစားရရင် ဒီသံဃာတွေ ပျော့ခွေ နုံးချည်ပြီး အားအင်ပြတ်မတ်တတ်ကလဲ သေပဲ့ဝင်ရမယ်။ ခုတော့ ဒီဆွမ်းကို ဘုဉ်းပေးလိုက်ရလို့ အသက်ရှည်တယ်။ စာပေကျမ်းဂန်များ သင်အံလေ့လာနိုင်တယ်။ သမထဝိပဿနာတရားများ အားတုတ်နိုင်ကြတယ်။ ဒါကြောင့် ဆွမ်းလှူတဲ့ ဒါယကာ၊ ဒါယိကာမတွေဟာ အသက်ကိုလဲပေးလှူသည် မည်တယ်လို့ ဘုရားဟောခဲ့တယ်။

အဆင်းကိုလဲ လှူရာရောက်

ဒါတင်လား ဆို တော့ မဟုတ်သေးဘူး။ အဆင်းကိုလဲ ပေးလှူသည်မည်တယ်။ ဘယ်လို ပေးလှူရာရောက်လဲ။ ဒီသံဃာတွေ ဆွမ်းကိုမှ

မဘုဉ်းပေးရရင် မျက်နှာတွေ ဘယ်လိုဖြစ်နေမလဲ။ ဆွမ်းဒါယကာ၊ ဆွမ်းအစ်မတွေ တွေ့ကြည့်ကြ၊ မျက်နှာတွေ ရှုံ့တွနေမယ်။ မကြည်မလင်ဖြစ်နေမယ်။ ဆွမ်းဘုဉ်းပေးလိုက်တဲ့အခါ မျက်နှာတွေ ကြည်လင်လာမယ်။ ဆွမ်းလှူတဲ့ ဒါယကာ၊ ဒါယိကာမမျိုးမှာလဲ ဒီအကျိုးတွေ မုချခံစားရမယ်။

ချမ်းသာကိုလဲ လှူရာရောက် နောက်တစ်ခုက ချမ်းသာကိုလဲပေးလှူသည် မည်တယ်။ ဘယ်လိုပေးလှူသလဲ၊ ဆွမ်းမစားရတော့ ဆင်းရဲတယ်။ ကလေးတွေမျိုးဆိုဝိုလိုက်တာ ကျူကျူပါလို့၊ သံဃာတွေလဲ ဆွမ်းမစားရရင် ကိုယ်တွေပိန်ချုံးပြီး စိတ်တွေ မချမ်းမသာ ဖြစ်ကြရမယ်၊ ဒီဆွမ်းဘုဉ်းပေးလိုက်ရတော့ ကိုယ်လဲ ချမ်းသာ၊ စိတ်လဲ ချမ်းသာဖြစ်ကြရတယ်။ ဒါ့ကြောင့် ချမ်းသာကိုလဲပေးလှူရာရောက်တယ်။

ခွန်အားကို ပေးလှူရာရောက် လူတွေမှာ ခွန်အားဗလ မရှိရင် ဘာကိုမှ မလုပ်နိုင်သလိုပဲ၊ ဒီသံဃာတွေမှာလဲ ဆွမ်းမှ ဘုဉ်းမပေးရရင် ခွန်အားဗလတွေ ဆုတ်ယုတ်ကုန်မှာပဲ၊ ခွန်အားမရှိရင် သာသနာ့တာဝန်ကိုမထမ်းဆောင်နိုင်ဘူး။ စာပေပရိယတ်ကို မကြိုးစားနိုင်ဘူး။ ဒီဆွမ်းစားရတော့ ခွန်အားရှိလာတယ်။ ခွန်အားရှိလာရင် သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်တယ်။ ဒါ့ကြောင့် ခွန်အားကိုလဲ ပေးလှူရာရောက်တယ်။

ပညာကိုလဲ ပေးလှူရာရောက် ပြီးတော့ ပညာကိုလဲ ပေးလှူရာရောက်သည် မည်တယ်။ ဘယ်လိုပေးလှူရာ ရောက်သလဲ၊ ဘောဇဉ်အာဟာရမမျှတတဲ့နေရာတစ်ခုမှာ တရားအားထုတ်ရင် တရားမှရနိုင်တဲ့ အကြောင်း ကျမ်းဂန်တွေထဲမှာပါတယ်။ ဒါ့ကြောင့် ဆွမ်းမဘုဉ်းပေးရရင် ကိုယ်စိတ်မချမ်းသာဘူး။ ကိုယ်စိတ်မချမ်းသာရင် ဉာဏ်တွေပွင့်မလာနိုင်ဘူး။ ဉာဏ်မပွင့်ရင် စာပေကျမ်းဂန် သင်အံ့လေ့လာလို့မဖြစ်နိုင်ဘူး။ သမထ ဝိပဿနာတရားတွေကို ပွားများအားထုတ်လို့မဖြစ်ဘူး။ ဆွမ်းစားရတော့ ကိုယ်စိတ်ချမ်းသာတယ်။ ကိုယ်စိတ်ချမ်းသာတော့ ဉာဏ်တွေ ပွင့်လာနိုင်တယ်။ ဉာဏ်ပွင့်လာတော့ သာသနာနဲ့ဆိုင်တဲ့အလုပ်တွေကို ကြိုးစားအားထုတ်နိုင်တယ်။ ဒါ့ကြောင့် ဉာဏ်ပညာကို ပေးလှူရာရောက်တယ်လို့ ဆိုရတယ်။

ဒါနပြုသူများ စဉ်းစားစရာ ဒါ့ကြောင့် ဆွမ်းဒါယကာ ဆွမ်းအစ်မတွေက စဉ်းစားကြ၊ အလှူဒါန အကြီးအကျယ်တွေဟာစာထဲမှာမပါဘူး။ ဝေဿန္တရာ ပါရမီဖြည့်စဉ်ကသာရှိခဲ့တယ်။ ဒါလဲသာသနာပအခါ မှာသာရှိတယ်။ သာသနာတွင်းရောက်တဲ့အခါ တန်ဖိုးရှိရှိနဲ့ တတ်သိနားလည်ရင် တစ်ရာကျပ်ကုန်မယ့်ဌေဟာ ငါးဆယ်ကျပ်လောက်ပဲ ကုန်မယ်။ ခုခေတ်ဒါနတွေက ဝါကြွားပလွားမှုတွေများနေကြတယ်။ ဘုန်းကြီးက ဝန်တိုမစ္ဆေရစိတ်ရှိလို့ ပြောနေတာမဟုတ်ဘူး။ ကုန်ရင်လဲ အကျိုးရှိရှိနဲ့

ကုန်စေချင်တယ်။ ဘာမဟုတ်တဲ့ နေရာတွေမှာ ငွေတွေ ကုန်
နေတာကတော့ မကောင်းဘူး။

ဘုရားပွဲများ ပြုပြင်စရာ ခုခေတ်ဘုရားပွဲတွေ လောင်တော် ဝမ်းနည်း
စရာကောင်းတယ်။ သံဃာပင့် ဆွမ်းလောင်း
တာက နည်းနည်း၊ ဇာတ်တွေ, အင်ြိမ့်တွေ
ဌားပြီး ပျော်ပါးနေကြတာကများတယ်။ ဘုရား ကို
အကြောင်းပြုပြီး ဖြစ်တဲ့ပွဲမို့ ဘုရားပွဲတဲ့။ ဟုတ်တယ်။ တို့
မြတ်စွာဘုရားက မင်းသား၊ မင်းသမီးတွေက,တာကို ကြည့်
ပါ့မလားကွယ်။ မကြည့်ပါဘူး။ သူတို့ ပြက်လုံးတွေကိုလဲ
ဘုရားကသတောကျလို့တဟဲဟဲရယ်နေပါ့မလားကွယ်။မရယ်
ပါဘူး။ ပြီးတော့ ဘုရားဆွမ်းတော်ပွဲတင်သတဲ့၊ သံကောင်
လုံးကြော်၊ ကြက်ကောင်လုံးကြော်တွေနဲ့၊ ဟုတ်တယ်။ တို့
မြတ်စွာဘုရားက ဒါတွေကို နှစ်သက်တော်မူပါ့မလား၊မနှစ်
သက်ပါဘူး။ဘုန်းကြီးက နည်းမှန်လမ်းမှန်ဖြစ်စေချင်တယ်။

ဘုန်းကြီးက ဘုရားကိုဆွမ်းတော်တင်တယ်ဆိုရင်လဲ တင်
ပါ၊ တင်ရပါတယ်။ ဒါပေမယ့် အကျိုးရှိစေချင်တယ်။ ဒီလို
အကျိုးများစေချင်လို့ ဒီဘုရားပွဲကို ပြင်ပါလို့ဆိုတာကို သူတို့
က "ဦးဇနက ကွန်မြူနစ်၊ ဦးဇနက ကွန်မြူနစ်"လို့ ပြော
ကြတယ်။ ဘုရားပွဲတွေကိုလဲ တစ်ရွာမှာတစ်ဆူပဲ ထားပါလို့
ပြောတယ်။ ဘုန်းကြီးကျောင်းတွေကိုလဲ တစ်ရွာမှာတစ်
ကျောင်းပဲ ထားပါလို့ ပြောတယ်။ ဒါကိုလဲ "ဦးဇနက ကွန်
မြူနစ်၊ဦးဇနက ကွန်မြူနစ်"တဲ့၊ ဘုန်းကြီးက "ပြောကြ

ပေါ့၊ ပြောချင်တာ ပြောကြပါစေ။တစ်နေ့ကျတော့ ဇာတ်
ရည်လည်လာပါလိမ့်မယ်" လို့ဆိုပြီး သည်းခံနေခဲ့တာပဲ။
ဘုန်းကြီးက တောလုံးပဲ၊ တောလုံးဟာ ပေါက်လေတက်
လေ မဟုတ်လားဟေ့၊ ဘုန်းကြီးကိုလည်း ဘေးက ဝိုင်း
ပြောကြတယ်လေ၊ ဘုန်းကြီးကော့ ပြောလေတက်လေပါ
ပဲ။ ကဲ....ကိုရင်တို့ ကောင်းအောင်နေကြ၊ သာသနာကိုပြု
တတ်အောင် ပြုကြ၊ နည်းမှန်လမ်းမှန်ဖြစ်အောင် ကြိုးစား
ကြ၊ သံသရာ ကိုယ့်လမ်းနဲ့ကိုယ် ဘွားကြရမှာ၊ တော်ပြီ၊
ကဲ... သွားကြတော့။

ဧပပွဲ့ကဗျာ

အတွဲ(၁၈)၊ အမှတ်(၁၀)

(၁၉၇၉၊ ဒီဇင်ဘာလ)

အတုမဲ့ရတနာ

အတုမရှိတိုင်း ရတနာဆိုလျှင် ရတနာဟာ လောကီရတနာ လောကုတ္တရာ ရတနာလို့ နှစ်မျိုးရှိပါတယ်။ ရတနာဟာ ဥစ္စာရှင်တွေကိုနှစ်သက်ပါစေတယ်၊ဥစ္စာရှင် မဟုတ်သူတွေအတွက်တော့အကုသိုလ်လောဘဖြစ်ကြရတယ်၊ လောကီရတနာတွေဟာသတ္တဝါတို့ရဲ့စိတ်ကိုဆွဲဆောင်မှုအားကောင်းတယ်၊ဒီလောကီရတနာတွေက လူတို့အတွက်ဆိုးကျိုးကောင်းကျိုးနှစ်မျိုးကို ပေးတယ်၊ ရတနာရှင်တွေဟာ မိမိရတနာမိမိကြည့်ပြီး နှစ်သက်မှုလောဘတွေဖြစ်နေရတယ်၊ ဒီလောဘနဲ့သေသွားကြည့်ပါလား၊ပြိတ္တာဖြစ်မှာတော့ ကျိန်းသေတယ်။ဒီရတနာတွေအမှီပြုပြီး လောကမကောင်းကျိုးကိုလဲ ခံစားကြရတယ်၊ လောကီ ရတနာတွေဟာ တန်ဖိုးရှိပါတယ်၊ ဒါပေမယ့် ဗုဒ္ဓရတနာကို မတုန့်ပြန်ပါဘူး၊ဗုဒ္ဓရတနာကို တုန့်ပြန်တဲ့ ရတနာဟာ နိုင်ငံမှာလည်း မရှိဘူး၊ ကမ္ဘာမှာလည်း မရှိဘူး၊ အတုမရှိတိုင်းသာ ရတနာလို့ ဆိုရရင် ဗုဒ္ဓရတနာကို တုန့်ပြန်တဲ့ ရတနာကို ရှာမတွေ့သေးပါဘူး။

ရတနာအကျိုးပေးခြင်း ကွာခြားပုံ ဘုန်းကံရှင်များသာဖြစ်တယ်၊ ဘုန်း

ကံမရှိတဲ့ အောက်တန်းစား အလယ်တန်းစား၊ အတော်အတန် အထက်တန်းစား ပုဂ္ဂိုလ်များ မပန်ဆင်နိုင်ဘူး၊ လောကီရတနာကို ပန်ဆင်နိုင်တဲ့ ဘုန်းကံရှင် တွေဟာ နှစ်နှစ်သက်သက် စွဲစွဲလမ်းလမ်း အားပါးတရ သုံးဆောင်ကြတယ်၊ ရတနာပုံအလယ်မှာ လောဘတွေတက်ပြီး တရားလက်လွတ်ဖြစ်ကုန်ကြရတယ်၊ သတိလက်လွတ် ဖြစ်ကုန်ကြရတယ်၊ ဒီလောကီရတနာတွေရဲ့ အကျိုးပေးက ပစ္စက္ခဖြစ်တဲ့ မျက်မှောက်ဘဝမှာသာ အကျိုးပေးနိုင်တယ်၊ လောကုတ္တရာ ရတနာကတော့ မျက်မှောက် ဘဝမှာရော တမလွန်ဘဝမှာပါ အကျိုးပေးနိုင်တယ်၊နောက်ဆုံး နိဗ္ဗာန်ထိအောင် အကျိုးပေးနိုင်ပါတယ်၊ ရတနာချင်း အကျိုးပေးက ဒါလောက်ထိအောင် ကွာခြားလှပါတယ်။

စကြာရတနာ ပေါ်လာမည့်နေ့ လူတွေက စိန်ရွှေငွေကျောက်သံပတ္တမြားကိုမှ "ရတနာ" လို့ထင်နေကြတယ်၊အမှန်ကတော့ ရတနာ(၇)မျိုးရှိတဲ့ အနက်က စကြာဟာလဲ ရတနာထဲမှာ အပါအဝင်တစ်ခုပါပဲ၊စကြာဆိုတာ လည်စေတတ်တယ်လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီ စကြာရတနာပေါ်မည့်နေ့ဟာ လပြည့်နေ့ဖြစ်ရမယ်၊စကြာရတနာရှင် ဖြစ်မည့်ပုဂ္ဂိုလ်ကလဲ သာမည လူတို့နေ့ထိုင်ပုံမျိုးကိုမနေရဘူး၊ စကြာပေါ်မည့် လပြည့်နေ့မှာပဲ သီလများကို အထူးစောင့်ထိန်းပြီးမေတ္တာဘာဝနာကိုပွားများနေရတယ်၊စကြာရတနာ ပေါ်တော့မယ်ဆိုရင် ၁၂-ယူဇနာလောက်က ကြား

ကြရတယ်၊ သူ့ရဲ့အဆင်းကိုလဲ ၁၂-ယူဇနာလောက်က မြင်ကြရတယ်။

စကြာပေါ်သောနေ့ လူကိုဖြစ်ပုံ စကြာရတနာဟာ လပြည့်နေ့ လဆုတ်တာနဲ့တပြိုင်နက် လနဲ့အကူ ထွက်ပေါ်လာတယ်၊ အဲဒီအခါ လူတွေဟာ အုတ်အုတ် ကျက်ကျက်နဲ့ အောက်ဟစ်ဆူညံပြီး "ဟာ လမင်းကြီး နှစ်စင်းထွက်လာတယ်၊ ကြည့်ကြစမ်း" နဲ့ပြောဆိုကြတယ်၊ လမင်းကြီးကလဲ သူ့သွားမယ့်လမ်းအတိုင်းသွားတယ်၊ စကြာရတနာကလဲ မြို့ဘောက်နန်းမလောင်ဘက်သို့ ထွက်ခွာလာတယ်၊ အဲဒီအခါကျမှ လူတွေရဲ့ စိတ်တွေလဲ ငြိမ်သက် တည်ငြိမ်လာပြီး တမျိုးအမည်ဖြစ်ကြမှုပြန်တယ်၊ "လမဟုတ်ဘူးဟေ့ စကြာရတနာကြီးကွ၊ တို့နန်းတော်ဘက်ကိုလာနေတာကြည့်ကြစမ်း ကြည့်ကြစမ်း၊ တို့မင်းတရား တရားဟောင့်တယ်" စသည်ဖြင့် ပြောဆိုနေကြတုန်းမှာပဲ စကြာရတနာကြီးဟာ မမြင့်လွန်း မနိမ့်လွန်းပဲ နန်းတော်ရဲ့အရှေ့ တံခါးပေါက်မှာ ဝင်ရိုးစွန်းနဲ့ထိပြီး ရပ်သွားတယ်၊ လူတွေလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်။

စကြာမင်း၏ သြဝါဒ စကြာရတနာ ဆိုက်ရောက်လာတဲ့အတွက် လူတွေဟာ မင်းတရားကြီးအပေါ် မျှားစွာ ယုံကြည်ကြတယ်။ ကြည်ညိုလေးစားအားထားကြတယ်၊ စကြာရတနာဟာ ဘုရင်မင်းမြတ်စီးနှင်လောက်တဲ့ နေရာလဲ ရောက်ကရော၊ ဘုရင်မင်းမြတ်က "အရှင်စကြာ

ရတနာ လည်တော်မူပါ" လို့ ဘုရင်မင်းမြတ်ကိုယ်တိုင် လေးစားရိုသေရတယ်၊ စကြာရတနာ လှည့်လည်တဲ့အခါ ၁၂-ယူဇနာ အကွာင်းရှိလူမျှားအကုန်ပါနိုင်ပါတယ်၊ သတ္တဝါတစ်ဦးနဲ့တစ်ဦး ကံတရားချင်းတွေ့မတူနိုင်ကြဘူး၊ ဘုန်းကြီးသူရှိတယ်ဘုန်းနည်းသူရှိတယ်၊ ပညာကြီးသူရှိတယ်၊ ပညာနည်းသူရှိတယ်၊ ဆင်းရဲသူရှိတယ်၊ ချမ်းသာသူရှိတယ်။ လူတွေကတော့ ကံတရားမှဲ့အကျိုးပေးကို နှားမလည်ဘူး၊ အလုပ်မလုပ်ချင်ကြဘူး၊ ခေတ်နှင့်လျော်စွာ စကြာမင်း ရောက်ကဲ့ဘိုင်းပြည်မှာ ရန်သူမရှိဘူး၊ စကြာမင်းက ပါဏာ နှ ဟန္တမ္ဘော-သူ့အသက်မသတ်ကြနှင့်၊ သူ့ဥစ္စာမခိုးကြနှင့်၊ သူ့တစ်ပါး သားမယားမပြစ်မှားမစော်ကားကြနှင့်၊ လိမ်လည်းပြောကြနှင့်၊ သေရည်သေရက် မသောက်စားကြနှင့်၊ ကောက်ယူမြဲတိုင်းသောအခွန် အကုပ် တွေကိုသာ ကောက်ယူကြ" လို့ သြဝါဒပေးတယ်။

ဤသြဝါဒ တစ်ကမ္ဘာလုံး လိုက်နိုင်ကြရင် ကဲ ဘယ်လောက်ကောင်းတဲ့ သြဝါဒလဲ။ ဒီလို စကြာမင်းက ဆုံးမသွားဟော့ တိုင်းသူပြည်သားတွေကလဲ လိုက်နာကြတယ်။ မင်းတရားကြီးရဲ့ သြဝါဒကို ရိုသေကျိုးနွံစွာ ခံယူကြတယ်။ တိုင်းပြည်အသီးသီးမှာလဲ ဘာသောရန်အန္တရာယ်မှ ဖြစ်ပေါ်မလာဘူး။ စကြာမင်းကြီးရဲ့ အဆုံးအမ ဟာဘာမှခက်ခဲတာမဟုတ်ပါဘူး။ ငါးပါးသီလပဲ။ ဒီငါးပါးသီလလုံခြုံရင် တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည်လက်နက်မျိုးစုံနဲ့ စစ်ခင်းနေစရာလဲ မလိုတော့ဘူး၊ ခိုးစရာလဲမလိုတော့ဘူး၊

ခု ဒီသြဝါဒမလိုက်နိုင်ကြလို့ ရုံးတွေ, ထောင်တွေ, ဂတ်တွေ, အချုပ်တွေထားနေကြရတယ်။ ဒီသြဝါဒအတိုင်းသာဆိုရင် လေ ငြိမ်းချမ်းတဲ့ကမ္ဘာကြီး ဖြစ်နေမှာ မလွဲဘူး။

စကြာမင်းကို လူများ ပူဇော်ကြပုံ

စကြာမင်းမပေါ်ခင်တုန်းကလူတွေဟာ မိမိတို့ ရိုးရာအတိုင်း နတ်များကို ပူဇော် ပသကြတယ်။ ရိုသေလေးစား မြတ်နိုးကြတယ်။ စကြာမင်းပေါ်လာတော့ နတ်တွေ ပူဇော်မယ် ပန်းဆိမ်းတွေကိုယူပြီး စကြာမင်းကို ပူဇော်ကြတယ်။ နတ်ကို ပူဇော်နေရာက စကြာရတနာဘက် ပြောင်းသွားကြတယ်။ လောကလူတွေဟာ သာရာကိုလိုက်တယ်ဆိုဟာ သိပ်ထင်ရှားတာပဲ။ဘယ်အနား ဘယ်ပုဂ္ဂိုလ်က ဘာတွဲ့ဆိုရင် သူတို့ရောက်ပြီးကြပြီ။ဒီပုဂ္ဂိုလ်ဆီက တစ်စုံတစ်ရာရလိုရငြားမျှော်လင့်ချက်အာသာလေးနဲ့သွားကြကာပဲ။ပြီးတော့စကြာရတနာတို့ မည်သည်မှာ နှစ်ပေါင်း (၁၀၀) ဒီဘက်မှာ မပေါ်ဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ အကုသိုလ်တရားတွေက ကြီးမားနေလို့ပဲ။

စကြာမင်းကြီး ဆင်ပျံစီးလို့

စကြာရတနာ ပေါ်လာပြီး ဆင်ပျံတော်ရတနာပေါ်လာရတယ်။အဲဒီဆင်ပျံတော်ဟာ ဆွတ်ဆွတ်ဖြူသော ကိုယ်, နီသော ခြေထောက်ရှိတယ်။ ဌာနပေါင်း ၇-ခုရှိတယ်။ ခြေထောက်လေးချောင်း၊ လေးဌာန၊ နှာခေါင်း တစ်ဌာန၊ အမြီးတစ်ဌာန၊ သို့ တစ်ဌာန၊ ဒါတွေဟာ ဆင်ပျံတော်ရတနာရဲ့

ဦးဏှောတို့က မဟေးဖို့ရာတားမြစ်ကြ၊ စာအုပ်တွေကိုလဲ့ မကြာခဏ ပြန်စစ်ပေးကြပါ၊ တချို့က စာအုပ်ကို ရောင်းစားကြတယ်၊ သံဃာ့ပစ္စည်းဆိုတာ ကိုယ့်ပစ္စည်းထက် ရိုရိုသေသေကိုင်ရတယ်၊ ဒါကို ကြပ်ကြပ်သတိထားကြ။

ကုသိုလ်မယူ ဝေဒနာ

လူတွေဟာ ကုသိုလ်ယူရမယ့်နေရာမှာ ဝေဒနာကြတယ်၊ ဘုရားပွင့်လာတော့ လူကောင်းတွေ အဖွဲ့မှာ ကုသိုလ်များတယ်၊ မကောင်းတဲ့ လူတွေအဖွဲ့မှာ အကုသိုလ်များတယ်။ တို့ဘုရား ပွင့်လာတော့ တိတ္ထိတွေအဖွဲ့မှာ အကုသိုလ်မများပေဘူးလား၊ မာဂဏ္ဍိတို့မိသားစု ကြည့်ပါလား၊ မြတ်စွာဘုရားက ပုဏ္ဏားကြီး ဇနိုးမောင်နှံကို ဘာပြောသလဲ၊ ''ငါဘုရားဟာ ပာရိနတ်သားရဲ့ သမီးတော်များဖြစ်ကြတဲ့ တဏှာအရတိ ရာဂါတို့အပေါ်မှာ တောင် ဘာမှ မဖြစ်ပါဘဲနဲ့ သင့်သမီးလို ကျင်ကြီးကျင်ငယ်တွေ ပြည့်နေတဲ့ မာဂဏ္ဍိကို ငါဘုရားက ခြေဖျားနဲ့တောင် မတို့လိုဘူး'' လို့ ဒီလိုပြောလိုက်တော့ မာဂဏ္ဍိဟာ ဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့ပြီး တိတ္ထိတွေကို အဆဲခိုင်းတာပဲ မဟုတ်လား၊ သူတို့မှာ ကုသိုလ်မရှိတဲ့ ဝေဒနာပေါ့။

ယူတတ်တော့ တရား

မာဂဏ္ဍိရဲ့ အဖေ အမေတို့ကျတော့ ဘုရားတရားတော်ကို ကြားရတယ်ဆိုယင်ပဲ အနာဂါမ်တွေ ဖြစ်ကုန်ကြတယ်။တချို့မှာ ဘုရားအသံကြားရတော့ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်ကြရတယ်။

ဒါ့ကြောင့် ကိုရင်တို့ တရားကို ယူတတ်အောင် ယူတတ်ကြရတယ်။ ဘုရားပွင့်လာတာဟာ ဝဋ်အတွက် ပွင့်လာတာပဲလို့ သိထားကြ။ ဘုရားသာသနာနဲ့ တွေ့တုန်း အချိန်အခါမှာ တွေ့ရကျိုးနပ်အောင် နေကြ ထိုင်ကြ။ သာသနာနဲ့ တွေ့တဲ့ အခါမှာ ငရဲမရကြစေနဲ့။ နောင် သာသနာနဲ့ ပြန်တွေ့ဖို့ ဆိုတာ မလွယ်ဘူး။ ဒီတစ်ခါ သာသနာနဲ့လွဲသွားယင် ကိုရင်တို့ မလွယ်တော့ဘူး။

တဏှာကျေးကျွန် ဒီလောကကြီးဟာ အလကားပဲ။ ခန္ဓာဝန် မကောင်းတော့ ဒီ့ပြင် ဟာတွေလဲ မကောင်းတော့ဘူး။ အေး-တို့ ဒါတွေကို တွေးရ ကြံရမယ်။ မတွေးတော့ တဏှာလောဘ ဖြစ်လာမယ်။ သတ္တဝါတွေဟာ တဏှာစေခိုင်းရာကို သွားနေရတာ။ တဏှာဟာ တကယ်တော့ ဘယ်သူ့မှ ချမ်းသာမပေးဘူး။

နိုင်ငံမှာ ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေကိုလဲ သူက စေခိုင်းနေတယ်။ သူ့ရဲ့ လှည့်ကွက်ဟူသမျှကို သတ္တဝါတွေ ခံနေကြရတယ်။ သွားလိုက်၊ စားလိုက်၊ ရှာဖွေလိုက်၊ သူဆွဲကိုင်ရာကို ပါနေရတာ။ တရားနည်းနဲ့ရှာကြည့်တော့ ဒီခန္ဓာဝန် ဘယ်နည်းနဲ့မှ မကောင်းဘူး။

လောကချမ်းသာ ဒီလောကချမ်းသာတွေဟာ အကောင်း ချမ်းသာတွေလဲရှိတယ်၊(တရားသဖြင့်ကို

ဆိုလိုပါသည်။) တဏှာလောဘကြောင့် ချမ်းသာတွေလဲ ရှိတယ်။ ဒါတွေဟာ ခန္ဓာဝန်လေးကြောင်း ပြတယ်။ အိုရတယ်၊ နာရတယ်။ ဒါတွေဟာ ခန္ဓာဝန်နဲ့ စပ်နေတယ်။ အပါယ်လေးပါးဟာလဲ ခန္ဓာဝန်နဲ့ စပ်နေတယ်။ အပါယ်လေးပါး ပို့ပေးတာလဲ ဒီခန္ဓာဝန်ပဲ။ ဒါကြောင့် ကိုရင်တို့ အပြင်ဘန်း ချမ်းသာတွေကို မစဉ်းစားကြပါနဲ့။ ကိုယ့်စိတ် ချမ်းသာဖို့ရာကိုသာ စဉ်းစားကြပါ၊ ရှေ့ရှုကြပါ။

တရား လက်မလွတ်ကြပါနဲ့ ဒီခန္ဓာဝန် ရှိလာတာ အကောင်းရ၊ မကောင်းရ ရှိတယ်။ခန္ဓာဝန်ကိုအသုံး ချတတ်တဲ့ ပုဂ္ဂိုလ် ကတော့ အဖိုးတော့ အကောင်းရပေါ့။ အသုံးမချတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ မကောင်းရပဲ။ ဘချို့က ဒီခန္ဓာဝန်ရှိလာတော့ အကုသိုလ်တွေနဲ့ အသုံးချကြတယ်။ သူ့အသက်သတ်ကြ၊ သူ့ဥစ္စာတွေ မတရားယူကြ၊ သူ့ဇနီးသားမယား မတရားပြစ်မှားကြ၊ လိမ်ညာပြောကြ၊ သေရည်သေရက်တွေသောက်ကြ၊ ဒါကိုယ့်ကိုယ်ကို မချစ်တတ်ဘာပဲ။ ကိုယ့်ကိုယ်ကို ချစ်ကတ်တဲ့သူတွေက တရားကို လက်ကိုင်ထားကြတယ်။ ဒါကြောင့် ကိုရင်တို့ ကိုယ့်ကိုယ်ကို ချစ်တတ်အောင်လုပ်ကြ။တရားလက်လွတ် မလုပ်ကြနဲ့။

အတ္တသမံ ပေမံ နတ္ထိ လောကကြီးမှာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုကြတယ်။ကိုယ့်ကိုယ်ကို ချစ်

ယင်ကောင်းသည်တက်ကောင်းအောင် ကြိုးစားကြရတယ်။ တချို့ ကိုယ့်ကိုယ်ကို ချစ်တယ်သာဆိုတာ ချစ်ရာမရောက်ကြဘူး။ ဒါယကာ၊ ဒါယိကာမ ကြည်ညိုကိုးကွယ်မှု လာတ်လာဘ ပေါများမှု ဒါတွေအပေါ်မှာ ဝဲလည်ပြီး နှစ်မြုပ်နေကြတယ်။ ဒါ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်ဘူး။ နှစ်နေကြတာ။ ကဲ–သွားကြတော့။

သံသရာခရီးကြမ်း လျှောက်လှမ်းကြရာဝယ်

ဘာဝရပ်နဲ့ မန်ကျည်းစေ့ သူသူငါငါပြောနေတဲ့ နေရာမှာငါမရှိဘူး။ ငါ့အတွက်ဆိုတော့ တကယ်အတွေ့ဟုတ်ရဲ့လား။ အတွေ့ကောင်းလား ဝမ်းထဲမှာ ရှိတယ်လို့ ဆိုနေကြတယ်။ ငါဆိုတဲ့ အတွေ့ သူဆိုတဲ့ အတွေ့ မရှိဘူး၊ ဒီအတွေ့ကိုပဲ ယောကျ်ား မိန်းမလို့ ဆိုနေကြတယ်။ အမှန်ကတော့ ယောကျ်ားဆိုတာ မိန်းမဆိုတာလဲ မရှိပါဘူး။

လောက တချို့ပညာရှိတွေက ဒါတွေကို လက်ခံနေကြတယ်။ မန်ကျည်းပင်မှာ အစေ့ရှိတယ်။ ဒီအစေ့က အမြစ်ကနေ အဖျားရောက်အောင်သာ ဓာတ်ပေးနိုင်တယ်။ ဘာဝရပ်နဲ့ မန်ကျည်းစေ့ ဘူတယ်။ ဘာဝရပ်က တစ်ကိုယ်လုံးကို ပြန့်နှံ့စေတယ်။မန်ကျည်းစေ့ဟာ မန်ကျည်းပင် ကြီးလာယင် ဒီအစေ့ ပျောက်မသွားဖေဘူးလား။ ဘာဝရပ်က တစ်ကိုယ်လုံးမှာ တည်ကည်း နေတယ်။ မျက်စိကိုကြည့်၊ သူ့မှာလဲ ကာယဘာဝ၊ နားမှာလဲ ကာယဘာဝ၊ နှာခေါင်းမှာလဲ ဒီအတိုင်းပဲ။ အဝိဇ္ဇာ ကုန်တဲ့ ရဟန္တာကြီးများမှာတော့

ကြိယာပဲ ရတော့တယ်။ ကံရယ်လို့ မခေါ်နိုင်တော့ဘူး။ ဖြစ်ယင် ဖြစ်ကာမတ္တပဲ။

ဆန်းပြားလှတဲ့ ကိုယ်တရား တရားကသိပ်ဆန်းတယ်။ မိန်းမရဲ့ကိုယ်မှာ ရှိတဲ့ တရား၊ သူဖြစ်ချင်တာက မိန်းမဖြစ်ချင်တယ်၊ သူ့ဌေးကတော် ဖြစ်ချင်တယ်။ မိဖုရားဖြစ်ချင်တယ်။ နတ်သမီး ဖြစ်ချင်တယ်။ ယောကျ်ားကလဲ သူ့ဌေးကြီးဖြစ်ချင်တယ်။ သူ့ဌေးသား ဖြစ်ချင်တယ်။ နတ်သား ဖြစ်ချင်တယ်။ သက်ကယ်ရိုး ထရံကာကနေ ပျဉ်ထောင် သွပ်မိုးကို လိုချင်တယ်။ ဒီကနေ တစ်ဆင့် တက်ပြန်တော့ တိုက်ကြီးတာကြီး ကားကြီး ကားကောင်းတွေ့ လိုချင်တယ်။ ဒါကြောင့်တရားဟာ ဆန်းပြားတယ်လို့ပြောတာ။ ပြဿနာများမှာတော့ ဒါတွေကင်းဆိုတ်သလို ဖြစ်ကုန်ပြီ။

သတ္တဝါတွေဟာ သူ့ကံအကျိုးပေးနဲ့ သူ ဖြစ်လာတာပဲ။ သတော်ဝင်အဖိုနဲ့အမဟာ ဘာဝရှစ်ခုတ်ချင်းဟာ မကွဲဘူး။ ဒီလိုပဲ မိန်းမမှာလဲ သူ့ရဲ့အကိုင်းအခက်တွေနဲ့၊ ယောကျ်ားလဲ ဒီလိုပါပဲ။ ဒါတွေဟာ ပုံသဏ္ဌာန်တွေပဲ။ တကယ်တော့ လူတွေမှာ ဘာမှမရှိပါဘူး။ ရုပ်နဲ့နာမ်သာ ရှိတယ်။ ဒီရုပ်နာမ်ကလဲလို့ ဘာမှမရှိဘူး။

ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း တို့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း၊ ဒီဘက်ကမ်းကတော့ ရောဂါတွေ ဖြစ်တယ်။ ဟိုဘက်ကမ်းကတော့ အေးချမ်းတယ်။ အေးချမ်းတဲ့ဘက်ကို မသွားချင်ဘူးလား။ ဒီဘက်ကမ်းက ရုပ်နာမ်

ခန္ဓာဝန်ကြီးဟာ ဝန်မလေးဘူးလား။ ရောဂါ ဖြစ်နေတဲ့ ဒီဘက်ကမ်းက တို့ရဲ့ ကာမဘုံကြီးပဲ၊ ဖြစ်လိုက်ကြတဲ့ရောဂါတွေ၊ လောဘရောဂါတွေ မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား)

ဒေါသရောဂါတွေကော မဖြစ်ဘူးလားကွယ်။

(ဖြစ်ပါတယ်ဘုရား)

မောဟမာန လွှမ်းမိုးစွဲမက်ရာ ရောဂါတွေလဲ ဖြစ်မနေကြဘူးလား။

(ဖြစ်နေပါတယ် အရှင်ဘုရား)

အေး ...ရောဂါတွေပြင်နေတဲ့ တို့ ဒီဘက်ကမ်းက ဟိုဘက်ကမ်း ကူးသွားယင် မကောင်းပေဘူးလားကွယ်။ ပျောက်မှာမှန်း သိလျက်သားနဲ့ လူတွေက ကိလေသာရောဂါကို ပေးတေခံနေကြတယ်။ ဟိုဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကတော့ ပလာနဲ့လို့ မခြင်းပါဘူး။

ဥစ္စာမရှိ အေးတော့ရှိ ဒီရောဂါတွေအတွက် သောက်ဆေး စားဆေး ဖြစ်တဲ့ သမားတော်ကြီး ဗုဒ္ဓရဲ့ ဘာဝနာဆေးတွေ ရှိတယ်။ ဒါပေမယ့် သူတို့မှာက ဒီဘာဝနာဆေးကို သောက်နိုင် လောက်အောင် စား နိုင်လောက်အောင် သဒ္ဓါဆိုတဲ့ဥစ္စာက မရှိတော့ ရောဂါ ဘယ်ပျောက်ပါ့မလဲ။ ကိလေသာရောဂါတွေဟာ ကြောက်စရာကောင်းတယ်။ တို့ သာမည ရောဂါက လူတစ်ယောက်ကို

တစ်ဘဝသာ သတ်နိုင်တာ။ ကိုလေသာရောဂါတွေကတော့ ဘဝအဆက်ဆက် သတ်နေတယ်၊ ဒုက္ခအမျိုးမျိုးနဲ့ခံရဦးပေါ့။

ဆင်းရဲနွမ်မျိုး တို့ဆင်းရဲကလဲ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းလို့ နှစ်မျိုးရှိတယ်။ ကိုယ်ဆင်းရဲဆိုတာက ကိုယ်ခန္ဓာပေါ် ရောဂါရတာတွေမှန်သမျှ ကိုယ်ဆင်းရဲတာပဲ။ စာအလိုပြောရင် ကာယိကဒုက္ခပဲ။ စိတ်ထဲမှာခံစားရတဲ့ ဆင်းရဲဝေဒနာမှန်သမျှ စိတ်ဆင်းရဲတာပဲ။ စာအလိုကတော့ စေတသိကဒုက္ခပဲ။ ဒီခန္ဓာဝန်ကြီး ရလာတာဟာ သမုဒယသစ္စာ အကြောင်းခံလာတာ။ သမုဒယကြောင့် ဒုက္ခဖြစ်ကြရတယ်။ ဒီဒုက္ခကို ဒုက္ခမှန်းသိရင် သိပ်ကောင်းတာပေါ့။ ခုလူတွေက ဒုက္ခကို ဒုက္ခမှန်းမသိကြဘူး၊ ဒုက္ခကို သုခလို့ ထင်နေကြတယ်။ ကိုယ့်ကိုယ်ကို လိမ်နေကြတယ်။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

နခသီခသုတ်ကိုကြည့် လူတွေမှာ နေ့စဉ်နှင့်အမျှ အကုသိုလ်တွေဖြစ်နေကြတယ်။ ဒီအကုသိုလ်တွေ ဖြစ်ပြီး အပါယ်လေးပါး ရောက်ကြရတာမျိုးတယ်။ ဒါ့ကြောင့် ဘုရားသခင်က နခသီခသုတ်ကို ဟောတော်မူခဲ့တာ။ နခသီခသုတ်မှာ မြတ်စွာဘုရားက....

"ရဟန်းတို့... ငါဘုရားသခင်ရဲ့ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်နဲ့ ဇမ္ဗူဒီပ်မြေအပြင်မှာ ရှိနေတဲ့ မြေကြီး ဘယ်ဟာကများသလဲ" ဒီလိုမေးလိုက်တော့ ရဟန်းတော်

တွေက.... "ဥပမာမနှိုင်းလောက်ပါဘုရား" လို့ လျှောက်ထားကြတယ်။

"ရဟန်းတို့....သေကုန် လေကုန်သော သတ္တဝါတွေဟာ သေပြီးလို့ အပါယ်လေးပါး ရောက်ကြရဟဲ့ သတ္တဝါတွေက ဇမ္ဗူဒီပ် မြေအပြင်မှာရှိတဲ့ မြေကြီးတွေလောက်ရှိတယ်၊ လူ့ပြည် လူ့လောကစသည်ကို ပြန်ရောက်ကြတဲ့ သတ္တဝါတွေကတော့ ငါဘုရားရဲ့ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်လောက်မျှသာရှိတယ်" လို့ ဒီလိုဟောထားတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ နာ-၅၅၄)

အကုသိုလ် အဖြစ်များကြပုံ သတ္တဝါတွေ အကုသိုလ် အဖြစ်များပုံကို သေသေချာချာစဉ်းစားကြည့်လေကြောက်စရာကောင်းလေပဲ။ မျက်ဝါက အဆင်းရှုပါ ရုံ ချောချောလှလှလေးတွေ မြင်တဲ့အခါ ဘာဖြစ်သလဲ။ လောဘတဏှာ ဖြစ်ရတယ်။ မကောင်းတဲ့ အာရုံတွေကို မြင်ရတဲ့အခါကျတော့ ဒေါသဖြစ်ရတယ်။ နားပေါက်ကလဲ သဒ္ဒါရုံအသံ ကောင်းကောင်းလေးတွေကြားရတော့ လောဘတဏှာဖြစ်ရပြန်တယ်။ တစ်ခါ မကောင်းတဲ့အသံတွေ ကြားရပြန်တော့ ဒေါသဖြစ်ရပြန်တယ်။ အမှတ်တမဲ့နေပြန်တော့လဲ မောဟဖြစ်ရပြန်တယ်။

နှာခေါင်းပေါက်ကလဲ ထို့အတူပဲ၊ မွှေးမွှေးကြိုင်ကြိုင်ဆိုတဲ့ကောင်းတဲ့အနံ့ကလေးတွေ နမ်းရ၊ ရှူရရင် လောဘ

မကောင်းတဲ့ မစင်ဘင်ပုပ်နံ့တွေ နမ်းရရှူရရင်ဒေါသဖြစ်ကြရတယ်။ အမှတ်တမဲ့နေပြန်တော့ မောဟဖြစ်ရပြန်တယ်။ လျှာပေါက်ကလဲ ဒီလိုပဲ၊ ကောင်းတဲ့အရသာလေးတွေ စားနေရရင် သဘောကျ ကျေနပ်ပြီး လောဘ၊ မကောင်းတဲ့ အရသာတွေ စားရတဲ့အခါ စိတ်မချမ်းမသာဖြစ်ပြီး ဒေါသဖြစ်ကြရတယ်။

အမှတ်တမဲ့နေပြန်တော့ မောဟဖြစ်ပြန်တယ်။ ဒီခန္ဓာကိုယ်ကြီးကတော့ ကောင်းတဲ့အလေးအတိုင်းတဲ့ ပေဒဋ္ဌမ္ဘာရုံလေးတွေနဲ့ နေရမယ်၊ ထိုင်ရမယ်၊ အိပ်ရမယ်ဆိုရင်လောဘ၊ နှုးညံ့သိမ်မွေ့တဲ့ အတော်ကောင်းလေးတွေ ဝတ်ရုံသုံးစွဲနေရရင် ကျေနပ် သဘောကျနေတာ လောဘ၊ ပကောင်းတဲ့နေရာတိုင်ခင်းနဲ့ တွေ့တိုရတဲ့အခါ စိတ်တွေကိုပျက်လို့၊ တော.... ဒေါသ၊ သတ္တဝါတွေရဲ့စိတ်ဟာ အဆင်း, အနံ့, အရသာ အတွေ့အထိဆိုတဲ့ အာဂုံငါးပါးနဲ့ တွေ့တိုင်းတွေ့တိုင်း လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ်တရားတွေနဲ့ လုံးလည်လိုက်ပြီး အာရုံကုန်နေကြရတယ်။

စိတ်တည်းဟူသော မျောက်ကလေး စိတ်ကလေးကလဲ အကြိုမ်နေတာမဟုတ်ဘူး၊ ညအိပ်ရာပင်ပြိုဆိုရင် သူကပိုပြီး သိရတယ်။ ဟိုကြံဒီကြံ ကြံတယ်လေ၊ လောဘဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒေါသဖြစ်စရာကိုလဲ ကြံလိုက်တာပဲ၊ ဒီစိတ်ဟာ မျောက်ကလေးနဲ့ တူတယ်။

ဥပမာပြောရရင်တံခါးငါးပေါက်ရှိတဲ့အိမ်မှာဒီမျောက်ကလေးကို ထည့်ထားကြတယ်။ လူတွေက တံခါးငါးပေါက်လုံးဖွင့်ပြီး တစ်ယောက်တစ်ပေါက်စီ - စောင့်နေကြတယ်။ မျောက်ကလေးဟာ အရှေ့ပေါက်ကထွက်မယ်ဆိုတဲ့အကြံနဲ့ အရှေ့ပြတင်းပေါက် ပြေးတက်ပြီး ပြူတစ်ပြူတစ် လုပ်လိုက်တယ်။ အရှေ့ပြဟွင်းပေါက်ကလူက ခြောက်လှန့်လိုက်တော့ အနောက်ပြတင်းပေါက် ပြေးပြန်တယ်။ ဒီလိုပဲ အနောက်ပြတင်းပေါက်က လူက ခြောက်လှန့်လိုက်ပြန်တယ်။ ဒီ့ပြင်ပြတင်းပေါက်တွေကလဲ ဒီအတိုင်းပဲ။ တွက်ပြေးရာ ထွက်ပေါက် မရှိတော့တူးဆိုမှ ချောင်ကောင်းကောင်းမှာ အလဲလေး ပုန်းတော့တယ်။ မျောက်နဲ့တူတဲ့ စိတ်ကလေးဟာလဲ မျက်စိတံခါးပေါက်က ပြူတစ်ပြူတစ် လုပ်လိုက်၊ မျက်စိတံခါးပေါက်ကနေ ပတ္တက်နဲ့ဟဲ့လို့နှင်လိုက်ပြန်၊ နှာခေါင်းတံခါးပေါက် ရောက်သွားပြန်တယ်။ ဒီမျောက်နဲ့ကူတဲ့ စိတ်ကလေးကို လွတ်ဟွက်မသွားအောင် ဖမ်းရမယ်။ ဘာနဲ့ဖမ်းရမလဲ၊ ဘာဝနာနဲ့ ဖမ်းရမယ်။

ပါဒသိုဏ်ရမတိ မနော သတ္တဝါတွေရဲ့စိတ်ဟာ မကောင်းမှုမှာသာ မေ့လျော့ကြတယ်။ သံသရာသွားကြတဲ့ အခါ ဘာဝနာမပါရင် ကြောက်စရာကောင်းတယ်။ ကိုရင်တို့ ကိုယ့်စိတ်ကို ဘာဝနာနဲ့ ထိန်းပေးကြ၊ ဗုဒ္ဓါနုဿတိမေတ္တာ အသုဘ မရဏာသတိအစရှိတဲ့ ဘာဝနာတစ်ခုခုကို လက်ကိုင်ထားကြ၊ သီလကိုလဲလုံခြုံအောင်

ထိန်းကြ၊ နိသဟ္ဂိပစ္စည်းတွေမထားကြနဲ့၊ ပစ္စည်းကပ်ရှင် အပ်အပ်စပ်စပ်ဖြစ်အောင် ကပ်ပြီးကြ၊ အာပတ်တန်းလန်းနဲ့ စုတေရင် မလွယ်ဘူး၊ စာက ဘာတဲ့လဲ....

"သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါဝဒါမိ၊ တိရစ္ဆာန ယောနိ ဝါ"

အာပတ်နဲ့ဟာကတော့ စုတေရင် ငရဲသော်လဲကျ၊ တိရစ္ဆာန်သော်လဲဖြစ်၊ အောက်သစ်ဆုံး ပြိတ္တာတောဂျိန်းသေတယ်။ ဒါ့ကြောင့် ဦးပဉ္စင်းတို့ ကိုရင်တို့ ကောင်းကောင်းလေးနေ လိုက်ကြစမ်းပါ၊ လမ်းသွားတာကအစ သတိလေးနဲ့ သွားလိုက်ကြစမ်းပါ၊ သံသရာသွား အကုသိုလ်တွေ ယူမသွားကြ စမ်းပါနဲ့၊ ကဲ....တော်ပြီ၊ သွားကြတော့။

ဝမ္မဗျူဟာ

အတွဲ (၁၈) အမှတ် (၅)

(၁၉၇၉၊ ဇူလိုင်လ)

လမ်းနှစ်သွယ်

လေးလှသည့် ခန္ဓာဝန် ခန္ဓာဝန်သိပ်ပြီး လေးတယ်ဆိုတာ ကလေးရော လူကြီးပါ စဉ်းစားကြည့်၊ ကလေးတွေက ခန္ဓာဝန်လေးတယ်လို့ ထင်ပါ့မလား၊ တစ်ခါတလေ သူတို့မငိုရဘူးလား၊ ငိုရတယ်၊ အဲဒီငိုရတာဟာ ဘာလဲ၊ ဒေါသမှုဇဋ်ပဲ၊ ခန္ဓာဆိုရင် ဝိညာဏက္ခန္ဓာ၊ ခန္ဓာကိုယ်ဇနီးဟာ သိပ်လေးပါတယ်၊ တရားတော်တွေက စဉ်းတားလေ ကောင်းလေပဲ၊ ကိုရင်တို့ ဦးပဉ္စင်းတို့ စဉ်းစားကြ၊ မစဉ်းစားလို့ မဖြစ်ဘူး။

ခန္ဓာဝန်လေးတာကို သံဝေဂဉာဏ်ဖြစ်အောင် ကြည့်တတ်ရင် ကောင်းတယ်။ သံဝေဂဉာဏ်ဖြစ်တော့ ဒီခန္ဓာဝန်အပေါ်မှာ တပ်မက်မှု၊ စဲ့လမ်းမှုတဏှာဟာသိသိသာသာလျော့သွားတယ်။ ဒီခန္ဓာဝန်ကြီးကို နောက်ထပ်မလိုချင်အောင် လျော့သွားမှ ပိုကျော်ခင်းတယ်။ ခန္ဓာဝန်ကို နောက်ထပ်မလိုချင်တဲ့ ပုဂ္ဂိုလ်မျိုးမှာတော့ တရားလက်မလွှတ်တော့ဘူး၊ သူ့မှာ တရားမြဲနေပြီ။

ယောကျ်ားများ ထမ်းရသည့် ခန္ဓာဝန် တို့ယောကျ်ားများထမ်းရတဲ့ ခန္ဓာဝန်ကို ကြည့်ကြစမ်း၊ ကျေးတောသားတွေဆိုရင် နေပူမိုးရွာမရှောင် အလုပ်တွေ လုပ်ကြရတယ်၊ မိုးတွင်းကျပြန်တော့လဲ မိုးတွင်းမို့ လို့ လုပ်ကြရ ကိုင်ကြရတယ်။ ထယ်ထိုးရ၊ လယ်ဖွန်ရ၊ စပါးကြဲရ၊ ပျိုးနှုတ်ရ၊ ကောက်လှိုင်းစည်းရ၊ သယ်ရ၊ စပါးနယ်ရ၊ စသည်ဖြင့် လုပ်ကြရတာ ဘယ်လောက် တာဝန်လေးသလဲ။

မြို့နေလူတန်းစားတွေကော တချို့ကုန်သည် ပွဲစားတွေ ဘယ်လောက် ပင်ပန်းသလဲ၊ စီးပွားရေးအတွက် သွားကြရ လာကြရ ရှာကြရ ဖွေကြရ၊ ရှာဖွေရင်းက ဘေးအန္တရာယ်တွေနဲ့ တွေ့ကြပြီး ပြင်းပြင်းထန်ထန် ဒုက္ခတွေရောက်ကြရတယ်။ တချို့ ဆိုသေကြရတယ်။ ဒါဟာ တကျွာအရင်းခံလာတာတွေ၊ ကိုရင်တို့ တိုက်ကြီးတာကြီးတွေနဲ့ နေရတာ၊ ကားကြီး ကားကောင်းတွေကို စီးပြီးနေရတာလောက်ကိုကြည့်ပြီး အထင်ကြီးမနေကြနဲ့၊ တရားမရှိသမျှ ကာလပတ်လုံး လူတွေ ဒုက္ခရောက်ကြရဦးမယ်။

ဒါယိကာမများ ထမ်းရသည့် ခန္ဓာဝန် တို့ဒါယိကာမတွေဆိုရင်ခန္ဓာဝန်ထမ်းရတာ ပိုလေးသေးတယ်။ ဒါပေမယ့်သူတို့ကလေးလို့ လေးမှန်းမသိကြဘူး။ သနပ်ခါးလိမ်းရခေါင်းဖြီးရ၊ ဗုန်းဆီလိမ်းရ၊ ပွဲနေပွဲထိုင် သွား တော့မယ်ဆိုရင် သာဆိုးသေးတယ်။ ဒါတွေ ဘယ်သူ့ကြောင့်လုပ်ရတာလဲ၊ ခန္ဓာဝန်ကြီးရလာလို့ပဲ။ ပဋ္ဌိသန္ဓေရလာပြန်တော့

ကော မသက်သာဘူး။ စောင့်ရှောက်လိုက်ရတာ၊ ကိုယ့်ခန္ဓာဝန်ကိုယ်လမ်းနေရုံနဲ့ အားမရနိုင်သေးလို့ အပိုခန္ဓာဝန်ပါ ထမ်းရတယ်။ ဒီသန္ဓေသားမွေးဖွားလာပြန်တော့ ခံလိုက်ရတဲ့ ဒုက္ခ၊ သေလုမျောပါး ခံကြရတယ်။ တချို့ဆိုရင် အသက်သေတဲ့အထိ ခံသွားကြရတယ်။ သားသမီးတွေရလာပြန်တော့လဲ ဒီသားဒီသမီးတွေအတွက် ထမ်းလိုက်ရတာ ဘယ်လောက်ဝန်လေးသလဲ၊ မြေးမြစ်ထိအောင် ဆက်တမ်းကြရတယ်။ ဒီလိုနဲ့ အချိန်တွေကုန်ပြီး ဘဝနိဂုံးအဆုံးသတ်ရတဲ့ ပုဂ္ဂိုလ်တွေ မရှေတ္ထက်နိုင်တော့ဘူး။

ဘုန်းကြီးများကော ကင်းရှဲလား လူတွေကိုသာ ပြောပြော နေရတယ်။ တို့ ဘုန်းကြီးတွေကော လာဘ်လာဘတွေ ပေါများချင်ကြတယ်။ ဘုန်းကြီးချင်ကြတယ်။ ဒါယကာ, ဒါယိကာမတွေ ပေါများချင်ကြတယ်။ ဒါတွေ ပေါများလာရင် ဘာယာမှု တကျွာကပါလာပြီ။ တကျွာပါလာရင် "ငါမှငါ" ဆိုတဲ့မာနကပါလာပြီ။ သံသရာကို ချဲ့ထွင်တတ်တဲ့ တရားတွေက နောက်ကလိုက်လာပြီ။ ဘုန်းနောက်လိုက်ရင် သွားရမယ့်နိဗ္ဗာန်နဲ့ဝေးပါသေးတယ်။ နိဗ္ဗာန်သွားတဲ့လမ်းအကျင့်နဲ့ ဂုဏ်လာဘ်ပေါများအောင် ကျင့်တဲ့အကျင့်ဟာ တခြားစီပဲ၊ စာက ဘယ်လိုဆိုထားသလဲ၊ "အညာဟိ လာဘူပနိသာ" ရွတ်ကြစမ်းပါ။

အညာဟိ လာဘူပနိသာ,
အညာ နိဗ္ဗာနဂါမိနီ၊
ဧဝ မေတံ အဘိညာယ,

ဘိက္ခုဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိ နန္ဒေယ္ယ,
ဝိဝေက မနုဗြူဟယေ။ ။

"လာဘူပနိသာ-လာဘသက္ကာ ရဖို့ရာဟု,ဂုဏ်ပါမျှော်ချင့်ပြူဆာပ်သောအကျင့်သည်။ အညာ-နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းမှ, ရှေ့စောင်းသောအား, အမျိုးတခြားသာတည်း။ နိဗ္ဗာနဂါမိနီ=နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်သည်။ အညာ-ဂုဏ်လာဘ်မျှော်ကိုး, အကျင့်ဆိုးမှ, တမျိုးအခြားတစ်ပါးသာတည်း။ ဝေ-ဤသို့ သွားလမ်းလာလမ်းခွဲခြားသောအား,နှစ်မျိုးနှစ်စားအားဖြင့်။ဗုဒ္ဓဿသီရန်မှန်ကန်,မကျန်ရအောင် လုံးဝသိမြင်, ဘုရားရှင်၏။ သာဝကောလရားမမ္မ, ဩဝါဒကို, လုံးဝနာယူ, တပည့်ရင်းဖြစ်တော်မူသော။ ဘိက္ခု သံသရာရေး လာမည့်ဘဝးကို, မျှော်တွေးရှုတောင်း, သူတော်ကောင်းသည်။ ဝေ=သံသရာလည်ရန်, ဘပါယ်စံနှင့်,နိဗ္ဗာန်မြန်းဖွယ်, လမ်းနှစ်သွယ်ကို၊အဘိညာယ ဆိုလော,ဆိုလော,မတွေးတောပဲ သဘောအဓိ, ဟုတ်တိုင်းသိ၍။သက္ကာရံ-ဒါယကာဒါယိကာမ,သဒ္ဓါကြွ၍ဒါနဟုခေါ်ပူဇော်သက္ကာရကို။ နာဘိ နန္ဒေယ္ယ=မရသော်တ, ရသော်ကြ၍ အားရခင်မင်,လိုချင်တောင့်တ၍ မနေရာ။ ဝိဝေကံ-အဖော်ကိုရှောင်း, အပေါင်းကိုခွာ, ဆိတ်ငြိမ်ရာဝယ်, ဘာဝနာနှစ်ရပ်, သမာပတ်ကို။ အနုဗြူဟယေ-တဆင့်တဆင့်,ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာသတည်း။

(စုပေါင်း၅၆ဆိုကြသည်)

အမကောင်းတွေကိုလဲ နာကြားရတဲ့ သဒ္ဓမ္မသံဝနနဲ့ ပြည့်စုံလဲ ပြည့်စုံတယ်။ သဒ္ဓမ္မသဝနနဲ့ ပြည့်စုံမှ မိမိကိုယ်ကို ကောင်းကောင်းတားခြင်းဆိုတဲ့ အတ္တသမ္ပဒါဝိဒိနဲ့ ပြည့်စုံမယ်။ မိမိကိုယ်နဲ့စိတ်ကို ကော်ငင်းကောင်းလားတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်တွေရပြီး နောက်ဘဝအတွက် ပုဗ္ဗေစကတ ပုညတာဖြစ်မှ နောက်ဘဝမှာ ကယ်နိမုဒ္ဓ ဘဝကောင်းကိုရမယ်၊ဒါကြောင့် ကိုရင်တို့ ကောင်းကောင်းနေရမယ်။ကိုရင်တို့ သစ္စာကိုစောင့်သိရှိသေပြီး ရိုသေလေးစားကြမယ်ဆိုရင် သနားစရာမဖြစ်ပဲ အားရစရာဖြစ်နေမယ်။ အမျှားကို သိမ်းသွင်း နိုင်အောင် အားထုတ်ကြ။ အားလုတ်တဲ့နေရာမှာလဲ မိမိခွန်အား ဗလ သက္ကိရှိဖို့လိုတယ်။ သာသနာအတွက် နောက်မဆုတ်တမ်းကြိုးစားကြ။

ဘဝပဒေသာ ဘုရားသာသနာ — တို့ ဘုရားသာသနာတော်ကြီးက တကယ့် ဘဝ ပဒေသာပင်ကြီး၊ ကိုယ်လိုချင်တဲ့ ဘသီးတွေကို ဆွတ်စားလို့ရတယ်။ ဒါနဲ့, သီလ, ဘာဝနာသီး၊ဖက်သီး၊ ပိုလ်သီးတွေကို ပြည့်နေတာပဲ။ တို့မှာက ဆွတ်စားနိုင်ဖဲ့ အင်အားကသိပ်နည်းနေကြတယ်။ တို့သစ်ပင်တစ်ပင်ဆိုကြပါဦးဗျ။ အဲဒီ သစ်ပင် အထက် ဆုံးမှာသီးတဲ့ သသီးက ဒသီးချိုချိန်တယ်။ဒသလယ်နားကဒသီးက သိပ်မချိုဘူး အချဉ်ဓာတ်နည်းနည်းပါတယ်။ ဒေါက်နားက ဒသီးတွေကျတော့ တော်တော်ကို ချဉ်တယ်။ အဲဒီအတိုင်းပဲ၊ တို့ဘုရားသာသနာတော်ကြီးနဲ့ဆိုတဲ့ သစ်ပင်ကြီး

မှာ အထက်ဆုံးမှာ အလွန်ချိုမြိန်တဲ့ မင်းသီး ဖိုလ်သီးတွေ မရှိဘူးလား၊ ရှိတယ်။ အလယ်နားကျတော့ အချဉ်ခေတ် နည်းနည်းပါတဲ့ သီလအသီးတွေရှိနေတယ်။ နောက်နားကျတော့ တော်တော်ကို ချဉ်တဲ့ ဒါနသီးတွေရှိနေတယ်။

ဒီသာသနာ ဘဝပဒေသာပင်ကြီးမှာ ဒါနသီး၊ သီလသီး၊ ဘာဝနာသီး။ မင်ဖိုလ်သီးတွေရှိနေတာတော့ မှန်တယ်။ ဒါပေမယ့် အချို့တတ်နိုင်တဲ့အင်အားက လုံးဝ မရှိရှာကြတော့အချဉ်သီး၊ အဖြုံးသီးနဲ့တူတဲ့ဒါနသီလလောက်တောင်မှ ဆွဲတင်ခူးမသုံးစွဲနိုင်ကြဘူး၊ အချို့ဆွဲတင်ခူးပြီးတော့ စားကြပါရဲ့၊ ဒါပေမယ့် အထက်ဆုံးရောက်အောင် တတ်နိုင်တဲ့ အင်အားကမရှိ။ အင်အားကုန်ပြီး ပေါပန်းနေတော့ ချိုပွေ့ဆိုတဲ့ အဏက်က မင်းသီး ဖိုလ်သီးတွေကို ဆွတ်ခူး မခဲ့ဘူးနိုင်ကြတော့ဘူး။ အောက်နားမှာရှိတဲ့အချဉ်ဖြုံးနဲ့တူတဲ့ ဒါနသီလ သီးတွေလောက်ပဲဆွတ်ခူးစားသောက်ကြပြီး ပြန်ဆင်းလာခဲ့ရတယ်။ အလွန် ဝမ်းနည်းစရာကောင်းတယ်။ ဘုရား၊ သာသနာ ဘဝပဒေသာပင်ကြီးနဲ့ တွေ့တုန်းမှာ တို့မင်းသီး ဖိုလ်သီးတွေကို ဆွတ်ခူးစားသောက်နိုင်အောင် ကြိုးစားကြရမယ်။

ရေရှည်ဝါဒ ဘဝစီမံကိန်း ဒီလို အထက် မင်းသီး, ဖိုလ်သီးတွေ တက်ပြီးဆွယ်ခူးစားသုံးနိုင်အောင် ဝိရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ အင်အားတွေ ကောင်

နေရမည်။ ဘယ်နေရာမဆို ဇွဲရှိဖို့လိုသည်။ ဘဝတစ်ခုမှာ ရေရှည်ကိုကြည့်ရတယ်။ စဝကဘာလဲ....

ယ ဒိ ဂိဗ္ဗံ အနိစ္စန္တိ,
ဒိမ္ဗလံ မလဝါရိနာ၊
ယ ဘော ကာယေန ထမ္ဘေထ,
လံ န လဗ္ဘါ ဘဝေ ဒု ကၡံ။

ဟို ဒီမမြဲတဲ့ ဝန္ဓာကြီးနဲ့ကိုမ်ိုးသက်အေးမြတဲ့ နိဗ္ဗာန်သို့မရနိုင်ကြပေးလား၊ ရနိုင်တယ်။ အညာစ်ဘကြေးတွေ ပြည့်နေတဲ့ ဝန္ဓာကြီးနဲ့ ညစ်ကြေးသန့်ရှင်း အပြစ်ကင်းတဲ့ ဂုဏ်တွေ့ ကိုကောမရနိုင်ကြပေးလား၊ ရနိုင်တယ်။

ဘုရား တရားတော်ကိုကောင် ရနိုင်သေးရင် လောကမှာ မရနိုင်ရော ရှိပ ဦးမလား၊ မရှိတော့ပါဘူး။ ဒါကြောင့် ဘဝရေရှည် စီမံကိန်းကို လိုက်ကြမှတယ်။ ဥပမာ– မိန်းကလေး တစ်ယောက်ကိုမိဘကချစ်နေတယ်ဆိုပါတော့။ ဒါပေမယ့်မရဘူး။ ဒီဘဝမရ ရှိပါစေတော့။ နောက်ဘဝ သူ့နဲ့တန်းတူကိုရ, ရမယ်လို့ ရေရှည်ဝါဒကို ကြည့်ရမယ်။ ဒါကြောင့် ကိုရင်တို့ ကြိုးစားအားထုတ်ကြပါ။ အလက်ကို တက်နိုင်အောင် ကြိုးစားကြပါ။ လူတွေဆိုတာက အလက်ကို ရောက်သွားကိုမှကြည့်လို့ မြင်လို့ကြတယ်၊ တွေ့လို့ကြတယ်။ ကျော်ကြားမှု ဆိုတာ ယေယေက ဘယ်သူမှ မကျော်ကြားခဲ့ပါဘူး။ ကြီးလာတဲ့ အခါ ကြိုးစားမှုကြောင့်အတက်တန်းရောက်ပြီး ကျော်ကြားလာရတာပဲ။

ကျော်ကြားခြင်းနှင့် မာနတရား

ကျော်ကြားမှုကို အလုပ် လုပ်ဟူရတယ်။ ဒီလို ကျော်ကြားလာတဲ့အခါ အောက်ခြေလွှတ်ပြီး မာနတရားတွေ ကြီးတက်ကြတယ်။ ခုခေတ် ကျော်ကြားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ တို့မြတ်စွာဘုရား မီနိုင်ပါ့မလား၊ မမီနိုင်ဘူး။ပါရမီတွေဖြည့်ကျင့်လာခဲ့ရတယ်။ ပြည့်လဲပြည့်ခဲ့သယ်။ ပြည့်ခဲ့တဲ့အလျောက် ကျော်ကြားခဲ့ကာပဲ။

ဗုဒ္ဓမြတ်စွာဟာ တေပိယဇာတ်တော်မှာ တေမိယ မင်းသားပြစ်စဉ်အခါဟုန်းက စကားမပြောဘူးဆိုပြီး စိတ်ကို အမိုက်ခွာန်ခဲ့တယ်။ အမိုက်ခွာန်ခဲ့တဲ့ အတိုင်းလဲ မဟုတ်မကွက် ကျင့်တော်မူခဲ့တယ်။ ကျင့်တော်မူခဲ့တဲ့အတိုင်းလဲ ပါရမီတော်တွေက ပြည့်ခဲ့တယ်။ ဘုရားအဖြစ်ကို ရောက်တော့ လူ့ပြည်လူ့လောကလောက်တင် ကျော်ကြားရုံမဟုတ်ဘဲ၊ နတ်ပြည်ဗြဟ္မာပြည်ထိအောင် ကျော်ကြား ခဲ့ပါတယ်။ ဒါပေမယ့် ဘုဏ်းသခင်ဟာ မာနဟာရားတွေ ကြီးမနေပါဘူး။ ခုခေတ် တစ်ချို့ပုဂ္ဂိုလ်တွေဟာ သာမဟုတ်တဲ့ ကျော်ကြားမှုလေးတွေနဲ့ မာနတရားတွေ တက်နေကြတယ်။ တော်တော်တော့ ကြောက်စရာ ကောင်းတယ်။ကိုယ့်စိတ်ကို အမိုက်ခွာန်နဲ့ လုပ်တဲ့ အလုပ်ဟာ ဘောင်မြင်မှုပိုရှိတယ်။ အမိုက်ခွာန်တဲ့ နေရာမှာလဲ ခိုင်ခိုင်မြဲမြဲ စိတ်ကိုထောက်ဟည်ထားရတယ်။ တို့သစ်ကျုတ် ဥပုသ်စောင့်သလိုတော့ မလုပ်ကြနဲ့။

သစ်ကျုတ်ကလေး ဥပုသ်စောင့်သလို

တို့ခုခေတ် အမိုက်ခွာန်တွေက သစ်ကျုတ် ဥပုသ်စောင့်တာနဲ့ တူတယ်။ တစ်နေ့သောအခါ သစ်ကျုတ် တစ်ကောင် ဟာကောကောင်ကဲလှည့်လည်ပြီး အစာရှာတွက်သတဲ့။အစာကလဲ ဘယ်လိုမှရှာမရဘူး။ အစာရှာလို့ မရတဲ့အဆုံးကျတော့ ငါဒီနေ့တော့ ဥပုသ်စောင့်မှပဲလို့ အမိုက်ခွာန် လိုက်သတဲ့။ အမိုက်ခွာန်ပြီး ချုံပုတ်ကောင်းကောင်း တစ်ခုအောက်သွားပြီး အိပ်လိုက်တယ်။ ဒီအခါ သိကြားမင်းကလဲ သစ်ကျုတ်ရဲ့ အကြံကိုသိလို့ စမ်းချင်တဲ့အကြံ ဖြစ်လာတယ်။ ဒါနဲ့ သမင်ယောင်ဆောင်ပြီး သစ်ကျုတ်ကလေး မြင်လောက်ရာ မလှမ်းမကမ်းကနေပြီး ပြေးလွှားနေတာပေါ့လေ။

ဒီအချိန်မှာ သစ်ကျုတ်ကလေးကလဲ ဆာလွန်းလို့ ဝမ်းကပူနေပြီ။ ဝမ်းပူနေတဲ့ အချိန်နဲ့ သမင် ပြေးလွှားနေတဲ့ အချိန်လာတိုးတော့ သစ်ကျုတ်ကလေးဟာ ဟယ်-စောင့်ပြီးထားတဲ့ အမိုက်ခွာန်ဥပုသ်က စောင့်ချင်လို့ စောင့်တဲ့ ဥပုသ်မှ မဟုတ်ဘဲ။ ဘာစာဆာလို့ စောင့်ရတဲ့ ဥပုသ်ပဲ။ ယခုပေါ့ကျက် မြှောက်ဆာစာတွေ့ခေနမှတော့ ကလိုက်မှပဲလို့ စိတ်ထဲကကြံစည်ပြီး ကကတည်း ထ,လိုက်ပါရော၊ သမင်လေးလဲ ပြေးတာပေါ့။သမင်ကပြေး သစ်ကျုတ်ကလိုက်နဲ့ ပြေးတန်း လိုက်တန်းကစားသလို ဖြစ်နေတာပေါ့။ မိကုမိခင် ကြစ်ကာမှ သမင်ကလေးကဝေးသွားလိုက်၊ဒီလိုချည်းဖြစ်နေတယ်။ ဖြစ်မှာပေါ့။သမင်က သမင်တကိုး။ဘယ်သစ်ကျုတ်လိုက်လို့မီပါ့

မလဲ။ ဒါနဲ့ မမိတဲ့ အဆုံးကျတော့ လက်ဖိုင်ချပြီး၊ နေရင်းဖြစ်တဲ့ချုံပုတ်အောက်အသာပြန်ဝင်ပြီး ဟောကဲ့ဟောယဲ့နဲ့ ပါးစပ်က ညည်းညူလိုက်သတဲ့။ "အောင်မယ်လေး ကံကောင်းလို့ ဥပုသ်မကျိုးတယ်" လို့ ဆိုသတဲ့။ ဒေအား- ခုဝေတ်အဓိဋ္ဌာန်တွေ့ကလဲ သစ်ကျုတ်ဆန်ဆန် ဖြစ်နေကြတယ်။

အခုဝေတ်အဓိဋ္ဌာန် ဥပုသ်မျှား ခုဝေတ် လူတွေ့ ဥပုသ် စောင့်ကြပါရဲ့။ ဒါပေမယ့် သူတို့စောင့်တဲ့ ဥပုသ်က ခုနက သစ်ကျုတ် လောက်တောင် အဆင့်အတန်းမမြင့်ချင်ဘူး။ မလဲ့မရှောင်သာ စောင့်ကြရတယ်။ ဘုရားစူးလုတ်ရုံလောက် စောင့်ကြရတဲ့ဥပုသ်တွေ့ ဖြစ်နေကြတယ်။ မိရိုးဖလာ စောင့်ကြရတာ မျှားနေတယ်။ ဥပုသ်ရဲ့ အကြောင်းအရာတွေ့ကိုလဲ ဘာမှ နားမလည်ကြဘူး။ ဥပုသ်သီလဟာ နားလည်ပါးလည် အသိရှိရှိနဲ့ စောင့်ထိန်းမယ်ဆိုရင် သိပ်ပြီးတန်ဖိုးရှိပါတယ်။ လူတွေ့မှာ နေ့စဉ်နှင့်အမျှ အကုသိုလ်တွေ့ရှိနေ ဖြစ်နေကြတယ်။ တစ်လမှာ ရက်ပေါင်းသုံးဆယ်ရှိတဲ့အနက်က လေးရက်လောက် စောင့်ရတဲ့ ဥပုသ်ကလေးပဲ။ ဒီလောက်ရက်ကလေး အကုသိုလ်တွေ့ ဆေးကြောရတာ။ ဒါကို မှန်မှန်မစောင့်ချင်ကြဘူး။ သယ်လောက် ဝပ်းနည်းစရာ ကောင်းသလဲဆိုတာ စဉ်းစားတာ ကြည့်ကြလေ့။ တို့ဗုဒ္ဓမြတ်စွာ အဓိဋ္ဌာန်ကျတော့ အလွန်ဖိုင်မြဲတော်မူတယ်။ ဒါကြောင့် ဗုဒ္ဓဖြစ်တော်မူတဲ့ အခါကျတော့ လူ့နတ်, ဗြဟ္မာတွေ့ လှုပ်လှုပ်ရွရွ ဖြစ်ကြရတယ်။ ဒါပေမယ့်

ဘုရားသခင် မာနကြီးတော် မူသလား၊ မကြီးပါဘူး။ ကိုရင်တို့ မာနတွေ့ ကြီးမနေကြနဲ့။ ကုသိုလ်တရားတွေ့ လက်ကိုင်ထားနိုင်ဖို့ အရေးကြီးတယ်။ ကဲ....ကဲ....တော်ပြီ၊ သွားကြတော့။

ဓမ္မဗျူဟာ

အတွဲ(၁၀)၊ အမှတ်(၁၂)

(၁၉၈၀၊ ဖေဖော်ဝါရီလ)

နောက်ဆုံးသွားရာလမ်း

သာသနာတော်ဟာ အမြဲတမ်း တည်တံ့ခိုင်မြဲနေမှာ မဟုတ်ဘူး။ နောက်ဆုံးကာလ ကွယ်ပျောက်မှာမလွဲဘူး။ သာသနာတော်ကြီး မကွယ်ပျောက်ခင် မိမိတို့ တဘက်တလမ်းကနေ စောင့်ထိန်းရမယ်။ သာသနာတော်ကြီးဟာပြောင်းလဲနေတယ်။ မတည်မြဲဘူး။ တကယ့်ရဟန္တာများလက်ထက်ကတောင် ပြောင်းလဲနေသေးတယ်။ ခုခေတ် ပုဂ္ဂိုလ်များ လက်ထက်မှာ ပြောစရာမလိုတော့ဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံသွားပေမယ့် ဟောကြားဆုံးမတော်မူတဲ့ တရားဒေသနာတော်တွေ များစွာ ကျန်ခဲ့တယ်။ အဲဒီတရားတော်တွေအတိုင်း ပြောဆိုနေထိုင်သွားယင် နိဗ္ဗာန်နဲ့မဝေးဘူး။ နီးဖို့ရန်သာ အကြောင်းရှိပါတယ်။ ဗုဒ္ဓတရားတော်တွေကို သိနေကဲ့သ္ဟဟာ သေရမှာကိုမကြောက်ပါနဲ့။ သေရမှာကြောက်သူဟာ တရားတော်ကို အတင်သေးရာ ရောက်နေပါတယ်။ ဒါ့ကြောင့် မတည်မြဲနိုင်တဲ့ သာသနာတော်ကြီးမှာကိုယ့်ကိုယ်ကိုကောင်းကောင်းထားလိုက်ရပယ်။

သာသနာ့ရုပ်သေး လူတွေက ဟိုဘုန်းကြီးတွေရဲ့အပေါ်မှာ ဒုက္ခနဲ့ကြုံတွေ့မှု အရေးပါကြတယ်။ သူ

တို့မှာ ကျန်းမာ,ချမ်းသာစွာနဲ့ သားသမီးစည်းစိမ်ဥစ္စာရတနာတွေကို ပျော်တပြုံးပြုံးသုံးဆောင် ခံစားနေရတဲ့အချိန်မှာတော့ တယ်သတိမရကြဘူး၊ မိမိတို့အိမ်တောင်ရေးအဆင်မပြေလို့ပဲဖြစ်ဖြစ် စီပွားဥစ္စာမရှာကြံနိုင်လို့ သားကမှုန်းသမီးကကန်းလုံးလုံးမှုအသုံးမကျတဲ့ဘဝကိုရောက်နေတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ် မိမိတို့မှာ အန္တရာယ်ကြီးမှာဆိုးတွေနဲ့ ကြုံတွေ့နေရတဲ့ အခါမျိုးမှာပဲ့ဖြစ်ဖြစ် ဒီအခါမျိုးကျမှအမှတ်ရတတ်ကြတယ်။ ကွေ့လိုမြင်လိုကြည်ညိုလိုကြတယ်။ အမှန်တကယ်တော့ လဲဘုန်းကြီးများရဲ့သာသနာက ရှုပ်သေးမင်းသမီး မင်းသားတွေလို အစစ်မဟုတ်ပဲ အတုတွေ ဖြစ်နေကြလို့ပဲ။

အန်ဗတ်စားရသည့်နှယ် တို့က လူကွေ့ရဲ့ ပလိုလဲလိုလဲ အသုံးပြုနေတာကိုပြုံးပြုံးပြုံးပြုံးနဲ့နေလို့ကို မဖြစ်ဘူး။ တို့ခွေးကွေ့ဟာ လူတွေ့မစားချင်တော့လို့ စွန့်ပင်တဲ့ထမင်းကျန်ဟင်းကျန်တွေကို စားကြရသောက်ကြရတယ်။ ဒီခွေးတွေ့ကို လူတွေ့ကသာ မကျွေးပဲကားကြည့်စမ်းပါလား။ သူတို့အဖို့ စားစရာလမ်းမရှိတော့ဘူး။ သတ္တဝါတွေမှာ နေ့ရေးလက် ဝတ်ရေးခက်တယ်။ ဝတ်ရေးထက် စားရေးခက်တယ်။ နေ့ဖို့ရာဌာနက မခဲယဉ်းဘူး။ ဘယ်နေ့ရာကပ်နေ့ဝန့်ရနိုင်သေးတယ်။ စားရေးအဘွက်က ကပ်နေလို့မရချင်ဘူး။ ဒါ့ကြောင့် သတ္တဝါတွေ့ဟာ စားရေးနဲ့ပတ်သက်ပြီးပဋ္ဌိပက္ခတွေ ဖြစ်ပွားနေကြရတယ်။

တို့ဘုန်းကြီးတွေမှာလဲ လူတွေရဲ့အစားအသောက်၊အဝတ်အစားထဲက ပိုလို့မှစားကြရတယ်၊ ဝတ်ကြရတယ်၊ နေကြရတယ်။ဒါကို တို့ကလောဘတွေ၊ဒေါသတွေနဲ့မြိန်ရည်ရှက်ရည်စားလို့သေလို့ဖြစ်ပါ့မလား။ မဖြစ်ပါဘူး။တစ်ပါးနဲ့တစ်ပါးကျောင်းတွေလုနေလို့ကော သင့်တော်ပါ့မလား။ တို့မှာက လူတွေကကျွေးတဲ့ ပစ္စည်းလေးပါးကို မြိန်ရည် ရှက်ရည် သုံးဆောင်နေလို့မသင့်ဘူး။ဒီလိုသာ သုံးဆောင်နေရင် အနိဿတ်တွေစားပြီး အပါယ်လေးပါးသွားကြရမှာ အလွန်ဝမ်းနည်းစရာကောင်းတယ်။

ဘာဝနာမပါ ကြောက်စရာ ဒါကြောင့် ကိုရင်တို့ ဦးပဉ္စင်းတို့ ဒီအနိဿတ်တွေစားပြီး သာယာမနေကြနဲ့။ ဝမ်းသာမနေကြနဲ့။လောဘ၊ဒေါသတွေဖြစ်မနေကြနဲ့။အစာအာဟာရစသည်မှာ အာဟာရ ပဋ္ဌာန်းလသည်ဖြစ်လောက်အောင် ကြိုးစားကြရမယ်။ စားသောက်ကြရမယ်။ မိမိရဲ့ ရူပနာမ် ခန္ဓာတရားနှစ်ပါးအပေါ်မှာ သံဝေဂရစရာတွေ ရှာဖွေပြီး အားထုတ်ကြရမယ်။ ဒီလို အမြဲမပြတ် အားထုတ်သွားမယ်ဆိုရင် ဘဝသံသရာအတွက် ကြောက်စရာမရှိဘူး။အားမထုတ်ပဲ ဘာဝနာမပါပဲ လူတွေရဲ့ ထွေးအနိဿတ်လေးကို နေ့စဉ်စားသုံးပြီး သွားမယ်ဆိုရင်၊ သံသရာအတွက် မတွေးဝံ့အောင်ပဲ၊ အလွန်ကြောက်စရာကောင်းတယ်။

ကိုယ့်လမ်းကိုယ်မြင် ကိုယ်တိုင် သတ္တဝါတို့ရဲ့သံသရာသွားရာလမ်းဟာ နှစ်လမ်းပဲရှိတယ်၊ သုဂတိလမ်းနဲ့ ဒုဂ္ဂတိ

လမ်း။ ဒီနှစ်လမ်းပဲရှိတယ်။ ဒီနှစ်လမ်းမှာ သတ္တဝါတွေကဘယ်လမ်းကို အလိုက်များနေသလဲ။ ဒါကိုစဉ်းစား ကြရမယ်။ ဒုဂ္ဂတိလမ်းဘက်ကို လိုက်နေကြတာကများမနေဘူးလား။ သိပ်များနေတယ်။ သတ္တဝါတွေက သုဂတိလမ်းဘက်လား ဒုဂ္ဂတိလမ်းဘက်ကို ခြေဦး လှည့်နေကြတာကများတယ်။ ကိုယ့်လမ်းကိုယ် မြင်အောင်ကြည့်ကြ။ ငါ သွားမယ့်လမ်းဟာ ဘယ်လမ်းလဲ။ ငါ့ရဲခြေလောက်တွေဟာ သုဂတိဘက်ကိုဦးတည်နေသလား။ဒါမှမဟုတ် ဒုဂ္ဂတိဘက်ကို ဦးတည်နေသလား။ ဒါကို မျက်ခြည်မပြတ်ကြည့်ပေးကြ။ ဒီလမ်းကို ဘယ်သူကမှထွင်ပေးနေတာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် ထွင်နေကြတာပဲ။

လမ်းဖြောင့်လမ်းမှန် ရှေးဖို့အရေး ရှေးဖို့အရေးကြီး ဒီနေရာမှာ လမ်းဖြောင့်ကိုရွေးဖို့အရေးကြီးတယ်။စာပေကျမ်းဂန်တွေကိုအမှားမှား အယွင်းယွင်း လေ့လာပြီး တရားအားထုတ် အဟုတ်ကျင့်တဲ့အခါ မိမိမှားယွင်းစွာ လေ့လာထားတဲ့အတိုင်း ကျင့်ကြတယ်။ ဒီလိုကျင့်ကြတော့ လမ်းဖြောင့်မရပဲ လမ်းကောက်သို့ရောက်ကြရတာပေါ့။

မိမိကောက်နေတဲ့လမ်းကို ဖြောင့်အောင် ပြုပြင်ဖို့ရန် လိုတယ်၊စာပေပညာအမျိုးမျိုးရှိတယ်။စာရေးတဲ့ပုဂ္ဂိုလ်တွေက အမှားတက်လမ်းညွှန်ထားရင် ကြည့်ရှုတဲ့ ပုဂ္ဂိုလ်တွေမှာလဲ အမှားမှားအယွင်းယွင်း ဖြစ်ကြရတယ်။ ဒါကြောင့် စာပေရေးသားတဲ့ ပုဂ္ဂိုလ်တွေဟာ အရေးကြီးတယ်။ ရေးတဲ့

စာတွေကို ကြည့်ရှုမှတ်သား လေ့လာကြတဲ့ ပုဂ္ဂိုလ်တွေလဲ အရေးကြီးတယ်။ စာပေကို လေ့လာ မှတ်သားကြတဲ့အခါ ကိုယ့်ဉာဏ်နဲ့ကိုယ် နှိုင်းချိန်ပြီး ဒါကတော့မှန်တယ်၊ ဒါက တော့ မှားတယ် စသည်ဖြင့် အမှားအမှန်၊ လမ်းဖြောင့် လမ်းမှန်ကို ရွေးချယ်ဖို့ အရေးကြီးတယ်။

သာသနာ့တာဝန်ကို လေးလေးပင်ပင်ထမ်းကြ ဘုရားသာသနာ တွေ့တဲ့အခါ ကိုရင်တို့ ပေါ့ပေါ့ဆဆ မနေ ကြနဲ့။ လေးလေးပင်ပင်နဲ့ ကြိုးစား အားထုတ်ကြ။ လောကကြီးမှာ သတ္တဝါအကျိုးကို သယ်ပိုးရွက်ဆောင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေဟာ ပေါ်လာစမြဲ ဖြစ်တယ်။ ထိုပုဂ္ဂိုလ်များဟာ အတ္တဟိတ-မိမိအကျိုးပြည့်စုံပြီး။ ပရဟိတ-သူတစ်ပါးအကျိုး၊ သတ္တဝါများ၏ အကျိုး သယ်ပိုးရွက်ဆောင်ကာ သာသနာ့ဝန်ကို အားလွန်ကြိုးပမ်း ဆောင်ရွက်ကြတယ်။ ကိုရင်တို့ကလဲ အားသွန်ကြိုးပမ်း ဆောင်ရွက်ကြ။

ထိုက်သူမန် လောကီ ရတနာထက် ဘုရားရှင် ရတနာက ပိုပြီး တန်ဖိုးရှိတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ဘုရားရတနာဟာ ဘဝဘေးဆက်ဆက် ပါရမီဖြည့်သူများသာ ပန်ဆင်နိုင်တယ်။ လောကီရတနာတွေဟာ ကံထိုက်သူများ သာ ရသလို ဘုရားရတနာကိုလဲ ထိုက်သူများသာ ပန်ဆင် နိုင်တယ်။ အာရုံယူနိုင်တယ်။

နာမည်ကြီးတာ ချမ်းသာတာလား လောကကြီးက နာမည် ကြီးလာယင် ဟုတ်တယ်လို့ ထင်ကြတယ်။ တစ်သက်လုံး နာမည်ကြီးလာပေမယ့် သာသာဝ ကဟော့ တယ်မဟုတ်လှပါဘူး။ ဘုန်းကြီးရဲ့ဘဝဟာ ချမ်းသာတဲ့ ဘဝ မဟုတ်ပါဘူး။ ပါရမီဖြည့်တဲ့ ဘဝကတော့ ဟုတ်ပါတယ်။ ဘဝလယ်သရာမှာ ပါရမီဖြည့်တယ်ဆိုယင် ကျွန်းမာရေး ဂရုစိုက်ကြရတယ်။ သက်ဟော့ မသက်သာ ဘူး။ ဒါပေမယ့် စိတ်ကိုထိန်းပေးကြ၊ နာမည်ကြီးအောင် မလုပ်ကြနဲ့။ နာမည်ကြီးတာကို တချို့က ချမ်းသာတယ်လို့ ထင်ကြတယ်။ အမှန်ကတော့ မချမ်းသာပါဘူး။ တော်ကြာ ဟိုက်လာ ဒီကလာနဲ့ ဒုက္ခတောင်တောင်များတယ်။ သူတို့ကို ဟောရေ ပြောရလို့ ကုသိုလ်တော့ရပါတယ်။ တာဝန်ကတော့ တောင်တောင်ကြီးကယ်။ ခုထိုက်တန်တဲ့ တာဝန်ကြီးကို ထမ်းရွက်နေတာဟာ နည်းတဲ့တာဝန်ကြီး မဟုတ်ပါဘူး။

နာမည်ကြီးရင် တာဝန်ပိုကြီး နာမည်ကြီးယင် တာဝန်တွေကလဲ ပိုပြီး ကြီးလာတယ်။ တာဝန်တောင်ပိုင်းတွေမှာ လဲ ပိုပြီး အလုပ်ရှုပ်လာတယ်။ ခုသံဃာ တွေက များလာတယ်။ သံဃာများတော့ တာဝန်ပိုင်း ဆိုင်ရာ လုပ်ငန်းတွေကလဲ ပိုများလာတယ်။ ပသက်သာပါ ဘူး။ ကိုယ်တော်တို့ ကောင်းကောင်းနေနိုင်မှ ဒီကျောင်းကို နေကြပါ။ ဆိုင်ရာ ဆိုင်ရာ အုပ်ချုပ်နေတဲ့ ကျောင်း ဘုန်း ကြီးတွေကလဲ ဘယ်ပုဂ္ဂိုလ်ဟာဖြင့် သူတော်ကောင်းစိတ် မရှိဘူးထင်ယင် မထားကြနဲ့၊ ပြန်လွှတ်ကြ။

ကိုယ့်အောက်ကို မကြည့်နဲ့ သယ်သူမဆို တာဝန်ဆောင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေ့ကြည့်, နောက်ကြည့် အရှည်ကို ကြည့်ရတယ်။ မိမိမျက်စိအောက် တစ်ဝိုက်လောက်တွင် မကြည့်ရဘူး။ မျက်စိဟာ ရှင်နေရတယ်။ ဒါကြောင့် တာဝန်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ မျက်စိတွေကို ဖြန့်ကြည့်ကြပါ။ ကိုယ့်အောက်တွင် ကိုယ် မကြည့်ပါနဲ့။

လူတွေမျက်စိ မှောက်နေကြ ကိုရင်တို့ စာတတ်နေရုံနဲ့ မပြီးဘူး၊ သီလ ဝန်ကြီး စာတတ်တွေ ဖြစ်လာအောင် ကြိုးစား အားထုတ်ကြရမယ်။ ဒါမှ သာသနာတော် ကြီး ကျက်သရေရှိမယ်။ ခုခေတ်လူတွေ မျက်စိမှောက်နေ ကြတယ်။ လောဘ, ဒေါသတွေ ကြီးနေတယ်။ ခုခေတ် တိုးတက်နေတာက လောဘ, ဒေါသတွေ တိုးတက်နေတာပဲ။ တွေ့မျိုးအချင်းချင်း ဂုဏ်တုဏ်ယှဉ်ကြတော့ကြ။ အလှူအတန်း တွေဆိုလဲ ပကာသနတွေဖက်ပြီး စားနေကြ၊ လောဘ, ဒေါသတွေ တိုးတက်နေတာ။ ဒါတွေဟာ ကောင်းတဲ့ လက္ခဏာတွေ မဟုတ်ဘူး။

အိပ်မက်ကောင်း မက်မလာနိုင် နှုးနှုးညံ့ညံ့ မနေရဘူးလို့ ဘုန်းကြီးက မဆိုလိုပါဘူး။ အကုသိုလ်တွေ တိုးတက်လာပုံကိုသာ ဘုန်းကြီးပြောလိုခြင်း ဖြစ်တယ်။ အမှန်ကတော့ ခုတင်အကောင်းနဲ့ အိပ်လဲ ဒီလူပဲ၊ မကောင်းတာနဲ့အိပ်လဲ ဒီလူပဲ။ ခုတင်အကောင်းနဲ့ အိပ်ရုံနဲ့

အိပ်မက်ကောင်း မက်မလာနိုင်ဘူး။ အပိုအသုံးအဆောင်တွေ တိုးတက်နေခြင်းဟာ လောဘ, ဒေါသတွေ အားကြီးနေလို့ မကောင်းဘူး။ ခမ်းခမ်းနားနားနဲ့ နေဖို့ရန် မစဉ်းစားကြနဲ့။ သေသွားယင် ဂုဏ်ပကာသနတွေက ပါလာမှာ မဟုတ်ဘူး။

ကိုရင်တို့ ပါရမီဖြည့်တယ်ဆိုတာ ဒီဘဝရဖို့ရာမဟုတ်ဘူး၊ ဘဝသံသရာ အတွက်လဲ မဟုတ်ဘူး။ နိဗ္ဗာန် အတွက်ပဲ။ ပါရမီဟာ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ရဲ့ လုပ်ငန်းဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အတွေးအခေါ်ဆိုတာ ကိုယ်တိုင်လဲရှိရတယ်။ ကိုယ်နဲ့စပ်ဆိုင်တဲ့ ဒါယကာ ဒါယိကာမတွေကိုလဲရှိစေရမယ်၊ လိမ္မာအောင် စာသင်ကြ၊ ကဗျာလဲ အမြော်အမြင်ရှိကြ။ ကို့အားလုံးရဲ့ မျက်လုံးများသဖွယ်နေတဲ့ ပိဋ္ဌက ကျမ်းတွေသာ မရှိရင် အကန်းတွေ ဖြစ်ကုန်ကြမှာပဲ။

မျက်စိတစ်ဘက် ကန်းနေသူများ အနောက် နိုင်ငံသားတွေဟာ တို့မြန်မာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် သိပ္ပံပညာဘက် ဆိုင်ရာမှာတော့ ထိပ်တန်း ပညာရှိတွေ ပါပဲ။ ဒါပေမယ့် ကိုယ့်နိုင်ငံ တိုးတက်ဖို့ရာနဲ့ ကိုယ့်လူမျိုး ကြီးပွားဖို့လောက်ကိုသာ မြင်နေကြတယ်။ ဒီဘဝ ကောင်းစားရေးကိုသာ ဦးစားပေးပြီး ကြည့်ကြတယ်။ လာမယ့် သံသရာအတွက်ကို သူတို့မမြင်ကြဘူး။ အဲဒီလို တစ်ဘက်က သိပ္ပံပညာရပ် ထွန်းကားနေပေမယ့် တရားတော် အဓနနဲ့ ကတော့ တစ်ဘက်က ကင်းမဲ့နေပြန်တယ်။ ကိုရင်တို့

ဦးပဋ္ဌင်းတို့ ဝတ်တတ်, စားတတ်, ဆက်ဆံတတ်ရတယ်။ ဘဝ သံသရာမှ နိဗ္ဗာန်အထိ ပါအောင်လုပ်ကြ၊ လက်လွတ် ခြေက မြဲဆိုသလို ပညာရေးအနေနဲ့ ညံ့နေပေမယ့် တရားဘက်ကတော့ မြဲမြဲကိုင်ထားကြ၊ အသက်ရှည်ရှည်နဲ့ ကျန်းမာရေးကောင်းအောင် ကိုယ်တိုင်ပြုလုပ်ကြ။

ပရိယတ်ပဋ္ဌိပတ် ဝုံပါ၀ေ တချို့ပုဂ္ဂိုလ်တွေက ကိစ္စတစ်ခုကိုကြိုးကြိုးကျယ်ကျယ် လုပ်ချင်ကြတယ်။ တချို့ကတော့ ကြိုးကြိုးကျယ်ကျယ် မလုပ်ချင်ကြဘူး။ ကြိုးကြိုးကျယ်ကျယ် ဆိုင်းသိုင်းဝိုင်းဝိုင်း လုပ်ချင်ကြတာဟာ နူတဲ့လူတွေလုပ်ချင်ကြတာ။ ဒါတွေဟာ အပေါ်ယံ အကာအကွယ်နေတဲ့ ပကာသနတွေပဲ။ တချို့က ပရိယတ္တိသာသနာကို အထင်အေးပြီး ပဋ္ဌိပတ္တိကို ဆာဟုတ်ထင်ကြတယ်။ ပဋ္ဌိပတ်မှာ ပရိယတ်ပါမှ ပြည့်တယ်ဆိုဟာကို စဉ်းစားဖို့ကောင်းတယ်။ အမှန်ကတော့ ပရိယတ်,ပဋ္ဌိပတ်စုံနေမှ နိဗ္ဗာန်သွားရာလမ်းဟာ ဖြောင့်မယ်။ ပရိယတ်ချည်းကြိုးစားအားထုတ်နေပြန်လို့ရှိရင်လဲ ဂုဏ်ပကာသနဘက်လိုက်ပြီး ပဋ္ဌိပတ်ဘက်က ကင်းလွတ်သွားမယ်။

နောက်ဆုံး သွားရာလမ်း လူတို့ရဲ့ နောက်ဆုံးသွားရာလမ်းဟာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ကိုမရောက်ခင်စပ်ကြားမှာသံသရာကြီးတဲ့ကျင်လည်ကြရဦးမှာပဲ။ ဒီလိုကျင်လည်ကြရတာကလည်းအလုပ်ကိုတကယ်တမ်းအားကြိုးမာန်တက်မလုပ်ကြလို့ဖြစ်တယ်။ လူတွေက ပကာသနတွေ ခြယ်လှယ်

ထားတဲ့ အသိုင်းအဝိုင်းနဲ့ဂုဏ်များကို မြတ်နိုးခင်မင်နှစ်သက်တယ်။ ရအောင်လဲ လုပ်ကြတယ်။ ဒီလိုသာဆိုရင် သတ္တ၀ါတွေ သံသရာကြီးမှ မလွတ်ပဲ ကျင်လည်ကြရဦးမှာ။ ကိုရင်တို့ အလုပ်ကို ကြိုးစားလုပ်ကြ၊ တရားကိုမမေ့ကြနဲ့။ ကဲ....ဟော်ပြီ၊ သွားကြတော့။

စမ္ဘယျုဟာ
အာဠဝီ (၁၉)၊ အမှတ် (၁)
(၁၉၇၀၊ မတ်လ)

ကျေးဇူးကမ္ဘာနှင့် အချိန်တန်ဖိုး

ရွှေအိုးကိုတွေ့ရသလို ပုဂ္ဂုလ်တစ်ဦးတစ်ယောက်မှာ သာယာမှု လောဘနဲ့ ကင်းမနေနိုင်ဘူး။ ဒါပေမယ့် သာယာမှုလောဘကို ကျွန်ုပ်လုပ်ပြီး ရှောင်နိုင်ရင် တော်တယ်လို့ဆိုရမှာပဲ။ ဒီသံသရာအဆက်ဆက်က ပါလာတဲ့ လောဘကိုတရားနဲ့မှမယိန်းရင် ပိုသည်ထက် ပိုသာဆိုးလာစရာရှိတယ်။ လောဘအလိုကို ပလိုက်ကြနဲ့။ လောဘအလိုကိုလိုက်ရင် သံသရာမှာ မသက်သာဘူး။ ကိုရင်တို့ကို ဘုန်းကြီးက ဆုံးမနေတာ တက်သုတ်ရိုက် ဆုံးမနေ ခြင်းဖြစ်တယ်။

အပြစ်ကိုပြ ပြောဆိုဆုံးမတတ်တဲ့ မိဘဆရာသမားမိတ်ဆွေများနဲ့ တွေ့ရတာဟာ ရွှေအိုးကိုတွေ့ရတာနဲ့တူတယ်၊ ဒီပုဂ္ဂုလ်တွေဟာ မိမိအတွက် ရွှေအိုးကို လက်ညှိုးထိုးပြနေခြင်းဖြစ်တယ်။ ဒီလိုနေ၊ ဒီလိုသွား၊ ဒီလိုလာ၊ ဒီလိုစား စသည်ဖြင့် ပြောဆိုဆုံးမနေတာကို လိုက်နာတဲ့လူများမှာ သူ့အတွက် တစ်သက်သာစားလို့မကုန်နိုင်တဲ့ မသိုးတမင်းမသိုးဟင်း ဖြစ်တယ်။ ဒီဟစ္ဒုပ္ပန်တစ်သက်တာတွင်မက ဘဝသံသရာ အဆက်ဆက် စားလို့မကုန်တော့ဘူး။

လက်ပိုက် ကြည့်မနေကြနဲ့ ခုခေတ်လူတွေကကိုယ့်သားသမီးကို မြောက်ပေးနေကြတယ်။ လှလှပပ ဖြင်ဆင်ပေးကြတယ်။ ကလေးကပြုံးတာကို မနောခွဲ သဘောတွေ့နေကြတယ်။ ဒီလိုသာ အမြဲလုပ်ပေးနေယင် ဒီကလေးဟာ သာယာတဲ့ လောကကို ရှာဖွေ မလာပေဘူးလား။ သာယာမှုလောကမှာ နစ်မြုပ်လေလေ ပျက်စီးခြင်းမကပျက်စီးလေလေဖြစ်ရတာပဲ။ ဒီလိုပျက်စီးလာတဲ့ အခါကျတော့မှ မျက်ရည်ခံ ကောင်းပန်ရတဲ့ဘဝ ရောက်ရတာပဲ။

တပည့် သားသမီးတွေဟာသူတို့ဘဝကို သာယာတဲ့လောကထဲမှာ မြှုပ်နှံချင်ကြတယ်။ ဒါကို ဆရာမိဘ လုပ်သူတွေက လက်ပိုက်ကြည့်မနေလို့မဖြစ်ဘူး။ ဒုံးလုပ်သူဟာ မိမိအိုးမျှားကောင်းရန်အတွက်ကျနစ္စာထုခတ်ပေးရသလို ဆရာမိဘမျှားဟာလဲ မိမိတို့တပည့် သားသမီးမျှား ကောင်းစားရန်အတွက် ကျနစ္စာ အပြစ်ကိုပြ ဆုံးမကြရမယ်။ ငါပြောတိုင်ငါက်ငန်း ဆုံးပလိုက်တဲ့အသွက် သူတို့စိတ်တွေများညစ်သွားလေမလား ဆိုပြီး မဆုံးမပဲမနေပါနဲ့။ ကိုယ့်သားသမီးကို တကယ်ချစ်တယ်ဆိုရင် ဆုံးမကြရမယ်။ ငယ်ငယ်ရွယ်ရွယ်က လိုက်နာရ ကောင်းမှန်း မသိလေးတဲ့ သားသမီးတပည့်တွေဟာ ကြီးလာတဲ့အခါကျတော့ နှားလည်သဘောပေါက်လာကြလိမ့်မယ်။ ဒီအခါကျတော့မှ ဆရာသမား မိဘညွှာတာကာတို့ပြောဆိုဆုံးမသွားတာလေဟာ တယ်မှန်ပါလားလို့ ဝမ်းမြောက်ဝမ်းလာဖြစ်ပြီး ဆရာ မိဘစေတနာတို့ရဲ့ ဂုဏ်ကျေးဇူးကို ပြောမကုန်အောင် ရှိကြလိမ့်မယ်။

အလုအခတ်ကောင်းမှ အိုးကိုလုပ်တဲ့ အိုးလုပ် သမားဟာ အိုးကောင်းနိုင် ထုတတ် ခတ်တတ်ရတယ်။ မထုတတ် မခတ်တတ်ရင် စောင်းတဲ့ နေရာက စောင်း၊ ရှဲ့တဲ့နေရာကရှဲ့ နေတတ်တယ်။ နောက်ဆုံး အိုးကို ခြင်းသို့ရောက်ရတယ်၊ ဒီအတိုင်းပဲ ဆရာသမား မိတစ္ဆေတွေ ကလဲ ကိုယ့်တပည့်သားသမီးကို ပြောဆိုဆုံးမတတ်ရတယ်။ အဆုံးအမလဲ့ရင် တပည့်သားသမီးတွေဟာ အပျက်လေးတတဲ့ရောက်သွားတယ်။ တပည့်သားသမီးမျိုးအပေါ်မှာဆုံးမ ကျမ်းကျင်ဖို့လိုတဲ့ မိဘဆရာတွေဟာ ဗုဒ္ဓကျမ်းစာတွေနဲ့ နိုတိ ကျမ်းတွေကို နိုင်နိုင်နင်းနင်း တတ်ကျွမ်းတားရမယ်။ ဒါမှ ဆုံးမတဲ့နေရာမှာ တက်မြောက်မယ်။ တချို့တပည့်တွေဟာ ဆရာ သမားစသည်က အပြစ်ပြုဆုံးမကြတဲ့အခါ မခံ ဟူတတ်ကြ ဘူး။ အလုအရိုက်မခံတဲ့ အိုးလိုပဲ။ အဲဒီလိုမခံဟူတတ်တဲ့တပည့် တွေဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။ ဆရာ မိဘ စသည်တို့ကလဲ အလုအခတ်ကောင်းအောင် ထုကြ။ တပည့် သားသမီးတွေကလဲ လိုက်နာကြ။

ပညာရှိတို့ဘာဝနာ ဆရာသမားနှင့်မိဘလုပ်သူများဟာတပည့် သားသမီးများ အပေါ် လိမ္မာအောင် သွန်သင်ဆုံးမနည်းပေး လမ်းပြကြတယ်။ ဒီလို ကျေးဇူးရှင် တွေအပေါ်မှာ ကျေးဇူးသိခြင်းဟာ သာမန်လူပုဂ္ဂိုလ်တို့ ပြု နိုင်ခဲသောအလုပ်ဖြစ်တယ်။ တကယ့်ပညာရှိတို့ရဲ့ ဘာဝနာကြီး သာဖြစ်တယ်။ ဒါကြောင့် ကျေးဇူးကြီးမားလှတဲ့ ဆရာ မိဘ

များအပေါ် တပည့်သားသမီးတွေဟာ ကျေးဇူးသိတတ်တဲ့ ပညာရှိဖြစ်ဖို့ အသွားလိုအပ်ပါတယ်။

လူတစ်ယောက်ရဲ့ အလေ့အလာ ဝါသနာဟာ မိဘ ဆွေ မျိုးဆရာသမားစသော ပုဂ္ဂိုလ်တွေမှ ကူးစက် သတ်တယ်။ ကူးစက်သဲ့နေရာမှာလဲ အကောင်း ကူးစက်တာလဲ ရှိတယ်။ အဆိုးကူးစက်တာလဲ ရှိတယ်။ အကောင်းကူးစက်ဖို့ အလွန် အရေးကြီးတယ်။ ဖိမိခ္ခဲမိဘဆရာသမားတွေက ကောင်းနေမှ မိမိအကူအညီအကောင်းဖြစ်တယ်။ ခေတ်ဆိုသောလိုက်တတ်တဲ့ အမျိုးဖြစ်တယ်။ ဒီလိုကူးစက်ပြီးခေတ်ဝင်လာခြင်းကိုပဋ္ဌာန်း အရာမှာပကဏ္ဏပစ္စည်းနဲ့ ကျေးဇူးပြုတယ်။ ဝိတ်ကောင်းဆွေ ကောင်း၊ အရာကောင်း သမားကောင်းများ ဖြစ်ကြတဲ့ ကလျာဏမိတ္တိများဟာ ကုဘိုလ်တက်မှာကျေးဇူးပြုကြတယ်။

ဆရာသမားရဲ့ ပိရိယရှိဖူးကြောင့် မိပိလ ဝိရိယ ကောင်း လာမယ်။ ဆရာကောင်း သမားကောင်းနဲ့တွေ့ရန် အရေးကြီး တယ်။ တွေ့ရမှလဲ ဝိရိယကောင်းလာမယ်။ အလုပ်တစ်ခုကို ခဲ့ခဲ့ မြဲမြဲလုပ်ရတယ်။ ခဲ့ခဲ့မြဲမြဲလုပ်ပုလဲ့ အရာထင်တယ်။ ဝိပဿနာ ဘာဝနာကိုအားထုတ်တဲ့နေရာမှာလဲ ခဲ့ခဲ့မြဲမြဲ ပိုင်ပိုင် နိုင်နိုင် မြဲမြဲလုပ်မှလဲ အရာထင်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပုဂ္ဂိုလ်တစ် ယောက်ရဲ့အကောင်းဟာ ပုဂ္ဂိုလ်တစ်ယောက်မှကူးစက်ကျေး ဇူးပြုတာကတော့ အဖိုးမဖြတ်နိုင်တဲ့ ပတ္ထမြားကို ရတာနဲ့တူ တယ်။

မျိုး ပြုတ်ပစားနဲ့ ဒါကြောင့်ကိုရင်တို့ ကိုယ့်ကိုယ်ကိုမျိုးပြုတ်
ပစားကြနဲ့။ မျိုးပြုတ်စားတယ်ဆိုတာ ဖီ
ဘဝရတာလေးကို ဖီဘဝမှာ အာရုံကောင်းတာ လေးတွေနဲ့
ခံစားလိုက်ရင် မျိုးပြုတ်စားရာရောက်တော့တာပဲ။ကိုယ်ရင်
တို့ဘဝတစ်ခုမှာ—

(၁) ဘွဲ့မျိုးကိုကြည့်ရမယ်။
(၂) အဆင်းအင်္ဂါကို ကြည့်ရမယ်၊
(၃) ဖီဘ ဆွေမျိုးကို ကြည့်ရမယ်၊
(၄) ဖီမိဘာဏ်ပညာကို ကြည့်ရမယ်၊

ကိုယ့်ကိုယ်ကို မျိုးထားပြီး နောက်ဘဝ သံသရာအတွက်
အရှိန်ယူထားရတယ်။

လောကကြီးမှာ ဘုန်းကြီးရယ်၊ လူရယ်လို့ ဖြစ်လာရင်
အလကားသက်သက် အချိန်မဖြုန်းသင့်ဘူး၊ ဘုန်းကြီးတော့
လမ်းလျှောက်တာတောင်စာပေများကိုစဉ်းစားပြီးလျှောက်
တယ်။

"ပဏ္ဍာနုံ၊ မှည့်ရင့်ကုန်သော။ပတ္တဖလာနုံ၊ အရွက် အသီး
တို့၏။ ပတနုံ၊ ကြွေကျခြင်းသည်။ နိစ္စံ ယထာ၊ မြဲသကဲ့သို့။
သက္ခာနုံ၊ ဖြစ်ပေါ်လာကောသတ္တဝါတို့၏။ မရဏသေခြင်း
သည်။ နိစ္စံ၊ မြဲ၏" တဲ့။

နေကလဲပူ လေကလဲတိုက်လို့ ရင့်ရော်မှည့်ဝင်းလာတဲ့သစ်
ရွက်လေးတွေဟာ မမြဲပုံ သခင်ဂရ သဘောတရားကိုပြပြီး မြေ
ပြင်ပေါ် တစ်ဖျောက်ဖျောက် ကြွေကျနေသလိုရှုပ်, နာမ်

သဘောတရားတွေဟာ ပြင်ပပျက်ချုပ်ကွယ်ပြီးနေကြတယ်။
ဝိပဿနာ ဘာဝနာလုပ်ဝန်းဟာ စတင်အားထုတ်တဲ့ နေရာ
မှာ တောင်ပေါ်တက်ရသလိုပဲ။ ဘစပတမဟော့ ခက်တယ်။
တောင်ပေါ်ရောက်သွားတဲ့အခါ ဖိမ်းလန်းနိုပြည်နေတဲ့သစ်
ပင်တွေကို ကြည့်ရတဲ့အခါ တောင်ပေါ်တက်လာ ကာစက
မောလာတာတွေဟာ ဘကုန်လုံးပျောက်ပြီး ဓိတ်ချမ်းသာ
ကိုယ်ချမ်းသာ ဖြစ်လာရသလို ဟရားအလုပ် အားထုတ်တဲ့
ပုဂ္ဂိုလ်တွေဟာလဲ အဆင့်အတန်းအလိုက် စိတ်ကွေဟာ တ
ဖြည်းဖြည်း မြင့်တက်လာရတယ်။ ဒါကြောင့် ကိုရင်တို့ကလေ
ကြီးကြီးမားမား တား။ စကားနည်းနည်း ပါးပါးပြော။
စိတ်ကို မြင့်မြင့်မတ်မတ်လားကြ။ မည်သည့်နေရာကိုမှစ့ဲစ့ဲမြဲမြ
စ့ဲလမ်းမှ မထားကြနဲ့။

လူကိုဥပါဒါန် စ့ဲလမ်းခြင်း ဘုန်းကြီးတို့ ရဟန္တာပုဂ္ဂိုလ်ကြီး တွေဟာ
ရုပ်နာမ်ခန္ဓာတရားတွေကို တဏှာဒိဋ္ဌိတွေ
နဲ့ မစ့ဲလမ်းတော့ဘူး။ သာမန် ပုထုဇဉ်တွေ
မှာတော့ လင်ရယ်၊မယားရယ်လို့ ဖြင်လာတဲ့ အချိန်ကစပြီး
မရသေးတဲ့ သားသမီးကို လှမ်းချစ်ကြတယ်။ ဒါတွေဟာ
မဟုတ်တာတွေကို စ့ဲလမ်းနေခြင်းဖြစ်တယ်။ မဟုတ်လာတွေ
ကို ဝဲ့ဲလမ်းနေတာဟာ အရှုံးတွေပဲ။ အရှုံးလို့ အခေါ်ခံရတဲ့
အရှုံးကလဲ သူ့ကိုယ်သူ အရှုံးလို့မသိဘူး။ အရှုံး မဟုတ်တဲ့
(အရှုံးအခေါ်မခံရတဲ့)လူများကလဲ သူတို့ကိုယ်သူတို့ အရှုံး
လို့ မသိကြဘူး။

လူတို့ရဲ့အသွင်
မကွေ့ပျ

ဒါကြောင့် ကိုရင်တို့ ဇွဲလမ်းမှမထားကြနဲ့။ မိမိတို့ရှိဝိတ်တွေကို စိတ္တ၊ဝိရိယ၊ဝိမံသ ဆိုတဲ့ အဓိပတိတရား တပ်ထားကြ။ ကိုယ်နှစ်လက် ရာတရားကို နှလုံးသွင်းကြ။ ဘုန်းကြီး ဒီလို ခိုင်းရတာက ပုဂ္ဂိုလ်တွေဟာ တစ်ဦးနဲ့တစ်ဦး အသွင် မတူကြဘူး။ ဒီတစ်ကျောင်းတိုက်လုံးဆိုတာမပြောနဲ့၊တစ်အိမ်တည်းအကူနေကြ တဲ့သူတွေလောင် အသွင်မတူကြဘူး။

ရှေးဘုန်းက ပုဏ္ဏားကြီး တင်ကောက်ကို ရှင်ဘုရင်က "ပုဏ္ဏားကြီး၊ငါလိုယ်တော် အရှင်ပြတ် ဆုတောင်းလာတ်တော် များပေးသနားတော်မူပယ်၊ အလိုမျိုရာဆုလာတ်ကို တောင်းလော့" လို့ အမိန့်ချမှတ်လိုက်တဲ့ အခါ ပုဏ္ဏားကြီးကလဲ "တောင်းလှပါပြီ ဘုန်းတော်ကြီး ဘုရား။ ကျွန်တော်မျိုး အိပ်ပြန်ပြီးကာမှသုလာတ်များတောင်းပါမယ်" လို့ သံတော် ဦးတင်ပြီး တွက်သွားတယ်။

အိမ်ရောက်တဲ့အခါ ပယာနဲ့ဝတ္ထု သား၊ချွေးမ၊ကျွန်မ ဖြစ်တဲ့ ခွင့်ရှာတို့ကိုခေါ်ပြီး မျက်နှာစုံညီကြတဲ့အခါ ပုဏ္ဏား ကြီးကပြောတယ် "တို့ ဘုန်းတော်ကြီးဘုရားကဆုလာတ်များ ပေးသနားတော် မူမလို့တဲ့။ သင်တို့ဟာတွေ ဘာဆုလာတ် အလိုရှိကြတယ်ဆိုတာသိရအောင် လာပြီး တိုင်ပင်ကာပဲ" လို့ ဖြောတယ်။ ဒီအခါပုဏ္ဏားမက "သူများမေးတာတော့ ဟုတ် ပါပြီ၊ ရှင်ကကော ဘာဆုလာတ်များကို လိုချင်ပါသလဲ" လို့ မေးပြန်တယ်။ "ငါကတော့ ရွှာစားဆုကိုယူမယ်" လို့ ပုဏ္ဏား ကြီးကပြန်ပြောတယ်။ "နို့မင်းကကော ဘာဆုများယူမလဲ"

လို့ ပုဏ္ဏားကြီးက ဝေးပြန်တယ်။ ပုဏ္ဏားမက "ကျွန်မတော့ နို့စားနွားမ တစ်ရာဆိုရင် တော်ပါပြီ" လို့ ပြန်ပြောတယ်။

ဒါနဲ့ပုဏ္ဏားကြီးက "သားကကောဘာဆုများယူမလဲ" လို့ သားဖြစ်သူကို ပေးပြန်တယ်။ ဒီတော့ သားဖြစ်သူကလဲ "ကျွန် တော်ကတော့ အာဘောဂ(ချမ်းသာ)ကတဲ့ ယာဉ်ရထားကြီးကိုလို ချင်ပါတယ်" လို့ပြောတယ်။ တစ်ခါချွေးမဘက်လှည့်ပြီး "ကဲ ချွေးမကဘာ ဘာယူမှာလဲ" လို့ မေးပြန်တယ်။ "ကျွန်မက တော့ ပတ္တပြားနားတောင်းကို လိုချင်ပါတယ်" လို့ ပြော တယ်။ အဲဒီလို တစ်ယောက်စီမေးပြီးကျွန်မဥစ္စာကျွန်နေမှန်း သိလို့ "ခွင့်ရှာ သင်ကကောဘာဆုယူမလဲ" လို့ မေးတော့ကျွန်မ ခွင့်ရှာက ဘာပြန်ပြောတယ် ဆိုတော့ "ကျွန်မတော့ ဘာရယ် လို့မဟုတ်ပါဘူး၊နွေတိုင်းနွေတိုင်း ဆားလုံးဆာတွက် မဆလာ ရောင်း ရတာခက်နေလို့ ဘုံကောင်းကောင်းလာ လိုချင်ပါ တယ်" လို့ ပြောလိုက်တယ်။

ပုဏ္ဏားကြီးကလဲ ရှင်ဘုရင်ထံ အခစားဝင်ပြီး အကျိုး အကြောင်းလျှောက်ထားလို့အခါ ( )င်ကြီးက ပြုံးတော်မူ သတဲ့။ ပြုံးတော်မူကာကကျွန်မရှေ့()ဆုလိုချင်တဲ့အကြောင်း က ပြုံးစရာအကောင်းဆုံး ဖြစ်နေလို့ပဲ။

ဘုန်းကြီးကျောင်းတိုက်မှာလဲ နာနာဝေနေ၊တစ်ဦးနဲ့တစ် ဦး လိုချင်တာချင်း မတူကြဘူး။ ဘုန်းကြီးဘဝနေနေ၊ လူ့ ဘဝနေနေ ကတိကောင်းဖို့ရာမလွယ်ဘူး။ မိမိတို့ရဲ့ မျက်စိများ ဟာ ပစ္စုပ္ပန်တွင်မှုကူးမစိုက်ပဲ ဘဝသံသရာအထိ စူးစိုက်တား ကြ။ "မစားရအရှင်း၊ စားရဆိုထမင်း" ဆိုတာလို ဘုန်းကြီး

ဘဝ မနေရရင်လဲရှင်းရှင်း၊ နေရင်ပဲ သူတော်ကောင်းပဲ လုပ်မယ်လို့ မိမိတို့ရဲ့ စိတ်ဝေတ်တွေကို ခိုင်မြဲအောင်ထားကြ။

သာသနာတော်ကို ဗုဒ္ဓမြတ်စွာသာသနာတော်မှာ မူရင်းကို
မူရင်းလိုက်ကြ လိုက်ကြရတယ်။ အဖျားအနှားလိုက်ရင် အကျိုးရတဲ့အဝါ အဖျားအနှားပဲအကျိုးရမယ်။ သတ္တဝါတွေက ဝတ်ကောင်းစားလှဝတ်စားရယင် ချမ်းသာတယ်လို့ လင်ကြတယ်။ အကောင်းတွေချည်း ဝတ်စားနေယင်လောဘမူသောမနုဿဖြစ်တယ်။ ဒီအကောင်းတွေက ခဏသာကောင်းတာ၊ တာရှည်ကျတော့ "မကောင်းဘူး။ ကောင်းကောင်းဝတ်ဆေးနေသူများမှာ ဘရားသဖြင့် အလုပ်လုပ်သူတွေလဲရှိတယ်။ မတရားသဖြင့် အလုပ် လုပ်သူတွေလဲရှိတယ်။ မတရားတဲ့သူတွေးဆတွက်တော့ သံသရာမှာ ဘယ်တော့မှ မကောင်းဘူး။

လောကမှာ လောကီချမ်းသာတွေဟာ အဆာများမျိုးခပ်ရတယ်။ဥပမာ၊ဟင်းတစ်ခွက်ကောင်းဖို့ရန်အတွက်အဆာများမျိုးခပ်ရသလို လို့အတူပဲ အိမ်ကောင်း ယာကောင်း အဝတ်ကောင်း အစားကောင်းရဖို့ရန်အတွက် အဆာမျိုးမျိုး ခပ်ရတယ်။ တယ်ပြီးတော့ တွက်ပုံရှုံးကြတယ်။

အနိစ္စ၊ဒုက္ခ၊အနတ္တရှုတယ်ဆိုတာပဓိပဿနာကိုဆိုလိုတယ်၊ ရှုပ်နှာပ်နှစ်ပါးကိုရှုရတယ်။ပညတ်ကိုရှုလို့မရဘူး။ရဉ်းတော့ ဓမ္ဓနိုက်နိုသောရှုနည်းမဟုတ်ဘူး။ဘာသနာမှာ အကျင့်မရှိရင် ကျဆင်းသွားမှာပဲ။ အချိန်တွေကိုအလဟဿမကုန်သင့်ဘူး။

အချိန်ရဲ့ တန်ဖိုးကိုနားလည်ကြဖို့မယ်။ လွတ်တဲ့အချိန်တွေကို ပြန်ပြီးတမ်းတ နေတာဟာ စိတ်ပင်ပန်းရုံသာရှိတယ်။ ကဲ.... ကိုရင်တို့ ကောင်းကောင်းနေကြ။ သီလကိုလုံခြုံအောင်ထိန်းကြ။ကိုယ်နဲ့စပ်လျှိုရောက်လာတဲ့ကိုရင်လေးတွေကို ပြုပြင်ပေးကြ။ကိုယ့်စကား နားမထောင်ရင် မတားကြနဲ့။ သူတော်ကောင်းမဟုတ်တဲ့လူတွေကို မမှီးကြနဲ့။ ကဲ....သွားကြ။

ဓမ္ဓဗျူဟာ

အတွဲ (၉၇) အမှတ်(၂)

(၁၉၇၀၊ ဧပြီလ)

အကြည်ညိုခံနိုင်ရေး

ဘာ့ကြောင့် ကံတွေကို ကျေနပ်ကြရဲ့လား။ ကျေနပ်ရာ ဘုန်းကြီးဇော် ကောင်းတာလမိုဘ၊ ဆရာ၊ ကိုးဘွား၊ ရွှေမျိုး တွေနဲ့ ကောင်းကောင်းတွေ့ရမှ ကျေနပ်စရာ ကောင်းတာ။ ကိုယ်ဘော်ဟိုကတော့ ဘာပဲမတွေးကြဘူး။ ကိုယ့်ကိုယ်ကိုလဲတွေးပေးရတယ် ဘုန်းကြီးဝတ်နေတာကစ၊ တ်လို့ကောင်းလို့မဟုတ်ဘူး။ ဟကယ့်ကို ပါရမီတွေ ဖြည့်ချင်လို့ ကုသိုလ်တွေ့ရချင်လို့ မဂ်, ဖိုလ်, နိဗ္ဗာန် ရအောင်လို့ ဘုရားထက်ဆူးပြီး ဘုန်းကြီးဝတ်နေတာ၊ ရှေးကံမကောင်းတာတွေ့ တွေ့ရတယ်။ ခန္ဓာကိုယ်က ကိုယ်လုပ်ချင်သလို လိုက်လုပ်တာ မဟုတ်ဘူး။ ကံဆိုတာ ကိုယ်တစ်ယောက်တည်းနေတော့ မသိ သာဘူး။ အဟုတ်။ အများနဲ့အလုပ်လုပ်တော့ သိသာတယ်။

သက်နိုးတွေကို တန်းပေါ်ကဆွဲမချကြနဲ့။ ရှေးက မဟာ ဂန္ဓာရုံဆရာတော်က မျက်စိမမြင်ပေမယ့် သက်နိုးသပိတ်တွေ နေပူထဲမထားကြရန် ဓဏ္ဍာဏ အမိန့်ရှိလေ့ရှိတယ်။ ကြောင့် ကြ ရှိတော်မူတယ်။ ဘုရားရှင်ကို အရှင်သာရိပုတ္တရာလဲသိက္ခာ ပုဒ်တွေ ပညတ်ရန် အစောကြီး လျှောက်ထားတယ်။ ဘုရား ရှင်က အကြောင်းရှိမှ ပညတ်တော်မူမယ်လို့ အမိန့်ရှိတော်

မူတယ်။ ဒါကြောင့် သာသနာစင်ကြယ်ဖို့က သိက္ခာပုဒ်တွေ ပါပဲ။

ဘုန်းကြီးမှာ တာဝန်တွေ့ မျှားပေမယ့် သာသနာတော်မှာ ဝတ်မယ့် ပုဂ္ဂိုလ်တွေကိုပါ ဇရေ ထိန်းနေရ တယ်။ တချို့က ကြည့်ကောင်းတယ်၊ တချို့က ကြည့်လို့မဟန်ဘူး။ တော်ရဲ့ ကိုယ်တော်တောက ပတော်ရဲ့ ကိုယ်တော်တွေကို ရှောင်ပြီးနေကြ။ အကျင့်စာရိတ္တနဲ့ ပူဇော်ကြ။ သဒ္ဓါတရားနဲ့ ပျော်အောင်ဇနနိုင်ရင် နေကြ။ မနေနိုင်ရင် ဒီကျောင်း တိုက်က ထွက်ရုံမက လူပါတွက်ကြ။ အများစုက စာမေးပဲ့ လောက်နဲ့ ပြီးနေကြပြီး လူကြီးလုပ်ကြတာ တက်ယ့်ပါဠိတော် တရားတော်တွေကိုတော့ မသင်ကြဘူး။ တပည့်တွေကိုလဲ ဒီလိုပဲ။ ဆုံးဖတ်နေရာကျတော့ လိုတယ်။

ဓိတ်လားဓမ္မာင်းကောင်းနဲ့ သာသနာပြုကြ

ကံဆိုတာ အလူးလုပ်နေရုံကာ မဟုတ်ဘူး။ နေ့တိုင်း ဝိုင်ကို ပြုလုပ်နေ တာ တွေ ဟာ ကံ ချည်းပဲ။ လူတွေတာ တွက်ပုံရှုံးကြတယ်။ သူများ ကောင်း စားနေတာကို ကိုယ်က ဝင်မရှုပ်ရဘူး ဝေ့သာကြီးရင် အရ နည်းတယ်လိုတာလို ဒီမှာပြင်နေတာ အလကားပြင်ဇနတာ မဟုတ်ဘူး။ သာသနာကို ကြည့်ပြင်နေတာ။ ဒီအဝ အသင့်မြင့်မြင့် အတန်းမြင့်မြင့် နေပေမယ့် ဝမ်းသာတာက တစ်ဘက် စဉ်းစားတာက တစ်ဘက်ပါ။ သူများကလူတာကို တို့က အောက်တန်းကနေ မသုံးရဘူး။ တို့ကမလှုနိုင်ပေမယ့်

သူတို့လူတာဝတ်ကုသိုလ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာက ဒါနသီလ သံယမ ဓမ္မဆိုတာတွေက သူတို့ဝတ်သာတယ်။ ဒီဘဝ အဆင့်အတန်းမြင့်တာကို မကြည့်ရဘူး။ ပဋိဘာ လုပ်ကြည့်ရတယ်။ ကိုယ့်ပရိသတ်ကို ကြည့်ပြင်ကြ။ သူများကို ကြောင့်ကြစိုက်ပြီး ပြင်ပေးတော့ကိုယ့်မှာလဲဒီဘဝ နောက်ဘဝပေါ် ပြင်ပေးပြီးသားဖြစ်ပြီး အကျိုးရတယ်။

ဒီကျောင်းတိုက်မှာ ကိုယ်ကျိုးကြည့်ပြီး သူကျိုးမဆောင်ချင်ယင် မနေကြနဲ့။ ပရဟိတသမာဓိ တော်တယ်။ အဘွဲ့ဟိတသမားက မတော်ဘူး။ သူကျိုးငဲ့နေလို့ အားမရယင် ထွားကြ။ ရောက်ပြီးသားအဆင့်က ဘုန်းကြီးကတော့ ပြန်လျှော့ပေးမှာ မဟုတ်ဘူး။ ဝိနည်း လေးလေးစားစားနဲ့ ကိုယ်ကျိုးနောက် သူကျိုး တစ်ခါတည်း ပါလာရမယ်။ သာသနာကြီးက မနည်းကြီးစားထားရတာ၊ စိတ်ကောင်း နှလုံးကောင်း ရှိရှိနဲ့ သာသနာတော်ကြီးလို ပြုစုကြ။

အသစ်ကိုယ်တော်တွေ့မျှားလာယင်အဟောင်းကိုယ်တော်တွေက ရှေ့ဆောင်ရမယ်။ လာမယ့် သုဂတိ မဂ်ဖိုလ်နိဗ္ဗာန် ဦးတည်နေမှ ကောင်းတယ်။ ဒါမှလဲ အလုပ်ဆိုတာ ပါဝင်မယ်။ ဘုရားနဲ့ဆိုင်လာရင် ကျက်သရေရှိမှ ကောင်းတယ်။ ဘာမဆို ဒီမှာ သူများ ထက်သာ အောင် လုပ်နေတာ။ နောက်ဘဝ အောက်ကျ နောက်ကျဖြစ်ရင် မကောင်းဘူး။ ကိစ္စတစ်ခုမှာရေရှည်ကြည့်ပြီးမှပြီးမြောက်အောင်မြင်တယ်။ သူများလူတာတွေကို လှောဘမကြီး။ မသာယာကြနဲ့။ ဒါ

တွေကို ကိုယ်က အောက်တန်းကနေ သုံးစွဲရုရောက်တယ်။ လူများကိုနိုးမဖြစ် ကိစ္စတစ်ခုဟာ နည်းနည်းလေး ကိုပြီး မလောက်မစားလုပ်ရင် များလာတော့ ကိစ္စကြီးလာတယ်။ ကိုယ့်ဟာကိုယ် သတိကိုယ်စီ ထားကြ။ ဘုန်းကြီးအုပ်ချုပ်ထားဟာထဲမှာ ကိုယ်တော်တွေကလဲ ဝင်အုပ်ချုပ်ကြ။ အုပ်ချုပ်ခံရတဲ့ နေရာကချည်း မနေကြနဲ့။ ဒါမှ နောက် အုပ်ချုပ်ဘက်မယ်။ အသေးစိတ် ရှေ့ကိုတိုးပေးပါ။ သာသနာက ကျက်ကျတောက်တောက်ဆိုယင် လူတွေ အနေနဲ့လဲ ကြည်ညိုစရာမကောင်းဘူး။ လာသနာလဲ မစိုပြည်ဘူး။ ဒီလို အစုအဝေးကြီးနဲ့ နေဖို့ကလဲ မလွယ်ပါဘူး။ ဝိနည်းနဲ့ အစုအဝေးနဲ့ ကြိပ်သက်ညိုညွတ်မှ ကြီးပွားတယ်။ တစ်ပါးကောင်း နှစ်ပါးကောင်းကတော့ ရှိကြပါဘယ်၊ အများကောင်းကျတော့ လူများတိုင်းဖြစ်တာမဟုတ်ဘူး။

ကံအကျိုးပေး ကိုရင်တို့ ဦးပဉ္စင်းတို့ နေနိုင်သရွေ့ ကုသိုလ်စိတ်နဲ့နေကြ။ နေရာတိုင်းမှာ အကျိုးပေးက မတူကြဘူး။ အကျိုးပေးကဲ့တာက ယုံကြည်မှု, မယုံကြည်မှု အပေါ်မှာ တည်တယ်။ သတ္တိတက်ရင် ထက်သလို၊ ညံ့ရင် ညံ့သလို အကျိုးပေးတာ။ ဒီအထဲကမှ ကံကောင်း, မကောင်းဆိုတာ ခွဲထွက်လာတယ်။ အကုသိုလ်ကံပေးတဲ့အခါ ကာလ, ဂတိ, ဥပမိ, ပယောဂ ဒီလေးပါးစုံမှ အကျိုးပေးတယ်။ ဆရာတွေ, မိဘတွေ, ဆွေမျိုးတွေ တွေ့တယ်ဆိုတာ ကံ, ဥာဏ်, ဝိရိယ, ပယောဂပဲ။ ဆရာစတဲ့ ညွှန်ပြတဲ့သူမတွေ့ရင်

တစ်လျှောက်လုံး လွဲမှားပြီး အားလုံး ကျန်ရစ်တာပဲ။ ဟိုသွား ဒီသွား မသွားကြဘဲ ကျပ်ကျပ်တည်းတည်း နေရတာက သူတော်ကောင်းတွေအတွက် မကျပ်ဘူး။ ဘယ်လို မဟူဆောဘူး။ မသူတော်တွေအတွက်သာ ကျပ်တာ။ ကောင်းတဲ့ သူတွေက ဒီလိုလုပ်မှု၊ ဒီနေမှ ချမ်းသာတာ။ မသူတော်တွေက ဆင်းရဲတယ်။ လိပ်စင်ကြယ်ရင် အဝိပ္ပဋိသာရ နှလုံးမသာမယာ မဖြစ်ရဘူး။ နှလုံးမသာမယာမဖြစ်မှ သမာဓိရတယ်။ သမာဓိရတော့ ကိုယ်စိတ် ငြိမ်းအေးပြီး ပေါ့ပေါ့ပါးပါးနဲ့ဒီကျိုးတွေ အများကြီးရတယ်။ တရား အသားကျပြီး စိတ်ဝင်စားနေပြီးသူက ဘယ်မှ မသွားချင်ဘူး။ သွားလိုက်ယင် သမာဓိမရဘူး။ သမာဓိရမှ စာသင်တဲ့နေရာမှာ တတ်လွယ်တာ။

လူတွေ ကြည်ညိုဘာကို ဝတ္ထုရား ကျေအောင် နေပါ။ ကုသိုလ်ရချင်တဲ့စိတ်နဲ့ နေကြ။ ကိုယ့်ကိုယ်ကို စောင့်စည်းပေးကြ။ စိတ်ကောင်းဆိုတာက ဝိနည်းလေးစား တာ ကို ပြောတာ။ အနေအထိုင် အပြောအဆိုနဲ့လဲ ကြည်ညိုခံနိုင်ရမယ်။ ပဉ္စကျူတုန်းက ဘုန်းကြီးကို ဒါယိကာမကြီး ဒေါ်သက်စုဆိုတာ သူမျှားထက်ထူးပြီး ကြည်ညိုတယ်။ ဘုန်းကြီးက စဉ်းစားတယ်။ ငါ့မှာ တရားတူးပှ မရှိဘဲနဲ့ သူမျှားထက်ထူးပြီး အကြည်ညိုမခံနိုင်ဘူးလို့ ကိုယ့်ကိုယ်ကို အလင်မကြီးအောင် သတိနဲ့နေရတယ်။ သူမျှားထင်သလို ကိုယ်က ဟုတ်ချင်မှ ဟုတ်မှာ။ လူတစ်ယောက်ကို အရမ်းအထင်မကြီးကြနဲ့။ ကောင်းတဲ့သူဆိုတာ မကောင်းတဲ့သူနဲ့ မရောရဘူး။

သာသနာတော်တစ်ရပ်လုံး ကောင်းစေချင်

သာသနာတော်ကို မှီခိုရမှ လူသူတွေလဲ အကျိုးရမယ်၊ ဒါနပြုကြတဲ့ သူတွေဟာ ကိုယ့်သဒ္ဓါတရားနဲ့ ပြုကြပါ။ အခြားသူကတိုက်တွန်းလို့ပြုရတာကတော့ တကယ် အစစ်အမှန် မဟုတ်ပါဘူး။ ဘုန်းကြီးက ဒီကျောင်းတိုက် ကောင်းစားရေးမဟုတ်ပါဘူး။ ဘုရားသာသနာမှာအားလုံး ကောင်းစားစေချင်တယ်။ နောက်ပြီးတော့ ကောင်းတာ မကောင်းတာကို ဝါဒ ဖြန့်နေစရာ မလိုပါဘူး။ တချို့က ကျောင်းတိုက်ခွဲဖို့လျှောက်ထားကြတယ်။ ဘုန်းကြီးကျောင်းတိုက်ခွဲဖို့ဆိုတာလဲ နည်းနည်းခွဲလို့မရပါဘူး။ ဥပမာကျောက်ပန်းတောင်းမှာ ခွဲချင်တယ်ဆိုရင် မျှားမျှားလေးမှတန်ကျမယ်။ ဘာကြောင့်လဲဆိုတော့ အမျှားစုနဲ့ ရောသွားရင် ဒီကနည်းနေတာနဲ့ ဒီလိုပဲ ရောပါသွားတာပဲ။ သူမျှားကိုလွှမ်းမိုးချင်လို့တော့ မဟုတ်ပါဘူး။

လူတွေဥပုသ်စောင့်နေတဲ့အခါ စကားစုံမျှားမနေကြနဲ့။ အိမ်မှာနေတော့လဲ စကားနေ့တိုင်း ပြောနေကြတယ်။ ဥပုသ်စောင့်တဲ့အခါမှာ ကိုယ်တရားလေးကို နှလုံးလွင်းနေမှပေါ့။ စကားတွေ တေးခင်ပြောမြောက်ပြော မပြောကြပါနဲ့။ ကိုယ့်ကိုယ်ကို အရည်အချင်းရှိအောင် လုပ်ကြပါ။

ကိုယ့်ကိုယ်ကို ပြုပြင်ပေးကြ

ဘုန်းကြီးသောလူဆိုရင် လင်တစ်ယောက် နေမှာပါ။ ဘာပြုလို့ သက်နှံးဝတ်ရသလဲ ဆိုတော့ အများသိစေချင်လို့ပါ။ ဘုန်းကြီး ဝတ်မှ

ကျွတ်တမ်းဝင်ကြတာမဟုတ်ပါဘူး။ လူဝတ်ကြောင်ဘဝနဲ့ နေပြီး သီလစောင့်နေရင်လဲ ကောင်းပါတယ်။ လူ့ဘောင် ရောက်ပေမယ့် အားမငယ်ကြပါနဲ့။လူမှာ ငါးပါးသီလနဲ့နေ ရင် အကောင်းတုံးပါပဲ။ သူများကို အားမကိုးကြပါနဲ့၊ ကိုယ့်ကိုယ်ကိုသာ ပြင်ပေးပါ။ ကိုယ်ကကောင်းနေရင် ကိုယ့် သားချင်းနီးစပ်ရာများကိုပါ ပြင်ပေးကြပါ။

ကျန်းမာရေး ဝိနည်း လေးစားကြပါ။ လေးစားရင် ဟင့် ဂရုစိုက် တယ်ပါတယ်၊ သူများကိုစာပို့ချပြီး ရပ်ရွာ မှာ သာသနာပြုပေးကြ။ ကိုယ် တိုင် က လဲ သူတော်ကောင်းဘက်ကို ရှေ့ရှုနေပါ။ တော ကျောင်းထိုင် တော့ ဘာလုပ်နေမလဲ၊အလုပ်မရှိ နှမ်းခင်းစောင့်ရမယ်။ ကျန်းမာရေးကို ဂရုစိုက်ပါ။ဝတ်မသွားရင် ခေါင်းမူးတတ် တယ်။ ကျန်းမာရေးကိုနှားလည်ပါ။ "ပူခါး၊အေးခါး၊ငန် ငြား အစ္စတ်၊ ချဉ်ခပ် ဗာဟိ ပျက်ပလဝီတည်း"

ရပ်ရွာသာသနာ ပြုပြင်ပေးကြ ဘောကျောင်းတွေမှာ ဘုန်းကြီးသာ ပြုပြင် ရယင် ကျောင်းသားတွေ သျှောင်ထိုးပယ် ပြီးဗိုလ်ကေန့်နေရ မကောင်းလားလို့တွေး မိတယ်။ဘာပြုလို့လဲဆိုတော့ပေါ့လဲပေါ့သေး၊ကျန်းမာရေး လဲကောင်းသေးနော်။ခေါင်ထုံးနဲ့ကတော့မကောင်းဘူးထင် တယ်၊ပြီးတော့ကျောင်းသားတွေစာအံတဲ့အခါဝပ်မအံစေနဲ့ ထိုင်ခုံကြမ်းလေးရှိရမယ်။ကျောင်းကပြန်ရင်လဲ တိုးတိုးလေး ဆရာဘုန်းကြီးက မှာလိုက်၊မင်းအာဖေ တန်းရည်၊ အရက်

မသောက်စေနဲ့လို့မှာပေး။ဆင်းရဲတဲ့ကလေးတွေကိုနေ့မဘား ရင် ညကိုခေါ်သင်ပေးရမယ်။နောက် မင်းအာမေကိုသန့်သန့် ရှင်းရှင်းနဲ့ ကောင်းကောင်းနေပါစေ။တော်တော်ကြာ မင်း အဖေကစိတ်ဆိုးပြီး နောက် ဆက်သွားလိမ့်မယ်လို့ ဒီလိုပြုပြင် ပေးရတယ်။

ဓမ္မာရှင်လှရှင် ရှင်ကိုပြင် ဘုန်းကြီးထံ ဒါယကာတစ်ယောက်ရောက် လာတယ်။ ပစ္စည်းတော့ရှိပါရဲ့။ ခေါင်း ပေါင်းကို တဘက်နဲ့ ပေါင်းထားတယ်။ ဘုန်းကြီးကမြောလိုက်တယ် "ဒကာရှာ-မြို့လာတယ်ထိုးရင် ဦးလုပ်နဲ့ သက္ကလပ်နဲ့ လာရတယ်"လို့ အစစအရာရာ မြောပြ လိုက်တယ်။ ဧနောက်ဟစ်ခေါက်လာတော့ ဟန့်ကျပန့်ကျဖြစ် လို့။ဒါကြောင့် ကလေးတွေလဲ သီလစောင့်ရမယ့်နေရာမှာ စောင့်လို့။ ဝေယျာဝစ္စလုပ်ရမယ့်နေရာမှာလုပ်လို့။ စာအံရ မယ့်နေရာမှာ အံလို့။ ကျောင်းဘုန်းကြီးကလဲ ညကျရင် ဒါ ယိကာမတွေကို မေတ္တာပို့လို့နေရတယ်။ဒါမှလဲသြဇာရှိမယ်။ အဝတ်အစား အနေအထိုင်ကအစ ပြုပြင်ပေးရတယ်။ ဘိုဒီ ကျောင်းရောက်လာကာစကကိုယ်တော်လေးတွေသိပ်ဟန့်ကျ ပန့်ကျမရှိလှစူး။ ဗဟာဒီက အစစအရာရာ ပြုပြင်ပေးလိုက် အော့ ချောလှမလာဘူးလား။ အစစအရာရာ တိုးတက်လာ တယ်။

ဓမ္မပ္ပဋ္ဌာ
အာဘွဲ(၁၉)၊ အမှတ်(၃)
(၁၉၇၀၊ မေလ)

ကြိုတင်ပြုလုပ်သည့်အလေ့အထ

အပေးနဲ့အယူ တို့ဘုန်းကြီးတွေက အလှူခံဘက်ကချည်း မနေ
ကြနဲ့။ ဘဝသံသရာမှာ အလှူခံဘဝနဲ့အလုံ
ပါသွားတတ်တယ်။ ပေးတာနဲ့ ယူတာနဲ့ ဘယ်ဟာက လက်
ရဲလို့ မျက်နှာကြည်သလဲ။ ဘုန်းကြီးကတော့ ပေးတဲ့ဘက်
က နေချင်တယ်။ မတတ်သာလို့ အလှူခံဘက်က နေရတာ။
ဒီကျောင်းတိုက်မှာ ကောင်းကောင်းနေရင်နေ၊ မနေရင်
တော့ တောင်ပေါ်နဲ့ကပ္ပလိုက်၊ခေမ-ဘေးမရှိဘူး။ (ရယ်ကြ
သည်)။ ရဟန်းသစ်တွေဆိုရင် တစ်ဝါလောက် တိစ်ဝရိတ်
ဆောင်ထားပြီး၊ သူ့တာ်ကောင်းဘက်လိုက်နာကြပါ။ တစ်
ခါက ဘောကဘုန်းကြီးတွေ မန္တလေးရောက်တော့ ဂရုတ်သိမ်း
ကပ္ပိစားရတယ်တဲ့။ စ်မှာတော့ ဘာမဲ့ပြင်ဖြစ်ကမ္ပိစားကြ
ပါ။ ဘုန်းကြီးက စပျစ်သီး ကပ်မလို့ မြင်းခြံသားကိုရင်တစ်
ပါးကပ်ခိုင်းတယ်။ မကပ်ဝတ်ဘူး။ နောက် မြင်းခြံသားတင်
ပါးခေါ်ပြီး ကပ်မှပြီးသယ်။ ဒါနဲ့ ဘုန်းကြီးက ဒီကိုရင်ကို
လက်သီးနဲ့လုံးရဲသံလားမေးတော့ မြင်းခြံသားချင်းမို့ ပက
ပ်ကြတယ်။ (ရယ်ကြသည်)။ ဒါတွေကို နှားကျောင်းသောင် ပြု
ပြင်ပေးကြပါ။ ဟလေးကတည်းက မိဘမျိုးက ကြိုးပြင်
တော့ ကူတို့အသက်တွေက ညောင်နာနာပြစ်နေကြတယ်။ မိဘ

ဖတ်ကိုပြောကြ။ နောက်ဆိုရင် ဘယ်နေရာကမှ မချွတ်ယွင်း
ရအောင်မွေးပေးကြလို့ ပြောလိုက်ကြ။

**မေတ္တာနဲ့ လူတော်ယောက်ခဲ့ အလေ့အထဆိုတာ မိဘဆွေ
ဗုဒ္ဓနုဿတိ** မျိုးကလာတာမျိုးကယ်၊ စာပဋ္ဌာန်း၊ ဝါပဋ္ဌာန်း
ရှာပဋ္ဌာန်းလို့ ပဋ္ဌာန်းသုံးမျိုးရှိတယ်။ ကိုယ်တော်
ဟို့မှာတော့ စာပဋ္ဌာန်းဖြစ်နေတယ်။ ဒါကြောင့် မိဘဆွေ
မျိုး ကောင်းမှ ကောင်းမယ်။ ဘုန်းကြီးကတော့ အလုပ်တစ်
ခုမှာတင် ကြိုလုပ်တဲ့ အလေ့အထက အမြဲတမ်းရှိနေတာပဲ။
ဘုန်းကြီးမှာ ဆရာကောင်း သမားကောင်းတွေနဲ့ နေခဲ့ရလို့
ဒီအခြေအနေဖြစ်နေတာ။ ဘုန်းကြီး ရဟန်းခံကာနီးတော့
ဖြောင်းဖြဆရာတော်က ဒါယိကာမ မပုံကို "ကိုရင်က ဂ
တော်ပေါသယ်၊ နောင်ပစ်သားလို့မဖြစ်ဘူး" လို့ ပြောတယ်။
ဘုန်းကြီးကတော့ဘာမှမပြောဘူး၊ ဖြောင်းဖြဆရာသောက်ကို
ဘုန်းကြီးကလေးစားတယ်။ ဂန္ဓာရုံဆရာတော်က အကျင့်နဲ့
ပြည့်စုံတယ်။ ပျံ့လွန်တော်မူတဲ့အခါ စစ်ကိုင်းတောင်တစ်ခု
လုံး ဝင်းနေတာပဲလို့ ပြောကြတယ်။ ဂတိကောင်းရုံမဟုတ်
ဘူး နိဗ္ဗာန်ရဲ့ အတောက်အကူလဲ သေချာတယ်။

ဒါကိုနည်းဟူပြီးညာဏ်ကောင်းတဲ့ကိုယ်တော်ကလာသနာ
ကို ဆက်မယ်လို့ကျည်ဖုန်းကြ။ ဒီပ်မပျော်ခင်ဆိုရင် မေတ္တာနဲ့
ဗုဒ္ဓါနုဿတိနဲ့ ဣရိယာပုထ်လေးပါးလုံးအသုံးပြုကြ။ စကား
ကိုတိုးတိုးပြောကြ။ အမျိုးကိုမကြည့်ပါနဲ့။ ကိုယ့်ကိုယ်ကိုသာ

စဉ်းစားကြပါ။ မျှားသောအားဖြင့် ပမတ္တ၊ မေ့လျော့နေသူ တွေက မျှားတယ်။

ရေရှည်ဘဝရှည် စိမ်ကိန်း ဘုန်းကြီးဘဝ ဖြစ်စဉ်လဲ ရေးယင်း ခုဒ္ဒ-သိက္ခာလဲရေးမယ်။ ဘုန်းကြီးဆရာက ဝိရိယကောင်းလို့ ဘုန်းကြီးကို ကူးစက်လာတာ။ ဘုန်းကြီးဆရာက ဉာဏ်မကောင်းဘူး။ ဝီရိယရှိတယ်။ ဝီရိယရှိရင် တစ်ဘဝမှာ ဘာမဆိုလိုတာရတယ်။ (နှင်းတော်ရှေ့ကိုလေ့လာကြရင် သင်ခြေးဝါဒကို ကျွန်တော် ပြောပြလိုက်ပါမယ်။ စိန်လိုချင်ရင် စိန်ဖြစ်ရမယ်။ အိမ်လိုချင်ရင်အိမ်ဖြစ်ရမယ်။ လူ့စိတ်ဓာတ်ဟာလောကအမြတ်ဆုံးကွယ်) ဖီဘဝဟာ ဘဝပဒေသာပင်ကြီး။ ဘာလိုလိုဆွတ်ခူးနိုင်တယ်။ မရတာမရှိဘူး။ ဘုန်းကြီးက ရေရှည်စိမ်ကိန်းမကဘူးဘဝရှည်စိမ်ကိန်းနဲ့လုပ်တာ။ အလုပ်တစ်ခုမှ မငလျှာ့ပါဘူး။ မြတ်စွာဘုရားတောင် သမ္ဘည္ဝတ္ထုတ္ထာဏ်ရဖို့ရာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ခဲ့ရတာပဲ။ တို့ကိုယ်တော်တွေ ကျွတ်တမ်းဝင်ချိန် မှန်းတားကြပြီလား။ မှန်းကြပါ၊ ပန်းတိုင်ကိုမှန်းတားကြပါ၊ ဒါမှအလုပ် မှန်မှန်လုပ်တာ၊ ယိုးကိုးယားတားလုပ်မနေကြနဲ့၊ ဘယ်ဟာမှ မသေချာဘူး၊ ဖီကျောင်းတိုက်မှာ ဘုန်းကြီးက အဘိုးကြီးတွေ သဘောကျနေတယ်။ သူတို့က ပဲ့ မကြည့်ဇွေ့မကိုင်ကြဘူး။ သူတို့က ကြီးလာလေလေ ဝါကယ်လေလေ ဖြစ်နေတယ်။ ဒီကဆင်းသွားယင် ဖြည်းဖြည်းသွားကြပါ။ ဖြည်းဖြည်းမသွားတတ်ရင် ဗယ်-ညာမှတ်သွားကြ....။

ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေ ပုဂ္ဂိုလ်တစ်ဦး ကြည်ညိုတာက အသံကောင်းတာ၊ စာပေတော်တာ၊ တရားဟောကောင်းတာ၊ အသွင်အပြင်ကောင်းတာ၊ ရုပ်ချောတာ၊ ဒါတွေ ကြည်ညိုနေကြတာ။ တို့ဘုရားကျင်တော့ အားလုံး အသက်ဘက်က ကြည်ညိုစရာကောင်းတယ်။ နံပါတ်တစ် ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေရတယ်။ ကိုပ့်ကိုယ်ကို ကြည်ညိုရင် နတ်လဲကြည်ညိုတယ်၊ လူလဲကြည်ညိုတယ်။ ကျန်းမာရေးဘလုံးဂရုစိုက်ကြ။ မြန်မာ့ဓာတ်စာက အခိုးမပွင့်ရင် လူမမာကို ခြင်ထောင်ထဲထားပြီး နေ့လယ်ခင်း အနားကနေ သမဲခြောက်ဖုတ်တော့ လူမမာကလဲ စားချင်ဇောကြီးနဲ့ တစား၊ ပျောက်ပါလေရော။

ရှေးတုန်းက ကိုရင်တစ်ပါး နေမကောင်းတာ အရာအမျိုးမျိုးနဲ့ ကုသော်လဲ မရဘူး။ သစ္စာဆိုရမယ်ဘုံလို့ သစ္စာဆိုကြတယ်။ ကိုရင်တစ်ပါးက သစ္စာဆိုတယ်။ "ရွာထဲက မိချင်းကို ကြိုက်နေတာကြာပြီ။ ကျုပ်ဟာလေ ရွာထဲက မိချင်း ရောခပ်လာရင် မနေနိုင် မထိုင်နိုင် ကြိုက်တာ မှန်ပါ၏" လို့ သုံးခါလောက်ဆိုလိုက်မှ နေမကောင်းနေတဲ့ ကိုရင်က ဟက်ဟက်ပက်ပက် ရယ်လိုက်တော့ ချေးတွေ တွက်ပြီး တစ်ခါတည်း ပျောက်သွားတာပဲ။ ဒါဟာ မြန်မာ့ဆေး၊ အထင်မသေးကြနဲ့။

ဘာမှ ကြောက်စရာမရှိ နတ်ပြည်က ကံကောင်းတဲ့အပြင် စိတ်ချမ်းသာတယ်။ ဥတုဇကလဲ

ကောင်းတယ်။ ဘုန်းကြီးက ဒီကျောင်းတိုက်ကြီး ကျယ်ကျယ်ပြန့်ပြန့် အကုန်ပျက်သွား၊ အရေးမကြီးပါဘူး။ ဘုန်းကြီး တစ်ပါးတည်းကျန်ရင် တော်ပါပြီ။ (ရယ်ကြသည်) တစ်ပါးတည်း ကျန်လို့ စိတ်အားငယ်ပြီး ကြောက်နေလိမ့်မယ် လို့လေ့ မထင်နဲ့၊ ဘုန်းကြီး မကြောက်ပါဘူး။ ကြောက်တယ်ဆိုတာ အားကိုးမရှိသေးရင် ကြောက်တာပဲ။ အားကိုးရှိသူတွေအဖို့မှာ ဘာမှ ကြောက်စရာမလိုပါဘူး။

တောင်မြို့ထဲက လူတွေကို တံတားဦးက ဆွမ်းကပ်လာတဲ့ ဒါယကာ ဒါယိကာမတွေက "အရှင်ဇနကာဘိဝံသ ဆိုတာ ဘယ်နားမှာနေပါသလဲ" လို့ မေးတဲ့အခါ မသိကြဘူးချည်းပဲတဲ့။ ဘယ်ခြံထဲနေပါလိမ့်လို့ ထင်မှာပဲ။ ဘုန်းကြီး ကြွားတာက လောကီဂုဏ်တွေနဲ့ ကြွားနေတာမဟုတ်ဘူး။ ဘုရားနဲ့ ကြွားနေတာပါ။ ဘုရားနဲ့ ကြွားရတာက ကောင်းတယ်။ ဘာပြုလို့လဲ၊ ဘုရားတရားတော်တွေက အနှစ်ရှိတယ်။ ဒီအနှစ်ရှိကဲ့ တရားတွေစာတွေ ဘုန်းကြီးတို့ ကျေးတောသားတွေ လက်ထဲ ရောက်နေ တာ သင်္ဘော သားသမီးတွေ လက်ထဲ မရောက်နိုင်ဘူး။ သင်္ဘောသားသမီးတွေ ဆိုတာက ဘုန်းကြီး မလုပ်ကြပါဘူး။ သာသနာကိုတောင် များသောအားဖြင့် သူတို့က အထင်သေးကြတယ်။ ဘုန်းကြီးက သူတို့အထင် သေးယင် ကိုယ်က အထင်မသေးအောင် နေရမယ်။ ဘုန်းကြီးကို ဘယ်အနားမှာ နေတယ်ဆိုတာ မသိချင်နေပါစေ၊ သာသနာ အတွက် အလုပ် လုပ်နေရယင် စိတ်ချမ်းသာပါတယ်။

တရားကို အားလုတ်ကြ လောကကြီးမှာ သတ္တဝါရယ်လို့ ဖြစ်လာရင် သေမျိုးချည်းပဲ။ သင်္ဘောလဲ တစ်နေ့မသေပဲ မနေရပါဘူး။ ချစ်လှပါတဲ့ မယား, သား သမီး, ဆွေမျိုး, မိတ်ဆွေတွေနဲ့ ခွဲလွှားရတာပါပဲ။ ပစ္စည်းဥစ္စာလဲ တပြားတစ်ချပ်မှ ယူမသွားနိုင်ကြဘူး။ လောကကြီး တရားမရှိရင် တယ်ကြောက်စရာကောင်းတယ်။ တရားလက်လွှတ် မဖြစ်စေနဲ့၊ တရားကို ကြိုးစား အားထုတ်ကြ။

ဘုန်းကြီးတို့ ဘုရားသခင်း တေမီမင်းသား ဘဝ တုန်းက ဖိုးနန်းယူရမှာစိုးလို့ ၁၆ နှစ်တိုင်တိုင်စကားမပြောဘူး။ တို့လူတွေက တစ်ရက်တောင်မှ မှန်ပန်းမအောင့်နိုင်ဘူး။ ဒီဘဝဟာ ကောင်းတယ်။ ကောင်းတာက ပါရမီတွေ ဖြည့်နိုင်လို့ ကောင်းတာ။ ကိုရင်တို့ ဟကယ့် ပါရမီဖြည့်ကြ။ တချို့ ဒါနပြုတာလောင် ဘမီးခင်ပွန်းနှစ်ယောက် မခွဲကြဘူး။ သူတို့က အဟုတ်ထင်လို့ မန္တလေးက ဗောဓိရိပ်သာဟာ ဘုန်းကြီးတယ်လို့ ဘေးက ချီးမွမ်းကြတယ်။ သူမျှား ချီးမွမ်းကြတယ်။ သူမျှားချီးမွမ်းတာကို ကောင့်ရှောက်နိုင်မှ ကောင်းတယ်။ တခဏနဲ့တော့ မရဘူး။ တမျိုး ကျောင်းတိုက်တွေဟာ မစောင့်ရှောက်နိုင်လို့ ပျက်စီးကုန်ကြပြီ။

ဤနေ့ရှိရှိနေကြ ဘုန်းကြီးကတော့ ဒီကျောင်းတိုက် သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏လို့ မနက်တိုင်း ဘုရားကို ပူဇော်နေတာပဲ။ ဘုန်းကြီး ကျောင်းတိုက် မဟုတ်ပါဘူး။ ဘုရား ကျောင်းတိုက်ပဲ၊

ဘုန်းကြီး တစ်သက်တာ့ အတတ်နိုင်ဆုံး ကောင်းအောင် စောင့်ရှောက်သွားမှာပဲ့။ နောက် ပုဂ္ဂိုလ်များကျတော့ သူ့ကံနဲ့သူပေါ့။ ခုတော့ အတတ်နိုင်ဆုံး ဆိတ်ငြိမ်အောင် စောင့်ရှောက်နေတာပဲ။ ဗောဓိရိပ်သာက ဒီကျောင်းတိုက်ကို သူတို့ရိပ်သာကက် ဆိတ်ငြိမ်တဲ့ အကြောင်း ပြော ပြ ကြတယ်။ ကိုယ်တော်တို့ စာအံတာ တိုးတိုးအံကြပါ။ စကားတွေ့ စုများမနေကြပါနဲ့၊ ဘုန်းကြီးက ပျက်စီးသွားတော့လဲ ဝမ်းနည်းခြင်း မရှိပါဘူး။ ကိုယ်တော်တို့ အလုပ်လုပ်စရာရှိရင် တွက်ကပ်မနေကြနဲ့။ ကျောင်းထဲကို လူတွေ့လျှောက်ကြည့်တဲ့ အခါ ပြူစိပြူစိ မလုပ်ကြပါနဲ့။ ဣန္ဒြေရှိရှိ နေကြပါ။

သတိနဲ့နေကြ ဘုန်းကြီးနဲ့ ဦးပဉ္စင်းတို့ကံ မတူဘူး။ တရားဟော စကားပြောဆိုတာ ကျင့်ထားရတယ်။ စာပေနည်းနည်းနဲ့ ဟောကို ကျောင်းသွားထိုင်ရင် ဘာ ဗဟုသုတမှ မတိုးဘူး။ ဒီကျောင်းမှာနေရင် ဗဟုသုတ များများရှိပါစေ။ ကိုယ့်ကိုယ်ကိုလဲ မင်ဖိုလ်နိဗ္ဗာန် အထိ စိမ်ကိန်းချထားကြ။ အများစုက ဒီဘဝမှာ တယ်ပြီးတော့ သွက်သွက်လက်လက် မရှိကြဘူး။ နေရာတကာမှာ နုံနှေးနှေး ဖြစ်နေတာကတော့ မကောင်းဘူး။ တချို့ ဒီကျောင်းမှာ ပဲပြုတ်နဲ့ ချဉ်ရေစားပြီး စာသင် စာချ မလုပ်ချင်ကြဘူး။ ဘုန်းကြီးလဲ ဗူးသီးဟင်း၊ ချဉ်ပေါင်ဟင်းစားပြီး ပခုက္ကူမှာ စာဆိုလာတာပါ။ ပခုက္ကူတိုက်မှာ သံဃာ (၆၀၀)လောက် စာချခဲ့လာပါ။ ကိုရင်တို့ သတိနဲ့နေကြ။ သတိဆိုတာ ပိုတယ်လို့ မရှိဘူး။

သူတော်ကောင်းများမှ အများက ဘုန်းကြီးတို့ သာသနာကို အတင်ဆေးကြတယ်။ ဒါပေမယ့် ဘုန်းကြီးရဲ့ရည်ရွယ်ချက်တော့ ပြန်ရောက်ပါပြီ။ တချို့ ဘုန်းကြီးတွေက ဒါယကာဒါယိကာမတွေနဲ့လောကီဘက်မှာ ပျော်နေကြတယ်၊ လောကီဘက်ပျော်နေတာတွေကသာ်သရာကို မမြင်ကြသေးလို့။ ဘုန်းကြီးကို ဘာပြောပြော ကဲ့ရဲ့ ကဲ့ရဲ့ သည်းခံနိုင်ပါတယ်။ ဒီလိုသည်းခံနိုင်တာကလဲ သူတို့ကိုအတင် မကြိုးလို့ပဲ။ ဘုန်းကြီးတို့သာသနာမှာ သူတော်ကောင်းတွေ များးလာမှ ကောင်းတယ်။ သူယုတ်မာတွေ များးလာရင် မကောင်းဘူး။ ပျက်တတ်တယ်။

အချိုးကျအောင်နေကြ ဘုန်းကြီးတို့က အလူးဝါဒ ဖြန့်နေ စရာမလိုပါဘူး။ အလုပ်မှန်မှန်လုပ်သွားရင် သူ့အလိုအလျောက် ထင်ပေါ်လာတာပဲ။ ထင်ပေါ်ရင် စင်တော်က ကောက်စမြဲပါ။ ဒါပေမယ့် အများနဲ့နေပြီး မပြောတော့ဘူးဆိုရင် ပညာရှိမှန်းမသိရဘူး၊ မထင်ရှားဘူး။ ဒါကြောင့်ပြောရပါတယ်။ ဟောရပါတယ်။ သာသနာပြုယင်း မိမိပါရမီဖြည့်ယင်း ပီပီသသ ရှုတ်ရှုပြောရမယ်။ ခုဒီမှာ ရှုတ်ဘာဖတ်တာကစပြီး အချိုးကျအောင် သင်ပေးနေတယ်။ သင်ပေးတဲ့အတိုင်းလဲ လိုက်နာကြပါ။ ကိုယ်က အချိုးကျနေ မှကိုယ့်တပည့် အစဉ်အဆက်ကိုလဲ အချိုးကျအောင်သင်ပေး

ဘတ်တယ်။ ဆရာက အချိုးကျနေမှ တပည့်တွေလဲ အချိုးကျ
မယ်။ ဒီကျောင်းမှာ ဒါလောက်ပြင်နိုင်လို့ အချိုးကျနေတာ
ပါ။

ကိုယ့်ကိုယ်သတိထား ဗုဒ္ဓဘာသာဝေါဒယ်လို့ ဖြစ်လာရင် ဘုရား
ကို ကြည်ညိုတတ်မှလဲ ကောင်းတယ်။
ကြည်ညိုတတ်အောင်လဲ ဖန်လာရတယ်။ ပွားများနှလုံးသွင်း
ရတယ်။ ခုလူတွေ ဘက်ကရော၊ ဘုန်းကြီး ဘက်ကရော ဒီ
ကျောင်းတိုက်ကိုအနေအထိုင်ကောင်းတယ်ဆိုပြီးအထင်ကြီး
ကြတယ်။ သူများအထင်ကြီးလာရင် ကိုယ့်ကိုယ်ကိုသတိထား
ရတယ်။ သတိထားမှလဲ ကော်ကာကျမှယ်။ ကိုရင်တို့ သတိ
ထားကြပါ။ ကျောင်းမှာ လူဝင်လူထွက်တွေများလာတယ်။
ဒါတစ်ဘက်ကကြည့်ရင် ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး။
ဘယ်သူက မြောက်မြောက် ခြေဖျားမထောက်ကြနဲ့။ ကျန်း
ကျန်းမာမာ, ရှင်ရှင်လန်းလန်းနေကြ။

ဓမ္မဗျူဟာ

အတွဲ (၁၉)၊ အမှတ် (၄)

(၁၉၈၀၊ ဇွန်လ)

ဆုတောင်းမနေနဲ့

ဗျော်လင်ဒဲ့ချက်က သာသနာပြုဖို့ ဘုန်းကြီးက ဒါယကာ-ဒါယိကာတွေ
ကိုလဲ ငဲ့ပါတယ်။ ဒါပေမယ့် ဘုန်းကြီးရဲ့
ကျန်းမာရေးက အရေးကြီးတယ်။ ဒါ
ကြောင့်ဘယ်ကပင်ပင် အရေးမကြီးဘူးဆိုရင်မလိုက်ပါဘူး။
ပင်ပန်းပြီး လျှောက်လိုက်နေမယ်ဆိုရင် ဘုန်းကြီးကျမ်းစာအုပ်
တွေလဲပြီးမှာမဟုတ်ဘူး။ ဒါကြောင့် တစ်ချို့ပင်ပန်းတဲ့ဒါယကာ,
ဒါယိကာမတွေကို သည် ခံကြပါလို့ပြောလိုက်ရတယ်။ ဘုန်း
ကြီးကျမ်းစာတွေက အရေးကြီးတယ်။ မသေခင် ပြီးနိုင်သမျှ
ပြီးအောင် ရေးသွားမယ်။ ကိုရင်တို့ ဦးပဉ္စင်းတို့ ကောင်း
ကောင်းနေကြပါ။ နောက်ရဟန်း သစ်ကလေးတွေက ကြိုး
စားကြ။ လောကဂုဏ်တွေဆိုတာ နောက်ဘဝမပါဘူး။ နာ
ရည်ကြီးတယ်ဆိုတာမလဲ ဒီဘဝသာ နာမည်ကြီးတာပါ။ နာ
မည်တွေ ကြီးနေပေမယ့် အိုနာလာတော့ နိုပ်စက်နေတာပဲ။
ခု ဘုန်းကြီး ကိုယ်တော်လေးတွေကို မျက်မှန်မပါပဲကြည့်
သင် သေးသေးလေးတွေလို့ ပေါ်ရတယ်။ မျက်မှန်တပ်ကြည့်
ရင် ဝမှန်းသိရတယ်။ ကိုရင်တို့ဆာလိုင်လိုင်ကြ။ ရောဂါလဲ မရှိကြ
ပါစေနဲ့။ တလောဆီက ဘုန်းကြီး အရာတစ်ပါးက သူ့ကိုယ်သူပဲ

တော်ဖူမှာခိုပြီး သူ့ရဲ့ကျောင်းတိုက်တွေကို ဟပည့်ဘုံးပါး အား စာချုပ်နဲ့ အပ်လားကြောင်းပြောတယ်။ ဘုန်းကြီးက မလိုချင်ပါဘူး။ ဂကျောင်းလဲမရှားပါဘူး။ အလုပ်လုပ်ဖို့လာ လိုရင်းပါ။ အရေးကြီးတာက စာချုပ်တော်တွေ များများ ဆွယ်ဖို့အရေးကြီးတယ်။ စာချုပ်တော်တွေ များများတွက် မှ သာသနာတော်ကြီးက သက်တမ်းရှည်မယ်။ တခြားမှာနှာ မည်ကြီးနေတာနဲ့ ဒီကျောင်းတိုက်နဲ့မတူပါဘူး။ ဖိနေရာက အလုပ်ကိုမှန်မှန်လုပ်နေတယ်။ ဘုန်းကြီးရဲ့ မျှော်လင့်ချက်က သာသနာပြုဖို့ပဲ။ ဒါယကာ ဒါယိကာမတွေ ပေါ်ဖို့မလိုပါ ဘူး၊ ကိုရင်တို့ ဦးပဉ္စင်းတို့ ဘုန်းကြီး စကားကို ကောင်း ကောင်းနားထောင်ကြ။

ဘုန်းကြီးက ဆရာအမျိုးမျိုးနဲ့ နေရတာပါ၊ ဘုန်းကြီး က ဒီကျောင်းတိုက်ကို ဟန်ခိုးကြီးသူတို့သာ စောင့်ရှောက် ကြပါလိမ့်မယ်လို့ယူဆတယ်။ ဘုန်းကြီးမှာ အများထက် ပင် ပန်းပါတယ်။ ဒါပေမယ့်လဲ ဘုရားတရားတော်အကိုင်း နေ ပြီး အလုပ်လုပ်နေတော့ ချမ်းသာနေတာပါပဲ။ ကိုယ်တော် တို့ကဘုန်းကြီးရှေ့တစ်မျိုး။ ကွယ်ရာတမျိုးမလုပ်ကြနဲ့။ မျက်စိ ကြည့်တာက သူတော်ကောင်းကတမျိုး၊ သူယုတ်မာကတမျိုး ကြည့်တာ။ ဟုတ်ပြီရှိရှိ နေကြပါ။

နိုင်ငံရော သာသနာပါ ပြုပြင်ပါ

ဘုန်းကြီးရဲ့မျှော်လင့်ချက်ကို လူတိုင်း သိပ်မသိကြဘူး။ ဘုန်းကြီးရဲ့ ကုသိုလ် ကံက နောက်ပိုင်းမှာ အကျိုးပေးနေ

တယ်။ နိုင်ငံရော သာသနာပါ ပြင်ချင်တယ်။ ယီးတီးယောင် တောင် မနေကြနဲ့။ ဘုန်းကြီးက အားလုံးကို ကောင်းစေချင် တယ်။ မင်းတို့က တောသားလေးတွေ။ ဒီလိုနဲ့မွေးလာကြ တာ။ တောမှာဆိုရင် ခေါင်းဆုံးကလဲ ဆီချေးတွေနဲ့။ အမှိုက် ကလဲမလှဲပဲ အိပ်နေကြတာ။ သနားတော့ သနားစရာနော်။

ဟောဂဘုန်းကြီးတွေကကိုယ့်ဆွေမျိုးတဲ့၊ ကျောင်းဒယ ကာ ကျောင်းဘစ်မတဲ့ဆိုပြီး မျက်နှာသာပေးချင်ကြတယ်။ မကောင်းဘူး၊ ဘူကိုယ်တိုင်ကလဲ အရည်အချင်းကမမျှပဲကိုး။ မင်းပိုင်စိုးပိုင်ကလာရင်သာပြီးမျက်နှာသာပေးချင်ကြတယ်။ လူတစ်ယောက်ဆိုရင် ကိုယ်ကအလက်တန်းကိုရောက်လေလေ သူမျှားကို သိလေလေပဲ။ ဘုန်းကြီးက ဒါယကာ ဒါယိကာမ တွေ ပင့်ရင် မလိုက်တော့ဘူး။ တရား မဟောတော့ဘူးလို့ နေတာ။ တစ်ခါ,တစ်ခါ လာပင့်တော့လဲ မလိုက်မဖြစ်တဲ့ဟာ ကျွေကျ လိုက်ရသေးတယ်။ "သူ့ဆန်စား-ရဲမှ" ဆိုတာလို့ ပေါ့။ ဆွမ်းစားရင် ဟောဖို့သာ ပါးစပ်ပြင်ပေတော့။ အိမ် ကျတော့ ခိုင်းကြကေဝ့ကာပဲ၊ လောကကြီးမှာ ကိုယ့်ဘက် ကိုယ်ကြည့်ကြတာပါ။

ရှေးက သူတော်ကောင်းတွေက ဘုရား မဖူးမြော်ရခင် ဇောဘဝန်ကျောင်းတိုက်ကို မြင်ရရင်ပဲ ကြက်သီးတွေ ထလို့၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဘုရားကိုဖူးမြော်ကြလို့။ ခု လူတွေက တော့ ကျောင်းတွေထဲမှာ ဆူညံဆူညံနဲ့မကောင်းဘူး။ ဘုန်း ကြီးက ဒီကျောင်းမှာ ဆူတာညံတာမကြိုက်ပါဘူး။ မလာချင် နေနိုင်ပါတယ်။ ဆူတော့ မဆူပါနဲ့။ ဆိုင်ရာ ပုဂ္ဂိုလ်တွေက

စကားများ ဆူညံနေမယ့်သူများကို ခေါ်,ခေါ်မလာကြပါနဲ့။ ဘုန်းကြီးတို့ကလဲ ဒါယကာဒါယိကာမတွေနဲ့ တရောရော တသောသော မှုနေကြပါနဲ့။ ကိုယ့်သီလကို ထိန်းနေကြပါ။ ဒါမှ နောက်ဘဝကိုပါမှာ။ ဒါယကာ ဒါယိကာမတွေနဲ့က စိတ်မချရဘူး။ နောက်ဘဝအတွက် မလွယ်ပါဘူး။

ဂိုဏ်ပေါင်းစုံက ရောက်နေကြတာ ဘုန်းကြီးထံမှာရောက်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဂိုဏ်းပေါင်းစုံက ရောက်နေကြတာပါ။ ဘုန်းကြီးမှာ ရွှေကျင်, သုဓမ္မာ, ကံ, ဥ္စါရုဏိုတာမရှိပါဘူး။ သာသနာမှာ ဂိုဏ်း,ဂဏတွေကွဲလာတဲ့အတွက် ကျဉ်းမြောင်းနေပါတယ်။ ပုဂ္ဂိုလ် အချင်းချင်း အာဃာတတွေ များလာကြပါတယ်။ ဘုန်းကြီးကြည့်တာက သာသနာတစ်ခုလုံး ကြည့်တာပါ။ ဘုန်းကြီးတို့က ဘုရားစည်းကမ်းအတိုင်းတတ်နိုင်သမျှနေလို့ အချိုးကျနေတာပါ။

ကိုယ့်အလုပ် ကိုယ်လုပ်ကြ ကိုယ်တော်တို့ ကောင်းကောင်း နေကြပါ။ ကောင်းကောင်း မနေပဲ သူများလူတာတွေ စားနေရင် အန်ဖတ်တွေ စားနေတာနဲ့အတူတူပါပဲ။ ဒါကြောင့်သတိနဲ့နေကြ။ ပေါ့ပေါ့ဆဆမနေကြနဲ့။ ပေါ့ပေါ့ဆဆနေရင် ဘဝသံသရာမှာလဲ ပေါ့ပေါ့ဆဆ အကျိုးပေးတတ်တယ်။ ကိုယ့်သာလုပ် ကိုယ်လုပ်နေကြ။ ဘုန်းကြီးမှာ အလုပ်နဲ့နေတဲ့ဘုန်းကြီးသိုးတော့ ပင့်လဲဘယ်မှပလိုက်ချင်ဘူး။ ကိုယ်ကကိုယ့်နည်းနဲ့ ကိုယ့်ရည်ရွယ်ချက်နဲ့နေတာ။

လိုက်သွားရင်ကောင်းကောင်းစားရမှာသေချာတယ်။ ဘုန်းကြီးကျောင်းမှာတော့ လုပ်ကျွေးမယ့်သူက တစ်ယောက်ခွဲပဲရှိတယ်။

(အလုပ်အကျွေး ရဟန်းတစ်ပါးနှင့် ကိုရင်မေ်လေး တစ်ပါး ထားသည်ကို ရည်ရွယ်၍ တစ်ယောက်ခွဲဟု အဓိပ္ပာယ်ဖြင်း ဖြစ်ပါသည်)။

ကိုရင်တို့ လောကကြီးမှာ ကိုယ်လုပ်ရင် ဖြစ်တာချည်းပဲ။ လိုချင်တာရှိရင်လဲ ဆုတောင်းမနေနဲ့။ ခုလူတွေ နိုင်ငံခြားမြန်မြန် ရ,ရပါလို၏တဲ့။ ဘယ်နှစ်ယောက်များ ရကြလဲ။ ပိုက်ဆံမပေးရလို့ အလကား ဆုတောင်းနေကြတာ။ ဘာမှဟုတ်တာ မဟုတ်ပဲနဲ့။ လောကမှာ အချောင်သမားတွေက များနေတယ်။ အချောင်သမားတွေမရှိရဘူး။ အကြင်မျှလောက် ကာလပတ်လုံး ဘုန်းကြီးတို့ညှာနေကြရင် ထိုမျှလောက် ကာလပတ်လုံး ဘဝသံသရာမှာ ခံနေကြရမယ်။

ဘုန်းကြီးရဲ့အာနုဘော် ဒီကျောင်းတိုက်မှာ ဂိုဏ်းဆရာတွေ ကလဲရောက်, ရောက်လာကြတယ်။ သူတို့ဂိုဏ်းဆရာထဲက လူတစ်ယောက် နေမကောင်းလို့ အစာမစားတဲ့နေသတဲ့။ ဒါနဲ့ညကျတော့ သပိတ်ထဲ ထည့်စားရမယ်လို့ အိပ်မက်ပေးတဲ့အတွက် စားရသတဲ့။ နောက်တော့လဲ ဒီလိုပဲ့စားချင်ပြန်သတဲ့။ အရက်သမားတစ်ယောက်ထောင်ကျနေတာ ထောင်ထဲရောက်တော့ ဘုန်းကြီးစာအုပ်ကြော့ကိုဖတ်ပြီး ထောင်ကထွက်လာတဲ့အခါသာသနာပြုရန် မိန်းမကိုကိုင်ပင်တော့ မယုံနိုင်စရာပဲ။ ဘုန်းကြီးမှာ ဂိုဏ်းဆရာတွေ မ,စလို့

မဟုတ်ပါဘူး။ ကိုယ့်အလုပ်နဲ့ကိုယ်တိုးတက်လာတာပါ။ ဘုန်းကြီးရဲ့ အာနုဘော်က မေတ္တာပါပဲ။ ဘာတန်ခိုးမှမရှိပါဘူး။ ဘုန်းကြီးမေတ္တာပို့တာ နှစ်ရက်ခဲ့ ပို့ရတယ်။ အကျိုးဆိုတာ ကိုယ်ကလုပ်မှ ရတာပါ။

အိပ်ရာထ ဒီကျောင်းအနေနဲ့ကျောင်းတိုက်ချဲ့ချင်ရင်ဒီကမှ
မပျင်းကြနဲ့ မပျက်ကြစေနဲ့။ နံနက်ကျရင် ဒီကအစည်းအဝေး
အတိုင်းလုပ်ကြ။ ကိုယ်တော်တို့ အိပ်ရာက ပျင်းနေရင် ဘုန်းကြီးက နတ်တစ်ယောက် တည့်ပေး လိုက်မယ်။ ရှေးတုန်းက ရှင်ဘုရင်တွေ စက်တော်ခန်းမှ ထချိန်တော်ရင် သီချင်းအမျိုးမျိုးနဲ့ ဖြေဖျော်နှိုးကြတယ်။

ဘုန်းကြီးကတော့ မထရင် ဒီက ဝည့်လိုက်တဲ့နတ်ကိုမှာ လိုက်မယ်။ ကောင်းကောင်းနေတဲ့ ပုဂ္ဂိုလ်ဆိုရင် သာသာ လေးနှိုးပေးပါနော်။ အိပ်ရာထပျင်းတဲ့ သူမျိုးကျရင်တော့ ပါးချပြီးနှိုးပေးပါနော်လို့ မှာလိုက်မယ်။ အိပ်ရာကမထချင် တာရယ်၊ ဆွမ်းစားရမှာရယ်၊ ပြောဟောရမှာရယ် ဒီသုံးချက် ဘယ်ဟာကခက်သလဲ။

"အိပ်ရာက တ,ရမှာခက်ပါတယ် အရှင်ဘုရား"
(တစ်ပါးကဖြေသည်)။
ကိုယ်တော်တို့ အိပ်ရာထ မခက်အောင် ကြိုးစား နေကြ။

ဓမ္မဗျူဟာ
အတွဲ (၁၉) အမှတ် (၅)
(၁၉၈၀၊ ဇူလိုင်လ)

သာသနာတော်ကို စောင့်ရှောက်ပါ

အစစ်ကိုမှန်းပြီး ကြည့် ညို တာ လူလောက နတ်လောက အားလုံးမှာရှိကြ တဲ့ရတနာတွေထက်မြတ်စွာဘုရားရတနာ ကအသာဆုံး၊ လောကီရတနာတွေကဘာဖိုး ဖြတ်လို့ရတယ်။ ဗုဒ္ဓရတနာက အဖိုးဖြတ်လို့ မရဘူး။ ခုခေတ် ဒဂ္ဂီဏသာခါတုဘူးတွေက ဒဂ္ဂီဏသာခါဆိုရင် ကလေးငိုရပ် မယ်တဲ့။ မဟုတ်တာတွေ လျှောက်လုပ်နေကြတယ်။ ပိုက်ဆံရှိ တိုင်းဘုရားတွေ့တည်မနေကြနဲ့။ ဘုရားတည်ပြီးတော့လဲတယ် သူမှ သိပ်ရှိသေကြတာ မဟုတ်ဘူး။ ဘုန်းကြီးက ဘုရားကို မရှိသေလို့ မဟုတ်ဘူး။ မကြည်ညိုလို့လဲ မဟုတ်ဘူး။ ဘုန်းကြီး ကြည်ညိုတာက အစစ်ကိုမှန်းပြီး ကြည်ညိုတာ။ ဘုရားပွင့်စဉ် ကလဲ ရှေးကပါရမီတွေက မပါကြတော့ ဘုရားကို မဖူးကြရ ဘူး။ ဥာဏ်မပါတော့လဲ မကြည်ညိုတတ်ကြဘူး။ ခုခေတ်လူ တွေ ပိုးဟိုးတာပေါ့။

သီလစသည်တွေဟာ အဖိုးတန်လှပါ၊ လောကီရတနာ ကြည်ညိုရတာနဲ့ ဘုရားရတနာ ကြည်ညိုရတာ ဘုရားရတနာ က ကောင်းတယ်။ လောကီရတနာတွေက ကြည့်လေ ကဏ္ဍာ လောဘဖြစ်လေ၊ ဘုရားရတနာက ကြည့်လေ ကောင်းလေ၊

မကြည်ညှိချင်သူမရှိဘူး။ လောကီရတနာတွေကို အာယာနေရင်
ငရဲတိရစ္ဆာန်ကိုရောက်မှာ။ ဗုဒ္ဓရတနာကို အာရုံပြုသောသူက
ကောင်းရာသုဂတိကို ရောက်မှာအမှန်ပါ။ ဗုဒ္ဓပွင့်လာတာက
ကြွားချင်လို့မဟုတ်ပါဘူး။ သတ္တဝါတွေ ချမ်းသာစေချင်လို့
ပါ။ ကိုယ့်အကျိုးသာဆိုရင် အိပ်နေမှာပေါ့။

ဆင်ကိုပတ္တေရပေမယ့် ခြေရာကိုတွေ့နိုင်

တို့ဗုဒ္ဓ မြင့်မြတ်ကြောင်းကို သူဟော
ခဲ့တဲ့တရားတော်တွေနဲ့ ချိန်ယှဉ်ကြည့်
ရင် သိနိုင်ပါတယ်။ ဆင်ကို မတွေ့ရ
ပေမယ့် ဆင်ခြေရာကို တွေ့မြင်ရင် ဆင်အကြီး၊ အငယ်ဆိုတာ
သိနိုင်ရတယ်။ ဗုဒ္ဓကို ကိုယ်တိုင် မဖူးလိုက်ရပေမယ့် ဗုဒ္ဓဟော
မြွက်ခဲ့တဲ့ တရားတော်တွေကို တွေ့မြင်ရတော့ ဗုဒ္ဓ မြင့်မြတ်
ကြောင်းကို သိရတယ်။ မဘဂ္ဂီဆိုတဲ့အမျိုးသမီးဟာ ဘုရား
ကိုဓဲတော့ ဘုရားက စစ်မြေပြင်သွားတဲ့ ဆင်ပြောင်ကြီးလို
မြားခါပြီး ရွှေကိုသာ တိုးတက်ဟာပဲ၊ မြတ်စွာဘုရားကလဲ
မဘဂ္ဂီ ဘယ်လောက်ပဲ့ဆဲဆဲ သည်းခံပြီး ကြည်မြဲတိုင်း ကြည်
တာပါပဲ။

ဘုရားရတနာက လူနတ်စတဲ့ သတ္တဝါတွေ အမျိုးမျိုး
တိုင်းမှာ ရစေနိုင်တယ်။ လောကီရတနာတွေကတော့ပိုက်ဆံ
ရှိတဲ့ သူဌေးတွေမှာသာ ဝတ်ဆင်နိုင်တယ်။ လောကီရတနာ
တွေက တန်ဖိုးဖြတ်လို့ ရပေမယ့် ဘုရားရတနာက တန်ဖိုး
ဖြတ်လို့မရပါဘူး။ သဒ္ဓါ, ဥစ္စာရှိသူတိုင်း ဘုရားရတနာကို
ပန်ဆင်နိုင်တယ်။

ဘုရားရတနာ တစ်ဆူဖြစ်ပေါ်လာတဲ့ ဆိုတာလဲ လွယ်ကူ
တာ မဟုတ်ဘူး။ လေးသောင်းနှင့် ကမ္ဘာတစ်သိန်း ပါရမီ
တွေကို ဖြည့်ကျင့်မှ ဘုရားတစ်ဆူပွင့်တာ။ တစ်ကမ္ဘာဆိုတာ
ကလဲ မလွယ်ဘူး။ တစ်ဟူဇနာဂျီတဲ့ ဂိုဒေါင်ထဲမှာ မုန့်ညင်း
စေ့တွေ အပြည့်ရှိတယ်။ နှစ်တစ်ရာရှိမှ တစ်စေ့၊ နှစ်တစ်ရာ
ရှိမှ တစ်စေ့ နုတ်လိုက်တာ ဖုန့် ညင်းစေ့သာ ကုန်တယ်၊
ကမ္ဘာက တွက်မရသေးဘူး။

ဒါလောက်ခဲယဉ်းတဲ့ ဘုရားသာသနာမှာ ဒါနတွေပြုကြ
တာ တော်တော် စဉ်းစားစရာကောင်းတယ်။ ဒါနပြုတယ်
ဆိုတာ ဂုဏ်ရှိအောင် ဒါနပြုတာ မဟုတ်ပါဘူး။ ဘုဝုး
လောင်း ဒါနပြုကာဟေ ခုခေတ်လို ဂုဏ်ရှိတဲ့သူရယ်လို့ မရည်
ရွယ်ဘူး။ မရှိတဲ့သူတွေရှိရင် ပေးလိုက်တာပဲ။ ဘဝမျိုး
စုံက ဆည်းပူးခဲ့သဲ့ ဒါန, သီလ, ပညာဆိုတာ နောက်
ဘဝအထိ အထုံပါသွားတယ်။ ဘုရား အလောင်းဟာ
ပစ္စည်းတွေ ချမ်းသာပါတယ်။ ဒါပေမယ့် ခုလူတွေလို
မစ္စန့်ရက်, မခ္ခာရက် ပက်မောနေတာ မဟုတ်ပါဘူး။ အို
တာ, နာတာရှိရင် မအိုလာ မနာတာ ရှိရမယ်ဆိုပြီး နှန်း
တော်ကနေ ထီးနန်းနှင့် စည်းစိမ်တွေစွန့်ပြီး တောထွက်
သွားတာပါပဲ။ နောက်ဆုံး (နိဗ္ဗာန်)နိဗ္ဗာန်ရောက်တော်မူ
တယ်။

ပျော်ပွဲရှင်ပွဲတွေ လုပ်နေကြတာ

ဘုန်းကြီးက ရုပ်တုတော်တွေ ပျားပျား
မထုစေချင်ဘူး။ ရုပ်တုတော်တွေထုရင်လဲ

သပ်သပ်ပယ်ပယ်နှင့် တစ်ဆူတလေ ကောင်းတယ်။ တို့မြန်မာ
တွေကတော့ မြန်မာရှပ်ထုတယ်။ အိန္ဒိယကထုတော့ ကုလားရှပ်
ထုတယ်။ ဥရောပတို့ကလဲ တစ်မျိုးထုတယ်။ ရှပ်တုတော်များတော့
ပရိသေကြတော့ဘူး။ တစ်မြို့ တစ်ရွာမှာ သန့်သန့်ရှင်းရှင်းနှင့် တစ်ဆူပဲရှိရင်ကောင်းမယ်။ ဘုရား
ဆိုရင် ကိုယ့်မိတာ အရိုးအိုး ဂူတွေရှိသေကြသလို ဘုရား
စာတော်တော်ကိုလဲ ရိုသေကြပါ။ အထူး ရိုသေကြပါ။ ဗုဒ္ဓ
ဘာသာ သာသနာကို ဘာသာဝင်တွေက ဖျက်နေကြတာ။
ဘုရား ပူဇော်တဲ့ အနေနှင့် ပျော်ပွဲရှင်ပွဲတွေ တခြမ်းခြမ်း
တသည်းသည်း လုပ်နေကြတာ ဘုရားပူဇော်ရာ မရောက်
ပါဘူး၊ ဘုရားကလဲ အာရုံ မရောက်ပါဘူး။ ကုသိုလ်
မရတဲ့အပြင် ရဲတောင် ကြီးပါသေးတယ်။ နောင်လာ
နောင်သားတွေကို ပြင်ပေးကြ၊ မပြင်ရင် နောက်ပုဂ္ဂိုလ်
တွေက ဘုရားကို ယုံမှားမဟုတ်တော့ဘူး၊ ကြိုးစားကြ၊ ဗုဒ္ဓ
ဘာသာဝင် စစ်စစ်ဖြစ်အောင် ကြိုးစားအားထုတ် ဆောင်
ရွက်ကြ။

နွားချိန့်လူကြီးလောက တဏှာလောဘဟာ တော်တော် ကြောက်
စရာ ကောင်းတယ်၊ မိန်းမ၊ ယောကျ်ား
ဖြစ်ရတာ ခုဘဝ ကုသိုလ်ကောင်းမှုပြုစဉ်
မိန်းမစိတ်နဲ့ ပြုတဲ့အတွက်ကြောင့် နောင်ဘဝ ပဋိသန္ဓေ
နေရင် မိန်းမစိတ်နဲ့ပဲ ပုံသဏ္ဌာန်ပေါ်လာတာပဲ၊ ယောကျ်ား
စိတ်နဲ့ပြုရင် နောက်ဘဝ ယောကျ်ားပဲ ဖြစ်ရတယ်။ မိန်းမ

ဘဝက ယောကျ်ားဘဝ မရောက်တော့ဘူး လားဆိုရင်
ရောက်နိုင်ပါတယ်။ ခုမိန်းမဘဝကို စက်ဆုပ်ပြီး ယောကျ်ား
စိတ်နှင့် ကုသိုလ်ကောင်းမှုပြုရင် နောက်ဘဝ ယောကျ်ား
ဖြစ်တာပါပဲ၊ ယောကျ်ားလဲ မိန်းမဖြစ်တာပါပဲ။

တဏှာလောဘဆိုတာ မွေးကင်းစကလည်းက ပါလာ
တာ။ နောက် တဖြည်းဖြည်းကြီးလာတော့ ကလေးအရွယ်
မှာ အမေက မိန်းမရှပ်ကလေး ဝယ်ပေးလို့ ကျေနပ်လို့။
နောက် လူပျိုဘဝ ရောက်လာတော့ တကယ့် လူစစ်စစ်
အရွယ်ကို လိုချင်လာတယ်။ တစ်ခါနိုင်ငံခေါင်းဆောင်ကြီး
တွေ ဖြစ်တော့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လုယူလိုကြပြန်တယ်။
ဒီဘုရားက "နွားမှာ ချိုပေါက်တာတော့ ပြန်တိုတယ်လို့
မရှိဘူး၊ ရှည်မြဲရှည်လာတာလိုပဲ လူမျိုးမှာလဲ လူကြီးလေ
လာလာကြီးလေလေ၊ မလျော့ဘူး၊ မသေမချင်း လိုချင်
နေတာပါ" လို့ ဟောတယ်။

လူမိုက်ဆိုရှောင် ကိုရင်တို့ လူမိုက်တွေကို ကြည့်ရှောင်ကြ၊
လူမိုက်နှင့် ပေါင်းတဲ့သူဟာ ဥပမာ-မွှေး
ကြိုင်နေတဲ့ ပဝါကဲမှာ အစပ်, အပုပ်, မကောင်းတာတွေ
ထုပ်ထားတော့ အဝတ်က မနံသော်လဲ အလဲက အပုပ်တွေထုပ်
ထားတော့ ပဝါပါ ရောပုပ်သလိုပဲ၊ လူတွေလဲ လူတစ်ယောက်
ကောင်းပေမယ့် လူမိုက်နှင့်ပေါင်းသင်းရင် မိုက်သွားတာပဲ၊
ကိုယ်တော်တို့က ဆရာမိုက ဖြစ်ကြတဲ့အခါ တပည့် သား

သမီးတွေကို လိမ္မာအောင် စောင့်ရှောက်ပြီး နေထိုင်ကြပါ။ လူမိုက်တွေရဲ့ အပုပ်နဲ့ ကိုယ့်ကို ကူးစက်မှု မဖြစ်ပါစေနှင့်။

ဆိုခြင်းတရားက ဘယ်သူမှ မကင်းကြဘူး၊ ဘယ်အထိ အိုမှာလဲ၊ သေအောင်အိုမှာ။ အားလုံးသတ္တဝါတွေဟာ အိုပြီဟော့ ဆိုရင် ဘယ်သူမှ မကယ်နိုင်ဘူး၊ အားကိုးစရာ အာဝတမ်းမှု မရှိဘူး၊ ပစ္စည်းပေါလို့ ပစ္စည်းပေးပြီး မစားနိုင်သေပါနှင့် ဆိုလို့ မရဘူး၊ အားလုံးကုန် ရွှန်ပြီး ကပ်ဘဝမှာ သွားကြရတော့ပါ၊ ချမ်းလှပါတယ် ဆိုတဲ့ မိမိကိုယ်သော်မှ ဆွေထဲ မျိုးထဲ မသတိစကုကြီးအဖြစ် ပစ်ထားခဲ့ရတယ်။ အသက်မက ချစ်လှတဲ့ မယားလှလှလေးကိုလဲ မခွဲချင်ဘဲ ခွဲရတာပါ။ အားလုံး သတ္တဝါဒေါ့ဟာ တဏှာ ကျွန်တွေ ချည်းပါပဲ။ ချောချောလှလှဝတ်လေး လိုချင်ပါတယ်ဆို ရှာပေးရတယ်၊ တယ်ပြီး ဝိုလ်ကျတယ်။ ဒါကြောင့် ချောတဲ့ဘူးကလဲ ချောပြီးရင်း ချောချင်ရင်းပါ။ ရတဲ့ဘူးကလဲ ရပြီးရင်း ရချင်ရင်းပါ၊ မဆုံးနိုင်ပါဘူး။

အဝိယာသံသာ သမ္ပုဗ္ဗီသံသာ	အရိယာဖြစ်ပြီးဟဲ့ လံသာတော်အပေါင်း ကို ပရမတ္ထသံသာလို့ ခေါ်ရတယ်။ ကဲ-ခု သံသာတွေက သမုတ် ထားတဲ့ သမ္မုတိ

သံသာ၊ ဒါကို နှားလည်ပါစေ။ ဘုန်းကြီးတို့ နိုင်ငံမှာ ဘုန်းကြီးတွေက ဩဇာရှိရှိနှင့် ပြောဟောသင်ပေးရင် ဗုဒ္ဓဘာသာဝင်တွေ စိတ်ကော်ဝင်းရှိသူက များများပါ။

မဟာမပြောဘဲ ဘုန်းကြီးတွေက ကျောင်းကြီးပေါ် စက်တော်ခေါ်နေကြရင်တော့ သာသနာပါ ကုယ်တော့မှာ။ အသုံးမကျတဲ့ အသုံးအဆောင်းတွေကို အိမ်လာရင် မြေးတွေက လက်မခံချင်ကြဘူး၊ သောရင်လဲ မပူကြဘူး၊ အသုံးကျယင် မသေစေချင်ဘူး။ ဘုန်းကြီးတွေလဲ နည်းတူပဲ။ သာသနာတော်မှာ စောင့်ရှောက်ဖော်မရရင် ဘယ်ဒါယကာ ဒါယိကာမကမှ မကြည်ညိုချင်ဘူး၊ စောင့်ရှောက်ဖော် ရမှ ကြည်ညိုချင်ကြတယ်။ အားလုံး မိမိတို့ သာသနာကို မကွယ် မပျောက်ရအောင် စောင့်ရှောက်ပြီး ဘုန်းကြီးတွေက ရှေအစစ် မဟုတ်ပေမယ့် (ပရမတ္ထသံသာ မဟုတ်ပေမယ့်) ရှေအစစ်လို အရှောင်ဟောက်လာအောင် ကြိုးစားနိုင်ရင် ကောင်းပါတယ်။ လူဒါယကာ ဒါယိကာမတွေကလဲ သရဏဂုံသုံးပါး တစ်သက်လုံး မပျက်ယင် ကောင်းပါတယ်။

ဓမ္မဗျူဟာ

အတ္ထ(၁၉)၊ အမှတ်(၆)

(၁၉၈၀၊ ဩဂုတ်လ)

ချွေတာစုဆောင်း သင္ခ်ေးေလာင်း

သေခြင်းတရားကို စောစောက တွေးထားပါ

လူတစ်ယောက် အလုပ်လုပ်တဲ့ အခါ အချောင်နေရင် ကောင်းတော့ ကောင်းတယ်၊ ဒါပေမယ့် အကျိုးပေးတဲ့ အခါကျတော့လဲ ချောင်နေ တတ် တယ်။ ဘုန်းကြီးစိတ်ကတော့ အချောင်မနေချင်တဲ့စိတ်ပဲ၊ ဘုန်းကြီး အလုပ်က လူများလုပ်လို့ကို မဖြစ်ဘူး။ ဘုန်းကြီးသေရင်လဲ အမြန်သေတာကောင်းတယ်။ ဝေဒနာတော့ မခံချင်ဘူး။ သေတော့လဲ နိုးစပ်တဲ့ ပရိသတ်တွေကြားထဲ မသေချင်ဘူး၊ ချုံကြားထဲ သွားသေချင်တယ်။ သေမှာဆိုတာ စောစောက တွေးထားရတယ်၊ ဒါမှပေါ့ကြောက်တာ။ တရားနဲ့ ဆင်ခြင်တယ်။ လူ့လောက ရောက်လာရင် အို, နာ, သေရေးကို မလွှဲဆန်နိုင်ကြဘူး။

ဒီကျောင်းမှာ ခုတလော လူဝင် လူထွက်တွေ များနေတယ်။ လူတွေ့ဒါလောက်များလာတာကို သတိထားရမယ်၊ ဘုန်းကြီးက အလုပ်တစ်ခု ကိုးတက်လာယင် သတိထားလုပ်တယ်၊ မကောင်းမှုပြုသူတာ ကိုယ်က မမြင်တော့ ရှက်စရာ မကောင်းဘူး၊ ဆွမ်းခံရင်း သပိတ်ခေါင်း စွပ်ပြီး

နောက်ဖေးသွားတဲ့ ကိုယ်တော် မရှက်ပါဘူး၊ ဒီကျောင်းမှာလဲ မကောင်းတာတွေ ရှိနေတာပဲ၊ သတိထားကြ။

နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေတာ

ပုဂ္ဂိုလ်တစ်ယောက် ကောင်းတယ်ဆိုတာ အထက် ဆရာ မိဘက ဆင်းသက်လို့ ကောင်းလာသူသာ နောင်လဲ အရှည်သဖြင့် ကောင်းတာပါ၊ လူတစ်ယောက်မှာ လက်ကလွတ်ရင် ရြေမြဲဆိုတဲ့ အကျင့် ရှိရတယ်၊ စိတ်ကူးကတစ်မျိုး အလုပ်ကတစ်မျိုးဆိုရင် မတိုးတက်ပါဘူး၊ 'လူ့ဗျတိဘိက္ခဝေ သိလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ' တဲ့။ သီလရှိတဲ့လူဟာ လိုရာကို ပြီးစေတတ်တယ်။ စိတ်ကိုလာ စင်ကြယ်စွာနဲ့နေ၊ လောကစကား ရှိသားပဲ၊ ဥစ္စာလိုချင်ရင် ဥစ္စာနဲ့ ရင်းယူမှ၊ သီလ, သမာဓိ, ပညာလိုချင်ရင်လဲ လိုအပ်ပဲ။ လောကကြီးမှာ ဘယ်သူတွေ ဘာပြောပြော ကိုယ်ကဟုတ်ရင် ပြီးနေတာပါ။ ကိုယ်တော်တို့ ဒါယကာ ဒါယိကာမတွေ လာအောင် ပါးလျက် နားလျက် လုပ်မနေကြနဲ့၊ မကောင်းဘူး၊ ဒါတွေ အလကားယာတွေ၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေကြတာ။ မသိတဲ့ လူတွေကလဲ မျက်မမြင်ချင်း ကြည်နေကြတာပါ၊ ကိုယ်တော်တို့ သတိတရားနဲ့နေကြ။

သူဇော်ကောင်း ခိုကောင်းစုံခဲ့

မိဘရိုးရာ ဆရာသမားနဲ့ဆိုတာက တစ်ဘက်ဘက်ကကောင်းရတယ်၊ ဘုန်းကြီးရဲ့ သူတော်ကောင်း မှီခိုရတာက လူဘက်ကရော ရဟန်းဘက်ကရော စုံခဲ့တယ်၊ ဒါကြောင့် ဘုန်းကြီး

မှာ ယေ်ယေ်ကတည်းက သတ္တိကောင်းခဲ့တယ်၊ မိဘဆွေမျိုး ဆရာကောင်းတွေရဲ့ လက်အောက်က လာခဲ့သူတွေဟာ သိမ်မွေ့တယ်၊ လူဆိုရင်လဲ သားသမီးတွေနဲ့ နေရပေမယ့် သူတော်ကောင်းစိတ်ဓာတ် ပါလာရင် ဒီဘဝ မပျက်တော့ဘူး၊ မလိုမ္မာသူ အတွက်ကတော့ မတူးပါဘူး။ လိမ္မာသူတွေ အတွက်တော့ တိုးတက်မြဲပဲ။

ဘုန်းကြီးတို့ ကျောင်းတိုက်ဟာ ပေါ့ပေါ့နဲ့ ကြီးပွားလာဘာ မဟုတ်ပါဘူး၊ ဂျပန်ခေတ်က ရှုပသိဒ္ဓိသာသနာ ဦးကာစာအုပ်ကို လေယာဉ်ပုံးချစဉ် ရေးခဲ့တယ်။ ဒီလိုနဲ့ တက်လာခဲ့ရတယ်။ ပေါ့ပေါ့ဆဆ မတွက်ကြနဲ့။ ကိုယ်မှာ လောဘစတဲ့ တရားတွေ အခင်မခံကြနဲ့။ ဘူးသောက်ကောင်းတရားတွေ နာကြားနေရတာဟာ စိတ်ထားကစပြီး အားလုံး အချိုးကျနေကြတယ်။ တို့ဘုရားနဲ့တွေ့လို့ ဒီလိုအခါမျိုးမှာ ဒီလို တရားတွေကို နာကြားနေရတာ တခြားနိုင်ငံတွေမှာဆိုရင် မလွယ်ဘူး။ နိုင်ငံခြား ကိုင်းပြည်တွေဟာ လောကီသက်သက်တော့ ယိပ်ကန်းနိုင်ငံတွေပဲ။ ကားလိုချင်လဲ ချက်ချင်းရ၊ လေယာဉ်ပျံ လိုချင်လဲ ချက်ချင်းရ။ ဒါပေမယ့် ဘဝသံသရာကျအောင် ကောင်းရာသုဂတိ ရောက်ဖို့ရာက မလွယ်ဘူး။ ဘာပြုလို့လဲ၊ ပတိရူပဒေသ မဟုတ်လို့။

ပတိရူပဒေသ ကောင်းခဲ့ ဆရာသမားတွေက ကိုယ့်ဘဝည့်တွေကို ဂရုစိုက်ပေးကြပါ။ ဒီကျောင်းတိုက် တိုးတက်လာတာ ကံတော်ကံကြောင်း တိုးတက်လာတာ

မဟုတ်ဘူး။ ဘုန်းကြီးရဲ့ ဆရာတွေကလဲကောင်း၊ ဘိုးဘွားလေးမျိုးတွေကလဲ ကောင်းခဲ့တော့ အားလုံးက ဘုန်းကြီးကို အရေးပေးကြတယ်။ ဘုန်းကြီးရဲ့ ရေသောက်မြစ်က ဒီလို လာခဲ့ဘာ၊ ဘုန်းကြီးက ပတိရူပဒေသ ကောင်းတယ်၊ ဘုန်းကြီးကံက မသေးသိမ်ပါဘူး။ အားလုံး ဒါယကာ ဒါယိကာမတွေ တပည့်ပရိသတ်တွေ ရှိနေလို့ ပြောဟောနေရတာ။

ဒီကျောင်းမှာ ဘုန်းကြီးက ဒီလောက် ပြောဟောနေပေမယ့် တချို့က မလိုက်နာချင်ကြဘူး၊ မလိုက်နာချင်တဲ့ ကိုယ်တော်တွေ ဒီကျောင်းမှာမနေကြပါနဲ့။ "အမေ ဘယ်လိုချွဲသိပ်ပေမယ့် ငါအိပ်မှပျော်မယ်" ဆိုတာလို ဆရာက ဘယ်လိုဆုံးမပေမယ့် ငါကလိုက်နာမှတော်မယ်၊ ကိုရင်တို့ကဟုတ်နေရင် သာမှကြောက်စရာမလိုပါဘူး၊ တကယ်အခွင့်ကောင်းလို့ ဒီလိုဘဝမျိုးနဲ့ ဒီလိုအဝတ် ဝတ်နေရတာ၊ အသိတရားနဲ့ ကောင်းကောင်းနေကြပါ။

သားသနာ့ဝန် ဗုဒ္ဓမြတ်စွာက သိက္ခာ ပုဒ်တော်ကို သူတော်ကောင်းအောင် တစ်ခါ လွှန်ကျူးမိရင် အားလုံး အတွက် တစ်ခါတည်း ပညတ်လိုက်တယ်။ အားလုံးလဲ လိုက်နာကြတယ်၊ ကိုယ်တော်တွေက ဘုန်းကြီးစကားကို ကောင်းကောင်း နားမထောင်ကြဘူး၊ ရှေ့မှာတစ်မျိုးကွယ်ရာမှာတစ်မျိုးမလုပ်ကြနဲ့၊ ဘုရားရဲ့စနစ်ကို မလိုက်ရင် မနေကြနဲ့၊ သာသနာ့ဝန်ကို ဆောင်တယ်ဆိုတာ

သူတော်ကောင်းတွေသာ ဆောင်တယ်၊အမျှားအကျိုး သာသနာ့အကျိုး ဆောင်နိုင်အောင် ကြိုးစားကြ၊ရွာတစ်ရွာမှာ တစ်အိမ် ကောင်းစားဖို့နဲ့ တစ်ရွာလုံး ကောင်းစားဖို့ဆိုရင် တစ်ရွာလုံးကောင်းစားရေးလုပ်သူက နည်းတယ်၊ အားလုံး ကိုယ်ကျိုးချည်းမျှားနေကြတယ်၊ဘုန်းကြီးကတော့ အားလုံး ကို ကြည့်တာပါ၊ ဘုန်းကြီးစေတနာတွေက ဘဝသံသရာမှာ အကောင်းဆုံးပဲ။

သာသနာ့လမ်းစဉ် ရှေ့လျောလာ ဖြစ်နေတာက ကုသိုလ်အရ နည်းနေကြတယ်၊ဘာနဲ့တူသလဲဆိုတော့ "ဗာရာဏသီ မြည်မှာ ဘာပင်ကြီးက ဘာသီးကြီးသီး လို့ဟာဓားမကြီးနဲ့ဆိုလားခဲ့ကြည့်တော့ဘာမှမရှိဘူး" ဆိုတာ လိုပဲ၊ ခုလဲ အားလုံးဟာ ဘာကုသိုလ်မှသိပ်မရှိကြဘူး၊ ကိုယ် တော်ကို သိကွာသုံးပါးနဲ့နေကြ၊ ဒီကျောင်းမှာကဲနဲ့လန်မလုပ် ကြနဲ့၊ ကိုယ်တော်တို့က တရားကို တန်ဖိုးမထားကြဘူး၊ ဌက် ပျောပ္ပဲ အုန်းပ္ပဲရဖို့ရာလောက် မျှော်နေကြတယ်၊ ဘုန်းကြီးက သတ္တဝါတစ်ယောက်ကို အရေးတကြီးနဲ့ဂရုထားမယ်မထင်နဲ့ တစ်ဘဝဆိုတာ ဆန်းတာမဟုတ်ဘူး၊ မပြုနဲ့ဆိုတာ ပြုလို့ တစ်စုံတစ်ခုဖြစ်သွားရင် ပျာပျာသလဲလုပ်မယ် မထင်နဲ့၊ဘုန်း ကြီးက အပိုဆာလုပ်တွေကိုမကြိုက်ပါဘူး၊ခုမှမဟုတ်ဘူး၊ ရှေး ကတည်းက အထုံပါလာတာ၊ မင်္ဂ,ပိုလ်,နိဗ္ဗာန်ဘက် မဟုတ် ရင် တားမြစ်ရမှာပဲ၊ ကိုယ်တော်တို့ ကြိုးစားကြ၊ ဘုရား သာသနာက တဖြည်းဖြည်း ရှေ့လျောလာပြီ။

အပေါ်ယံကောင်း မလုပ်ကြနဲ့ ဘုန်းကြီးက ပဋ္ဌိပတ်မပါဘဲ ပရိယတ်ကို မမျှော်ပါဘူး၊ အပေါ်ယံကောင်းနေရုံနဲ့ အတွင်း အနှစ်မရှိရင် အလကားပဲ၊ဘုန်း ကြီး လမ်းစဉ်က အမျှားလမ်းစဉ်နဲ့ မတူပါဘူး၊ သူမျှားနဲ့ မတူလို့ ခု အကျိုးတွေရနေတာ အမျှားကြီး၊ ကိုယ်တော်တို့ အလုပ်လုပ်ရင် လာဘ်လာဘနဲ့ဂုဏ်ကို မျှော်လုပ်ရင် ပါရမီ မဟုတ်ဘူး။

ရှိရင်လှူရတယ် လူတွေက ရှေပါရုံစတဲ့ အာရုံတွေကိုခံစားပြီး ကုသိုလ်တရားတွေနဲ့ ကင်းနေကြ မေ့နေကြ တယ်၊ ကုသိုလ်တရားမေ့သောသူဟာ သေနေတာပဲ၊ သေတဲ့ သူတွေက တင်းတုံးနဲ့တူတယ်၊ သေပါတယ်ဆို ခြေထောက်ကို ကြိုးနဲ့အတုပ်ခံရသေးတယ်၊ဘုန်းကြီးသာသေရင်တော့ နိုးရာ ဆဲပြီး မီးနဲ့ရှို့လိုက်၊ ဘုန်းကြီးတွေ ပျံတော်မူရင် နိဗ္ဗာန် ကျောင်းချသတဲ့၊ နောက်တစ်ခါ ယောင်ကျူးသတဲ့၊ဘာဟုတ် မလဲ၊ တန်ဆာဆင်ကြတာ၊ မေ့လျော့နေတဲ့ရဟန်းတွေက ဖရိ ဖရဲ ကိုးရိုးကားရားနဲ့ လျှောက်သွားနေကြတာ၊ လူတွေလဲ ဒါနဲ့, သီလ ကုသိုလ်ကောင်းမှုဆိုင်ရာတွေ မေ့နေကြရင် အသေပါပဲ၊ရဟန်းတွေ ဒါနပြုရမယ်လို့ သတိမထားကြဘူး၊ ရှိရင်လှူရတယ်၊ ရှိလျက်နဲ့မလှူရင် အသေပါပဲ။

ချေတာဇုသောင်း သူဇဋ္ဌားလောင်း ဘယ်နေရာမျိုးမဆို ချေတာရတယ်၊ ချေ တာတယ်ဆိုတာ နှမြောလို့ မဟုတ်ဘူး၊ ပစ္စည်းကို သူ့နေရာနှင့်သူ သုံးတတ်စွဲတတ်

တာဟာ ချေဟာတာပဲ၊ ဘုန်းကြီးက မီးကို အလကားဖွင့်တားရင် နှမြောတယ်၊ ကုန်သင့်လို့ကုန်တာက အကြောင်းမဟုတ်ဘူး၊ မကုန်သင့်ဘဲ အလကားလျှောက်ကုန်နေတာကတော့ အကျိုးမရှိဘူး၊ ဘာတဲ့လဲ—

"မူးနှုတ်, ပဲနှုတ်, စုရှိလုပ်
တရုတ်တိုက်ကြီးတည်၊
တစ်ပြား, နှစ်ပြား, စုပါမျှား
ကုလားတိုက်ကြီးတည်"။

တို့မြန်မာတွေက ဆင်းရဲမှာပေါ့၊ အကျိုးမမျှားတဲ့နေရာတွေမှာ အကုန်အကျတွေက မျှားနေတာကိုး။

ပေမ္ဗျူဟာ

အတွဲ (၁၉)၊ အမှတ် (၇)

(၁၉၈၀၊ စက်တင်ဘာလ)

တစ်နေ့တစ်လံ နိမ္မာန်ဘယ်ပြေးမလဲ

သာသနာပမ္ဘာ မလွယ် လူတွေက တရားအားလုတ်ချင်ကြတယ်၊ သူတို့က သားသမီးတွေ တကဲ့ကဲ့နဲ့၊ ငါးပါးသီလနဲ့နေကြဖို့ ပြောရတယ်။ သူတို့အားလုတ်ဟာက မဂ်ပေါက်, ဖိုလ်ပေါက် ဟုတ်ချင်မှဟုတ်မှာ၊ လူတွေကအကွက်မသိကြဘူး။ ခုကိုယ်ကျင့်သီလ မကောင်းကြလို့ဘာဖြစ်နေသလဲ။ ကိုယ်ကျင့်သီလကိုအတူးကောင်းအောင်ကြိုးစားကြရမယ်၊ သာသနာ့အတွင်းမှာ အလုပ်လုပ်စရာတွေက အများကြီးပဲ၊ လုပ်ချင်စုလုပ်လို့ရတယ်၊ သာသနာပမ္ဘာကျတော့ မလွယ်ဘူး၊ နောက်ဆုံးက ဖိုလာပြန်ရောက်ရင် ဆရာ့ဖိဘကောင်းနဲ့ ကျွေးမွေးမှုတွေမှာ၊ ဒါမျိုးကြောင့် ခုလောနီးတဲ့နေ့ရတဲ့ဘဝမှာ နိမ္မာန်ရောက်ကြောင်းလမ်းက ခြောင့်တယ်၊ ဝမ်းမြောက်ဝမ်းသာ နေလိုပ်ကြ။

ဘုန်းကြီးဆိုတာ ဟာန်မရောင်ရ ဘာလုပ်လုပ်ဆရာတင်ရတယ်၊ လုပ်ကွားဘဝ သူ့ကိုတာ ရဲလိုက်ရပဲ၊ ပေမြစ်ဆင်ရင် ဘုရားရှိခိုးမှာ၊ ကိုယ်တော်လို့ ကောင်းမြောတ်ရား ယောဇနာ, စာရေး, စာမြောတာတာ အကုန်အကျခံရတယ်၊ လူတွေစကားပြောတာက စည်းကမ်းနဲ့ကားပြောတာပဟုတ်

ဘူး၊ပါးစပ်ကြီး ဟ,ဟပြီးအလဲချည်းလျှောက်လျှောက်ပြော နေတာပဲ၊ တို့သာသနာမှာကဘာဖြစ်ဖြစ်စည်းကမ်းကျတယ်၊ ဘုန်းကြီးလိုနေပြီး ဟန်မဆောင်ကြနဲ့၊ ဘုန်းကြီးဆိုတာ ဟန်မဆောင်ရဘူး။

"ရဟန်းကိုဇ, နှစ်ဓုရဒ္ဓ
လုံ့လအားသည်း, ပါတိမောက္ခနည်း၍
ပစ္စည်းမသို့, စိတ်မတို
ခင်ပျို့ကြီးပွားကြောင်း၊
ခင်အိုလဲ ကြီးပွားကြောင်း"။

ယေ်ယေ်က သဒ္ဓါတရားရှိရင် လူဆိုတာ အကွက်ကျော်သိရတယ်၊ သူများ လူတာစားနေရုံနဲ့ မပြီးဘူး၊ လူတဲ့လူတွေက သာသနာအတွက် ဂုဏ်မှန်းပြီး လူကြတာ၊ အလူဆိုတာကဘဝသနာရှိမှလူဖြစ်တာ။ အမြှောဟူးမွှေးတဲ့အမျိုးသား အမျိုးအမိုးအောင်မှစ်တယ်ချင်းပတူကြဘူး။ တစ်ယောက်ကလောဘကြီးတယ်၊ စိတ်ကောင်းမရှိဘူး။ တစ်ယောက်က သဒ္ဓါတရားနဲ့ လူချင်ပေးချင်တယ်၊ နောက်ဘဝအတုံ့ဆိုတာ မပြယ်ဘူး။ ကွက်ကျော်သိရမယ်ဆိုတာဒါကိုပြောတာ။ ယေ်ယေ်က သဒ္ဓါတရားရှိရင် ကြီးတော့ အဘိုးအဘွားဖြစ်လဲ မပြယ်ဘူး၊ လူချင်းအကူဘူးပေါ့မယ့် ကိုယ်လသာအောင်ကြိုးစားရတယ်၊ ကိုယ်ကသာမှ ဘယ်မှာဖြစ်ဖြစ် ကောင်းတယ်၊ အဘိုးအဘွားဖြစ် သေကာနီးလဲကောင်းနေရင် ဘုဂတိသာ ရောက်ရမှာ။

အားလုံးစိတ်မချရဘူး မကောင်းရင်လဲ ခုဘဝရော နောင် သံသရာရော မကောင်းဘူး၊ တစ်ဘဝ မှာလုပ်တဲ့ကံတွေက နောင်ဘဝကျအောင် အလုံပါလာတယ်၊ ဘုန်းကြီးတို့က လူတာတွေကို အဝေချင်စားပနေကြနဲ့၊ နောင် ဘာမှာ ပြိုကွဲခြင်းတတ်တယ်။ ဒါနပြုတဲ့အခါမှာ စိတ်အေး အေးလေးပြုရတယ်။ ဘုန်းကြီးတွေဘက်ကလဲ စင်စင်ကြယ် ကြယ်နဲ့ ကောင်းကောင်းနေမှ အပြစ်ကင်းပြီး အလှူရှင်တွေ လဲ ကုသိုလ်များများရတယ်။ အလှူလှူရင် ဆပိုတွေ မပါပါ စေနဲ့။ အလှူခံပိပိ အလှူရှင်ပိပိ နှစ်ဘက်စလုံးက ညီမျှရတယ်။ ကောင်းကောင်းနေကြပါ။ အားလုံးစိတ်မချရဘူး။

အလုပ်ကောင်း ကံကောင်း လူတွေ အကြည်ညိုများတာက အပြင်ကိုသာ ကြည်ညိုနေကြတာ၊ အတွင်းကိုလဲသတိပြုကြ၊ အမျိုးကညီနေရင် ကိုယ့်စိတ်ကလဲအောက် ထန်းကျေနေတယ်ဆိုတယ်၊ ကိုယ့်အမျိုးကပစ္စည်းမရှိရင် သူများ ကိုအတင်ကြိုးပြီး ကိုယ့်ဘက်ကမတိုးလက်ဘူး၊ အတွင်းစိတ် ကောင်းအောင်လုပ်ကြပါ၊ အတွင်းမိတ်ကောင်းနေမှလဲ ချစ် စရာကောင်းတယ်၊ ကချို့ကဲ လှပေမယ့် ချစ်စရာမကောင်း ဘူး၊ ကချို့ကဲ လှတော့မလှဘူး၊ ဒါပေမယ့် သူ့ပြင်ရတာ ယဉ်ကျေးတာနဲ့ ချစ်စရာကောင်းတယ်၊ ခုလူတွေက ဘုရား ရှင်ကို မှန်းဟူးနေရတော့ ကံ့ကဲ၏အကျိုး သိပ်ခံယူကြဘူး၊ ဘုန်းကြီးက ဓိဝတ် အလုပ်လုပ်ချင်တယ်၊ လူတော်ကောင်း

ဘ၀ ကာမဂုဏ်ကိုမခံစားဘူး၊ အလုပ်ကောင်းရင်ကံ့ကောင်းတာပေါ့။

ဟိုဘက်ဘ၀က သူမျှားကို မယားမယူအောင်တရားဟောခဲ့လို့ ဘုန်းကြီးဖြစ်နေတာ မဟုတ်ဘူး၊ သူမျှားကို ယောကျ်ားမယူအောင်တရားဟောခဲ့လို့ ခုဘ၀သီလရှင်ဖြစ်နေတာမဟုတ်ဘူး၊ 'ပုဇ္ဇကတ' လို့ခေါ်တဲ့ ရှေးကံကပါလာလို့ ၀တ်နေတာ၊ ဒီဘ၀ကောင်းနေရင် နောင်ဘ၀အတွက် သေရှမှာမကြောက်ပါဘူး၊ ဒီကျောင်းမှာ တာ၀နေ်ဆောင်နေတဲ့ သူတွေကလဲ သူတော်ကောင်းတွေကိုသာ စောင့်ရှောက်ပါ၊ သူတော်ကောင်းမဟုတ်သူတွေကလဲ မနေကြပါနဲ့၊ ဒီ့ပြင်နေရာတွေမှာ ကောင်းပါတယ်။

ကိုယ့်တရားနဲ့ကိုယ် နေပါ ဘုန်းကြီးအလုပ်တွေကအဝေးကြီးတယ်၊ အသက်ကလဲကြီးလုပ်ရတော့ကလဲမျှားနေတယ်၊လူတွေမှာ လောက်အာရုံတွေနဲ့ လုံးပတ်လိုက်နေတယ်၊ နံနက်လင်းလာရင် ၀မ်းဗုံးအတွက် ပူပန်ရတာ၊ စိတ်ကိုပေးအားမတားကြရဘူး၊ တို့ဘုန်းကြီးတွေ ကျမ်းတွေ့ အာဗဒူးပင်ရေမမျိုဘူး၊ ကိုယ့်တရားနဲ့ကိုယ် နေရုံပဲ ကောင်းတောင်းနေကြ။ ဝေယာ၀စ္စတာ၊ ဘုန်းကြီးတရားတော်ကိုပြန်ပြောပြတယ်။ ပရိယတ္တိ။

ဗေဒနာ ဘုန်းကြီး ၁၂ခုတွေ့ သောတာပန်ရုပ် ရှုတဲ့ဆရာ
အားမရ နောက်ပြီးတော့ ပြောပါတယ်။ နောက်ကျတော့ ...

ဖြစ်ရတယ်။ လူ့ထိပ်တန်းတွေလဲ စိတ်မထားတတ်ရင် အသက်မတက်ကြဘူး၊ ဘုန်းကြီးတွေ့ လူတော်တွေဟာ စိတ်မထားတတ်ရင် အောက်တန်းမှာချည်း ကျရတယ်၊ ကိုယ်တော်တို့ ပါရမီများများဖြည့်ကြ၊ စိတ်နေစိတ်သားကိုမြင့်ပါစေ၊ ဒီဘ၀မြင့်မြင့်နေမှ နောင်ဘ၀ မြင့်မယ်၊ မမေ့ကြနဲ့၊ မေ့နေရင် အသေပဲ။

သာသနာ့ပြုရတာ အားမရ အသေဆိုတာ ကုသိုလ်ဒါန စသည် ဘာမှ မပြုလုပ်ရဘူး၊ အများစုက မေ့နေကြတာ၊ ပေါ့ပေါ့မနေကြနဲ့၊ ဘုန်းကြီးက မြင်ရသလောက်တော့ ရှုပ်မချောတဲ့ ကိုယ်တော်လေးတွေ ပျောက်ပြီး ချောလှအောင် ပြင်ပေးနေတာ။ ကိုရင်တို့ ဟရားနှလုံးသွင်းကြ။ တရားတိုတာ အစတော့ ပျင်းတယ်။ ဆသားကျသွားတော့ ဒီအလုပ်ကိုချည်း လုပ်နေတာပဲ။ စိတ်ကိုပျော်လို့။ အရိယာတို့ ကျက်စားရာဖြစ်တဲ့ နေရာဆိုတာ စိတ်ချမ်းသာစရာပါပဲ။ ဘုန်းကြီးဆနေနဲ့ ဘုန်းပကြီးပါစေနဲ့။ ဒီကျောင်းမှာ ဘုန်းကြီး ၀ါဒနဲ့ မကိုက်ရင် မနေကြပါနဲ့။ ကိုယ်တော်တို့ ကြိုးစားကြပါ။ 'တစ်နေ့တစ်လံ ပုဂ်ဘယ်ပြေးမလဲ' ဆိုတာလို့ ဘစ်နေ့တစ်လံ နိဗ္ဗာန်ဘယ်ပြေးမလဲ။ ဘုန်းကြီးက သာသနာ့ပြုရတာကို အားမရဘူး။

ဝေမွတ္တိဟာ

အဘွဲ့ (၁၉) အမှတ်(၇)
(၁၉၇၀၊ အောက်တိုဘာလ)

ဘုရားအဆုံးအမအတိုင်း လိုက်နာကြ

ဆုံးမပဲ့ပြင် လောကမှာ ဘယ်သူမှ စိတ်မချရဘူး။ ကိုယ်တော်တို့ ဆွမ်းခံသွားရင် ရင်ပေါင် တန်းမသွားရဘူး၊ ကျောင်းက နောက်ပိုင်းမှာ နာမည်ပြန့်နေတယ်။ ခုသာသနာရဲ့ ထုံးတမ်း နားလည်အောင်လို့ ဒုလ္လဘဝတ်ပါဒေလို့ ပြောလေ့ရှိတယ်။ ဘုန်းကြီးက လာမယ့် သာသနာကို တစ်ချိန်မှာ ပြုသင့် ပြုရမှာလေးလို့ ကြိုးစားနေတာ။ ဘယ်သူမှ ဒီကျောင်းလာနေဖို့ မတိုက်တွန်းပါဘူး။ သွေးဆောင်လဲ မခေါ်ပါဘူး၊ စေတနာရှိမှ နေကြ။ နောင်သာသနာကို နမူနာအဖြစ် ထားခဲ့ချင်တယ်။ ဘုရားလုပ်စ,ုံ စားပြီး ကောင်းကောင်းနေကြ၊ ဒါမှ လူရသူတွေ ကုသိုလ်ရမယ်။ ဒုလ္လဘတွေ ဆွမ်းခံရင် သတိပေးတာ၊ တူန်ဒိယ သံဝရသီလက ခက်တယ်။ ခုခေတ်က စိတ်ကရိုးနေရင် ဝရမစိုက်ကြဘူး၊ မကြည်ညိုကြဘူး။ ဘုန်းကြီးက ရှေးဟန်ဆန်နေမှ ဝေါဟာရှောက်ချင်တယ်။ သာသနာက တဖြည်းဖြည်းလျှော့လာတော့ လူတွေက အထင်သေးကြတယ်။ သာသနာတွင်း ဝင်သူကို အထင်းနေရ မယ်လို့ မတိုက်တွန်းရဘူး။ ခေတ်အလိုက် မစဉ်းစားကြနဲ့။ သာသနာတော်မှာ ဘုရား

အဆုံးအမအတိုင်း လိုက်နာရမှာပါ။ ဘုန်းကြီးတို့ရဲ့ တာဝန်တွေက အမျှားကြီးရှိတယ်၊ ဘုန်းကြီးတို့က တက်တက်ကြွကြွ လုပ်မှ နိုင်ငံသာသနာ ကောင်းမှာပါ၊ ခုခေတ်ကလေးတွေဆိုရင် မိဘတွေက အလုပ်များနေတော့ အဆုံးအမ နည်းပြီး မလိမ္မာကြတော့ဘူး၊ ဘုန်းကြီးတို့က ဆုံးမနိုင်မှ ပြန်ကောင်းမယ်။

အကုန်အကျ မများစေနဲ့ လောကကြီးမှာ ပြုပြင်ပေးရင် ခွေးကတောင် နောက်က လိုက်ပါတယ်၊ ရုပ်ရှာထဲမှာလဲ ဘုန်းကြီး ကောင်း ကောင်း နဲ့ ပြင်ပေးရင် တက်လာပါမယ်၊ လူဒါန်းနည်းက စပြင်ပေးရမယ်။ ဘုန်းကြီးတို့ ဘုရားလက်ထက်ကဘာမှမကုန်ကျတဲ့ရဟန္တာဖြစ်ကြတာ၊ ခု—ရှင်ပြု ရုဟန်းခံတွေက အကုန်အကျတွေများပြီး ဘာမှမထူးကြဘူး၊ အကုန်အကျတွေ့ မများကြစေနဲ့၊ ဘုန်းကြီးတွေက တစ်ချက်ခုတ် နှစ်ချက်ပြတ်ရမယ်၊ မျှော်လင့်ချက်နဲ့ နေကြပါ။

လောကမှာ နားမလည်တာတွေ အများကြီး ပြင်နေရတာပဲ၊ ကြီးမှ နားလည်မယ်လို့မလင်ကြဘူး၊ ငယ်ငယ်က နားလည်မှ ကောင်းတယ်၊ လောကမှာ အားလုံး သုခချမ်းသာကို လိုချင်ကြတာချည်းပဲ၊ ချမ်းသာသလားဆိုတော့ မချမ်းသာပါဘူး၊ ပစ္စည်းချမ်းသာပြီး စိတ်မချမ်းသာတာတွေ ပြည့်နေတာပါ၊ ဘုန်းကြီးမှာ ကိုယ့်ကျမ်းစာ ကိုယ်ရေးပြီး နေရတာ ချမ်းသာပါတယ်၊ ဘယ်အလှူအတန်းမှ မလိုက်

ချင်ပါဘူး၊ တချို့က ဦးဇနက အလှူတွေ တရားဟော မလိုက်ဘူး၊ မလိုက်ဘူးနဲ့ နာမည်ကြီးတဲ့ ဒါယိကာတွေကျ တော့ လိုက်ပါတယ်လို့ ပြောကြလိမ့်မယ်၊ ဘုန်းကြီးက တာ စနှိုင်ခံသားသာ ရှိလို့ပါ၊ လူက နေကောင်းတာ မဟုတ်ဘူး၊ ဒီလိုနဲ့အပြောခံရတာမျိုးလုပါပြီ၊အသံကသိပ်မရတော့ဘူး။

ကိုယ်လွတ် စာတော်လို့ ဘေးမှာ အလုပ် လုပ်ဖြစ်မယ်
မရှန်းကြနဲ့ မထင်ကြနဲ့၊ ဒီကျောင်းတိုက် ကြည်ညိုတာက
စာတော်လို့ ကြည်ညိုတာ မဟုတ်ဘူး၊ အနေ
အထိုင်ကောင်းလို့ ကြည်ညိုနေကြတာ၊ ကိုရင်တို့ ကိုယ်လွတ် ရှန်းမယ်လို့တော့ မကြံကြနဲ့၊ ကိုယ်လွတ်ရှန်းရင် အရှုရှု ကြီးပွားလမ်းမရှိဘူး၊ ဒီကျောင်းတိုက်မှာဘုန်းကြီးကိုယ်တိုင် ကြိုးစားလာရတာ၊ ဇိမ်နဲ့နေမယ် မကြံကြနဲ့၊ ဘုန်းကြီးခေါ် ရင် ကြားသူကလာကြပါ၊ ဘုန်းကြီးက ဘယ်သူမှမမြှောက်ဘူး၊ ဘုန်းကြီးလိုချင်တာက သာသနာတော် ကောင်းစားရေး လိုရင်းပါပဲ။

ကျောင်းသားလေးတွေ စာပြနေတဲ့ဘုန်းကြီးတွေက သာ သနာရေး အမြင်ကျယ်ရတယ်၊ ဒီကစည်းကမ်းကို တခြား နေရာမှာ အသုံးမချရဘူး။ ဒီက စည်းကမ်းမသုံးတဲ့ ပုဂ္ဂိုလ် တွေ ဒီကျောင်းတိုက်မှာမနေကြပါနဲ့၊ စာမေးပွဲအတွက်နဲ့လဲ မနေကြပါနဲ့၊ တခြားနေရာမှာသွားတော့ နောက်ကျတယ် ကောင်းတယ်လို့ထင်တယ်၊အသုံးမချတာက အသိုင်းအဝိုင်း

က နည်းနေလို့ မလိုက်နာနိုင်တာကိုတော့ မတတ်နိုင်ဘူး၊ ကိုယ်လုပ်ချင်တာကို သူမျှားမပုတ်ခတ်ရဘူး၊ မပြောရဘူး။

ဘာသာရေး တစ်ခါက ရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါး
အရင်းခံက သာ သာသနာပြုတာ တော်တော် အရာလင်
တယ်၊ တစ်ရွာလုံး ကံငါသည်တွေဟာ သူတော်ကောင်းချည်း အားလုံး ဖြစ်ကုန်ကြတယ်၊ မိမိတို့ ကံလေးတွေ လိမ္မာအောင်ဆုံးမပေး၊ လူတွေကို ပြုပြင်ပေး နေတာဟာ ဒါသာသနာပြုတာပါပဲ၊ ရှင်ပြုရဟန်းခံ စတဲ့ ကုသိုလ်ရေးမှာဆိုရင် အပိုတွေမကုန်စေနဲ့၊ဒီလို ပြောပေးနေ ကြရတာပါ၊ ဘုန်းကြီးတွေကသာသနာပြုရင် နိုင်ငံပါ တိုး တက်ပြီး ကောင်းမှာပါ၊ သာသနာပြုနည်းတွေ အများကြီး ရှိပါတယ်၊ ဗုဒ္ဓသာသနာတည်တံ့ရေး နောက်မဟုတ်နိုင်ရေး ဒီအရေးတွေကိုဘုန်းကြီးတွေက ထမ်းဆောင်ပါ၊ သာသနာ ရေးမှာဆိုရင် ဘုန်းကြီးတွေ အရင်းခံပါ။

နာမည်ကျော်ဆရာတော်တွေကို ကိုးကွယ်တော့ စောင့် ရှောက်ကြရဲလား၊ ကိုယ့်စိတ်သာ လိုရင်းပါ၊ နေ့လည် ကြောင်တောင်ကြီး ဘုရားမီးပူဇော်တာကတော့ သာဝကို မကျဘူး၊ တန်ခိုးကြီးတဲ့ဘုရားတွေမှာ ကွေ့ရတယ်၊ သတိ မထားရင် မီးလောင်တတ်သေးတယ်၊ စာကို နားလည်ပါ စေ၊ ဘုန်းကြီးက စာအတိုင်းသွားနေတာ ဘုန်းကြီးကတော့ ဝတ္ထုရားအတိုင်း ပြောရသလိုပါပဲ၊ ကိုယ်တော်တို့က ဂရု မစိုက်ကြဘူး၊ ဒီကျောင်းမှာ လူအမျိုးမျိုးက ကြည်ညိုနေ

ကြတယ်၊ ချီးမွမ်းနေကြတယ်၊ ဘုန်းကြီးက 'မချီးမွမ်းပါနဲ့၊ ကိစ္စသင်ခုဆိုတာဟာ မပြီးသေးခင်က မချီးမွမ်းရဘူး၊ ပြီးမှ ချီးမွမ်းပါ'လို့ ပြောရတယ်။

မမျှော်ရင် စောစောထွက် ရုနောက်ပိုင်း ပိဋ္ဌကသုံးပုံ နှုတ်ငုံမဆောင်နိုင်လို့ စာဒုပ်ကွေ ပေါ်လာတာ၊ စတုတ္ထသံဂါယနာမှာ ပေစာတွေ ပေါ်လာခဲ့တယ်။ ခု ပိဋ္ဌကတွေ နှုတ်ငုံပြန်ကြတယ်၊ ကောင်းပါတယ်၊ ကိုယ်တော်တို့ ဝိနည်းကိုလေးစားကြပါ၊ အဘယာရာမ ဆရာတော်က ဦးပဉ္စင်းတို့ မမျှော်မှာဖြင့် စောစောက တွက်ကြ၊ သားသမီးရ နောက်ကျကုန်လိမ့်မယ်'တဲ့၊ ကိုယ်တော်တို့ စာတတ်ရုံနဲ့ မပြီးသေးဘူး၊ စာတတ်တာ ပညာမဟုတ်ဘူး၊ သညာပါ။

သံဃာဆိုတာ ရုတနာဆိုတာ လူတကာမဝတ်နိုင်ဘူး၊ ဆင်ဖျိုတော် ရတနာက ဆကက်တန်းတွေမှ စီးကြရတယ်၊ လေးကျန်းလုံးကို ခဏလေးပတ်တာ၊ အနှစ်တစ်ရာအတွင်းမှာ စကြာရုတနာမပေါ်ဘူး၊ မမျှော်ကြနဲ့၊ ဘုန်းကြီးတွေက မေတ္တာနဲ့ နေကြပါဆိုတာ ခဲယဉ်းတာ မဟုတ်ဘူး၊ ဒါကိုမလုပ်ချင်ကြဘူး၊ စကြာရတနာရှိတယ်ဆိုတာကိုလဲ သိပ်ပေတယ်ကာ မယုံကြဘူး၊ မယုံနေကြ၊ တို့ဘုန်းကြီးတွေကောင်မှ တင်ဖျိုးစီပဲ၊ တရားက ပြောင်းချင်သလို မရဘူး။

အဂတိလိုက်စားသူဟာ လသုတ်ပက္ခမှာ ထွက်လာတဲ့ လလိုပဲ ဘုတ်လျက်ပါ၊ အဂတိလိုက်စားရင် ပျက်စီးတတ်ပါ

တယ်၊ စိတ်နေစိတ်ထားပြင်တာကတစ်မျိုး၊ ပင်ကိုက တစ်မျိုး၊ ကံတော် ကံညားစပ်လို့ ဒီကျောင်းလာနေရတာ၊ ကောင်းကောင်းနေကြ၊ သံဃာဆိုတာ စာချဘုန်းကြီးက ဖြစ်တာ၊ ချေဉမထားကြနဲ့၊ အကန်း တက်စရှိရင် တက်ချင်တယ်။

ဆေးဆိုတာကြာမှ ဝိနည်းမလေးစားဘူးတွေ ဆေရင်ကော့ စိတ်မချရဘူး။ သူပေး လူပေးစားရတာ မလွယ်ဘူး၊ ဘာဝနာနဲ့နေကြ။ ဘုန်းကြီးက "ဒီကျောင်းတို့ကို သာသနာတော်ဖြင့် ပုဒ္ဓမြတ်စွာအား ပူဇော်ပါ၏"လို့ နေ့တိုင်းပူဇော်နေတာ။ ကောင်းကောင်း မနေသူကိုတော့ မလေးကြနဲ့။ ပြောမရရင် ထုတ်ပစ်ပါ။ ဆရာ မိဘဆိုတာ ကိုယ့်တပည့် သား သမီး ဘယ်လိုနေတယ်ဆိုတာ သိရတယ်၊ ဘာဝနာကို ကြပ်ကြပ်ပွားပေးကြပါ၊ ဘာဝနာက ခဏချင်း ဆကျိုးမပေးပါဘူး။ ဆေးကိုတာလဲ ကြာမှ ရောဂါပျောက်တာပါ၊ နောက်ကျမှ ဆကျိုးရတာပါ၊ ဘာဝနာဟာလဲ ဒီအတိုင်းပါပဲ။

စာကိုဇောက်ထိုး ပြင်မနေကြနဲ့ လောကမှာ အခြေအရံရှိရင် စိတ်က ကြွလို့၊ မရှိရင် စိတ်ကနိမ့်လို့၊ တရားသတော်က ဒီလိုမဟုတ်ပါဘူး။ တချို့ ကမ္ဘာ့ဘုန်းထိုင်ကြတာက ရှင်ဘုရင်စိတ် ပေါက်နေတယ်လို့ ကြားရတယ်။ ကိုယ်တော်တို့လဲ တရားထိုင်ပြီး ရှင်ဘုရင်စိတ် ပေါက်မနေကြနဲ့ဦး။ ဘုန်းကြီးမှာတော့ ဘဝအမျိုးမျိုးနဲ့ တွေ့ခဲ့

ရတယ်။ ဂျပန်ခေတ်မှာဆိုလဲ ဂျပန်တွေနဲ့ နေခဲ့ရတယ်။ ဘုန်းကြီးက မကြောက်ပါဘူး၊ နေ့တာပါပဲ။ ကိုယ်တော်တို့ စာမေးပွဲစာနဲ့ ပြီးမနေကြနဲ့။ ခု စာမေးပွဲတွေ အောင်ပြီး အလုပ်လုပ်သူက နည်းနေတယ်။ သဒ္ဓါတရား အရေးကြီးတယ်။ စာကို ဇောက်ထိုးမြင်မနေကြနဲ့။

ဓမ္မဗျူဟာ

အတွဲ (၁၉)၊ အမှတ် (၉)

(၁၉၇၀၊ နိုဝင်ဘာလ)

အကြည့်ခံနိုင်အောင် ကြိုးစား

သူ့အလိုလို ကက်လာပါစေ

တရား လိုင်ရတာ ဝတ်ကျေ တမ်း ကျေ မလုပ်ကြပါနဲ့။ ခု ဒီကျောင်းတိုက် ဘုန်းကြီး တစ်သက် တာ မဟုတ်။ နောင်လဲ ကောင်းပါစေ။ သွားတဲ့ဆီခါ အလိုတရားနဲ့ သွားပါ။ ဘုန်းကြီးတွေက "ခုသူ့ဥပေါဇ်ဟောင်း စားနေရပေမယ့် နောင် ဝက်သားဖြစ်မှာပါ" ဆိုတဲ့ အနေမျိုးနဲ့ တပည့်တွေ မြောက်ပေးမနေကြနဲ့၊ ဒီလိုမြောက်ပေးရုံ နောက်ကျတော့ ပျက်ကုန်ရော။ အားမပေးကပါနဲ့။ ဆလိုလို ထက်လာပါစေ။

ဒီကျောင်းမှာ ဟိုဘုန်းက ကိုယ်တော်တွေက ဟူးခြွိုကြတယ်၊ ခုကိုယ်တော်တွေက စပ်ပြုပ်ပြုပ်နဲ့။ ကိုယ်တော်တို့ သာဓုခေါ်ရင် စိတ်ကျေနပ်ပါဘူး၊ စိတ်ပြောင်းဆောင် ဘာဝနာပွားပြီး ကိုယ်တော်တို့က ဘုန်းကြီးကိုလေ ပေါလိုက်တာလို့ ဝေါဟက် မေ့ခေါ်ပယ်။ ဘုန်းကြီးလေးတော့ ပဏ္ဍိုရားအလိုင်း နာရိုကြည့်ပြီး ကြောရမှာပဲ။ ဒီကျောင်းမှာ ကာတာတက်ကောက်ခွင့်မပေးဘူး။ ကိုယ်တော်တို့ ကိုယ်ပေါက်ကြနဲ့။ ဘုန်းကြီးက ခြင်ထောင်ထဲ ဖျတ်ခနဲဝင် လိုက်ရင်ပယ်။ တရားကိုလဲ ကောင်းကောင်းခြင်၊ စာကိုလဲ ကြည့်။ တောကျောင်းဘုန်းကြီး ပျင်းတော့ ရေးပ်လစ်ဟ

ဈေးပြန်လာတဲ့အပျိုတွေကို လိုက်ကြည့်နေတယ်။ တိုင်းနေရာက အားမရတော့ ကျောင်းပေါက်အထိ လိုက်သွားကြည့်တယ်။ ခုဒီမှာဒါယကာ ဒါယိကာမတွေ လာတယ်။ လိုက်မကြည့်ကြပါနဲ့၊ ကျွန်ုပ်ယသံဝရသီလထိန်းသိမ်းပေးကြပါ။ ဘာဝနာလိလရှိရင်းမ်းမြောက်ရတယ်၊ ကျန်းမာချမ်းသာတယ်၊ ဒီကျောင်းတိုက်က ဘယ်အချိန် လာကြည့်ကြည့် အကြည်ညိုခံ, နိုင်ပါစေ။

ဝည်းကမ်းကိုရှောင်ရှောင်ကိုး တောင်ပြိုက ဘာဖြစ်ဖြစ်များများ စားစားလှူခဲ့တယ်။ ဒါပေမယ့်ဌေမ်းလောင်းနေရတဲ့ နေ့ခဉ်တာဝန့်ကြီးဟာနည်းတာမဟုတ်ဘူး။ ဒါတွေကိုတောက်ပြီးမေတ္တာများများပွားပေးကြပါ။ ကိုယ်တော်တို့ စာတတ်ဖို့ချည်းမေျှော်ကြပါနဲ့။ ကောင်းကောင်းသာနေကြပါ။ ဘုန်းကြီးက သံဃရေပါ ဟာဝန်ခံပေးမယ်။ ဘုန်းကြီးသာသနာ့ဝန်ထမ်ထိုင်းကိုလေ့လာနေတယ်။ မိမိကိုတေးက ကြည်ညိုရုံကင်မဟုတ်ဘဲ ကိုယ့်ကိုယ်လဲကြည်ညိုနိုင်အောင်လုပ်ပါ။ မူမယျက်ကြပါနဲ့၊ ရှိတဲ့စည်းကမ်းကို နောက်မဆုတ်နဲ့၊ ရှေတိုးပါ။

ဘုန်းကြီးပေးမှတ်ချေရတုန်းက ရုန်ကုန်မြို့တဲ့ ကားနဲ့လှည့်တော့ ဘုန်းကြီးပျော်တယ်မှတ်လလား။ ပျင်းလိုက်တာကားပေါ်မှာ အိပ်ချင်လာတာပဲ။ ကိုယ်တော်တို့က ထိပ်ကနေပြီး အလွတ်တွေချည်း လုပ်မနေကြနဲ့။ ရှေးသူတော်ကောင်းတို့သွား

လမ်းကိုကြည့်ပါ။ တော်ရုံတန်ရုံလူ ချီးမွမ်းရုံ နေလို့ကတော့ ဘုန်းကြီးက မကြည်ညိုပါဘူး။

တာရှည်လုပ်မှုရတယ် နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်း ကိုမကျင့်ပဲနဲ့ နိဗ္ဗာန် ရောက်ချင်လို့ တော့မရပါဘူး၊ ရုန်ကုန်သွားချင်တာတောင် ဆုတောင်းနေရုံနဲ့မရောက်ပါဘူး၊ သွားမှရောက်တာပါ၊ ဒီလိုပဲနိဗ္ဗာန်လို့ ချင်ရင် ဆုတောင်းမနေနဲ့၊ ကြိုးစားပြီးတော့ အားထုတ်ပါ။ နိဗ္ဗာန်နဲ့ လက်တပ်ရမှာ မလွဲပါဘူး။ ဆုတောင်းနေရုံနဲ့တော့ တစ်သက်မရဘူး၊ နှစ်သက်မရဘူး၊ ကမ္ဘာကုန်တောင်မရဘူး။ ဘဝမှာတာ့ရှည်လုပ်ရတယ်။ တစ်နေ့ မရမရှိ ရမှာပါ။

စိတ်ကောင်းရှိမှ ဂုဏ်ထင် ဘုန်းကြီးက ကံကလဲပါလာတယ်။ ကျွန်းမာရေးကလဲ ကောင်းတယ်၊ ဒီကျောင်းတိုက်က ဘာမှမပြောင်းဝင်ကြည့်မှ အသေအချာသိရတယ်။ ကိုယ်တော်တို့ စိတ်ကောင်းမရှိဘဲနဲ့ ဂုဏ်ရှိ နေလို့ကတော့ မကောင်းပါဘူး။ ဆွမ်းစားတဲ့အခါမှာ သေသေချာချာစားပါ။ စားတဲ့နေရာမှာ ဆွမ်းလုံး ကျသွားရင် ကောက်သွားရတယ်။ ဆွမ်းကို ပါးစပ်နဲ့ ဟပ်ဆာကတော့ ဘယ်ဘဝကပါလာတဲ့ ဆာကျင့်မှုန်းမသိဘူး၊ ဆွမ်းခံသွားရင် ရှေနောက်တန်းသွားပါ။ ရိုရိုသေသေလဲ နေကြပါ။

ကိုယ်တော်တို့အပြောအဆို ပြင်ကြပါလို့ဆိုတယ်။ ဘယ်တော့မှပြင်ရမှာမဟုတ်ဘူး။ ပြင်ပြီးတော့နေကြပါ။ နောက်ဘဝသံသရာထိအောင်ပါသွားတတ်တယ်။ လူတွေနဲ့ စကား

ပြောရင်ခင်ဗျား,ကျွန်တော်မပြောပါနဲ့ဆိုပြင်မရဘူး။ ကိုယ်
ကအသက်တန်းရောက်နေတာအတက်တန်းစကားပြောပေါ့
မပြောချင်တဲ့သူနေပေါ့။စိတ်ကောင်းရှိပေမယ့် လူကမိုက်တူး
နေရင် ဘာမှသုံးမဖြစ်ဘူး၊ ဒီကျောင်းမှာကျန်းမာရေးနဲ့ ညီ
အောင် ဖြူပြင်နေကြပါ။ .

ရိုးရိုးကျင့် ကိုယ်ရေးကိုယ်တာ မကြည့်နဲ့၊ တစ်ဘဝတည်း
ဖြင့်ဖြင့်ကြီ ကြည့်ရင် ကျဉ်းမြောင်းတယ်၊ လောကမှာ ကိုယ်
ကအဆင့်အတန်း မဖြင့်ရင် တစ်ယောက်နဲ့တစ်
ယောက် ကွဲကြရတယ်၊ ငယ်ငယ်ကကွဲပေမယ့် ကိုယ်ကသာရင်
ပြန်တွေ့ချင်ကြတယ်။ ကိုယ်ကချာတူးဆိုရင် ဘယ်သူကမှလှည့်
မကြည့်ချင်ဘူး၊ ချာတူးမဖြစ်ရောကြောနဲ့၊ ကောင်းကောင်းကျင့်
ကြပါ။ ဘုန်းကြီးငယ်ငယ်က အိပ်မီးလောင်တော့ အဘွားက
ဘုန်းကြီးရဲ့ဆွမ်းအုပ်ကိုပိုက်ပြီး အိမ်ကဆင်းခဲ့တယ်၊ ဒီ့ပြင်
ဘာပစ္စည်းမှ မယူဘူး။ စိတ်ကယုတ်ပဘရင် နောက်ဘဝ သိပ်
ကျသွားမယ်။ ခုဘဝ နာမည်ကောင်းလေးနဲ့ အားရပေးကြ
နဲ့။ နောက်ဘဝ နိမ့်ကျလာမယ်။ ကိုယ့်သိလေသိကွာကို သိန်း
ပေးကြပါ။

အလုပ်ဆိုတာ ကို[illegible]ကျွေးနဲ့လုပ်ရင် မပြီးသေးမရှိ
[illegible] ဒီကျောင်းမှာ[illegible] ဒီ့မှာနို့[illegible]ကြောင်း [illegible]
[illegible]ခဲ့ကို [illegible]ကြပါ။ လောကီအာရုံကို
ပြီးခဲ့ကြပါ။ မေ့လျော့နေတဲ့လူကတော့ မေ့လျော့တ[illegible]

ဖြစ်ရမယ်။ မလိုလဲ လိုလဲ အလုပ်မလုပ်ကြပါနဲ့။ စိတ်ပါ
လက်ပါ အလုပ်လုပ်ကြပါ။

မမ့်သူနဲ့ မမေ့သူ ငယ်ငယ်က လောကီအာရုံနဲ့နေပြီး ကြီးလာတော့
သားသမီးမြေးတွေနဲ့ အဘိုးအဘွားတွေက အအို
ပြိုင်နေကြတာ။ အပိုအချိန်တွေ မကုန်ပါစေနဲ့။
ဒါန, သီလစတဲ့ ကုသိုလ်တရားတွေ့ မေ့လျော့နေရင် အသေ
ပါပဲတဲ့။ မေ့သူနဲ့ မမေ့သူက ကွာခြားပါတယ်။ မမေ့သူက
ဝမ်းမြောက်မှုနဲ့ ချမ်းချမ်းသာသာ နေရတယ်။ မိမိတို့ ဘဝ
ထူးတဲ့ဘဝ ရနေတာ၊ လူ့ဘာမှာဆိုရင် မနက်လင်းတာနဲ့
ကုသိုလ်ဘက် စိတ်မကူးဘူး၊ လူချင်းတူပေမယ့် အသက်ရှူ
ချင်း ကွာသေးတယ်၊ လောကအများကို ကြည့်မနေပါနဲ့၊
လောကီအာရုံနဲ့ နေချင်ယင် နတ်ပြည်မှာ ပေါပါတယ်။
တရားနဲ့နေချင်ယင် လူ့လောကမှာ ကောင်းပါတယ်။

သာသနာ့အသရေ ဆောင်ကြ ခု ဘုရားရတနာတွေကို တွေ့နေရတာ
ကံကောင်းလွန်းလို့ တွေ့နေရတာပါ၊
ကံ ဆိုတာ ဉာဏ်, ဝိရိယက ရေလာ
မြောင်းပေး လုပ်ပေးရတယ်၊ စကြရတနာပေါ်တယ်ဆိုတာ
ကံအရင်းခံပါလာတယ်၊ ပတ္တမြားရတနာတွေလဲ ဒီအတိုင်း
ပါပဲ။တို့တတွေမှာ ဒီလိုရတနာတွေ တစ်လုံးတလေမှမရှိဘူး။
ဒီအနားရပ်ပြီး အားရမနေကြနဲ့။ ဆွမ်းဟင်း ဆွမ်းရတာလဲ
မျှတပေးရတယ် ။ သီလလစင်ကြယ်အောင်နေကြ။ သီလမစင်
ကြယ်ရင် ရေက ပတ္တနဂါးမင်းလိုဖြစ်တတ်တယ်။ 'အာပတ်ဌိ

ချိန်ရဲ့လား'ဆိုတာ အဟုတ်ရှိတယ်။ သူ့ခွေ့ရင်အထက်မရောက်ဘူး။ အောက်ကိုသာ ခွေ့ချတာ။ လောကမှာ ထုံထိုင်းထိုင်းတွေနဲ့ အောက်ကျ နောက်ကျ မနေနဲ့။ သာသနာ့အသရေလဲ ဆောင်ကြပါ။ ကောင်းကောင်းလဲ နေကြပါ။

လောကကို လှစေချင် ဘုန်းကြီးရဲ့ရှုပ်ဟာအရှုပ်ဆိုးထဲကတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပြန်ဖျက် ပွတ်ချေပြီး လှလှလေး ပြန်လုပ်ချင်တယ်။ ကောင်မလေး တစ်ယောက် လှနေပေမယ့် မင်းသမီးဘဝရောက်ပြီး လူတကာနဲ့ တွဲနေရယင် ကံကောင်းပါ့မလား။ ကိုယ်တော်လေးတွေလဲ ဘုန်းကြီးက လှစေချင်တယ်။ မြတ်စွာဘုရားနဲ့ ယသော်ဓရာတို့ ပရိနိဗ္ဗာန် စံသွားတာ နှမြောလှတယ်။ ဘုန်းကြီးက လောကကို ပြုချင်လို့ပါ။

ဘုန်းကြီးက ကိုယ်တော်လေးတွေကို လှလှလေးနဲ့ ဥာဏ်ကောင်းတွေ လိုချင်တယ်။ ဘုန်းကြီးက နိုင်ငံရော နောက်ဘဝအတွက်ရော ကိုယ်တော်လို့ကို ပြင်ပေးနေတာ။ နိဿဋ္ဌိတွေ မထိုက်ကြပါစေနဲ့။ နိဿဋ္ဌိလိုက်တော့ လက်တိုသွားသလား။ မတိုပါဘူး။ မတိုပေမယ့် သံသရာအပြစ်က နေမှာ မဟုတ်ဘူး။ ကိုယ်တော်တို့ကတော့ တွေးမယ်။ "ဒါလောက်ကျီးချောင်များတဲ့ ဆရာသမားနဲ့တော့ မနေချင် မတွေ့ချင်ပါဘူး"လို့ ပြောချင် ပြောမှာ။ ဒီလိုဆိုရင်လဲ သွားကြပေါ့။

ဓမ္မဗျူဟာ
အတွဲ (၁၉) အမှတ်(၁၀)
(၁၉၈၀၊ ဒီဇင်ဘာလ)

နတ်ပြည်ကိုမလိုက်ချင်

ဘုရားသာသနာမှာ သက်သာစွာမနေကြနဲ့ မြတ်စွာဘုရားက ကမ္ဘာပေါင်းများစွာ သူတစ်ပါးအကျိုးကို ဆောင်ခဲ့တယ်။ သာသနာတော်က အလုပ်လုပ်နေမှ၊ အလုပ်မရှိရင် အပြစ်နဲ့ချည်းပဲ။ ကောင်းကောင်းနေရင် အပြစ်မရှိဘူး။ သက်သက်သာသာ နေခဲ့ရဲ့လား။ မနေခဲ့ပါဘူး။ သတ္တဝါတွေအပေါ် သနားခဲ့တယ်။ ပရိနိဗ္ဗာန်စံခါနီးကျတော့ "သင်တို့ မေးစရာရှိရင် မေးတားကြ" လို့ နောက်ဆုံးထိအောင် အများအကျိုးသယ်ဆောင်သွားတယ်။ သက်သာရဲ့လား။ မသက်သာပါဘူး။ သာသနာမှာ သက်သာစွာ မနေကြနဲ့။

ဘုရားအာမိန့်တော်က ၂၅၀၀ ကျော်ခဲ့ပြီ။ မြတ်စွာဘုရားရဲ့ တရားတော်ကို လိုက်စားသူတွေဟာ စိတ်ချမ်းသာရတယ်။ ဘုရားကိုမြင်သူတွေကလဲ ကြည်ညိုလို့ မြတ်စွာဘုရားက အဲဒီဟောလိုက်တယ်ဆိုရင် အများကြီး ကိစ္စပြီးခဲ့တယ်။ ဘုရားသာသနာကို စောင့်ရှောက်ရတာက ကျေးဇူးများပါတယ်။ ဘုရားတရားတော်ကိုလိုက်နာနေရင်ဘုရားစကားနားထောင်နေတာပါပဲ၊ ဘုန်းကြီးတွေက လောဘတွေများရင် ဩဝ

သနာ ကွယ်သွားမယ်။ ဒီကျောင်းတိုက်ကြီး စည်ကားအောင် ဘုန်းကြီးတစ်ပါးတည်း မဖြစ်ပါဘူး။ ဌေးအား, လူအား, ညာဏ်အားနဲ့ ပြည့်စုံနေမှဖြစ်တာ။ တချို့က ကျောင်းကြီးတွေ ဆောက်ထား ဘုန်းကြီးကမရှိ။ ဘုန်းကြီးတွေက ကိုရင်တွေ ခိုင်းကြတယ်။ ကိုယ့်ချစ်မယားကမွေးတာဆိုရင် ခိုင်းရက်မှာ မဟုတ်ဘူး။ ယောကျ်ားက ကလေးခိုင်းတာကို မိန်းမက မကြိုက်ဘူး။ မကြိုက်တော့ဘာပြောသလဲ။ "ကိုယ်မွေးရတာ မဟုတ်တိုင်း ခိုင်းနေတာကိုး"တဲ့။ ကိုယ်တော်တို့လဲ ကိုယ် မွေးရတာမဟုတ်တိုင်း မခိုင်းကြနဲ့။

အလိမ္မာစာမှာရှိ ရဟန်းဆိုတာ တရားနဲ့နေပြီး ဒါယကာ ဒါယိကာမတွေ လာတယ်ဆိုရင် တရားစကားပြောပေးရတယ်၊ တွေ့ကရာတွေ လျှောက်ပြောမနေရဘူး၊ ဘုန်းကြီးဆိုတာ ခေါင်းတုံးပဲရှိတယ်၊ အဝတ်ကလဲတစ်ရောင်တည်းဝတ်ရတာ၊ ဘာမှမလှဘူး ဘုန်းကြီးဖြစ်လာရင် အလှမပြရတော့ဘူး၊ သူများပေးတာစား၊ ပြီးနှာခေါင်းမရှုံ့ကြနဲ့၊ စကားတွေကို ဗရုဗပြောမနေနဲ့၊ သာသနာ့ကောင်းကောင်းနေမှ အရသာရှိတယ်၊ ဘုရားစီမံထားတဲ့ သာသနာက အနေကောင်းရင် တကယ်အကျိုးရှိပါတယ်။

ဝလောကလုံး အပိုကုန်တာတွေပကောင်းဘူး၊ ပိုက်ဆံတွေချေးနေမယ့်အစား မရှိဆင်းရဲသူတွေ ဝေပေးရတယ်၊ မြတ်စွာဘုရားက "ဆွမ်းဟင်းလုံးဖြစ်ဖို့ရုန် မလွယ်ဘူး"တဲ့၊ အလှူပေးတယ်ဆိုတာ ပိုက်ဆံရှိသူ ဂုဏ်ရှိသူတွေပေးဖို့ မရည်

မှန်းဘူး၊ စာတွေက သိပ်ကောင်းတာ၊ စာကောင်းတာက လောကလဲကောင်း, သံသရာလဲကောင်း၊ အလိမ္မာစာမှာရှိတယ်ဆိုတာ မှန်တယ်၊ အချို့က 'ဂုဏ်ရှိမလားလို့' အလှူပေးကြပါတယ်၊ ကြွေးတောင် တင်ထားတယ်၊ ကိုယ်တော်တို့ တိတ်တိတ်သိတ်ဆိတ်နေကြပါ၊ တိတ်ဆိတ်ခြင်းဟာ အရသာရှိပါတယ်၊ ဘုန်းကြီးကသြဇာရှိရင် အစစအရာရာ ကောင်းဆောင် ပြင်ချင်တယ်၊ ဘုန်းကြီးတို့ ဒီကျောင်းမှာ ဆေးမလောက်ရ၊ ကွမ်းမစားရ၊ လက်ဖက်မစားရဆိုတာ ရှေကျင်ဖို့ မဟုတ်ပါဘူး၊ ဘုန်းကြီးက အပိုတွေကို ခွင့်မပြုချင်ဘူး၊ ဘုရားလက်ထက်တော်တုန်းက ဝိသာခါ, အနာထပိဏ်တို့ ကွမ်း,ဆေး ဝတ်တည်တာမရှိပါဘူး၊ သာသနာတော်တွင်းမှာ အပိုမကုန်ရဘူး။

ဘုန်းကြီးက ဆေးလိပ် စသည် သောက်မယ့်အစားအားရှိတဲ့အစားအစာကို စားလိုက်ပါ၊ ဘုန်းကြီးက သာသနာတွင် မကဘူး၊ နိုင်ငံပါပြင်ပေးချင်တယ်၊ ကိုယ်တော်တို့ ဒါယကာ ဒါယိကာမတွေနဲ့ရေလာမြောင်းပေးမလုပ်ကြနဲ့၊သာသနာကို ခေတ်နည်းနဲ့ မပြုကြနဲ့၊ ရှေးရှေး သာသနာကို ကြည့်ပါ၊ သာသနာက တစ်ကွက်ကျော် ကိုးကွယ်လို့မရပါဘူး၊ အတွင်းကျကျမှ ကောင်းတယ်၊ ဘုရားအာရုံပြုကြပါ၊ လောကမှာ တော်တဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်၊ စဉ်းစားထားကြပါ၊သူတော်ကောင်းတွေ ဘယ်လောက်ရှိတယ်ဆိုတာ မပြောနိုင်ပါဘူး။

စိတ်ကြီးမဝင်ကြနဲ့ ဘုန်းကြီးသြဝါဒ နေ့တိုင်းပေးနေသော်လဲတက်တက်ကြွကြွရှိတဲ့သူကနည်းနည်းနေမှာပါ၊အပြင်ဘက်ဝိနည်းတော်နေ့ဝိုနဲ့ ဖပြီးသေးပါဘူး၊ အတွင်းက ကောင်းမှကောင်းပါတယ်၊ သက်နုံးတော်သေးရင် လူတွေက ကောင်းတယ်လို့အောက်မေ့နေကြတာ၊ ဒါမှားနေကြတာပါ၊နာမည်ကျော်ပုဂ္ဂိုလ်တွေကို စဉ်းစားထားကြပါ၊ နောက်ဘဝမှာအဆင့်အတန်းမရှိပါဘူး၊သက်နုံးလေးဝတ်ပြီး စိတ်ကြီးမဝင်ကြရဲ့၊ စာမေးပွဲကျတော့ ကြိုးစားလိုက်ကြတာ၊ ဘုရားအာရုံပြု တရားနှလုံးသွင်းကြတော့ မလုပ်ကြဘူး၊ စာတတ်ပြီး စာတော်တဲ့ (ဆရာတော်) အခေါ်ခံနေတဲ့ ဆရာတော်ကြီး နှစ်ပါးဟာ အဂတိလိုက်စားလို့ သာတာဂိရိဟောမဝတ နှတ်ဘီလူးများဖြစ်ကြရတယ်၊ သက်နုံးပြပြီး အချောင်မနေကြပါနဲ့၊ ဝိနည်းလေးစားပြီး တရားနဲ့နေကြပါ၊ လောကမှာ ဂုဏ်လာဘ်ကို ပန်းတိုင်လုပ်မနေကြပါနဲ့၊ ဂုဏ်လာဘ်ဆိုတာ မျက်စိမှိတ်လိုက်ရင် မပါပါဘူး၊စေတနာသာပါမှာ။

ဝိနည်းရှိမှ သာသနာရှိတယ် ရဟန်းဒါယကာ ဒါယိကာမတွေက ကိုယ့်ရဟန်းကလေးတွေကို နာမည်ကျော်အောင် အားပေးကြတယ်၊မကောင်းဘူး၊အားလုံးက မျက်စိမှောက်နေကြတာ၊ ဝိနည်းရှိမှ သာသနာရှိတယ်ဆိုတာ နားလည်ထားကြပါ၊ ဘုရားလက်ထက်က ရဟန်းတော်တွေက သာသနာတော်ကို ပျော်ပျော်ကြီး ထမ်းဆောင်တော်မူကြတယ်၊သာသနာတော်ကို ဝိုင်းပြုနေကြတယ်၊ဒါယ

ကာ ဒါယိကာမတွေ လုပ်မှုန်ကို မြင်ကြပါစေ၊ ရဟန်းတွေကလဲ သူများကြည်ညိုတာကို ဟန်လုပ်ပြီး အကြည်ညိုခံမနေပါနဲ့၊ သီလစင်ကြယ်ရင် ဝမ်းမြောက်ပါတယ်၊ ဒါဟာ အရေးကြီးပါတယ်။

ဘုရားအာရုံပြုပြီးနေရတာ စိတ်ငြိမ်သက် အေးဆေးမှုရှိတယ်။ ကို့ဘုရားရဲ့သာသနာကို တွေ့ရတော့ ဂုပ်နဲ့ နာမ်ကို ကွဲကွဲပြားပြား သိလာရတယ်၊ အတွင်းတွေ့ပျောက်ပြီး အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိလာရတယ်၊ကိုယ်ကြွေကောတော့ ဝမ်းထဲမှာ အတွင်ကောင်းလေး ရှိသတဲ့၊ ဘုန်းကြီးက ဒါပြောင့် လူတွေ ဘာကြောင့်သေရသလဲ၊ သူတို့က လူတွေ သွားနေတာဟာ အတွင်ကောင်းလေးက ခိုင်းလို့တဲ့၊ ကိုရင်တို့ ဒါကြွေကို ကောင်းကောင်း လေ့လာထားကြပါ၊ အရေး အကြီးဆုံးကတော့ သာသနာတော်မှာ ဝိနည်းပဲ၊သာသနာဆိုတာ ဘုရားအဆုံးအမတော်ကို ခေါ်တယ်၊ ဘုရား အဆုံးအမ ဆိုကာ သီလ, သမာဓိ, ပညာပဲ၊ နောင် အနာဂတ်သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် သူတော်မွန်တွေ စောင့်ရှောက်ကြလိမ့်မယ်။

နတ်ပြည်ထက် လူ့ပြည်ကသာ စစ်ကိုင်းတောင်ရိုးပေါ်မှာ ရှေးကနာမည်ကြီး ဆရာတော်တွေနေကြတာ၊ ချမ်းအေး ဆရာတော်တို့တောထွက်တော့ ခေါင်းအုံးမပါခဲ့ဘူးတဲ့၊ ကျောက်တုံးကို ခေါင်းအုံးလိုက်တာပဲ၊ ကမ္ဘာ့ဘုန်းကို စာကဲ့သို့ အားထုတ်ကြပါ၊ဘုန်းကြီးက အားထုတ်မှုရှိခဲ့ပါတယ်၊ ဘုရားအောက် နေ,နေရင် သွားလေရာရာမှာ

ဘုရား ပါနေပါတယ်၊ တရား အား ထုတ် တယ် ဆို တာ ပရိသတ် မလိုပါဘူး၊ တို့ ဂန္ဓာရုံဆရာတော်ကြီး စစ်ကိုင်း တောင်ရိုးပေါ်မှာ တရားအားထုတ်တော့ ဂူထဲမှာ တစ်ပါး တည်း အောင်းနေတာပါ၊ ဆရာတော် ပုံ့လွန်တော်မူတော့ စစ်ကိုင်းတောင်ရိုး တစ်ခုလုံး ဝင်းနေတာပဲ လို့တောင် အနောက်ဘက်က တက်လာတဲ့ ဘုန်းကြီးတွေက ပြောကြ တယ်။

ဒီဘဝ အသေအလဲအားထုတ်ပေမယ့်ကံပါရမီကပါနေမှ။ တို့ ဘုန်းကြီးတွေက ထိပ်တန်း ရောက်အောင် အားမထုတ် ချင်ပဲ ဖြစ်နေကြတယ်၊ ကိုယ်တော်တို့ ကိုယ့်ကိုယ်ကို လှုံ့ဆော် ပေးကြပါ၊ ခု ဘဝကောင်းကို ရနေတာပါ၊ နတ်ပြည်နဲ့ လူ့ပြည်နဲ့၊ လူ့ပြည်ကသာပါတယ်၊ ဘုန်းကြီးကိုနတ်ပြည်က လာခေါ်ရင် မလိုက်ပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ နတ် ပြည်က ကာမဂုဏ် အာရုံတွေ ခံစားပြီး ပါရမီ ဖြည့်မရဘူး၊ ဒါနပြုမှု မရှိဘူး ဒီလူ့ခံပုဂ္ဂိုလ် မရှိဘူး၊ လူ့ပြည်လောက် မကောင်းဘူး၊ လူ့ပြည်က ဘာမဆို လုပ်ရတယ်၊ နတ်ပြည် မှာက သဘာဝကလဲ လှလှကလေးတွေ ဆိုတော့ အာရုံတွေက များနေတာနဲ့ ဘာမှ လုပ်မဖြစ်ဘူး။

ဘုရားကို အာရုံပြုယင် တို့နိုင်ငံက မကောင်းတဲ့ တရားတွေ မရှိ သလောက်ပါပဲ၊ခု အချိန်အခါအရ တော်တဲ့ ဘဝကို ရနေကြတာ၊ သူများကို မကြည့် ကြပါနဲ့၊ သာသနာမှာ ဘုန်းကြီးနည်းနည်းနဲ့ ကောင်းတာ

တွေချည်း ဖြစ်စေချင်တယ်၊ ခေတ်က ၁၀နှစ်လောက်ဆိုရင် ပြောင်းတော့မှာ၊ တခြားနိုင်ငံက အစားအစာတွေ ဒီနိုင်ငံ လာမှာမဟုတ်ဖူး၊ ဘုန်းကြီးကအပိုတွေ မလှူပါနဲ့ ဆိုတာ နောင်တချိန်မှာ ရည်မှန်း ပြောတာ၊ ကိုယ်တော်တို့က ဘုန်းကြီး၏ ရည်မှန်းချက်ကို မသိရင် အရသာမရှိပါဘူး၊ ဘုရား အကြောင်း ကောင်းကောင်းကြီး သိမှ အရသာရှိ ပါတယ်၊ ကောင်းစွာသိမှ ဘုရားကြီးကျယ်ပုံ သိရတယ်၊ ဒီသာသနာကိုပြုရတာက ကံကောင်းလို့ပြုရတာပါ၊ ဘုရားကို အာရုံပြုရင် စိမ့်လာအောင် အာရုံပြုကြစမ်းပါ၊ ဘုန်းကြီးက ကျောင်းတိုက်ဝရာ ကိုယ်တော်တွေရောဘုရားလှူထားတာပါ၊ ဝမ်းမနည်းကြပါနဲ့၊ ဘုရားစကားနားထောင်ရင် မင်္ဂ,ဗိုလ်, နိဗ္ဗာန်နဲ့ ကပ်နေတာပါ၊ ဒီဘဝကို ဘုန်းကြီးက နှမြောပါ တယ်၊ နောက်ဘဝကျတော့ အမေကောင်း, အဖေကောင်းနဲ့ တွေ့ဖို့မလွယ်ဘူး၊ ကိုရင်တို့ ဦးပဉ္စင်းတို့က မသိကြဘူး။

ဘုရားကို အာရုံပြုပြီး တွေးရ ကြံရတာဟာ အရသာ ရှိလှပါတယ်၊ဘယ်နေရာမဆိုဗုဒ္ဓတရားတော်ကအံကိုက်ချည်း ပါပဲ၊ ဗုဒ္ဓတရားတော်တွေက လေးနက်တယ်၊ကိုယ်တော်တို့က ပေါ့တဲ့ဘက်ကို လိုက်ချင်ကြတယ်၊ ဘုန်းကြီးပြောတဲ့ လေးတဲ့ ဘက်ကို မလိုက်ချင်ကြဘူး၊ ဆပ္ပမာဒတရားနဲ့ နေတဲ့သူက ဘဝသံသရာမှာ မလည်ရတော့ပါဘူး၊ ခုကာလ လူတွေက အချောင်လိုချင်ကြတယ်၊ တရားကျတော့ မလိုလဲ လိုလဲ၊စာ ကျတော့ မျက်စိမှေ့, ငွေအကုန်ခံပြီး သင်နေကြတာ၊တဘဝ်စာ

ကျတော့ မိုးဝေး ဖဝေးနဲ့သွားပြီး သင်နေကြတယ်၊ ဗုဒ္ဓတရား တော်ကျတော့ ကောင်းကောင်း မသိကြဘူး။

မျက်နှာချို မသွေးကြနဲ့ စာစကားမဟုတ်ပဲ အလွတ်စကားတွေ ပြော မနေကြနဲ့၊ ဘုန်းကြီးက ဆွေရယ် မျိုးရယ် လို့ ဒါယကာ ဒါယိကာမတွေကို မျက်နှာ လိုက်ခြင်းမရှိပါဘူး။ နိုင်ငံတစ်ခုလုံးကိုထိန်းတာပါ၊ဗုဒ္ဓလမ်း စဉ်အတိုင်း လုပ်တာပါ၊ ဗုဒ္ဓက် မင်, ဖိုလ်, နိဗ္ဗာန်ကို သူ့ ဆွေမျိုးတွေချည်းပဲ သယ်ယူမသွားပါဘူး၊အားလုံးသတ္တဝါ တွေကို ကြည့်တာပါ၊ ကိုယ်တော်တို့ တရားသဘော,လောက သဘောတွေကို သိထားကြပါ။ လာဘ်လာဘကို မငဲ့ကြပါနဲ့၊ မျက်နှာချို မသွေးကြပါနဲ့။

ဟိုတုန်းက လူတစ်ယောက် ကျောင်းနားနီးနီးမှာ လယ် လုပ်နေတယ်။ နွားက မသွားတော့ ရိုက်ထင်ပါရဲ့၊ ဒီတော့ ဘုန်းကြီးက မရိုက်ရန် ပြောတယ်။ ဒါယကာက "ရိုက်ဝေးမှ ကိုယ်တော်၊ ရိုက်ပေးမှ၊ နောက်ဘဝက ဘုန်းကြီး ဝတ်ပြီး ပစ္စည်းဝကွဏာ မဆင်ခြင်ဘဲ သူမျှားပစ္စည်းတွေ သုံးစွဲခဲ့တာ ကိုယ်တော်" လို့ ပြောသတဲ့။ ဘုန်းကြီးကတော့ ဟောလိုက် ရတာ၊ ကိုယ်တော်တို့ကတော့ ဆားတန်း ဆင်နင်းကုံးကွယ်။ ကိုယ်တော်တို့ လောကီအာရုံနဲ့ တရားကတော့ ကျောချင်း ကောင် ကပ်မရဘူး၊ သူမျှားပစ္စည်းတွေ သုံးစွဲပြီး ပေါ့ပေါ့ နေလို့တော့ မကောင်းဘူး။ ကိုယ့်နည်းနဲ့ကိုယ် ကောင်းတာ ဘက်ကို ကြိုးစားကြပါ။

အစစ်ကို ဘာကွယ်နေသလဲ ရှေးလူကြီးများက ဘုန်းကြီးကို ပြော ဖူးတယ်။

ဘုရားအစစ်ကို ဆင်းတုတော်တွေက ဖုံးနေတယ်။

တရားအစစ်ကို အချို့ တရားဟော ဓမ္မကထိကတွေနဲ့ ကျမ်းစာတွေက ဖုံးနေတယ်။

သံဃာအစစ်ကို ကျွန်တော်ဘုန်းကြီးတွေက ဖုံးနေတယ်တဲ့။

ဘုန်းကြီးက ဒါတွေကိုးကွယ်လို့ အပြစ်ရှိတယ်လို့ မဆိုလို ပါဘူး။ အစစ်ကိုရောက်အောင် အာရုံမပြုနိုင်လို့ပြောတာပါ၊ အစစ်ကို အာရုံမရောက်တော့ အကျိုးပေး နည်းတာပေါ့၊ နောင်လာမယ့်နှစ် ကလေးတွေက ဘာသာကို မယုံတာက အစစ်အမှန်ကို မတွေ့ရလို့ မယုံတာ၊ အစစ်အမှန်ကိုတွေ့ဖို့ကလဲ အဘိုး အဘွားတွေက အရေးကြီးတယ်။

တစ်ခါက ဇာတ်ပွဲတစ်ခုတဲ့မှာ လူတစ်ယောက်က ရသေ့ ဝတ်ပြီး တပည့်တစ်ယောက်နဲ့ ထွက်ခဲ့ရာ ဆိုင်းက တီးတော့ ရသေ့ကြီးကကွေးနေအောင်က,ပြီး မောတော့ ကုလားထိုင် ပေါ် ပစ်ထိုင်လိုက်တယ်၊ နောက်တပည့်က "တို့ဆရာကြီး ဒါဇလောက်တောင်ကြီးစားတာ ဈာန်,မင်, ဖိုလ် မရတာ နှာ လိုက်လေကွာ"တဲ့၊ ခုလဲ တို့သာသနာကို ဘာသာခြားတွေက မဖျက်ပါဘူး၊ တို့ ဗုဒ္ဓဘာသာဝင်တွေကပဲ ဖျက်နေတာ၊ မပျက်လို့ တော်သေးတာပေါ့၊ သာသနာ-ဘာသာဆိုတာ တို့က အချိုးမကျရင်ဖျက်တော့မှာ၊ ဘုန်းကြီးက ဒါကြောင့် ပြောနေတာ၊ ဘုန်းကြီးကလဲ ကိုယ်တော်တို့စိတ်, မသိ၊ကိုယ်

တော်တို့ကဲလဲ ငိုက်ချင်သလို ငိုက်နေကြ၊ မသိ,မသိချင်း ဆို
ဘာဘော့ ဘာမှ မဖြစ်ဘူးပေါ့။

ဂိုဏ်းတွေ လူတွေအပေါ် လွှမ်းလာပြီ ဒုတိယသံဂါယနာတင်တော့ဘုရား
ပရိနိဗ္ဗာန်စံပြီးလို့ အနှစ်တစ်ရာရှိ
ပါပြီ၊ မသန့်ရှင်းတဲ့ သာသနာက
တော့ မရှိတာကကောင်းပါသေးတယ်၊ခုသာသနာကအစိုးရ
ဘက်က မပါရင် လျော့တော့မှာ၊ဘုန်းကြီးက အစိုးရပါလာ
ရင် သာသနာကိုပြင်ချင်သေးတာ၊ဟိုကုန်းက မြန်မာပြည်မှာ
အရည်းကြီးတွေ အုပ်စိုးခဲ့တယ်၊ ရှင်အရဟံရောက်မှ ကွယ်
ပျောက်သွားတယ်၊ ခု ဘာဂိုဏ်း ညာဂိုဏ်းတွေက လူတွေရဲ့
အပေါ် လွှမ်းလာပြီ၊ ရန်ကုန် မန္တလေးက လူတွေက ဂိုဏ်း
ဘုန်းကြီးတွေလာရင် ကလေးတွေကို ရှိခိုးခိုင်းကြသတဲ့။ ဘာ
လုပ်ဖို့လဲဆိုတော့ စာမေးပွဲအောင်ဖို့ရန်တဲ့။

အလုပ်ကောင်းလုပ်သူ နှက်ဇကောင်းစောင့်ရှောက် တစ်ခါ တစ်ခါ ကျောင်း ကို
ကမ္ဘဏ္ဍာန်းသမားတွေလဲ ရောက်
ရောက်လာကြတယ်။ ကမ္ဘဏ္ဍာန်း
အားထုတ်တဲ့ ယောဂီတွေ မေးကြည့်ရင် ငါးပါးသီလတောင်
ဟိုကပေါက် ဒီကပေါက်တယ်၊ မလုံကြပါဘူး။ ပထမဆုံး
သရဏဂုံကို လုံအောင်ထိန်းကြပါဦး။သရဏဂုံ ယူရင် ဘုရား,
တရား, အရိယာ သံဃာကို အာရုံပြုမိအောင် ပြုရတယ်။
ဘုန်းကြီးမှာ လူအမျိုးမျိုးနဲ့ တွေ့ရတယ်။ အချို့က ဘုန်း
ကြီးကို ဂိုဏ်းထဲဝင်စေချင်ကြတယ်။ ဘုန်းကြီးက မဝင်ချင်

ပါဘူး။ နာမည်ကြီး ဆရာတော် ဂိုဏ်း ဝင်တယ်ဆိုတော့
ကြည်ညိုလိုက်ကြ မယ့် ဖြစ် ခြင်း၊ ဘာ ပြော ကောင်း မ လဲ။
ဘုန်းကြီးတို့ဘာသာ အလုပ်တွေထမြောက်နေတာကို ဂိုဏ်းက
မလို, လို ထင်နေကြပါဦးမယ်။ အလုပ်ကောင်း လုပ်နေသူ
ကတော့ နှတ်ဇကောင်းတွေက စောင့်ရှောက်ကြပါ လိမ့်မယ်
ဆိုတာ ယုံကြည်ပါတယ်။

မျက်စိလည် လူလိုက်ကြရော သာသနာက ဘုံဆိုင်(အများဆိုင်)ဖြစ်နေ
တယ်၊ ဒါကို အားလုံးက ဖိုင်းမပြုနိုင်ရင်
ကိုယ်နိုင်သလောက် ပြုမှာပါပဲ၊ခုဘုန်းကြီး
မေတ္တာပို့ရင် တစ်နာရီခွဲလောက်ကြာတယ်၊ ဒါကိုမပြီးသေး
ဘူး၊ လောကကြီးက သာသနာရေးမှာ မျက်စိတော်မှောက်
ပြီး ချာချာလည်နေကြတယ်။ ဘုရားပွဲတွေက ဘုရား အလို
တော်ကျ မဟုတ်ပါဘူး။ တို့ မြန်မာပြည် သာသနာက ရှင်
ဘုရင် အာမတ်တွေက စလည်ထောင်ခဲ့တာ။ ရှင်ဘုရင်ဆိုသူ
တွေက သူတို့ကို နှတ်ရုပ်ပေါက်အောင် ဆင်လားကြတယ်။
လူကြီး တန်းကြီ, ပေးကြီ ကမ်းကြီဆိုတော့ နှစ်ဘက်ရောကြည့်ပြီး
ဘုန်းကြီးတွေက ဟောကြတာကိုး။ ဒါနဲ့ ဟောတဲ့ဘုန်းကြီး
ကလဲ ဟောခလေး ရရော၊ လူတဲ့သူကလဲ နှတ်ပြည် ရောက်
ချင်ဇောနဲ့ မျက်စိလည် လူလိုက်ကြရော။

တို့သာသနာက အောက်ခြေလွှတ်ပြီး လဲတော့မှာ၊ သာ
သနာကို ပြုပြင်မယ့်သူမရှိရင် မလွယ်တော့ဘူး။ သာသနာ

ကို ဖျက်မယ်သူတွေက ပေါနေတယ်။ ဘုန်းကြီးတွေကို ဆွဲ ဆောင်စရာတွေက အများကြီးရှိတယ်။ သာသနာမှာ လမ်း မှား ခေါင်းဆောင်ကိုတော့ ဘုန်းကြီးက ဘယ်တော့မှ မမြင် ပါရစေနဲ့လို့ ဆုတောင်းပေးပါတယ်။

ဓမ္မဗျူဟာ

အတွဲ (၁၉) အမှတ် (၁၁)

(၁၉၇၁၊ ဇန်နဝါရီလ)

ခံနိုင်ရည်ရှိရေး

အနေမတတ်လို့ တစ်ခါက ဆင်းရဲသူမတစ်ယောက်မှာ ကလေးတွေကပုံနေတော့သားသမီးလိုချင်တဲ့ ရှင်ဘုရင်ကမေးတယ်၊ "ဟဲ့ ကလေးမ၊နင့်ကလေးတွေ ပေါ လှုပါလား၊ ဘယ်ကရတာလဲ" ဆိုတော့ ကလေးမက "အရှင် မင်းမြတ် ကိုးကွယ်တဲ့ ညောင်ပင်ကပေးတာပါ" လို့ ပြော တယ်၊ ရှင်ဘုရင်ကြီးက အဟုတ်မှတ်ပြီးတော့ သူကိုးကွယ်တဲ့ ညောင်ပင်ကနတ်ကို "ငါ့မှာတော့ပူဇော်ပသရတာနေ့တိုင်းပဲ ငါ့တော့ ကလေးမပေးဘူး၊ ပဟုတ်ဘဲ ဆင်းရဲသူကိုတော့ ကလေးတွေ အများကြီးပေးထားတယ်၊ ဒီနေ့ကစ ခုနစ်ရက် အတွင်းမှာ ရအောင်လုပ်ပေးရင်ပေး၊ မပေးရင် သင့်ရဲ့ ညောင်ပင်ကို အမြစ်ကမ္ဘက္ကန်အောင် ကူးလဲ့ပစ်မယ်" လို့ ရှင် ဘုရင်ကြီးက ကြိမ်းသွားတော့ နတ်ကပြီးတယ်၊ အင်း.... ဒါမှ အကြံရခက်တာပဲ၊ ငါပေးတဲ့ကလေးလဲ မဟုတ်ပါဘူး။ ဒီကလေးမ သူ့ဟာသူ အနေမတတ်လို့ ကလေးတွေ ရလာ တာကို ငါ့လွှဲချတယ်၊ ရအောင်လုပ်မပေးရင်လဲ ငါ့ညောင် ပင်တော့ လဲတော့မှာပဲ" ဆိုပြီး သိကြားမင်းထံ အကူအညီ သွားတောင်းတယ်။

ဆွမ်းမရတာက အရေးကြီး သိကြားမင်းထံသွားပြီးအကြောင်းစုံပြော ပြတော့ သိကြားမင်းက "ပြောလိုက်ပါ- တစ်ယောက် မကပါဘူး၊ လေးယောက် တောင် ရနိုင်တဲ့အကြောင်း ပြောလိုက်ပါ"လို့ ဆိုတော့ နတ်ကြီးလဲ ဝမ်းမြောက်ဝမ်းသာနဲ့ ဘုရင်ကြီးကို ပြန်ပြောပြတယ်၊ "ဒါပေမယ့်နော် ရှင်ဘုရင်မှာမရဘူး၊ ပုရောဟိတ်မှာ ရပါမယ်"၊ ရှင်ဘုရင်က ဘယ်သူရရ သားရဖို့သာ လိုရင်းပါ"လို့ ပြောတယ်၊ တို့ ဘုန်းကြီးတွေ့မှာတော့ သားမရ တာက အရေးမကြီးဘူး၊ ဆွမ်းမရတာက အရေးကြီးတယ်။

"ဒါနဲ့နတ်က အရှင်မင်းကြီး သားရပေမယ့် အားလုံး တောထွက်ကြမှာ"လို့ ပြောလိုက်တော့ "အို....ရသာ ရပါ စေ၊ မထွက်စေရပါဘူး၊ သားလေးယောက်က ဟတ္ထိပါလ, အဿပါလ, ဂေါပါလ, အဇပါလတဲ့၊ ရှင်ဘုရင်ကြီးကဟတ္ထိ ပါလကို ဆင်ထိန်းထံပို့ပြီး အမိုက်ဟူသမျှ အကုန်သင်ခိုင်း တယ်၊အဿပါလကို မြင်းထိန်းထံပို့စေပြီး အသင်ခိုင်းတယ်၊ ဂေါပါလကို နွားထိန်းထံ ပို့တယ်၊ အဇပါလကို ဆိတ် ထိန်းထံ ပို့စေတယ်၊ ဒီလိုပို့ပြီး အလိမ္မာတွေ ဘာမှမသင်ပေး ရဘူးနော်၊ အမိုက်ဟူသမျှ အကုန် သင်ပေးရမယ်၊ ဟိုကလဲ အမိုက်ချည်း သင်ပေးရတယ်၊ ဘယ်နေရာလုယက်သတဲ့ဆိုရင် သူတို့ညီအစ်ကိုလေးယောက်နဲ့ အပ္ပဲ၊ မိုက်လိုက်ကြတာ လမ်း သရဲတင်မကဘူး၊တခါတည်းလမ်းသဘက်ပါဖြစ်သွားတာပဲ

အသိစာတ်ခံပါယင် ပြင်လို့ရ နောက် တော်တော်လေး ကြာတော့ ရှင်ဘုရင်နဲ့ ပုရောဟိတ်က ရသေ့ အဝတ်တွေ့ဝတ်, သွားတွေ့ကလည်း မည်းလို့ပေါ့လေ၊ သူ့ သားကို ထီးနန်းစည်းစိမ် အပ်မယ်ဆိုပြီး ဟတ္ထိပါလ အိမ်ကို အလျင်သွားတယ်၊ ဟတ္ထိပါလကလဲ မြင်လိုက်တယ်ဆိုရင်ပဲ အမယ်လေး ခုမှပဲ ဒီလိုအဝတ်မျိုး မြင်ရပေကော့တယ်လို့ ဦးကုန်းချပြီး တောထွက်မယ်လုပ်တော့ ရှင်ဘုရင်ကြီးက "မဟုတ်ပါဘူး၊တို့နန်းတော်အပ်ရအောင် လာပြောတာပါ" လို့ပြောလဲမရတော့ဘူး၊သားတယ် တောထွက်သွားကြပါရော၊ ဘာမဆို ဘဝက အသိစာတ်ခံ ပါလာရင် ပြင်လို့ရပါ တယ်။

သမန္တာဆိုပြီး ရောမလုပ်ကြနဲ့ သာသနာ ပြုတယ် ဆိုတာက ဘူတော်ကောင်း မျိုးမျိုးရှိမှ ဖြစ်တယ်၊ သက်နိုး ဆိုတာ ရဟန္တာ အရှင်မြတ်မျိုးရဲ့ တံခွန် အောင်လံသဖွယ်ဖြစ်တယ်၊ လေးလေးစားစား သုံးစွဲကြပါ၊ အလိမ္မာရအောင်ကလဲ စာနဲ့နေပြီး စာကြည့်နေရမှာပါ။

ကိုယ်တော်တို့ ရှတ်တဲ့ ဖတ်တဲ့နေရာမှာ ပီပီသသ ပြတ်ပြတ် သားသား ရှတ်ရတယ်၊ ပရိတ်ရှတ်တယ်ဆိုရင်လဲ အပြတ် အတောက် မှန်မှန်ကန်ကန်နဲ့ ပီပီသသရှတ်ပါ၊ ပရိတ်ရှတ်တဲ့ ကိုယ်တော်တွေက အားရှိနေမှ ကောင်းတယ်၊ ဂျေးတုန်းက လယ်တီဆရာတော် ပရိတ်ရှတ်ရင် လက်နက်အမျိုးမျိုးနဲ့ လှန်ဆော်တယ်၊ အားရှိတဲ့ ကာလသားတွေ ဝေါ်ပြီး လှန်ဆော

တယ်၊ ပရိတ်ရွတ်တဲ့ကိုယ်တော်က ပိန်ပိန်ညှက်ညှက်ဆိုရင်ဟိုက ထွက်မပြေးတဲ့အပြင် သူ့ပါ ဝါးစားသွားလိမ့်မယ်၊ ရွတ်တဲ့သူက တောင့်တောင့်တင်းတင်းရှိရတယ်၊ နောက်ပြီး မေတ္တာစေတနာကလဲ ပါရတယ်၊ ဌက်ပျောသီး ပိန်ညှက်ကလေးနဲ့ ဆန်တစ်ပြည်, ငဲ့တမတ်မက်ပြီး သမန္တာဆိုပြီး ရောမလုပ်ကြနဲ့။

စိတ်ထားတက်မှု မြတ်တယ်

တို့ ဗုဒ္ဓသာသနာကို ရှေးကံမရှိရင် ဖူးကိုမဖူးရဘူး၊ ဘုရားလက်ထက်က တိုက္ခိတ္တေကြည့်ပါ၊ သာသနာနဲ့ တော့ပေမယ့် ဘူတို့မှာ ဖူးရမယ့်ကံမရှိကြဘူး၊ ခုသာသနာကလဲကံရှိမှတမ်းဆောင်နိုင်တယ်၊ ကိုယ်တိုင်ကိုယ်ကြပ် ကြားရ, နှာရဖို့ကလဲ ကံရှိမှ၊ ဘုရားအလောင်းဘစ်ဆူရဲ့ကောင်းမှုနဲ့ တစ်လောကလုံး ရဲ့ကောင်းမှုယှဉ်ရင် တစ်လောကလုံးရဲ့ ကောင်းမှုက ဘုရားလောင်း ကောင်းမှုကို ဆယ်ပုံတစ်ပုံတောင် မမီနိုင်ပါဘူး။

တို့ဘုရားက အကျိုးကိုပဲကြည့်ကြည့် အကြောင်းကိုပဲကြည့်ကြည့် အကောင်းချည်းပါပဲ၊ တို့ ခု ရဟန်းတော်တွေ ဆိုတာ ဗုဒ္ဓက ဆင်းသက်လာတာ၊ သက်နှိုးကိုလဲ ဘုရားကို ရိုသေသလို ရိုသေပါ၊ ခု ဆွမ်းဒါယကာ ဒါယိကာမတွေက "သံဃာဒေမ" လို့ ဆိုလိုက်ရင် ဒီကျောင်းတိုက်သာ မက တစ်သာသနာလုံးလှုရာရောက်တယ်၊ စိတ်ထားတတ်မှ မြတ်တယ် . ဆိုတာမျိုးလိုပါပဲ၊ ဘုရား သာသနာ့ဝန် ထမ်းနေတဲ့

ပုဂ္ဂိုလ်မျှားကိုမိုင်းစန်းထောက်ပံ့နေတဲ့ ဒါယကာ ဒါယိကာမတွေက စိတ်ထားတတ်ကြပါ၊ သာသနာရဲ့ အရသာကို သိထားကြပါ။

ဆရာကောင်းတပည့် စည်းကမ်းရှိ

မြတ်စွာဘုရားကို သေသေချာချာမသိရတဲ့ ခေတလူငယ်တွေကမယုံဘူး မယုံတဲ့ သူတွေတော့ ချော့မနေနဲ့၊ ယုံတဲ့သူတွေကတော့ကျင့်နေပါ၊ ဘုရားအလောင်းပါရမီကိုမသိကြတော့ မယုံကြည်ဘူး၊ ပါရမီကို ရိုးရိုးလူတွေတော့ မမီပါဘူး၊ ပါရမီရှင်ချင်းသာ မိတာပါ၊ မဲကောင်း, ဖကောင်း, ဆရာကောင်းတို့ကလာရင် စည်းရှိတယ်၊ ဆရာကောင်းနဲ့ နေသူတွေက အသိတရားတိုးပြီးညောင်ရှင်းလာတယ်၊ ခုခေတ် ပါရဂူဆိုတဲ့ ဘူတွေက ဗုဒ္ဓကို မယုံကြဘူး၊ မယုံတော့ လောဘ, ဒေါသတွေနဲ့ မကောင်းတာတွေ လုပ်မိနေကြပြီ၊ မကောင်းသတင်းလွှင့်နေကြပြီ။

တို့ သိဒ္ဓတ္ထမင်းသား ဘုရား အလောင်း လောထွက်ပြီး ဘုရားအဖြစ်သို့ရောက်တော်မူတဲ့အခါ မာရ်နတ်ကြီး မြှင်တွေ ချနေတယ်၊ ဒါကို ဘွဲ့သမီး သုံးယောက်မြင်တော့ ခမည်းတော် ဘာဖြစ်လို့မြှင်နေရတာလဲလို့ မေးတယ်၊ မေးတော့ သိဒ္ဓတ္ထဆိုသူဟာ ငါ့ရဲ့ ကျော့ကွင်းကလွတ်သွားလို့, လို့ ပြောတယ်၊ သမီးသုံးယောက်က ခမည်းတော်မမြှင်ပါနဲ့၊ သိဒ္ဓတ္ထကို ကျွန်မတို့ပြန်ရအောင် လုပ်ပေးပါ့မယ်ဆိုပြီး အလွန် အဆင်း

လှပအောင် ဝတ်ဆင်လို့ ဘုရားဆီလာတော့ ဘုရားက ဆိတ်ဆိတ်နေတော်မူပါတယ်၊ သာယာတော်မမူပါဘူး။

စစ်မြေပြင်ဝင်လာတဲ့ ဆင်ပြောင်ကြီးပမာ မာဂဏ္ဍိ ဆိုတဲ့ သဒ္ဒေးကြီးကသူ့သမီး ကို မြတ်စွာဘုရားနဲ့ပေးစားတော့မြတ်စွာဘုရားမိန့်လိုက်ပုံက "ငါဟာအညစ် အကြေး ကင်းစင်ပြီး အလွန်တရာ လှပတဲ့ နတ်သမီးတွေကို တောင်မှ ငါ ဆန္ဒမရှိခဲ့ဘူး၊ သင့်သမီးလို အညစ် အကြေး မကင်းတဲ့ လူသားသိုးတောဲခြေဖျားနဲ့တောင်မတို့ချင်ပါဘူး" လို့ မိန့်လိုက်တော့ မာဂဏ္ဍိသတို့သမီးဟာ အနာကြီးနာ သွားတယ်၊ ငါတို့မြို့ကို သီဒတ္ထမင်း ဆွမ်းခံ ကြွရင်တော့ တစ်မြို့လုံးကို အဆိုးအဆဲခိုင်းမယ်ဆိုပြီး တပ်တို့တွေကို ပိုက်ဆံ ပေးလားသတဲ့၊ ဘုရားသဲဖို့ရှေ့ အဆဲပါတဲ့ကြီး ဖွဲ့ထားတာ ပေါ့လေ။

မြတ်စွာဘုရားကလဲ သိပ်တော်မူလို့ နောက်တစ်နေ့ ဆွမ်းခံ ကြွတော်မူတယ်၊ အရှင်အာနန္ဒာကလဲ နောက်က ပါတယ်။ ဒီလိုနဲ့ မာဂဏ္ဍိအိမ်ရှေ့ ရောက်လာတယ်ဆိုရင်ပဲ ဆဲလိုက်ကြ တာ ရေရောမရှိဘူး၊ အရှင် အာနန္ဒာက စိတ်ပျက်လာတယ်၊ "မြတ်စွာဘုရား ဒီလမ်းက ဆဲတယ်၊ ဟိုဘက်လမ်းကြွပါ" လို့ မြတ်စွာဘုရားကို လျှောက်တားတယ်၊ ဘုရားက "အာ နန္ဒာ ဟိုဘက်လမ်းကိုလိုက်လဲ ဘယ်နှယ်လုပ်မလဲ၊ အာနန္ဒာ ဒီနေရာမှာ ဖြစ်ပေါ်တဲ့ အမိုက်ရိုက်းကို ဒီနေရာမှာပဲ ပြေရှင်း

ရအောင်၊ ပြေရှင်းအောင် ဖြေရတယ်" လို့ အမိန့်ရှိတော်မူ တယ်။

တို့မြတ်စွာဘုရားက စစ်မြေပြင် ဝင်လာတဲ့ ဆင်ပြောင် ဟာ မြားတွေကို ခါချပြီးတက်သွားသလို မာဂဏ္ဍိ ရဲ့စကား တွေကို ခါချပြီး ကြွမြဲတိုင်း ကြွတာပါပဲ။

ဓမ္မဗျူဟာ

အတွဲ (၁၉) အမှတ် (၁၂)

(၁၉၈၁၊ ဇေဖော်ဝါရီ)

ဘုန်းကြီးဘဝ

အကာရှိမှ အနှစ်ခိုင်မာတယ် ဘုန်းကြီးကတော့တစ်ကမ္ဘာလုံးကဘုရား ကိုမယုံချင်နေပါစေ၊ ဘုန်းကြီးတော့သိပ်ယုံစာပေါ့။ ဘုရားကိုယုံလို့ ဘုန်းကြီးကို သတ်ရင် အသေခံနိုင်တယ်။ သာသနာဝင်ပြီး မယုံတဲ့ရဟန်းတွေလဲ ရှိသေးတယ်။ မယုံတော့ သံသရာမှာ တွေ့မှာပေါ့။ ခု ဘုရားကို ညောင်ရေသွန်းပဲ့တွေနဲ့ ပူဇော်ကြတာကတော့ အကာတွေပါ၊ အကာရှိမှလဲ အနှစ်ခိုင်မာမှာ။

တို့ အနှစ်သာရမရှိရင် ဗုဒ္ဓဘာသာသစ်ပင်ကြီး လဲမှာ။ ဘုန်းကြီးက ဘာမှမသိတော့ တချို့က ဘုန်းကြီးကို လာလာ ညာကြတယ်၊ ညာကြပေါ့၊ အညာခံရတဲ့သူက ငရဲမကြီးပါဘူး။ ဘုန်းကြီးက တစ်ကိုက် နှစ်ကိုက် ကိုက်ပြီးရင် သိပြီးပြီ။ ပါရဂူဆိုတဲ့ သူတွေက ကားကလေး ကောင်းကောင်းစီး၊ အစား ကောင်းကောင်းစား၊ မယားကလေးယူလို့။ တို့တွေကလဲ ခေါင်တုံးရိတ်ပြီး ဘုရားမယုံသလိုလိုနဲ့ သူတို့ထံ လက်ဖြန့်ပြီး မနေကြနဲ့။ ဘုရားသာသနာကို ကျက်သရေရှိအောင် နေကြပါ။ တခြားက မျက်နှာချိုသွေးပေမယ့် ဘုန်းကြီးက မသွေးပါဘူး။

ဒုက္ခနဲ့ရင်းမှ သုခရ တရား မမှေတဲ့သူနဲ့ မှေတဲ့သူ ကွာပါတယ်။ တချို့က ကုသိုလ်ဘက်ကနေရတာ ပျင်းကြတယ်။ ပွဲလမ်းသဘင် သွားကြတယ်။ တဏှာနဲ့ အလိုကျနေတာကို ပျော်လို့၊ လူတွေဟာ တစ်နေ့ အိုရမှာပဲ။ အိုလာပြီဆိုရင် အလှတွေပျက်ကွဲနေတော့တာပဲ။ ကံကောင်းလို့ ရဟန်းဘဝ ရောက်ကြတာ။ လူတွေက အကြောင်းမကောင်းဘဲနဲ့ အကျိုးကို လိုချင်ကြတယ်၊ ဒုက္ခနဲ့ရင်းနှီးမှ သုခရတယ်။ တဏှာက အကောင်းဘက်ဆိုရင် ခွင့်မပေးဘူး။ တိုးတက်ချင်ရင် ဘယ်နေရာမဆို မတွန့်ဆုတ်ရဘူး။

အမြော်အမြင်ရှိကြပါ ကျောင်းတိုက်နာမည်ကြီးလာတော့ အလှူအတန်းတွေ များလာတယ်။ ဘုန်းကြီးက မကြိုက်တာ တစ်ဘက်, ကြိုက်တာ တစ်ဘက်။ မကြိုက်တာက ဘုန်းကြီး စာရေးမယ်လို့ ပြင်နေရင် လူတွေက ရောက်လာကြတယ်။ သူတို့စကားပြောရတာကတစ်ဘက် စာရေးရတာက တစ်ဘက်။ ဘုန်းကြီးတာက မြန်မြန်သေမှာ။ ကြိုက်တာကတော့ ထန်းလျက်မပြတ်တာ ကြိုက်တာပါ။ ဘုန်းကြီးအတွက်တော့ မဟုတ်ပါဘူး။ ကိုယ်တော်တွေ့ အတွက်ပါ။

ဘုန်းကြီးသေရင် ကိုယ်တော်တို့က ဒီဘုန်းကြီးတော့ သေလဲ မထူးပါဘူးလို့ထင်ချင်ထင်မှာ။ ဘုန်းကြီးက ဒီသာသနာကြီးကို ဘုန်းကြီးတို့သာ ပြုရမှာမို့ အားလုံး ရည်ရွယ်ချက်

တွေ ပြည့်စုံမှ သေချင်တယ်။ ကိုယ်တော်တို့ ရှေးကမမြင်ဖူးတဲ့ သူတော်ကောင်းတွေကို မကြည့်ပါနဲ့ဦး။ အနားမှာရှိတဲ့ ဘုန်းကြီးကို မိအောင်နေကြပါဦး။ ဘုန်းကြီးက စည်းကမ်းမှာ မူတည်ပါတယ်၊နေရာတကာမှာ အမြော်အမြင်ရှိကြပါ။

သူမျှားအပြစ် မဝေဖန်ပါနှင့် ဘုန်းကြီးပြောတဲ့ ဗုဒ္ဓာနုဿတိနဲ့ မေတ္တာ ကိုတော့ တရားလို့ မယူဆကြဘူး၊ တခြားသွားပြီး အားထုတ်မှ တရားထင်ကြတယ်။ ရိပ်သာကိုသွားမှ တရားရတယ်ထင်ကြတယ်၊ ကိုယ်သင်တားတဲ့ စာထဲမှာ တရားတွေပြည့်လို့။ သာသနာမှာနေပြီး ဘုရားမကြည်ညိုရင် မနေကြတာ ကောင်းတယ်။ ဘုန်းကြီးအလုပ်လုပ်နေတာက ဗုဒ္ဓနုဿတိ အရင်းခံပြီး ကျမ်းစာတွေ အထမြောက်နေတာပါ။ ဘုန်းကြီးက ဘုရားကို သိပ် မြတ်နိုးကြည်ညိုတယ်။ သူမျှားအပြစ်ကို ဝေဖန်တာက စိတ်ယုတ်မာရှိလို့ပဲ။ သူမျှားကို ဝေဖန်တာဟာ 'ငါ သူ့ထက်သိတယ်, ကျင့်တယ်' လို့ မပြောပေမယ့် ပြောသလိုပဲ။ ကိုယ်တော်တို့က ဗုဒ္ဓါနုဿတိ အရသာကို မသိကြဘူး။ ကိုယ်တော်တို့ သဒ္ဓါတရားမရှိရင် မနေကြနဲ့။ သတ္တိရှိရှိနဲ့ သာသနာတော်ကို စောင့်ရှောက်ကြပါ၊ သူမျှားကို မဝေဖန်ပါနဲ့။

ချေတာချစ်ကြပါ တရားဆိုတာက အသားကျလာတော့ နောက်ဆုတ်လို့ မရဘူး၊ ဘယ်နေရာမဆို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ပေးရတယ်။ ဘုန်းကြီးဘဝဆိုတာ ကုသိုလ်ဘက်က တိုးနေစေရတယ်။ သံသရာထဲ ဖြစ်

ချင်သလိုဖြစ် ဆိုပြီး နေကြရင် ဒီနေရာမျိုးမှာနေဖို့မကောင်းဘူး။ တရားကို အဘက်ဘက်က တိုးစေရတယ်၊ တိုးလာတဲ့ အခါ ပျော်စရာတစ်ခုပါပဲ။ တစ်နေ့အတွက် ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပေးကြပါ။

ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုပြီး မချစ်တတ်ပါဘူး၊ လင်မယားချစ်ကြတယ် ဆိုတာက တကယ်မဟုတ်ပါဘူး၊တစ်ခါတစ်ရံရှန်ဖြစ်ကြသေးတယ်၊ကိုယ့်ကိုယ်ကိုချစ်တော့ကိုယ်ပြောတဲ့စကား မယုံဘဲရှိသလား၊ မုန်းတယ်လို့မျှားရှိသလား၊ ဒါတွေကို လိုက်စစ်ကြည့်တော့ ကိုယ့်ကိုယ်သာ အချစ်ဆုံးမို့ပါ၊ အချစ်ကို ကိုယ်တော်တို့က ရမ်းရမ်းပြီး ချစ်မနေကြနဲ့၊ ချေချေတာတာနဲ့ချစ်ကြပါ၊ သူမျှားချစ်ရတာ စိတ်မချရဘူး၊ ကိုယ့်ကိုယ်ကို ပြန်ချစ်တာက စိတ်ချရတယ်။

ကိုယ့်ကိုယ်ကိုအချစ်ဆုံး အသက ရှင်ဘုရင်ကြီး မိဖုရားသေ သွားသလို ဖြစ်နေဦးမယ်၊ ပဘာဝတိနဲ့ ကုသကို ကြည့်ပါ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတော့ ခမည်းတော်က ဝေမယ်လို့ဆိုတော့ မကြိုက်နိုင်ပါဘူး ဆိုတဲ့ ကုသမင်းကို ရှုံ့တွေ့ ပေပေဟောတေနဲ့ အိုးလုပ်တဲ့ နေရာမှာ ဆွဲထူပြီး သွားရတယ်၊ ဒါသူ့ကိုယ်သူ ချစ်လွန်းလို့၊ သူ့အသက် ချမ်းသာရအောင်လို့ အလွန်မုန်းတဲ့ ကုသမင်းကို ချစ်လိုက်ရတာ၊ အကယ်၍ သူ့ကိုယ်သူသာမချစ်ရင် အသက်အသေခံသွားမှာ၊ ဒါကိုထောက်ရင် ကိုယ့်ကိုယ်ကို အချစ်ဆုံးသေချာတယ်။

ဆုတောင်းတိုင်းသာ ရရိုးမှန်ရင် ကိုယ်တော်တို့က ချောတော့ ချောချင်ကြတယ်၊ ခွေးချေးကျုံးရတာကျတော့ ကိုယ်က နှာခေါင်း ရှုံ့သလို ဝနောက်ဘဝ သံသရာကျတော့ ရုပ်ကြီးက မဲ့ရှုံ့ပြီးနေကြမှာ၊ ဒီဘဝ ဒေါသမကြီးနဲ့၊ နှမြော ကုတ်ကပ်မနေကြနဲ့၊ အလုပ်မတွက်ကပ်နဲ့၊ စာကုန်ကြီးစားသင်၊ ဗုဒ္ဓါနုဿတိနဲ့နေ၊ ဒါမှ ကိုယ့်ကိုယ်ကို အာချစ်ဆုံးဆိုရာရောက်မှာ၊ ကိုယ့်ကိုယ်ကိုစောင့်မျှောက်လိုက်ပါ၊ အလုပ်လုပ်နေတာက သူများကို မကြောက်ရဘူး၊ ဆုတောင်းမနေကြနဲ့၊ တရားကိုဘယ်သူမှ လာမပေးဘူး၊ ကိုယ်တိုင်လုပ်ယူရတာ၊ ဆုတောင်းလို့ ရတယ်ဆိုတာ ဘယ်သူကြားဖူးသလဲ၊ ဆုကောင်းလို့ရတယ်ဆိုရင် ဘုန်းကြီးက ဆုတောင်းယူနေမှာပေါ့။

လောကွတ်မလုပ်ကြနဲ့ သာသနာကို တာဝန်ယူတဲ့သူတွေက တရားနဲ့နေကြပါ၊ ဒါမှ ဘုရားကို ကြည်ညိုမှာ၊ ဒါယကာ ဒါယိကာမတွေရဲ့ အပေါ် သနားစောင့်ရှောက် ညှာတာတဲ့ လက္ခဏာ ရှိရတယ်၊ ဘုန်းကြီးတွေ ဘက်က ကောင်းစေချင်တယ်၊ စာတတ်ပေမယ့် ပစ္စည်းလာဘ်လာဘလမ်း ငဲ့ငဲ့နေရင် တိုးတက်လမ်း မရှိဘူး၊ ဗုဒ္ဓါနုဿတိ ပေတ္တာနဲ့နေ၊ ကောင်းတဲ့ဘဝရောက်နေကြတာ တရားနဲ့ နေကြရတာ ကောင်းပါတယ်၊ တရားလက်လွတ်သားရင် စိတ်ပျံ့လွင့်ပြီး လူထွက်တတ်တယ်၊ လူတွေ ဆင်းရဲကြတာ ဒါနမပြုခဲ့လို့မဟုတ်ပါဘူး၊ သီလအခြေမပါကြလို့

ခေတ်ကြီးက နောက်ဆုတ်နေပြီ၊ စားစရာသောက်တွေ ပေါပါလျက်နဲ့ အသက်မရှည်ကြတာက သီလစောင့်မှုတက်ကာ နည်းနေကြလို့၊ ဘုန်းကြီး သာသနာ့ဝန် ထမ်းတာက နေ့စဉ်အပင်ပန်းခံပြီး နေတာ။ လောကလူတွေကို အထင်ကြီးပြီး သွေးမဆောင်ပါဘူး၊ လာချင်လာ မလာချင်နေ၊ ဒါတွေကို မစဉ်းစားပါဘူး၊ လူတွေက ဒါနပြုရင် ပစ္စည်းပေါတဲ့ လူတွေကို ဖိတ်လေ့ရှိကြတယ်၊ ဘုန်းကြီးကတော့ဂုဏ်တွေရှိနေတဲ့ သူတွေလာပေမယ့် ဘုန်းကြီးကဂုဏ်သိန်ရှိဖို့ မလိုပါဘူး၊ တဟန်း တညီတည်း သတောတားတယ်၊ လောကွတ် မလုပ်ကြပါနဲ့၊ သာသနာ့ ဝန်ထမ်းဆိုရင် လောကလူတွေကိုအထင် မကြီးပါနဲ့၊ မြတ်စွာဘုရားကိုသာ အထင်ကြီးကြပါ။

ဝမ္မဗျူဟာ

အတ္ထဲ(၂၀) အမှတ် (၁)

(၁၉၈၁၊ မတ်လ)

ဝိနည်း လေးစားကြပါ

ခေတ်မသိရင် မယုံကြည်နဲ့

ဘုန်းကြီးတို့ သရဏသားတွေက သဒ္ဓါတရား နည်းကြတယ်၊ ပညာတော့ တော်ပါရဲ့၊ သဒ္ဓါတရား, ပညာတရား, နည်းတော့လူ ထွက်ကြတယ်၊ တို့ သရဏသားတွေက အစတော့ ထက်ပါတယ်၊ အဆုံးမရောက်ကြဘူး၊ အချောင်ရရင် ဘယ်သူ့မဆို ချိုင်ကြတယ်၊ မာယာဆိုတာ ယောကျ်ားလဲရှိ, မိန်းမလဲ ရှိပါတယ်၊ တို့အချို့ ဘုန်းကြီးတွေက ဟန်ဆောင် ကြတယ်၊ ဟန်ဆောင်ထားတဲ့ ဘုန်းကြီးတွေကို ဒါယကာ ဒါယိကာမတွေက ကြည်ညိုကြတယ်၊ ကိုယ်တော်တို့ ခေတ်မသိရင် ဘယ်သူမှ မယုံကြည်နဲ့၊ လောကကြီးမှာ တစ်ချို့က ညာချင်ပေမယ့် မညာတတ်ဘူး၊ ညာတဲ့သူဆိုတာ လူနေ့ရှိရတယ်၊ တို့ဘာတဲ့လဲ—

"စာတတ် ယောင်ယောင်, ဟန်ပန် ဆောင်
ထိပ်ပြောင်ကြီးနဲ့ ဝင့်လတ္တံ့၊
သာသနာပြုရေး, အသံပေး, အောက်ကျေး
အောက်ရှာ လွှင့်လတ္တံ့၊

ထိုခါ အောက်သား, ဒုကာမျှား, မြောက်
စား ကိုးကွယ်ကြလတ္တံ့။
ကျောင်းကြီးကံပေါ်, စက်တောင်ခေါ်, စိတ်
တော် မိုးသို့ ထိုးလတ္တံ့၊
တွေ့ရာစုဆောင်း, ရရာရောင်း, အတောင်း
အခံ မျှားလတ္တံ့"တဲ့ ဆိုတယ် ပဟုတ်လား။

ကိုယ်တော်တို့ သဒ္ဓါတရားကောင်းကောင်းနဲ့ သန့်သန့်ရှင်းရှင်း နေကြပါ၊ သန့်သန့်ရှင်းရှင်းနေမှ ကျန်းမာရေးလဲ ကောင်းပါတယ်။

ကံကောင်းအောင် အလုပ် လုပ်ကြပါ

ကံ ဆိုတာ ဆန်းတယ်၊ ကောင်းတဲ့ အလုပ်တွေ လုပ်နေရင် ကောင်းကျိုးရစေတယ်၊ မ ကောင်းတာ လုပ်ရင် မကောင်းကျိုးရစေတယ်။ အချည်စိုက်ရင် အချည်ရ၊ အချို စိုက်ရင် အချိုရ၊ အခါးစိုက်ရင် အခါးရ၊ တို့ သာသနာက မျက်စိလည်နေကြတာ။ ခေးပြုတိုက်လို့ရတာကို မယားက တပြုံးပြုံးနဲ့ ချက်ကျေးတယ်။ ကြွက်သား စားရတာ ကံတစ်မျိုး၊ သတ်တာက ကံတစ်မျိုး။ ဒါယကာ ဒါယိကာမတွေရဲ့ ဝေယျာဝစ္စတွေ လိုက်ဆောင်ရွက်ပေးနေတဲ့ ကိုယ်တော်တွေတော့ လိပ်စာကတော့ သေချာပြီးသားပါ၊ ဘုန်းကြီးကို ကိုယ်တော်တစ်ပါးက လိပ်စာပေးခဲ့ဖူးတယ်၊ ဘယ်လိုလဲဆိုတော့ "ဦးဇနကရေ....ကိုယ့်ဆီမျှား စာထည့်ရင်တော့ အဝိစိဒီစတြိတ်၊ သိမ်းဇိုးဝရဲမှတစ်ဆင့် ဂိဏ္ဍကုဋ္ဌိတောင်ခြေ

ဇောင်ခြမ်းပင်အောက် လိုသာ ထည့်လိုက်ပါ" လို့ ပြောခဲ့တယ်။ ကိုယ်တော်တို့ ရှေးကံဆိုတာ သူ့ဟာသူ မပေးဘူး။ ကိုယ်ကလုပ်မှ၊ ကံမည့်ပေမယ့် ဝိရိယမရှိရင် ပျက်တတ်တယ်။

ထိပေါက်တဲ့သူကလဲ ရှေးကံကပါလာလို့ ပေါက်တာပါ။ ကိုယ်တော်တို့ ကံကောင်းအောင် အလုပ် လုပ်ကြပါ။ ဟိုတစ်နေ့က အုန်းပင်စိုက်တယ်။ အုန်းပင်စိုက်ရင် ခွေးသေ့ ဆား, ငါးပိ ထည့်ရတယ်။ ဒါပေမယ့် သူတို့က သိုးသာ မဟုတ်ဘူး၊ အုန်းပင်က သိုးတာပါ၊ ကံတရားတွေကလဲ ဒီလိုပဲ၊ ကိုယ်တော်တို့ မကြိုးစားရင် အတွေတ်အထိပ် ပရောက်ဘူး။ ရပ်မနေကြပါနဲ့၊ တက်ပေးကြပါ၊ ဘုန်းကြီး တစ်သက်လုံး မနားပါဘူး၊ သောခါနီးတောင် အမောဟိုက်နေ မလား မသိဘူး။ ဆုတောင်းလို့ မရကြဘူး။ ကိုယ်ချစ်တဲ့ သူကို မရ, ရအောင် ကြိုးစားရုတာက ဆုတောင်းလို့ရတာ မဟုတ်ပါဘူး၊ ကြိုးစားလို့ရတာပါ။

ငါလေးတွေ ဖြစ်ခဲ့ချင် မိဘတွေက ကိုယ့် သားသမီးတွေကို ပညာ ကြိုးစားခိုင်းတာက ဘယ်သူ့ဖို့လဲ၊ သူတို့ဖို့ မဟုတ်ဘူး၊ ပညာတော်လာရင် ဘဏ်းခန့် ပေးစားလိုက်တာပဲ၊ ပညာတော်ရင် သမီးရှင်, သားရှင် တွေက ဝိုင်းဝိုင်းလည်နေတာပဲ။ အဘန်းသာ ခဏခဏ ကျ နေရင် တန်ဖိုးမထားကြပါဘူး။ ကိုယ်တော်တို့ တောမှာ မွေးပေမယ့် ငါပဲ့ ယောကျ်ားလို့ သဘောထားပြီး ကြိုးစား ကြပါ။ ကိုယ်တော်တို့က ထက်ထက်သန်သန် တယ်မရှိကြ

ဘူး။ ဘုန်းကြီးတို့ကတော့ အိုတာက အိုတာ တခြားပဲ။ စိတ်ကတော့ ထက်ထက်ပဲ။ ဒါကြောင့် "နွားမျိုသန်လှ နွားအို ပေါင်ကျိုးသလောက်ရှိသေး" ဆိုတာ။ ဘုန်းကြီး ကတော့ ပေါင်လဲမကျိုးသေးပါဘူး။ ကိုယ်တော်တို့ကို ငါ လေးတွေ (ငါလို) ဖြစ်စေချင်တယ်။ ခုတော့ ငါမဖြင်ဘူး၊ မင်းတို့ဖြစ်နေကြတာကိုး။

သာသနာပြုတော့ ဩဇာရှိစေချင် ဘုန်းကြီးကသေလဲမတူးပါဘူး၊ ခဏနား တာနဲ့တူတယ်၊ ဟိုတက်ဘဝ သေဘုံးပြီး ဒီဘဝပြန်လာ အလုပ်လုပ်ရမှာပါ၊ သွား လိုက် ပြန်လိုက်ဒီလိုနေရာက နောက်ဘုရားရောက်မှာပါ၊ ကိုယ် တော်တို့ ငယ်စဉ်ကလဲကြိုးစားကြပါ၊ ကြီးလာလဲ ပိုပြီးကြိုး စားကြပါ၊ လူတွေက သာသနာအရသာကို ရှာမရကြပါဘူး၊ သောကာနီးမှ ကုသိုလ်ပြုချင်လို့မရပါဘူး၊ သာသနာကိုညှာပြီး သူခိုးအကြိုးစားလုပ်နေရင် မသက်သာဘူးလို့ သာမှတ်ပါ၊ သာသနာကို မပြုရင် မပြုပဲနေ၊ ပြုရရင် သာသနာမှာ ဝင် ကြယ်မှ ကောင်းတယ်၊ ဘုန်းတန်ခိုးကြီးသွားရင် ဘုန်း နောက်လိုက်ပြီး ပျက်တတ်တယ်၊ ငယ်စဉ်က ကြိုးစားကြ၊ စာမေးပွဲတွေဝင်တာကို သာသနာပြုတော့ ဩဇာရှိအောင်ဆို တဲ့ အနေမျိုးနဲ့ ရည်မှန်းဝင်ကြ။

နာမည်ပျက်မခံနိုင် ဘုန်းကြီးစာဝါကိုတော့အပြီးချရမယ်၊ ဟိုတုန်းက ဗေဒင်ဆရာတစ်ယောက်က လူတစ်ယောက်ကို ခုနစ်ရက်အတွင်း စုံတ်လာတ်ဝင်ရမယ်လို့

ဟောလိုက်တယ်၊ ဟောထားတဲ့ရက် ပြည့်ခါနီးလေတော့ အဟောခံရတဲ့သူက "ဆရာဘာမှလဲမဝင်သေးပါလားဗျ" ဆိုတော့ "အေး မဝင်သေးရင် ငါ့မှာ နှမသုံးယောက်ရှိတယ်၊ ငါတော့ နာမည်အပျက်မခံနိုင်ဘူး၊ မင်းကြိုက်တာ တစ်ယောက် ယူပေတော့" လို့ ပြောလိုက်သတဲ့၊ ဘုန်းကြီးစာဝါလဲ ဘုန်းကြီးပြောထားတဲ့ရက်တော့ ပြီးအောင်ချရမှာ၊ မပြီးရင်တော့ ဘုန်းကြီးမှာပေးစရာမရှိဘူး၊ ဗီတော့အပြီးပဲချရမှာပဲ။

ဝိနည်းပျက်ယင် ဘုန်းကြီးက မဂ်, ဖိုလ်, နိဗ္ဗာန်အထိလုပ်ပေး သာသနာပျက်တယ် ချင်တယ်၊ ဘုန်းကြီးတွေကိုအောက်တန်း ထားပြီးလူတွေကအလက်တန်းကနေပြီး အာဏာသေးကြတယ်။ ဘုန်းကြီးမခံချင်ဘူး၊ တရားဟောခိုင်းတယ်ဆိုတာလဲအခပေးခေါ်ကာပါ၊ သူတို့ဆီကပြန်လာတော့ ရောဂါဖြစ်ရင် ပြန်မကြည့်ကြဘူး၊ ဘုန်းကြီးက တစ်ကိုက်နှစ်ကိုက် ကိုက်ပြီးခဲ့ပြီ။

ကိုယ်တော်တို့ကအထက်တန်းတွေကို အားမထားကြပါနဲ့၊ တယ်ပြီး မဟုတ်ကြပါဘူး၊ တို့ဘုန်းကြီးတွေကလဲ အပင့်ကို မစောင့်ကြဘူးတော့ဘူး၊ တချို့ကပင့်ရင် ပင့်အောင်သွားပြောကြတယ်၊ ကိုယ့်ဘာသာကိုယ်နေကြရင် ပြီးရောပေါ့၊ ကိုယ်တော်လို့တွေက ဒါယကာဒါယိကာမတွေကို ဖိတ်ဖြစ်ဆွေဖြစ် မဆက်ဆံကြနဲ့၊ တို့သာသနာမှာ ရှက်စရာကောင်းသေးတယ်၊ ကိုယ်တော်တို့ ကောင်းကောင်းနေကြ၊ တစ်ဘဝ တစ်ခါသေရတာ၊ သေတယ်ဆိုတာ မြွေအရေလဲသလိုပဲ့။

သေတဲ့သူတမ်းရကာလက်မိုးပေါ်ကလက်ကိုတမ်းတရတာက မြင်ရသေးတယ်၊ သေခြင်းသဘောက အလှတွေမြင်နေပေမင့် တစ်နေ့နေ့တော့သွားရမှာပါ၊ ဘာမှပေးလို့လဲမရဘူး၊ ဝိနည်းလေးစားပို့ကအရင့်, ဘေကယ်ဘာကနောက်၊ အပေးကြီးတယ် ပေါ့ပေါ့မခန့်ကြနဲ့၊ သာသနာပျက်တယ်ဆိုတာ ဝိနည်းပျက်တာ၊ ဟောသွားရင် လှည့်မစိုးကြပါနဲ့၊ ဝိနည်းလို့ ဘုန်းကြီးလေးစားဖို့ မဟုတ်ပါဘူး၊ ဘုရားသာသနာ ပေးစားသော အားမြင့်လိုနိုးလိမ်းကြပါ။ ဘုရားကိုလဲကြည်ညိုလေးစားပါ။

ပျက်ရုံးနှစ်ဆုံးရှိတာကတော့ ပျက်ရုံးပေါ်ကနေကြတယ်။ ဒီ ကျောင်းမှာ ပင်ကြီးကြီးတွေ ယက်စ်ယားပေးတော့ စာသင်ခြေမရှိဘူး။ ငယ်ပြန်ကတော့ဆဲ ကွက်ခြားကြတယ်၊ သာသနာမှာ ရှိပြီးသားရှိပါတယ်၊ ဘုရားနဲ့ခိုတာ ရှိသရတယ်၊ သွားလေရာမှာ ဘုရားအာရုံနဲ့ သွားနေရင် ကြမ်းပတ်လာမရှိပါဘူး၊ ဒါနဆိုတာ မရောင်းတဲ့သူကတော့ သုံးစွဲနေရင် အကျိုးပရပါဘူး။ သာသနာသွေး, တာသာသွေး, မျိုးရိုးဇာတိသွေး, သတ္တိရှိကြပါ။ မကောင်းတာ မဖြစ်ကြပါစေနဲ့။ သာသနာကို သံဃာဇဉ်ရှိရှိနဲ့ ထမ်းရောင်ကြပါ၊ သာသနာဝင်နေရင်ဝန်ထမ်းနေမှကောင်းတယ်၊ ကောင်းကောင်းမနေရင် မြေကြီးနင်းတာကအစ အပြစ်ရှိတာပဲ။ တပ်နေရာမဆို လေးလေးပင်ပင် ရှိရပါမယ်။

သေလို့ငိုတာက ကိုယ်ကဆွံ့ရာရောက်တယ်၊ ကျွန်တော့ ဘုန်းကြီးတွေကမျှော်လင့်ချက်နဲ့ ကိုယ်ကိုယ်တိုင်လက်သပ်ပွေးထား

တဲ့ တပည့်လေးများတွက်သွားရင် မှိုင်ပြီးစိတ်ညစ်လို့၊ ကိုယ်တော်တို့သတ္တိမကြောင်ကြနဲ့။ ဘုရားသာသနာမှာ တူရယ်၊ ညီရယ်မရှိဘူး၊ ရှိလဲမရှိကြပါနဲ့။ မျက်လုံးနှစ်လုံးရှိပေမယ့် မျက်လုံးအများနဲ့ကြည့်ကြပါ။ ပျင်းတဲ့သူ တွက်ပြေးပြီး ပျော်တဲ့သူကျန်နေမယ်။

သံသရာကြောက်ရင် ကြိုးစားကြ တို့ကျောင်းမှာ ကျေးဇာသားဖိုးသူ တော်တွေ ရှိရောင် ပေါက် နေတဲ့ အသားနဲ့ ပိတ်ပြုံ့ဝတ်ဟော့ ဒိုးပည်းထုံးသုတ်သားသလို မလိုက်ပါဘူး၊ ဒါပေမယ့် တပြည်းပြည်းပြင်ယူရတယ်၊ သံသရာကိုကြောက်ရင် ကြိုးစားကြ၊ တချို့မ်ားတွေသားသမီးတွေကများလာ့ တစ်ယောက်နှစ်ယောက်လောက် ဘုန်းကြီးဝတ်ရင်ကောင်းမှာတဲ့။ အမေ့ဧ့ရ သက်သာသောင်လို့ ပြောကြတယ်၊ ရေ့ကျမှာကိုတော့မသိကြဘူး။ သက်နီးပတ်တိုင်း ကောင်းရာ ရောက်မယ်ဆိုရင် ဘုန်းကြီးချည်းဝတ်နေကြမှာပေါ့၊ သက်နီးပတ်လာတာ ပေါ့ပေါ့နေ ဖို့မဟုတ်ဘူး၊ ဆိုင်ရာ ဆရာသမားတွေက ကြပ်ပေးကြပါ။ ဒါမှပျင်းတဲ့သူတွေတွက်ပြေးပြီး ပျော်တဲ့သူတွေ ကျန်နေရစ်မှာ။

ဓမ္မဗျူဟာ
အတွဲ (၂၀) အမှတ် (၂)
(၁၉၈၁၊ ဧပြီလ)

တစ်ဘဝကောင်း မလိုချင်

အားဖြစ်ဖြစ် လေ့လာကြပါ သူများသိတာကိုပဝါနမထားကြပါနဲ့၊ ကိုယ်သိမှတ်တာ၊ ထပင်းဆိုတာ ခွက်ကုန်း ဘရသာမရှိပါဘူး၊ စားမှု အရသာရှိပေါ့ပါ၊ ဟုဒ္ဓာနုသတိ,မေတ္တာစတဲ့ တရားများလဲ ဒီလိုပါပဲ၊ ဘဝတော့ အရသာမရှိပါဘူး၊ ကြာလာမှ အရသာရှိလာပါတယ်၊ စာတွေတယ်ဒီအတိုင်းပဲ၊ ကြာလေစာရဲ့အရသာ တရှိလေပါပဲ၊ ဆရာတော်တစ်ပါးကဘုန်းကြီးကို "ဇနကကြီး ရာ....ပိန်လှပြီ၊ စာတွေ သိပ်ကြိုးစားမနေပါနဲ့၊ နောက်မေ့ပြီ ဆိုရောဘဲ ပါနဲ့ အကူတူပါပဲ" လို့ ဆိုတယ်၊ ဝတတ်တာက တစ်မျိုး,ဝကားပြောတတ်တာကတစ်မျိုး,ကျန်းမာရေးနှင့် လည်ပတ်တာကတစ်မျိုး၊ မဟုသုတဆိုတာ ရှိရုံလေယ်၊ အားဖြစ်ဖြစ် လေ့လာကြပါ၊ ဖျားတဲ့လူနဲ့ အကူနေရင် အင်ဇွေကူးတယ်၊ ဘုန်းကြီးမှာ သွေးတိုးကရှိနေလို့ အင်ဇင်မစားရဘူး၊ သွေးတိုးနဲ့အင်ဇင်က မတည့်ဘူး။

စိန်ဆံထိုးစူးသေလဲ အသေပါပဲ ဘုန်းကြီးက သံသရာတစ်ခုလုံးကို လိုက်ပြင်နေချင်တာ၊ ဟိုတုန်းက ဒါယိုကာမ တစ်ယောက် မော်တော်ကား စီးရင်း

က ပေါ်တော်ကား မြောက်တော့ စိန်ဆံထိုးစူးပြီး ရေသရတယ်၊ တို့ကောမှာ လှည်းကြမ်းစီးသွားရင်းက လှည်းပေါက်လို့သေတယ်၊ စိန်ဆံတိုးစူးလို့ပဲ့ထောသော့ လှည်းပေါက်လို့ပဲ့သေသော အလေပါပဲ၊ အပူကူပါပဲ၊ ကိုယ်တော်ကိုယ်တိုက တစ်ခြားဝိုင်ကတော့ကို ဒီမှာ ကူးလာကြနဲ့ တစ်ပါးနဲ့တစ်ပါးပြုံးပြုံးရွှင်ရွှင်ရှိကြပါ၊ ပျော်လိုက်ကြပါပဲ့၊ ဥပုဒ်တော် ရောက်ပြီ သတိ ထားကြပါ၊ ဒီကျောင်းမှာ တပျို့ ကိုယ်တော်တို့ မျက်နှာကြည့်ရတာ ရှင်ရှင်ပျပျကိုမမြင်ဘူး၊ ယေယေတည်းကပြီး မျက်နှာကြည့်နေရတယ်၊ ဘုန်းကြီးကို လူရှောရှေးတယ်ထင်ပါတယ်၊ ပဟုတ်ပါဘူး၊ နေရာတကာမှာ ပြုံးရွှင်ပြီး မျက်နှာကြည့်လင်နေရတယ်၊ ဖဲ့ပနေရတယ်။

ကိုယ်မသိနိုင်တဲ့ ကံတစ်ပျို့ အမျှားစု လူတွေက မနက် လင်းလာရင် ကုသိုလ်ဘက် စိတ်မဝင်းကြဘူး၊ တစ်ဘဝ အသက်မွေးမှုလောက် အားထုတ် နေကြတယ်၊ တို့ဘုန်းကြီးတွေလဲ မျှာ သောဃားဖြင့် အတူကူပါပဲ၊ အမျှားစုကပေါ်တယ်၊ "သံသရာတွင်ပဲမှာ ဘဝနှာမှစဉ်တွေ မျှားခဲ့ပြီပေါ့" ဆိုတာလိုပဲခန္ဓာတွေသာမျှားနေကြတာဘာမှ အကျိုးကူးတရားထွက်မလာဘူး၊ သူတော်ကောင်းဖြစ်ချင်ရင် ပထမ သီလကို စင်ကြယ်ပါစေ၊ ပစ္စည်းတွေအားလုံး အပ်အပ်စင်စင် ရှိပါစေ၊ သံသာမျှားလာယင် အကျောင်သာမားတွေ ပါလာလေယ်၊ ဆရာကောင်း သမားကောင်းနဲ့ ဆက်ဆံရတာက ကံမကင်းကြပါဘူး။ ဘုရားကောင်းလို့ တက်လာတာ

လဲ မဟုတ်ဘူး။ ကိုယ်မသိနိုင်တဲ့ ကောင်းချက်တစ်ခုရှိတယ်၊ ဆရာကောင်းနဲ့ တွေ့ရတာက ကံတစ်မျိုးပါပဲ။ ဘုန်းကြီးရဲ့ အနေအထိုင်ကိုကြည့်ပြီး "ရှေကျင်လား" လို့ အမေးခံရဖူးတယ်။

ဘဝအဆက်ဆက် ကောင်းအောင် ရှေးက လူကြီးတွေက အဝတ်ဖြူကြီးတွေ ဝတ်ပြီး ရက္ခစိုးဆန့်ဆန့် နေကြတယ်။ လူတစ်ယောက်ဟာ ယေယေကတည်းက သိက္ခာရှိမှ ကောင်းတယ်၊ ဘုန်းကြီးယေယေက ဆောဒခဲ့တယ်၊ ဒီကျောင်းမှာ ဘုန်းကြီး ဆောဒသလိုတော့ မဆောဒကြပါနဲ့။ ဘုန်းကြီးကတော့ ဆောဒလဲဆောဒတယ်၊ အလုပ်လဲ လုပ်တယ်၊ ကိုယ်တော်တို့ အချိုးတည့်တည့်နေကြ၊ ဒါမှကံကောင်းတယ်၊ စိတ်ကောင်းလဲ ရှိရတယ်၊ ဘက်နှိုးခေါက် မပျင်းကြပါနဲ့၊ နေလဲမှာ ကြာကြာလဲ မလှန်းကြပါနဲ့၊ သက်နှိုးရုပ်ရှင်လဲ ဆွဲမချကြပါနဲ့။ ဝံပြဖြစ်အောင် လုပ်နေတာ မဟုတ်လား။ ဘာသာခြားသာသနာပြု ကျောင်းတွေက ကောင်းပြီး ဘုန်းကြီးတို့ ပြည်မကျောင်းတွေက ချာတူးဖြစ်နေမှာ စိုးလို့ ပြင်နေတာ။ သာသနာက သာသနာနဲ့တူမှ ကောင်းတယ်။ ကိုယ်တော်တို့ကို ဘုန်းကြီးပြင်နေတာ ဘဝကောင်းလေး ပြင်နေတာ မဟုတ်ပါဘူး၊ ဘဝအဆက်ဆက် ကောင်းအောင်လို့ ပြင်နေတာပါ။ ဘုရားအာရုံနဲ့ နေကြပါ၊ ဆောဒ မနေကြပါနဲ့။

လောကီဂုဏ်တွေ မကြီးကျယ် ပြင်ပ ဗဟုသုတဆိုတာလဲ ရှိရတယ်၊ ပြင်ပ ဗဟုသုတမရှိရင် စကားမပြောတတ်ဘူး၊ တို့မြတ်စွာဘုရား စကားပြောတော်မူရင် တဘဝအဖြစ်အပျက်ကလေးတစ်ခုသာ ပြောတာမဟုတ်ဘူး၊ ကောင်းတဲ့ အဖြစ်တွေရော၊ မကောင်းခဲ့တဲ့ အဖြစ်တွေရော၊ အကုန်ပြောတာပဲ။ ဥပမာ - ၁၀ ဘဝသည်ဟာ ကောင်းတဲ့ အဝတ်ရော၊ မကောင်းတဲ့ အဝတ်ရော ရောတုပ်ထားသလိုပဲ။ မြတ်စွာဘုရား အသုံးအနှုန်း စကားစဉ်တွေက စဉ်းစားတိုင်း စဉ်းစားတိုင်း တယ်ပျော်စရာ ကောင်းတယ်။ ဘုန်းကြီး ကျန်းမာရေး မကောင်းပေမယ့် စာရေးလို့ကောင်းနေတယ်၊ ကိုယ်တော်တို့ သာသနာတော်မှာနေရင် ကုလဒူသနာအနေ သနတွေနဲ့ မငနသင့်ကြဘူး၊ ငရဲနဲ့နီးတယ်။ ဘုန်းကြီး စာရေးရတာတွေက မကုန်နိုင်ပါဘူး၊ ကိုယ်ထော်တို့ ဘုရားပိဋ္ဌကတ်တွေကို စာမေးပွဲအတွက် မရည်ရွယ်ကြပါနဲ့။ လောကီစာမေးပွဲ ဂုဏ်တွေဆိုတာ ဘာမှ ကြီးကျယ်တာ မဟုတ်ပါဘူး။ သာသနာပြုဖို့နဲ့ ဘုရားတရားတော်လောက် မကောင်းပါဘူး။

စာအုပ်ဆိုတာ ရှုပ်ပုံရှုပ်ပွား ကိုယ်တော်တို့ကကျောင်းတိုက်ကြီးတွေကြည့်ကြည့်ပြီး 'အားကျမနေကြနဲ့၊ ထန်းရွက်တဲနဲ့ နေခဲ့ရတာလောက် မကောင်းဘူး၊ တိုက်တာပေါ်မှာ နေရတာကစိတ်မချရဘူး၊ ကျောင်းကောင်းမှ ဆွမ်းစားဝင်တာ မဟုတ်ပါဘူး၊ ဒါယကာ ဒါယိကာမတွေကို

အရေးမပေးကြပါနဲ့၊ ဘုရား, တရား, အရိယာသံဃာကို ကြည်ညိုမိရင် ဖျက်လို့မရဘူး။ ငရဲလဲမကျတော့ဘူး၊ ကိုယ်တော်တို့ အသက်တန်းစားသင် အသက်တန်းစိတ် လားကြပါ။ မိဘများလဲ ကျေးဇူးနပ်လောက်အောင် တရားဟောပေးကြ၊ ဘုရားအစစ်ကိုသိရင်၊ စေတီ, ရုပ်ပွား, ဆင်းတုတော်တွေကို အကြည်ညိုပိုလာပါတယ်။ ဗုဒ္ဓသာသနာမှာ ဘုရားအစစ်မှာ သိနေရင် ပွဲကြည့်နေတာ မဝကောင်းတော့ဘူး။ စာအုပ်ကို တာ ရှုပ်ပုံ ရှုပ်ပွားနဲ့ဟူတယ်။ ကြည်ညိုနည်း သိလားကြ။

ထင်းတုတော်ချင်း ပြိုင်နေကြပြီ ဗုဒ္ဓစာပေတွေ သင်ကြားနေရင့် လောကကိုမကြည့်ပါနဲ့၊ တစ်ယောက်ကစတစ်ရာ ဆိုသလို မတရားမှုတွေနဲ့ အသက်မွေးနေကြတာပါ၊ ရှေးကံကောင်းလို့ ဥစ္စာပေါတာ။ အထင်ကြီးစရာမလိုပါဘူး။ သာသနာမှာလဲ မကောင်းတဲ့ အသက်မွေးခြင်းပြုတာ မကောင်းပါဘူး၊ ဘုန်းကြီး ကောင်းတဲ့ အကျင့်တွေ ကျင့်နေလို့ ရဲနေတာ၊ တို့ ကိုယ်တော်တွေက ရှုပ်ရှင်ကြည့်, ဘောလုံးပွဲကြည့်နဲ့ နောက်ဘဝ ခံရမယ်။ ဒီကျောင်းမှာကြာကြာနေလာရင် သွားလာတာကတစ်မျိုး၊ မျက်နှာအနေအထားကတစ်မျိုး ဖြစ်လာပါတယ်၊ ပြုပြင်ကြပါ။ သာသနာ အရင်းခံကို မသိကြတော့ ဘုရားပွဲတွေလုပ်နေကြတာ။

ဒါယကာဒါယိကာမတွေ လာအောင်ဆိုပြီး ဘုန်းကြီးပုံလုပ်ကြတယ်။ ဒါ အပိုအလုပ်တွေပါ။ လူတွေက အလှူ ဒါန

တွေကို ပြုရင် နာမည်လိုချင်တာက ဘလျင်ပဲ၊ တအုတ်အုတ် တကျက်ကျက်နဲ့ ပွက်နေတာပဲ၊ ဘာသာခြားတွေက ဘာပဲ လုပ်လုပ် ပြိုမ်သက်တယ်၊ တို့ ဗုဒ္ဓဘာသာတွေက ဘုရားထံ လာတယ်ဆိုရင် ဘိုင်းတွေ, အက-အနှုန်တွေနဲ့ ကီးမှတ်လာ ကြတာ။ အလကားလုပ်ကြတာ၊ ဘာသာခြားတွေ သာသနာနဲ့ ဗုဒ္ဓဘာသာ သာသနာနဲ့ကလဲ တခြားစီပါ။ လူတွေက ဆင်းတုတော်ချင်းပြိုင်နေကြပြီ၊ ဘုရားဒါယကာတွေကလဲသူ့ ဘုရားက သာတယ်, ငါ့ဘုရားက သာတယ်နဲ့ ပြိုင်နေကြပြီ။

ကိုယ်နဲ့တန်တဲ့ ဒါနကိုပြု ကိုယ်တော်တို့ စာဝေးပဲ့တွေက တရားနဲ့ မပတ်သက်ပါဘူး။ ဒီ ကျောင်း တိုက် မှာ စိတ်ကို ပြင်နိုင်ရင် နေပါ၊ စိတ်မပြင်နိုင်ရင် မနေကြပါနဲ့၊ ကြိုက်ရာ သွားကြပါ။ တစ်ဘဝကောင်းမလို ချင်ပါဘူး၊ စိတ်ပါလက်ပါ ပါရမီကို ဖြည့်ကြပါ။ မမှန်တဲ့ သူတွေ မနေကြပါနဲ့။ ဒါနပြုကြရင် ကိုယ်နဲ့တန်တဲ့ ဒါနကို ပြုကြပါ၊ မမိတဲ့ပန်း တုံးခုပြီး မလှပ်းကြပါနဲ့၊ နောက်ထပ် ဇရုက်လာတဲ့ အသစ် ကိုယ်တော်လေး တွေကို ဒေဟောင်း တွေက ပြင်ပေးကြပါ။ လူတွေအပေါ် ကြွားမယ်, ဝါမယ် လို့လဲ မကြံကြပါနဲ့၊ မျက်နှာသေ မျက်နှာလားကြီးနဲ့လဲမနေ ကြပါနဲ့၊ စိတ်ကို ကြည်ကြည်လင်လင်နဲ့ ကိုယ့်ကိုယ်ကို ပါရမီ ဖြည့်နေတယ်လို့ မှတ်ပါ။

ဓမ္မဗျူဟာ
အတွဲ (၁၉) အမှတ် (၆)
(၁၉၈၀၊ ဩဂုတ်လ)

ခေတ်ကြီး ပြောင်းချင် ပြောင်းပါစေ

နှစ်ပါးစုံကြည့်သူ ဘုရားဟောရုံနဲ့ မှန်မှန် ဘာဝနာ ပွားကြ ပါ။ သီလ မစင်မကြယ်နဲ့ ဘာဝနာ မရှိ ရင် မပျော်ပါဘူး။ သီလစင်ကြယ်ရင် ပညာပါ တိုးတက် လာတယ်။ သတ္တဝါတစ်ယောက်မှာ-

(၁) ကိုယ်ကျိုးသက်သက်သာ ကြည့်သူ၊
(၂) သူတစ်ပါး အကျိုးသက်သက်သာ ကြည့်သူ၊
(၃) သူ့ကျိုး, ကိုယ့်ကျိုးမကြည့်သူ၊
(၄) သူ့ကျိုး, ကိုယ့်ကျိုးနှစ်ပါးစုံ ကြည့်သူ-လို့ ရှိတဲ့

အနက်က နှစ်ပါးစုံကြည့်သူဟာ အကောင်းဆုံးပါပဲ၊ ကိုယ် ကျိုးသက်သက်ဘာကြည့်သူတွေဒီကျောင်းမှာ မနေသင့်ဘူး၊ ဘုန်းကြီးက ဒီပုဂ္ဂိုလ်တွေကို မကြည့်ညှိတဲ့အပြင် စက်တောင် စက်ဆုပ်သေးတယ်၊ ဘုန်းကြီးကကျဉ်းကျဉ်းကြည့်တာမဟုတ် ဘူး၊ သာသနာတော် တိုးပွားအောင် ကြိုးစား တာပါ။ ဘုန်းကြီးကဘယ်လိုလုပ်ရင်တိုးတက်လမ်းရှိတယ်ဆိုတာသိပါ တယ်၊ ခုခေတ် တောလွတ်တွေ ကျောင်းတိုင်တာများတော့ မကြည်ညှိတဲ့အပြင် သာသနာပါ လျော့လာတယ်၊ ခေတ်လူ

တွေ့က လောကီ ကျောင်းနေပြီး ထွက်သွားကြတာ၊ ဒါ ကြောင့် သာသနာ့ကို အထင်သေးတာ။

စိတ်ကောင်း နှလုံးကောင်းနဲ့ သူတော်ကောင်း အဖြစ် တက်လမ်းကိုကြည့်ပါ။ ဘုန်းကြီးက ပင်ပန်းပေမယ့် အကျိုး ရှိရင် လုပ်ပါတယ်။ ဝိနည်းလေးစားကြ၊ ဒါမှ ဘဝသံသရာ မှာကောင်းမယ်၊ သာသနာချဲ့ဖို့က မလွယ်ဘူး။ ဒီကျောင်း မှာပဲပြုပြင်ပါ့မယ်၊ စိတ်ကောင်းမရှိရင် ဒီကျောင်းက ထုတ် ပစ်ကြ။

ရေစုန်ရေဆန်ကြည့်ရတယ် အပြင်ထွက်သွားရင် ခြေလှမ်း မမှန်တော့ ဘူးဆိုတာဘုန်းကြီး သိပါတယ်၊ ဘုန်းကြီးက လူတော်လူကောင်းကို လိုချင်တယ်၊ သာသ နာကိုပြုချင်ပေမယ့် အပုံကြီး ကွာဝေးနေတယ်။ ဘုန်းကြီး မသေခင်ကတော့ ဒီကျောင်းမှာ မလျှော့တဲ့အပြင် တိုးပြီး ကျပ်ပေးမှာ။ စာတတ်တာ ကောင်းပေမယ့် ရေစုန်, ရေဆန် ကြည့်ရတယ်။ သူများအပေါ် မတရားတဲ့နည်းလမ်း တွေနဲ့ အသက်မမွေးကြပါနဲ့၊ သာသနာမှာဆေးကုနေတဲ့ဘုန်းကြီး တွေချည်းဆိုရင် သာသနာပျက်တော့မှာ၊ ဒါယကာ ဒါယိ ကာမတွေကိုဆေးကုမှ မလုပ်ကြပါနဲ့၊ မိဘ ဝေယျာဝစ္စပြုသူ တွေကိုသာ ကုသပေးကောင်းတယ်။

လောကစွဲမထားကြနဲ့ ဘုန်းကြီးငယ်ငယ်တုန်းကတွေ့ဖူးတဲ့ ဦးပဉ္စင်းတပါးလိုမလုပ်ကြနဲ့၊ လူပျို ကြီးနဲ့ အပျိုကြီးကြားကနေ ဆက်သွယ်ပေးနေတော့ မိန်းမ

ဘက်ကလောင်းလိုက်, ယောကျ်ားဘက်က လောင်းလိုက်နဲ့ စားသောနေတာ၊ တခြားက ပြောကြတယ်၊ "ဂန္ဓာရုံသွေး" က (သက်နိုး အညိုရောင်ကို ဆိုလိုပါသည်) စားသုံးတယ်တဲ့။ ဘုန်းကြီးက ခံတော့ မခံချင်ဘူး၊ ဒါပေမယ့် အသာနေရ တာပဲ၊ ဘုန်းကြီးက အနေသန့်, ကြောင့်(ပဒေသာရှာဖွေ နည်းမျိုးဖြင့် ဘုန်းကြီးအောင် လာတ်များအောင်) ကိုယ် တော်တို့ ဒါယကာ ဒါယိကာမတွေကို လောကွတ် မလုပ်ကြ ပါနဲ့၊ သံသရာသွားရမယ့်ခရီးကိုကြည့်ပါ။ လောကစွဲမထား ကြပါနဲ့၊ အထက်ရောက်ပယ့်ဟာ အောက်ရောက် သွားလိမ့် မယ်။

လူ့ဘဝတန်ဖိုး လူတစ်ယောက်ရဲ့ တန်ဖိုးက စိတ်ကောင်းဖို့ ကအရေးကြီးတယ်၊ ဘုန်းကြီးတွေက သိ ထားကြပါ၊ "အာရောဂျ ပရမံ လာဘ်" စည်းစိမ် ဥစ္စာပေါ့, ထိပေါက်နေပေမယ့် ကျန်းမာရေး မကောင်းရင် တန်ဖိုး မရှိပါဘူး၊ တွက်ပုံက နည်းနည်းမှ မမိပါဘူး၊ လောကမှာ ကြီးပွားနေပေမယ့် ကျန်းမာရေးလောက် တန်ဖိုး မရှိဘူး၊ ကျန်းမာရေးကို တန်ဖိုးအကောင်းဆုံးထားပါ၊ ကျန်းမာ ရေးရဲ့သဘောက စစ်တိုက်တဲ့ စစ်သားလိုပဲ၊ စစ်သားတွေဟာ စစ်မတိုက်ခင်ကတည်းက လက်နက်ကောင်းတွေကို အသင့်ပြု ပြင်ထားမှ တစ်ဘက်ရန်သူကို ခုခံနိုင်မယ်၊ ခုလိုရောဂါမဖြစ် ခင်က ဆေးကောင်းကိုင်ထားမှ ရောဂါကို နိုင်ပါတယ်။

ဘရာဝန်တစ်ယောက်က 'သွားကို သံပုရာသီးခွံနဲ့ တိုက် ပေးရတယ်'-လို့ ပြောတယ်။ ကိုယ်တော်တို့ကျန်းမာရေးဘက်

ကို အသိနဲ့နေကြပါ။ 'ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ' ဆိုသလို ကိုယ့်ပမာဏကို သိထားကြပါ။ ဘုန်းကြီးက သာသနာတင်မကတူး၊ နိုင်ငံပါ၊ ကျန်းမာရေးကို ကောင်းစေချင်တယ်။ ကျန်းမာရေးမကောင်းတော့ ပညာ, စည်းစိမ်, ဂုဏ်, ပကာသန, လူ့ဘဝရော အာမခံအသုံးမကျတော့ဘူး။

လူတိုတာ ကိုယ်တော်ကို ဒါယကာ ဒါယိကာမနီးစပ်ရာအားကိုးကြ တွေ့ရဲ့အပေါ်မှာ ညွှန်ကြားပါ၊ ပန်းပွင့်ထဲကဝတ်ရည်ကို စုပ်နေသော်လဲ ပန်းပွင့်လေးဟာ ညှိုးမသွားသလို ဘုန်းကြီးတွေကလဲ ဒါယကာ ဒါယိကာမတွေရဲ့ ပစ္စည်းလေးပါးကို စုပ်ယူနေသော်လဲ ညှိုးနွမ်းတော့မသွားကြပါစေနဲ့၊ အလှူရှင်များရဲ့ ပမာဏကိုကြည့်ပါ။ အသုံးမကျပဲ နေရာတိုင်း ယူမနေကြပါနဲ့၊ ရည်ရွယ်ချက်ရှိမှ အလှူခံရတယ်၊ သူတို့မှာလဲ ပစ္စည်းတွေ အလုကားရနေတာမဟုတ်ဘူး၊ သားမယားနဲ့ ကြိုးစား ရှာဖွေထားရတာ၊ ကံ အကြောင်းတွေကို ဘုန်းကြီး မကြာခဏ ပြောဖူးပါတယ်။ လူတွေဆိုကာ နီးစပ်ရာ အားကိုးကြတာ၊ ဂုဏ်ရှိသူနဲ့ နေတော့ ဂုဏ်ဘက် အားကိုးကြတယ်၊ ကိုယ့်ပမာဏ ကိုယ်သိကြပါ။

ဘုန်းကြီးအိပ်ရာကနိုးတော့ အိပ်မက် မက် နေ တာ ကို အမှတ်ရနေတယ်။ အိပ်မက်ထဲသိမ်းထပ်တဲ့အကြောင်း ရှင်းပြနေမိတယ်။ ရဟန်းထပ်ခံတဲ့ကိစ္စတွေကို ရှင်းပြနေတယ်။ ဘုန်းကြီးက ငယ်ငယ်ကတည်းက ခြိုးခြံမှုရှိတယ်။ ဘုန်းကြီး

ပထမကျောင်အောင်တော့ ရန်ကုန်က ဒါယိကာမကြီး တစ်ယောက်က ရဟန်းထပ်ခံ ချင်လို့တဲ့၊ ဘုန်းကြီးက မလုပ်ချင်ကြောင်း ရှင်းပြလိုက်တော့ ဒါယိကာမကြီးက ဆေးတောကျသွားတယ်။ နောင်ရိုးတာ ဘာမြစ်ပေါ် မတိတူး။ ဘုန်းကြီး ဝမ်းသိပ်ကြိုက်တူး၊ ဘုန်းကြီးလာ ယူတယ်ကြောင်းပဲလို့ တွေးမိတယ်၊ ဘုန်းကြီးကဘုန်းကြီးဖွဲ့ရာကိုမလိုက်ပါဘူး။

အချိန်ရိုးထားကြ တာဝေးနာမှာ သင်ုဘလုပ်တွေ ရှိနေကြတယ်၊ ဘုန်းကြီးဝတ်မှုတော့ သူတော်ကောင်း ဖြစ်ပါစေ၊ ဘုန်းကြီး "ကျွန်တော်" မှန်းထားတယ်၊ ဝေါဟာရတော်ကတော့ ရှိကြတူး၊ ပင်ကျောင်းမှာ အာဘွားအလာ ညှင်ညောဘူ ရှိပါစေ။ စာပေးပို့ ဝင်ရောယ်ကျန်းမာမှုကိုကာကွယ်ပါစေ၊ ဆေးနေ့ညီးကြာနဲ့၊ အချိန်ပိုမရောပါနဲ့၊ အချိန်ပိုနေရင် အိပ်ဘာအိပ်လိုက်ပါ၊ အိပ်ဘာကဆေးရှိပါတယ်။ ကျန်းမာရေးမကောင်းတော့ စားတတ်ပေမယ့် အလုပ်မလုပ်နိုင်ဘူး။ ဘုန်းကြီးကလက်တွေ့ကိုယ်တော်တို့ကို ပြောနေတာ။ ဘုန်းကြီး သကျသီဟ ဖြေပြီးခါစလဲ သေးလာက်ပါတယ်၊ ဘုန်းကြီးကံလဲ ထူးဆန်းလို့ဆောပါ။

လားဗ်ပေါ်ကောင်လေး ဒုဝေတ် သူတော်ကောင်းနည်းသွားတာက ဝေတ်ကြီးက အစားအသောက်မှားပြီးဇီမ်နဲ့နေရန်တွေကတိုးတက်လာတယ်၊ ဆိုပါတော့ ရှေးကအစားမှန်မှန်, အလုပ်မှန်ရှန်ရှိကြတယ်၊ ကြီးကြီးကျယ်ကျယ်ဆိုလို့ဘာမှ မရှိပါဘူး ကျွန်တော်ကကွာခြားသလို

ဘုန်းကြီးတွေကလဲကွာခြားလာကြပြီ။ ရှေးကအဆင့်အတန်းနဲ့ကတော့ နှစ်ဆလောက်ကွာခြားလာကြပြီ။ ခေတ်လူတွေကိုးကွယ်တဲ့ ဘုန်းကြီးနဲ့ ခေတ်ကြီးနဲ့ တလှည့်စီ အကြိုက်ပြိုင်လိုက်နေကြတယ်။ ဘုန်းကြီးကရှေးသာသနာကိုမမီပေမယ့်ဒီလက်ဝတော့ လျှောဖို့မကောင်းဘူးဆိုပြီး တည်တံ့အောင်ကြိုးစားမျှော်နေတယ်။ ဘုန်းကြီးလောက်ပေါ်အောင် ပျာယာခတ်ပြီး မလုပ်တက်ပါဘူး၊ မှန်မှန်ပါပဲ၊ ကိုရင်တို့ကောင်းကောင်းနေကြ။ ရဟန်းဒါယကာ, ရဟန်းအမတွေ ကျေနပ်ရုံလောက်ဆက်ဆံပါ၊ အခြား ဒါယကာ, ဒါယိကာမတွေနဲ့တော့ ရိုးရိုးသာမန်လောက်ပဲ ဆက်ဆံကြပါ။ မေတ္တာနဲ့၊ ဘုရားအာရုံနဲ့ ကိုယ့်တရားနဲ့ ကိုယ်နေကြပါ။

လမ်းစဉ် ဒီခေတ်ကြီး ပြောင်းချင်သလို ပြောင်းပါစေ၊
ဟယ်ရှေ့ ဘုရားချမှတ်ခဲ့တဲ့ လမ်းစဉ်ကတော့ မပြောင်းပါဘူး၊ လူတစ်ယောက်ဟာ အတွင်းသဘော နှိုက်ကြည့်မှမှိုက်တယ်, မမှိုက်တယ်ဆိုတာသိရတယ်၊ ကိုယ်လောဘတို့ စာတောင်တာကို အကဲမခတ်ပါနဲ့၊ စိတ်ကောင်းရှိ မရှိ အကဲခတ်ပါ၊ ဆွမ်းစားလာတဲ့အခါဖြည်းဖြည်းလာကြပါ၊ အစားမြန်တော့ ငတ်လို့ကဲ့၊ အလုပ် နောက်ကျတော့ ကပ်လို့တဲ့ ဒီသဘော မလုပ်ကြပါနဲ့။

ဓမ္မဗျူဟာ
အတွဲ(၂၀) အမှတ်(၇)
(၁၉၇၁၊ စက်တင်ဘာလ)

ကိုယ့်ကြောင့်လောကကြီးသာယာပါစေ။

ကျက်သရေ လောကြီးကိုမကြည့်နဲ့၊ သာသနာကိုခွဲခေ
စက်ဖြိုးခေစေ သိပါစေ၊ သာသနာကိုကဲ့ရှဲတာကဘုရားခေတ်မှ
မဟုတ်ပါဘူး၊ ရှေးဘုရား လက်ထက်
ကတည်းကပါ၊ ဒါကမဆန်းပါဘူး၊ သာသနာ့ဝန်ထမ်းတို့ကပိပိရိရိတန်ဖိုးရှိဖို့သာလိုပါတယ်၊ ဘယ်သူမြစ်ဖြစ်အကျိုးရှိမှကိုးကွယ်ကြတာ၊ မြို့နေသူ မြို့နေသားတွေက မျှားသောသားဖြင့်ဘာသာရေးနဲ့ပတ်သက်တဲ့စကားကို မပြောတတ်ကြဘူး၊ လောကအကြောင်းနဲ့ခေတ်သစ်ကြောင်းကိုပြောတတ်ကြတယ် ဘုန်းကြီးက ကိုယ်တော်တွေနေတာကို စာကြည့်ပြီး ယောဂီဆန်ဆန် နေစေချင်တယ်၊ ဒီကျောင်းမှာက ကုန်ကျစရိတ်ကနည်းတာမဟုတ်ဘူးဗဲ့ဖိုးတင်တလမှာရှစ်ရာကျပ်ကျနေတယ် (ဤဖွဲ့ဖိုးရှစ်ရာဆိုသည်မှာ သံဃာ နှစ်ရာကျော်၏လောက်ကဖြစ်ပါသည်ယခုအခါသံဃာငါးရာကျော်ရှိသည်)ကိုယ်တော်တို့ဒီမှာ နေရတာ အကျိုးရှိတယ်, မရှိဘူး ဆိုတာကို သုံးသပ်ကြည့်ကြပါ၊ ဘုန်းကြီးက်တော့လျှော့ပေးမှာမဟုတ်ဘူး၊ ဗုဒ္ဓသာသနာတော်ကိုကျက်သရေရှိအောင်လမ်းဆောင်ကြပါ။

ဘုရားတော်မှ မလွှတ်ပါ ဘုန်းကြီးမှာ သားတို့ သရုံတွေ ပေါပေမယ့် မကောင်းသောင်းလွှင့်နေတဲ့သားမြေးအရုံရိုရင် မကောင်းပါဘူး၊ မိုးကျောင်းနေပြီးလွှတ်သွားကြတဲ့ အချို့ကိုယ်တော်တွေက ဘုရားရှိခိုးပြီးရင် ဒီကျောင်းတိုက် မကောင်းသောဘင်းတွေ ကေးဗျာလွှင့်ကြတယ်၊ ဘုန်းကြီးက "လွှင့်ကြပေါ့၊ တော်ချိန်ကျယ်ကြလိမ့်မယ်၊ သည်းခံနေပေါ့၊ ဘုရားတော်ခြင် အကဲရှိတော်မူလတ်ရဲ့သားတော်ဟုတ်ပါ" လို့ ပြောရတယ်၊ အချို့ သားမြေးအရုံတွေကသောကောင်းလိုလို့နဲ့ ဟိုကစ်ပြော, ဒီကပဲ့ပြောနဲ့ ခါးနဲ့ကန်ကန်ကြတာ၊ ဆားကြော်ပြီးစလေးမျိုးနေးရှားပေမယ့် ဆွဲကည်ကြတာမျိုး၊ ဘုန်းကြီးကိုတခြားက အပြစ်ပြောတာ ခဏချင်ကျိုးနဲ့၊ ဘုန်းကြီး အပြစ်ပြောသော တာဟုတ်မယ်၊ ဘုရားပေးသောင်ဟု အပြောခံပြီးမှ ဘုရားမြတ်လာရတယ်၊ ခုလူတွေ ဂျင်တွေပြောတာလောက်တော့ တစ်ခါတစ်ရံ ခံရပေမယ်ပေါ့၊ ခန္ဓာပါဂုပိ ပြည့်တယ်ဆိုတာ ဒီလိုပုဂ္ဂိုလ်တွေနဲ့ ဝန်ရမှ ပြည့်တာပါ။

စာသြဝါဒ တကယ့်စောနာနဲ့လုပ်ရဲပုဂ္ဂိုလ်ကျတော့ ဖိသူတွေက ဖိနေပေမယ့် ပြန်ကြွေးမယ့် သူက, တော့ ရှိနေသေးတာပဲ၊ စာထဲကသြဝါဒစကားနဲ့ရှာထဲက သြဝါဒကောက်ကတခြားဖိပါ၊ စာသြဝါဒတွေက တကယ်ကောင်းတာပါ၊ ကိုယ်တော်တို့စာအုပ်ကို ရိုရိုသေသေ ကိုင်ကြပါ၊ စာအုပ်တွေကို သက်နှီးတွေနဲ့ ရောပြွမ်းကြပါနဲ့၊ ဘုန်းကြီးကဘုရားပန်းလှမယ်လို့ဘုန်းကြီးအနားက စိပယ်ပင်

ဘုရားဝင်းထဲ အရှေ့ခိုင်းတယ်၊ ရှေ့တဲ့ကိုရင်က ပန်းအိုးမနိုင်ပဲနဲ့မ,သွားတော့ ဖိနပ်က ကျွတ်ကျန်ရစ်ခဲ့ရော၊ ဒုကနဲ့ ဖိနပ်ကိုကောက်ပြီး ပန်းအိုးထဲထည့် မ,သွား တယ် လေ၊ ကောင်းကြရော။ ကိုယ်တော်တို့ကဲ့ နေရာတကာမှာ သတိမရှိကြဘူး၊ ဘုန်းကြီးကပြောတော့ ပြောတယ်အောက်မေ့တယ်၊ ဘုန်းကြီးကတော့ တခြားမပြောနဲ့ ဆရာသမားဖိနပ် နင်းဖို့ ဆိုတာသား ကျော်ကိုမကျော်ဖူးဘူး၊ မတတ်သာလို့ကျော်မိတောင် လက်အုပ်ချီခဲ့တယ်၊ ဆရာသမားတွေ လာရင်ဝေးဝေးက ဖိနပ်ချွတ်သွားရတယ်။

ဟင်းမြေယောက်မ လို မဖြစ်စေနဲ့ ဒီကျောင်းမှာ တိုးတက်လာရင်စစ်ပေးကြပါ၊ နာမည်လိုချင်တာက သာသနာနဲ့ မဆိုင်ပါဘူး၊ စည်းစိမ်တွေနဲ့ ဇိမ်ခံပြီးနေတဲ့သူတွေ၊ ဘုရားအလောင်း တေမိမင်းကို ကြည့်ကြပါ၊ အဓိဋ္ဌာန်ပါရမီနဲ့ တစ်ဘဝမှာစည်းစိမ်တွေမလိုပဲ တောထွက်သွားတာ၊ ကိုယ်တော်တို့ သူတော်ကောင်းဖြစ်ပြီးရင်း သူတော်ကောင်း ဖြစ်ကြပါစေ၊ သာသနာဘက်ကို အားပြုနေကြ၊ လောကကို မကြည့်နဲ့၊ သာသနာရဲ့ကျက်သရေဆောင်ပြီး ကောင်းကောင်းကလေး ကြိုးစားနေလိုက်။

ကိုယ်တော်တို့ တတ် နိုင်သလောက် ကိုယ့်မိဘကို ပြုစုကြ၊ မိဘပြုစုတယ်ဆိုတာ အလွန်ကောင်းပါတယ်၊ ကောင်းတဲ့ ဘရားတွေ ရှိနေပေမယ့် လူတွေကအသုံးမပြုကြဘူး၊ မိဘဆိုတာ ဗြဟ္မာနဲ့တူတယ်၊ သုဝဏ္ဏသာမ သတ္တိသားဟာ မိဘနှစ်

ပါး ပြုစုခဲ့လို့မြှားမှန်ရုက အသက်ပြန်ရှင်ရတယ်၊ ဒီအ
ကောင်းတွေကို သိထားကြပါ၊ကောင်းတာမသိတဲ့သူတွေကို
ဘုရားက ဥပမာဘယ်လိုပြောထားသလဲဆိုရင်ဟင်းကောင်း
တွေ နေ့တိုင်းမွေ့နေတဲ့၊ ယောင်းမကြီးလိုပါပဲတဲ့ ယောက်မ
ကြီးဟာ ဟင်းကောင်းတွေဘယ်လောက်မွေ့နေပေမယ့် အရ
သာကိုသူမသိပါဘူး၊ လူတွေလဲ သူတော်ကောင်း အကြောင်း
အရာတွေ ကြားနေရသော်လဲ သူတော်ကောင်းရဲ့ အရသာကို
မခံစားတတ်ကြပါဘူး၊ ကုသိုလ်တရားဘက် မသိသူတွေဟာ
ဟင်းမွေ့ယောက်မကြီးနဲ့မထူးလှပါဘူး၊ သားသမီး မှန်သမျှ
မိဘနဲ့နေရတာ ပျော်နေတာပဲ၊ ဒါလဲ သိတတ်သူမှပါ။

လက်ဦးဆရာ လူ့လောကကြီးမှာ ကောင်းတဲ့အလုပ်တွေနဲ့
နေရတာက မိဘနဲ့ နေရနေရ ကောင်းတယ်၊
နတ်ပြည်မှာစည်းစိမ်ခံစားနေရမှုမဟုတ်ပါဘူး၊ကုသိုလ်စိတ်
နဲ့ နေဖို့ရုကအရေးကြီးတယ်၊ သားသမီးတွေက လိမ္မာတော့
မိဘတွေက တစိမ့်စိမ့်နဲ့ကြည့်ပြီး ပျော်အောင် ချစ်နေရတယ်၊
"လက်ဦးဆရာ၊မည်ထိုက်စွာသား၊ပုဗ္ဗာစရိယ၊ မိန္ဒင့်ဖ"တဲ့၊
လက်ဦးဆရာမှ တကယ့်ဆရာပါပဲ၊မိဘပြုစုရတယ် ဆိုတာက
ဘုရားကို ပြုစုရသလိုပါပဲ။

ဘဝအရသာ ကိုယ့်ဘဝကိုအရသာရှိအောင်နေကြပါ၊ကိုယ့်
သိပါစေ အတွက်နဲ့ လောကကြီး သာယာပါစေ၊ လူ
ပြည်ဆိုတာနတ်ပြည်ထက်သာပါတယ်။ သာ
ပါတယ်ဆိုတာက နတ်ပြည်ကကာမဂုဏ်စည်းစိမ်ခံစားပြီးကု

သိုလ်ဘက်,ဒါနဘက် သီလဘက်ကို မေ့နေကြတယ်၊မပြုနိုင်
ကြဘူး၊ လူ့ပြည်မှာကျတော့ မိမိတို့အားလုံးပြုချင်တာ ကု
သိုလ်ရေးဘက်မှာ ပြည့်စုံပါတယ်၊ နတ်ပြည်က ကာမဂုဏ်
အားကြီးတယ်။ လူ့တက်လေ့ ချမ်းသာစွာနေရတယ်၊
ဘုန်းကြီးကတော့ "နတ်ပြည်က ကာမဂုဏ်တွေနဲ့နေမလား၊
သာသနာကိုစောင့်ရှောက်မလား" ဆိုရင်သာသနာကိုစောင့်
ရှောက်ပြီး လူ့ပြည်မှာကုသိုလ်ရေးတွေ လုပ်နေမှာပါ၊ နတ်
ပြည်က ခုလာခေါ် မလိုက်ပါဘူး။

ဧတော်ပညာရှိတွေ သိပ္ပံပညာရှင်တွေလုပ်နေတဲ့အလုပ်တွေကို
ဘုရားကိုမမီ ဘုရားဟောက ပိုသွားရင် မယုံပါဘူး၊
သူတို့က သမ္မတ္တပညာတော်ရှင် ဘုရား
ထက်တော့ ပိုပြီ, မသိပါဘူး၊ဘုရားရှင်ဟာ သမ္မတ္တပညာ
လော်ကြီးရဖို့ရာ အမျိုးမျိုး ကြိုးစားခဲ့ပါတယ်၊ခု လူတွေက
မကြိုးစားပဲနဲ့ အချောင်လိုချင်ကြတာ၊ခုခေတ်လူတွေ, ဘုန်း
ကြီးတွေ တောတွက်ကြ၊ နေစရုက အဆင်သင့်၊ ရှေ့က
ဒါယကာ ဒါယိကာမတွေနဲ့ ကျောင်းကပေးဆောက်ပြီးအဆင်
သင့်၊ ဒီကျောင်းမကောင်းလို့ တခြားကျောင်း ပြောင်းနေ
တာနဲ့ တူတယ်၊ ဘုရားအလောင်း တောတွက်တာနဲ့တော့
တခြားစီပါပဲ၊ ဘုရားအလောင်းက ထီးနန်းစည်းစိမ် အား
လုံးကို စွန့်တွက်လာတာပါ၊တဲကုပ်ကထွက်တဲ့သူတွေကအခြေ
အရံတွေနဲ့၊ နောက်ဆံတင်ငင်နဲ့၊ ခုခေတ်ပညာရှိပါတယ်
ဆိုတဲ့သူတွေ ဘုရားကို မမီသေးပါဘူး။

လောကကြီးကို ကိုယ်တော်တို့ အမှတ်တမဲ့ မနေကြပါနဲ့။ မြင့်ပေးကြပါ။ လောကကြီးကို မြင့်နိုင်သလောက်မြင့်ပေးကြ ပါ။ ဗုဒ္ဓတစ်ဆူပွင့်မယ့်အကြောင်းဘဝပေါင်း များစွာ ပါရမီတွေ ဖြည့်ခဲ့ရတယ်၊ ရတနာဆိုတာ လောကတစ်ခုနဲ့ ညီနှိုင်းရတယ်၊ ဘုရားရတနာကတော့ အကောင်းဆုံးလဲ ဖြစ်, အမြားဆုံးလဲဖြစ်, အဖိုးကလဲ မဖြတ်နိုင်, နှိုင်းယှဉ်စရာလဲ မရှိပါဘူး။ လောကီ ရတနာတွေက အတက်ကန်းတွေတော့ မြင့်နိုင်ပါတယ်၊ ဗုဒ္ဓရတနာက လူမရှေးပါဘူး။ အကြောင်း အကျိုး ကြည့်ရင် ဗုဒ္ဓ ရတနာက အကောင်းဆုံးပါပဲ့။ ဗုဒ္ဓရတနာစွဲသေလို့ ပြိတ္တာမဖြစ်ပါဘူး၊ လောကီရတနာတွေ စွဲသေရင်တော့ ပြိတ္တာဖြစ်မှာ သေချာပါတယ်။

အသက်ပါတဲ့ ကျောက်ဆင်းတုတွေ ကိုယ့်သီလစင်ကြယ်ရင် ဆုတောင်းနေဖို့ မလိုပါဘူး၊ ကိုယ်တော်တို့ကသက်နှံးကလေး သစ် သစ် လွင် လွင်, ဝါဝါကလေးနဲ့ ရှေမျက်မှန်လေးတပ်လို့၊ ရုပ်ကလဲချော ဆိုတော့ မော့တက် မော့တက်နဲ့၊ တော်တော်ကြာတော့ လူထွက်ပါလေရော။ ကိုယ်တော်တို့က အဟုတ်ကြီး ထင်ကြတယ်။ သူတော်ကောင်းတွေမြင်ယင် ရယ်စရာကောင်းတယ်၊ ရှက်စရာလဲကောင်းတယ်။ ဒီကျောင်းမှာတော့ ဒါမျိုးတွေ မရှိပါစေနဲ့၊ ငြိမ်ငြိမ်သက်သက် ရှိကြပါစေ။ တစ်လောကသိတိုင်မင်းကြီး လာတော့ ဒီက သြာဒေပေးရာမှာ ကိုယ်

တော်တွေ ငြိမ်သက်နေတာ တွေ့ရတော့ "ကျောက်ဆင်းတုတွေလား" လို့တဲ့။ သေသေချာချာကြည့်တော့မှ "အသက်ပါတဲ့ ကျောက်ဆင်းတုတွေကိုး" လို့ ဘုန်းကြီးကို လျှောက်သွားတယ်။

ဓမ္မဗျူဟာ

အတွဲ(၂၀) အမှတ် (၈)

(၁၉၈၁၊ အောက်တိုဘာလ)

ကိုယ့်ကိုယ်ကိုချစ်ရင် တစ်ဘဝတည်း မချစ်ကြပါနှင့်

တစ်ဘဝတည်း မချစ်ကြပါနဲ့ တို့မြန်မာတွေ အကျင့်ပါနေတာက မိမိရဲ့ မျက်စိ, နား စသည်တွေကို အသုံးချရမယ့် နေရာမှာ အသုံးမချကြဘူး၊ သူများလုပ်ထားတာတော့ အသုံးချချင်ကြတယ်၊ "ထင်ကြရှိသေ၊ နေရာကိုပေး၊ လှူရေးတခြား၊ တရားကိုနာ၊ နားစိုက်ကာဖြင့်၊ နှုတ်မှာဆောင်ထား၊ စဉ်းစားကျင့်ကာ၊ ဆင်ခြင်ရာ၏" တဲ့။ ဆင်ခြင်ရမယ်ဆိုတာ ဒီဘဝ ဘာလိုနေတယ်ဆိုတာ စဉ်းစားဆင်ခြင်ထားကြပါ။ လာမယ့်ဘဝအတွက် ဒီဘဝက စဉ်းစားဆင်ခြင်ထားကြပါ။ ကိုယ့်ဘဝကို သတိတရားနဲ့ မမေ့အောင် စောင့်ရှောက်ကြပါ။ ကိုယ့်ကိုယ်ကို ချစ်တယ်ဆိုရင် တစ်ဘဝတည်း မချစ်ကြပါနဲ့၊ နောက်ဘဝ သံသရာအတွက်ရော ချစ်ကြပါ။ မိမိအတွက် ဒီဘဝမှာ လိုသမျှကို ဖြည့်ပေးကြပါ၊ မက်, ဖိုလ်, နိဗ္ဗာန်ကို သွားကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါ၊ ဒီပုဂ္ဂိုလ်တွေကို မှန်းပြီး ကြိုးစားကြပါ။

လက်တွေ့သမားမှ တကယ် လုပ်တာ လူ့လောကကြီး အများလုပ်နေတာကို မလုပ်ကြပါနဲ့၊ လက်တွေ့သမားတွေက တကယ်ဝန်ခံစားကြတာပါ။ အမေဆိုတာ အဖေထက် သားသမီးကို ချစ်တယ်။ တို့ ဘုရားအလောင်း တေမိမင်း ဖြစ်စဉ်က ထီးနန်းစည်းစိမ်ကြီး ယူရမှာ ကြောက်လွန်းလို့ ၁၆ နှစ်လုံးလုံး စကားမပြောတဲ့ နေခဲ့တယ်၊ ဒီလို မပြောတဲ့နေတာဟာ ဒီထီးနန်းကိုအကြောင်းပြုပြီး လက်တွေ့ရဲမှာ ခံစားခဲ့ရလို့ပဲ။ ဘုရင်ကြီးက သား အ,အကို အသတ်ခိုင်းတယ်။ မယ်တော်က သားကိုချစ်တော့ စကားမပြောပြောအောင်ဆိုပြီး အမျိုးမျိုး ဖျောင်းဖျ ပြောရှာတယ်။ တေမိမင်းက လက်တွေ့သမားဆိုတော့ မပြောတဲ့နဲ့ ဟောတစ်ခါတည်း တောထွက်သွားတာပဲ။ တောမှာနေတော့လဲ ကံပြင်းရှက်ပြုတ်ကလေးတွေ စားပြီးနေတာကို ချောလိုက်လှလိုက်တာ။ နန်းတော်မှာ နေစဉ်ကထက် ပိုလှနေတယ်။ ဒီတော့မှ အားလုံး သတိတရားရကြတယ်။ လက်တွေ့သမားတွေက အလုပ်ကို လက်တွေ့လုပ်ကြတယ်။

ကြုံကြိုက်တုန်း အားစိုက်လိုက်ကြ ကိုယ်တော်တို့ သက်နှံးညီညီညာညာတော်ကြပါ။ စာကို တိုးတိုးအုံကြပါ။ ငြိမ်ငြိမ်သက်သက် နေကြပါ။ ဒီလိုနေလိုက်ရင် ကိုယ့်ဘုရား သာသနာနဲ့တကွ ဘုရားအစစ်ကို ပူဇော်ရှိုးရောက်ပါတယ်။ တို့ဘုရားဟာ သူများဘုရား မဟုတ်ဘူး။ တို့ဘုရားမှ တို့ဘုရား။ ဘုန်းကြီးကတော့ ဘုရားကို အလွန်

အလွန်ကို ကြည်ညိုတာ။ ဘုရားအကြောင်း တွေးလိုက်ရင် တရားတွေ အရင်းက အဖျား အပြန်အလှန် ဟောနေတာကို မကုန်နိုင်ပါဘူး။ သေခါနီးမှာ မကောင်းတဲ့ အာရုံတွေ မစဉ်ကြနဲ့။ ဘုရားအာရုံသာ သတိရပါစေ။

ဘုရားဖြစ်ပြီး ၄၅ ဝါပတ်လုံး တစ်နေ့မှ အအားမနေဘဲ ပရိနိဗ္ဗာန်စံတဲ့အထိ သတ္တဝါတွေကိုကယ်မပြီး ချေချွတ်တော်မူသွားပါတယ်၊ တို့ကလဲ ဘုရားသာသနာကို ကောင်းကောင်း ဝန်ထမ်းကြပါ။ သာသနာပြု ဒါယကာ ဒါယိကာမတွေကလဲ တတ်အားသလောက် ကြိုးစားကူညီပါ။ နောင် ဒီသာသနာမျိုးနဲ့ တွေ့ရန်ကတော့ တော်တော်ဝေးသွားပြီ။ ခဲယဉ်းလှပါတယ်။ တွေ့ကြုံတုန်း ကြိုးစားအားလုတ်လိုက်ကြပါ။ သံဃာများကလဲ ငြိမ်ငြိမ်သက်သက် နေကြပါ။ ငြိမ်သက်ခြင်းဟာ ကျောင်းတိုက်ရဲ့ ဂုဏ်တစ်ခုပါ။

လဇ္ဇီပုဂ္ဂိုလ် စောင့်ရစ်လိမ့်မယ်

"ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဋ္ဌिတေ သာသနံ ဋ္ဌိတံ၊ အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ"

"ဝိနည်း ဆိုတာ သာသနာတော်၏ အသက် ဖြစ်၏။ ဝိနည်းတရား တည်လတ်သော် သာသနာတော် တည်သည်မည်၏။ နောင် အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မည်။ လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မည်"

တဏှာအဖမ်း မခံကြနဲ့

သေသွားတဲ့လူတွေဟာ လူ့လောကကို [illegible] လာတဲ့သူကနည်းပြီးသရဲ့, တိရစ္ဆာန်ဖြစ်သူ များနေတယ်၊ လူ့လောကရောက်လာမှတော် သက်သက်သာသာနေရပါတယ်ဆိုတဲ့ ဘုန်းကြီးတွေတောင် မသက်သာကြပါဘူး၊ တဏှာဆိုတဲ့အရာကကုသိုလ်ရေးတွေ, တွေးပြီး နေပြီဆိုရင် မကြိုက်ပါဘူး၊ တဏှာက ဘာကိုကြိုက်သလဲဆိုတော့ ရူပါရုံအဆင်းလှလှကလေးတွေကို မြင်လိုက်ရတယ်ဆိုရင် တဏှာကပြုံးပြီး ဝမ်းမြောက်နှစ်သက်လိုက်တာကို ပိတိတွေလွှမ်းပြီး သဘောမျှားကျလို့၊ တဏှာက အာရုံခြောက်ပါးနဲ့ ပတ်သက်လာရင် လက်မလွတ်တမ်း မိအောင်ဖမ်းနေရရင် ဘယ်သူမှ မသက်သာဘူး။

ရိုးရိုးကျင့် မြင့်မြင့်နေ

ကိုယ်တော်တို့ကို ဘုန်းကြီးက 'ငါကလေးတွေ' ဖြစ်အောင် လုပ်ပေးနေတာ၊ နောက်က တစ်ခု မကျန် အကုန်လိုက်ကြပါ၊ ငါလေးတွေ ဖြစ်လာပါလိမ့်မယ်၊ "ကံမဲ့ဉာဏ်နဲ့, မလုံ့မလ၊ နတ်မ,မဘူး" ကျုံ့ကလဲမဲ့နေမယ်, ဉာဏ်ကလဲမပါဘူး, ဝိရိယကလဲ မရှိဘူးဆိုရင် ဘယ်နတ်ကမှ လာမ,မဘူး၊ လူတစ်ယောက်က "ငါကျွန်ုပ်ကျောင်းပေါ်ကပက်လက်ကူလားထိုင်ပေါ် ထိုင်နေတဲ့ကိုယ်တော်ကြီးကို ကျောင်းပေါ်က ကန်ချပြီးကျောင်းကြီးယူချင်ပါသတဲ့" ဆိုရင် ဘုန်းကြီးက ယူနိုင်ရင်ယူပေါ့၊ ဒီကျောင်းမှာ ဘယ်သူမရှိလို့ မဖြစ်ဘူးဆိုတာ မရှိပါဘူး၊ ကိုယ်တော်တို့ ရိုးရိုးကျင့်၊ မြင့်မြင့်နေ၊ ကိုယ့်ကျိုးချည်းလဲ မကြည့်ကြပါနဲ့။

နွားချေးပိုး စိတ်ကြီးဝင်သလို လူလောကရောက်လာရင် အေးအေး ကလေးနဲ့ ဘယ်တော့မှ မနေကြရ ပါဘူး၊ သံဝေဂဝတ္ထုရှစ်ပါး လွန်ပြီး ဘယ်သူမှ မလွတ်နိုင်ကြပါဘူး၊ ယခုလူ့ဘဝ ရောက်လာကြသူတွေဟာ နှစ်ဘစ်ရှုအတွင်း အကုန် သေကြရမှာပါ၊ "သျှောင်ကြီး တောင့်ကိုက်၊ လူကြီးတောင့်မိုက်" သတဲ့၊ တဏှာလောဘက လွတ်မြောက်ရန်ရဟန်းဘောင်ဝင်လာပြီး ရဟန်းဘဝကျမှတဏှာ လောဘတွေ အားကြီးနေရင် ဥပမာ– ဂင်္ဂါမြစ်ကြီးကို ကူးသွားစဉ်က မနစ်မြုပ်ပဲ တစ်ဘက်ဆည်ကန်ထဲကျမှ နစ်မြုပ်ရသလိုဖြစ်နေမယ်၊ နွားချေးပုံပေါ်က နွားချေးပိုးကြီးလို ငါ့ကိုက်ထဲလဲပြည့်လို့၊ ငါ့အောက်မှာလဲ အများကြီးရှိသေးတယ်၊ နွားချေးပုံပေါ်ကနေ လှည်းတန်းကြီး ကြည့်ပြီး "ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လား" ဆိုတာလို ဘုန်းကြီးဘဝ ရောက်လာရင် နွားချေးပိုးစိတ်ကြီးဝင်သလိုမဝင်ကြနဲ့။

တဏှာဆိုတာ နွားချိုလိုပဲ ဒါနကလေးပြုရုံ, သီလကလေး စောင့်ရုံ လောက်နဲ့တော့ တဏှာလောဘက မလွတ်သေးပါဘူး၊ တဏှာဆိုတာ နွားချိုလိုပဲ၊ လူတွေဟာ ကြီးလာလေ တဏှာလောဘကြီးလေပဲ၊ ဘာဝနာနဲ့မှ ကြိုးစားပြီး မသတ်နိုင်ရင် ဒီတဏှာမလွယ်ပါဘူး၊ နွားလေးရဲ့ ဦးချိုဟာ ပေါက်ခါစတော့ သိပ်မရှည်သေးပါဘူး၊ ကြီးလာလေ ဦးချိုက ရှည်လာလေ ဖြစ်သလိုပဲ၊ လူတွေလဲ အသက်ကြီးလာလို့လိုချင်မှုတဏှာလောဘတွေက နည်းသွား

လိမ့်မယ်လို့မထင်ကြနဲ့၊ ကြီးလာလေပိုဆိုးလေပဲ၊ အလုပ်တစ်ခုမှာ ငယ်းငယ်းတက် ဘယ်တော့မှ မလုပ်ကြပါနဲ့၊ နောင်ရေးကိုမျှော်ကြည့်ပြီးမှလုပ်ရပါမယ်၊ စိတ်ထဲက မှန်းထားရမယ်၊ ဘယ်လိုမှန်းထားရမလဲ သာသနာပြုဖို့လို့ မှန်းထားရမယ်။

ကြိုးစားတော့ ဘုရားဖြစ်နိုင် ရဟန်းတော် ကလေးတွေကို ငယ်ငယ်ကတည်းက ဘုရားအဟောခိုင်းတာ မကောင်းဘူး၊ ငယ်ငယ်နဲ့ တရားမဟောကြနဲ့၊ "စားပြီးအိပ်ပြန်, ဘန္ဒိပ်ခံ တစ်ဖန်စကြံလျှောက်။ အသရေတိုး, အသားဖြူး, ကျွဲဒုံနီးပါးလောက်" တဲ့၊ ဒီလိုလဲမနေကြပါနဲ့၊ လူတစ်ယောက်မှာ သိပ်ဝလွန်းအားကြီးတော့လဲ မကောင်းဘူး၊ ပိန်လွန်းအားကြီးပြန်တော့လဲ မကောင်းဘူး၊ လူက အရုပ်ကြီးရှည်ပြီး ပိန်လွန်းအားကြီးနေရင်လဲ ကြည့်လို့မကောင်းဘူး၊ ဟိုတုန်းက ရှေဘိုသူ ကောက်စိုက်သမတွေက "ဒီအေတို့ရယ် အေတို့ရယ်၊ ဘယ်သူလေးကြိုက်ကြသလား၊ မကြိုက်ချင်ပေါင် အေ၊ မီးဖြိုင်ဖြိုင်သီးတဲ့ ဗလံသီး၊ ကုန်းကွကွကြီး" တဲ့၊ လူကပိန်ပြီး အရုပ်ကြီးကရှည်နေတော့ ကုန်းကွကွကြီး ဖြစ်နေတာပေါ့၊ ကိုယ်တော်တို့ကြီးစားကြပါ၊ "ယောကျ်ား ကြီးစားတော့ ဘုရားဖြစ်နိုင်၊ မိန်းမကြီးစားတော့ ဘုရားအလောင်းကတော်တော့ ဖြစ်နိုင်သေး" ဆိုပဲ၊ သာသနာတော် ကျက်သရေရှိအောင် ပရိယတ်, ပဋိပတ်ကို ကြိုးစားအားထုတ်ကြ။

ဓမ္မဗျူဟာ
အတွဲ (၂၀) အမှတ် (၉)
(၁၉၈၁၊ နိုဝင်ဘာလ)

တရားအားထုတ်နည်း

ကိုယ်စိတ်နှစ်ဖြာ အားထုတ်မှု သာသနာမှာ ကလေးတွေ ကြောက်တဲ့ အမြောက်ဆန့်ကြီးလို ပဖြစ်ပါစေနဲ့၊ လူကြီးကြောက်တဲ့ အဆန့်ပါတဲ့ အမြောက်ဆန်ဖြစ်ပါစေ၊ကိုယ်တော်တို့မေတ္တာပို့ရတာ, ဘုရားအာရုံပြုရတာဟာ ဘာမှမခက်ပါဘူး၊ ကောင်းတာတွေကို သိလျက်နဲ့ မလုပ်ချင်ကြဘူး၊ မေတ္တာဆိုတာမျိုးက ကောင်းတဲ့ ဆေးကို တာရှည်စွာ စားသုံးသွားတဲ့အခါရောဂါ ပျောက်သလိုပဲ၊ မေတ္တာပို့ရတာ, ဘုရားအာရုံပြုနေရတာလဲကိလေသာတည်းဟူသော ရောဂါတွေ ပျောက်ပြီး ကိုယ်စိတ် ချမ်းသာမှု အများကြီးရပါတယ်။

မျိုးစေ့ကောင်းတွေ စိုက်ပျိုးကြ လောကမှာ သူများတာဝန် ထမ်းဆောင်ရတဲ့အထဲမှာ ဘုရားသာသနာ ထမ်းဆောင်ရတာ အကောင်းဆုံးပါ၊ ဘုရားသာသနာ တည်တံ့ဖို့ရာဆိုတာ ဘုန်းကြီး တွေရဲ့ သိက္ခာရှိမှုအပေါ် မူတည်နေပါတယ်၊ သာသနာ ပြုတယ်ဆိုတာ တစ်ပါးတည်း ခွဲပြုလို့မဖြစ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ချဉ်ဖတ်အိုးထဲရောက်တော့ ချဉ်ဖတ်ဖြစ်သလို အများ

နဲ့ကျတော့ အများသဘောအတိုင်း ဖြစ်သွားတာပါပဲ၊ သာသနာပြုတယ် ဆိုတာ သဘောတူချင်း ပြုဖြစ်တာ၊ ဘုန်းကြီးတွေ ပျံတောင်မှုတဲ့အခါ ဘဝနတ်ထံပျံတောင်မှုသတဲ့၊ ပျံတောင်မှုတာသာ သိကြတာ၊ ဘဝငရဲလျှိုးတာတော့ မသိကြဘူး၊ ယခုဘဝဆိုတဲ့ မျိုးစေ့ကောင်းလေးတွေကို သိမ်းတားပြီး ရသမျှ စိုက်ပျိုးကြပါ။ ရသမျှကလေးကို မြှုပ်မစားကြပါနဲ့။

ကမ္ဘာကြီသော်လည်း ပရိသတ်ထိန်းတယ် ဆိုတာ.... ဥဒါန်းမကျေ

၁။ အဂတိ မလိုက်စားရဘူး၊
၂။ ကိုယ့်ရှိတဲ့ပစ္စည်း မနှမြောရဘူး၊
၃။ အနေအထိုင် ကောင်းရမယ်၊
၄။ မေတ္တာ, ကရုဏာ ရှေးရှုရမယ်၊
၅။ စာပေဘက်ကလဲ ပြည့်စုံရမယ်။

ပါရမီဖြည့်ရင်းနဲ့ ဘုရားသာသနာ ထမ်းဆောင်ရမယ်၊ ခု ဘဝကို မဆိုလိုဘူး၊ နောက်ဘဝဆို ကောင်းကောင်း အကျိုးရမယ်။

အကုသိုလ်အမှုဆိုတာ မဖြစ်ခင်က ရှောင်ရပါတယ်။ လူတွေက ကြီးမှ တရားနဲ့နေရမယ်တဲ့၊ မှားနေကြတယ်။ ငယ်ငယ် ကမှ သူတော်မကောင်းရင် ကြီးတော့ ပိုမကောင်းတတ်တာပေါ့။ ကိုယ်ကျိုးကို နောက်မှလုပ်ပါ၊ သူကျိုးကို အရင်ဆောင်ရွက်ပါ။ပရိသတ်ကြီးပွားတာက အဂတိလိုက်စား

လို့ မကြီးပွားကြတာ။ ဆရာသမားဖြစ်ပမယ့် အဂတိ လိုက်စားရင် ဘယ်လောက်မှ မကြီးပွားဘူး။ ဆရာသမားဆိုတာ တပည့်တစ်ယောက်တည်း ကွက်ပြီး ပြုစုနေလို့ရှိရင် မကြီးပွားပါဘူး။ 'ကမ္ဘာကြေသော်လည်း ဥဒါနိုးမကျေ' ဆိုတာလို သေသာ သေရော မကြီးပွားပါဘူး။

သဒ္ဓါမျိုးစေ့နဲ့ လမ်းပြောင့်ဘက် သဒ္ဓါတရားဆိုတာလက်နဲ့တူတယ်၊ ဥစ္စာနဲ့လဲတူတယ်၊ မျိုးစေ့နဲ့ လဲတူတယ်။ မြတ်စွာဘုရားသာသနာတည်းဟူသော လယ်ယာမြေ ကောင်းထဲမှာ မျိုးစေ့ကောင်းတွေ ချထားကြပါ။ သာသနာမှာ သဒ္ဓါမျိုးစေ့ အရေးပါတယ်၊ သဒ္ဓါမျိုးစေ့ ညံ့နေရင် အလကားပါပဲ။ ကိုယ်တော်တို့ကို ဘုန်းကြီး က အာဘက်ဘန်းရောက်အောင် ဆဲဆိုင်နေတာပါ။ ဒါကိုတချို့ က ကန့်လန့်ကန့်လန့်လုပ် နေကြတယ်။ ဥပမာ ဘာနဲ့တူသလဲ ဆိုတော့ခွားရှင်ကသူ့ခွားတွေကို မြက်ကောင်းစားရအောင် ရေကောင်းသောက်ရအောင် ဆိုပြီး ဆွဲခေါ်တယ်၊ ခွားက ခွားသတ်ရုံ ဆွဲခေါ်တယ်ထင်ပြီး ကန့်လန့်ကန့်လန့် လုပ်နေတယ်၊ မလိုက်ချင်ဘူး။ ခုလဲ ဘုန်းကြီးက ကိုယ်တော်တို့ကို မင်္ဂ,ဖိုလ်,နိုဗ္ဗာန် ဆိုက်အောင် ခေါ်နေပါတယ်။ ကိုယ်တော်တို့က ငရဲဆွဲခေါ်တယ် ထင်ပြီး ကန့်လန့်ကန့်လန့် လုပ်နေကြတယ်၊ လမ်းပြောင့်ဘက်ကို မလိုက်ချင်ကြဘူး။

ကြီးပွားတယ်ဆိုတာ လူတစ်ယောက်မှာရှာဂစတဲ့တရားတွေ ထဲမှာ မောဟပြစ်ဟာအကြီးဆုံးပါပဲ။

မောဟဆိုတဲ့တရားဖုံးလွှမ်းပြီး အသိဉာဏ်တွေကင်းမဲ့နေကြ လို့လဲ မကြီးပွားကြတာပဲ။ လူတစ်ယောက် ကြီးပွားတယ် ဆိုတာကလဲ....

(၁) အရာရာမှာ စဉ်းစားဉာဏ်ရှိရမယ်၊
(၂) ရှေးဘုန်း, ရှေးကံရှိရမယ်၊
(၃) ရဲရင့်တဲ့သတ္တိရှိရမယ်၊ ဒီသုံးချက်နဲ့ ပြည့်စုံရင် ကြီးပွားတာပဲ။

တပေပေ သေလို့သွားရင်ဖြင့် ကိုယ်တော်တို့ မသေထမင်း မသေဟင်း စားပြီးနေရုန် ကြိုးစားကြပါ။ သုံးလူ့ ထွတ်ထား မြတ်ဘုရားတို့ဟာ လူ့လောက,နတ်လောကမှာ ကြီးကျယ်ပါတယ်ဆိုတဲ့ စည်းစိမ်, ဥစ္စာ ရတနာတွေ, မိဖုရားရတနာ စသည်တွေကို စွန့်လွှတ်ပြီးမနုစ်သက်ပဲ ရှိကြပါတယ်။ ခုလောကကြီးကို နှစ်သက်နေကြသူ တွေက ဘာမှမကြီးကျယ်သေးပါဘူး။ ဒီလိုနဲ့ပဲ တပေပေ သေသွားရင်တော့ အခက်ပဲ။

"တပေပေ သေလို့သွားလျှင်လဲ,
တဖွားဖွားအောက်မှာ၊
ယမနယ် ဘုံတန္ဆန်း,
အကုန်လုံး ရောက်ရမည်သာ" ဆိုတာလို ဘာ မဟုတ်တဲ့ စည်းစိမ်လေးတွေ စွဲသေရင် ယမဘုံ ကတော့ သေချာပြီးသားပါ၊

တရားအားထုတ်သူနာယူဖို့ရာ တရာ အားထုတ်သူဘိုတာ....

(၁) ဆိတ်ငြိမ်ရာအရပ်မှာ ကပ်ရောက်နေရတယ်၊
(၂) တင်ပျင်ခွေ လိုင်နေရတယ်၊
(၃) ကိုယ်ကိုဖြောင့်စွာ ထားရမယ်၊
(၄) မိမိနှစ်သက်ရာတရားကို နှလုံးသွင်းရမယ်၊ ရှေးဦးစွာ ဘုရားဂုဏ်တော် ပွားများခြင်း၊ မေတ္တာပို့ခြင်းစတဲ့ ပုဗ္ဗကိစ္စတွေကို ဖြေရတယ်။ နောက်မှ အာနာပါန ကမ္မဋ္ဌာန်းကို နှာသီးဖျားကပ်ပြီး မှတ်နေရတယ်။

ဗုဒ္ဓာနုဿတိ ပွားများအာရုံပြုပုံ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်လိုတဲ့ပုဂ္ဂိုလ် ရှေးဦးစွာ ဘာတွေကို အားထုတ်ရမလဲဆိုတော့ မိမိသိလကို စင်ကြယ်စွာထိန်းရမယ်။ ဆိတ်ငြိမ်ရာအရပ် ရောက်နေရမယ်။ မြတ်စွာဘုရားရဲ့ သပ္ပာယ်တော်မူပုံ၊ ဘဂဝါဂုဏ်တော်တွင် ပါဝင်သောသီရိဘုန်းတော်ကိုအာရုံပြုရမယ်။ စိတ်တော်အစဉ်ကြည်လင်ပုံ၊ အရဟံဂုဏ်တော်ကိုအာရုံပြုရမယ်။ သဗ္ဗညုတဉာဏ်တော်၏ကြီးကျယ်ပုံ၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို အာရုံပြုရမယ်။ ဝိဇ္ဇာသုံးပါး၊ စရဏတစ်ဆယ့်ငါးပါးနဲ့ ပြည့်စုံသော၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အာရုံပြုရမယ်။ ဒီပက်ရာ မြတ်စွာဘုရားလက်ထက်တော်မှစ၍ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပုံ၊ သုဂတဂုဏ်တော်ကို အာရုံပြုရမယ်။ ဒီလိုအစဉ်

အတိုင်း အာရုံပြုပြီး သမ္ဘာသမ္ဗုဒ္ဓဂုဏ်တော်ကိုဖြစ်စေ၊ အရဟံဂုဏ်တော်ကိုဖြစ်စေ မိမိစိတ်၌ ထင်လာသော အာရုံတစ်ပါးပါးကို အာရုံပြုပွားများရမယ်။ သက်တော်ထင်ရှားမြတ်စွာဘုရားကိုမှန်းပြီး ဒါမြဲ အာရုံပြုနေရမယ်။

"တိဋ္ဌန္တော နိဗ္ဗုတော စာပိ,
သမေ စိတ္တေ သမံ ဖလံ၊
စေတော ပဏိဓိ ယောတုံ ဟိ,
သတ္ထာ ဂစ္ဆန္တိ သုဂတိ"

"တိဋ္ဌန္တော့စပိ-သက်တော်ထင်ထင်,တည်ရှိစဉ်ဝယ်,ဖူးမြင်ရခြား, မြတ်စွာဘုရား၌ လည်းကောင်း။ နိဗ္ဗုတေစာပိ-ရွှေပြည်နိဗ္ဗု,စံတော်မူသည့်,သုံးလူ့ထွက်ထား မြတ်စွာဘုရား၌ လည်းကောင်း။ စိတ္တေ-ဘုရားအာရုံ,ကော်ငင်းစွာထို၍, တလုံလဲလဲ, မှီဝဲစွဲသုံး,စိတ်နှလုံးသည်။ သမေ-သဒ္ဓါပညာ, အရာရာဝယ်,မကွာတန်းတူ, ညီမျှပါမူကား။ သမံ ဖလံ-အကျိုးပေးဟန်,အတန်တန်လည်း,ကေန်ညီမျှ,တန်းတူ ရလေတော့၏။ ဟိ-ထိုစကားလျှင်, မမှားကေန်, ယုတ္တိ တန်လှုပါပေ၏။ သတ္ထာ-လူနှတ်ငြဟ္မာသတ္တဝါတို့သည်။ စေတောပဏိဓိဟောတုံ စိတ်ရင်း စိတ်ထား, ကြီးမားသန်ရှင်း, အကြောင်းရင်းကြောင့်။ သုဂတိ-လူ့ရွာ နတ်လံ နိဗ္ဗာန်အထိ, ချမ်းသာရှိကြောင်း, အကောင်းဆုံးဂတိသို့။ ဂစ္ဆန္တိ-ပါရမီ စွမ်းသလောက်,စခန်းထောက်၍, လှမ်းရောက်တော် မူနိုင်ကြလေကုန်သတည်း"။

ဗွေ့ခြေရင့်ကျက်ပါစေ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ထားကြပါ။ ပြင်တာနဲ့ မပြင်တာနောက် ဘဝယိုအောင် ကွာတတ်တယ်။ ရဟန်းဝတ်မှတော့ ဘာဝနာလက်လွတ်နေရင် မကောင်းပါဘူး။ နာမည် ကြီးနေပေမယ့် နာမည်ကြီးကို ဘယ်သူကမှ လာမကြည့်ပါဘူး။ စိတ်ကောင်းဖို့ဆိုတာ ဘုရားအာရုံ,မေတ္တာလက်ကိုင်ရှိမှပါ။ ထိုင်တာက ခါးကြီးတွေကို ကုန်းမထားပါနဲ့။ မားမားမတ်မတ်နဲ့ ဆင်းတုတော်ရုပ်ကို ကြည့်ညိုအတုယူပြီး ထိုင်တတ်ရမယ်။

နေရာတိုင်းမှာ သမာဓိရှိပါစေ။ သမာဓိရှိတော့ နေရာတိုင်းမှာကြည့်ကောင်းတယ်။ ရဟန်း, သာမဏေဆိုတာ လူနဲ့ မတူရဘူး။ ဟောဂဇ္ဇာရုံဆရာတော် ဂူက ထွက်လာတော့ လူတွေက မျက်ကြောသေနေတယ်လို့ ပြောကြတယ်။ ဆရာတော်က မျက်ကြောသေနေတာမဟုတ်ပါဘူး။ စက္ခုနေ့ခြေချလှန်းလို့ မျက်ခွံတွေ တွဲကျနေတာပါ။ ကိုယ်တော်တို့လဲ ဗုဒ္ဓနေ့ ရင့်ကျက်ပါစေ။ ပြုံးခဲစိမလုပ်ကြပါနဲ့။

နေရာတကာ အတွက်ရှိရမယ် သံယိုကဲ့ပစ္စည်းဆိုတာ အလွဲသုံးစားမလုပ်ရဘူး၊ ဒါယကာ ဒါယိကာမတို့ရဲ့ အပေါ် စိတ်ကိုက စေတနာ,မေတ္တာရှိဖို့ မမေ့မလပ်ကြပါစေနဲ့၊ လူတွေရဲ့ ဝေယျာဝစ္စကို မကူညီကြပါနဲ့၊ လူဆိုတော့လူ,နည်းနဲ့တော်ရဲ့၊ ရဟန်းဘဝဆိုတာ မကူညီကောင်းဘူး၊ သံသရာကြီးက ဘယ်သူ့မှ ခွင့်မပေးဘူး။ ကျန်းမာရေးကိုဂရုစိုက်ကြပါ။ တစ်သာသနာလုံး လူတွေရဲ့ အမှုအရာတွေ

နဲ့ ဘာမှမကူးစေချင်ဘူး။ နေရာတကာမှာ အတွက်ဆိုတာရှိရတယ်။ မြန်မာတွေက အတွက်မရှိဘူးလို့ ပြောနေကြတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်နယ်၊ ကိုယ့်ရပ် ဆရာ လုပ်ရမယ်လို့ မှန်းထားကြပါ။ တွက်ထားကြပါ။

အထက်ရောက်လေ ပျော်လေပဲ ဆရာသမားတွေကသက်တော်တင်ရှားမြတ်စွာဘုရားရဲ့ သမ္ဘည္ဟတ ဉာဏ်တော် ဟောခိမဏ္ဍိုင်ကိုမှန်းပြီးအာရုံပြုကြပါ။ သမ္ဘည္ဟတဉာဏ်တော်နှင့်တကွ ဘုရားကိုပန်းကြပါ။ "သိသေ ပုဏ္ဏဝိပုဏ္ဏလေ" ဆိုတာ သမ္ဘည္ဟတ ဉာဏ်တော် ရရှိဖြစ်တဲ့အောင်မြေကို ဆိုလိုတယ်။

တစ်ကမ္ဘာလုံးက ဒီအချိန်မှာ တယ်ပြီး ကုသိုလ်မရကြပါဘူး။ တို့မှာ နံနက်ခင်းတိုင်း ဘုရားစကားတော် သြဝါဒပေးတော်မူခဲ့တာတွေ ကြားနေရတယ်။ သာသနာ့မှာ သူမျှားထက်သာတဲ့အချက်ကို ရှေးချယ်ထားကြပါ၊ စည်းစိမ်တွေကိုမခံစားချင်ကြပါနဲ့။ ဘုရားသခင်ပရိနိဗ္ဗာန်စံတော်မူတယ်ဆိုတာ နောက်ဆယ် ဖြစ်ခြင်းမရှိတာကိုဆိုလိုတယ်။ တစ်ဘဝလေးကို ဘာမှဂမ်းနည်းမနေပါနဲ့၊ မချုပ်တာက အဝိဇ္ဇာနဲ့ ဟဏ္ဍာက မချုပ်တာပါ။ ကိုယ်ကဘုရားဟော တရားတော်တွေကို သိပြီးနေမှတော့ တကယ့်အထက်တန်းကို ရောက်နေပါပြီ၊ အထက်ရောက်နေမှတော့ အောက်ကို ခုန်ဆင်းဖို့ရန် စိတ်မကူးကြပါနဲ့၊ ရှေ့ကိုးဘက်ဖို့ ပြင်ထားကြပါ။ အထက်ရောက်လေ ပျော်လေပဲ။

တစ်ဘဝမက သေနေတဲ့ဒီခန္ဓာ ဂါထာကောင်းလေးတွေ ကျက်ထားကြ ပါလို့ဆိုတယ်။ ကောင်းကောင်း မရတာနဲ့ မကျေတာနဲ့ ထစ်ထစ်နေတာနဲ့ မကြား ဖူးတာနဲ့ ခုံတန်းပေါ်က ကိုယ်တော်တွေက ခုံပေါ် ထိုင်နေပြီး နေရာမရကြဘူး။ အထက်လဲနေသေးရဲ့ ရလဲမရကြဘူး။ ကိုယ်တော်တို့ သူတော်ကောင်း လုပ်ကြစမ်းပါ။ ကံကောင်းတဲ့ ဘဝကိုရောက်လာတာ အားမလျှော့ကြပါနဲ့။ ဒီခန္ဓာကြီး ပြိုးပြွေတယ်ဆိုတာက ကလေးဖွားတဲ့ မိန်းမတစ်ယောက်ဟာ မွေးရင်း သေရင်း, မွေးရင်း သေရင်းနဲ့ ဖြစ်နေတော့ နောက်ထပ်ကလေးမလိုချင်သလို ခန္ဓာကိုယ်ကြီးလဲ တစ်ဘဝ မက သေနေတာ သိမြင်လာရင် နောက်ဘဝကို မလိုချင် တော့ပါဘူး။

ဝမ္မဗျူဟာ

အတွဲ(၂၀) အမှတ်(၁၀)

(၁၉၈၁၊ ဒီဇင်ဘာ)

ဘုရား ပူဇော်နည်း

ရေတော်သူ ရေနေ့သောက်မီသလို ဘုန်းကြီးဘဝဆိုတာ ရတာအကုန်သိမ်း ထားလို့ မတော်ဘူး။ ကိုယ်ကချည်း အယူဘက်က မနေကြနဲ့။အပေးဘက်လဲ နေကြဦး။ လူတစ်ယောက်ကြီးပွားမှုဆိုတာ အတော် လိုပါ တယ်။ကိုယ်နဲ့တကွ အားလုံးဆိုင်ရာတွေကို ကောင်းပါစေ။ သတိရှိဖို့က သီလကို စင်ကြယ်ကြပါစေ။ကိုယ်တော်တို့ လော ဘကြီးတော့ သောကကြီးရတယ်။ လိုချင်မှုဆိုတာက ရောဂါတစ်မျိုးပဲ။ဘယ်ဆေးနဲ့မှ ကုလို့မရဘူး။ သေရင် သေပါ မှ ကိုယ်လိုချင်တာရတော့ ရပ်မနေဘူး။ နောက်ထပ်ဘစ် ဆင့် လိုချင်လာပြန်တယ်။ ရေတော်တဲ့သူ ရေနေ့ သောက်မီ သလို ထပ်ကာတပ်ကာ သောက်ချင်နေတာပဲ။လိုချင်တာကို အကုန်မရတော့ ရေထဲကငါး ကုန်းပေါ်တင်ထားသလိုတွန့် တွန့်, တွန့်တွန့်ကို လူးလို့။ လူကြီးလာတော့လဲ လောဘကြီး လာတာပဲ။ လျှော့သွားတယ်လို့ မရှိလှဘူး။

တရားကောင်းတော့ လူနတ်ကြည်ညို တရားသဘောနဲ့ ဖြေဖျောက်ပြီး သူ တော်စင်လက်နက်မရှိရင်ဒီတရားတွေ က လျှော့မသွားပါဘူး။ ဖိနပ်ချုပ်

သမားဟာ မကောင်းတဲ့သားရေတွေကို ဝေးနဲ့လိုးပြီး ပယ်ထုတ်လိုက်တဲ့အခါ ကောင်းတာလေးတွေသာ ကျန်နေသလို မကောင်းမှုတွေကိုလဲတရားတည်းဟူသော ဝေးနဲ့လှီးလုတ်မှ သာ ကောင်းတာလေးတွေ ကျန်နေမယ်။ ဖိနပ်ကောင်းတော့ လူကြီးများသလို ဗိမိဗုဒ္ဓ တရားတွေ ကောင်းတော့ လူကြည်ညို, နတ်ကြည်ညိုများလာတာပဲ။

"ရဟကာဟော စမ္ဘသ,
ပရိကန္ဒ ဥပါဟနံ၊
ယံ ယံ ဇဟတိ ကာမာနံ,
တံ တံ သမ္ဘင်္ဂေ သုခံ၊
သမ္ဘဋ္ဌေ ဘုဝ မိဇ္ဈေယျ,
သမ္ဘေ ကာမေ ပရိစ္စဇေ"။

စာကနေပြောတဲ့ ခြေပါဒ ချမ်းသာလိုချင်တဲ့ ပုဂ္ဂိုလ်တွေဟာ အလုံးစုံသော ကာမဂုဏ်တရားနဲ့တကွ လိုချင်တာတွေကို ပယ်ရတယ်၊ ချမ်းသာကို လိုချင်ရင် အားလုံးဖြစ်တဲ့တရားတွေကိုစွန့်ပေးပါ၊လိုချင်တာကဒုက္ခကို ရှာကြနေတာပါ၊ တို့ဘုန်းကြီးတွေက သာ ဆိုးသေးတယ်၊ ကိုယ်ကတကိုယ်တည်းနေဖို့ ကောင်းလျက်သားနဲ့ ဒါယကာ ဒါကိုကာမ အသိုင်းအဝိုင်းတွေနဲ့ မနေသင့်ပါဘူး၊ သင့်ရုံရှိ ကော်ဇောပေါ့။တရားနဲ့သာ မှီနေရင် ဘုန်းကြီးဘဝ, လူ ဘဝ ရောက်လာ ပေမယ့် ဟင်းအရသာကို မသိတဲ့ ယောက်မကြီးလိုပါပဲ၊ ဒီ အကောင်း တွေကိုမိဘ ဆရာ ဘိုး

ဘွား စတဲ့သူတွေက ပြောနိုင်တာမဟုတ်ပါဘူး။ ခုသိရတာ တွေကို သိရကျိုး နပ်ကြပါစေ။ စာကပြောတဲ့ ခြေပါဒ သေချာတယ်။

မကောင်းတာမှန်သမျှ မပြုမိစေနဲ့ အနည်းဆုံး သူများအကျိုး ပဓောင် ခိုင်ပေမယ့် ကိုယ့် အကျိုးကိုတော့ သေချာပါစေ။ စိတ်ကိုကြိုးကြိုး မားမား။ မြင့်မြင့်မြတ်မြတ်ပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုကြပါ။ ဒီကျောင်းမှာ မနေချင်လို့ တခြား သွား တော့ မိတာများက ဒီကျောင်းကမှ ခြေပါဒနဲ့ ဘာနဲ့ ညာနဲ့ စ်သည် ဖြင့် ပြောတဲ့အခါ ကျွန်တော်က ၁၀ နှစ် ရှိပါသေးတယ်လို့ သားက ပြန်ပြောပြီး လောကီ သင်နေတယ်တဲ့။ ကိုယ်တော်တို့ ဒီကျောင်းမှာ ကျွန်တော်လေးတွေ မလုပ်ကြပါနဲ့။ စာလဲသင်ကြပါ၊ သူတော်လဲကောင်းကြပါ။ ကြီးသူနားမှာ ရှိသေပါ။ အရှိသေခံချင်လို့ မဟုတ်ပါဘူး။ ဘဝသံသရာမှာ အဝိဇ္ဇာနဲ့ တဏှာက ပက္စာပါဘူး။ "ဝါသနာ နာမကိလေသ သတ္တိ" ဆိုတာလို ဥပုသ်နေ့ အဖိတ်နေ့ဆိုရင် သူတို့ကို အလုပ်နားချင်ကြတယ်။ ဝါသနာဆိုတာ ကျောင်းသားကလေး ကကည်းက ပါလာခဲ့တယ်။ "ဝါသနာနာမ သမ္မာဆန္ဒော" မကောင်းတာမှန်သမျှကို ကိုယ်နဲ့ဆိုင်လာရင် ဘာမှ မပြုမိပါစေနဲ့။ တရားအရသာကို မသိသူ ဆိုတာက ကိုယ်တိုင်က မလိမ္မာမှုတွေများပြီး မိုက်မဲနေတတ်တယ်။

ချိတ်ယှင်းချက်တွေ မရှိကြစေနဲ့ တို့ကျောင်းမှာ တောထွက်တွေ မနေရ ပါဘူး။ ခုအထက်တန်းထဲက ပါပဲ။

သက်နှံးအပြီးဝတ်နေပြီး နေချင်တယ်လို့ လျှောက်တယ်။ ဘုန်းကြီးက ဒီကျောင်းမှာတော့ မဖြစ်ပါဘူး။ တစ်မျိုး ဖြစ်ကုန်ကြမှာ။ ကြာကြာ နေလို့တော့မဖြစ်ဘူး။ မထားထိုက် ထားထိုက်ကို ကျောင်းကြည့်ပါ။ လောကကြီးက ကျယ်ပြန့်တယ်။ နည်းရုံဘိုရင်တော့ တစ်လနှစ်လ လာနေပါလို့ ပြောထားတယ်။ အပြီးလက်မခံဘူးဆိုတာက ကြာကြာနေရင်သာပါ။ အားလုံးကိုယ်တော်တွေက ကိုယ့်ကိစ္စနဲ့ ပတ်သက်လာရင် ချက်ယွင်းချက်တွေမရှိကြစေနဲ့။

စာသိန်းက ပိုကောင်းတယ် လူတွေက ဟင်းမကောင်းရင် မစားချင်ကြဘူး။ သူများအသက်ကလေးပါမှ စားနိုင်တယ်တဲ့။ ကိုယ့်ကိုယ်ကိုတော့ ကြမ်းပိုးကိုက်တာကစလို့ ဟိုသွား ဒီသွားနဲ့ ကြောက်လိုက်ကြတာ။ သူများ အသားကျတော့ ပြုံးပြုံးကလေးနဲ့ စားလိုက်ကြတာ။ ကိုယ့်အသားကျတော့ အသိမခံချင်ကြဘူး။ နောက်ပြီး တိတ်တိတ်စားတာ မဟုတ်ဘူး။ ဘာကကောင်းသလေးညာက ကောင်းသလေးနဲ့။ ကြက်သားစားကြတော့ ကြက်ဖကြီးက ပြောသတဲ့။ "ငါ့အရိုးတွေ, အသားတွေ စားတာတော့ ဘာမှ မကြောက်ပါဘူးတဲ့။ ကြက်မကလေးနဲ့ ခွာရမှာ ကြောက်ပါတယ်" တဲ့။ ဟုတ်မှာပါပဲ။ ကိုယ်တော်တို့ စဉ်းစားကြည့်ပေါ့။ ဟုတ်လား မဟုတ်လားဆိုတာ ဘုန်းကြီးက ဘာပြုလို့ သိသလဲဆိုတော့ ဘုန်းကြီးက လောကသိနဲ့ မသိပေမယ့် စာသိနဲ့က ပိုကောင်းနေတယ်။ "နတ်

ပြည်မှာ နတ်တွေဆောင်တယ်လို့ မင်ကြောင်ပြောတယ်" ဆိုတာလိုပဲ ခုလဲ စာတွေကဲ့ ပြောပြောနေတော့ ဘုန်းကြီးမှာ သိ, သိနေတယ်။

ငါဆိုတဲ့ငါ ငါဆိုတဲ့ ငါကလဲ သနားစရာပဲ၊ ဘုန်းကြီးက ကံကောင်းထောက်မလို့ ဒီအခြေအနေ ရောက်လာတာပါ။ ငါဆိုတဲ့ ငါကလဲ စာသင်သား ဘဝတုန်းက တစ်ခါပင်ပန်း၊ စာချဘုန်းကြီးဖြစ်တော့လဲ မသက်သာ။ နားနေရတယ်လို့ မရှိပါဘူး။ စာသင်သားဘဝနဲ့ ပင်ပန်းလွန်းလို့ စစ်ကိုင်းမှာ တစ်ဝါလောက် နေမယ်လို့ ကြံပါတယ်၊ စစ်ကိုင်းက မယ်သီလရှင်တွေက စာချဘုန်းကြီး မရှိကြလို့တဲ့။ ဘုန်းကြီးရောက်သွားတော့ ပြောသံကြားတယ်။

ဗုဒ္ဓရတနာနဲ့ လောကီရတနာ လောကီရတနာဆိုတာ လောကမှာ သုံးရပါတယ်၊ ရှိသေရပါတယ်။ ဒါထက် ရှိသေရမှာက ဘုရားရတနာပါ။ ဒီဘုရားရတနာကို ကွေးကြည့်ရင် သီလ, သမာဓိ, သဗ္ဗညုတ ဉာဏ်တော်ကြီးကလဲ ထင်ရှားရှိတယ်။ ဒီဘုရားရတနာကို သာမန်နဲ့တော့ မမြင်နိုင်ပါဘူး။ ရှေးဘုန်း ရှေးကံရှိမှ ပူးမြင်ရပါတယ်။ ဘုရားရတနာကို စဉ်းစားတားပါ။ အားလုံး လောကီရတနာတွေနဲ့ ဗုဒ္ဓရတနာကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဗုဒ္ဓရတနာက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း သန္ဓေတည်ခဲ့ရတာပါ။ လောကီရတနာတွေက ဒီကမ္ဘာကျမှ ဖြစ်ကြရတာပါ။

ဗုဒ္ဓစစ်စစ်ကိုသာ အားရုံပြုပါ

ဗုဒ္ဓဘုရားကြောင်း တွေးလိုက်လို့ရှိရင် ခုလို တွေ့နဲ့ အပေးကြီး ကွာကျန်ရစ်ခဲ့တယ်။ ဘုရားဖြစ်ဖို့ရာ ပွဲသူ့ မြင်ကောင်းမူ လာတဲ့ အကျင့်တော့ ဘဝပေါင်းများစွာက ကြိုးစားခဲ့တဲ့ ပါရမီတွေက အစွမ်းကုန် အားလုံး အကျိုးပေးလိုက်ကော့ ဗုဒ္ဓဖြစ်လောက်မှုလောက် အလှည့်ကျ အကျိုးပေးကြတယ်။ တို့ဘုရားကတော့ အမျိုးမျိုး ခြိုးကျူးလို့ မကုန်နိုင်ပါဘူး။ ဗုဒ္ဓသာသနာကို ကြည်ညိုနေရင် အကျိုးရှိပါတယ်။ လောကီ ရတနာတွေ စုံသေရင် ပြီတော့ဖြစ်မှာပါ။ ဘုရားကိုအာရုံပြုသေရင် ကောင်းတဲ့သုဂတိ ရောက်မှာပါပဲ။ ဒါကြောင့် ဗုဒ္ဓကို အမျိုးမျိုး အာရုံပြုပါ။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများနေပါ။ စိတ်ကကြည်လင်လို့ တကယ်ချမ်းသာပါတယ်။ ဗုဒ္ဓ စစ်စစ်ကိုသာ အာရုံပြုမိပါစေ။ အကယ်၍ အာရုံပြုရင်း သေသွားရင် ကောင်းတဲ့သုဂတိကတော့ သေချာတယ်။ ဒါကြောင့် ဘုရားသာသနာမှာနေရင် ကောင်းကောင်း နေကြပါ။ ကောင်းကောင်းနေတာကိုက ဘုရားကို ပူဇော်ရာ ရောက်ပါတယ်။

ဓမ္မဗျူဟာ

အတွဲ (၂၀) အမှတ် (၁၁)
(၁၉၇၂၊ ဇန်နဝါရီလ)

ရောက်ရာမှာ အလုပ်လုပ်ရမယ်

အများကိုမကြည့်ပါနဲ့ သတိနဲ့ ကောင်းတယ်

ရထားတဲ့ ဘဝကောင်းကလေးမှာ ထပ်ကြုံကြုံ ရှိကြပါစေ၊ လူတွေမှာ အပြစ်ဝဋ်ရှိယင် တက်လမ်းမရှိပါဘူး။ အပါယ်လေးပါးက လွတ်မှာက သီလ၊ စိတ်ကကောင်းရင် ဘာဖြစ်ဖြစ် ကောင်းတာပါပဲ။ ဘတ်ရှိနေမှ သင့်ဝါတရားက ကိုးမှားတယ်။ ဘုန်းကြီးမှာ လူတွေအလာများတော့ စာပေးမှတာ အချိန်ပျက်တယ်။ နားထောင်ရမယ်၊ မေးရမယ်၊ စဉ်းစားရမယ်၊ ကျင့်ကြံရမယ်၊ သံသရာအကြောင်း အတည့်အလင်းသိမှ ကောင်းတယ်။ ရှင်တရား, နာမ်တရားသိဖို့ပါပဲ့။ အာရုံရှိနေရင် တဏှာက မပျောက်တော့ဘူး။ တဏှာပပျောက်သမျှ သံသရာက မဆုံးနိုင်တော့ဘူး။ ဘုရားပွင့်မှ တရားနဲ့ ဖြေကြရတယ်။ အများကို မကြည့်ပါနဲ့၊ ကိုယ့်ကိုယ်ကို ကြည့်ပါ။ အများက သံသရာရေယာဉ်ကြောမှာ နစ်မျောနေကြတာ။ ဘုန်းကြီးတ ငရဲ အကြောင်း တွေ့ပြောတော့ ခုဘယ် နှစ်ပါးမျှား ကြက်သီး ထသွားကြသလဲ။ ကြက်သီး ထတာ မရှိပါဘူး။ ကိုယ်တော်တို့က ကိုယ်မရတဲ့ပစ္စည်း

ကို လိုချင်ကြတယ်။ ဘဝကောင်းရနေတာကိုတော့ မသိကြ
ဘူး။ အရင်းခံကတော့ သီလပဲ။ သီလမရှိရင် ဘယ်နေရာ
မျိုးမဆို အထက်တန်းမရောက်ပါဘူး။ သီလမစင်ကြယ်ရင်
အတက် မဖြောင့်ပါဘူး။ အရဟတ္တဖိုလ်ကျန်း ရောက်ရင်
သံသရာရေအလျဉ် မလွှမ်းမိုးတော့ပါဘူး။ မကောင်းတာကို
အကျင့်မပါကြပါစေနဲ့၊ ကိုယ့်ကိုယ်ကို လှုံ့ဆော်ပေးကြပါ။
သီလ မပေါက်ကျိုးအောင် သတိကို ရှေ့ထားလိုက်ပါ။
သတိတရားနဲ့ မျက်စိတံခါးပေါက်တွေကို ပိတ်ထားကြပါ။
''ကျွန်ုပ်ယသံဝရသီလ' ဆိုတာ သတိလိုရင်းပေါ့။ အားလုံး
သတိနဲ့ တားမြစ်နိုင်မှ ကောင်းပါတယ်။

ချစ်ရာပရောက် နှစ်ရာရောက် ဘုန်းကြီးပြင်နေတာက ဒီကျောင်းကိုသာ ပြင်နေတာ မဟုတ်ပါဘူး။ တစ်သာသနာ လုံးကို ရည်မှန်းပြီး ပြင်နေတာပါ။ ဘုရား လက်ထက်က ဇွန်းမရှိဘူး။ မရှိလို့မကိုင်တာလား၊ ရောင့်ရဲ နေတာလား မသိဘူး။ လူတွေနဲ့ စကားပြောလို့ရှိရင် လူ ပြော မပြောကြပါနဲ့၊ ဘုန်းကြီးပြော ပြောပါ။ ပုဂ္ဂိုလ် တစ်ပါးရဲ့ အရည်အချင်းဆိုတာ စည်းကမ်းတစ်ခုပါ။ စာ မေးပဲ့ ဝင်တာက ဂုဏ်မပါပါစေနဲ့။ သာသနာပြုဖို့လို့ ရည် မှန်းကြပါ။ ကျန်းမာရေးလဲ ဂရုစိုက်ပါ၊ ကျန်းမာရေး မကောင်းဘဲနဲ့ စာတက်နေလို့ အလုပ်မဖြစ်ပါဘူး။ ကျန်းမာ ရေး သတိထားကြပါ။ လူတွေက ကိုယ့်ကိုယ်ကို ချစ်ကြ ဘယ်လို့သာ ဆိုတာ၊ တကယ်တော့ မချစ်တတ်ကြသေးပါ

တူး။ ကိုယ့်ကိုယ်ကို တကယ်ချစ်ရင် ဒီဘဝမှာ မကောင်း တာ ဟူသမျှ မလုပ်ကြပါနဲ့။ ဒီဘဝမှာ ကိုယ့်ကိုယ်ကိုချစ်လို့ ကောင်းရာတွေကို လုပ်မယ်ဆိုရင် နောင်သံသရာမှာ စိတ်ချ ရတယ်။ ခုဘဝ မတရားမှုတွေနဲ့ အသက်မွေးကြမယ်ဆိုရင် ချစ်ရာမရောက် နှစ်ရာရောက်လိမ့်မယ်။

ပါရမီဖြည့်ဘက်ဆိုတာ သေရမှာမကြောက် လောကမှာ အသက်တန်းရောက်ဖို့ ဆိုတာ အမျှားကြီးပြုပြင်ရဦးမယ်။ အသက်တန်း ရောက်မှာက ဒီဘဝ သာ လိုရင်းပါ။ ဘုရားလောင်း ရှေဟသ်ဘဝက ကျွဲ ကွင်း မိတော့ ရှင်အာနန္ဒာအလောင်း သုမုခစစ်သူကြီးက အနားကစောင့်ပြီး ဘုရားလောင်း မထိုင်ရတဲ့။ သုမုခ မုဆိုးကို ရှေ့က ကာထားတယ်။ ရှေဟသ်ဘဝင်းက ''သုမုခ သွားတော့၊ ငါ့အနားမနေနဲ့၊ သေရမယ့်သူတို့တာ အဖော် လုပ်ရိုး မရှိဘူး'' လို့ ပြောတယ်။ သုမုခ မသွားဘဲ သူ့ အသက် အသေခံတယ်။ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံကြတဲ့ ပါရမီဖြည့်ဘက်တွေဆိုတော့ တစ်ဦး တစ်ဦးကယ်လို့ အသက် သေရမှာ မကြောက်ကြဘူး။

တစ်နေရာမဆုံရင် တစ်နေရာဆုံမှာ ရှေးသူတော်ကောင်းတွေက တစ်မျိုးစီ ကောင်းကြတာပါပဲ။ သံသရာထဲမှာ မင် ဖိုလ် နိဗ္ဗာန်နဲ့ နိုးရန် အမြဲသတိထားကြ ပါ။ လောကလူတွေ ကြိုးကျယ်ပေမယ့် ဘာမှ အနှစ်ပရှိ ပါဘူး။ သံသရာရေးကိုမကြည့်ဘဲနဲ့ တစ်ဘဝကို မစဉ်းစား

ကြန့်။ သေရတယ်ဆိုတာ ဘာမှ ဆန်းတာမဟုတ်သူး။ တစ်ဘဝဆိုတာလဲ ဒီလိုပါပဲ။ သူများကိုလိုက်ပြီး အားကျမနေကြပါနဲ့။ ကိုယ်တိုင် လုတ်မြောက်ရေးကိုသာ တွေးကြပြီး ကြိုးစားကြပါ။ မိမိကိုပြန်ကြည့်လို့ ပါရမီနည်းနေသေးရင် တိုးပြီး ဖြည့်ပေးပါ။ ပါရမီဖြည့်ဘက်တွေဆိုတာ ဟစ်နေရာ မဆုံရင် တစ်နေရာဆုံရတယ်။ မသိကြဲလို့သာ။

"ဒွန္ဒဒွန္ဒာ သဠာရန်္ဂ,
ပါရမီ သဟစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ,
သုခိတေ သုခိတာ သဒါ"

ပါရမီဖြည့်ဘက်တွေဆိုတော့ ကိုယ့်ချစ်သူ ဒုက္ခရောက်တော့ ပစ်မထားခဲ့ကြဘူး။ အတူတူ ဒုက္ခရောက်ခံကြတယ်။ ချမ်းသာလဲ အဘူးတူပါပဲ။ ကိုယ်တော်တို့ ကောင်းကြပါစေ။ နောင်တစ်ချိန် မတွေ့ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။

"ပါရမီ သဟစာရိနော–ရှေးကြောင်းရေစက်, မေတ္တာစက်၍, နှစ်သက်ကြည်ညူး, ပါရမီဖြည့်ဘက် နှစ်ဦးတို့သည်။ ဒွန္ဒဒွန္ဒာ–လူ၌လည်းဆုံ,နှတ်၌လည်းဆုံ,ရှေဘုံရိပ်စံ,တိရစ္ဆာန်လဲ, မောင်နှံဘဲကြကုန်လျက်သာလျင်။ သဠာရန်္ဂ တွေ့ရာဘုံထဲ ကြုံစမြဲမို့, စုံတွဲမကွေ, ကြည်လင်ကြဲလေကုန်၏။ ဒုက္ခိတေ–ချစ်သူတစ်ယောက် ဒုက္ခ ရောက် သည် ရှိ သော်။ ဒုက္ခိတော ဟောန္တိ–အလျင်းမခဲ့, အတင်းတွဲလျက်, အညှဉ်းဆဲဒဏ်, အဆင်းရဲခံကြလေကုန်၏။ သုခိတေ–ချစ်သူတစ်ယောက် သုခ

ရောက်သည်ရှိသော်။ သဒါ သုခိတာ ဟောန္တိ–ကိုယ်စိတ်လန်းစွာ, စန်းပမာသို့, လျှမ်းကာအာဠာ, ချမ်းသာဟော်မူကြလေကုန်သတည်း"။

ခေတ်ကိုမကြည့်နဲ့ ပြောင်းပြန်တွေ

ဒီကျောင်းမှာ ကိုယ်သဘောနဲ့ သူတော်ကောင်းလုပ်ပြီး နေမယ်လို့ကြံပြီးနေကြပါ။ ဆရာသမားက ပို့လို့သာ၊ သူများကကောင်းတယ်ပြောလို့သာ နေရတယ်ဆိုတာ မဖြစ်ကြပါစေနဲ့။ မပျော်ရင် သွားကြပါစေ၊ ပြင်ရသမျှအားလုံး အချိုးကျအောင် ပြင်နေတာ၊ ကိုယ်တော်တို့က ဒီကျောင်းကနေ ရွာပြန်သွားပြီးအမေချက်တဲ့လမင်းကောင်း,ဟင်းကောင်းစားပြီး ဝလာမလားအောက်မေ့ တယ်၊ ပိန်ပြီး ပြန်လာကြတယ်။ တချို့ကအသားတွေ့မဲ့ပြီး ပြန်လာကြတယ်၊ ရိုးသားဖြောင့်မတ်ကြပါ၊ ရိုးသားဖြောင့်မတ်တယ်ဆိုတာ အကျင့်တစ်ခုဖြစ်တယ်။ ဒီဘဝအတွက် လက်ခံပြီး ပြင်သားတာ မဟုတ်ဘူး။ နောက်ဘဝအတွက် ခုကတည်းကအဆင်သင့်ဖြစ်နေဖို့ပြင်နေတာ၊ ပြင်ထားကြ၊ ရှေးခေတ် သူတော်ကောင်းတို့လမ်းကိုနည်းမှီပြီး မိအောင်လိုက်ကြပါ၊ ခုခေတ်ကိုမကြည့်ပါနဲ့။ ခေတ်ကြီးက ပြောင်းပြန်ဖြစ်နေတာပါ။

တရားဟောတယ် ဆိုတာ

စာတော်တဲ့ပုဂ္ဂိုလ်တွေတရားမဟောသတ်တာကတော့ မဟန်ပါဘူး။ တရားဟောတယ်ဆိုတာ ပြောရမယ့်တရားက အလှတရားဖြစ်နေမယ်ဆိုရင်တရားဟောတဲ့ပုဂ္ဂိုလ်ကလဲကိုယ်တိုင်

လူနေရသလို ဝမ်းမြောက်ဝမ်းသာ ဟောရတယ်၊ ဒါမှတရားနဲ့ ကမကုန်နိုင်တာ။ တရားအကြောင်း ဟောရမယ့် ဆိုရင် ကိုယ်တိုင်ကလဲ တွေ့ဖူး ကြုံဖူးမှ ဟောတတ်တာ။ ကလေးချော့တဲ့ သီချင်းဖြစ်နေပေမယ့် အမျိုးမျိုးဟောတတ်ရတယ်။

(လူကလေးရဲ့ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါ၊ ဖားပါလျှင်တစ်ကောင်ပေးပါ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်ကသေး။ ဟူသော ကဗျာလေးကို ကလေးချော့ဟန်, စည်းတော်ကြီးရှမ်းဟန်, ဖိုးဘူးတော်ဒုံးချင်းဆိုဟန်ရှက်ပြပြီးနောက် ဓမ္မကထိကလိုတရားအဆုံးသတ်ပုံအောက်ပါအတိုင်းအဘိဓမ္မာသတ်ပြပါသည်။)

"လူကလေးရဲ့ချော့စရာလည်းမရှိထသော, မိတ္ထီလာကန်တော်ကြီးလည်း မရှိဟသော, ဖားကောက်စရာလည်း မရှိထသော, မျက်လုံးကြောင်တောင်လည်း မရှိထသော, ဖားကောင်ကလည်းမသေးငယ်ထသော၊ ဤကဲ့သို့သော ဒေသနာတော်နဲ့အညီ ဤမရှိရာဖြစ်သော နိဗ္ဗာန်ကို မြန်မြန်ကြီး ရရပါလို၏လို့ ဆုတောင်းကြကုန်"

ကိုယ့်ဘက်ကလုံနေရင် ဘာမှမကြောက်ရ စကားကို အနှစ်မဲ့ မပြောကြပါနဲ့၊ သတိဆိုတာ နေရာတကာမှာ ထားရတယ်၊ တရားအမျိုးမျိုး ရှိရမယ်၊ ဒါက ဘုန်းကြီးတွေဘက်ကပြည့်စုံရမယ်၊ လူတွေမှာကတော့ ဒါနသီလများများ ရှိရမယ်၊ ဒါကြောင့်ရှေးဆရာတော်ကြီးတွေက "စားသမျှမစစ်ထားသမျှမသေခင်" လုပ်သမျှကုသိုလ်

အပင်၊ ယခုကာလ ဘဝကောင်းတွင်၊ စားလဲစား၊ ထားလဲထား၊ ပြုလဲပြုကြမှ တော်မယ်ထင်" လို့ မိန့်ခဲ့ကြတာ။ အိုတဲ့ သူတွေက များသောအားဖြင့် သေရမှာ ကြောက်ကြတယ်၊ ဆင်းရဲကြတယ်၊ ဒါကြောင့် တရားနဲ့နေ၊ ကိုယ့်ဘက်က လုံလောက်နေရင် ဘာမှမကြောက်ရပါဘူး။

ဟိုဘဝကြိုနေမှာ ဘုန်းကြီးကဝုဆိုရင်ဘယ်မှမသွားချင်ဘူး၊ အလုပ်ပျက်လွန်းလို့၊ ခုကြိုးစားပါဘူး၊ အလုပ်လုပ်ရမယ့်နေရာမှာ နေချင်လို့ပါ၊ ဘုန်းကြီးတို့ကတော့ လောကထဲမှာကော့ ရေစုန်ရေဆန် လိုက်ပြီးပါပြီ၊ သံသရာမှာ ရေစုန် ရေဆန်လိုက်ရန်သာ ကြိုးစားနေတာပါ၊ ဗီလိုပုဂ္ဂိုလ်မျိုးကို တစ်ဘဝကကြိုဆိုနေမှာပါ၊ တစ်မြို့တစ်ရွာသွားလို့ သုံးလေးနှစ် ကွဲနေတဲ့သူ ပြန်တွေ့ရသလို အားလုံးကဆီးပြီး ဒီဘဝက ကြိုဆိုသလို ဟိုဘဝကလဲ ဝမ်းမြောက်ဝမ်းသာ ပြုံးပြီး နေကြမှာပါ။

အလုပ်, ပိုလုပ်ကြ ကိုရင်တွေကဒီကျောင်းမှာနေရတာပျင်းလို့တဲ့၊ ငိုတဲ့သူကငိုပြီး ထွက်ပြေးတဲ့သူကပြေး ဒါတွေကတော့ မဆန်းပါဘူး။ ဒီကျောင်းပျော်ကယ်ဆိုတာက ဒီကျောင်းရဲ့ တာဝန်တွေကို အမြဲတမ်း သမ်းဆောင်နိုင်နေမှပျော်၊ မထမ်းဆောင်လို့ကတော့ ပျင်းလာတာပဲ၊ အစိုးရအလုပ်သမားတွေက စာချုပ်ဘုန်းကြီးတွေ အဖိတ်နဲ့, ဥပုသ်နဲ့ ဘယ်တော့ရောက်မလဲမျှော်သလို သူတို့ကလဲစဉ်, တနင်

နေ့ ရောက်တော့ စုံတွဲလမ်းလျှောက်ရလို့ တွက်ကိန်းမိတယ်၊ တို့ဘဖိတ်,ဥပုသ်တွေကတော့ စုံမတွဲရတဲ့အပြင် အလုပ်ပို လုပ်ကြရတယ်။

ရောက်ရာမှာ ဘုန်းကြီးကဟခြားအဘိုးအဘွားတွေလို့ အလုပ်လုပ်ရမယ် အိုလို့မျှားသေရမှာ ကြောက်တယ် မှတ်သလား၊သေရမှာကိုပျော်လို့၊ဒီလိုလူတော့ ဘယ်နေရာကမဆို မျှော်လင့်တောင့်တ စောင့်ဆိုင်းနေကြတာ၊ငရဲ,တိရစ္ဆာန်,ပြိတ္တာဘုံကွေကတော့ မမျှော်ကြပါဘူး၊ တော်တော်ကြာ ဒီလူကလဲကွာ ဒီလာပြီး စည်းကမ်းတွေလုပ်နေပြန်ပါပြီ,ဆိုပြီးပြန်လွှတ်ပေးလိုက်မှာ၊ဘုန်းကြီးကတော့ ရောက်ရာမှာ အလုပ်လုပ်ရမယ်။လူ့ပြည်ရောက်တော့လဲ လူ့ပြည်က ကောင်းစွာစောင့်လျက်ပါ၊ ဘုန်းကြီးက ဘယ်ရောက်ရောက် အောက်တန်းမကျတော့ပါဘူး။

ဝမ္မဇျုဟ ၊

အတွဲ(၂၀) အမှတ် (၁၂)

(၁၉၇၂ ဖေဖော်ဝါရီလ)

သာသနာနှင့် နိုင်ငံ၏ ကျက်သရေကို ဆောင်ကြပါ

တကယ်ကြည်ညိုမှု ဘုရား တရားတော် တွေနဲ့ နေရတာ အရေးလုပ် ကောင်းလျက်သားနဲ့ကောင်းတာကိုမလုပ်ချင်ကြဘူး၊ အဘိုး အဘွားတွေကို သူတို့ကြည့်တော့ မသေခါနီးနေကြပြီ၊ သနပ်ခါးတွေ လိပ်းကာ, လိပ်းကာ ပိုလိပ်ကေလေး သ,ကာ သ,ကာနဲ့ သူတို့ကိုမြင့်ဘယ် ဆူကမှမကြည့်ချင်ကြဘူး၊သူတို့က လူလယ်ခေါင်သွားချင်ကြသေးဘယ်။ ခပ်ရွယ်ရွယ်တုန်းကသာ အစစအရာရာ ကောင်းတာသူတို့က ဓိုကြားထဲ တရားနဲ့ မနေကြဘူး၊ ဘုန်းကြီးက ပစ္စည်းပေါ် ရှပ်ချော ဒါတွေကို အရေး မကားပါဘူး၊ ဒီကျောင်းကို ကကယ်ကြည်ညိုမှု၊ တော်ရုံ ကြည်ညိုရုံနဲ့တော့ အရေးမလုပ်ပါဘူး။

ကိုယ့်ဖခင်ယောက်ကျား ဘုန်းကြီးကို နေရာတကာမှာ ပါစေ ချမ်းသားကိုကြည့် ချင်ကြတယ်၊ ဘုန်းကြီးကနာမည်ကို အလကား မသုံးပါဘူး၊ ရှေရှေးကို မျှော်နေတာ၊ နေရာတကာလိုင်း ပပါချင်ဘူး၊ အပေါ်စား

ဖြစ်မှာစိုးလို့ ကိုယ့်အမြင်နဲ့ကိုယ် ကြည့်ထားကြပါ၊ဘုန်းကြီး
က သာသနာပြုတော့ အပေါစားထဲက ပြုမယ်ဆိုတာအဖြစ်
မခံလိုဘူး၊ ပိပိသသကို ပြုရမှ ကြိုက်တယ်၊ ဘုန်းကြီးက လုတ်
လပ်ရေးမရခင်ကတည်းက ရည်ရွယ်လာတာပါ။ အသက်ကြီး
သော်လဲရည်ရွယ်ချက်ကမရပ်သေးပါဘူး၊ကိုယ်တစ်ယောက်
တည်း ချမ်းသာကိုကြည့်တာလဲ မဟုတ်ပါဘူး၊ နိုင်ငံရဲ့ ကျက်
သရေကို ဆောင်ချင်လို့ပါ။

ရှေးကံအဆက်ပါမှ နောင် ဘာလုပ်ရမလဲဆိုတဲ့ ရည်မှန်း
ချက်က ခု အသက် ၇၀- ကျော်အထိ
ပါပဲ၊ အားလုံးက မကြည့်လိုလို့ ဆဲနေလဲ ဆဲပေါ့၊ အလုပ်က
ဟော့ ရှေသာတိုးရမှာပါ၊ကိုယ်တော်တို့ပါရမီ ဖြည့်ကြပါ။
နောက်ဘဝဆိုတာ ကြာတာမဟုတ်ဘူး၊ခုဆိုလဲဟုတ်, မနက်
ဖြန်ဆိုလဲ ဟုတ်ပါပဲ ကြိုးစားပေးကြပါ၊ တက်နေတဲ့ သူကို
တော့ မီတယ်လို့မရှိပါဘူး၊ သာသနာပြုတယ်ဆိုတာ ဝိနည်း
ကစပြုရတာ ဝိနည်းမပါရင် သာသနာက မတိုးပါဘူး၊
တောင်ဆရာက မြောက်ဆရာကို မကယ်နိုင်ပါဘူး၊မြောက်က
ဒုက္ခက တောင်ကဒုက္ခကို မကယ်နိုင်ပါဘူး၊ ခုဘဝ ကောင်း
တယ်ဆိုတာနောက်ဘဝကပါအဆက်ပါလာတယ်၊မကောင်း
မှုဆိုတာလဲ ရှေးကံက အဆက်ပါပဲ၊ ရှေးကသူတော်ကောင်း
တရား နာကြဖို့သင်ကြရလို့ ပါရမီပြည့်လာတဲ့သူထဲမှာ ကိုယ်
က သူမျှားထက် သူတော်ကောင်းရင် ပိုပြီးတော့ ဝမ်း
မြောက်စရာပါပဲ။

သာမန်နိုင်ငံမဟုတ် ဒီနိုင်ငံက သာမန်နိုင်ငံ မဟုတ်ပါဘူး
သူတော်ကောင်းတို့ရဲ့ ပျော်မွေ့နေထိုင်
ရာဒေသဖြစ်တယ်၊ သူတော်ကောင်းဖြစ်ချင်သူတွေကတော့ ဒီ
မှာပဲတော်တယ်၊ ကခြားနိုင်ငံတွေမှာ လောကခေတ် ပညာ
တွေ ထွန်းကားပါရဲ့၊ ဒါပေမယ့် ကောင်းပေ့ဆိုတဲ့ တကယ့်
တရားတော်တွေကို မနှာ,မကြားရတာက ဆိုးတယ်၊ လူတွေ
ကလဲ အထက်တန်း တွေ့ပါ၊ လောကီသက်မှာ ထွန်းကား
သလောက် ဗုဒ္ဓတရားကို လိုက်စားသူ သိသူက နည်းနည်း
လေးပါ၊ ဒီတော့ ငါဟာ ဘယ်လိုနေရာ ရောက်နေတယ် လို
တာ စဉ်းစားပေးကြပါ။

ပုဂ္ဂိုလ်ခွဲလေးမျိုး လောကမှာ ပုဂ္ဂိုလ်လေးမျိုး လေးစားရှိ
တယ်။

(၁) အမှောင်ထဲက အမှောင်သွားတဲ့ပုဂ္ဂိုလ်၊
(၂) အမှောင်ထဲက အလင်းသွားတဲ့ပုဂ္ဂိုလ်၊
(၃) အလင်းက အမှောင်သွားတဲ့ ပုဂ္ဂိုလ်၊
(၄) အလင်းက အလင်းကိုသွားတဲ့ ပုဂ္ဂိုလ် ရယ်လို့
လေးမျိုး,လေးစားရှိတယ်။

ဒီဘဝလူလာဖြစ်ရတော့လဲ လူ့ဘဝ အောက်ကျနောက်
ကျလာဖြစ်တယ်၊ မလှုပ်တန်း သီလမဆောက်တည်နဲ့ အကု
သိုလ်တရားတွေနဲ့နေပြီး သေသွားတဲ့အခါ နောင်ဘဝ ကျ
တော့လဲ မကောင်းတဲ့ နေရာရောက်ရလို့ "အမှောင်ထဲက

အမြောင်သွားတဲ့ပုဂ္ဂိုလ်''လို့ဆိုရတယ်။ ဒီဘဝမှာလူ့အောက်
တန်း နောက်တန်းမှာ ဖြစ်ရပေတယ်လို့ ဒါနပြုတယ်။ သီလ
အောက်တည်တယ်။ ကုသိုလ်ကောင်းမှု အားထုတ်တဲ့အတွက်
နတ်ပြည်သုဂတိရောက်ရတယ်၊ ဒီပုဂ္ဂိုလ်ကို ''အမြောင်ထဲက
အလင်းသွားတဲ့ ပုဂ္ဂိုလ်''လို့ ဆိုရတယ်။ နောက်ပုဂ္ဂိုလ်က ဒီ
ဘဝမှာ အတက်တန်းမှာတော့ လာဖြစ်ပါရဲ့၊ ကောင်းတာ
ကတော့ ဘာတစ်ခုမှမလုပ်လေတော့ နောက်ဘဝ သံသရာမှာ
မကောင်းဖြစ်ရတယ် ''အလင်းက အမြောင်သွားတဲ့ ပုဂ္ဂိုလ်''
လို့ခေါ်တယ်၊ ''အလင်းက အလင်းကိုသွားတဲ့ ပုဂ္ဂိုလ်''ကျ
တော့ ဒီဘက်ဘဝမှာလဲ အထက်တန်း ဖြစ်ရေး ဒါန, သီလ
စတဲ့ ကောင်းတဲ့အလုပ်တွေကို အားထုတ်တော့ နောက်ဘဝ
မှာ ဂတိကောင်းဖြစ်ရတယ်။

ကုသိုလ်တရား ပွားများမကုန် ဘုရား တရားတော်တွေက လောကီနဲ့စာရင်
ပျင်းစရာကောင်းပါတယ်၊ ဒါပေမယ့် တာ
ရှည်ကျတော့ ဘုရားတရားတော်က အနှစ်ရှိ
တာ၊ အမျိုးညံ့တာ ရုပ်ချောတာက ပြင်လို့မရဘူး၊ ဥစ္စာမရှိ
တာက ရှာရင်ရတယ်၊ ဥစ္စာမရှိတော့လဲ အသက်မွေးရတာ
မစင်ကြယ်ပါဘူး၊ ငရဲရောက်ပဲ့ ကုသိုလ်ပြုချင်လို့ မရပါဘူး။
ဒုဿနဿောဆိုတဲ့ သူဌေးသားလေးယောက် ငရဲကျတော့
လူ့ဘဝတုန်းက ကုသိုလ်မပြုခဲ့ရလို့ ငရဲရောက်မှ လူ့ပြည်က
ကောင်းပုံတွေ ဥဒါန်းကျူးကြတာ၊ ကုသိုလ် တရားတော
အများကြီးရှိပါတယ်၊ ပြုတတ်ရင် မကုန်ပါဘူး။

ကောင်းတာဆို တွန့်ဆုတ် တွန့်ဆုတ် သူတော်ကောင်းတွေ ဘဝဆုံးတာ
ရဟန္တာဖြစ်မှပါ။ ကိုယ့်ကိုယ်ကို အမှ
တမဲ့ ပနေကြပါနဲ့၊ မေ့လျော့နေတ
သူတွေကို မမေ့တဲ့သူတွေက ကျော်လွှားသွားကြပါတယ်
စကားလဲ သိပ်မပြောကြပါနဲ့။ အလုပ် လုပ်စရာ ရှိရင်လု
လုပ်စရာမရှိရင် တရားနှလုံးသွင်းနေ။ မမေ့သူက ဒီဘဝတွ
မကဘူး၊ နောင်သံသရာမှာလဲ အထက်ကပါပဲ။ ဒီကျောင်
မှာ ကိုရင်လေးတွေကအစ ရပ်မနေကြပါနဲ့။ ကိုယ်တော
ကြီးတွေကလဲ တိုးပေးကြပါ။ ဘုရားတစ်လှမ်းသွားရ
ကိုယ်ကဲ့ လေး, ငါးလှမ်း သွားရတယ်။ နွေရှိသရွေ့ ဝိရိယ
တို့ကို လျှော့မပေးပါနဲ့။ ရှေ့တိုးပေးပါ။ သတ္တိဆိုတာ
မကောင်းတာရော ကောင်းတာရော ရှိထားရတယ်။ လူဆိ
တာ ကောင်းတာဘက် သွားရ, လုပ်ရမယ်ဆိုရင် တွန့်ဆုတ်
တွန့်ဆုတ်နဲ့ ပျင်းတတ်ကြတယ်။

ရိုးရိုးဖလေးနေပါ ''လူမှုဘဝမျိုး ကြက်မှုဘဝရိုး''တဲ့။ လူ
တစ်ယောက်မှာ အကျိုးကောင်းရင် စွန့်
စားမှု ရှိကြတယ်။ နေရာတိုင်းမှာ စွန့်စားလေ့ရှိတယ်။ ကြက်
ဆိုတာလဲ အမျိုးကောင်းပြီဆိုရင် အဒသအလဲ ခွပ်ကြလေ့
ရှိတယ်။ ကိုယ်တော်တို့ ဘုရားအာရုံ ပြုရတာက ဉာဏ်တိုး
တယ်၊ စိတ်ကြည်လင်တယ်။ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်
ကို မြှင့်တင်ရတယ်။ ခုခေတ် လူတွေဆိုတာ ရှေးခေတ်က
လောက် မထက်မြက်ကြပါဘူး။ ဘုရားအာရုံပြုတယ်ဆိုတာ

အစိတ်စိတ် စဉ်းစားရတယ်၊ လောကီအာရုံတွေကို အထင်မကြီးသင့်ဘူး။ ဘုရားအာရုံနဲ့ နေရတာက ကောင်းတယ်။ ဘူးများကို မကြည့်နဲ့၊ အထင်မသေးနဲ့၊ အထင်လဲမကြီးပါနဲ့၊ ကိုယ့်ဘာသာကိုယ် ရိုးရိုးငလေးနေပါ။

တစ်ဦးနဲ့တစ်ဦး မရှိသေရင် ကောင်းတာလုပ်နေသူကို ကောင်းကျိုးက ပေးနေတာပါပဲ။ မကောင်းတာ လုပ်နေသူကို မကောင်းကျိုးက ပေးနေတာပါပဲ။

တို့က သူများအထင်ကြီးရုံ မလုပ်ကြပါနဲ့။ ရိုးသားပါစေ၊ ကိုယ်က ရိုးသားမှ ကိုယ့်ကိုလဲ သူတော်ကောင်းလို့ ယူဆရမယ်။ ကိုယ်က သူတော်ကောင်းတရားနဲ့ပြည့်စုံနေမှ ကောင်းပါတယ်။ သိကြားမင်း ဖြစ်ချင်ရင်လဲ မိဘကို လုပ်ကျေးရတယ်။ ဆွေမျိုးကို စောင့်ရှောက်ရတယ်။ နှုးညံ့တဲ့စကားပြောရမယ်။ ရန်တိုက်မပေးရဘူး၊ ဝန်မတိုရဘူး၊ သစ္စာရှိရတယ်၊ ဒေါသမကြီးရဘူး။ ဘုန်းကြီးကတော့ နိုင်ငံနဲ့လူတွေ ကောင်းစားလို့ရှိရင် ဘယ်လောက်ကောင်းမလဲလို့ ယူဆလေးတယ်။ ကိုယ်က မိဘကို လူဝတ်ကြောင်ဘဝနဲ့ ကျေးဇူးမဆပ်နိုင်ဘဲ ရဟန်းဘဝကနေပြီး တရားဟောပေး၊ တတ်နိုင်သမျှ ထောက်ပံ့မယ်ဆိုရင် လူ့ဘဝတက်သာသေးတယ်။ လောကကြီးမှာ တစ်ဦးနဲ့တစ်ဦး မရှိသေရင် ပျက်စီးရတာပဲ။

ပန်းချီဆွဲထားသလို ကျန်းမာရေးကို သတိမလစ်ကြစေနဲ့။ ခုခေတ် လူတွေက ရှေးတုန်းက လို ကျန်းမာရေး မကောင်းကြဘူး။ ကျန်းမာရေးမကောင်းရင်

အလုပ် အထမမြောက်ဘူး "ဖြူန်းကနဲ ဝမ်းသာ၊ ပျာကယာစိတ်ပျက်" ဆိုတာလိုပဲ စာမေးပွဲဆိုတာ အောင်တုန်းက ဝမ်းသာပြီး နောက်ကျတော့ ကျန်းမာရေးတွေ ဘာတွေ ချို့နေရင်စိတ်ပျက်ရတယ်၊ ဒါယိကာမတွေဆိုတာဒါယကာတွေ ထက် လူဒါန်းတဲ့နေရာမှာ ဘာတယ်၊ ဒါယိကာမတွေက ဒီကျောင်းတိုက် ရောက်လာကြတော့ ပန်းချီ ဆွဲကာလေး အောက်မေ့ရတယ်လို့ ပြောကြတယ်။

ပိုပြီးကောင်းအောင်နေ မြန်မာနိုင်ငံက ကုသိုလ်တော့ ပြုပါရဲ့၊ ဇရပ်ဆောက်၊ ကျောင်းဆောက်နဲ့ နောက်ပြီး နေမယ့်သူက မရှိတော့ လူရတဲ့သူမှာ အကျိုးနည်းရတယ်၊ လူတွေကြည်ညိုတယ်ဆိုတာတခဏတော့ မလွယ်ဘူး၊ ဒါယကာ ဒါယိကာမတွေနဲ့ အနီးကပ် ပေါင်းရတာမလွယ်ဘူး၊ ကျောင်းထဲရောက်ပါမျှားတော့ အပြင်ပန်းပြတာကောင်းတာပါ၊ အတွင်းထဲကျတော့ ဘယ်လိုပါလို့ ပြောမှာကို ဘုန်းကြီး စိုးပါတယ်၊ ဒါကြောင့် ကိုရင်တို့ဦးပဉ္စင်းတို့ကို ဘုန်းကြီး ကြိုးကြပ်ပေးနေတာ လွန်သလား၊ သူတို့က ပိုပြီး ကြည်ညိုတော့ တို့ကလဲ ပိုပြီးကောင်းအောင် နေထိုက်တယ်။

ခုသားခုကဲ့ ရှေးကတော့ မင်္ဂလာ ဆောင်တော့မယ် ဆိုရင် သုံးနှစ်လောက် စဉ်းစားကြသေးတယ်၊ ဒါမှ ကိုယ်တူ စိတ်တူနေရတာ၊ ခုခေတ်ကတော့ မီးရထားပေါ်လဲ မင်္ဂလာတာပဲ၊ ရုပ်ရှင်ရုံထဲလဲ မင်္ဂလာတာပဲ၊ လမ်းသွားရင်လဲ

မင်္ဂလာတာပဲ၊ ဒါကြောင့် ခဏချင်းညားပြီး ခဏချင်းကွဲကြတာပဲ၊ ခုလဲ ခဏကြည်ညို ခဏကြည်ညိုပျက်ဆိုမဟန်ပါတူး။

အဇေးလွယ်လျက် အနီးခက် ခေတ်ပညာတတ်တွေက ဘုန်းကြီးတွေကို ပေးနှန် ကြတယ်၊ လူတွဲ့ နေရာမှာ ကုသိုလ်ရမှ လူကြပါ၊ အလှတစ်ခုလုပ်ရင် စဉ်းစားပါ။ ကိုယ့်ဘက်မှာ အကျိုးများများရှိမှ လူကြပါ၊ ပတ်ဝန်းကျင်က မြင်ရင်လဲ မမှန်းလောက်အောင် လုပ်မှ ကောင်းပါတယ်၊ 'ခုရှုပ်မှ နောင်ရှင်း' ဆိုတာလို ကြည်ညိုသူတွေနဲ့ပေါင်းရတာက ခက်တယ်၊ မလွတ်လပ်ပါဘူး၊ တာဝန်ရှိတယ်ပေါ့လေ၊ မသိမသာ ကြည်ညိုဘူးနဲ့မှကောင်းတာ၊ အဲဒါက သူလိုကိုယ်လိုနေလို့ရတယ်၊ ဘာဖြစ်ဖြစ် ဘုန်းကြီးကတော့ အလုပ်တစ်ခုမှာ လွယ်လွယ်နဲ့ လက်မခံပါဘူး၊ အနီး ခက်တယ်၊ အဝေးလွယ်တယ်။

လူ့အကြောင်း ပေါင်းမှသိ လူတစ်ယောက်ရဲ့အကြောင်းကိုမသိပေမယ့် "မလေးပေးတဲ့ ခွေးဟောက်မြှစ်၊ ကြာကြာပါးမှ ခါးမှန်းသိ" ဆိုတာလိုပါပဲ၊ လူတစ်ယောက်ရဲ့ အကြောင်းကိုသိချင်ရင် (၁) ကြာကြာဆက်ဆံရမယ်၊ (၂) အကဲခတ်ရမယ်၊ (၃) အကဲခတ်တဲ့ ပညာလဲရှိရမယ်၊ လူတစ်ယောက်ကို ဘာမသိ, ညာမသိနဲ့ ယုံနေရင် ဘာမှသိမှာ မဟုတ်ဘူး၊ ကြည်ညိုအောင် နေမှလဲ ကြည်ညိုမှာ၊ အချောင်နေရင်တော့ တစ်ခြားမှာ သိပ်ကောင်းတာ၊ ရှေ့နေကြပေါ့၊ လူလောကမှာ လူလေးစားအောင် နေဖို့ရာ

မလွယ်ဘူး။ အားလုံး အပိုအလျှံတွေ မရှိပါစေနဲ့၊ လူကဲ့ရဲ့ခံရတတ်တယ်၊ ခုဘဝမှာ ကိုးရိုးကားရား နေရင် နောက်ဘဝ မသက်သာဘူးဆိုတာ မှတ်ပါ။

ဘုရားသြဝါဒ စိတ်ကယုံကြည်ရင် ခုခေတ် ဆရာတွေ ဖိတ်တွေ အဆုံးအမ ကောင်းတယ် ဆိုပေမယ့် ဘုရားပေးခဲ့တဲ့ သြဝါဒတော့မမီပါဘူး၊ စိတ်ရော, ကိုယ်ရော ရှင်အောင် ဘုရားအာရုံ မေတ္တာနဲ့နေမှ ကောင်းတယ်၊ တို့တစ်တွေဟာ သက်တော်သင်ရှား မြတ်စွာ ဘုရားကို မတွေ့မမြင် မဖူးလိုက်ရပေမယ့် ဘုရားသာသနာနဲ့ တွေ့ရလို့ တကယ်ဝမ်းသာစရာ ကောင်းပါတယ်၊ ဘုရားစကားတော်တွေ ဘုရားတရားတော်ကို သင်ကြားရ, သိရလို့ စိတ်ကတကယ်ယုံကြည် လေးစားမယ်ဆိုရင် ဘုရားနဲ့နေရ သလိုတွေ့ရသလို မြင်တာပါပဲ။

သားသမီးတွေ ထိန်းခိုင်းချင် တို့မြန်မာတွေချာတူး အဖြစ်များနေတာက မိန်းမတွေက အလုပ်များများ လုပ်နေရလို့ ငယ်ငယ်ကတည်းတဲ့ ကလေးတွေကျတော့ ညုံညုံနေကြတာ၊ မိန်းမတွေက ယောကျ်ားတွေထက် အလုပ်သက်ဝက်လောက် လျှော့လုပ်ဖို့ ကောင်းတယ်။ ကလေးတွေကို သေချာချာပြုစုပြီးနေဖို့ကောင်းတယ်၊ ဘုန်းကြီးကတော့ သာသနာ့တာဝန်လဲ ဆောင်နေရ, လူတွေလာတော့လဲ တရားစကား စသည်ဖြင့် ဟောပြောရ, ကိုယ်တော်တို့လဲ ဆုံးမ, ရန့်

သူမျှားနေရာ အလုပ်ဝင်လုပ်ရတဲ့ ရွှေနေနဲ့ တယ်တူတာပဲ၊ ဘုန်းကြီးသာ နိုင်ငံမှာ အာဏာရှိရင်တော့ မိန်းမတွေအလုပ် ထက်ဝက်ပဲ လုပ်ရမယ်လို့ အမိန့်ထုတ်ပြီး သားသမီးလေး တွေကို ကောင်းကောင်းကြီး ထိန်းခိုင်းချင်တယ်။

စမ္မတ္တုဟာ

အတွဲ (၂၁) အမှတ် (၄)

(၁၉၇၂၊ ဇွန်လ)

မိဘကျေးဇူးဆပ်ကြ သာသနာ မူမပြောင်းစေနဲ့

ကိုယ့်ကံကို တန်ဖိုးထားကြ

ကိုယ့်ကံကို အမြဲတမ်း တန်ဖိုးထားကြ။ စိတ်ရင်း ကောင်းပေမယ့် အသိမတ်ုးတဲ့ လူမိုက်တွေ အများကြီးရှိတယ်။ ကိုယ့်ကိုယ် ကို ခံစား,စံစားရအောင် လုပ်နေရင် လူကောင်းမဟုတ်ဘူး။ လူမိုက်ဟာ ဉာဏ်ရှိပေမယ့် သူ့အကျိုးမဲ့ဖို့ရာ ဉာဏ်ပါလာ တာပဲ။ တချို့က ကောင်းပါရဲ့၊ အေးစက်စက်ကြီးဆိုတော့ လူချီးမွမ်းလို့ မကောင်းဘူး။ အလောင်းအလျှောတွေက်တော့ ဒီဘဝလဲကောင်း၊ နောက်ဘဝလဲ ပိုကောင်းသွားတာပဲ။ နှတ်တွေကကို. ချီးမွမ်းရတယ်။

ရဟန်းပေမယ့် မိဘလုပ်ကျွေး

ရဟန်းဖြစ်ပေမယ့် မိဘများကို လုပ်ကျွေး ရတယ်။ ဘုရားလက်ထက်က သူဌေးသား လုလင်တစ်ယောက်ဟာ ရဟန်းဝတ်သွား တယ်။ သူ့မိဘများမှာလဲ အသက်အရွယ်ကြီးတော့ ပစ္စည်း တွေ လိုက်သိမ်းမယ့်သူ မရှိဘူး။ ဒီလိုနဲ့ ဆင်းရဲပြီး တောင်း

စားနေရရှာတယ်။ တစ်နေ့တော့ ရဟန်းတော်လေးဟာ ဒီ
သတင်း ကြားရတော့ မိဘများရှိရာ သာဝတ္ထိပြည်ကို ပြန်
လာ၊ နောက် ဘုရားသီရောက်၊ ဘုရားရှင်က မိဘများ လုပ်
ကျွေးဖို့ မိန့်တော်မူတဲ့အတွက် ရဟန်းတော်လေးဟာ ဇနေဒေ
ဘွမ်းခံပြီး ပြုစုလုပ်ကျွေးနေတယ်။

မိဘကျေးဇူး ကြီးမစွ ဒီလို ဆွမ်းခံကျွေးတော့ ရတဲ့အခါမှာလဲ ရ၊ မရတဲ့အခါလဲ မရနဲ့၊ သူ့မှာ တစ်နေ့မှ ၀၀ စားရတယ် မရှိပါဘူး။ ဒီတော့ သူ့မှာ ကိုယ်သား ကိုယ်ရေတွေ ပိန်ချုံးလာတယ်။ သားက ရဟန်း တော်တွေက မြင်လို့ မေးတဲ့အခါ မိဘများ လုပ်ကျွေးတဲ့ အကြောင်း ပြောပြတော့ အခြားရဟန်းတွေက ကိုင်းသူ ပြည်သားများက ဧတနာနဲ့ လှူဒါန်းတဲ့ ဆွမ်းကို မိဘများ ကျွေးရမလားလို့ မြတ်စွာဘုရားထံ လျှောက်ကြတော့ မြတ်စွာ ဘုရားက မိဘလုပ်ကျွေးမှန်းသိလို့ သာဓုသုံးကြိမ်ခေါ်တော်မူတယ်။ ပြီးတော့ ဘုရားရှင်က "ရဟန်းတို့ ငါတုန်း ကိုယ်တော်တိုင် အလောင်းတော်ဘ၀တုန်းက မိဘလုပ်ကျွေး ခဲ့ဖူးကြောင်း" ပိန့်တော်မူတယ်။

သုဝဏ္ဏသာမ မြစ်ရဲ့ဟိုဘက်ကမ်း သည်ဘက်ကမ်းမှာ တံငါ သည် နှစ်ဦး ရှိကြတယ်။ တစ်ဘက်ကမ်းက တံငါသည်မှာ 'ပါရိကာ' ဆိုတဲ့ အမျိုးသမီးလေးကို ဖွားမြင် တယ်။ တစ်ဘက်ကမ်းက တံငါသည်ကြီးမှာတော့ အမျိုး သားလေး တစ်ယောက် ဖွားမြင်တယ်။ မွေးဖွားစဉ် ဘွဲ့ဖြူ

ပုဆိုးနဲ့ ခံယူတဲ့အတွက်ကြောင့် "ဒုကူလ" လို့ နာမည်မှည့် ကြတယ်။ ရှယ်ရောက်တော့ လက်ထပ်ကြတယ်။ သူတို့က တံငါအလုပ်လဲ မလုပ်ကြတော့ မိဘများက တောထွက်ကြဖို့ ပြောတော့ နှစ်ယောက်သား တောထွက် သွားကြ တယ်။ တောထဲမှာနေတဲ့အခါ သိကြားက မျက်စိကွယ်မှာကို မြင်လို့ သား တစ် ယောက် ယူ ဖို့ ရာ ပြော တော့ ငြင်း သေး တယ်။ နောက် သိကြားမင်းက ချက်ကို လက်နဲ့သုံးသပ်ဖို့ ပြော တော့မှ လက်ခံလိုက်တယ်။ ဒီလိုနဲ့ သုဝဏ္ဏသာမဆိုတဲ့ သတ္တိ သားလေး ဖွားမြင်လာတယ်။

မှန်သောသစ္စာ တစ်နေ့တော့ မိဘများက သုဝဏ္ဏသာမ သစ်သီးရှာ သွားနေတုန်း မိုးတွေက ရှာ လာလို့ သစ်ပင်စောက် ဝင်ခိုကြတယ်။ သူတို့ ခန္ဓာကိုယ်က ရေနဲ့အလူကျလာတဲ့ ဓွေးတွေဟာ အောက်တောင်ပို့တွင်းထဲ ကျတဲ့အခါ အထဲက မြွေတ ဒေါသဖြစ်ပြီး အခိုးနဲ့ မှုတ် ထုတ်လိုက်တော့ မိဘနှစ်ပါး မျက်စိကွယ်ရရှာတယ်။ သုဝဏ္ဏ သာမလဲ မိဘနှစ်ပါးကြောင့် လိုက်သွားပြီး ဒီအခြင်းအရာကို မြင်တော့ ငိုကြွေးပြီး မိဘတွေကို ပြန်ခေါ်လာကာ သူ့ ကိုယ်တိုင် လုပ်ကျွေးနေတယ်။ တစ်နေ့တော့ သမင်လေး တွေနဲ့ မိဂသမ္မတာမြစ်ကမ်း ရေခပ်ဆင်းအသွား ဗာရာဏသီ မင်းကလဲ သမင်လိုက် အတွက် အလာနဲ့ တွေ့ကြပါရော။ မင်းကလဲ မစူးစမ်း မဆင်ခြင်ဘဲ မြားနဲ့ပစ်လိုက်လို့ မြား အဆိပ်တက်ပြီး လဲနေရတယ်။ ရှင်ဘုရင်လဲ မှားမှန်းသိပြီး

သူ့မိဘတွေ သွားခေါ်လို့ ရောက်တယ်ဆိုရင်ပဲ သစ္စာဆိုကြလို့ သုဝဏ္ဏသာမ အသက်ရှင်ရတယ်။ ဘုရားရှင်လဲ အတိတ် အကြောင်းကို အကျယ် ပြောပြတော့မှ ရဟန်းတွေလဲ ကျေနပ်သွားကြတယ်။ ဒါကြောင့် ကိုယ်တော်တို့လဲ မိဘများကို တတ်နိုင်သလောက် လုပ်ကျွေးပြုစုကြပါ။ လုပ်ကျွေးပြုစုကောင်းပါတယ်။

ကျူပင်ခုတ်သလို ကိုယ်ကလုပ်ရင်ပြီးရောလို့ မလုပ်ကြပါနဲ့။ ဒီကျောင်းတိုက်က မိသားစုသဘောမျိုးနေကြတာ။ ဘုန်းကြီး ပခုက္ကူတုန်းက အစာရေစာက ညံ့တော့ ကျန်းမာရေး မကောင်းခဲ့ဘူး။ စာလိုက်ရတာရယ်၊ ဆရာသမားတွေ ဘက်ရယ်ကတော့ ကံကောင်းပါတယ်။ ဘုန်းကြီးကို ငယ်ငယ်တုန်းက ဘယ်သူကမှ အရေးမလုပ်ကြပါဘူး။ ကိုယ့်ဘာသာကိုယ် ကျန်းမာရေးဘက်ကရော, စာဘက်ကရော ကြိုးစားလာခဲ့ရတယ်။ ကျန်းမာရေးဆိုတာ 'ကျူပင်ခုတ် ကျူငုတ်မှမကျန်ရ' ဆိုတာလို ရောဂါကို ငယ်ကတည်းက ကုပေးကြပါ။ ကုရင်လဲ ရောဂါကြွင်း ချန်မထားကြနဲ့၊ အမြစ်ပြတ်ကုကြ။ ဒါကြောင့် ရှေးဆရာတော်ကြီးတွေက "ကြွေးမြီအကြွင်း၊ မီးအကြွင်းနှင့်၊ ရကြွင်း တစ်ဖန် ရောဂါဒဏ်၊ အကျန်မရှိရာ"လို့ ဆိုကြတယ်။

ဗုဒ္ဓကျမ်းစာ သိပ္ပံသက်သေ တို့သာသနာက မေတ္တာနဲ့ ဘုရားအာရုံနဲ့ နေရင် ရန်တုရန်ဘက်တွေရှိသော်လဲ အလိုလို ငြိမ်းအေးပါတယ်။ အရှည်ကိုကြည့်ပါ။

တစ်ဖက်သတ် စာတတ်ဖို့လဲ မမျှော်လင့်ကြပါနဲ့။ ကျန်းမာရေးကို ဂရုစိုက်ပါ။ သုဝဏ္ဏသာမ သတ္တိသားဟာ ချက်ကို လက်နဲ့ဆုံးသပ်ရုံနဲ့ မွေးဖွားလာတယ်လို့ ဆိုတယ်၊ ဒီဇာတ်ကို ထောက်ရင် ခုခေတ် သိပ္ပံပညာရှင်တွေက ယောကျ်ားရဲ့ကိုယ်ပေါ်မှာရှိတဲ့ ပိုးကောင်ကို မီနစ်းမရဲ့ သားအိမ်ထဲ တစ်ကောင်လောက်ဖမ်းထည့်ပြီး စမ်းသပ်ကြတာ၊ ကာမဂုဏ်မရောယှက်ပဲ ရတယ်ဆိုတဲ့ သိပ္ပံအကြောင်း ပညာရှင်တွေ ဘက်က ဗုဒ္ဓကျမ်းစာကို ထောက်ခံနေတယ်။

ဆေးမျိုးစုံမှ ဆေးတမုံဖြစ် ဘုန်းကြီးက တစ်ခုပြောထားရင်တစ်ယောက် အတွက် ပြောတာမဟုတ်ဘူး။ တစ်ယောက်ကို ပြောရင် ငါ့ပါပြောတယ်လို့ သိရမယ်။ ဆေးတစ်ဖုံဟာ ဆေးမျိုးစုံမှဖော်ဖြစ်သလို စာချ ဘုန်းကြီးတွေလဲ အစစအရာရာမှာ စုံထားရတယ်၊ ဒါမှဆေးဖော်တာနဲ့ စာချတာတူမယ်။ ဆရာဝန်တွေဆိုတာ အမျိုးမျိုးရှိပါတယ်။ သူတို့ဆေးတွေဟာ ပျောက်တာလဲရှိ၊ မပျောက်တာလဲရှိ။ အချို့မြန်မြန်ပျောက်တယ်၊ ဆေးလဲ့သွားရင်လဲ မသက်သာပါဘူး၊ မြန်မာ့ဆေးကတော့ ကုသရတဲ့နေရာမှာ တာရှည် ပါတယ်။ အင်္ဂလိပ်ဆေးနဲ့မရလို့ မြန်မာ့ဆေးနဲ့ကုရတဲ့လူနာပေါင်းများစွာရှိပါတယ်။ လောကမှာ ဓာတ်စာဆိုတာ ဆန်းပါတယ်။ ကိုယ်တော်တို့က ကံကမပါတော့ ကောင်းတဲ့အစားစားရင် အစာမကျေကြဘူး။

တန်ဖိုးရှိရှိနေပါ ကိုယ်နဲ့ သက်ဆိုင်တဲ့ လူတစ်ယောက်ဟာ တစ်ခုခုဖြစ်ပြီသိုရင် ကိုယ့်ရဲ့ထံမှာ အရိပ်နိမိတ်လောက်တော့ ထင်တတ်ပါတယ်။ ကံ, ဉာဏ်, ဝိရိယ ကတော့ဆန်းပါတယ်။များသောအားဖြင့် တော်သူ,တော်ဝင်သားတွေဟာ အလုပ်က များနေတော့ ရောဂါကို နှုသေးရင် အရေးမစိုက်ကြဘူး၊ ရောဂါလွန်မှ ဆေးကုကြတာတွေများနေတော့ မရကြတော့ဘူး။ မရိုးကြပါနဲ့၊ မအ, ကြပါနဲ့။ တိုးတက်လမ်းမရှိဘူး။ကံဆိုကာ တစ်ယောက်နဲ့ တစ်ယောက် ကွာခြားပါတယ်၊ သူများအားမကိုးကြနဲ့ ၊ တစ်ဘဝမှာ ကံအားလျော်စွာ ရထားတဲ့ရုပ်ကို မှလျှော့ကြစေ၊နဲ့ ပြုပြင်ပေးကြ။ကိုယ့်ကိုယ်ကို တန်ဖိုးရှိရှိနဲ့ နေရင်တန်ဖိုးရှိပါတယ်၊တိုးလဲတိုးတက်ပါတယ်။မွေ့ကတည်းကရုပ်ကျချောပြီးသားတွေပါ၊ နောက်ကြီးလာတော့ မပြုပြင်လို့ ညံ့ကုန်တာ၊ အဆင့်အတန်းမြင့်လာရင် ရုပ်က ချောလာပါတယ်။ ကိုယ့်ရုပ်ကို မဖျက်ကြနဲ့။

အကြွားမှားနေကြ သူများကလေ့တုတ်နေရင် ကိုယ်ကပြုံးနေလိုက်ပါ။တုတ်နဲ့ တော့ပြန်မဆော်ကြနဲ့ ။လူတစ်ယောက်မှာ တိုးတက်လာတာက ရုပ်ချော, အသံကောင်း, ဉာဏ်ကောင်း, ဝိရိယကောင်း, ကျန်းမာရေးကောင်းဆိုတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံမှု။ ဘုရား အာရုံပြု ဆိုတာ အလကားမှတ်မနေနဲ့ ။ဘုရားက မြင်လို့ပြောတာ။ ရေတို့ကို အားကျနေရင် အလကားပါပဲ။ ရေရှည်မြင့်တင်ပေးရမယ်။

ဘုန်းကြီးကမတ၊ ၂ နှိုင်လို့၊ တတ်နိုင်ရင် ကိုယ်တော်တို့ကို အာ ရှိတဲ့အစားချည်း ကျွေးနေမှာ။ တပည့်တွေ နာမည်ကြီးတာ ကို အားပေးကြတယ်၊ ဂုဏ်ရှိဖို့ မြင့်နေကြတယ်။ဘုန်းကြီးက တော့ ဒါတွေကိုကျော်ပြီး မြင်နေပါတယ်။ နောက်ဘဝက ညံ့လို့ အခုဘဝလဲ ညံ့နေကြတာ။ အလက်တန်းဆိုတဲ့လူတွေကို ဘုန်းကြီးတွေက အထင်ကြီးနေတာ ကိုယ်က အရည်အချင်း ညံ့လို့ပါ။လောကမှာလာဘ်ပေါ်များတာကို ဂုဏ်ယူပြီး တိုက်ပေါ်ကနေပြီး ကြွားနေကြတယ်၊ ဘုန်းကြီး ကြွားတာက သီလ, သမာဓိ, ပညာဆိုတဲ့ တရားတွေနဲ့ကြွားနေတာ၊ တိုက်ကြီးပေါ်ကဆွဲနှုံ့ပြီးမကြွားရဘူး၊ အဲဒါတွေ အကြွားမှားနေကြတာ။

ကိုယ်တွင်းကိုလေသာ ဘုန်းကြီးကလဲ ဘုန်းကြီးကိုယ် ဘုန်းကြီး ချောလို့ပြောတာမဟုတ်ပါဘူး၊ သူတို့က ဘုန်းကြီးကို လိမ်ကြတယ်။ ရုပ်ဆိုးတော့ ဆိုးတယ် ပြောကြတယ်၊ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ကိုတော့ မစဉ်းစားကြ ဘူး။ဘုရားကတော့ ရုပ်ကလဲချော၊ အသံကလဲကောင်း၊ ကရိယာ ဝိုက်ကြိုးကြာအသံလိုပဲ၊ သာလဲသာယာ၊ ဘယ်၊ နားထောင်လို့ ကောင်းတယ်။ ဘုရားအကြောင်းနဲ့ ဘုရားတွေးနေရတာ၊ အာရုံပြုနေရတာက 'ပဝေါ်ရ ဝ, ကာ ', ဆိုတာလို့ အားမရ ဘူး။ဘုရားရဲ့ကိုယ်တော်က ထုံးထုံးဝန်းဝန်းရှိတယ်။ ဘုရားနဲ့ သေရင် သေပါစေ၊ ထိပ်တန်းဘုရားကိုအာရုံပြုပဲ၊ မဆည်းကပ်ပဲ မနေသင့်ပါဘူး။ ဒါ့ကြောင့် တရားအာရုံနဲ့၊ မေတ္တာနဲ့

နေကြပါ။ သူများကို လိုက်ကြည့်မနေကြနဲ့။ ကိုယ့်ကိုယ်တွင်း ကိလေသာတွေကို ဘုရားတရားတော်တွေနဲ့ ကုစားကြ။

ဒါနနဲ့သီလမှာ သီလက မူလ စာနဲ့ချည်းပြီး မနေကြနဲ့၊ တရားလဲ လိုက်စားပေးရတယ်။ ဆရာတော်တွေက ညွှန်းကြတယ်။ သေဒါနီးမှာစာသမားက ပူပန်ရတယ်၊ အရွယ်သုံးပါးရောက်တဲ့သူတွေ စဉ်းစားထားကြပါ။ အများကမေ့လျော့ခြင်းဆိုတဲ့တရားတွေနဲ့နေကြတာ။ အမေ အဖေ ဆရာသမားပေမယ့် မကောင်းရင် အလေး မပြုထိုက်ဘူး။ ကမ္မဋ္ဌာန်းချည်းဆိုတော့လဲ ပျင်းလာတယ်။ စာနဲ့လဲနေ မှု၊ စိတ်ကိုပျော်ရွှင်အောင် အားပေးတယ်။ စာတွေကို မဟာ လို့မဖြစ်ဘူး။ လောကကြီးမှာ နည်းနည်းလျော့လာပြီ၊ သာ သနာမှာ ရှင်အရဟံရောက်စက တော်သေးတယ်။ အလှူဒါန နဲ့ သီလမှာ အလှူဒါနက မူလမဟုတ်ဘူး၊ သီလက မူလဖြစ် တယ်။ အလှူပေးတာတွေများတော့ အပိုတွေ ကုန်ကျတယ်။ တတ်နိုင်ရင် ပြုပြင်ပေးကြပါ။

အများသူငါ ကောင်းပါစေ ဒီကျောင်းတိုက်ကို တိတ်ဆိတ်ပြီးရင်း တိတ် ဆိတ်စေလိုတယ်။ ဘုန်းကြီး ရည်ရွယ်ချက်က သာသနာ ဖြန့်ချီမယ်လို့ရည်ရွယ်တားတယ်။ သဘာဝကိုတော့ နားလည်အောင်လုပ်ပါ။ ဘာသာဝင်တွေ ကလဲ သဘောပေါက်ပါစေ။ ဒီလာတဲ့၊ နားလည်တဲ့သူတွေကို ပြောပေးနေပါတယ်။ ဒီလိုများလာမှ သာသနာ ကျယ်ပြန့် လာမှာ။ သူများကိုထိခိုက်ပြီးလုပ်မှာမဟုတ်ပါဘူး။ ညင်ညင်

သာသာပြုဖို့ရှိပါတယ်။ ဘုရားတရားတော်တွေကို များများ ကန်တော့ပေးကြပါ၊ ဟေးလား, ဝါးလား, ရယ်လား, မေ: လားနဲ့ ရပ်ရွာအကြောင်းတွေ ပြောမနေကြပါနဲ့။ ကိုယ် ကောင်းရေးတွင်မဟုတ်ဘူး၊ ကိုယ်နဲ့ သက်ဆိုင် ဘူးတွေပ ကောင်းပါစေ။

တို့တစ်တွေ မှားနေကြပြီ ဘုရားပွဲတွေ လုပ်နေကြတယ်။ ဘုရားပွဲ ကျင်းပရင် ရှပ်ပွားတော်တွေကို ဇာတ်ခုံရှေ့ ထားရလိမ့်မယ်။ အပြိုမ့်မင်းသမီးက ခုန် လိုက် ကလိုက် သီချင်းဆိုလိုက်နဲ့ဆိုတော့ ဘုရားက ပြုံးပြီး နေလိမ့်မယ်။ ဒါ ဘုရားကန်တော့တာတဲ့လား။ ရှေးသူတော် ကောင်းကြီးတွေ ပရိနိဗ္ဗာန်စံတော့ ဘာပွဲမှမပါဘူး။ နတ် တွေကတော့ ပျော်တဲ့အနေနဲ့ မဟုတ်ဘူး၊ ကန်တော့တဲ့ အနေနဲ့ ကကြပါတယ်။ ခုလူတွေကတော့ ပျော်လို့ကို ကဲနေ ကြလာ။ တို့တစ်တွေကတော့ မှားနေကြပြီ။

အပ်သွားရာ အပ်ချည်လိုက်ရ တစ်ခါက ရှင်ဘုရင်နဲ့ မိဖုရားက ဆရာ တော် တစ်ပါးထံ သွားပြီး "ဆရာတော် ဘုရား၊ ငရဲမှာ လူတွေကျပ်နေတယ်" လို့ ပြောပါတယ်။ "ဒါကြောင့် တပည့်တော်သေရင် ငရဲသွား ရမှာ မဟုတ်တော့ပါဘူး ဘုရား" လို့ လျှောက်တော့ ဆရာ တော်က "ဒါယကာ ဒီတိုင်ကြီးဟာ အကြားရှိသလား" လို့ မေးတော့ မရှိတဲ့အကြောင်း လျှောက်တယ်။ "ဒီတိုင်ကြီး ထဲကို တူနဲ့ သံမှိုရိုက်သွင်းတော့ ဝင်မသွားဘူးလား" လို့

မေးပြန်တယ်။ ဝင်သွားကြောင်းလျှောက်ရာ ဆရာတော်က "ငရဲမှာ ကျပ်နေတာနဲ့ မဝင်ဘူး မမှတ်နဲ့။ တိုင်ကို သံမှိုနဲ့ ရိုက်သွင်းသလို သင့်မှာ အကုသိုလ်မှုတွေ ရှိခဲ့ရင် အကုသိုလ် တည်းဟူသော တူကြီးနဲ့ သံမှိုတည်းဟူသော သင့်ကို ငရဲ တည်းဟူသော တိုင်ထဲ ရိုက်သွင်းလိုက်ရင် မဝင်မရှိ ဝင်သွား မှာပါပဲ" လို့ မိန့်တော့ မိဖုရားက သူတော့ သွားရမှာ မဟုတ် ကြောင်း ဆရာတော်ကို လျှောက်ပြန်တဲ့အခါ ဆရာတော်က "အပ်က ရွှေကသွားရင် အပ်ချည်က နောက်ကလိုက်ရမှာ သေချာပါတယ်" လို့ ထပ်မိန့်လိုက်တယ်။

သာသနာ မှုမပြောင်းစေနဲ့ ဘုန်းကြီး ကျောင်းက အသားမကျသေး လို့၊ အသားကျရင် ခုလုပ်တဲ့ ပွဲသဘင် တွေကို တားပေးကြ။ သာသနာက နဂိုမှုက ကောင်းပါတယ်။ နောက်တော့ မင်းဆိုတဲ့ မင်းတွေက နန်းတော်ကြီးတွေနဲ့ နေတော့ မင်းကိုးကွယ်တဲ့ ဘုန်းကြီး ကျောင်းတွေကလဲ ကြီးကျယ်လာတယ်။ နောက်တော့ အမတ် ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေလဲ ဆောက်ရော တိုင်းသူ ပြည်သားတွေကလဲ နောက်ကလိုက်ဆိုတော့ သာသနာမှုက ပြောင်းသွားပါပြီ။ ကိုယ်တော်တို့ပြန်ပြီးကြိုးစားပေးကြပါ။

ဓမ္မဗျူဟာ
အတွဲ (၂၁) အမှတ် (၅)
(၁၉၇၂ ဇူလိုင်လ)

ဘာဝနာမရှိလျှင် မပျော်

အလုပ် လုပ်နေသူ သေမင်းမခေါ်ချင် ကိုယ့်ကိုယ်ကို ဘယ်လိုနည်းနဲ့ ဖြစ်ဖြ ဆုံးဖြတ်လိုက်ကြ။ ကောင်းတာဘာ လိုက်မလား၊ ဆိုးတာဘာက်လိုက်မလာ ဆိုတာ ဒီဘဝက ခြေတစ်လှမ်းမှားပြီး လှမ်းလိုက်ရင် ဒီဘ ပျော်ခဲ့တာတွေ ဒီဘဝ ခံစားမှုတွေဟာ ဟိုဘက်ဘဝက် တစ်ခုမှ ပါမှာမဟုတ်ဘူး။ "ပျော်ပျော်နေ သေခဲ" လို့ ဆ ပေမယ့် ပျော်နေတုန်းသေရင် မသက်သာပါဘူး။ လောဘ မှာလဲ မဆန့်ကျင်စေနဲ့၊ သံသရာမှာလဲ မဆန့်ကျင်စေနဲ့ သေတာ အဝေးကြီးမဟုတ်ဘူး၊ အနီးကလေးရယ်။ သေ မင်းဆီ မသေပါစေနဲ့ လို့ အမေ, နှမပေးတောင် မရပါဘူး။ ဘုန်းကြီးကတော့ သေရမယ့်နည်းလဲ သိပါတယ်။ သေမင်း ကလဲ အလုပ်လုပ်နေတဲ့ ငါလိုလူတော့ မခေါ်သေးဘူးတဲ့။ ငါသေချင်မှ ခေါ်မှာပါတဲ့။

အဘွားမတော် တစ်လှမ်း မွေ့လျော့ပြီး ဟိုသွား ဒီသွား ဟိုဟာစား ဒီဟာစား ဟိုလိုက် ဒီလိုက်နဲ့ နေတဲ့သူတွေ ကျတော့ သေမင်းက "သတိ-သတိ" အမြဲ

ပေးလျက်ပါ။ ဒီကောင်တွေ လူပြည်ထားရတာ ရှုပ်တယ်၊ မြန်မြန်ခေါ်မှလို့ ကြိမ်းလျက်ပါ။ ငါ့တော့ သေမင်းက ခွင့်လွှတ်ပြီးသားပါ။ သေမင်းကလဲ ဘုန်းကြီးကို လေးစားလျက်ပါ။ ဘုန်းကြီးနဲ့ သေမင်းက တည့်ပါတယ်။ စာချ ဘုန်းကြီးတွေ အပြင်သွားရင် အကုန်မသွားစေချင်ပါဘူး။ တစ်စုတစ်ဝေးကြီး သွား လို့ မတော်ကားမှောက်ခတဲ့ အကုန် ပျံလွန်တော်မူကုန်ရင် ကျောင်းတိုက် အုပ်ချုပ်မယ့်သူ မရှိမှာ စိုးရတယ်။ ဟိုရှေးတုန်းက လူကြီးတွေက ကားမှောက်လို့ လေယာဉ်ပျံပျက်ကျလို့ သေတဲ့လူ တစ်ယောက်မှ မရှိပါဘူး။

ဘယ်သူ့မှ လန့်စရာ မဟုတ် ဘုရား တရားတော်တွေက ချီးကျူးစရာ ကောင်းပါတယ်။ ဒီလူတွေချီးကျူးတာကို ဘဝမြင့်ပါနဲ့၊ သူတို့ချီးမွမ်းလို့ တစ်ဖက်ဘဝမှာ ကောင်းလာမှာ မဟုတ်ပါဘူး။ သူတို့ ချီးမွမ်းတာတွေက ဟိုဘက်ဘဝမှာ မပါပါဘူး။ ကိုရင်တို့ ဦးပဋ္ဌင်းတို့ကို ဘုန်းကြီးက သံသရာထိအောင် မျှော်ပြီး ပြောနေတာပါ။ မနေချင်ရင် စောစောစီးစီးကြွကြပါ။ ဘုန်းကြီးက ကောင်းတာကို ညွှန်ပြနေတာပါ။ ကိုယ်တော်တို့က ဘုန်းကြီးလာရင် ပုန်းပုန်းနေကြတယ်။ ဘုန်းကြီးသာ ပုန်းလို့ရမှာ၊ သေမင်းနဲ့ ငရဲကျတော့ ပုန်းလို့ရမှာ မဟုတ်ဘူး။ လောကကြီးထဲမှာ ဘယ်သူ့မှ လန့်စရာ မဟုတ်ပါဘူး။

သဒ္ဓါ, သီလ, စာဂ, ပညာ လူတွေဆိုတာ တရားမသိတော့ ပြောချင်ရာ လျှောက်ပြောနေကြတာ။ လူ့ဘဝမှာဆိုရင် လူနဲ့တန်တဲ့အကျင့်တွေကို ကျင့်ပေးကြပါ၊ မိဘ မဆင်းရဲဖို့ဆိုတာက သားကောင်း သမီးကောင်းဖို့က ပဓာနပါ။ မိဘတွေကို လေးစားကြပါ။ မိဘဟာ ဗြဟ္မာနဲ့ တူပါတယ်။ ကိုးကွယ်ကြ။ မိဘကောင်းမှ သားသမီးလဲ ကောင်းပါတယ်။ မိဘတွေက ကိုယ်နေမကောင်းတာတက် သားသမီး နေမကောင်းတာက ပိုပြီး အရေးကြီးကြတယ်။ မိဘကျေးဇူးမျှားရုံမကဘူး၊ သားသမီးအပေါ်မှာ စေတနာ မေတ္တာကလဲ အပြည့်အဝရှိကြတယ်။ တယ်ဆိုးပါတယ် ဆိုပေမယ့်၊ ဘယ်လိုဆိုးပါတယ် ဆိုပေမယ့် မိဘတွေက စိတ်မကွက်ကြဘူး။ မြတ်စွာဘုရားက မိဘတွေကို လောကီ ချမ်းသာတွေနဲ့ ကျေးဇူးဆပ်လို့တော့ မကျေနိုင်ပါဘူးတဲ့။ အနှစ်တစ်ရာ အသက်ရှည်တဲ့ သားက မိဘနှစ်ပါးကို ပခုံးထမ်းပြီး ပြိုစုလုပ်ကျွေး မွေးသော်လဲ မကျေပါဘူး တဲ့။ ကျေတဲ့နည်းကတော့ လောကုတ္တရာအမွေဖြစ်တဲ့ သဒ္ဓါ,သီလ, စာဂ, ပညာဆိုတဲ့ ဒီတရားလေးပါး မိဘတွေကို တည်စေရင်တော့ မိဘကျေးဇူး ကျေပါတယ်လို့ ဟောတော်မူတယ်။

စကားပြော သိမ်မွေ့ပါ စကားပြောတဲ့အခါ ယဉ်ကျေးပါစေ၊ ချိုချို သာသာ ပြောတတ်ကြပါစေ၊ ရှေးကလူကြီးတွေက စကားပြောပြီဆိုရင် "ဦးထိပ်ရှက်ပါ၊ အမိန့်တော်အတိုင်းပါ"နဲ့ ပြောကြတယ်။ သူတို့ကြည့်ရတာ

အဝတ်တွေကလဲ အဖြူတွေဆိုတော့ ရုက္ခစိုးနတ်ကြီးတွေလိုပဲ ကြည်ညိုစရာကောင်းတယ်၊စကားပြောရင် သိမ်သိမ်မွေ့မွေ့ ပြောကြပါ။ ဒါပေမယ့် ကန္ဓကလျှတော့ မလုပ်ရဘူး။

လွတ်လပ်မှုနဲ့ သံယောဇဉ် ပေးကမ်း စွန့်ကြဲရမယ့် နေရာမှာ လက်ကမတွန့်ကြပါနဲ့။ အလှူခံရမယ့်နေရာမှာ လက်က တွန့်ချင် တွန့်ပါစေ။ စကားပြောရင် မှုသားမပါစေနဲ့၊ သစ္စာဆိုတဲ့နေရာမှာ ဘုရားအလောင်းဌားမင်းဘဝက သိပ်ယုံကြည်စရာပဲ။ ကိုယ့်နှုတ်ကို ကျက်သရေရှိကြပါစေ၊ စိတ်ထဲက မကောင်းတာဖြစ်မိရင် အပြင်မထွက်ကြပါနဲ့၊ ဒီဘဝကောင်းမှု နောင်ဘဝ ကောင်းပါတယ်။ ကုသိုလ်ပြုရင် ဒါနတစ်ခုတည်းလောက်သာ မစဉ်းစားကြပါနဲ့၊ သူတော်ကောင်း ဘက်ကလဲ စဉ်းစားကြပါ။ လူကောင်း သူကောင်း, သူတော်ကောင်း အကောင်းဘက်ကချည်း နေကြပါ။ လူ့ဘဝရောက်တာတောင်မှ နောက်ဘဝက သူတော်ကောင်း အဖြစ်နဲ့ နေခဲ့ရင် ဒီဘဝ ရောက်တော့ ကလေးဘဝကစပြီး လက်ပေါ်ကကို မချချင်ကြဘူး။ ဒီကျောင်းက တဖြည်းဖြည်း ရင့်ကျက်လာတော့ ကိုယ်တော်တို့ကလဲ ရင့်ကျက်ပေးကြပါ။ သံယောဇဉ်ဆိုတာ လူမျိုးဘဝက လွတ်လပ်ပါသေးတယ်။ မယားနဲ့ကျတော့ မယားသံယောဇဉ်က ချည်ထားပြီ။ ဘုန်းကြီးတွေလဲ ကျောင်းမရခင်က လွတ်လပ်တယ်။ ကျောင်းရလာတော့ ကျောင်းသံယောဇဉ်လေးနဲ့ ဖြစ်လာပြီ။

လူ့ပြည်မှာ နတ်ဝတ်, ဝတ် ရရဟန်းသာမဏေတို့မှာဒီတရားတစ်မျိုးမျိုး မရှိခဲ့ရင် သာသနာ့ဘောင်မှာ ပျော်ခဲ့ယဉ်းတယ်၊ လူတစ်ယောက်မှာ လောဘ,ဒေါသဖြစ်လာရင် နိုဗ္ဗာန်ရောက်ကြောင်း တရားနဲ့တော့ ဝေးပေါ့၊ ဘုန်းကြီးက လောဘ, ဒေါသမဖြစ်ရန်ဟောပြီးမှ ကိုရင်တို့ ဦးပဉ္စင်းတို့ကစိတ်ဆိုးနေရင် မကောင်းတော့ဘူး။ ဘုန်းကြီးက ကိုယ်ပိုင်သားတွေ အမျှားကြီးမွေးပြီး သာသနာ ပြုချင်တယ်။ သာသနာက တွေ့ခဲတယ်၊ အရှင် အနုရုဒ္ဓါက လူ့ပြည်မှာ နတ်ဝတ် ဝတ်ရတယ်။ ဘုန်းကြီးကတော့ ဒါတွေကို လုံးဝ မမှန်းပါဘူး။ ကောင်းကောင်းမနေနိုင်ရင် လူထွက်ကြပါ၊ သာသနာရဲ့ အရသာက ကောင်းလွန်းလို့ပါ။

အတန်းထဲ မပါကြစေနဲ့ ကိုယ်တော်တို့ ဝိပဿနာရှုကြပါ၊လောကမှာ ဘယ်သူမှ မယုံရဘူး၊ ကုဋ္ဌီတက်သွားတာ တောင် လေလည်ပြီး ပြန်လာရတယ်၊ ခန္ဓာအိမ်ကို အတ္တက ပိုင်တယ်၊ အတ္တက နိုဗ္ဗာန် ရောက်တောင်မှ အပိုင်းအခြားနဲ့နေပြီး ပြန်လာတယ်လို့ ဆိုကြတယ်။ သေလို့ ဘဝပြောင်းတာကို အတ္တက ခန္ဓာအိမ်ပြောင်းတာတဲ့၊ နေရာတကာ အတ္တက စီမံတာတဲ့၊ ဗုဒ္ဓ တရားတော် နဲ့ကျ တော့ ပြောင်းပြန်ပါပဲ။ ဗုဒ္ဓတရားတော်က ရုပ်, နာမ်သာ ရှိပါတယ်၊ လောကထဲမှာ လတွေ့ နေတွေ့ မထွက်ရင် အားလုံး မမြင်သလို ဘုရားတည်းဟူသော လမင်း နေမင်းသာမထွက်

ရင် ကုသိုလ် အကုသိုလ်ရယ်လို့ မှတ်ကြပါဘူး၊ တို့တစ်တွေ အတန်းထဲ မပါကြပါစေနဲ့။

ဘဝသံသရာ ရှည်လျားထွေပြား မိမိအလိုသို့ လိုက်စေတဲ့ အရာဝတ္ထုတွေ တစ်ခုမှ မရှိပါဘူး၊ ဘယ်နေရာမဆို အနုတ္တခြည်းပါပဲ၊ စား နေတဲ့ အထဲ မစင်ခဲတွေသလို မသိလိုစားတဲ့ အတွေ့ထဲ အနုတ္တတဲ့ဆိုတော့ ထို့ ထို့ လို့ ဆိုပြီး ဖြစ်ကုန်ကြတယ်၊ လောကကြီးကိုချုံးပြီး အထက်ရောက်အောင် လုပ်ပေးကြ၊ တရားပေါက်ဆွားရင် ခက်မှာပေါ့ဆိုတဲ့ ပုဂ္ဂိုလ်တွေက တ ရား ရ သွား တော့ အကောင်းတွေ့ မခံစားရဘဲ ကျန်ရစ်နေမှာစိုးလို့တဲ့။ ဘဝ သံသရာဆိုတာက ကရွတ်ကင်းလျောက်သလို မဆုံးနိုင်ဘူး။ သာသနာတော်ကျပြန်ကောင်းနေသေးတယ်၊ဘဝသံသရာက အရှည်သဖြင့် ကူးကြရဦးမှာ၊ ဘုရားကို လေးလေးနက်နက် ကြီး ကြည်ညိုပါ၊ သာသနာတော်မှာ ဘာဝနာမရှိရင် မမွေ့ လျော်ပါဘူး၊ သာသနာကို ကိုယ့်အတွက်ကြောင့် မလျော့ ပါစေနဲ့၊ သဒ္ဓါကရားနဲ့လဲ နေကြပါ၊ ဘုရား တရားတွေကို ဘေးဖယ်ထားပြီး ထင်ရာတွေ့ လျောက်လုပ် မ နေ ကြနဲ့။ လိုက်နိုင်သမျှ ကြိုးစားလုပ်ကြပါ၊ တရားတွေကကောင်းပြီး ဆရာတော် ဘုန်းကြီး ဦးပဉ္စင်းတွေက မကောင်းဘဲ ဖြစ်နေ ကြတယ်။

အလယ်အလတ် ပညတ်ချက် လူကြီးတွေက နားမလည်ကြလို့ ရဟန်းခံ ရှင်ပြုဆိုတာလဲအပိုတွေကုန်လို့မတော်ဘူး၊

သာသနာမှာ ဟာနေတဲ့ အကွက်တွေကို ကိုယ်တိုင် စွမ်းနိုင် အောင် လုပ်ပြီး ဖြည့်စွက်ကြပါ၊ သာသနာမှာ ဘုရားက အလယ်အလတ် ပညတ်ထားခဲ့တာပါ၊ မျက်စိမမှောက် ကြပါနဲ့။

ခေါင်းပုံဖြတ် သမားတွေတဲ့ သာသနာမှာလဲ ဂုဏ်တွေ, လာဘ်တွေနဲ့ ဘာတွေ့မြင်နေကြသလဲ မသိပါဘူး၊ ဘုရား တရားတော်တွေနဲ့ တို့နဲ့ မကိုက်ညီပါဘူး၊ လောကလူတွေက ဘုန်းကြီးတွေကို ခေါင်းပုံဖြတ်သမားတွေ လို့ ပြောနေကြပြီ၊ ခုလူတွေက ဘုရားဘက်မှာ အမျိုးမျိုး လျှောလာကြပြီ၊ တို့ကိုယ်တော်တွေကလဲ သူမျှား ပွဲက,တာ အောက်က ပါးစပ်ကြီးတွေ ဟ,ဟပြီး ငေးလို့။

လူတွေမြောက်ဟာ အားမကျပါနဲ့ ကိုယ့်ရပ်ရွာမှာ လောကီဘက်ကကလေး တွေကို ပညာသင်ပေးဖို့ လိုတယ်၊ ဘုန်း ကြီးတွေက ကောင်းကောင်းမွန်မွန်သင် ပေးရင် လူတွေရဲ့ အတန်းကျောင်းတွေထက် သာပါတယ်။ သာသနာအတွက် ပြုပြင်ဖို့ရာ စိတ်မာန်တက်ကြွထားကြပါ၊ လူတွေ့ကြောတော့လဲ ပြောစရာပဲ၊ ဘုန်းကြီးတွေက အလုပ်နဲ့ ပြောတာ၊ဘုရားသာသနာမှာ ဒါလောက်ကောင်းနေလျက်နဲ့ မရိုးမြောက်ဘဲ့သူကတော့ မသက်သာဘူး၊ လူတစ်ယောက် ဟာ မရိုးဘူးဆိုရင် တစ်ခုခုကိုတော့ ပြောတော့တာပဲ၊ လောကကို အထင်မကြီးဘဲ သံသရာမှာ ဘယ်လိုဆိုတာကို တွေးကြည့်ပါ၊ ဒီဘဝ မသေချာပေမယ့် နောက်ဘဝကတော့

သေချာတယ်လေ၊ ဒါယကာ ဒါယိကာမတွေ မြောက်တာကို အားမကျပါနဲ့၊ ကိုယ့်လမ်းနဲ့ကိုယ် သွားကြပါ။

ကိုယ်မကောင်းတာ ကိုယ်တိုင်ပြုပြင် ကိုရင်ကြီးတစ်ပါး လူတွေ့ရာ ရှိခိုးနေတော့ ရှင်ဘုရင်က ဦးပေါ်ဦးကို မေးတယ် "ဟဲ့-ပေါ်ဦး၊ ဟို ကိုရင်ကြီးက လူကွေ့တိုင်း ဘာလို့ ရှိခိုးနေတာလဲကွယ်" လို့ မေးတော့ ဦးပေါ်ဦးက "မှန်လှပါဘုရား၊ သူဟာ နောက်ဘဝတုန်းက ရှင်ဘုရင်သော် လည်းကောင်း၊ သာသနာပိုင်သော် လည်းကောင်း ဖြစ်ခဲ့ပါလိမ့်မယ်" လို့ သံဘော်ဦးတင်လိုက်သတဲ့။ ကိုယ်တော်တို့ စိတ်ကို ဌိစရာမလုပ်ကြပါနဲ့၊ ကောင်းတာ ဘက် လုပ်ရင် စိတ်ပါလက်ပါ လုပ်ပါ၊ အရှိန်ရလာတော့ ပျော်လာပြီး မပျင်းတော့ပါဘူး၊ စိတ်ကရင့်လာတော့ ကိုယ့်ကို်ယ် မြင့်မြတ်ကြီးမားလာတယ်၊ ကိုယ် ကိုယ်ကို မြင့်တင်ပြကြပါ၊ ခုဘဝကြီးမှားတာဟာ နောက်ဘဝမပါဘူး၊ အားမကျကြပါနဲ့၊ စိတ်ကိုထိန်းပေးကြပါ၊ စိတ်ကို မနုပါစေနဲ့၊ ရင့်ပါစေ၊ ကိုယ် စိတ်မကောင်းတာကို သူများပြင်လို့ မရပါဘူး၊ ကိုယ်တိုင် ပြုပြင်ယူမှ ရပါတယ်၊ အစစအရာရာ ပြုပြင်ပေးကြပါ။

ပညာ ဘာသာ နှစ်ဖြာစုံမှ တရားဟောတယ်ဆိုတာ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ်တိုင်လိုက်စားမှ အကျိုးရတယ်၊ ကိုယ်ကမ လုပ်ဘဲနဲ့ သူများ ဟောနေလို့

အရသာ မရှိဘူး၊ ကိုယ် စိတ်ကို ကောင်းအောင် ပြင်ပြီး ပြောင်းလဲပေးပါ၊ ဘုန်းကြီးကျောင်းတွေက မည့်ရင်တော့ တိုးတက်လမ်းရှိပါတယ်၊ ကိုယ် ရပ်ရွာမှာ ပညာတတ်အောင် ကိုယ်တိုင်ကြိုးစားပေးကြပါ။

တို့က မည့်ရင် ရပ်သူရွာသားတွေလဲ မည့်ပါဘူး၊ တို့က ညံ့နေလို့ ရွာသားတွေလဲ ညံ့နေကြတာပါ ဆရာ လုပ်သူဟာ ပညာကလဲတတ်၊ ဘာသာရေးဘက်ကလဲ ကျမ်းကျင်ရမယ်၊ နောက်ဆုံးဘုန်းကြီး ကျောင်းသားတွေက စာမရေးတတ်, မဖတ်တတ်ဖြစ်ပြီး လောကဝတ် ကျောင်းသားတွေက လွန်တက်ပါလိမ့်မယ်။ ဘုန်းကြီးကျောင်း ပညာရေးနဲ့ လောကဝတ်ကျောင်း ပညာရေးနဲ့စာရင် ဘုန်းကြီးကျောင်းပညာရေးကသာပါတယ်။

မူတစ်ခုထားပါ သာသနာပြုဖို့ရန်အတွက် ပေါ့ပေါ့ဆဆ မနေကြပါနဲ့၊ သာသနာမှာ ဘုန်းကြီးတွေ များနေပေမယ့် အလုပ်လုပ်မှုကောင်းပါတယ်။ သာသနာမှာ ပေါ့ပေါ့တော့ မနေကြပါနဲ့၊ မနေနိုင်ရင် စောစောက လူထွက်ကြ၊ ဘုန်းကြီးကတော့ အားမရပါဘူး၊ သံသရာမှာ အောက်တန်းမကျရအောင် သတ္တဝါတွေအပေါ် သနားတဲ့ မူတစ်ခုထားပါ၊ မူတစ်ခုမရှိရင် လူထွက် ချင်နေကြတယ်။ သူများတွေက မြောက်နေတာကို သဝယာနေလို့ အကျိုးမရှိပါဘူး၊ ဂုဏ်သာ,မစ္ဆရိယစိတ်ကို မလားကြပါနဲ့၊ ဘုန်းကြီးက သုဝမ္မာ ရှေကျင်ရယ်လို့ ပတားပါဘူး။

လောကကြီးကို ကိုယ်တော်တို့ မသေးကြပါနဲ့၊ သာသနာ
မကြောက်ကြနဲ့ တော်မှာ ဝိနည်းတရားတော်နဲ့ အညီနေရင်
ကြည်ညိုတာပါပဲ၊ ဘုန်းကြီးက အားလုံး
တပည့်တွေရဲ့အပေါ်မှာ တကယ်ငဲ့ညှာပါတယ်၊ သေမယ့်သေ
ရင် ဘုန်းကြီးကသာ ရှေကသေမှာပါ၊ တပည့်တွေ မသေစေ
ရဘူး၊ ဘုန်းကြီးက လောကကြီးကို ပြန်တွေးပြီး မကြောက်ပါ
ဘူး၊ အားလုံးကလဲ မကြောက်ကြပါနဲ့၊ ရှေးသူတော်ကောင်း
တွေကိုကြည့်ပြီး နေကြပါ။

ကုသိုလ်ဒါန ဘဝတိုင်းပါ စိတ်တစ်ခုကိုသာ စောင့်စည်းကြပါ၊ "စိတ်
ထားတတ်တော့ မြတ်တယ်" ဆိုတာလို ကိုယ်
က ယူစားရတဲ့ ဘက်ကနေတော့ ကောင်း
ကောင်းနေမှ တော်ကာကျမယ်။ တိုက်တွေ အိမ်တွေ ပစ္စည်း
တွေဆိုတာက တစ်ဘက်ဘဝကို မပါဘူး။ ကုသိုလ် ဒါနက
တော့ နေရာတိုင်း ဘဝတိုင်းမှာ ပါပါတယ်။ သူများပ်ိုတဲ့
ကုသိုလ်ကို ကိုယ့်အတွက်ကြောင့် အလှူရှင်တွေ အရေအတွက်
မလျော့စေနဲ့။

ဘယ်သူမှမခယ ဒါနပြုတယ်ဆိုတာ သာသနာတွင်းရောက်
အောင်ပြုမှ ကောင်းတယ်။ အလှူရှင်ဆိုတာ
ဒါနသက်သက်နဲ့ မပြီးစေနဲ့၊ သာသနာပြုဒါနလို့ ရည်ရွယ်
ချက်ထားကြပါ၊ အလှူရှင်ကရော အလှူကိုခံယူတဲ့ သူကရော
နှစ်ဘက်ကကောင်းမှ အကျိုးရပါတယ်၊ ကုသိုလ်ပြုရင် တစ်
ခုတည်းမလုပ်ကြနဲ့၊ ဘာဝနာနဲ့ ဆိုင်ရာ သီလနဲ့ အမြဲပွားပေ

ကြပါ၊ သာသနာပ,က လူတွေကိုမပ်ြိုင်ကြပါနဲ့။ ဘယ်နေ
မဆို တရားသဘောနဲ့ မလွတ်အောင် ပြုတတ်ပါစေ။ လော
ကမှာ ဂုဏ်ကိုရဖို့ထက် ရလာတဲ့ဂုဏ်ကို စောင့်ရှောက်ဖို့ဂ
ခက်ပါတယ်။ ဘုန်းကြီးက တာဝန်ဝတ္တရားကို ကျေစေချင်
တယ်။ ဘုန်းကြီးရှေ့မှာကတော့ စောင့်ရှောက်ပါ့မယ်။ တစ်
ခြားမှာတော့ မတတ်နိုင်ဘူး။ ဘုန်းကြီးက ယေ်ယေ်ကလဲ
ဘယ်သူ့မှ ဂရုမစိုက်ပါဘူး။ ဘယ်သူ့မှလဲ မခယပါဘူး။ ကိုယ်
တိုင်ကို တတ်လာတာပါ။ ဒါယကာ ဒါယိကာမ တွေကိုလဲ
မခ,ခဲ့ပါဘူး၊ ခုအထိပါပဲ။

ဉာဏ်မကူ တက်လမ်းမရှိ လူတွေက တရားကိုတွေးတော့ ကာမဂုဏ်
စိတ်လျော့သွားမှာစိုးလို့တဲ့၊ တရားနဲ့ဝေးကွာ
နေကြတယ်။ ဒီလူတွေဟာ သံသရာမှာရှောင်
ကွင်းနေမယ့် အို, နာ, သေဘေးဆိုတဲ့ တရားကတော့ မလွတ်
ပါဘူး။ လူတွေက ရှေးကနဲ့ မတူတော့ဘူး၊ ခုခေတ်ကအပျော်
လိုက်စားနေတာက များကြတယ်။ 'အာရောဂျ ပရမံလာဘံ'
ဆိုတာလို ကျန်းမာခြင်း ဆိုတာ လာဘ်ကောင်း တစ်ခုပါ
ပဲ၊ ရောဂါကို မဖြစ်အောင်လဲ တားပေးကြပါ၊ ဖြစ်ရင်လဲ
အမြန်ကုပေးကြပါ။ မကုရင် ဘဝသံသရာမှာ အပျင်းထူ
ပြီး ဉာဏ်မကူဘဲ တက်လမ်းမရှိတော့ဘူး။

ကျန်းမာရေး ဆေးနည်းလက်ာ

လူတစ်ယောက်ဆိုတာ ကံချည်းလဲမယုံရ
ဘူး။ ကံတစ်ခုတည်း ပစ်မထားရဘူး။
ဉာဏ်,ဝီရိယကလဲ ကူပေးမှသင့်ပါတယ်။
ခုခေတ်လူတွေက အအိုကလဲမြန်။ ရောဂါကလဲမျိုး အစား
အသောက်လဲညံ့။ အနေအထိုင်ကလဲ မဆင်ခြင်တော့ အသေ
အပျောက်တွေ မျိုးလာတယ်။ဒါကြောင့် ဆေးနည်းကိုမှတ်
ထားကြ....

ဆေးနည်း လက်ာ

အာ-ဥ စိတ်-ကံ၊ သမုဒ္ဒာန်ကြောင့်။
ဝိပလ္လာသေသာ ရုပ်သဘောကား။ ဒုက္ခော
နေမှု၊ ဆီးဖြူနှာရည် တင်းမူလက်ယာ။
အေးစာဆက်သွင်း တိုးတက်ခြင်းဖြင့်။
စစ်ရင်းလေးဖြာ အိပ်ခါစာ၀င်။
ဝမ်းလျှင်ချုပ်ဘီ အဏ္ဏတ္ထိက လွန်ခွင့်ကျရှင့်။
တာ၀ပကာယေ မုခေပုတိ ခဲ၏ဦးခေါင်း။
လွန်ပေါင်းဗဟိဒ် သီတဆိတ်တည်း။
ဒုက္ခိတ် ဩဠိယံ ကုတ္တံပိတော အာကြောဗယ်တင်း
ပူပြင်းဟာရ မှီ၀ဲမျှမှာ သဲကြွေရောဂါ။
စစ်ရင်းမှာ၀ယ် နိဒ္ဒါဘုဇ။
နှစ်လိုလှလျက် ချုပ်ထကျင်ကြီး လွန်ပြီးအဏ္ဏတ်။

အေးလတ်ကိုယ်ရေ ပုပ်တွေ့ခံတင်း။
ခေါင်းကိုက်ညှဉ်းသော် လွန်မင်းဗဟိဒ္ဓ။
ကြောင်းဥဏှသည် ကျိုးပြခတ်သိ သေချာတည်း၊

(မြောင်းမြဆရာတော်တံမှ)

စမ္ဘတ္ကဟ

အတ္ထ (၂၁) အမှတ် (၆)
(၁၉၇၂ ခြေဂုတ်လ)

ဂုဏ်ရှိအောင်နေ

ရှေ့တစ်မျိုး ကွယ်ရာတခြား သာသနာမှာ ဆောက်တည်ရာမရရင် မနေ သင့်ပါဘူး။ ကိုယ့်အသက်နဲ့ ကိုယ့်အရွယ်ကို ဆုံးဖြတ်ကြပါ။ လူတွေရဲ့ ရှေမှာ ဟန်ဆောင် လုပ်ပြီး တခြားကွယ်ရာမှာ လုပ်ချင်ရာ လုပ်နေယင် မကောင်းဘူး။ ဘုန်းကြီးက သူတော်ကောင်းတွေကို စုနေတာပါ၊ ဒါယကာ ဒါယိကာမတွေက ကြည်ညိုကြတယ်။ သူတို့ဘက်က ကြည်ညိုသလောက် ကိုယ့်ဘက်ကလဲ ကောင်းရမယ်။

ရှေမချရသေးလို့ တို့ ရာမလက္ခဏ ဇာတ်ခင်းတော့ သမင်လုပ်သူက အသားကလဲ မည်းပြီး သမင်မြည်သလို 'ဗိုလ်တိုတောက်, ဗိုလ်တိုတောက်, ဗိုလ်တိုတောက်' လို့ သုံးလေးခါလောက်မြည်ပြီး လျှောက်သွားနေရာ သီတာဒေဝီနဲ့ ရာမကထွက်လာ၊ သမင်ကိုမြင်တော့ သီတာဒေဝီက သမင်ကိုဖမ်းပေးရန် ပူဆာတာ သမင်လုပ်သူကနေ "ဖမ်းမှာပြင့် ဖမ်းကြနော်" လို့ ပြောတယ်။ သီတာဒေဝီက ပူဆာလွန်းတော့ ရာမက ဖမ်းမယ်လို့ အနားသွားပြီး သမင်လုပ်သူရဲ့ လက်ကိုင်ကာ သီတာဒေဝီကို ပြောတယ်၊ "နှမ

တော်ရဲ့ သမင်က အသားကလဲ မည်းလှပါကလား" လို့ ဆိုလိုက်တော့ ရှေသမင်က ရှေမချရသေးလို့ပါ၊ ခုမှ သစ်ဆေး သုတ်ထားတုန်း ရှိပါသေးတယ်တဲ့။

ကာမဂုဏ်တရား ရှောင်ကြတိမ်းကြ သာသနာမှာ သေသေသပ်သပ် နေကြပါ။ မနေသူဟာ သဒ္ဓါတရား မရှိလို့ ဆိုပြီး ယူဆရလိမ့်မယ်။ ကဿပ ဘုရားရှင် နောက်ပိုင်းသာသနာမှာ ကောင်းရာမရောက်ကြပါဘူး၊ ကုန်ရောင်းတဲ့သူလို အရင်းပြန်ရအောင်လို့တော့ မလုပ်ပါဘူး၊ အမြတ်ရချင်လို့ကုန်ရောင်းနေတာပါ။ သာသနာမှာလဲ အမြတ်ရချင်လို့ သာသနာဝင်ပြီး သက်နိုးဝတ်လာကြတာ။ သာသနာမှာ အမြတ်မရတဲ့ လူပြန်ဖြစ်တောင် ခုဘဝထက် ကောင်းမှ တော်မယ်၊ ဘုန်းကြီးဝတ်ပြီး အမြတ်မရတဲ့ အကုသိုလ်တွေ ယူသွားရင်တော့ အမြတ်မရတဲ့ ကုန်သည်လို့ အမြတ်မရတဲ့ လူ့ဘဝဖြစ်ရတာယာ ဘာမှ အနှစ်သာရ ရှိမှာ မဟုတ်ပါဘူး၊ ဒီလို နေရာမျိုးမှာ သူတော်ကောင်း မဖြစ်ရင် ဘဝက ပါရမီနဲ့ ဓာတ်မတည့်ဘူးလို့ ယူဆရမယ်။ ကာမဂုဏ်တရားတွေကို ရှောင်တိမ်းနိုင်သမျှ ရှောင်တိမ်းကြပါ။ အားလုံး မပယ်နိုင်သေးသော်လဲ နည်းနည်းပယ် နည်းနည်း ပေါ့ပါတယ်။ ဒီလိုပဲ ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ ကျန်းမာရေးလဲ ဂရုစိုက်ကြပါ။

စာတတ်ကျိုးမနပ် ကျောင်းတိုက်တာ်ခု တည်တဲ့နေရာမှာ ဆွမ်းခံဖို့ရာ မြို့ရွာနဲ့လဲ မနီးမဝေးဖြစ်ရ

မယ်၊ ဣသာ, မစ္ဆရိယလဲ မမျှားကြနဲ့၊ အစားအစာ စားရာ
မှာလဲ သတိထား စားရမယ်။ ဘုန်းကြီးက သံဃာတွေနဲ့
ညီညီမျှမျှနေပြီး ဘုရားသာသနာကို အားကုန် ကြိုးစားနေ
တာပါ၊ ဘုရားကြည်ညိုတာက စိတ်ပါဝင်စားပြီးမှ ကြည်ညို
ရတယ်။ ဘုရား အလုပ်ကိစ္စ လုပ်တဲ့နေရာမှာ ကုသိုလ်ရပါ
တယ်။ စေတနာရှိရှိနဲ့လဲ လုပ်ပေးကြပါ။ စာချဘုန်းကြီး
တွေ, ကျောင်းတိုက် ဝန်ဆောင်တဲ့ ပုဂ္ဂိုလ်တွေက ကျန်းမာ
ရေးကို ဂရုစိုက်ကြပါ၊ ကျန်းမာရေးမကောင်းရင် စာတတ်
ကျိုး မနပ်ဘဲ ဖြစ်ရပါတယ်။

နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေကြ ဒါယကာ တစ်ယောက်က သူကြည်ညိုတဲ့ ဘုန်းကြီး ဆီ သွား တော့ ကျောင်း မှာ မတွေ့တဲ့အတွက် နောက်တစ်နေ့ သွားတဲ့ အခါ "အရှင်ဘုရား ကျောင်းမှာ မနေ့က မတွေ့ပါလား" လို့ လျှောက်တော့ ဘုန်းကြီးက "ဒကာရဲ့ ဘယ်တွေ့ပါမလဲ၊ ငါ လိပ်ဥစားချင်လို့ လိပ်ဥသွားတူးနေတာကိုး" လို့ ပြန်ပြီး ပြောလိုက်တယ်။ ဒီတော့ ဒါယကာက "အင်းပေါ့ဘုရား၊ ဒီလိုလဲ တစ်ခါတစ်ရံ ကိုယ်တိုင် ကြိုးစားဦးမှပေါ့" လို့ လျှောက်ထားတယ်၊ ဘုန်းကြီးတစ်ပါးကတော့ ကိုယ်တော် တစ်ပါးကို အာပတ်နဲ့ စွပ်စွဲတယ်၊ "ကိုယ်တော် ဟိုတစ်နေ့က ငါးဖမ်းနေတယ်" လို့၊ အစွပ်စွဲခံရတဲ့ ကိုယ်တော်က "ကိုယ်တော် ဘယ်ကနေ မြင်တာလဲ" လို့ မေးလိုက်တော့ စွပ်စွဲတဲ့

ကိုယ်တော်က "တပည့်တော် ပျားဖွပ်ရင်းမြင်တာပါဘုရား' လို့ လျှောက်ထားသတဲ့၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေကြတာ၊

ကိုယ့်ဘက်က ပြည့်စုံပါစေ ဘုရား, တရား, သံဃာနဲ့ စပ်တဲ့နေရာ အစည်းအဝေးပဲ့ ရှိသေရမယ့် နေရာတိုင်းမှာ ရိုရိုသေသေ လုပ်ရမယ်၊ ဘုရားကိစ္စဆိုတာ စိတ်ပါလက်ပါ လုပ်ရတယ်။ ဘုရားရှေ့ချထားတော့ အဂ္ဂ မဟာ ပဏ္ဍိတဘွဲ့အတွက် လှူဒါန်းတဲ့ နဝကမ္မမျှားဖြင့် ဘုရား ကို ရှေ့သက်နိုး ကပ်လှူပါသည်လို့ သက်တော်ထင်ရှား မြတ်စွာ ဘုရားကိုမှန်းပြီး ပူဇော်လိုက်ပါတယ်။ ကုန်ကျစရိတ်က မျှားတော့ မျှားတယ်၊ ဒါပေမယ့် ပူဇော်လိုက်ရတဲ့ ကုသိုလ် စေတနာတွေက လူ့ချမ်းသာ နတ်ချမ်းသာတွေထက်မက အထက် နိဗ္ဗာန်ထိအောင် ပို့ဆောင်နိုင်ပါတယ်။ အခုဆို ဒါယကာ ဒါယိကာမတွေ ကြည်ညိုတာက မျှားလာတယ်။ နေရာတကာမှာ ပြုပြင်မှုတိုတာ လိုတယ်၊ ကိုယ်က စိတ် ကောင်း ရှိပေမယ့် ဆရာကောင်း မိဘကောင်းနဲ့ မနေခဲ့ရ တာက တစ်ကြောင်း၊ ဆရာ မိဘနဲ့ နေရပေမယ့် သူတို့က နှားမလည်တာက တစ်ကြောင်း တပည့်တွေမှာ ညံ့နေကြ တယ်၊ သာသနာမှာ ကောင်းကောင်းမနေတဲ့ တော်သလိုသာ နေမယ်ဆိုရင် ကိုယ့်ဘဝ ကောင်းရာ ရောက်နေပေမယ့် ဘဝသံသရာမှာကျတော့ မဖြောင့်ပါဘူး၊ ကိုယ့်မှာ သီလ စင်ကြယ်နေတော့ သေခမှာ မကြောက်ပါဘူး၊ ကိုယ့်ဘက်က ပြည့်စုံနေဖို့လိုတယ်။

ပျက်စရာတွေအဖုံဖုံ သာသနာမှာ စိတ်ကောင်းတဲ့ သူတွေ ရှိပါတယ်၊ ကိုယ့်ရဲ့ မိဘဆွေမျိုးတွေကို ပြင်နိုင်သမျှ ပြင်ပေးကြပါ၊ နောက်ဆုံးမှာ ရည်ရွယ်ချက် ထားရမယ်၊ ကိုယ်က အကြီးအကဲလုပ်တဲ့အချိန် ကိုယ်ကလဲ မလစ်ဟင်းဘဲ ဒါယိကာ ဒါယိကာမတွေကို တရားစကား ပြောဟောပြီး ကိုယ့်သိက္ခာနဲ့ ကိုယ်နေရမယ်၊ ဒီလိုမှ မစ္စမ်းနိုင်ပါဘူးဆိုရင် ကိုယ်တစ်ပါးတည်း တောကျောင်းမှာ ပရိယတ်, ပဋ္ဌိပတ်, ပဋ္ဌေဝေဆိုတဲ့ အကျင့်တွေနဲ့ နေပေါ့၊ လောကကြီးက ပျက်စရာတွေ အများကြီးပါ။ "ရှင်ဖျက်တော့ ဓဇင်၊ ဓားဖျက်တော့ ဝါးမြှက်၊ လူဖျက်တော့ အရက်" လို့ ဆိုကြတယ်။

အတုမရှိသော ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်ကြီးက ပညာအရာမှာ တောဒဂ်ရတဲ့ အရှင်သာရိပုတ္တရာတောင် မလိုက်နိုင်ပါဘူး၊ သမုဒ္ဒရာ ရေပြင်နက်ကြီးထဲမှာ လိုက်ပြီး တိုင်းထွာနေတဲ့သူလို မကုန်နိုင်ပါဘူး၊ မဆုံးနိုင်ပါဘူး။ ဥပမာ လူတစ်ယောက် ကောင်းကင်ကြီးနဲ့ ကောင်းကင်ကြီးကို အကျယ်အဝန်း ဘယ်လောက်ရှိတယ်ဆိုတာ တိုင်းတာမယ်ဆိုရင် တိုင်းတာလို့ ရနိုင်ပါသေးတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ သမ္ဗညုတ ဉာဏ်တော်ကိုတော့ ဘယ်ပေကြိုးနဲ့မှ တိုင်းတာလို့ မရဘူး။

ဆင်းရဲချမ်းသာ မရှေးပါ ကိုရင်လေးတွေ ဘုရားစိန်ဖူး တက်ဖူးကြတယ်၊ ဘုရားမှာက စိန်ဖူးမတပ်နိုင်ပါဘူး၊

ရွှေဖူးပဲ တပ်တားနိုင်ပါတယ်။ ဘုရားရဲ့ ကရုဏာတွေက အားလုံး ဆင်းရဲချမ်းသာ မရွေးပါဘူး။ အားလုံးရဲ့အပေါ်မှာ ပျံ့နှံ့စေပါတယ်၊ သံသရာထဲမှာ ကျင်လည်နေတဲ့ သတ္တဝါတွေရဲ့ အဒေါ်မှာ ကရုဏာတော်ကို တားရှိတော်မူပါတယ်၊ ဘုရား သာသနာတော်ကို ဂုဏ်ရှိအောင် နေကြပါ။ အားလုံး တိုင်းသူပြည်သားတွေရဲ့ ဦးတိုက် ရှိခိုးရာ သာသနာကြီး ဖြစ်စေချင်ပါတယ်။

သေခြင်းတရား မလွန်ဆန်နိုင် စာသဘောကို လေးလေးနက်နက်သိတော့ ဘုရားကို အလွန် ကြည်ညိုလာပါတယ်။ ခုတော့ စာတွေတော့ တတ်ကြပါတယ်။ စာတတ်အတိုင်း မကျင့်ဘဲ ဘောပ, ရုပ်ရှင်ပွဲတွေချည်း သွားနေကြတယ်၊ တရားနဲ့ သူတော်ကောင်းစိတ် ရှိကြမှ ကောင်းတယ်၊ အတွင်းက ဟုန်ဆောင် မလုပ်ကြပါနဲ့၊ သူတော်ကောင်း အဖြစ်နဲ့ ကောင်းကောင်းနေရင် အကျိုးရပါတယ်၊ သာသနာက ဂုံဖော်မတိုးဘဲ ဂုဏ်ညှိုးနေပါတယ်၊ သာသနာ ကောင်းချင်လျက်နဲ့ ဘုန်းကြီးတို့ဘက်က လိုနေလို့ ဆုတ်နေတာပါ၊ တစ်ခါက ဘုန်းကြီးကို ဗေဒင်ဆရာ တစ်ယောက်က လာဟောသွားတယ်၊ ဘုန်းကြီးကို မသေဘူးလို့ ဟောသွားတယ်၊ ဟောပေမယ့် လောကထဲမှာ သေဖို့ရာ ဖြစ်ပြီဆိုရင် သေရမှာပဲ။ ဒါကြောင့် ဘုန်းကြီးက ဘာသံယောဇဉ်မှ မထားပါဘူး။ တစ်သာသနာလုံးနဲ့ နိုင်ငံကောင်းဖို့သာ ရည်မှန်းလုပ်နေတာပါ။

အနှစ်သဘော မသိကြ ဘုန်းကြီးတွေကြောင့် ၊သာသနာ ကောင်းလာရင် ကြည်ညိုလာမယ်၊ ဘာပဲ့, ရုပ်ရှင်ပဲ့ နေ ရာ တ ကာ တ လား လား လုပ်ပြီး လောင်း ကစား နေ ရင် တော့ မကြည်ညိုပါဘူး၊ စိတ်နေစိတ်ထား နဲ့ ကျန်းမာရေး အစစအရာရာကောင်းရင် နိုင်ငံတိုးတက်ပါတယ်၊ ဘုန်းကြီးတွေ သဘောမပေါက်ကြတာ ရှိသေးတယ်။ တို့ဘုန်းကြီးတွေက ဘုရားပဲ့တွေလုပ်၊ ရွာထဲက မရှိမဲ့, ရှိမဲ့ တောင်းလို့ ဒါယကာ ဒါယိကာမတွေက စုပေးရတယ်၊ ပြီးရင် ဟင်းကောင်းကောင်းစားပြီး သက်နှံ့ကို ခြေကန်အိပ်နေကြတယ်၊ ကျက်သရေခန်းကလဲ ကျက်သရေခန်း မဟုတ်ဘူး။ ကြက်သေခန်းဖြစ်ပြီး ပုပ်စော်နံလို့၊ သက်နှံ့တွေကလဲ တိုးလို့တဲ့လဲ ရှုပ်ပွပြီး ထွေးနေတာပဲ၊ ပဲ့ ဆိုတော့ ပဲ့ကြည့်သူတွေက ပြင်ဆင်လာကြ၊ ပဲ့လဲကြည့်လိုက်၊ ကောင်မလေးတွေလဲ ကြည့်လိုက်ပေါ့လေ၊ ဒီပဲ့ခင်းက မနက်ကျတော့ ချေးပုံတွေနဲ့ သေးကွက်တွေနဲ့ ဘုရားဝင်းထဲ ပြည့်လို့၊ ဒါကို သူတို့က သဘောမပေါက်ကြဘူး။

မသိသူကျော်သွား သံဂါယနာတင်ဖို့ဆိုပြီး ရန်ကုန်သွားတော့ ကြွလာတဲ့ ပုဂ္ဂိုလ်တွေက ရထားအထူးခန်းစီးပြီး လာကြတယ်။ ဘုန်းကြီးကတော့ ရိုးရိုးတန်းနဲ့ ပဲ ရန်ကုန်ရောက်သွားတယ်။ ရန်ကုန်ရောက်တော့ ဘုန်းကြီးကို မမြင်ဖူးတဲ့သူတွေက ဘယ်ဟာ ဦးဇနကလဲ ဘာလဲနဲ့ မေးကြတော့ သိတဲ့သူတွေက ပြောတော့မှ တချို့ သိ

ကြတယ်၊ ဒါယကာတစ်ယောက် သံဂါယနာတင်လာတဲ့ ပုဂ္ဂိုလ်တွေကို ပန်းကုံးစွပ်မလို့ လာတော့ ဘယ်သူ့စွပ်ရမှန်မသိဘူး၊ နောက်တော့ ဘုန်းကြီး လာစွပ်ပါရောဗျာ။

အပြီးသွားကြ တစ်ခါက ရွှေကျင်ဆရာတော်ကြီး တစ်ပါက နေ့လယ် စာချတော့ သူ့တပည့်တွေ ပဲ့မကြည့်ရန် သြဝါဒပေးလိုက်ရာ ညကျတော့ ကိုယ်တော်နှစ်ပါးက ဆရာတော်အိပ်နေတဲ့ ခေါင်းရင်းကနေပြီး ဆရာတော်ဘွဲ့ကို ခေါ်ပြီး တပည့်တော်တို့တော့ မနေနိုင်လို့ သွားလိုက်ဦးမယ်ဆိုပြီး ဖိနပ်ကလေး တပျတ်ပျတ်နဲ့ ထွက်သွားကြရော၊ မင်းတို့လဲ မနေနိုင်ရင် သွားကြပေါ့ကွာ၊ ဒါပေမယ့် ဒီတိုက်ကတော့ အပြီးသွားကြရမယ်။

အခွင့်သာရင် လုပ်ရမယ် ရွှေကျင်တိုက်အနီး တစ်ခါက အကြိုမ်ပဲ့တစ်ခု ရှိတော့ လူရှင်တော်တစ်ယောက်က "ရွှေကျင်မှန်သမျှ ခေါင်းပြီး ခြုံကြ ပါ ဘုရား" လို့ လှမ်းအော်လိုက်တော့ ကိုယ်တော်တွေအားလုံး ခေါင်းပြီး ခြုံလိုက်ရာ လူရှင်တော်က "ရွှေကျင်တော့ ဒါလောက်မမျှားတန်ရာ ကောင်းပါဘူး" လို့ ပြက်လုံးထုတ်လိုက်သတဲ့၊ ပဲ့ကျတော့ လူတွေက ကိုယ့်ထိုင်ခုံနဲ့ ကိုယ့်အတွဲနဲ့ စောင်ခြုံပြီး ဇီမ်နဲ့ ကြည့်ရတာ၊ တို့ ကိုယ်တော်တွေက ဖိနပ်ကလေး ဖင်ခုထိုင်ပြီး သက်နှံ့လေး ခေါင်းပြီးခြုံ၊ တစ်ယောက်တည်း အောက်က ငေးပြီးတော့ မော့ကြည့်လို့။ ဘုန်းကြီးက အခွင့်မသာသေးလို့၊ တစ်နေ့မှာ အခွင့်သာရင်

လုပ်ရသေးတာပေါ့၊ ဗေဒင်ကလဲ မသေသေးဘူးလို့ ဟော
ထားတယ် မဟုတ်လား။

အလိုလိုသိခ္ခြင်း ဘုရားတရားတော်က ကျင့်တဲ့သူမှ အကျိုး
ရတာပါ၊ ကျင့်တယ်ဆိုတာ အစားစားရှိ
ပါတယ်၊ အစားစားကျင့်ရလို့လဲ ချမ်းသာရာမှာ အစားစား
ချမ်းသာနေပါတယ်၊ ဘုရားတရားတော်က ကျင့်နေတုန်း
အကျိုးမရပေမယ့် အခွင့်သာတဲ့ အခါတော့အလိုလို အကျိုး
ရလာတာပဲ၊ အိမ်ထောင်ရေးတစ်ခုမှာ နှစ်ဦးသဘောတူဖို့လို
တယ်၊ ယောကျ်ားက ဒါန, သီလ, ဘာဝနာနဲ့ ပြည့်စုံပြီး
အိမ်ရှင်မက မပြည့်စုံခဲ့လျှင် အိမ်ရှင်က နတ်သားနဲ့ တူတယ်၊
အိမ်ရှင်မက သူသေနဲ့မယူးပါဘူး၊ နှစ်ဦးစလုံးက ပြည့်စုံနေ
ရင်တော့ ပြောစရာမရှိ ကောင်းတာပါပဲ၊ နှစ်ဦးစလုံးက
ဒါတွေကိုမေ့လျော့နေရင် နှစ်ဦးစလုံးဟာ အသေပါပဲ၊
မြန်မာတွေက အလှူဒါန အကြီးအကျယ်ပေးလှူမှု သဒ္ဓါ
တရားရှိတယ်လို့ ယူဆကြတယ်။ သဒ္ဓါတရားဆိုတာ ရတနာ
သုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်တာကိုပဲ သဒ္ဓါတရားရှိ
သူလို့ ဆိုရပါတယ်။

လေးပုံထဲက ဝေခြမ်းလှူ လူတွေက အကျင့်သိက္ခာနဲ့နေသူကို ကြည်ညို
ကြတယ်။ ဒီဘဝမှာလဲ လက်တွေ့ ဖြစ်တယ်။
ဘုရားသခင်ကတော့ အမျိုး, ရူပ်, ပစ္စည်း,
အစစအရာရာမှာ ပြည့်စုံခဲ့တယ်၊ ဒီပြည့်စုံတာတွေကိုပဲ စွန့်
ပယ်ခဲ့တယ်။ မြတ်စွာဘုရားက လူဖို့ရန်ကိုလဲ မဟောခဲ့ပါ

ဘူး။ ပစ္စည်းကို လေးပုံပုံ၊ သင်စားဖို့ကတစ်ပုံ၊ အ
အကြောင်းဝေါ်ရင် သုံးဖို့ကတစ်ပုံ၊ တရားသဖြင့် ကူးသ
ရောင်းဝယ်ဖို့ကတစ်ပုံ၊ မြေမြှုပ်နှံဖို့ကတစ်ပုံ၊ တစ်ပုံမှလူ
မပါပါဘူး။ လူတယ်ဆိုတာ ဒီအပုံကြီးလေးပုံထဲက တ
နိုင်သလောက် ဝေခြမ်းပြီးလှူရပါတယ်။

စင်ကြယ်မှုကောင်း ရှေးက, ဒါန, သီလ, ဘာဝနာ မပါရ
ခုဘဝမှာ မွေးကတည်းက အဆင်မပ
ပါဘူး။ ရှိတာတွေကို အကုန်သိမ်းလှူရမှာ မဟုတ်ဘူး၊ တ
နိုင်သလောက်ကို ဆိုလိုတယ်။ ပေးလှူတဲ့နေရာမှာလဲ ချိုချို
သာသာ ပေးလှူရတယ်။ လှူဖို့ရာ လက်ကိုအမြဲတမ်း ဆေ
ထားရတယ်။ လှူတဲ့နေရာမှာလဲ စင်ကြယ်မှုကောင်းပါတယ်၊
စကားကိုလဲ ချိုသာပါစေ၊ စိတ်ကလဲကောင်းနေတော့ပေး
ရတာကို လက်ကရဲပြီး ပျော်နေတယ်။

သည်းခံနေရင် နိုင်မြဲပဲ တစ်ဦးနဲ့ တစ်ဦးလဲ အလိုလိုက်ပြီး အရာရာ
မှာ သည်းခံရတယ်။ ဘုရားတရားဟော်က
သင့်ဟော်ရှိသာ ဟောတော်မူခဲ့တာပါ။
တရားသဖြင့် ပစ္စည်းရှာ, အသုံးလဲနည်း, ရတာကို စုဆောင်း,
ဒါမှ ဥစ္စာဆိုတာ မလျော့တာပါ။ "အမိတ္တာ ဒုမ္မနာ
ဟောန္တိ" တဲ့၊ သူများချစ်ခင်နေတာ, ပစ္စည်းပေါတာ, ရူပ်
ချောတာ, အထက်တန်းရောက်နေတာကို မနာလိုဝန်တိုသူ
တွေက များတတ်ပါတယ်။ ဒါကို ပြန်ပြီးပြောဆိုဝန်တိုနေ
ဖို့ မလိုပါဘူး။ သည်းခံနေရင် နိုင်မြဲပါပဲ။

အမျိုးကိုထိန်းပါ ရှင်မဟာကဿပနဲ့ မယ်တဒ္ဒါတို့ ကမ္ဘာ
တစ်သိန်း ပါရမီဖြည့်ခဲ့ကြပြီး ဗြဟ္မာ့
ပြည်က လူ့ပြည်ရောက်တော့ သူတို့နှစ်ဦးဟာစိတ်ချင်းကလဲ
ဘူ, သဘောချင်းကလဲတူ၊ ဘုရားလက်ထက်ကျတော့ ကျွတ်
တန်းဝင်ကြတယ်။ သာသနာက ကြီးကျယ်တယ်၊ မြင့်မြတ်
တယ်၊ ပထမ သံဂါယနာတင်တာက အရှင်မဟာကဿပ၊
အမျိုးကို ထိန်းပါ၊ နောက်ဆုံးတရားဖျိုကိုသာ ရည်မှန်းပါ၊
ကိုယ့်ကိုယ်ကို နေတတ်, သံသရာသွားတတ်, နိဗ္ဗာန်အထိ
သွားတတ်ပါစေ၊ အားလုံးစိတ်ချရအောင် ကြိုးစားကြပါ၊
ဘုရားသခင်ကအိမ်တောင်ရေးတောင် မလွတ်လပ်ရပါဘူး။
တရားကို သူ့နေရာနဲ့သူ ဟောတော်မူတယ်။ အိမ်သောင်
ရေးဆိုတာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နေပြီး ပစ္စည်း
ကိုလဲ တရားသဖြင့်ရှာလို့ ရေကန်ကြီးတစ်ခုလိုပေါ့၊ရေကန်
ကြီးတစ်ခုဟာ လေးဘက်လေးတန်က အပေါက် ဖောက်
ထားပြီး ရေလိုရင်သွင်း, ပိုတဲ့အခါ လွှတ်ပေးရသလို အိမ်
ထောင်ရေးတစ်ခုမှာလဲ စီးပွားရေးကလဲပြည့်စုံ၊ သီလကလဲ
ရှိ၊ လူ့ရမယ့်နေရာမှာ လူလို့ ဒီလိုနေကြပါ။

ကိုလေသာနယ်ထဲ တဝဲလည် ခန္ဓာကိုယ်ဆိုတာ အိုးလိုပါပဲ၊ မခိုင်ခံ့
ပါဘူး။ ကျောင်းတွင်း, မြို့တွင်း, အိမ်
တွင်းဆိုတာ ပြင်ရတယ်။ ကိစ္စတစ်ခုမှာ
စိတ်ထားတတ်ဖို့က အလွန်အရေးကြီးပါတယ်။ ဘုရားပန်း

လှူတဲ့သူချင်းပဲ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး
ကံအကျိုးပေးကျတော့လဲ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး
ဘုရားဝတ်ပြုတယ်ဆိုလဲ ကိုယ်ထိလက်ရောက်ပြုတဲ့သူနဲ့ ဘေ
ကကြည်ညိုတဲ့သူနဲ့ တစ်မျိုးစီပါပဲ။ ရောဂါရှိတယ်၊ အိုလွယ်
တယ်ဆိုတာ စိတ်ကမခိုင်ခံ့လို့ပါ။ မရှိတဲ့အကုသိုလ်,ကိလေ
သာတွေကို တရားနဲ့သာမစဉ်းစားရင် တိုးလာပါတယ်။ စင်
တိုက်တဲ့ စစ်ဗိုလ်ကြီးဟာ အောင်ပြီးတဲ့နေရာကို မစောင့်
ရှောက်ရင် သူများလက်ထဲ ပြန်ရောက်သွားတာပဲ၊ ဒီအတိုင်း
ပါပဲ။ ရပြီးတဲ့ကုသိုလ်တရားတွေကို မစဉ်းစားလို့ရှိရင်လျော့
လာပြီး ကိလေသာနယ်ထဲ ပြန်ရောက်သွားတာပါပဲ။

အရမ်းမြောက်တော့ အရမ်းပျက် တရားတွေက မြင့်မြတ်ပါတယ်။ စိတ်
ကို မြင့်ကြပါ။ ဝိပဿနာပညာကို
လက်ကိုင်ပြုပြီး ကိလေသာသူပုန်တွေ
ကို သတ်ဖြတ်ကြပါ၊ ကိုယ်တိုင်ကလဲ ထိန်းပေးကြပါ။
ကျောင်းတိုက်တစ်ခုမှာ အစကတော့ ဒါယကာ ဒါယိကာမ
တွေ တရှန်းရှန်းနဲ့၊ နောက် ဒါယကာ ဒါယိကာမတွေ မရှိ
တဲ့အခါကျစောင့် ဘုန်းကြီးတွေကပျင်းပြီး လူထွက်ကြပါ
ရော။ တချို့ဆရာတွေက စာတော်တဲ့တပည့်ဆိုရင် သီးခြား
ချီးမြှောက်လေ့ရှိကြပါတယ်။ ရွက်အုပ်သီးဖြစ်နေတဲ့ တပည့်
ကိုတော့ မသိကြဘူး။ **အရမ်းမြောက်ကြတော့ အရမ်းပျက်
ကြပါလေရော။**

စာဝါနှားလို့ ငေါက်ခံရ မြောင်းမြ ယခင်ဆရာတော်ကြီးက တပည့်တွေကို အခါမဟုတ်ပဲ စာဝါပိတ်ရမလား ဆိုငေါက်လေသတဲ့၊ "ဒီကောင်တွေသူများ သိတင်းကျတ်စာဝါနှားတယ်ဆိုတာက ဒါယကာ ဒါယိကာ မတွေ့ သီလပေးရ၊ တရားစကားဟောပေးရနဲ့၊ အလုပ်များလို့ စာဝါပိတ်ရတာ၊ ခုတော့ သူတို့ဆီကို ခွေးတစ်ကောင် တောင်မလာပဲနဲ့ စာဝါနှားရသလား" ဆိုပြီး ငေါက်လေသတဲ့။

စာသဘောလူသဘော ပိုင်ပိုင်သိထားကြ ဒီကျောင်းမှာ ကိုယ့်ရပ်ရွာက ဒါယကာဒါယိကာမတွေလာရင်ကျောင်းတိုက်ထဲမှာ ကိုယ့်ဦးပဋ္ဌင်းနဲ့ ကိုယ်ကြာကြာ စကားမပြောစေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ တခြားကိုယ်တော်တွေက မျက်စောင်းတထိုးထိုးနဲ့နေတာမို့၊ ဒါ့ကြောင့် ဘုန်းကြီးကစကားပြောချင်လို့ရှိရင်မြောက်တက်လာပြီးပြောကြပါလို့ဆိုတာ၊ ကိုယ်တော်တို့က သဘောမပေါက်ကြဘူး၊ လူတစ်ယောက်က ရပ်ချောနေပေမယ့်စိတ်ကရိုးသားပြီး ကောင်းချင်မှ ကောင်းပါတယ်။ တချို့ဆရာတွေက တပည့်တွေက ရပ်ကလေးနည်းနည်းချောနေလို့ရှိရင် သီးသန့် ထားချင်ကြတယ်၊ ဒါကမကြီးပွားပါဘူး၊ စာသဘောလူသဘောကို ပိုင်ပိုင်ကြီး သိထားကြပါ။ ဒါယကာ ဒါယိကာမတွေနဲ့ မျှားမျှားနေတော့ ပျက်တတ်တယ်၊ ပျက်စရာတွေက အများကြီးရှိတယ်။

ပြာပုံထဲခဲကျသလို ဒီဟာတွေကို ကိုယ်ကစောင့်ရှောက်ပါမှ ကျောင်းတိုက်ထဲ တရားပွဲလုပ်ရင် လူတွေ စည်ကားမယ်ဆိုတာ သိပါတယ်၊ သိပေမယ့် ဘုန်းကြီးက မလုပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တရားပွဲလုပ်ရင် ဒါယကာ ဒါယိကာမတွေ ဆူပွက်ဆူပွက်နဲ့ ရောယှက်ပြီး စိတ်တွေ ပျံ့လွင့်ကြတော့ ပျက်စီးကုန်ကြရော၊ ကြာကြာမခိုင်ခံ့ပါဘူး၊ တရားတော်တွေက ကျယ်ပြန့်ပါတယ်၊ ပြာပုံထဲခဲကျသလို စိတ်ကို လောကီအာရုံတွေထဲ မပျံ့လွင့်ကြစေနဲ့။

စာနဲ့တိုက်ကြည့် စိတ်ရင်းသိ လူတစ်ယောက်ကို စာနဲ့တိုက်ကြည့်ရင်သူ့ ရှိစိတ်ရင်းစေတနာရင်းကိုတော်တော်ကြီး သိသာပါတယ်။ ခု ဘုရားပွဲတွေက သာသနာကို သုံးရှုံးစေတယ်၊ စည်ကားတယ်ဆိုတာ ကျောင်းတိုက်တစ်ခု တာရှည်မခံပါဘူး၊ ဒါကိုသိလားကြပါ၊ ဘုရားသာသနာမှာ စာတွေသင်နေတာက ကိုယ်ကျိုးမဟုတ်ပါဘူး၊ အများ အကျိုးကို ဆောင်ချင်လို့ပါ၊ စိတ်ဒုစရိုတ်ထား ကောင်းကြပါ၊ အထက်နတ်တွေ တက်သွား ဆိုတာ သီလစင်ကြယ်လို့ တက်သွားကြတာပါ၊ မခဲယဉ်းပါဘူး။

နှစ်ဦးလုံးညီ ပါရမီတူမှ လူတစ်ယောက် ဆိုတာ ပညာတတ်လာရင် သတ္တိက အလိုလိုတက်လာပါတယ်၊ အဲဒီသတ္တိကအခါတိုင်း သတ္တိနဲ့ မတူပါဘူး၊ လောကမှာ သူများက ကိုယ့်ကို မြှောက်ပြီးပြောရင် သဘောမကျသူ ရယ်လို့ မရှိပါဘူး၊ ဘဝင်ထဲကို ခွေ့ခွေ့လာအောင်ကြိုက်

တာပေါ့၊ ယောကျ်ားဆိုတာ ဘယ်အခါမှ လုံ့လဝီရိယကိုမ
လျော့ရဘူး၊ ကံဆိုတာ 'တန်းသီးကြွေခိုက် ကျီးနင်းလိုက်'ဆို
တာလိုပေါ့၊ လူတစ်ယောက် အကျိုးပေးခွင့်ကျလာရင် တား
လို့ မရပါဘူး၊ 'ငါငင်လို့ သူမယိပ်း၊ ငါယိမ်းမှ သူပါ'ဆိုတာ
လိုလောက ပါရမီဖြည့်ဖက်ဆိုတာ တစ်ယောက် မပါပေမယ့်
တစ်ယောက်ကပါနေရင် မညီပါဘူး၊ နှစ်ဦးလုံးရဲ့ ပါရမီက
ညီမျှမှုပါ။

ဘွဲ့က လူကို မပ်ပါစေနဲ့ ရဟန်းသာမဏေကွဲ့မှည့်ပေးရင် လူလိုက်အောင်
မှည့်ပေးကြပါ၊ ဘွဲ့ကဲ့ လူကိုမပ်ပါစေနဲ့၊ အမျှော်
အမြင် သတ္တိလဲရှိပါစေ၊ ပါရမီဖြည့်တယ်ဆိုတာ
ပေါ့ပေါ့မဟုတ်ဘူး၊ ရည်မှန်းချက်ကလဲ ရှိမှကောင်းတယ်၊
တကယ် ပါရမီဖြည့်မယ်ဆိုရင် အဟုတ်ကောင်းတဲ့ဘဝ၊ အခွင့်
သာတဲ့ကာလ၊ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါသမယ
ကြီးမှာ ကြီးစားပေးကြပါ၊ သံသရာကကယ်တင်နိုင်တဲ့ဘုရား
သာသနာတော်ကြီးနဲ့တွေ့အောင် ကြိုးစားကြ၊ အဲဒီကျတော့
ကျွတ်တမ်းဝင်ကြရမယ်၊ ပေါ့ပေါ့ဆဆမနေကြပါနဲ့၊ သာသ
နာပ မဟုတ်သေးပါဘူး၊ ဘဝကောင်းရထားပြီး ကြိုးစား
ရမယ့် အချိန်ပါ။

စိတ်နေစိတ်ထားသာ လိုရင်းပါ ဆရာသမားကို ရှိသေတဲ့သူဟာ တိုး
တက်လမ်းရှိပါတယ်၊ လူတစ်ယောက်
မှာ ပိုက်ဆံကလဲပေါ၊ စာရိတ္တကလဲ
ကောင်းဆိုရင် လူလေးစားလာပါတယ်၊ ဘုန်းကြီးတွေမှာလဲ

အကျင့်သီလက ပြည့်စုံနေမယ်ဆိုရင် လူတွေက လေးစာ
ကြည်ညိုပါတယ်၊ လူတစ်ယောက်မှာ အကျိုးပေးကောင်
တယ်ဆိုတာက အခြားမဟုတ်ပါဘူး၊ ခုဘဝမှာ ပြုလုပ်ခဲ့ဝ
ကံရယ်, နောက်ဘဝက ပြုလုပ်ခဲ့တဲ့ကံရယ်, စိတ်နေစိတ်လာ
သာ လိုရင်းပါပဲ။

အလိမ္မာသရား အလိမ္မာဆိုတာ အများကြီး လိုသေးတယ်၊
တန်းစေ့ပါစေ နေရာတိုင်းမှာ ကန်းမစေ့သေးပါဘူး၊ သစ်
ပင် အခါးပင်ကို ရေလောင်းလို့ အချိုသီး
မသီးပါဘူး၊ ဒီလိုပဲ မကောင်းသူတွေမွေးထားရလဲ ကောင်း
လာမှာတော့ မဟုတ်ဘူး၊ ဘုရားသရားတော်တွေက ကောင်း
ချင်တဲ့သူတွေဆိုရင် သိပ်ကောင်းပါတယ်၊ တန်ဖိုးမဖြတ်နိုင်
ပါဘူး၊ ဒီတရားတွေ သင်နေကြပေမယ့် အလိမ္မာမတိုးတဲ့
သူတွေကတော့ သာသနာမှာမနေသင့်ပါဘူး၊ လူတစ်ယောက်
ဟာ ပညာတတ်လာရင်ကြီးသူကိုရိုသေရပါတယ်၊ ပညာတတ်
ပြီး ကြီးသူကို မရိုသေဘူးဆိုတာ မဟုတ်နိုင်ပါဘူး၊ လူ့လော
ကကို အယင်းမကြီးဘဲ သာသနာပြုဖို့ကြိုးစားကြပါ၊ အလိမ္မာ
ကိုလဲ တန်းစေ့အောင်ရှိကြပါဘဲ၊ အဆိပ်ပင်ရေလောင်းနေ
ရင် အဆိပ်သီးပဲ သီးမှာပါ၊ ကိုယ့်ကိုယ်ကို အဆိပ်ပင် မဖြစ်
အောင်ကြပါနဲ့၊ အကောင်းပင်တွေ ဖြစ်လာအောင် ကြိုးစား
ကြပါ။

ဝမ္မဗျူဟာ
အတွဲ(၂၁) အမှတ် (၇)
(၁၉၇၂၊ စက်တင်ဘာလ)

တာဝန်ကျေအောင် ကြိုးစားကြ

နိုင်ငံ့စီးပွား တိုးပွားစေချင် ဘုန်းကြီးတွေက သူများအားကိုးကြတယ်။ တပည့်မရှိရင် မနေတတ်ကြဘူး။ ဘာဖြစ်လဲ၊ ဘယ်သူမှ မရှိတော့ အေးတာပေါ့၊ ဘုန်းကြီးက သာသနာမှာ အကုန်အကျမများဖို့ ဘုရားပွဲ မလုပ်ဖို့ ရဟန်းခံ ရှင်ပြုပွဲတွေ အပိုမကုန်ရန် ပြောတော့ ဘုန်းကြီးကို ဝိုင်းပြီးအပြစ်တင်ကြတယ်၊ ဘုရားသာသနာကို ဘုန်းကြီးတွေ လူတွေက သာသနာနဲ့တူအောင် မလုပ်ကြဘူး၊ သာသနာညွှန်ကြားတာက အားလုံးက ကောင်းလျက်နဲ့ ဘာသာ ဝင်တွေက ညှဉ်နေလို့ပါ၊ အလှူ, ရဟန်းခံ, ရှင်ပြု, ဘုရားပွဲတွေအကုန်အကျမများစေနဲ့ဆိုတာ အလကားမဟုတ်ပါဘူး၊ လိုတာထက် ပိုမကုန်ကျစေချင်လို့၊ နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်လာစေချင်လို့ ပြောတာပါ။

တာဝန်ကိုယ်စီ စာသင်သားဆိုတာ ဆင်းရဲမှု၊ ချမ်းသာ နေလို့ မတော်ပါဘူး၊ ဘောပွဲမှာ တချို့ ဘုန်းကြီးတွေက ကြည့်ရှုတင်မကဘူးတဲ့၊ လောင်းကြေးသေးသတဲ့။ သာသနာက ကောင်းလွန်းပြီး ဒီဘုန်းကြီးတွေက

ဖျက်လိုက်ကြတာ၊ ငါးခုံးမ တစ်ကောင်ကြောင့်တော့ တလေလုံး မပုပ်ကြပါစေနဲ့၊ ဘုန်းကြီးက မင်ဖိုလ်နိဗ္ဗာန်လမ်းကို သွားနေတာပါ၊ အားလုံးကိုလဲ ဒီလမ်းကိုပဲ ခေါ်ဆောင်နေတာပါပဲ၊ လောကကြီးအကြောင်း ကောင်းကောင်းကြီး သိပြီး သံသရာသွားရမယ့်လမ်းကို ကြည့်ကြပါ။ အလိမ္မာကိုလဲ တိုးပေးကြပါ၊ သတိနဲ့လဲ နေကြပါ အားလုံးရဲ့ အပေါ်မှာ တာဝန်ကိုယ်စီရှိကြပါစေ။

ဘယ်သူမပြု မိမိမှ ကိုယ့်ကိုယ်ကို ဘဝကောင်းနဲ့ ဆက်သွယ်ထားပါ။ အတိတ်ဘဝက ဘယ်ကလာပြီး ဘယ် ဘဝ ရောက်နေတယ်ဆိုတာ သိကြပါ၊ လွန်ခဲ့တဲ့ ဘဝသံသရာက ကိုယ်ဟာ ဘာလိုနေတယ်ဆိုတာလဲ ဒီ ဘဝ အသိတင်မက နှစ်ဘဝလောက်မှန်းသိမှ ကောင်းတာ။ လာမယ့် ဘဝသံသရာမှာ ဘယ်အဆင့်အတန်းလောက် ရှိမယ်ဆိုတာကိုပဲတော့ ကိုယ့်ရဲ့အပေါ်မှာ မူတည်ပါတယ်၊ လူတစ်ယောက်ဟာ တကယ်ကျတော့ ကိုယ့် အ တွက် ကို သာကြည့်ကြတာက များပါတယ်၊ ကူလီလုပ်တဲ့ လူတစ်ယောက်ဟာ ဒီအလုပ်လုပ်ပေးရင် ငွေရမယ်ဆိုတော့ အလုပ်လုပ်တာပါပဲ၊ ငွေကရမှာကိုး၊ ကိုယ့်ဘဝကိုယ်လဲ ခုဘဝ ဆင်းရဲနေပေမယ့် နောက်ဘဝရောက်ရင်တော့ သေချာကို ချမ်းသာရတာပါပဲ၊ ခဏလေး ချမ်းသာတာကိုတော့ မကြည့်ကြပါနဲ့။ အစဉ်သဖြင့် ချမ်းသာမယ့်လမ်းကိုသာ ကြည့်ကြပါ။

အမျိုးကောင်း အမျိုးမြတ် ဝိနည်းကို ကိုယ့်အတွက် ကောင်းရုံတင်မက သာသနာ အတွက်ပါ အကျိုးရှိအောင် စောင့်ထိန်းကြပါ။ ဝိနည်းဆိုတာ ကိုယ့်ရဲ့ အလည် ကိုယ် အတွင်းသားပါ၊ သာသနာရဲ့ အတွင်းသားကလဲ ဝိနည်းပါပဲ။ အမျိုးတစ်ခုမှာ စီးပွားရေးကလဲ ကောင်း အကျင့်စာရိတ္တကလဲ ကောင်းဆိုရင် အမျိုးမြတ် တစ်ခုလို့ ဆိုရတယ်၊ ကျောင်းတိုက်တစ်ခုမှာလဲ စာကလဲ တတ်အောင် သင်ပေး ဝိနည်းဘက်ကလဲ လေးစားမယ်ဆိုရင် ရှင်, လူ, နတ်ပါ အားလုံးကကြည်ညိုတာပါပဲ၊ ဒါကြောင့် ကောင်း ကောင်း နေပါ၊ သူများကို ကြွားကြွား မောက် မောက် စကားမပြောနဲ့၊ ရိုးရိုးကလေးနဲ့ပဲ ကိုယ့်အလုပ်ကို မှန်မှန် နေကြပါ။

မကောင်းသူထိပ် ကောင်းသူထိပ် သူများမကောင်းတာကို ကိုယ်က ပြော နေဖို့ မလိုပါဘူး၊ ကိုယ့်သံသရာနဲ့ကိုယ် သွားကြရမှာ၊ ကိုယ်မကောင်း ကိုယ်ခံ၊ သူတို့မကောင်း သူတို့ခံ၊ ပြောဖို့မလိုပါဘူး၊ လူ့လောကမှာ ပိုက်ဆံမရှိရင် အကျင့်စာရိတ္တပျက်သလို ဘုန်းကြီးဘဝမှာလဲ သီလ, သမာဓိ, ပညာဆိုတဲ့ ဝိနည်းမပါရင် ပျက်စီးတော့ တာပါပဲ၊ ကောင်းကောင်းနေကြပါ၊ တိုးတက်လာတဲ့ ငယ် ရွယ်သူတွေကို မနှိမ်ကြပါနဲ့၊ သတ္တိရှိရှိနဲ့ ဆောင်ရွက်ပေး ကြပါ။

ကိုယ့်ဘာလိုအပ်ချက် သိလျက်နေပါ အမှတ်တမဲ့နဲ့ လောကသံသရာကို ဘ မယ်များ မကြုံကြပါနဲ့၊ ကိုယ်သွ: မယ့် ဘဝမှာ ဒီဘဝက ကော: ကောင်း ပြင်ပေးလိုက်မှ ဝေတ်ပုံရိုက်သလို ဒီဘဝက ကော ကောင်း ပြင်ပေးလိုက်မှ နောက်ဘဝ သံသရာမှာ အဆ ဆက်လဲ ကောင်းနိုင်ပါတယ်၊ ဒီဘဝမကောင်းရင် နော ဘဝမှာလဲ ကောင်းမှာ မဟုတ်တော့ပါဘူး၊ ကောင်: ဆိုတာ ရတနာသုံးပါး ဆရာ မိဘ စတဲ့သူတွေရဲ့ ဂုဏ်ကေ ဇူးကို မမေ့ဖို့ပါပဲ၊ လွန်ခဲ့တဲ့ဘဝက မကောင်းခဲ့တာကိုတေ မတတ်နိုင်ဘူးပေါ့၊ ခုရလားတဲ့ လက်ရှိဘဝကိုပဲ ပြင်ဆင်ပြီ ကြိုးစားနိုင်သမျှ ကြိုးစားကြပါ။

လူတွေက ကိုယ့်ဘဝကိုယ် ဘာလိုနေတယ်ဆိုတာ မသ: ကြဘူး။ ဥစ္စာပါ ရှုပ်ချောနေပေမယ့် ကာမဂုဏ်တရား: တွေကို အပျော်လိုက်စားနေမယ်ဆိုရင် မတော်သေးပါဘူး၊ ဒီဘဝက ပေးရဲရင် နောက်ဘဝကျတော့လဲ ဥစ္စာပေါတာ ပါပဲ။ ပေးလဲ ပေးရဲနေတာပါပဲ၊ ကိုယ့်သဝရဲ့ လိုနေတဲ့ အချက်ကို ဘာလိုနေတယ်ဆိုတာ သိပါ။

ကြုံဖန်စဲ့နေကြ လူတွေ ဘုန်းကြီးတွေကို ဘာဝနာနဲ့နေကြ ဖို့ ပြောတော့ ကိုလေးသာတွေ လျော့သွား မှာစိုးလို့တဲ့၊ မနေချင်ကြဘူး၊ တကယ်ကောင်းတဲ့ တရား ဆေးတွေ ရှိလျက်နဲ့ မစားသုံးကြပါဘူး၊ ခေါင်းရင်းမှာ အသာတင်ထားပြီး သူတို့ချင်းတော့ ပျော်နေကြတာပါပဲ၊

လူတွေက မစ္စဲရမယ့် အသုဘ, မတင့်တယ်တဲ့ တရားတွေကို တင့်တယ်တဲ့ တရားလုပ်ပြီး ကြံဖန်စ္စဲနေကြတာပါ။

ဟန်ဆောင်ကြတာ ဘီလူးမတွေက လူတွေကိုစားချင်တော့ သူတို့ကိုယ်သူတို့ လှလှလေး ဖန်ဆင်းထားလိုက်တယ်၊ ဒီလှလှလေးတွေကိုလိုချင်တဲ့ လောဘသားတွေနဲ့တွေ့တော့ မစဉ်းစား မဆင်ခြင်ပဲ ယူလိုက်ကြရော၊ အမှန်ကတော့ သူကဟန်ဆောင်ပဲ၊ နောက်တော့ သူပိုင်ခွင့်ရှိတော့ စားတာပါပဲ။ မိန်းမသားတွေဟာလဲ ဟန်ဆောင်နေကြတာ၊ သူတို့မှာ စ္စဲစရာဘာမှမရှိဘူး၊ ဟန်ဆောင်ထားတာကို အဟုတ်မှတ်ပြီး စ္စဲလမ်းချစ်ခင်နေကြတော့ လောဘသားတွေ အစားခံကြရတော့တာပါပဲ။ မင်းတို့ ဘီလူးအစားခံချင်ကြသလား၊ ဘီလူးအစားခံချင်ရင် ခံကြလေ။

ပါရမီ ဖြည့်ဖက်တွေ လူတစ်ယောက် နာမည်ရှိလာရင် ဒါမျိုးတွေ ကြုံလာတတ်ပါတယ်။ တို့စာတွေကတယ်ပြီး တော့ဆိုတယ်။ တို့က တော်မှထင်တယ်။ သာသနာကို လေးလေးပင်ပင် ပြုရမယ့်ဘဝ ရောက်နေတာပါ။ သင်္ဃာ၀ါတွေက ဘာမှ အလိုက်မသိဘူး။ မဒ္ဒီမိဖုရားနဲ့ ဝေဿန္တရာမင်း တောထဲနေတော့ ခွဲနေကြတာ၊ မဒ္ဒီမိဖုရားက တစ်ညမှာ အိပ်မက်တွေ မကောင်းတာနဲ့ မေးချင်လို့ ဝေဿန္တရာမင်းဆီကိုလာတော့ ဝေဿန္တရာမင်းကြီးက ညကြီးဘာကြောင့် လာရတာလဲဆိုပြီး အပြန်ခိုင်းတယ်။ ပါရမီဖြည့်ဖက်တွေမို့ပါ၊ ကိုယ်တော်တို့ ခု ဆရာသမားကောင်း

တွေ့ တွေ့ရတာလဲ ကံကောင်းလိုပါ။ နာမည်ကြီးဖို့မလိုပဘူး။ သာသနာပြုဖို့ကိုသာ ရည်မှန်းကြပါ၊ စိတ်ပါလက်ပါ ကောင်းပေးကြပါ၊ သာသနာပြုဖို့စိတ်ကိုလဲ ထက်ထက်သန်သန် ရှိကြပါစေ။

အတွင်းသဘော ထင်ရှားစေချင် ကိုယ်တော်တို့ ကြမ်းနင်းမပြင်းကြပါစေနဲ့၊ ကြမ်းနင်းပြင်းတာ ခိုးစားတာတော်မှ မလွယ်ပါဘူး၊ ဒါယကာ ဒါယိကာမတွေက ကြည်ညိုကြတယ်။ သူတို့ကြည်ညိုသလောက် မိမိတို့ကအကြည်ညိုခံပြီး စိတ်ကို ကောင်းကောင်းထားရမယ်။ ဘဝသံသရာမှာသွားဖို့က မလွယ်ဘူး။ စားတဲ့အ၀ါမှာလဲဆင်ခြင်ပြီးစားကြပါ။ ဘဝသံသရာမှာ အောက်ကျတတ်တယ်။ အလှူခံတက်ကနေရတာ မလွယ်ဘူး။ ဘုရားကိုလဲကြည်ညိုကြပါ၊ ဘုရားကိုကြည်ညိုရုံတင်ရပ်မနေပဲ သာသနာရဲ့ကျက်သရေကို ဆောင်ကြပါ၊ နိဗ္ဗာန်ကိုဖြောင့်ဖြောင့်သွားကြဖို့လိုတယ်၊ ဘုန်းကြီးက အပြင်နာမည်ကြီးတာ အရေးမကြီးပါဘူး။ အတွင်းရောက်မှ ထင်ရှားစေချင်တယ်။ အတွင်းကလဲ ကောင်းနေဖို့ရုံတယ်။ အပြင်ပန်း ဟန်ဆောင်မဟုတ်ဘဲ အတွင်းကိုလာကြည့်ရင် အကြည်ညိုခံနိုင်ပါစေ၊ အပြင်ကကောင်းပြီး အတွင်းကမကောင်းရင် ရှက်စရာကောင်းပါတယ်။

ကိုယ်ဂုဏ်နဲ့ကိုယ် လိုက်အောင်နေ အလုပ်လုပ်တာကို အလုပ်နဲ့တူအောင်လုပ်တတ်ပါစေ။ ကိုယ်က အဆင့်အတန်းရှိတဲ့

ဘဝရောက်နေရင် လူကလဲ အဆင့်အတန်းရှိရှိနေတတ်, ထိုင်
တတ်, ပြောတတ်, ဆိုတတ်ရတယ်။ ဗီရိုတစ်ခုထဲမှာ
အဝတ်တွေ မျိုးစုံထည့်ထားရင် လိုရာကို ဆွဲဝတ်နိုင်သလို
လူတစ်ယောက် အဆင့်အတန်းမြင့်လာရင် စိတ်နေစိတ်ထား
တွေမြင့်ပြီးလိုရာကိုပြီးနိုင်ပါတယ်။ကျောင်းအမ၊ဘုရားအမ
ရဟန်းအမတွေကလဲ ကိုယ့်ဂုဏ်နဲ့ကိုယ် လိုက်အောင် နေရ
တယ်။ စိတ်နေစိတ်ထားကလဲ မြင့်မြတ်ရတယ်။ ဝိသာခါ
ကျောင်းအမတို့လိုပေါ့။

မသေခင် တာဝန်ကျေကြ လောကထဲမှာ ချစ်စရာတစ်ခုရှိတယ်။ ဒုက္ခ
တစ်ခုပဲလို့ မှတ်လိုက်ပါ။ ချစ်စရာဆိုတာ
ဘယ်သူမှ မကင်းကြပါဘူး။ ချစ်စရာတွေ
များလာရင် ဒုက္ခလောင်းတွေများလာတော့တာပဲ။ သတင်း
စာထဲကြည့်လိုက်ရင် အို,နာ,သေဆိုတဲ့ တရားတွေက အများ
အပြားပါလာတယ်။ အချစ်ဆိုတဲ့တရားက တဏှာနဲ့၊လောဘ
နဲ့ အရင်းခံပြီးလာတာမို့ ချစ်စရာဖြစ်နေတာပါ၊ဘယ်သူမဆို
ဝတ္ထုရှားကျေကျေနဲ့ ချစ်စရာလို့ထားလိုက်ရင် မဆိုးပါဘူး။
ဘဝများစွာက ကံတစ်ခုစီနဲ့ လာခဲ့ကြတာပါ။ မသေခင်က
တာဝန်ကျေကြဖို့လိုတယ်၊ သေခါမှ ဆွံ့းမနေကြပါနဲ့။

လူကောင်းလူယုတ် တစ်လမ်းစီခွဲသွား တရားတော် တွေက ကောင်းလွန်းလို့
တစ်ဘဝမှာ သွားစရာတွေက များ
တယ်။ လူကောင်း လူယုတ်ဆိုပြီး တစ်
လမ်းစီခွဲသွားကြတာပါ။သေခါနီးတော့ ပစ္စည်းဥစ္စာဆိုတာ

လဲ မကယ်နိုင်ပါဘူး။ ဒီဘဝအဆင့်အတန်း မြင့်နေပေ
တစ်ဘဝကျတော့ အောက်တန်းကဖြစ်ချင် ဖြစ်သွားတာ
အထက်တန်းရောက်ပြီဆိုတော့လဲ အဆမတန်ပါပဲ။

ကျွတ်တန်းဝင် ဘုရားအလောင်းဟာ အထက်တန်းက
ခဲ့တာပါ။လူပြည်ပြန်ရောက်မှ ဘုရားအ
ကိုရောက်အောင် ကြိုးစားရတာပါ။ ဘုရားဖြစ်တော့ ပ
ဆုံးတရားပဲ့မှာ တစ်ဆယ့်ရှစ်ကုဋေ ကျွတ်တန်းဝင်သွားကြ
တယ်။လူဆိုလို့ ရှင်ကောဏ္ဍည တစ်ပါးတည်း ပါပါတပ
ဒီပြင်ကနတ် ပြဟ္မာတွေ ချည်းပါပဲ။ အရိမေတ္တေယျ ဘုရ
ပွင့်ရင် ကျွတ်တန်းဝင်ရန် နတ်ပြဟ္မာတွေ ရှိကြသေးတပ
တွေးပေးကြပါ။

သေပြီးမှ အမျှဝေပေမယ့် ကိုယ့်ခန္ဓာကိုလဲ ချစ်ရတယ်။ ကျမ်းမ
ရေးကိုလဲ ဂရုစိုက်ရတယ်။ အို, နာ, သေ
ဆိုတာ ဘုရားရှင်သော်မှ မတတ်နိုင်ပ
ဘူး။ ကိုယ့်ကိုယ်ကို ကျက်သရေ ဆောင်ပေးကြပါ၊ သေလို
နောက်ကျန်လူတွေကငိုတယ်ဆိုတာခဏလေးသာပါ။နောက်
ကျတော့ မေ့သွားကြတာပါပဲ။ သွားသူကတော့ ဘယ်သူမှ
အမျှမရကြပါဘူး။ ဒီကအမျှပေးဝေနေပေမယ့် မသိကြပါ
ဘူး။တောင်မြို့က ရေချမ်းအမကြီး ဆိုတာရှိတယ်။ ရေချမ်း
အမကြီးသေတော့ သားသမီးတွေက ဝိုင်းငိုကြတယ်။ ဒီငို
သံလေးစွဲပြီး ပြိတ္တာဖြစ်ရရှာတယ်။ ဒါကို သူကြည်ညိုနေတဲ့
တောင်သမန်ဘုန်းကြီးက ရက်လည်ဆွမ်းသွတ်တော့တောင်

မြို့ကိုအလာ တံတားထိပ်ရောက်တော့ ဘုန်းကြီးဘုရား၊ ဘုန်းကြီးဘုရားနဲ့ နောက်ကလှမ်းခေါ်တယ်၊ ဘုန်းကြီးကလဲ ဒါတို့ဒရချမ်းအမကြီး အသံ ထင်ပါရဲ့လို့ ပြောတော့ ဟုတ်ပါတယ်ဘုရား ဟုတ်ပါတယ်ဘုရားနဲ့ ပြန်လျှောက်တယ်။ ခု ရေချမ်းအမကြီး ဘယ်ရောက်နေသလဲ မေးတော့ မပြောပါနဲ့ ဘုရား သေခါနီး သားသမီးတွေက ဝိုင်းငိုကြလို့ တပည့်တော်မ တစ္ဆေဖြစ်နေရတယ်ဘုရား၊ အရှင်ဘုရားတို့ အသုဘချတုန်းက ရေစက်ချသော်လဲ တပည့်တော် သာခု မခေါ်ရဘူးဘုရား၊ သူတို့ကတပည့်တော်ကို ရေတံခွန်တောင် ခေါ်သွားကြတယ် ဘုရား၊ ဒါပေမယ့် အခု တပည့်တော်အထက်ကို သွားရတော့မှာပါ ဘုရားလို့ ဆိုပြီး အသံလဲပျောက်သွားတယ်၊ ဒါဟာ သေခါနီး သူတော်ကောင်းဖို့ သိပ်ပြီးအရေးကြီးတယ်၊ ကျန်ရစ်သူတွေက အလကား ပူဆွေးနေကြတာ၊ သေသူကတော့ သိတာမဟုတ်ပါဘူး။

တစ်သက်မှတ်ရမယ့် သြဝါဒတွေ လောကမှာ ပူဆွေးစရာတွေက အများကြီး ဒီနေရာမှာ ဒီအဝတ်နဲ့ ဆိုတာလို့ တရားအဝတ်နဲ့ဆင်ရမယ့်နေရာမှာတရားအဝတ်ဆင်၊ တရားစိတ်ထား၊ သံသရာထဲက သတ္တိရှိသူမှပါ၊ ဒီသြဝါဒမှာ တစ်ထိုင်တည်း မှတ်ရမယ်လို့ တစ်ထစ်ချ မယူဆကြနဲ့၊ တစ်သက်လုံး မှတ်ရမှယ့် သြဝါဒတွေပါ၊ကုသိုလ်ပြုတာလဲ တစ်ခုတည်းပြုတယ်လို့ မှတ်မထားကြနဲ့။ လူလောက ကနေပြီး သေသူအတွက် ကုသိုလ်ပြုရင် ကုန်းမြင့်ပေါ်မှာ

မိုးရွာတော့ ကုန်းပေါ်မှာလဲ ရေစို အောက်ချိုင့်ဝှမ်
အရပ်မှာလဲ ရေတင်သလို သေသူအတွက် ကုသိုလ် ပြု
ကလဲ ပြုတဲ့သူလဲ ကုသိုလ်ရ၊ သေသူအတွက်လဲ ဒီက အ
ပေးဝေလိုက်မယ်ဆိုရင် ကုသိုလ်ရတော့ တင်တာပါပဲ၊ ဒီ
ပေါ့ ဘဝတစ်ပါးသွားသူမှာ ကုသိုလ်ရတော့တင်လို့ ဒီ
ကုသိုလ်ပြုသူတွေမှာတော့ ရေစိုရုံပါပဲ။ ကုသိုလ်ရိုးရိုးရတ
ကိုယ်ပိုင်ရတာ ကွာသွားတာပါ။

ဘယ်သူပြိုင်လို့ အောင်နိုင်အုံ့ ဘုရားက ဗကပြဟ္မာကြီးကို အကျိမာ ဘုး
တော်နဲ့ တန်ခိုးပြတော်မူတယ်။ ဗကပြဟ္ဗ
ကြီးက လောကမှာရှိတဲ့ သတ္တဝါတွေ ဘ
ဖန်ဆင်းထားတာပါတဲ့၊ လောကမှာ သူ့ထက်တန်ခိုးကြီးတ
မရှိဘူးလို့ ထင်မှတ်နေတယ်၊ တစ်နေ့တော့ မြတ်စွာဘုရားက
တန်ခိုးပြိုင်ရန် သူလာတယ်၊ မြတ်စွာဘုရားက လျှောင်းတော
မူယင်းက သူ့ပေါ့ကြည့်ရလောက်အောင် တန်ခိုးတော်နဲ့ဖန်
ဆင်းထားလိုက်တယ်၊ ဗကပြဟ္ဗာကြီးက အစတုန်းက လော
ကသတ္တဝါတွေ ငါ့ကို ကိုးကွယ်ကြတာ၊ အားလုံးကပဲ၊ ခု
လောကမှာ အရှင်ဂေါတမဆိုတဲ့ သူတစ်ယောက် ပေါ်နေလို့
ငါ့ကို မကိုးကွယ် ကြတော့ဘူး။ သူက ဘယ်လောက်များ
တန်ခိုးရှိလို့ ပါလိမ့်မလဲဆိုပြီး တန်ခိုးပြိုင်ရန် ဗကပြဟ္ဗာကြီး
က မြတ်စွာဘုရားကို လျှောက်တယ်။

ပုန်းလို့မနိုင် ရှောင်လို့မလွတ် ဘုရားက ပြဟ္ဗာကြီးကို စပြီး အပုန်းခိုင်း
လိုက်တယ်၊ ပြဟ္ဗာကြီးကာ ရားမမြင်အောင်

ဆိုပြီး နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည်တွေကို တက်ပြီး သူကိုယ်သူ မြူမှုန်လောက်လေး ဖန်ဆင်းပြီး လျှောက်သွားတယ်၊ အဲဒီကမှ ပြန်လာပြီး သမုဒ္ဒရာရေထဲ အနက်ဆုံးနေရာဖြစ်တဲ့ ကျောက်တုံးပေါင်း များစွာရဲ့ အောက်မှာ မြူမှုန်လေးလို ကပ်နေတယ်၊ မြတ်စွာဘုရားကို လိုက်ရှာရန် အသံပေးလိုက်တဲ့အခါကျတော့ကောင်းကင်ကနေအသံပေးလိုက်တယ်၊ မြတ်စွာဘုရားက သူ့သွားဘဲ့နေရာကနေ့ကို အကုန်လုံး သိလားတာမို့ အကုန်လိုက်မရှာဘူး၊ ဗကဗြဟ္မာနေတဲ့ နေရာ တစ်ခါတည်း ကြွသွားတော်မူပြီး မြတ်စွာဘုရားက ဗကဗြဟ္မာ လ,ထ၊ သင့်ကို ငါသိတယ်လို့ ပါးစပ်နဲ့ပြောတာ မရလို့ ဗြဟ္မာကြီးရဲ့ လက်ခမောင်းနဲ့ ကျောကို လက်တော်နှင့် မပြီး သင့်ကို ငါသိပါတယ်ဆိုပြီး ပြောတော့မှ ဗြဟ္မာကြီးက အထက်မော့ပြီး ဩဘာ-ငါ့ကို သူသိသကိုးလို့ပြောပြီး လိုက်ခဲ့ရတယ်။

မျက်ခုံးမွေးပေါ် စကြံ့လျှောက်

ဗကဗြဟ္မာက ဘုရားကို အပုန်းခိုင်းပြန်တယ်၊ မြတ်စွာဘုရားက အဏိမာ ဘုန်းတော်နဲ့ ပရိကမ္မရှစ်ပါးလွယ်ပြီး ဗြဟ္မာကြီးရဲ့ မျက်ခုံးမွေးပေါ် စကြံ့လျှောက်ပြီး လိုက်ရှာရန် မိန့်တော်မူတယ်၊ ဗကဗြဟ္မာကြီးလဲ လိုက်ရှာလိုက်တာ ဘယ်မှ မတွေ့တဲ့အဆုံးကြတော့ အရှုံးပေးလိုက်ရတယ်၊ ဒီတော့မှ ဗကဗြဟ္မာကြီးလဲ ဘုရားကို ကိုးကွယ်သူဖြစ်သွားတယ်။

လောကဝတ်, ဓမ္မဝတ်တွေ တာဝန်ကျေကြ

သတ္တဝါတွေက သနားစရာကောင်း၊ ရှုံ့စရာဆိုလဲ ဟုတ်မလား မသိကြဘူး၊ အမိဝမ်းထဲမှာ ကိုးလ ဆယ်လနေပြီး ဒုက္ခတွေခံနေရတာ အစာသစ်အစာဟောင်း၊ ကျင်ကြီး, ကျင်ငယ်တွေနဲ့ နေရတယ်၊ အမျိုးမျိုး အပုပ်တွေလှောင်လို့ ကျဉ်းကျဉ်းကလေးထဲမှာ နေခဲ့ရတယ်၊ ဘာလို့ ဒီဒုက္ခတွေ ခံနေရသလဲဆိုတော့ ဇာတိဆိုတဲ့ ပဋ္ဌိသန္ဓေက မပြတ်နေရလို့ပါ၊ လူ့ဘဝ ရောက်လာလို့ သက်သာသလားဆိုတော့ အို,နာ,သေ ဆိုတဲ့ ရာဇာ, မရဏတွေက အမြဲနှိပ်စက်နေတာပါ၊ အအိုကြီး သိသာအောင် မအိုပေမယ့် အအိုကလေးက မသိမသာ အိုလျက်ပါ၊ အေးအေးလေးဘယ်သူမှ မနေနိုင်ပါဘူး၊ သေတော့မှာလို့ တွေးရတဲ့နေရာမှာ သွားရမယ့်လမ်းတွေက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဆိုရင် သနားစရာကောင်းလှပါတယ်၊ သနားစရာဘဝက လွတ်အောင် ကြိုးစားဖို့က မိမိတို့တာဝန် ဖြစ်ပါတယ်၊ လောကဝတ်, ဓမ္မဝတ်တွေ တာဝန်ကျေသွားကြဖို့ အရေးကြီးပါတယ်။

ဓမ္မဗျူဟာ

အတွဲ (၂၁) အမှတ် (၈)
(၁၉၈၂၊ အောက်တိုဘာလ)

အနေမှန်မှန် အလုပ်မှန်မှန် နေကြ

ကြီးပွားခြင်း အရင်းခံ

"သတိ စ ခ္ဓာဟံ ဘိက္ခဝေ သမ္ဘတ္ထိကံ ဝဒါမိ" တဲ့၊ အရာရာမှာ သတိလိုတယ်၊ သတိနဲ့နေတဲ့ သူက မလစ်ဟင်းတာကများတယ်၊ ဘုန်းကြီး ပြောတဲ့စကားကို သတိမရှိတဲ့သူက နားမထောင်တတ်ကြဘူး၊ ကံကလဲမပါကြဘူးတင်ပါရဲ့၊ အမြဲသတိထားပါ၊ ဘုရားက သတိနဲ့ပညာကို တဲ့ဟောတော်မူတယ်၊ သာသနာကို ကောင်း အောင် ပြုဖို့ ရည်မှန်းထားပါတယ်၊ ဘုန်းကြီးကတော့ ရည် မှန်းပါရဲ့၊ ဒါကို တောင်ပြော မြောက်ပြော ပြောသူတွေက ရှိသေးတယ်။ သာသနာကို ရိုးရိုးကုပ်ကုပ်နဲ့ ပြုမှာပါ၊ လာဘ် ပေါလို့ ဘုန်းကြီးဖို့ မလိုပါဘူး၊ ဒါတွေက သူ့အလိုလို ဖြစ် လာတာပါ၊ ကိုယ်က အလုပ်မှန်ဖို့နဲ့ မှန်ရာကိုသာ လုပ်ဖို့လို တယ်။ မပြီးခင်က မြန်မာမမြင်စေနဲ့ ဆိုတာလို အစပထမ တော့ ဟိုကပြော ဒီကပြောနဲ့ ငှက်ဆိုးထိုးလိုက်ပါသေးတယ်၊ နောက်တော့ မထိုးကြတော့ပါဘူး၊ လူတစ်ယောက်မှာ လုံ့လဝီရိယရှိရင် မပြီးနိုင်တာရယ်လို့ ဘာမှမရှိပါဘူး၊ ကံ ဥာဏ် ဝီရိယဆိုတာကလည်း ရှိရတယ်၊ ဒါက ကြီးပွားခြင်းရဲ့ အကြောင်းပါပဲ။

အနေမှန် အလုပ်မှန်

ဒီမှာက အများနဲ့နေရလို့ ဘာမှမပူရမှန်း မသိ ပါ၊ ကိုယ့်နေရာနဲ့၊ ကိုယ့်ကျောင်းနဲ့ တစ်ယော စိုခွဲနေကြတဲ့ အခါကျတော့ သိလာကြပါ မယ်၊ ကိုယ့်ဘက်က ကောင်းနေရင် အခြေမပျက်ပါဘူ ငါးမုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာလို တ ယောက် မကောင်းရင် တစ်ကျောင်းတိုက်လုံးပါမက နိုင် ပါ ပျက်နိုင်တယ်၊ ပညာရေးအတွက်ကိုလဲ အလေ့အလ များကြပါ။ မှန်မှန်လဲကြိုးစားပေးကြပါ။ ဘုရားသာသန မှာ စာပေပိဋကတ်ကျမ်းစာတွေကို သင်ကြားပို့ချနေရတာ ကုသိုလ်လဲရ၊ ဘုရားသာသနာကြီးဟာလဲ မကွယ်ပျောက်နိုင်ပါဘူး ဘုရားကိုလဲ အာရုံပြု၊ ဘာဝနာလဲရှိ၊ ကျမ်းစာတွေလဲသင်ပ ဆိုရင် တို့ဘက်က မလျော့သေးဘူး။ အနေမှန်မှန်၊ အလု မှန်မှန်နဲ့ ပုံမှန်ကိုယ့်အလုပ်ကို ကိုယ်လုပ်သွားရင် အများက ကြည်ညိုလေးစားလာပါတယ်။

သီလနဲ့ဘာဝနာ

လောကကြီးပွားရေးကိုတော့ မလုပ်မဖြစ် ထည့်မတွက်ကြနဲ့၊ ကိုယ်တော်တို့လုပ်ရမှာ က ကိုယ့်သီလကို စင်ကြယ်ရမယ်။ ဘာဝနာ အလုပ်စတဲ့ ကိုယ်နဲ့ဆိုင်ရာကိုသာ လုပ်သင့်ပါတယ်။ ကုသိုလ်ဒါနပြုရုံက တော့ သံသရာမှာပဲ ကောင်းတယ်။ နိဗ္ဗာန်တိုင်အောင် ကောင်းတာက သီလနဲ့ ဘာဝနာက သာပါတယ်၊ ဣဿာ မစ္ဆရိယတွေ မများစေကြနဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေကြပါ၊ ရှင်ရှင်ပျပျနေကြပါ၊ ဘာမဆို သိအောင်လဲ

လုပ်ထားကြပါ၊ အရှေ့အနောက် သိချင်ရင် တို့အိမ်လိုက်ခဲ့ဆိုတာ မလုပ်ကြနဲ့။

စိတ်ဝမ်းမကွဲ ဂိုဏ်းစွဲမထားကြနဲ့ ဒီကျောင်းမှာ စိတ်ဝမ်း မကွဲကြပါနဲ့၊ စိတ်ကို တစ်ပြင် တည်း ထားကြပါ။ သာသနာမှာ ဂိုဏ်းစိတ်မထားကြပါနဲ့၊ အားလုံး တစ်သာသနာလုံး ကောင်းဖို့သာ ရှေ့ရှုကြပါ၊ ဝိနည်းကိုလဲ လေးစားမှု ကောင်းပါတယ်၊ သာသနာအတွင်းမှာ ဝိနည်းမလေးစားဘဲ တော်သလို လျော်သလို နေမယ်ဆိုရင် ထိုသူ့အတွက်မှာလဲ အကျိုးမရှိ၊ သာသနာတော် အတွက်မှာလဲ အကျိုးမရှိ ဖြစ်ရပါတယ်၊ အပြောကိုလဲ ချိုချိုသာသာ ပြောတတ်ကြပါစေ၊ ကြမ်းကြမ်းတမ်းတမ်းကြီးနဲ့ သူများ နာမခံသာအောင် မပြောကြပါနဲ့၊ အဝတ်အစား ကောင်းအောင် သူများကြည့်ကောင်းအောင် ဝတ်ဆိုတာ ရှိုးပြဖို့ လှလှဝတ်ခိုင်းတာ မဟုတ်ပါဘူး၊ အဝတ်အစား ကောင်းအောင် ဝတ်တော့ အများရဲ့ ကျက်သရေ မိမိရဲ့ကျက်သရေကို ဆောင်ပါတယ်။ အလှပြရန် ဝတ်ဖို့ပြောတာ မဟုတ်ပါဘူး။

အားမွေးကြပါ တောမှာ ဖြစ်နေရပေမယ့် မြို့က လူတွေနဲ့ ဘာမှ မထူးပါဘူး၊ တောက လူတွေက ပိုတောင်ပိုသေးတယ်၊ မြို့သူမြို့သားတွေက အစားကောင်းကောင်း အဝတ် ကောင်းကောင်းနဲ့ အရိပ်မှာ နေရလို့ပါ။ တောက လူတွေလဲ ဆင်လိုက်ရင် သူတို့မြို့တော့ မီပါတယ်၊

ဒါကြောင့် ကိုယ်နဲ့စပ်ရာတွေကို ပြင်ပေးကြပါ၊ အမျိုးသားတွေလို တို့လဲ အားမွေးကြပါ၊ အမျိုးသမီးဆိုတာ အားရှိတယ်၊ သူတို့က အိမ်တောင်ကျတော့ သားသမီး မွေးတဲ့အခါ အားရှိနေမှ ဖြစ်တယ်၊ ဒါမှလဲ ဆေးရုံက ဆရာမတွေက သဘောကျတယ်၊ ဒီလိုပဲ ဘုန်းကြီးတွေလဲ အားရှိမှဖြစ်တယ်၊ ဒါမှ စာပေ ပရိယတ်ကို သင်ကြားပို့ချနိုင်မယ်၊ ဒါကဲ့ အရှင်းဆုံး ဥပမာပေးတာပဲ။

ဘက်ပေါင်းစုံ အကုန်တတ်မှ ဘုန်းကြီးမှာရှိတဲ့ ပစ္စည်းတွေက သာသနာမှာ အသုံးချဖို့ပါ၊ အလကား စုထားတာ မဟုတ်ပါဘူး၊ သာသနာမှာ အများကောင်းစေချင်ပါတယ်၊ ဒါပေမယ့် မရလို့ပါ၊ လောကီကျောင်းတွေကို ဘုန်းကြီးတွေကသိရင် တတ်ပါတယ်၊ ပညာရေးကလဲ တော်ရမယ်၊ အကျင့်စာရိတ္တဘက်ကလဲ ကောင်းရမယ်၊ ကျန်းမာရေး အဝတ် အစား အစစအရာရာမှာ ကောင်းလာပါမယ်။ မလုပ်ကြလို့ပါ။ စိတ်ကောင်းရှိတဲ့ ကလေးတွေကို သာသနာမှာဝင်စေပြီး စာပေကိုတတ်မြောက်အောင် သင်ပေးရမယ်၊ အဘက်ဘက်က တတ်မြောက်နေမှ ကောင်းပါတယ်။ လောကုတ္တရာ စာပေက မခက်ပါဘူး။ စာသင်ပေးတဲ့ ဘုန်းကြီးတွေက မလုပ်ပေးတတ်လို့ပါ။ တခြားမှာတော့ သူတို့လာခဲ့တဲ့ လမ်းရှည်ကြီးအကိုင်း တပည့်တွေကို လုပ်ပေးနေကြတာဆိုတော့ မတတ်မြောက်ကြတော့ ပါဘူး။

စာမေးပွဲချည်း တွန်းဖြေမနေကြနဲ့ နိုင်ငံတစ်ခုလုံးရဲ့ အရည်အချင်းကို သိထားကြပါ၊ မသေမသပ် လုပ်တဲ့ သူတော့ ဒီကျောင်းမှာမရှိတာ ကောင်းပါတယ်။ သာသနာမှာနေရင် သာသနာရဲ့ အကျိုးကို ဆောင်နိုင်မှ ကောင်းပါတယ်။ ကျန်းမာရေးနဲ့ စာတတ်ဖို့ကို အဝေးကြီး ခွဲထားတာဟာ ဘုန်းကြီး စိတ်ကူးမိတိုင်း လျှောက်လုပ်နေတာ မဟုတ်ပါဘူး၊ စာတတ်ပြီးတော့ သာသနာ အကျိုးကို မဆောင်နိုင်ဘဲ ရောဂါ ရနေတဲ့သူတွေ အများကြီး ရှိပါတယ်၊ သူများလုပ်တိုင်း စာပေးပွဲတွေပဲ တွန်းချည်း ဖြေမနေကြပါနဲ့၊ ကံ, ဉာဏ်, ဝီရိယနဲ့ ရှေးကံကလဲ ပါမှ ဖြစ်ပါတယ်။

ပေါ့ပေါ့နေအသေမရဲ ပေါ့ပေါ့နေတဲ့သူဟာ သေတော့ ရဲရဲ မသေကြပါဘူး၊ အသေ ကြောက်တတ်ပါတယ်၊ ဘုန်းကြီးဘဝမှာ အာပတ်တွေဗရပွနဲ့ သေသွားရင် သေခါနီးမှာ ကြောက်ကြပါတယ်၊ ရှင်ချောင်သေကျပ်၊ သေကျပ် ရှင်ချောင်လို့ ဆိုကြတယ်၊ ဒီဘဝမှာ ချောင်ချောင်လေးနဲ့ ပေါ့ဆစ္စာနေခဲ့ရင် သေတော့ ကျပ်ပါ့မယ်၊ ကိုယ့်ရဲ့ သီလ, သမာဓိ, ပညာ, သိက္ခာလေးနဲ့ လေးစားစား အပြစ်မရှိအောင်နေရင် သေတဲ့အခါ ချောင်မယ်၊ လူတွေကလဲ ရှေးကလူတွေနဲ့ မတူကြတော့ဘူး၊ ဒါကြောင့် နောက်ပေါက်ဖွားတဲ့ ကလေးတွေက သေးသေး

လေးတွေတဲ့၊ ညံ့ကုန်ကြပြီ၊ ဥတုကလဲညံ့၊ ရေမြေ အ
အသောက် အာဟာရတွေကလဲ တဖြည်းဖြည်းနဲ့ ညံ့
ကုန်ကြပြီ။

လူ့တန်ဖိုးက ပါရမီဖြည့်ဖို့ လောကကြီးကို အကောင်း မထင်ကြပါ
အဆိုသြဇာ ညံ့ပါတယ်သာ ဆိုကြတယ်၊
တွေက မောင်းထောင်းဆန် မစားကြတော
ဘူး၊ စက်ကြိတ်ဆန်မှ စားကြပြန်တယ်။ ဒီအထဲ ထမင်းရည
ကိုလဲ ဇွဲပြီးသွန်ပစ်ကြတော့ ဘာမှ အဆိုသြဇာမကျန်တော
ဘူး၊ နောက်ကိုယ်တော်ကွေ ကြည့်ရတာ တယ်ပြီးတော
အားမရှိလှဘူး။ လောကထဲမှာ ကျေနပ်စရာတစ်ခုမှ မ
ပါဘူး။ အဆင်ပြေတယ်လို့လဲ မရှိကြပါဘူး။ မြို့မှာ စားပ
ကြီးပေါ်မှာ ဟင်းတွေအပြည့်နဲ့ စားနေရပေမယ့် မောင်း
ထောင်း ဆန်လောက် မကောင်းပါဘူး။ ခုကဲလေးတွေနဲ့
ရှေးက ကလေးတွေကလဲ တခြားစီပါ၊ ရှေးက ကလေး
ဆိုတာ ဆယ်သုံးနှစ် ဆယ်လေးနှစ် ရောက်တာတောင်
ကလေးစိတ် မပျောက်ကြသေးပါဘူး၊ ဆောဒနေကြတုန်း
ပါပဲ၊ ခုကျောင်းသား လူငယ်တွေက ဆယ်လေးငါးနှစ်
ဆိုရင် မိန်းမရကုန်ကြပါပြီ၊ တချို့က ကလေးတွဲလဲ ဖြစ်
ကုန်ကြပြီ၊ လူတစ်ယောက်မှာရှိတဲ့ ရုပ်နဲ့ ပစ္စည်းကိုသာ
တန်ဖိုးမထားပါနဲ့ ၊ လူကိုတန်ဖိုးထားကြပါ၊ တန်ဖိုးထား
ပါ ဆိုတာက ပါရမီဖြည့်ကြဖို့ ပြောတာပါ၊ တစ်ပါးနဲ့
တစ်ပါး မေတ္တာရှိရှိနေပြီး အချင်းချင်းလဲ ကူညီကြပါ။

အရေးကောင်း ဒိန်းဒေါင်းဖျက် အရှေးတယောက်ကရှေအိုးတွေ့တဲ့အကြောင်း လူကောင်းတစ်ယောက်ကို ပြောတော့ အရှေး စကားပြောရင်ဆယ်ခွန်းပြောတစ်ခွန်းတော့ မှန်တယ်ဆိုပြီး အရှေးနောက်ကလိုက်ပြီး စာရွက်တစ်ရွက်နဲ့ လိုက်မှတ်တယ်။ အရှေးက ဟိုနားရှေအိုးရှိတယ်၊ ဒီနားရှေအိုး ရှိတယ်လို့ပြေးရင်း ပြောသွား အရှေးကလဲ ရှေအိုးအကြောင်း ပြောတာက နည်းနည်း၊ ဒိန်းဒေါင်း ဒိန်းဒေါင်းဆိုတဲ့ အပိုတွေကများပြီး နေတော့ နောက်ကို လိုက်မှတ်သူလဲ အရေးကောင်း ဒိန်းဒေါင်း ဒိန်းဒေါင်းက တယ်ပြောပဲ ဆိုပြီး နောက်က ဘာလိုက်ရမှန်းမသိတော့ဘူး။ တို့ ကိုယ်တော်တွေကလဲ ဒိန်းဒေါင်း ဒိန်းဒေါင်းဆိုတဲ့ အပိုအလုပ်တွေချည်း လုပ်မနေကြပါနဲ့။

အရင်းခံမပါ အဖျားခုန်တက် လောကထဲမှာ တရားအားထုတ်ရင် တရားရ စရာလို့ ထင်နေကြတယ်။ အချို့တွေကတရား အားထုတ်ထားတယ်သာ ဆိုတယ် သေတော့ ဖြင့် ငိုလိုက်ကြတာ သေတယ်ဆိုတာ မြေအရေလဲတာပါ၊ ဒီအထဲ အချို့က ကြံကြံဖန်ဖန် ငိုကြသေးတယ်။ အမယ်လေး တော့ ဘယ်သူ့ယုံလို့ ပုံခဲ့တာလဲ ကိုယ်အဟွာရဲ့ ဘာခဲ့ ညာရဲ့နဲ့ ကြံကြံဖန်ဖန်ငိုကြတယ်၊ သေခြင်းတရားဆိုတာ အစကတည်း ကတွေးထားရတယ်။ ဒီလို အစကတည်းကတွေးထားရင်သော တော့သက်သာပါတယ်။မနေ့ရပေမယ့်မသေခင်မှာမေတ္တာနဲ့ ကရုဏာနဲ့ သင့်သင့်မြတ်မြတ်နဲ့ နေကြပါ၊ လူတွေကအရင်းခံ

မပါဘဲ အဖျားခုန်တက်နေကြတော့ ကျကုန်ကြတာပဲ၊ ဘု သူတော်ကောင်းလေး ဖြစ်ကြပါစေ၊ ဒီဘဝမှာ ထိထိရော ရောက် ပါရမီဖြည့်ပေးကြပါ။ သာသနာတော်ကြီးနဲ့ ကြ အခါမှာ ကြိုးစားသင့်ကြပါတယ်။ ကိုယ့်ကိုယ်ကို သာ အဖြစ်နဲ့ ပစ်မထားကြပါနဲ့၊ အဖိုးတန်တဲ့သူအဖြစ် တန် ထားကြပါ။

သာသနာက လိုရာရနိုင် စားဝတ်နေရေးဆိုတာကလဲ ပြည့်စုံ၊နေ ကလဲကောင်းဆိုရင် သူတော်ကောင်းပဲဖြစ် လိုတော့ပါတယ်။ ကံကောင်းတယ် ဆိုတာ ရှေးကတင်မကဘူး၊ ယခုကံတွေကလဲ ထပ်တိုး ပေးနေတော ပိုပြီးထင်ရှားပါတယ်။ ကိုယ်တော်တို့က ဘုန်းကြီးအလျ မသေကြစေနဲ့၊ ဘုန်းကြီးသေရင်တော့ နှစ်ရက်မထားနဲ့၊ တစ် ရက်တည်းအပြီးလုပ်ကြပါ။ ဘုန်းကြီးအလောင်းကို လူလယ် ခေါင် ပက်လက်ကြီးနဲ့မသတိစရာကြီးမထားကြနဲ့၊ လူတွေရှိင်း တာကိုတော့ ဘုန်းကြီးတွေက ပြောလို့မဖြစ်ဘူး။ သဘာဝ ကျကျနဲ့ ကြိုးစားကြပါ။ သာသနာဆိုတာ ကုမ္ဗဏီတိုက်ကြီး တစ်ခုနဲ့တူတယ်။ ပစ္စည်းကောင်းတွေချည်း ထည့်ထားတဲ့ ကုမ္ဗဏီတိုက်ကြီးထဲကလိုရာကို ဝယ်ယူနိုင်သလိုသာသနာကလဲ လိုရာကိုရနိုင်ပါတယ်။

မကူညီချင်နေ မနှောင့်ယှက်နဲ့ မေတ္တာနဲ့နေတဲ့သူဟာ ကိုယ်လဲအေး၊သူမျှား လဲအေးပါပဲ၊ ဝိနည်းမူက ပျက်လို့မဖြစ်ဘူး၊ လမ်းစဉ်ဆိုတာ မပျောက်စေရဘူး၊ လူတွေ

ဘက်ကို သိပ်မစဉ်းစားကြပါနဲ့။ ဒါပေမယ့် မဆန့်ကျင်ရုံနေ
ပါ။ အကူအညီဆိုတာ နေရာတကာမှာလိုတယ်၊ ဘုရားတောင်
မှ ဝိသာခါစတဲ့ သာသနာဝန်တွေက ကူညီရတာ၊ ဒီသာသ
နာမှာ ဒါယကာ ဒါယိကာမတွေ ကူညီမှုပါ။ မကူညီချင်ရင်
ငြိမ်ငြိမ်နေကြ၊ အနှောင့်အယှက်တော့မပေးကြနဲ့။

နေရာတကာ ဇမ္ဗောမစူး အခုဘဝမှာ ရှေးပါရမီမလိုပါဘူး။ သဒ္ဓါ
တစ်ခုပဲလိုပါတယ်။ မေတ္တာဆိုတာ အားလုံး
သတ္တဝါတွေရဲ့ အပေါ်မှာ ညီမျှရတယ်၊ ဟို
တုန်းက ဘုန်းကြီးနဲ့ ကပ္ပိယ တောလမ်းခရီးက သွားတော့
ကျဲကြီးတစ်ကောင်က ခတ်မယ်ဆိုပြီး လာလေရော၊ ဘုန်းကြီး
က ကျဲကြီးခတ်မလိုလာတာကို ကျန်းမာပါစေ၊ချမ်းသာပါ
စေလို့ မေတ္တာပို့တော့ မရဘူး။ ရှေတိုးမြဲ တိုးလာတယ်။
နောက်ကပါလာတဲ့ ကပ္ပိယက အုတ်ခဲကျီးနဲ့ ထုလိုက်လို့ နှား
ထင်မှန်တော့မှ နောက်လှည့်သွားတယ်။ သည်တော့မှ ဘုန်း
ကြီးက အဲကပ္ပိယမေတ္တာက တယ်စူးပါလားလို့ ပြောသတဲ့။
မေတ္တာဆိုတာ အရေးကြုံမှ ပို့ရတာမျိုး မဟုတ်ဘူး။ စောစော
ကတည်းက အလေ့အလာပြုထားရတယ်။ နေရာတိုင်းမှာလဲ
မေတ္တာနဲ့ လုပ်မနေရဘူး။ နေရာတိုင်းမှာ မေတ္တာချည်းဆိုပြန်
တော့ ကုပ်ခ္ဓစီးလိမ့်မယ်။

အကြောင်းစုံမှ အကျိုးစုံ ဒီသာသနာက ကိုယ်သာမှန်ပါစေ၊ လိုတာ
ကိုရပါတယ်။ ဒီတခါ ကမ္ဘာစစ် ဖြစ်ရင်
မသက်သာပါဘူး။ ခုကတည်းက ပြည့်စုံ

အောင်ကြိုးစားထားရတယ်။ ဖြစ်လာတော့မှ 'သံဗုဒ္ဓေ အ
သဏ္ဌ' လုပ်လို့မရဘူး။ ခုသာ ပဲပြုတ်နဲ့ပါ၊ နောက်ကျဘာစ
မလဲမပြောနိုင်ဘူး။ လောကရှိသမျှ ရတနာတွေထက် ဘု
ရတနာက အမြတ်ဆုံးပါ။ လူတစ်ယောက်ဆိုတာ ငယ်
က မသေသပ်ရင် ကြီးတော့လဲ မသေသပ်ပါဘူး။ ဆေး
ဖော်ရင် တစ်ခုတည်းနဲ့ မပြီးတာလို့ လူတစ်ယောက်
အကျိုးပေးဖို့က စုံမှုအကျိုးပေးပါတယ်။ အကျိုးပေးတ
ပုံကြီးခွဲလိုက်တာပါပဲ။ အကြောင်းစုံမှ အကျိုးစုံပါတ

မလိုလဲ, လိုလဲ လူတွေက ကမ္ဘာ့ဘုန်းတရား အဟောခံ
တယ်။ တရားဟောကောင်းတော့ လူတွေ
တရားရမယ်မှတ်နေကြတာ၊ အဟောကောင်းတိုင်း မရပ
ဘူး။ ကိုယ်ကအားထုတ်ဖို့သာလိုပါတယ်။ ပဋ္ဌိစ္စသမုပ္ပဒေ
ဘုရားကအနုလုံ,ပဋ္ဌိလုံနည်းအမျိုးမျိုးနဲ့ ဟောတော်မူတယ်
သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတာလို့ သူများ
အကျိုးမဆောင်ရင် ကိုယ့်အကျိုးလဲ မအောင်ပါဘူး။ လူတွေ
က သူများလှူတာတော့ ချီးမွမ်းကြပါတယ်။ ကိုယ့်ရှိတာ လှူ
ပါဆိုတော့ တွန့်နေကြတယ်။ မလှူကြဘူး။ သီလစောင့်ပါဆို
တော့လဲ သစ်ကျုတ်ကလေး ဥပုသ်စောင့်သလို ဟန်ဆောင်
ပြီးစောင့်ကြတယ်။ မလိုလဲ, လိုလဲစောင့်ကြတယ်။ အကျိုးကျ
တော့လဲ မလိုလဲ လိုလဲ ရကြမှာပါပဲ။

ကံထူးသူမှ တရားရဆိုက် တို့လူတွေ နေ့တိုင်း သီလပျက်နေတာပါ။ သူတို့
တစ်ကိုယ်လုံးကြည့်ရင် အမာရွတ်ချည်း ကျန်

တော့တယ်။ ကိုယ်တော်တို့က ဘုန်းကြီး သွားမယ့်လေပေါ်
လိုက်နေကြတာ၊ ငြိမ်ငြိမ် လိုက်ကြပါ။ တစ်ယောက်လူပ်ရင်
အကုန်သေကုန်မှာ။ တရားဟောတဲ့ ပုဂ္ဂိုလ်က နာမည်
ကြီးရင် တရားရလွယ်တယ်လို့ မှတ်နေကြတယ်။ ကိုယ့်
ဘာသာကိုယ်တော့ ကြိုးစားမယ် မကြံကြဘူး။ အမွေရတဲ့သူ
ခဏကလေးချမ်းသာသလို တရားနာရသူများလဲ ခဏလေး
ချမ်းသာပါတယ်။ အမွေထိုက်သူသာ ရသလို တရားလဲရထိုက်
သူမှရပါတယ်။ ကံမပါတဲ့သူဟာ မွေးကတည်းက အို, နာ,
သေပါလာတာပဲ၊ တရားကလဲ ရထိုက်သူဆိုရင် မွေးကတည်း
က လူထူးပါ။

ဓမ္မဗျူဟာ
အတွဲ (၂၁) အမှတ် (၉)
(၁၉၇၂၊ နိုဝင်ဘာလ)

ဟန်မလုပ်နဲ့ ပင်ကို ကောင်းအောင် ကြိုးစားကြ

ကိုယ့်လမ်းလေး ရှင်းထားကြ

လူတစ်ယောက် ပိုက်ဆံပေါ်ဖို့နဲ့ စိတ်ထ
ကောင်းဖို့ သယ်ဟာကအရေးကြီးပါမ
ပိုက်ဆံရှိဖို့ကတော့ ကြိုးစားရင် ဖြစ်နိုင်ပ
တယ်၊ စိတ်ကောင်းရှိဖို့ဆိုတာက မလွယ်ဘူး။ စာတော့တ
ပါရဲ့၊ သူများအတင်းလျှောက်ပြောနေလို့ ဘာမှအကျိုးမ
ဘူး။ အပြောခံရတဲ့သူမှာတော့ ဘာမှ မဖြစ်ပါဘူး။ နေရ
တိုင်းမှာ မာနမထားကြနဲ့။ သူများကဲ့ရဲ့လို့ ဘာမှအကျိုးမ
ဘူး။ ကဲ့ရဲ့သူဟာ အလကား အကုသိုလ်ဖြစ်နေတာ၊ယုတ်မာ
တာတွေတော့ မရှိကြပါစေနဲ့၊ လောကမှာ သူတော်ကောင်း
နဲ့တွေ့တဲ့အခါသူယုတ်မာအဖို့ အပေါင်းမတတ် အနှေမတတ်
ရှင် ပိုပြီးနှစ်နာပါတယ်။ တခြား တစ်နေရာမှာ မတရား
လုပ်နေတာက အပြစ်သိပ်မကြီးဘူး။ လူဝတ်ထက် ဘုန်းကြီး
ဝတ်က မလွယ်ပါဘူး။ ကိုယ်သွားမယ့်လမ်းကိုသာ ကြည့်ကြ
ပါ၊ ခုကတည်းကကိုယ် လမ်းလေးကိုရှင်းထားကြပါ။ (ဘေး
ပွဲစုံ၊ အေးသည်းစုံကိုယ်စီကုတ်ပါလို့၊ အားထုတ်သင့်သား။ သို့

ပါကိုဘယ်တော့ ဘာလိုလိုနဲ့ နောင်ရေးကိုမျှော်ခေါ်လင့်လို့ရယ်· ဘာဝနာ သီခေါင်လင့်တယ်။ ဖျင်းဖင့်အမျှား။)

အလွဲပညာရှင်တွေ ကိုယ့်ရှိတဲ့ ဘာဝနာကို ရှေတိုးပေးကြပါ၊ ခုဘဝကိုကြည့်တဲ့အခါ အလုပ်အကိုင် စီးပွားရေးနဲ့ အချိန်ကုန်နေကြတယ်။ အရတော်တဲ့လူ့ဘဝမှာ အကျိုးရနည်းနေကြတယ်၊ ဘဝကထူးပါဘယ်။ ဘုရားသာသနာအတွင်းမှာ ရောက်နေကြတာ သူတော်ကောင်းလုပ်မှုဆိုရင် အချိန်မီပါသေးတယ်။ ကမ္ဘာမှာ ထိပ်တန်းပညာရှင်ဆိုတဲ့သူတွေက ဘုရားတရားတော် မသိကြတော့ ပညာရှိပေမယ့် သူတော်ကောင်းပညာရှင် မဟုတ်ပဲ အလွဲပညာရှင်တွေ ဖြစ်နေကြတယ်။

လှချင်လိုက်တာ စက်စက်ယို ဘာသာရေးဆိုတာက အထက် ဆရာမိဘ မျှားက လိုက်စားကြမှ နောင်လာနောက် သားမျှားကလဲ လိုက်စားကြပါတယ်။ ဒီဒေသက အချိန်ကောင်းမှာ ရောက်လာကြတဲ့ ဒေသဖြစ်တယ်။ လောကကြီးက ဘုရားတရားတော်ကို မလိုက်စားကြဘူး။ လူတွေက နတ်ကိုအားကိုးချင်ကြတယ်၊ ဘုရားကြည်ညိုတာက အပေါ်ယံတွင် မကြည်ညိုကြပါနဲ့။ သမုဒ္ဒရာထဲဝင်တဲ့အခါ လမ်းမခက်သလို နိဗ္ဗာန်ဝင်ဖို့ရန်လဲ လမ်းမခက်ပါဘူး။ ကိုယ့်ခန္ဓာကိုယ်ကလေး ဗလပြင်ပြီး တကြွကြွတရွရွနဲ့ မောက်မနေကြပါနဲ့၊ ဘဝသံသရာက အဝိဇ္ဇာနဲ့ တဏှာ ခတ်ခံပါလာတော့ လှတယ်၊ ချောတယ်ဘာညာနဲ့ တိုး

တက်နေကြတာ ဟုတ်ရင်လဲတော်ပါရဲ့။ နောက်ပြီးဝေ ဘာမှမဟုတ်ဘူး။ လောကမှာ ပြောကြသေးတယ်၊ ဝ လိုက်တာ စက်စက်ယိုနေတာပဲတဲ့။

တရားကမရှားပါဘူး တရားက သူများထံသွားပြီးရှာ မဟုတ်ပါဘူး၊ ကိုယ့်ထံမှာ တ တွေ့ရှိနေပါတယ်၊ တရားကောက်သင်းကောက်ထဲ့ထ ထံသွားပြီး တရားအားထုတ်နေကြသေးတယ်၊ တရာ မရှားပါဘူး။ လူတွေမေ့လျော့နေတာကခက်တယ်၊ တ အားလုတ်တယ်ဆိုတာ သူများအထင်ကြီးရုံ လုပ်နေလ် တော့ မကောင်းပါဘူး။ ဘုရားတရားတော်တွေ ရှိလ သားနှင့် နတ်တွေအားကိုးတဲ့သူ၊ မေးတဲ့သူတွေက ရှိ တယ်။

နိဗ္ဗာန်မှာဝင်ပေါက်မရှိ ပရိသတ် မျှားဖို့တော့လုပ်ကြ နဲ့။ သံသရာမှာ ကိုယ့်သံလက် လုံအောင်သာ ထိန်းကြပါ။ နိဗ္ဗာန်ဆိုတဲ့သဘောက ဥပမ အိမ်တစ်အိမ်မှာ ညီအစ်မနှစ်ယောက်ရှိကြတယ်။ အစ်မ ကြ သူက အိမ်ထောင်ပြုသွားတော့ ညီမဖြစ်သူက အိမ်ထောင် အရသာကိုမေးတော့ အစ်မဖြစ်သူက အိမ်ထောင်ကျရ အကြောင်း ကောင်းပုံတော့ ဘယ်လိုအရသာရှိပါတယ် ပြောမဖြစ်ဘူးတဲ့။ ကိုယ်တိုင်ကျမှ သိပေါ့အေလို့ ညီမဖြစ် ကိုပြောလိုက်သတဲ့။ နိဗ္ဗာန်ဆိုတာလဲ ဒီသဘောပဲ ကိုယ်တို့ လက်တွေ့ကျမှ နိဗ္ဗာန်ရဲ့အရသာကို သိမယ်၊ နိဗ္ဗာန်ရဲ့အရသ

ကလဲ့ ဘာနဲ့တူတယ်လို့ မရှိပါဘူး။ ဘုန်းကြီးက နိဗ္ဗာန်အကြောင်းရေးနေတော့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တာပေါ့။ နိဗ္ဗာန်ဆိုတာ ဘယ်နေရာက ဝင်ရတယ်လို့ အပေါက်လဲမရှိ၊ အကာလဲမရှိ၊ သမုဒ္ဒရာထဲသွားတဲ့သူလို ဝင်ချင်ရာကဝင်လို့ရပါတယ်။

(မှတ်ချက်။ ။ရန်ကုန်မြို့မှ ရဟန္တာဟု ကျော်ကြားသော ပုဂ္ဂိုလ်တစ်ပါး ၁၃၃၁ ခု၊ ပထမ ဝါဆိုလဆန်း ၁၄ ရက်နေ့က ရောက်ရှိသည်။ ဆရာတော်က နိဗ္ဗာန်အကြောင်း ပြောပြပြီးနောက် "ပိုသလား လိုသလား" မေးတော့ "မပိုပါ"ဟု လျှောက်သည်။ "လိုသလား"ဟု မေးတော့ ထိုပုဂ္ဂိုလ်က နိဗ္ဗာန်က အကြောင်းတော့ ရှိပါတယ်" ဟု ပြန်လျှောက်ပြန်၏။ ထို ရဟန္တာအမည်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံပြီး နောက်တစ်နေ့နံနက်တွင် ဤသြဝါဒမျှားကို မိန့်ကြားခဲ့ပါသည်။)

သိက္ခာသာ လိုရင်းပါ ရဟန္တာအမည်ခံ ပုဂ္ဂိုလ်နဲ့ တရားဆွေးနွေးတဲ့ တစ်ဝက်လောက်ကျတော့ လူပရိသတ် အားလုံးက ထသွားကြတယ်။ ဘုန်းကြီးကလဲ မေးမလို့ပါပဲ။ လူပရိသတ်ထဲဆိုတော့ မတော်လို့၊ မကြာမီ လူပရိသတ်အားလုံးနဲ့ ရဟန္တာအရှင်မြတ်တို့ ပြန်ကြွသွားကြတယ်။ ပြန်ကြွသွားပြီး ကျောင်းကို ဆွမ်းကျွေးလာတဲ့ ဒါယိကာမကြီး တစ်ယောက်က ဘုန်းကြီးထံလာပြီး "ရဟန္တာဆိုတာ ပုထုဇဉ်ကို ဦးမချဘူးလို့ ကြားဖူးပါတယ် ဘုရား"

လို့ လျှောက်တယ်။ ဘုန်းကြီးက "သိက္ခာသာလိုရင်းပါ"၊ ပြန်ပြောလိုက်ရတယ်။

ရဟန္တာဂြိုဟ်မှေ ရဟန္တာအမည်ခံ ပုဂ္ဂိုလ် ကြွလာတော ဘုန်းကြီးမှာ ယူးဆန်းတာက ဘုန်းကြီ ကျောင်းပေါ်က သက်နုံးတစ်စုံပျောက်သွားတယ်။ တန်ခိုးယူသွားသလား၊ တစ်ယောက်ယောက်က လစ်သွားသလား မသိဘူး၊ ရှာလို့မတွေ့တော့ဘူး။ (၁၃၃၁ ခု၊ ပထမဝါဆိ လဆန်း ၁၄ ရက်နေ့ နံနက်ခင်းတွင် ဆရာတော်၏တပည့် တစ်ဦးက သက်နုံးတစ်စုံ လာရောက် လှူဒါနိုးသွားခဲ့သည်။ ယင်းသက်နုံးကိုမူသိမ်းမိတဲ့ ဆရာတော် ကျောင်းတန်းလျှားပေါ်တွင် တင်ထားခဲ့သည်။ ပျောက်သွားသည်ဆိုသည်မှာ ထိုသက်နုံး ပျောက်သွားခြင်း ဖြစ်သည်။) တစ်ခါက တရုတ်ကြီးဆိုင် ဘုန်းကြီးတစ်ပါးက ဝင်သွားတော့ တရုတ်မက ဒါဘာလဲလို့မေးတော့ တရုတ်ကြီးက အဲဒါ ရဟန်းလို့ ပြောတဲ့အခါ ဒါနဲ့ ဆွမ်းလေးဘာလေး စားပြီး ပြန်ကြွသွားတော့ "လဟန်း လဟန်းနဲ့ အပ်ထုပ်ပျောက်သွားပြီ" လို့ ဆိုသတဲ့။

ခုလဲ သက်နုံးဒီစုံပျောက်သွားတယ်၊ စဉ်းစားမရပါဘူး၊ ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ် ပြန်ကြွသွားပြီး သက်နုံး သိမ်းရန် ကိုယ်တော်တစ်ပါးကိုခေါ်တော့ မတွေ့တော့ဘူး။ လောကကြီးက ခက်တယ်။ ကိုယ်တော်တို့ ကောင်းကောင်းနေကြပါ၊ သီလစင်စင်ကြယ်ကြယ်နဲ့ သိက္ခာရှိရှိ နေကြပါ။

စာသိန့် အသေအချာ သိတယ် ဘုန်းကြီးတွေ တန်ဖိုးရှိအောင် နေ ကြပါ၊ လာမယ့်ဘဝကို အပါယ် လေးပါးနဲ့ ရင်မဆိုင်ရပါစေနဲ့၊ လောကထဲမှာ စီးပွားရေးတင်မကဘူး၊ ဘာသာရေး အမှီ ပြုပြီး စီးပွားရေးတွေ သောင်းကျန်းလာတယ်။ လောက ကြီးထဲမှာ ညာဖြန်းနေတာက များပါတယ်။ ဟန်မလုပ်ကြ ပါနဲ့၊ လူလာမှ တောင်ရုံမလုပ်ကြပါနဲ့၊ ပင်ကိုယ်ကောင်း ဖြင့်မှသာ ကောင်းပါတယ်။ တချို့ ရိပ်သာဆိုတဲ့နေရာတွေ မှာ များသောအားဖြင့် ဘုရားတရားတောင်တွေနဲ့ ပြောင်း ပြန် ဖြစ်ကုန်ကြပြီ။ ရဟန္တာဆိုတဲ့ပုဂ္ဂိုလ် ဘုန်းကြီးဆီလာ တာက ဘယ်လိုစိတ်ကူးနဲ့ လာမှန်း မသိပါဘူး။ ရဟန္တာ ဆိုတဲ့ ပုဂ္ဂိုလ်ကလဲ စာတတ်တဲ့ပုဂ္ဂိုလ်လောက် မေးရင် မပိုင် ဘူး။ ဘုန်းကြီးကတော့ ရှည်ရှည်ဝေးဝေး မမေးလိုက်ပါ ဘူး၊ နိဗ္ဗာန်သိရန်ကအကြောင်းရှိတယ်။ ဘာအကြောင်းလဲ ဆိုတော့ သိလ သမာဓိ ပညာဟာ နိဗ္ဗာန် ရောက်ရန် အကြောင်းတွေပဲ။ နိဗ္ဗာန်သက်သက်ကတော့ အကြောင်း မရှိပါဘူး။ လူဒါယကာ ဒါယိကာမတွေနဲ့ ရောနှောမနေ ကြပါနဲ့၊ ဣန္ဒြေပျက်ပါတယ်။ ဘုန်းကြီးက နိဗ္ဗာန်ကို စာ သိနဲ့တော့ အသေအချာသိပါတယ်။ ကိုယ်တိုင်သာ မမြင် ရသေးတာ၊ တစ်နေ့ကို မြင်ရအောင် ကြိုးစားမှာပါ။

စာသင်တိုက်ကျေးဇူး ကိုယ်တော်တို့က သက်နှံးလေး ဝတ် တဲ့၊ ဝတ်တဲ့ပြီး အထင်ကြီးမနေကြ

ပါနဲ့၊ အအေးရှိရင် အပူရှိရမယ်။ အမှောင်ရှိရင် အ ရှိရမယ်လို့ တိတ်ဆိတ် ဆရာကြီးတွေက ကြုံဆပြီး နေကြတ ကမ္မဋ္ဌာန်းတိုက်နဲ့ နေပြီး တရားပေး တရားဟာ နေ ကောင်းကောင်းဘုန်းကြီးတယ်ဆိုတာ သိပါတယ်၊ တို့ဒီ လို ပေါင်မုန့်မပါ ဘာမပါ ညာမပါနဲ့ စားရမှာ မဟ ပါဘူး။ လက်ဖက်ရည်ကြမ်းနဲ့ ကော်ဖီနဲ့၊ ဒီမှာတော လမိုင်းမကပ်လို့လားမသိဘူး။ ပေါင်မုန့်နဲ့ ရေနွေးကြပ်း စားရတယ်။ ဘုန်းကြီးက ရှေးသင်ခန်းစာတွေကို ကြ ပြီးတော့ ကမ္မဋ္ဌာန်းတိုက်မလုပ်တဲ့ စာသင်တိုက် လုပ်တာပ ကမ္မဋ္ဌာန်းဟိုက်နဲ့ စာသင်ဟိုက်နဲ့ ဆိုရင် သာသနာမှာ စ သင်တိုက်က ကျေးဇူးများပါတယ်။ အဘယာရာမ ဆ တော် စာသင်သားဘဝက ဆင်းရဲတော့ ဆရာတော် ဖြ လာတဲ့အခါ "ကျေးမွေးမယ်သူကို နတ်ပြည်မရောက်ခ ကတည်းက အခြွေအရံလေးတွေက ဝိုင်းလို့၊ ဥာဏ်ရှိတဲ့သူတွ ချက်တဲ့ဟင်းကျတော့လဲ တယ်ကောင်းကိုး" လို့ မိန့်တော် မူတယ်။

သာသနာ အဆက်ကျန်စေဖို့ အဘယာရာမ ဆရာတော်က ရန်ကုန်က ကြည်ညိုလွန်းလို့ ဆရာတော်ထံ မိသားစု လာကြတယ်။ သူတို့က "အရှင်ဘုရား ကြိုက်တာကို အမိန့်ရှိတော်မူပါဘုရား၊ ခုရအောင် လုပ်ခဲ့ပး ပါ့မယ်" လို့ လျှောက်ကြတယ်။ ဆရာတော်က "ငယ်ငယ်က မယ်တော်ကြီးချက်တဲ့ ပီလောပင်းကလေး ကြိုက်ပါတယ်"

လို့ အမိန့်ရှိလိုက်တယ်။ ဘုရားသာသနာမှာ ချမ်းသာနေရင် မကြီးပွားပါဘူး။ ဘုန်းကြီးက အကောင်းနဲ့ ဇီဝ်မခံချင်ဘူး။ ကိုယ်ချမ်းသာဖို့ထက် သာသနာအဆက်ကျန်ဖို့ အရေးကြီးပါတယ်။

နံနက် အိပ်ရာထမှာ ဘုရားအာရုံပြု မေတ္တာပို့ကြတာ ကောင်းပါတယ်၊ လူလောကမှာ သားနဲ့ မယားနဲ့ ကုသိုလ်ရဖို့ မလွယ်ကြပါဘူး၊ အလှပြင်တာရယ်၊ ပစ္စည်းရှာတာရယ်၊ ဒါတွေနဲ့ အချိန်တွေကုန်ပြီး မေ့နေကြတာပဲ၊ ကာမဂုဏ်ကို ခံစားရမှ မဟုတ်ဘူး၊ စိတ်ကကြံစည်နေရင်လဲ ကာမဂုဏ် ဖြစ်နေတာပဲ၊ လူတွေ စားဝတ်နေရေးနဲ့ အချိန်ကုန်ကြတယ်။ ကိုယ့်အကျိုးကိုယ်မသိတဲ့ လူကတော့ လူမိုက်ရောက်တဲ့ တောင်ပေါ်လိုပါပဲ၊ ကိုယ်မရောက်တဲ့နေရာကို ရောက်ချင်ရင် ကိုယ့်ထက်သာတဲ့သူ ခိုင်းတာကို လုပ်ရတယ်။

ဘာဝနာရှိရင် စိတ်ကကြည်လင် လူတွေ အတင်ကြီးလာတာက ပတ်ဝန်းကျင်က ကြီးပွားလာလို့ အထင်ကြီးလာတာပါ၊ ကိုယ့်ဆွေမျိုးလောက် သဘောထားလိုက်ပါ။ တောနဲ့မြို့ ကွာတာလောက် ထူးပါတယ်။ လူတစ်ယောက် ကြီးပွားတယ်ဆိုတာ ဒေသတော်ခံကိုကပါလာလို့ပါ။ ကိုယ်က ဒါယကာ ဒါယိကာမတွေအပေါ် အထင်မကြီးတော့ ကိုယ့်စိတ်ကိုက မြင့်လာပြီး အထက်တန်းရောက်လာတာပါ၊ ဆက်ဆံတဲ့နေရာမှာ အလယ်အလတ်ကနေပြီး ဆက်ဆံပါ၊ လူညံ့တယ်ဆိုတာ ကိုယ်တိုင်ကလဲ ညံ့လို့

အောက်ကျတယ်။ အမျှားက အထင်သေးလို့လဲ အောက်တယ်။ လူတစ်ယောက် အထက်တန်းရောက်ဖို့က မလွယ်ဘူး ခေတ်ကြီးက ဘာဖြစ်နေနေ ဘုရား တရားတော်ကတော့ မပြောင်းလဲပါဘူး။ ကုသိုလ်ရရနေကြပါ၊ သူတော်ကောင်းစိတ် ရှိပါစေ၊ ဒါတွေမပြည့်စုံရင် မကောင်းဘူး၊ လူပျိုကြီးနဲ့ ဘုန်းကြီးတွေက အလုပ်လုပ်တဲ့နေရာမှာ မနေ့စားကြဘူး၊ သူတို့ကတော့ နောက်ကြိုးဆွဲက မရှိဘဲကိုး။

တရားတစ်ခုခုကို လိုက်စားနေမှ တရားအရသာ ကောင်းမှန်း သိပါတယ်။ တစ်ခုခုတော့ ရှိကြပါစေ၊ ဘာဝနာကောင်းအားလို့ သဘောထားကြပါ၊ ဘာဝနာစိတ်ရှိရင် စိတ်ကကြည်လင်လာပါတယ်၊ သတ္တိရှိပါ၊ ရှောင်ပါ၊ မလုပ်ပါနဲ့ ဘုရားသာသနာမှာ ကုသိုလ်ရအောင်နေပါ၊ မမိုက်ကြပါနဲ့ လူ့လောက ရောက်သွားရင်လဲ မကြောက်ကြပါနဲ့၊ ဘုန်းကြီးတွေ သည်းခံနေတာ့ဘယ်သူမှ "သွားတော့" လို့ မလုပ်ဘူး။ မယားရတဲ့ လူဝတ်ကြောင်တွေကျတော့ မယားက မကျေနပ်ရင် "သွားတော့" လို့ နှင်ချမှာ။

သာသနာကို သတ္တိရှိရှိနဲ့ပြုကြ "ဦးဇနက စာလဲတတ်သက္ခ၊ နာမည်လဲ ကြီးသက္ခ၊ စာ အုပ်ရောင်း စား နေ တာ သူဌေးဖြစ်နေပြီး ဌေက ဘယ်လောက်ရှိတာက္ခ၊ လူလွှတ်တော့မှာ။ သူ့မှာ ပုံနှိုင်စက်ကြီးနဲ့"၊ သူတို့ သတင်းလွှင့်တာနဲ့ ဘုန်းကြီးမှာ ကြောင်ငြောရလွယ်နေတာ၊ ခုပြောစရာမရှိကြတော့ အေးကုန်ကြပြီ။ ဘုန်းကြီးကသာ

သူတို့ပြော ပြန်ပြီးရန်မူနေရင် ဘုန်းကြီး အလုပ်တွေ ဒါ
လောက် ထမြောက်မှာ မဟုတ်ဘူး။ အသာလေး သည်းခံ
နေလိုက်တော့ ငြိမ်သွားတာပဲ။ သူတို့ကသာ ဘုန်းကြီးကို
သူဌေးဆိုတာ ကျောင်းမှာ ပဲပြုတ်နဲ့ ချဉ်ရည် စားရတာ
တော့ မသိကြဘူး၊ သာသနာကို သတ္တိရှိရှိနဲ့ ပြုကြပါ။
ကိုယ်တော်တို့ သည်းခံကြ၊ သည်းခံတာ ကြောက်လို့
မဟုတ်ဘူး။

ဝမ္မဗျူဟာ
အတွဲ(၂၀) အမှတ် (၁)
(၁၉၇၂၊ မတ်လ)

သာသနာမှာ ကုသိုလ်ဖြစ်အောင်နေ[illegible]

ဘာသာရေးစစ်စစ် လုပ်နေတာ

လောကကြီးက မျက်စိလည်နေကြ[illegible]
လူတွေက သူတို့ယုံချင် မစဉ်းစား[illegible]
အရမ်းမဲ့ လွတ်ယုံကြည်ကြ ကိုယ်[illegible]
တချို့က တင်ပျဉ်ခွေပြီး မျက်စိမှိတ် အဓိဋ္ဌာန်လိုက်[illegible]
လက်ဝါးထဲ ဆင်းတုတော်တွေ ကျလာသတဲ့၊ ကောင်း[illegible]
တွေ လုပ်နေပေမယ့် သာသနာက ဘယ်လိုမှန်းမသိဘူ[illegible]
ခုဘုန်းကြီးတွေက ဂိုဏ်းထဲဝင်ကုန်ကြပြီ။ တချို့ကတော့[illegible]
လူညာမဟုတ်ပါဘူး၊ တချို့ ဘုန်းကြီးတွေကလဲ ဘုန်းကြီ[illegible]
ဝတ်ပြီး ကန်တော့ပွဲပေး နတ်ကိုးကွယ်နေတာကလဲ ရှိ[illegible]
သေးတယ်။ နတ်ဆိုပေမယ့် တကယ့်အရေးကျ အာ[illegible]
မကိုးရပါဘူး၊ တလောဆီက ဒါယကာတစ်ဦးက နတ်မေ[illegible]
သတဲ့၊ သာသနာ ဘယ်တော့လောက် အထမြောက်မလဲလို[illegible]
မေးတော့ ဘုန်းကြီးရဲ့ကံနဲ့ အထမြောက်ဖို့ ပြောသတဲ့၊
ဘုန်းကြီးက ဘာသာရေးစစ်စစ် လုပ်နေတာပါ၊ ဂိုဏ်းထဲဝင်[illegible]
လို့ အထမြောက်တယ်ဆိုတာတော့ မဖြစ်ကြစေနဲ့၊ ဘုန်းကြီး[illegible]
ဂိုဏ်းထဲလဲ မဝင်ပါဘူး။ သာသနာက ကျဆင်းလာပြီ၊ သူတို့[illegible]

သိပ္ပံခေတ်က ဆိုကြပေမယ့် ဘုန်းကြီးကလဲ လက်တွေ့မဟုတ်ရင် မယုံပါဘူး။

ပန်းပြစားပေါက်အလုပ်တွေ ဘုန်းကြီးထံ စာထည့်ရင် ဘုန်းကြီးက စာအိတ် မကိုင်ပါဘူး။ စာအိတ်ဆိုတာ အပ်ချင်မှအပ်မှာ၊ သာသနာက ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား ဖြစ်နေကြတာ၊ သာသနာ ကရှုပ်လာပြီ၊ ဝိနည်းကို ထိန်းပေးကြပါ။ သာသနာမှာ ကောင်းကောင်းမနေလို့ကတော့ ဘုန်းကြီး တစ်ပါးတည်း ကျန်ကျန်သွားကြပါ။ ဘုန်းကြီးက နောက်ဆုံးနိဗ္ဗာန်ကို အရ မှန်းတာပါ၊ ကိုယ်တော်တို့ မျက်စိလည်စရာတွေက များလှ ပါတယ်။ ယခုနိုင်ငံနဲ့သာသနာက ဘယ်လိုဖြစ်ကြဦးမယ်မသိ ဘူး။ ကိုယ့်ဘက်ကပိုပြီး ကောင်းပေးကြပါ။ ဝိနည်းတစ်ခု သာ ဂရုစိုက်ပါ၊ ဘုရားတရားတော်က မလွဲဘူး။ မယုံဘူးဆို တဲ့ သူတွေအတွက် စိတ်နာစရာမရှိဝါဘူး။ ဘုရားလဲ မယုံ သံဃာလဲမယုံတော့ သံသရာမှာ မယုံတဲ့သူတွေ ဘယ်လိုတွေ့ ကြဦးမယ်ဆိုတာ သိကြသေးတာပေါ့။ သာသနာတွင်းမှာက ဆေးဂိုဏ်း အင်္ဂါရတ်ဂိုဏ်း, ပယောဂဂိုဏ်းစတဲ့ ပန်းပြစား ပေါက်လုပ်ငန်းတွေက ဝင်ရှုပ်နေကြတယ်။ ဘုန်းကြီးတွေက ဒါတွေလုပ်နေတော့ လူဆန့်သွားပါတယ်။

ရဟန်းအလုပ် ရဟန်းအလုပ်က သီလ, သမာဓိ, ပညာစတဲ့ ဝိပဿနာအလုပ်သာ ဖြစ်ရမယ်။ ဝိနည်းဆို တာ မိဘဆရာကောင်းနဲ့ ပေါင်းပြီ၊ ဆည်းကပ်မိမှ အရင်းကို

သိရတယ်။ ဘုရားတရားတော်က အပိုအလိုမရှိ စည်းကမ်း ပြီးသားပါ။ မြန်မာပြည် လွတ်လပ်ရေးရပြီးရင် အား အကုန်အဆင်ပြေစေရမယ်လို့ မှန်းခဲ့တယ်၊ ခိုင်မြဲတဲ့ အစု နဲ့ကျမှ သာသနာက ပြင်လို့ရမှာပါ။

အခွင့်သာရင် မြင်ရမယ် ဘုန်းကြီးဆိုတာ ကျင့်ရမယ်၊ ပညာသ မယ်။ သာသနာမှာ ဝိနည်းအတိုင်း နေ ချင်တယ်။ သာသနာက စည်းကမ်းအတို့ နေရင် ဘုန်းကြီးမများပဲနဲ့ လူကြည်ညိုခံရမယ်။ နိုင်ငံကဂ ကျသလောက် တို့ဘက်က အကျိုးရှိမှကောင်းတယ်။ ရဟ တွေဆိုတာ ကိုယ်က ကောင်းကောင်း နေရင် အာဏာ ရှိ တယ်။ ရဟန်းဘဝက ဒီဘဝကောင်းမှ၊ မကောင်းရင် သံသ မှာလဲ ကောင်းမယ်မထင်ပါနဲ့၊ သာသနာကို မမြင်ရင် တ ချိန်ကြည့်ရှု ရမှာမဟုတ်တော့ဘူး။ သာသနာကို ဘေးက ဝတ်ကြောင်တွေက အသေအချာမသိပါဘူး။ အခွင့်သာရ မြင်ရမယ်။

သာသနာရှိတဲ့ဟာချို့ ဘုန်းကြီးတွေက သိပ္ပံခေတ်ကို အထ ကြီးပြီး ဗုဒ္ဓကျမ်းစာတွေ မယုံကြတာကြဲ့ားရတယ်။ "ဖာတ တန် အထုပ်တစ်ဘက်ထမ်းပါလို့ လုပ်ရတော့မှာ" ဆိုတာ ပဲ သာသနာက အမြီးကနုတ် ခေါင်းကနုတ်နဲ့ မကျန်တော ဘူး။ လောကဓာတ်ပညာက တိုးလာသလောက် သာသန တော်ကို အထင်သေးတော့မှာပါ၊ အထက်က တော်တယ် ပေမယ့် အောက်ကမသိကြပါဘူး။ လူတစ်ယောက်မှာ သိ

ဟာ အခြေခံဖြစ်ပါတယ်၊ မင်ဖိုလ်လိုချင်တာက တစ်မျိုး၊ ပါရမီဖြစ် အားထုတ်တာက တစ်မျိုးပါ။

မရဏသတိ ဘာဝနာပွားနေရင် သေခြင်းတရားကို ဆင်ခြင် ပွားများ နှလုံးသွင်းထားရတယ်၊ ဒီလိုနှလုံးသွင်းထားတော့ ဘေရမယ့်ဘေးနဲ့ ကြုံလာတော့ သေရမှာ မကြောက်တော့ဘူး။ တစ်ခါတုန်းကမိသားစု ၆-ယောက်ရှိကြတယ်၊ ဖအေဖြစ်သူနဲ့ သားလုပ်သူကတော ထဲယာလုပ်သွားရင်း သားလုပ်သူကို မြေကိုက်လို့ သေပါရော၊ ဖအေလုပ်သူက လမ်းမှ လာသူ လူတစ်ယောက်ကို ထမင်းတစ်ယောက်စာပို့ဖို့ရန်နဲ့ အိမ်သားအားလုံး တောလိုက်ခဲ့ကြရန် မှာလိုက်တယ်။ အလုံးစုံတော့ သားအလောင်းကို မီးရှို့ကြတယ်။ တစ်ယောက်မှ မငိုကြဘူး၊ လမ်းကလူတစ်ယောက်က ဝင်လာပြီး မေးတယ်။

ခရီးသွား ॥ ॥ခင်ဗျားတို့ ဘာတွေများ ဖုတ်စားနေကြတာလဲဗျာ၊ သားကောင်များ ဖုတ်စားရင်လဲ ကျုပ်လဲ နည်းနည်းပေးကြပါဦးလို့ တောင်းတယ်။

မိသားစု ॥ ॥မဟုတ်ပါဘူး၊ သားလေး သေလို့ မီးသင်္ဂြိုဟ်နေတာပါလို့ ပြောတယ်။

ခရီးသွား ॥ ॥နို့ ဒီလိုဆို ခင်ဗျားတို့ မျက်နှာတွေက ငိုလား ဘာလား ပူဆွေးမှုလဲတစ်ခုမှမတွေ့

ကြပါလား။ သားက တော်တော် ဆုံးသလားလို့ မေးတယ်။

ဖခင်ဖြစ်သူ ॥ ॥ကျုပ်သားကိုချစ်တာမှ ပြောမပြလောက်အောင်ချစ်တာပါ၊ ဒါပေမယ့် သေတယ်ဆိုတာ မြွေအရေ လဲသလိုပါပဲ၊ ဒီဘက်ဘဝက ဟိုဘက်ဘဝပြောင်းသွားတာပါ၊ လွမ်းစရာမရှိပါဘူး။ ကျွန်တော် ငိုနေလဲ မြင်ရမှာ မဟုတ်ပါဘူး။ သားကလဲ ဒီလို ငိုနေတာကို မသိပါဘူး။

ခရီးသွား ॥ ॥ကောင်းပါလေရဲ့ဗျာ၊ ဒါနဲ့ ဒီဘက်က အဒေါ် ကကော ဘာတော် ပါလဲ ခင်ဗျား။

မိခင်ဖြစ်သူ ॥ ॥အဒေါ်ရဲ့သားပါပဲ။

ခရီးသွား ॥ ॥အဒေါ်ကလဲဗျာ၊ ကိုယ့်သားကိုမျှား ကိုးလလွယ် ဆယ်လလောက်မှ မွေးဖွားထားရတဲ့သားမျှား မချစ်လို့လားဗျာ။

မိခင်ဖြစ်သူ ॥ ॥မဟုတ်ပါဘူး။ အဒေါ်လဲ ကိုယ့်သားကို ပြောမပြနိုင်လောက်အောင်ချစ်ပါတယ်၊ ဒါပေမယ့် အဒေါ်က ဒီသားကိုလာခဲ့ပါ လို့မခေါ်ခဲ့ပါဘူး၊ သေတော့လဲ သွားတော့လို့ နှင်မချပါဘူး။ သူ့သဘောနဲ့ သူ လာပြီးသူ့သဘောနဲ့သူထွက်သွားတာပါ၊

ခရီးသွား ။ ။ဒီဘက်ကနှမလေးကကောဘာတော်သလဲ။

နှမဖြစ်သူ ။ ။ကျွန်မရဲ့အစ်ကိုကြီးပါ။

ခရီးသွား ။ ။ကိုယ့်အစ်ကိုကြီးဖြစ်သူ တစ်ယောက်လုံး သေဆုံးတာတောင်မှ နှမလေးက ပြုံးပြုံးရွှင်ရွှင်နဲ့ မဆိုင်တဲ့သူလိုပဲ။ ဘာမှ စိတ်ဖျက်ခြင်းမရှိတာ ဘာပြုလို့ပါလဲ။

နှမဖြစ်သူ ။ ။ကျွန်မကလေ ကျွန်မအစ်ကိုကြီးကို လွမ်းပြီး ပူဆွေးနေမယ်လို့ရင် ကျွန်မ အလုပ်တွေလဲ မပြီး အခုည်းနှီး ဖြစ်ရပါမယ်။ ကျွန်မနဲ့ ပတ်သက်တဲ့ချစ်ခင်နေသူတွေက ကျွန်မ ပူဆွေးပိန်ချုံးနေတာကို မြင်သွားရင်လဲ ချစ်ခင်သူတွေပါ စိတ်ဆင်းမှုရှိမှာမို့ မတမ်းတပါဘူး၊မငိုကြွေးပါဘူး။

ခရီးသွား ။ ။ဒီဘက်က နှမကကောဘာတော်ပါသလဲ။

မယားဖြစ်သူ။ ။ကျွန်မရဲ့ ခင်ပွန်းသည်ပါရှင်။

ခရီးသွား ။ ။နို့ နှမကကော ဘာလို့ မငိုတာပါလိမ့်၊ ကိုယ့် ခင်ပွန်းသည် တစ်ယောက်ဆိုတာ အသက်မက ချစ်ကြပါတယ်။ နှမက စိတ်ညစ်တဲ့ အမူအရာတောင်မှ မပေါ်တာမျိုး အုံ့ပါဗျာ။

မယားဖြစ်သူ။ ။ကျွန်မ မချစ်လို့မဟုတ်ပါဘူး၊ ချစ်တ
အသည်းနှစ်လောက်အောင်ချစ်ပါတ
ဒါပေမယ့် ကွယ်လွန်သူကို တမ်းတ
ငိုကြွေးနေလို့ ဘာမှ အကျိုးမရှိပါဘူ
မိုးပေါ်ကလကို လိုချင်လို့ တမ်းတ
နေရတာကမှ မြင်ရပါသေးတယ်။ ေ
သွားသူက မမြင်ရကေ့ပါဘူး။

ခရီးသွား ။ ။အင်း....ကောင်းပေါ့ဗျာ၊ ကောင်းပါ
ဒါနဲ့ ဒီဘက်က ကလေးနဲ့ကော ဘာတော
ပါသလဲ။

အိမ်စေဖြစ်သူ။ ။ကျွန်မရဲ့ အရှင်သခင် ဖြစ်ပါတယ်။

ခရီးသွား ။ ။မင်းသခင်က မင်းကို တော်တော်နှိပ်စက်
သလား၊ မင်းအပေါ်မှာ တော်တော်ပဲ
ဆိုးသလား။

အိမ်စေ ။ ။ကျွန်မသခင်ဟာ ကျွန်မကို မနှိပ်စက်တဲ့
အပြင် ကိုယ့်အိမ်သားများရဲ့ အပေါ်မှာ
လို စေတနာမေတ္တာ ရှိပါတယ်။ ကျွန်မ
ကိုလဲ နှမလေးလို ချစ်ရှာပါတယ်။ ဒါ
ပေမယ့် ကျွန်မ တွေးပါတယ်။ သေသွား
သူဆိုတာ ကိုသွားတဲ့ အိုးလိုပါပဲ၊ ပြန်
ဆက်စပ်လို့ မရပါဘူး။

ခရီးသွား ။ ။အင်း.... အားလုံး တော်ကြပါပေရဲ့ဗျာ၊ ဟဲ-ဟဲ....သေသွားသူဟာ အခြားမဟုတ်ပါဘူး၊ ကျုပ်ပါပဲ၊ ခင်ဗျားတို့ မိသားစု အားလုံး ဒီမရဏာသတိ ဘာဝနာကို ဆက်လက် နှလုံးသွင်းပြီး သွားကြပါလို့ ပြောပြီး လူယောင်ဆောင် ဖန်ဆင်းလာတဲ့ နတ်လဲ ကွယ်သွားတယ်။

ဘာဝနာတစ်ခုခု ရှိကြပါစေ ဒီမိသားစုအားလုံး မရဏာသတိဘာဝနာ ပွားနေလို့ခံနိုင်ရည်ရှိကြတာ၊ မရဏာသတိက သာသနာမှာလဲ ရှိပါတယ်။ ဝတ်စားဖြီးလိမ်းနေသော်လဲ မရဏာသတိသမား မမီပါဘူး။ အကုသိုလ်ကို ရှောင်ပြီး ကုသိုလ်တရားကို ကိုးပွားကြပါစေ။ မက်ဖိုလ်မရသော်လဲ လောကဓံနဲ့တွေ့ရင် ခံနိုင်ရန် ဘာဝနာတစ်ခုခု ရှိကြပါစေ၊ သာသနာမှာနေရင် ဘုရားကို ကြည်ညိုပါ။ မျက်နှာလွှဲခဲပစ် မလုပ်ကြပါနဲ့၊ သေခြင်းတရားဆိုတာ အချိန်းအချက် မရှိဘူး။

မစ္စုနာ သက်ာရော နတ္ထိ၊
လဉ္ဇဂ္ဂါဟော နဝိဇ္ဇတိ။
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊
သဗ္ဗေ မစ္စုပရာယဏာ။

သေမင်းကို လက်ဆောင်ပေးပြီး မခေါ်ပါနဲ့လို့ ခ
ရမယ်မထင်နဲ့၊ သေမင်းကို စစ်တပ်ကြီးနဲ့ ဝိုင်းတိုက်ရ
မရနိုင်ဘူး၊ နောက်ဆုံး သတ္တဝါတွေ သေမင်းလက်ထဲ
ကြရတာပဲ၊ ဒါကြောင့် မသေခင်ကတည်းက ကုသိ
ကောင်းမှုတွေကို များများကြိုးစားထားကြပါ။

ဓမ္မဗျူဟာ

အတွဲ (၂၁) အမှတ် (
(၁၉၇၂ ဧပြီလ

သာသနာအတွက်
စိတ်ပါလက်ပါ ဆောင်ရွက်ကြ

မြန်မာ့ဒကို့ဏေယျ အလှူခံတွေ တို့ သာသနာက ထမ်းဆောင်ချင်စရာ ကြီးပါ၊ ဘုရားကို အသက်စွန့် လှူပြီး ထမ်းဆောင်ကြပါ၊ ဘုန်းကြီးကလောကလဲ မစည်းစားပါဘူး၊ သာသနာဘက်ကိုသာ စည်းစားတာပါ၊ ဘုန်းကြီးက စာသင်သားဘဝတုန်းက ဆွမ်းဆင်းခဲလို့ စိတ်ပျက်ခဲ့တယ်။ စာဆိုရလို့ ပျော်ခဲ့တယ်။ လောကထဲ သုဝ ချည်း နေရရင် မကောင်းပါဘူး၊ ဒုက္ခနဲ့လဲနေရမှ၊ ကောင်း ကောင်း နေတာက ကြီးလေ ကောင်းလေ ပျော်စရာ သာ သနာကြီးကို စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ၊ ကိုယ်တော် တို့ လူထွက်ပြီး မိန်းမယူမယ် မကြံကြနဲ့။

ပါရမီဆိုတာက ကြီးမားတဲ့ ဆုလာဘ်ထက်သာပါတယ်၊ ငရဲ မတော်တဆကျရင် မသက်သာပါဘူး၊ ရဟန်းပြုတဲ့ သက်နှစ်ဝတ် ပုဂ္ဂိုလ်တွေ သတိထားဖို့ကောင်းတယ်၊ သူများ ထက် ထူးခြားတဲ့ အမှုအရာနဲ့ နေကြပါ၊ သူတော်ကောင်း အဖြစ်နဲ့ ကြိုးစားကြ၊ အပြစ်ကင်းပြီး သူတော်ကောင်းစစ်စစ်

အဖြစ်နဲ့နေကြ၊ ဘုန်းကြီးဆိုတာ လောကီဘက်ကို တဖြည်ဖြည်း လျှော့ပေးရတယ်၊ ဗုဒ္ဓကာလအောင် စားတတ်ရ မြန်မာ့ဒကို့ဏေယျ အလှူခံတွေဖြစ်ကုန်တာပဲ။

လမ်းပြကောင်းကြပါ အလှူခံဘက်က မကောင်းရင် ဒီဘ ပြီးမယ်မထင်နဲ့၊ သံသရာကျခံရဦးမှာ ရှင်ရဟန်းဆိုတာ မကောင်းတာတော့မလုပ်ပါနဲ့၊ သာသနာ မှာ သာသနာ့အလုပ်မလုပ်နိုင်ရင် လူထွက်ပေါ့၊ ဒီဘဝမှာ လ လည်လုပ်ရင် နောက်ဘဝမှာတော့ နှယ်ပါလိမ့်မယ်၊ လောက မှာပညာမရှိရင် ရေမပြည့်တဲ့ခွက်လို ဘောင်ဘင်ခတ်နေတာ၊ ဟန်ဆောင်လို့က ဒီဘဝမှာ၊ ဟိုဘဝမှာကျတော့ ဟန်ဆောင် လို့မရပါဘူး။

ဘုန်းကြီးက ဒီကျောင်းကောင်းတယ်ဆိုလို့ ကြွားမနေပါ ဘူး၊ သာသနာကြီးကျယ်ဖို့ပါပဲ၊ စိတ်ကူးနဲ့ သာသနာကွယ် ကြည့်ရင် မြန်မာနိုင်ငံဘာဖြစ်သွားမလဲကြည့်ပေါ့၊ သာသနာ မကွယ်ပေမယ့် မိဘဆရာကောင်းနဲ့တွေ့ဖို့က မလွယ်ပါဘူး၊ ဘုန်းကြီးတွေက ပေါ့ပေါ့ဆဆနေလို့ ဒါယကာ ဒါယိကာမ တွေဘက်ကလဲ မလေးစားပဲနဲ့ ပေါ့လာကြတာပါ၊ လမ်းပြ ကောင်းကြပါတယ်။ နောက်က တန်းတန်းမလိုက်လို့ပါ။

အတွင်းစိတ်ဓာတ် ဖြူစင်ပါစေ အလှူလှူနေတာက ဂုဏ်ပကာသန မက် မောလှူနေတာတွေက များကြပါတယ်၊ တန်ဖိုးရှိတဲ့ဘဝ ရောက်လာကြတာ တန် ဖိုးရှိရှိနေကြပါ၊ ဗုဒ္ဓအဆုံးအမ သာသနာက စည်းကမ်းနဲ့

ပါ။ ရဟန်းတဝဆိုတာ ကိစ္စနည်းနိုင်သမျှ နည်းပေးရပါတယ်၊ ဣန္ဒြေက ပြိမ်သက်ပြီး အတွင်းစိတ်ဓာတ်ကလဲ ဖြူစင်ကြပါစေ။

ကိုလေသာတွေပျောက်သွားတော့ ဝမ်းနည်းစရာမဟုတ်ပါဘူး။ ကာလကောင်းရောက်လာလို့ ဆရာသမားကောင်းနဲ့တွေ့ကြရတာ၊ ကြိုးစားပေးကြ၊ ကျောက်ကောင်းတွေ့မျှားတဲ့ တောင်ပေါ်ရောက်နေတော့ ကိုယ်ကကောင်းတာကို ကောက်ရတယ်။ မကောင်းတာတွေ-ကောက်မနေနဲ့၊ သာသနာကလဲ ဒီအတိုင်းပါပဲ၊ ရဟန်းတွေက မချို့တဲ့ကြစေနဲ့၊ အလှူရှင်တွေဘက်ကလဲ တိုးပါစေ၊ ကုသိုလ်ရတဲ့ သဒ္ဓါတရားသမားတွေ ဖြစ်စေချင်တယ်။ ကိုယ်တော်တွေက အလှူရှင်တွေရဲ့ ကြည်ညိုမှုကိုလဲ ခံနိုင်ပါစေ၊ သာသနာကဒါလောက်နဲ့ အားမရသေးပါဘူး။

ခေတ်အလိုက် ကောင်းနေဖို့လို ဘာသာရေးတော့ ဘုန်းကြီးက တာဝန်ရှိတယ်လို့ သဘောထားပါတယ်။ ဗုဒ္ဓသာသနာ့ဝန်ဆောင်တွေက အားတက်သရော်မရှိပဲ သိပ်ခေတ်လိုက်ပြီး အားပေးနေကြပါပြီ၊ သာသနာ့ဝန်ထမ်းဆိုတဲ့ ပုဂ္ဂိုလ်တွေက ကြိုးပမ်းလာရင် ဂြိုဟ်တုမကလို့ ဂြိုဟ်စစ်ဖြစ်နေနေ သာသနာဘက်က မလျော့ပါဘူး၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးခါစလို သဘောထားပြီး စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ။ လောကဓာတ်ဘက်က ဘယ်လောက်တိုးတက်လို့ ဘယ်လိုမြင်မြင် ဘုန်းကြီးတွေဘက်က ခိုင်လုံရင်

သာသနာအရှိန်ဟာ မသေပါဘူး။ ဘုန်းကြီးကတော့ ... မှာလုပ်ရမယ်လို့တော့ မဆိုလိုပါဘူး၊ ဘုန်းကြီးထံလာတဲ့ ... ကောင်းဖို့မှာတာပါပဲ၊ အမျှားအတွက် အားမရသော်ငြား ... ဒီကျောင်းတိုက်မှာတော့ အားရအောင်လုပ်ရပါ့မယ်။ ... လုံးကဗုဒ္ဓဘာသာကိုမယုံလို့ စွန့်ကြပေပယ့် ဘုန်းကြီးတစ် ... ကတော့ ဘုရားသာသနာကို စောင့်ရှောက်ရစ်မှာပါ၊ ... အလိုက် ဘုန်းကြီးတွေဘက်က ကောင်းနေဖို့လိုနေတယ်။

ကိုယ့်ထက်သာရင် နောက်ကလိုက်ချင်ကြ ဘုန်းကြီးတွေက လူထွက် ချင်... ကိုယ့်ဘာသာကိုယ် မထွက်ကြ... ဘုန်းကြီးထံ စာထည့်မေးနေတ... ဟိုဟာလိုလိုဒီဟာလိုလို ရဟန်းအစ်မက ခွင့်မပြုသလိုလိုဘု... ကြီးကသာ ပါရာဇိက ကျနေပါတယ်လို့ အဖြေ ပေးလိုက်... ဒုံးထွက်တာပေါ့၊ ရဟန်းခံတုန်းက အသက်မပြည့်လို့ ရဟန်... မဖြစ်သလိုလို၊ ကိုယ်တော်တို့ လူထွက်ချင်တဲ့သူကိုတော့မတ... ကြနဲ့နော်။

သာသနာက ကျဆင်းလာခဲ့ပါပြီ၊ ခေတ်ပညာတွေကတို... တက်သလောက် သာသနာဘက်က အယုံအကြည် လျော့လ... တော့မှာ၊ အခြားက ဘာသာကို အထင်သေးတာမခက်ဘူး၊ ... ဗုဒ္ဓဘာသာဆိုတဲ့ သာသနာဝင်ပုဂ္ဂိုလ် ဗုဒ္ဓဘာသာ လူမျိုး... တွေက အချင်းချင်း အထင်သေးနေကြတာက ခက်တယ်၊ ... ခုခေတ်အချို့ ပညာတတ်ပုဂ္ဂိုလ်တွေက တစ်ခြား နိုင်ငံက

ကိုယ့်ထက်သာတာဖြစ်လာရင် နောက်က အသာလိုက်ချင်ကြ
တယ်။ စိတ်တွေက ညှိုးချင်းလို့ပါ။

သူများနင်းဖတ် အဖြစ်မခံကြနဲ့ ဘုန်းကြီးကတော့ တခြားမလုပ်ရရင်မိုနေ
ရာမှာတော့ ကောင်းအောင် လုပ်ရမယ်။
ဘာဝနာမရှိရင် လူထွက် ချင့်တဲ့ စိတ်ရှိ
တယ်။ လူတွေက အကန်းတုတ်နဲ့ ဆွဲခေါ်သလို နောက်သူများ
ဆွဲရာကိုလိုက်တော့မှာ၊ ကိုယ်တော်တို့ စိတ်အားမငယ်ကြပါ
နဲ့၊ သိလစင်ကြယ်မှ ကိုယ်စိတ်ပျော်ရွှင်ပါတယ်။ လောကကြီး
က နည်းနည်းနိမ့်နေရင် မြှောက်မပေးပါဘူး။ ဖေတ္တာနဲ့
ဘုရားအာရုံနဲ့ ဘာဝနာတစ်ခုခုနဲ့ နေကြပါ။ မျက်နှာပြောင်း
လဲလာပါတယ်။ သတ္တိလဲရှိကြပါ၊ ဘုန်းကြီးက ပစ္စည်းပေါလို
မြို့သားဆိုပြီး ဂရုဏိုက်လိမ့်မယ်မျှော်။ မထင်ပါနဲ့၊ အလေးမပြု
ပါဘူး။

ဘုန်းကြီးကိုနှိမ်လို့မျှား ကျသွားမယ် ထင်သလား၊ ဘုန်း
ကြီးက ဘောလုံးလိုပါပဲ၊ ဘောလုံးဟာ အောက်ကို နှာနှာ
ပေါက်လေ အထက်ကိုတက်လေပါပဲ၊ ကိုယ်တော်တို့ သူများ
နင်းဖတ်အဖြစ်မခံကြပါနဲ့၊ တစ်ဦးနဲ့တစ်ဦးလဲ မနှိမ်ကြပါနဲ့၊
နှိမ်ရင်ထွက်သွားရမယ်၊ သာသနာပြုရာမှာက ဝိနည်းလိုနေ
တယ်။ စိတ်အားငယ်ငယ်ကလေးနဲ့ မနေကြပါနဲ့၊ ကြောက်ဖို့
မလိုပါဘူး။ ကိုယ့်အလုပ် ကိုယ်လုပ် နေတာပါ။

နောက်အခါလဲ နောက်အဖြစ်မဲ ဘုရားညွှန်ပြတဲ့လမ်းကို မဖုံးအောင်လိုက်
နာရမယ်၊ သူများကြည်ညိုအောင်နေတာ

မဟုတ်ပါဘူး၊ သူတို့အသိနဲ့ သူတို့ ကြည်ညိုကြတာပ
လောကရဲ့ အတွေ့အကြုံ အမြင်တွေကို အားမကျကြပါ
သက်နိုးဝတ်ကလေးဆိုပြီး ဒီဘဝကနေ ငရဲက လွတ်ရော
မအောက်မေ့ပါနဲ့၊ ကော်ငင်းကောင်းမနေရင် ဒီဘဝက
အကျိုးမရှိပါဘူး။ နောက်သံသရာကျတော့လဲ သက်နိုးဝ
ကလေး ပြုပြုပြီး မလုပ်နဲ့လို့လို့ ငရဲက လွတ်မယ်ထင်သလ
နောက်အခါလဲ နောက်အဖြစ်မဲ၊ ဘုရားသာသနာနေမှတေ
ဗုဒ္ဓာနုဿတိ ဘာဝနာနဲ့မှ ကောင်းတယ်၊ "အဝိဇ္ဇာရေ-လူ
မြှုပ်တဲ့ သုသာန်မြေမှာ တစ္ဆေနဲ့စကားပြော တသောဘေ
နေရောလဟယ်" ဆိုတာလိုမဖြစ်ကြစေနဲ့။

ဓမ္မဗျူဟာ

အတွဲ (၂၁) အမှတ် (

(၁၉၇၂ မတ်လ)

နိဂုံးချုပ် ဖော်ပြချက်

ဤမျှဖြင့် ဆရာတော်၏ လမ်းညွှန်ဝါဒများ ပြီးပြည့်စုံပြီဟု မဆိုသာချေ။ မိမိလက်လှမ်းမီသမျှ စုဆောင်း ရေးသားခဲ့သမျှကိုသာ စုစည်းဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ မိမိလိုပင် ဆရာတော်၏ သြဝါဒများ လိုက်လံရေးသားခဲ့ကြသည့် ပုဂ္ဂိုလ် အမြောက်အများပင် ရှိကြသည်။ ထိုပုဂ္ဂိုလ်များကပါ ရေးသားဖော်ထုတ် ကြမည်ဆိုလျှင် အများကြီး ပေါ်ထွက်လာနိုင်စရာရှိပါသည်။

ဆရာတော်သည် နံနက်ခင်းသြဝါဒများ ပေးလာခဲ့သည်မှာ ၁၃၀၂-ခု၊ "မဟာဂန္ဓာရုံကျောင်းတိုက်" စတင် တည်ထောင်သည့်နှစ်မှ ၁၃၃၉-ခု၊ ပုံလွန်တော်မူသည့် နှစ်အထိ ဖြစ်ပါသည်။ နှစ်ပေါင်းသုံးဆယ်ကျော် (လေးဆယ်နီးပါး) မျှ ပေးခဲ့သည့် သြဝါဒများသည် ကုန်ဆုံးနိုင်ဖွယ်ရာမရှိပါ။ ဆရာတော်အထံ စာလိုက်ခဲ့စဉ်က အသုံးပြုခဲ့သော မိမိ၏ စာအုပ်များကို ပြန်လည်ကြည့်ရှုရာ စာအုပ်တိုင်းမှာပင် ဆီဆိုင်ရာ ဆီဆိုင်ရာ ထည့်သွင်း ပြောကြားခဲ့သည့် သြဝါဒများ၊ ကောက်ချက်များ၊ ညွှန်ကြားချက်များ ရေးမှတ်ထားသည်ကို တွေ့ရသည်။

နောင် အဆင်သင့်သောအခါ ဤစာအုပ်မှ မှတ်သားလိုက်နာဖွယ် စကားလုံးများ၊ မိမိစာအုပ်တို့၌ ဟိုနေရာ သည်နေရာ တွေ့ရှိနေရသည့် မှတ်သားချက်များကို ကောက်သင်းကောက် စုစည်းလျက် **"လမ်းညွှန် သြဝါဒနီတီများ"** စာအုပ်ကို ထုတ်ဝေသွားရန် ဆန္ဒရှိပါသည်။ ဆရာတော်၏ တိုက္ခဉ်း လိုရင်း ထိမိသော ဆုံးမ ညွှန်ကြားချက်များကို အလွယ်တကူကြည့်ရှုရ၍ အလွယ်တကူပင် လိုက်နာကျင့်သုံးသွားကြနိုင်ရန် ဖြစ်ပါသည်။

ဆရာတော်သည် သာသနာနှင့် နိုင်ငံတော်ကို ချစ်မြတ်နိုးသည်နှင့်အမျှ ကမ္ဘာ့အလယ်တွင်လည်း ဝင့်ဝင့် ကြွားကြွားမြင့်မြင့်မားမား ရပ်တည်စေချင်သည်။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်များသည် လောကတွင် အမှန်ကန်ဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်၍ လောက ကြီးပွားရေး သံသရာ ကြီးပွားရေး အတွက် ထောက်ကူ ပံ့ပိုးနိုင်ရုံမျှမက ကမ္ဘာ တစ်ခုလုံးက စံပြုအဖြစ် လေးစား ကိုင်းညှတ်လာရမည် ဖြစ်ကြောင်း ယုံကြည် အားထားခဲ့သည်။

ဤအသိ, ဤအမြင်, ဤအတွေးဖြင့် လမ်းညွှန်သြဝါဒများ ပေးခဲ့သည်။ စာပေများ ရေးသားခဲ့သည်။ သာသနာ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ ပျော့ကွက်, ဟာကွက်,အားနည်းချက်တို့ကို မထောက်မညှာ ဝေဖန်မိန့်ကြားခဲ့သည်။ ပြုပြင်စေလိုသည့် ဆန္ဒဖြင့် ထောက်ပြလေ့ရှိသည်။ တစ်ခါက ဆုံးမသြဝါဒတွေ ပေးနေသည့်ကြားမှပင် ဖောက်

ပြန်သူများ သဒ္ဓါတရား နည်းပါးသူများကို တွေ့ရှိလေရာ ဆရာတော်သည် ထိုထိုခိုက်ခိုက် နစ်နစ်နာနာပင် (အားမလို အားမရ) မိန့်ကြားခဲ့ဖူးသည်။

"လောကကြီး မကောင်းတဲ့ စနစ်တွေ ပြောရရင် မကောင်းတော့ဘူး၊ ငါက ဘယ်လိုပဲ မြှင့်တင်နေနေ သူတို့က ခွေးဝဲစားတွေလို ပြာပုံဝပ်ချင်ကြတယ်။ ငါ့မှာ တော့ ကျင့်နည်း ကြံနည်းတွေ ကြီးပွားရေးအတွက် လိုက်နာဖွယ်တွေ ဟောလိုက်ရတာ၊ အာကို ညောင်းလို့ ချာတူးလံတွေ၊ မသာလောင်းတွေက ဘာမှ အရေးတယူ မရှိကြဘူး၊ လျှာချေးထူနေတဲ့သူ အရသာဖျင်းနေသလို ဓမ္မဟင်းလျှာကျ သူတို့ ဘာမှ ရသမပေါ်ဘူး၊ "နိဗ္ဗာန်လိုက်မလား၊ နိဗ္ဗာန်လိုက်မလား" ဆိုယင် "မလိုက်ဘူး၊ မလိုက်ဘူး" နဲ့ ငြင်းဖြီးမူများ ချမှတ်ထားကြလေသလား မသိ၊ လာဘ်လာဘတွေသာ ခင်မင်နေကြတယ်၊ ဂုဏ်ပကာသနတွေကိုသာ မက်မောနေကြတယ်။ မိမိကောင်းအောင် ကျင့်ဖို့ ကြံဖို့၊ နိဗ္ဗာန်မဂ်ဖိုလ် မျက်မှောက်ပြုဖို့ ဆိုတဲ့ ရည်ရွယ်ချက်မပါဘဲ လာဘ်လာဘတွေ ဂုဏ်ပကာသနတွေ မျှော်ကိုးပြီး စာမေးပွဲတွေ ဝင်နေကြတာကိုက မှားနေတာပဲ"

စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။ ထိုနေ့က သြဝါဒကို မိမိက အောက်ပါ တေးထပ်ဖြင့် မှတ်တမ်းတင်ခဲ့မိပါသည်။

ဤလောကီ ဘုံဘဝ
ကြုံရသည့် ဖြစ်တွေ၊
နှုံလှလည့် စနစ်တွေ
လှစ်ခွေလျှင် မကောင်း။
ခွေးဝဲစား ပုံသွင်
စုံလို့ပင် နှင်မောင်း။
ကျင့်ဝိပဿနာ ဖြာ့အဖြာ
ငါ့ခမျာ ဟောလိုက်ရ အာညောင်း။
ချာ့အချာ မသာလောင်းယို့က
ခါးစောင်းလို့ ရေးမယူ။
လျှာချေးထူ ရသာဖျင်းသို့
ဓမ္မလျှာဟင်း သင်းတို့ပြု။ ဇူ။
အမတဂဗ္ဘာတွင်း ချည်းဖို့ပြု။ လျှင်
ငြင်းဖို့မူပင် ချမှတ်ကြထင့်
ရလာဘ် ဂုဏ်ကိုသာပင်
အထုံပို ဝါသနာခင်။
စာသာဘင်ပွဲ ဝင်နဲ့ဆင်သည်။
စဉ်အမြဲပင် လွဲခဲ့ပါသကွယ်လေး။

ဆရာတော်တွင် ကျေသားရင်သားခဲ့ခြားမှုမရှိ၊ ဆိုရေ ရှိက မထိန်မချန် လပ်းမှန်အတိုင်း မိန့်ကြားလေ့ ရှိသည် ရည်ရွယ်ချက် မှန်ကန်မှု အလုပ်မှန်သည်၊ အလုပ်မှန်မှ မိမိတို့ မျှော်မှန်းထားသည့် (နိဗ္ဗာန်မဂ်ဖိုလ်) ပန်းတိုင် ရောက်ရှိနိုင်

မည် ဟူသော အချက်ကို အမြဲတမ်း ဆုပ်ကိုင်ထားတော်မူသည်။ မိမိအတွက်၊ သာသနာအတွက်၊ နိုင်ငံတော်အတွက် ကြီးမားသော မျှော်မှန်းချက်မထားဘဲ နမော်နမဲ့ ပေါ့တီပေါ့ဆ သွားလာလှုပ်ရှားနေခြင်းမျိုးကို လုံးဝမနှစ်မြို့ပေ။ ဆရာတော်၏ ဩဝါဒအတိုင်း ဤအချက်ကို အလေးအနက်ထားရှိကြောင်း သိရှိဖတ်ရှုကြရမည် ဖြစ်ပါသည်။

စာဖတ်သူတို့အနေဖြင့် ဤအချက်ကိုသိ၍ မိမိအတွက် သာသနာအတွက်၊ နိုင်ငံတော်အတွက် ကြီးမားသော မျှော်မှန်းချက် ထားလျက် ကြိုးပမ်းအားထုတ်ကြမည်၊ နိုင်ငံ၏ သားကောင်းရတနာများ ဖြစ်လာအောင် ကြိုးစားကြမည် ဆိုလျှင် လမ်းညွှန်ဩဝါဒများ စုစည်းတင်ပြရကျိုး နပ်ပါပြီ။ မိမိအနေဖြင့်လည်း ဆရာသခင် ကျေးဇူးရှင်ကို ဦးတင်ကြည်နူး အထူးရှင်ပျ ကျေးဇူးဆပ်ရကျိုး နပ်လှပြီဖြစ်ကြောင်း မှတ်တမ်းထိုးရမည် ဖြစ်ပါသတည်း။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ

အရှင်မဟော်ဘွဲ့သဝပဏ္ဍိတ။